# စစ်ကိုင်းသာသနာဝင်

(အရှင်ဓမ္မာလင်္ကာရ)

စစ်ကိုင်းမြို့ရှိ စေတီ ပုထိုးများ သမိုင်း

စစ်ကိုင်းမြို့ စစ်ကိုင်းနယ် သာသနာ့ဝန်ဆောင်

ဆရာတော်ဘုရားကြီးတို့၏ အဖြစ်တော်စဉ် စသည်တို့ဖြင့်

တန်ဆာဆင်အပ်သော

# စစ်ကိုင်းသာသနာဝင်

**အရှင်ကေလာသ - ဓမ္မာစရိယ - ဂဏဝါစက**

B. A. Hons. ဝိဇ္ဇာဂုဏ်ထူး ( သီရိလင်္ကာ )


ရေးသား စီရင်သည်။

သာသနာ ၂၅၂၃ ကောဇာ ၁၃၄၁ ဒီဇင်ဘာ ၁၉၇၉

ပဥ္စမအကြိမ်

အုပ်ရေ ၃၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန အတွက်
မင်္ဂလာပုံနှိပ်တိုက် (၀၇၉၆) တွင် ဦးကြီးခင်က ပုံနှိပ်၍
လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင် အမှတ် (၀၂၅၂၇) က ထုတ်ဝေသည်။



လှပတင့်တယ်သော ဥမင်ကိုးဆယ် စေတီတော်

# စစ်ကိုင်း သာသနာဝင်
# ကျမ်းဦးအမှာ

---

**စစ်ကိုင်းတိုင်းလူဦးရေ နှင့် သံဃာဦးရေ**

စစ်ကိုင်းတိုင်းသည် ၁၉၇၃ -ခုနှစ် သန်းခေါင်စာရင်း အရ လူဦးရေ ၃ - သန်းကျော် ရှိပြီး ၁၉၇၉ -ခုနှစ် စာရင်း အရ စစ်ကိုင်းတိုင်း သံဃာ ဦးရေမှာ ၂၃၄၂၂ - ပါး ( နှစ်သောင်း သုံးထောင် လေးရာ နှစ်ဆယ့်နှစ်ပါး ) ဖြစ်သည်၊ မြန်မာ တပြည်လုံး၌ကား သံဃာတော် ၁၂၄၇၆၉ ( တသိန်း နှစ်သောင်း လေးထောင့် ခုနစ်ရာ့ ခြောက်ဆယ့်ကိုး ) ပါး ရှိကြောင်း သိရသည်၊ မြန်မာနိုင်ငံ၌ မန္တလေးတိုင်းမှ လွဲလျှင် စစ်ကိုင်း တိုင်းသည် သံဃာတော် ဦးရေ အများဆုံး ဖြစ်သည်၊ စစ်ကိုင်း ခရိုင်၌မူကား သံဃာတော် ၅၀၀၀ ( ငါးထောင် )ခန့် ရှိပြီး စစ်ကိုင်းမြို့ပေါ် နှင့် စစ်ကိုင်း တောင်တန်း, မင်းဝံ တောင်တန်း, မင်းကွန်း တောင်တန်းတို့၌ သံဃာတော် ပေါင်း ၂၀၀၀ - ကျော်ရှိပြီး သီလရှင်ဦးရေမှာ ၁၆၀၀ - ကျော်ရှိလေသည်။

**စစ်ကိုင်း သာသနာဝင်ကျမ်း**

မန္တလေးတိုင်းမှ လွဲလျှင် သံဃာ အများဆုံး သီတင်းသုံး ရာ တိုင်း ဖြစ်သော စစ်ကိုင်းတိုင်း၏ ရုံးစိုက်မြို့ ဖြစ်သော စစ်ကိုင်းမြို့သည်လည်း ရှေးယခင်မှ စ၍ ယနေ့တိုင် ပရိယတ် ဝန်ဆောင်, ပဋိပတ်ဝန်ဆောင် သာသနာ့ဝန်ထမ်း ပညာရှင်တို့ဖြင့် လျှမ်း လျှမ်းတောက် တိုးတက် စည်းကား ထွန်းလင်းသည့် မြို့မှန် မြို့မြတ် ဖြစ်သည်၊ သို့ဖြစ်၍ သာသနာဝင်ကျမ်း တစောင် တဖွဲ့ ရေးရန် စိတ်ဝင်စားလျက် ရှိသည့်အတိုင်း ရေးသား ပြုစုခဲ့သည်မှာ ၁၃၃၅ - ခုနှစ်က ဖြစ်သည်၊ စစ်ကိုင်းသာသနာဝင်မှာ အင်းဝသာသနာဝင်, ပင်းယသာသနာဝင်နှင့်လည်း ဆက်စပ်နေသဖြင့် တချို့ သာသနာ့ဝန်ဆောင် အရှင်မြတ်များ၏ အဖြစ် တော်စဉ်များကို အင်းဝသာသနာဝင် နှင့် ပင်းယသာသနာဝင်တို့၌ ပါရှိ မည် ဖြစ်ရာ သာသနာဝင် စာတော်ဖတ် - သာသနာဝင် သုတေသီတို့သည် အင်းဝသာသနာဝင် နှင့် ပင်းယ သာသနာဝင်တို့ကိုလည်း စောင့်မျှော် ဖတ် ရှုရန် လိုပါမည်။

**စစ်ကိုင်းတောင်ရိုး ဝါတွင်းဘုရားစဉ်များ**

၎င်းပြင် စစ်ကိုင်းတောင်ရိုးမှ ဝါတွင်း ဘုရားစဉ် များကိုလည်း ဤကျမ်းဦး အမှာ၌ ဖော်ပြလိုပေ သည်။

'ပုံ - တောင် - ဇေ - ချမ်း၊ ဥ - နန်း - နံ - လေး၊ ပ - ထူ - ရှင်- အောင်၊ အမြှောင် ငါးထပ်ကြီး၊ အပြီး ကောင်းမှုတော်' -

ဟူသော ရှေးလင်္ကာကို သူတော်စင် အချို့တို့ နှုတ်တက်ရနေကြသည်။

၎င်းလင်္ကာ အတိုင်း နှစ်စဉ် နှစ်တိုင်း ဝါဆိုလပြည့်နေ့မှ စ၍ 'ပုံ' ပုညရှင်ဘုရား၊ 'တောင်' တောင်ဖီလာဘုရား၊ 'ဇေ' ဇေတဝန်ဘုရား၊ 'ချမ်း' ချမ်းသာကြီးဘုရား၊ 'ဥ' ဥမင်သုံးဆယ်ဘုရား၊ 'နန်း' ရှင်ပင်နန်းဦး ဘုရား၊ 'နံ' ရှင်ပင်နံကိုင်းဘုရား၊ 'လေး' လေးကျွန်းမာရ်အောင်ဘုရား၊ 'ပ' ပတ္တမြား စေတီဘုရား၊ 'ထူ' ထူပါရုံဘုရား၊ 'ရှင်' ရှင်ဖြူရှင်လှ ဘုရား၊ 'အောင်' အောင်မြေသာက ကျောက်စေတီဘုရား၊ 'အမြှောင် ငါးထပ်ကြီး' အရ သီတင်းပတ်များမှ အလွတ် သီတင်းကျွတ်လဆန်း ၅-ရက် နေ့တွင် မြှောင်၍ ကျင်းပ ပူလုပ်သော ငါးထပ်ကြီးဘုရား နှင့် 'အပြီး ကောင်းမှုတော်' အရ ဝါတွင်း ဘုရားစဉ် ပွဲတော်များ အပြီးသတ် နောက်ဆုံးနေ့ ဖြစ်သော သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပသည့် ကောင်းမှုတော် ဘုရား ဟူ၍ ဘုရားပွဲတော်ပေါင်း ၁၄ - ပွဲ ရှိလေသည်။

ပွဲတော်ရက်များမှာ ဝါဆိုလပြည့်နေ့တွင် ပုညရှင်စေတီတော်ကြီးကို ဆွမ်းဦး ကပ်လှူ ပူဇော်ပြီး နောက် ဝါဆိုလပြည့်ကျော် ၈ - ရက်နေ့တွင် တောင်ဖီလာ ဘုရားပွဲတော် - ဝါဆိုလကွယ်နေ့တွင် ဇေတဝန် ဘုရားပွဲတော် - ဝါခေါင်လဆန်း ၈ - ရက်နေ့တွင် ချမ်းသာကြီး, ချမ်းသာရ ဘုရားပွဲတော် - ဝါခေါင်လပြည့်နေ့တွင် ဥမင်သုံးဆယ် ဘုရားပွဲတော် - ဝါခေါင်လပြည့်ကျော် ၈ - ရက်နေ့တွင် ရှင်ပင်နံကိုင်း ဘုရားပွဲတော် - တော်သလင်းလဆန်း ၈ - ရက်နေ့တွင် လေးကျွန်းမာရ်အောင် ဘုရားပွဲတော် - တော်သလင်းလပြည့်နေ့တွင် ပတ္တမြားစေတီ ဘုရားပွဲတော် - တော်သလင်းလပြည့်ကျော် ၈ - ရက်နေ့တွင် ထူပါရုံဘုရားပွဲတော် - တော်သလင်းလကွယ်နေ့တွင် ရှင်ဖြူရှင်လှ ဘုရားပွဲတော် - သီတင်းကျွတ်လဆန်း ၃ - ၄ - ၅ - ရက်နေ့များတွင် ငါးထပ်ကြီး ဘုရားပွဲတော် - သီတင်းကျွတ်လဆန်း ၈ - ရက်နေ့တွင် အောင်မြေသာက ကျောက်စေတီ ဘုရားပွဲတော် - သီတင်းကျွတ် လပြည့်နေ့တွင် ကောင်းမှုတော် ဘုရားပွဲတော်များကို အစီအစဉ်အလိုက် အသီးသီး ကျင်းပ ကုန်၏။

ဝါစဉ် ပွဲတော် ကျင်းပသော ဘုရား ၁၄ - ဆူ အနက် ထူပါရုံ, ငါးထပ်ကြီး, အောင်မြေလောက နှင့် ကောင်းမှုတော် ဘုရား ၄ - ဆူမှ တပါးကျန် ဘုရား ၁၀ - ဆူတို့မှာ တောင်ရိုးတွင် တည်ရှိတော်မူကုန်သော စေတီတော်များ ဖြစ်ကုန်၏၊ ယင်း ဘုရား ၁၄ - ဆူကို ပွဲစဉ်အလိုက် 'ပုံ - တောင် - ဇေ – ချမ်း – ဥ – နန်း – နံ – လေး – ပ – ထူ – ရှင် – ငါး – အောင် – ကောင်း' ဟူ၍လည်း တနည်းအားဖြင့် ရေတွက်ကြကုန်သေး၏။

**ကျဉ်းကျဉ်း နှင့် ရေးသားခြင်း**

မိမိသည် '**စစ်ကိုင်းသာသနာဝင်ကျမ်း**' ရေးရာ၌ အကျယ်မရေးပဲ ကျဉ်းကျဉ်းသာ ရေးသား စီရင်ပါသည်၊ ယခု ရေးပြီး စာမူကို အကျယ်ချဲ့ ရေးသား စီရင်ရလျှင် အနည်းဆုံး စာမျက်နှာ ၅၀၀ - ခန့်ရှိ အတွဲကြီး ၃ - တွဲသောက် ဖြစ်ပါမည်၊ ယခု ရေးသား ဖော်ပြသည့် စာပေ ပမာဏဖြင့်ပင် စာပေသုတေသီတို့ နှစ်လိုလောက်ပြီဟု ယူဆရာ - ယူဆသည့် အတိုင်း နှစ်လို့ ဝမ်းမြောက်ကြပါစေကုန်သတည်း။

**အရှင်ကေလာသ**

၃၀ - ၁၀ - ၇၉



ဖူးမြင်သူတို့၏စိတ်ဓာတ်ကို  လွှမ်းလျလျဖြစ်စေသော
လွှမ်းစေတီ

# မာတိကာ


ကျမ်းဦး မှတ်ဘွယ် .... ၁
ရတနတ္တယ ပဏာမ .... ၉
အာစရိယ ပဏာမ .... ၉
ပဋိညာဉ် .... ၁၀


## ပဌမပိုင်း


**စစ်ကိုင်းမြို့** .... ၁၁
ခရိုင် အနေအထား အကျယ်အဝန်း .... ၁၁
ခရိုင်၏ ကျက်သရေဆောင် အဆောက်အအုံများ .... ၁၂
ပရိယတ်, ပဋိပတ် သာသနာဝန်ဆောင်မျှစ .... ၁၃
စစ်ကိုင်းမြို့ တည်ထောင်ခြင်း .... ၁၃
စစ်ကိုင်း မည်ကြောင်း .... ၁၄


## ဒုတိယပိုင်း


**ဇေတဝန် စေတီတော်** .... ၁၅
ဇေတဝန်စေတီ ဘုရားရှိခိုး .... ၁၅
ဇေတဝန်စေတီ သမိုင်းလင်္ကာ .... ၁၅
ဇေတဝန်ဘုရား သမိုင်းဘွဲ့ ( ၈၀ ) ပေါ် တေးထပ် .... ၁၆

**ပတ္တမြား စေတီတော်** .... ၁၇
သမိုင်း အကျဉ်း .... ၁၇
ပတ္တမြားစေတီ ဘုရားရှိခိုး .... ၁၇
ပတ္တမြားစေတီ သမိုင်း လင်္ကာ .... ၁၈
ပတ္တမြားစေတီ ဘုရားသမိုင်းဘွဲ့ ( ၈၀ ) ပေါ်တေးထပ်.... ၁၉

**ရှင်ပင်နံ့ကိုင်း စေတီတော်** .... ၁၉
ရှင်ပင်နံ့ကိုင်း ဘုရားရှိခိုး .... ၂၀
ရှင်ပင်နံ့ကိုင်း သမိုင်းလင်္ကာ .... ၂၀
ရှင်ပင်နံ့ကိုင်း ဘုရားသမိုင်းဘွဲ့ ( ၈၁ ) ပေါ်တေးထပ် .... ၂၁

စစ်ကိုင်းသာသနာဝင်


**ချမ်းသာကြီး - ချမ်းသာရ စေတီတော် နှစ်ဆူ** .... ၂၁
သမိုင်း အကျဉ်း .... ၂၁
ချမ်းသာကြီး ဘုရားရှိခိုး .... ၂၂
ချမ်းသာကြီး ချမ်းသာရ ဘုရားသမိုင်း လင်္ကာ .... ၂၃
ချမ်းသာကြီး ချမ်းသာရ ဘုရားနှစ်ဆူ သမိုင်းဘွဲ့
(၁၀) ပေါ် တေးထပ် .... ၂၄

**ရှင်ဖြူ ရှင်လှ ဘုရား နှစ်ဆူ** .... ၂၄
သမိုင်း အကျဉ်း .... ၂၄
ရှင်ဖြူ ရှင်လှ ဘုရားရှိခိုး .... ၂၅
ရှင်ဖြူ ရှင်လှ ဘုရားသမိုင်း လင်္ကာ .... ၂၆
ရှင်ဖြူ ရှင်လှ ရွှေမြင်မိ ရွှေမြင်တော် ကြက်ငါးဆူ
ဘုရားသမိုင်းဘွဲ့ တေးထပ် .... ၂၇

**နန်းဦး စေတီတော်** .... ၂၇
သမိုင်း အကျဉ်း .... ၂၇
နန်းဦး ဘုရားရှိခိုး .... ၂၈
နန်းဦးစေတီ သမိုင်း လင်္ကာ .... ၂၈
နန်းဦးဘုရား သမိုင်းဘွဲ့ (၁၀) ပေါ် တေးထပ် .... ၂၉

**ဆွမ်းဦး ပုညရှင် စေတီတော်** .... ၂၉
သမိုင်း အကျဉ်း .... ၃၀
ဆွမ်းဦးပုညရှင် ဘုရားရှိခိုး .... ၃၁
ဆွမ်းဦး ပုညရှင် သမိုင်းလင်္ကာ .... ၃၂
ဆွမ်းဦး ပုညရှင်ဘုရား သမိုင်းဘွဲ့ (၁၀) ပေါ်တေးထပ် .... ၃၃

**ဆင်များရှင် စေတီတော်** .... ၃၃
သမိုင်း အကျဉ်း .... ၃၃
ဆင်များရှင် စေတီဟု တွင်ခြင်း .... ၃၃
လျှောင်ဒဏ်ကြောင့် ပြိုကျ - ထပ်မံ ပြုပြင် .... ၃၄
ဆင်များရှင် ဘုရားရှိခိုး .... ၃၄
ရတနာမုန့် ဆင်များရှင် ဘုရားသမိုင်းဘွဲ့
(၁၀) ပေါ် တေးထပ် .... ၃၄

**ထူပါရုံ စေတီတော်** .... ၃၅
ထူပါရုံ ဘုရားရှိခိုး .... ၃၆

ထူပါရုံ သမိုင်းလက်ာ .... ၃၆
ထူပါရုံ ဘုရားသမိုင်းဘွဲ့ (၇၀) ပေါ် တေးထပ် .... ၃၇

**တောင်ဖီလာ စေတီတော်** .... ၃၇
သမိုင်း သကျဉ်း .... ၃၇
တောင်ဖီလာ ဘုရားရှိခိုး .... ၃၈
တောင်ဖီလာ စေတီ သမိုင်း လက်ာ .... ၃၉
တောင်ဖီလာ ဘုရား သမိုင်းဘွဲ့ (၇၀)ပေါ်တေးထပ် .... ၃၉

## တတိယပိုင်း

**ရာဇာမဏိစူဠာ ကောင်းမှုတော် စေတီတော်ကြီး** .... ၄၀
သမိုင်း အကျဉ်း .... ၄၀
ဌာပနာ ပစ္စည်းများ နှင့် အတိုင်းအတာ ပမာဏ .... ၄၂
ကောင်းမှုတော် ဘုရားရှိခိုး .... ၄၂
ရာဇာမဏိစူဠာ ကောင်းမှုတော်ကြီး သမိုင်းလက်ာ .... ၄၂
မဏိစူဠာ ကောင်းမှုတော် ထူပဝင် တေးထပ် .... ၄၃

**ငါးထပ်ကြီး ဘုရား** .... ၄၄
သမိုင်း အကျဉ်း .... ၄၄
ငါးထပ်ကြီးဘုရား သမိုင်း လက်ာ .... ၄၄
စစ်ကိုင်း ငါးထပ်ကြီး ဘုရားသမိုင်းဘွဲ့ တေးထပ် .... ၄၆

**လေးကျွန်းမာရ်အောင် စေတီ** .... ၄၆
သမိုင်း အကျဉ်း .... ၄၆
လေးကျွန်းမာရ်အောင် ဘုရားရှိခိုး .... ၄၇
လေးကျွန်းမာရ်အောင် စေတီ သမိုင်း လက်ာ .... ၄၇
လေးကျွန်းမာရ်အောင် ဘုရားသမိုင်းဘွဲ့ (၇၀) ပေါ် တေးထပ်.... ၄၈

**အောင်မြေလောက စေတီတော်** .... ၄၈
အောင်မြေလောက ဘုရားရှိခိုး .... ၄၉
အောင်မြေလောက စေတီတော် သမိုင်း လက်ာ .... ၄၉
အောင်မြေလောက ဘုရားသမိုင်းဘွဲ့ (၇၀) ပေါ် တေးထပ် .... ၅၀

**ဥမင်သုံးဆယ် ရုပ်ပွားတော်များ** .... ၅၁
 သမိုင်း အကျဉ်း .... ၅၁
 ဥမင်သုံးဆယ် ဘုရားရှိခိုး .... ၅၁
 ဥမင်သုံးဆယ် ရုပ်ပွားတော်များ သမိုင်းလင်္ကာ .... ၅၂
 ဥမင်သုံးဆယ် ဘုရား သမိုင်းဘွဲ့ တေးထပ် .... ၅၂

**ရန်အောင်မြင် မြတ်စွာဘုရား** .... ၅၃
 ရန်အောင်မြင် ဘုရားရှိခိုး .... ၅၄
 သမိုင်း ( ၁၀ ) ပေါ် တေးထပ် .... ၅၄

**စကြာမုဋ္ဌော မြတ်စွာဘုရား** .... ၅၄
 စကြာမုဋ္ဌော ဘုရားရှိခိုး .... ၅၅
 သမိုင်း ( ၁၀ ) ပေါ် တေးထပ် .... ၅၅

**သားပန် ဘုရား ( သဘန်ဘုရား )** .... ၅၆
 သားပန် ဘုရားရှိခိုး .... ၅၆
 သမိုင်း ( ၁၀ ) ပေါ် တေးထပ် .... ၅၆

**ရွှေမင်းဝံ စေတီတော်** .... ၅၇
 ရွှေမင်းဝံ ဘုရားရှိခိုး .... ၅၇
 ရွှေမင်းဝံ သမိုင်းဘွဲ့ ( ၁၀ ) ပေါ် တေးထပ် .... ၅၈

**ရွှေတောင်ဦးမော် စေတီတော်** .... ၅၈
 ရွှေတောင်ဦးမော် ဘုရားရှိခိုး .... ၅၉
 ရွှေတောင်ဦးမော် ဘုရားသမိုင်းဘွဲ့ ( ၁၀ ) ပေါ် တေးထပ် .... ၅၉


## စတုတ္ထပိုင်း


**ပဲပုံတောင် စေတီတော်** .... ၅၉
 ပဲပုံတောင် ဘုရားရှိခိုး .... ၆၀
 ပဲပုံတောင် ဘုရားသမိုင်းဘွဲ့ တေးထပ် .... ၆၀

**စကြာ အတွင်း မုဋ္ဌော ဘုရား** .... ၆၁
 စကြာ အတွင်း မုဋ္ဌော ဘုရားရှိခိုး .... ၆၁
 အတွင်း မုဋ္ဌောဘုရား သမိုင်းဘွဲ့ (၁၀) ပေါ် တေးထပ် .... ၆၁

**စေတီလှ မြတ်စွာဘုရား** .... ၆၂
စေတီလှ ဘုရားရှိခိုး .... ၆၂
စေတီလှဘုရား သမိုင်းဘွဲ့ တေးထပ် .... ၆၂

**သစ္စာစေတီ ဘုရား** .... ၆၃
သစ္စာစေတီ ဘုရားရှိခိုး .... ၆၃
သစ္စာစေတီ သမိုင်း တေးတပ် .... ၆၄

**ညီအစ်မကောင်းမှုတော် ဘုရား ၂ ဆူ** .... ၆၄
ဝန္ဒနာ ဂါထာ .... ၆၄
ညီအစ်မကောင်းမှုတော် သမိုင်း (၁၀) ပေါ် တေးထပ်.... ၆၅

**ရွှေဂူကြီး မြတ်စွာဘုရား** .... ၆၅
ရွှေဂူကြီး ဘုရားရှိခိုး .... ၆၅
ရွှေဂူကြီး ဘုရား သမိုင်းဘွဲ့ (၁၀) ပေါ် တေးထပ် .... ၆၆

**အဘယစေတီ** .... ၆၆
အဘယစေတီ ဘုရားရှိခိုး .... ၆၆
အဘယစေတီ ဘုရားသမိုင်းဘွဲ့ (၁၀) ပေါ် တေးထပ်.... ၆၇

**မဟာစေတီ** .... ၆၇
မဟာစေတီ ဘုရားရှိခိုး .... ၆၇
မဟာစေတီသမိုင်း (၁၀) ပေါ် တေးထပ် .... ၆၈

**ဗညား မြတ်စွာဘုရား** .... ၆၈
ဗညား ဘုရားရှိခိုး .... ၆၈
သမိုင်း (၁၀) ပေါ် တေးထပ် .... ၆၉

**ရွှေတောင်ကုန်း ဘုရား** .... ၆၉
ရွှေတောင်ကုန်း ဘုရားရှိခိုး .... ၆၉
သမိုင်း (၁၀) ပေါ် တေးထပ် .... ၇၀

## ပဉ္စမပိုင်း

**ရတနာ မြစည်းခုံ မြတ်စွာဘုရား** .... ၇၀
မြစည်းခုံ ဘုရားရှိခိုး .... ၇၁
သမိုင်း (၁၀) ပေါ် တေးထပ် .... ၇၁

ဝတ်ရုံတောင် နှင့် ဝတ်ရုံကျောင်း .... ၇၁
ဝတ်ရုံကျောင်းဘွဲ့ မော်ကွန်း .... ၇၂
စစ်ကိုင်းမြို့ အတွင်းမုဋ္ဌော ၉ ဆူ နှင့် အပြင် မုဋ္ဌော ၉ ဆူ .... ၇၃
တွင်း - ပြင် မုဋ္ဌော သမိုင်းဘွဲ့ (၈၀) ပေါ် တေးထပ် .... ၇၅
စစ်ကိုင်း မော် ၉ - မော် ဘုရားများ .... ၇၅
သမိုင်းဘွဲ့ တေးထပ် .... ၇၆
စစ်ကိုင်း အတွင်း ၉ ကုန်း - အပြင် ၉ ကုန်း ဘုရားများ .... ၇၆
သမိုင်း (၈၀) ပေါ် တေးထပ် .... ၇၇
စစ်ကိုင်းမြို့ အတွင်း ၉ ကျင်း - အပြင် ၉ ကျင်း .... ၇၈
သမိုင်းဘွဲ့ တေးထပ် .... ၇၈
ချောင်း ၉ - ချောင်း .... ၇၉
ဂူ ၉ လုံး .... ၇၉
နတ်ကြီး ၉ ပါး .... ၇၉
သမိုင်းတေးထပ် .... ၈၀
သိကြား ၉ ဆူ .... ၈၀
တိ ၃ တိ .... ၈၁
တည် ၉ တည် .... ၈၁
ရုံ ၃ ရုံ .... ၈၁
သမိုင်း (၈၀) ပေါ် တေးထပ် .... ၈၂
ညောင် ၉ မျိုး .... ၈၂
အင်း ၉ အင်း .... ၈၃
မင်းကွန်း ပုထိုးတော်ကြီး .... ၈၃
သမိုင်း အကျဉ်း .... ၈၃
ကမ္ဘာပေါ်တွင် အကြီးဆုံး စေတီများ .... ၈၄
ခေါင်းလောင်းကြီး သွန်းပူဇော်ခြင်း .... ၈၅

## ဆဋ္ဌမိုင်း

စစ်ကိုင်း ရေငုံဆရာတော် .... ၈၅
အရှင်အရိယဝံသ၏ ဆရာ .... ၈၅
'မဏိပဋ္ဌူသာဒီကာ' ဆရာ အရှင်အရိယဝံသ မဟာထေရ် .... ၈၆
ရေငုံဆရာတော်ထံ စာဝါတောင်း .... ၈၆

ပျံလွန်တော်မူပြီ .... ၈၆
'ခုဒ္ဒသိက္ခာ ယောဇနာဟောင်း' ကျမ်းပြုထေရ် .... ၈၇

## သတ္တမပိုင်း

ဆီးတော ဆရာတော် .... ၈၈
တောင်ဖီလာ ပဌမဆရာတော် အရှင်မုနိန္ဒဃောသ မဟာထေရ် .... ၈၉
ဖွားမြင်တော်မူခြင်း .... ၈၉
ရှာသာမဏေ ပြုခြင်း - ပြည်မြို့ ရောက်ရှိခြင်း .... ၉၀
အရှင် အကုလဝံသကျောင်းတိုက်၌ ပညာသင် .... ၉၀
ရဟန်းဘဝ ဒုလ္လဘသို့ .... ၉၀
အရိယဝံသဓမ္မသေနာပတိ သီရိသဒ္ဓမ္မကိတ္တိ
စသည်တို့ထံ ပညာသင် .... ၉၁
စာပေ တတ်မြောက် .... ၉၁
ပြည်မြို့၌ စာပေ ချပို့ .... ၉၁
စာပေချပို့ အမြွက် .... ၉၁
အင်းဝမြို့တော်သို့ ကြွရောက်တော်မူခြင်း .... ၉၂
သုဓမ္မာစရပ်၌ သီတင်းသုံးစေ၍ ကိုးကွယ် .... ၉၃
ဟံသာဝတီ ကြွရပြန်ခြင်း .... ၉၃
အင်းဝ ပြန်ကြွ - ကျောင်း အလှူခံ .... ၉၄
'တိပိဋကာ လင်္ကာရ' ဘွဲ့တံဆိပ်တော် .... ၉၄
သာလွန် မင်းတရား ၉၄
'တိပိဋကာလင်္ကာရ' အရှင်မုနိန္ဒဃောသ
ဟံသာဝတီ ကြွပြန်ရ .... ၉၅
ရွှေမောဓော တဲကျောင်း၌ စာပေ ချပို့ .... ၉၅
အင်းဝ ပြန်ကြွတော်မူခဲ့ .... ၉၅
ခြေတော်ရာ သုံးဆူ .... ၉၅
စက်တော်ရာ နှစ်ဆူ တိမ်မြုပ်နေခြင်း .... ၉၆
အရှင်မုနိန္ဒဃောသထေရ် ဦးစီး ရှာဖွေ .... ၉၇
အရှင်မုနိန္ဒဃောသ အိပ်မက် မြင်မက် ၉၇
ပဌာန်းကျမ်း ရွတ်ဖတ် ပူဇော်ပွဲ .... ၉၉
အောက်ခြေတော်ရာ ပူဇော်ပြန် .... ၉၉
ရွှေဥမင်ဆရာတော်ထံ ဝင်ရောက် ဖူးမျှော် .... ၉၉
စည်သူရှင်ဘုရား ဝင်ရောက် ဖူးမျှော် .... ၁၀၀

အထင်မှားမိသမျှ သည်းခံတော်မူပါ .... ၁၀၀
ကြောက်လို့ တယောက်တည်းနေ .... ၁၀၀
ပရိက္ခရာများလှူ - ပြန်ကြွခဲ့ .... ၁၀၁
တောဝင် - တပါးတည်းနေ - တရားကျင့် .... ၁၀၂
'မဟာတိပိဋကာလင်္ကာရ' ဘွဲ့တံဆိပ်တော် .... ၁၀၂
ကျမ်းဂန်များ ပြုစုတော်မူခဲ့ခြင်း .... ၁၀၂
ယသဝစုနကျမ်း .... ၁၀၃
ဝိနယသင်္ဂဟ အဋ္ဌကထာကျမ်းကြီး .... ၁၀၅
ဝိနယာ လင်္ကာရ ဋီကာကျမ်း .... ၁၀၅
ပြည့်စုံ ခမ်းနားစွာ နိဂုံးအုပ်ခဲ့ .... ၁၀၇
ဖျက်စု - ခက်စု - ခဲစု - မမြဲစုများ .... ၁၀၇
ခက်စု ၂၄ - ပုဒ် .... ၁၀၈
ခဲစု ၁၀ - ပုဒ် .... ၁၀၉
မမြဲစု ၆ - ပုဒ် .... ၁၁၀
ဩပါဒ ရတုပိုဒ်စုံ .... ၁၁၀
ထူးခြားသည့် တခေတ် တယောက် သာ ပေါ်ခဲ့ .... ၁၁၁
ဘုရားအလောင်းတော် .... ၁၁၁
ပျံလွန်တော်မူခြင်း .... ၁၁၁


## အဋ္ဌမပိုင်း


**ဒါဌာနာဂရာဇဂုရု - အရှင်သဒ္ဓမ္မသိရိထေရ်** .... ၁၁၂
မူလဘွဲ့ အရှင်သဒ္ဓမ္မသိရိ .... ၁၁၂
ဘုံသာတုလွတ် ဆရာတော် .... ၁၁၃
နိရုတ္တိသာရမဥ္ဇူသာ ဋီကာ .... ၁၁၃
ချာသကျမ်း ခေတ်စားခဲ့ခြင်း .... ၁၁၄
ဘုရားအလောင်းတော် .... ၁၁၄
ပျံလွန်တော်မူခဲ့ .... ၁၁၄
**စစ်ကိုင်း စတုတ္ထ ဒက္ခိဏာဝန် ဆရာတော်**
**အရှင်အရိယာ လင်္ကာရ** .... ၁၁၅
ရှင် ရဟန်းပြု - ပညာသင် .... ၁၁၅
ဥတ္တရာဝန် ကျောင်းတိုက် - ဒက္ခိဏာဝန်ကျောင်းတိုက်
ပုဗ္ဗာဝန်ကျောင်းတိုက် - ပစ္ဆိမာဝန်ကျောင်းတိုက် .... ၁၁၅
လောဟပါသာဒ ပုံတူကျောင်းများ .... ၁၁၅

အရှင်အရိယာလင်္ကာရ သဒ္ဒါကြီးနိသျ ရေးစီရင် .... ၁၁၆
ဒက္ခိဏာဝန် စာချနည်း သိနိုင် .... ၁၁၆
ဒက္ခိဏာဝန် သဒ္ဒါကြီးနိသျ ဂန္ထာရမ္ဘ .... ၁၁၆
ဘုရားဆုပန် ပုဂ္ဂိုလ်ထူး .... ၁၁၇
ပျံလွန်တော်မူခြင်း .... ၁၁၈

**တိလောကဂုရု ဆရာတော်** .... ၁၁၈
ဖွားမြင် - ရှင် ရဟန်းပြု .... ၁၁၈
လူထွက်လိုခြင်း .... ၁၁၈
ဘုန်းကြီးလူထွက်မယား မဖြစ်ရလို .... ၁၁၉
စာချ ကျော်ကြားခြင်း .... ၁၁၉
ကျမ်းဂန် ပြုစုခြင်း .... ၁၂၀

**အရှင် ဝရာလင်္ကာရ မဟာထေရ်** .... ၁၂၀
ဆောမြို့စား အတွင်းဝန် ကိုးကွယ် .... ၁၂၁
ကျမ်းဂန် ပြုစုခြင်း .... ၁၂၁
သာရတ္ထဒီပနီ ဋီကာ နိသျ .... ၁၂၁
'ရာဇဂုရု' ဘွဲ့တံဆိပ်တော် .... ၁၂၁
ပျံလွန်တော်မူခြင်း .... ၁၂၂

**မန္တလေး ဝိစိတ္တာရာမ ဆရာတော် အရှင်တိလောက** .... ၁၂၂
စာပေ ပို့ချ - ကျမ်းပြု .... ၁၂၂
'ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော် .... ၁၂၃
မန္တလေးမြို့သို့ ကြွခြင်း .... ၁၂၃
သာသနာပြု သုဓမ္မာဝင် .... ၁၂၃
သီပေါမင်းတရား၏ သုဓမ္မာဝင် ၁၂-ပါး
ခန့်အပ်ကြောင်း အမိန့်တော် .... ၁၂၃
ပျံလွန်တော်မူခြင်း .... ၁၂၅


## နဝမပိုင်း


**ပဌမ ထွတ်ခေါင် ဆရာတော်** .... ၁၂၅
ဖွားမြင်တော်မူခြင်း .... ၁၂၅
ရှင်သာမဏေ ပြုခြင်း .... ၁၂၆
ပညာသင် - မိဖုရားကြီးက ချီးမြှောက်ခြင်း .... ၁၂၆

ပဌမကျော်အောင် - ရဟန်းဖြစ် .... ၁၂၆
၈ - ၀ ၊ ပတ်လုံး ဆက်လက် ပညာသင် .... ၁၂၇
တောထွက် တရားကျင့် .... ၁၂၇
အခြား တောရချောင်များ၌ သီတင်းသုံးခြင်း .... ၁၂၇
အံ့ဩဖွယ် အဖြစ် အပျက်များ - ဆင်များရှောင်သွားကြ ဦးနှိမ်ကြခြင်း.... ၁၂၈
သေနတ်ပစ်လို့ မရ .... ၁၂၈
တဇ္ဇေ မြေဘုတ်တို့ တရားနာကြ - ရှိခိုး ဦးချကြ .... ၁၂၈
မင်းတုန်းမင်းသား ကနောင်မင်းသားတို့နှင့် တွေ့ဆုံ .... ၁၂၉
တံဆိပ် အလှူမခံ - ရွှေမြင်တင်တောင်ကြွ .... ၁၂၉
ဓမ္မိကချောင် သီတင်းသုံး ကျမ်းပြု .... ၁၂၉
ရာဇ ပါမောက္ခ ဒီပနီကျမ်း .... ၁၃၀
ကမ္မဋ္ဌာန်း သံပေါက် ကဗျာများ .... ၁၃၀
ထွတ်ခေါင် ကမ္မဋ္ဌာန်း သံပေါက် .... ၁၃၀
ရှုံရှာမှုကို သည်းခံတော်မူနိုင် .... ၁၃၄
အရှင်မဟာကဿပနှင့် တူ .... ၁၃၄
ဒုဂ္ဂတ ပုဂ္ဂိုလ် များစွာတို့ကို ကယ်ဆယ်တော်မူခဲ့ .... ၁၃၅
ပျံလွန်တော်မူခြင်း .... ၁၃၅

**စစ်ကိုင်း ရွှေယင်းမာ ဆရာတော် ( ကြာနီကန် ဆရာတော် ) .... ၁၃၅**

**စစ်ကိုင်း ဗောဓိမဏ္ဍိုင်ချောင် ဆရာတော် ဦးအို .... ၁၃၆**


## ဒသမပိုင်း


**ဗန်းမော်ဆရာတော် အရှင်ပဏ္ဍိတ မဟာထေရ် .... ၁၃၇**
ဖွားမြင် - ရှင် ရဟန်းပြု - ပညာသင်ခြင်း .... ၁၃၇
ဗားကရာ ဆရာတော်ထံ ဆို၀ါဖြင့် ပညာသင်ကြားခဲ့ .... ၁၃၇
ဗန်းမော်ဆရာတော်ဟု တွင်ခြင်း .... ၁၃၇
ကဗျာအရာ လွန်စွာ နိုင်နင်းခြင်း .... ၁၃၇
လွှတ်တော်နှင့် သုဓမ္မာကို ဝေဖန်ရဲသော ဆရာတော် .... ၁၃၈
စစ်ကိုင်းတောင်ရိုး၌ သီတင်းသုံးခြင်း — ၁၃၉
ကျမ်းစာများ ပြုစုခြင်း — ၁၃၉
ပျံလွန်တော်မူခြင်း — ၁၃၉

**'ဓမ္မနီတိချုံး' ပြုစုသူ စစ်ကိုင်း စဉ့်ပါ ဆရာတော်** .... ၁၄၀
ကျမ်းဂန် ပြုစုခြင်း .... ၁၄၀
ဓမ္မနီတိချုံး .... ၁၄၀

**စလင်းဆရာတော် အရှင်ကေတု** .... ၁၄၁
ဖွားမြင်တော်မူခြင်း .... ၁၄၁
ပညာသင် - ရှင်သာမဏေဝတ် .... ၁၄၁
အမရပူရ မဟာဝိဇိတာရာမတိုက်ရောက် ပညာသင် .... ၁၄၁
ရဟန်း ဖြစ်ခြင်း .... ၁၄၂
စလင်းဆရာတော် ဦးကသျှာဏထံ ပညာသင် .... ၁၄၂
မြောက် - စလင်းတိုက် ဆရာတော်ဖြစ် .... ၁၄၂
သုဓမ္မာဝင် ဖြစ်ခြင်း အနယ်နယ် အစို့စို့ သာသနာပြု .... ၁၄၂
မဟာဝိဇိတာရာမတိုက် အလှူခံရခြင်း .... ၁၄၃
ဘွဲ့တံဆိပ် ၃ - ထပ် အလှူခံရခြင်း .... ၁၄၃
ကျမ်းဂန် ပြုစုခြင်း .... ၁၄၃
မင်းပြစ် သင့်ခြင်း .... ၁၄၄
အသက်ဘေးမှ ချမ်းသာရာ ရခဲ့ .... ၁၄၄
အကြောက်လွန် - နှလုံးသွေးပျက် .... ၁၄၄
ပျံလွန်တော်မူခြင်း .... ၁၄၅

**ညောင်ပင်သာ အရှင်ပုည (ညောင်ပင်သာ ဦးပုည)** .... ၁၄၅
ဖွားမြင်ခြင်း - ရှင် ရဟန်း ပြုခြင်း .... ၁၄၅
ရဟန်း ၉ - ဝါ စာတတ် .... ၁၄၆
စာပေချုပ်ပို - သာသနာ့ဝန် ထမ်းရွက် .... ၁၄၆
ဖိုးသူတော်ဝတ် - စာပေ ပြုစု .... ၁၄၆
ကွယ်လွန်ခြင်း .... ၁၄၇

**ဝိဘင်္ဂရေ - အကောက်ဝန်တိုက် ဆရာတော် ဦးဂုဏ** .... ၁၄၇
ရှင် ရဟန်းပြုခြင်း - ပညာ သင်ကြားခြင်း .... ၁၄၇
ဝိဘင်္ဂရေ 'ရာဇာဓိရာဇဂုရု' ဘွဲ့ရ .... ၁၄၇
အကောက်ဝန်တိုက်၌ သာသနာ့ဝန် ထမ်းဆောင် .... ၁၄၈
တကျိပ် နှစ်ပါးဂိုဏ်း မဟာနာယက .... ၁၄၈
ငါးဆူတိုက် သိမ်သမုတ်ခြင်း .... ၁၄၈

သကျသီဟ မူလ ဓမ္မာစရိယ .... ၁၄၉
ဘဝနတ်ထံ ပျံလွန်တော်မူခြင်း ---- ၁၄၉


## ကောဒသမ္မပိုင်း


'ကာ်ါယောဇနာ' ကျမ်းပြု အရှင်ဓမ္မသာမိ မဟာထေရ် ---- ၁၄၉
ကျောင်းနေ - ရှင် ရဟန်းပြု - ပညာသင် .... ၁၄၉
စာပေ ချပို့ - ကျမ်းဂန် ပြုစု .... ၁၅၀
အဘိယာစက ပုဂ္ဂိုလ် .... ၁၅၀
ပျံလွန်တော်မူခြင်း .... ၁၅၁

ဝါးချက်မင်းကျောင်း ဆရာတော် အရှင်သောမ မဟာထေရ် ---- ၁၅၁
မန္တလေးမြို့သို့ .... ၁၅၂
ပေါင်းလဲတိုက် အရှင်နာဂထံသို့ .... ၁၅၂
မန္တလေး၌ နောက်တခေါက် ---- ၁၅၂
စစ်ကိုင်း ဝါးချက် ဗိမာန်ဘုံသာ ကျောင်းတိုက်သို့ .... ၁၅၃
စာပေ ကျမ်းဂန် ချပို့တော်မူခြင်း .... ၁၅၄
ဝါးချက် ဆရာတော်ကြီး၏ အခိပ္ပာယ် ပြောပုံ ---- ၁၅၄
မန္တလေး စာပြောနည်း အမျိုးမျိုး .... ၁၅၅
မောင်းထောင် ဆရာတော် စာပြောနည်း .... ၁၅၅
ပြည် ဆရာတော် စာပြောနည်း .... ၁၅၅
စလင်းဆရာတော် စာပြောနည်း .... ၁၅၅
စံကျောင်းဆရာတော် စာပြောနည်း .... ၁၅၅
သစ်ဆိမ့် ဆရာတော် စာပြောနည်း .... ၁၅၅
လုံးတော်ဆရာတော် စာပြောနည်း .... ၁၅၆
ဗန်းမော်ဆရာတော် စာပြောနည်း .... ၁၅၆
ဘုရားကြီးဆရာတော် စာပြောနည်း ---- ၁၅၆
ရွှေရစ်မာဆရာတော် စာပြောနည်း .... ၁၅၆
မြင်းဝန်ဆရာတော် စာချနည်း .... ၁၅၆
စာပေ ကျမ်းဂန် အမျိုးမျိုးကို ကြည့်ရှုတော်မူခြင်း ---- ၁၅၇
ကျမ်းဂန် ပြုစုတော်မူခြင်း .... ၁၅၇
ဝါးချက်ဆရာတော် နှင့် ဆရာတော် ဦးရန်ကုန် .... ၁၅၈
ဝါးချက်ဆရာတော် နှင့် မိုင်းခိုင်း ဆရာတော် ---- ၁၅၉
ဝါးချက်ဆရာတော် နှင့် တံဆိပ်ရ ဆရာတော် တပါး ---- ၁၆၀
ပျံလွန်တော်မူခြင်း .... ၁၆၁

တွင်းကြီး ဆရာတော် အရှင်နေမိန္ဒရထေရ် .... ၁၆၁
ဖွားမြင်ခြင်း - ရှင် ရဟန်း ပြု - ပညာသင် .... ၁၆၁
ချောင်းဦးမြို့ - အင်းစိန် ဝါးတလိရွာ၌ စာချခဲ့ .... ၁၆၂
ကျမ်းဂန် ပြုစုခြင်း .... ၁၆၂
နယသမ္ဗုဏ္ဏာ ဆန်းဂဏ္ဌိ ကျမ်းကြီး .... ၁၇၂
အရိမေတ္တယျ လက်ထက် ရဟန္တာ ဖြစ်လိုကြောင်း
တောင်းဆုချွေ .... ၁၆၃
ပျံလွန်တော်မူခြင်း .... ၁၆၃
မန္တလေး ပဌမ ရွှေအင်ပင် ဆရာတော် အရှင်ဇဝန မဟာထေရ် .... ၁၆၃
ဖွားမြင်ခြင်း - ရှင် ရဟန်း ပြုခြင်း .... ၁၆၃
ဆက်လက် ပညာသင် .... ၁၆၄
ရွှေအင်ပင်တောင်ကြွ - ရွှေအင်ပင် တိုက်များ
အလှူခံခြင်း .... ၁၆၄
စာပေ ပို့ချ - တရားဟော - တရားအားထုတ် - ပျံလွန် .... ၁၆၄
စစ်ကိုင်း မဟာဂန္ဓာရုံ ဆရာတော် .... ၁၆၅
ဖွားမြင် - ရှင် ရဟန်းပြု - ပညာသင် .... ၁၆၅
စစ်ကိုင်းတောင်ရိုးကြွ - တရားကျင့် .... ၁၆၅
နိဗ္ဗာန မဂ္ဂ ဒီပနီ ကျမ်း .... ၁၆၆
ပျံလွန်တော်မူခြင်း .... ၁၆၆
သက်တော်ရှည် ချမ်းအေးဆရာတော် .... ၁၆၇


## ဒွါဒသမပိုင်း


ဒုတိယ မင်းခင်းဆရာတော် အရှင်ဝိစာရိန္ဒ မဟာထေရ် .... ၁၆၇
ဖွားမြင် - ပညာသင် - ရှင် ရဟန်းပြု .... ၁၆၇
'ရာဇဂုရု' ၂ - ထပ်ရ မင်းခင်းဆရာတော်ထံ .... ၁၆၈
နေရာ အသီးသီးတို့၌ စာပေ ချပို့ခဲ့ .... ၁၆၈
စစ်ကိုင်းတောင်ရိုးကြွ - တရားကျင့် .... ၁၆၈
ဋီကာကျော် ဂဏ္ဌိသစ် ကျမ်းကြီး .... ၁၆၈
ကမ္မဋ္ဌာန်း ကျမ်းငယ် .... ၁၇၀
သက္ကာယဒိဋ္ဌိ ကင်းရှင်းပုံ .... ၁၇၀
ဝိပဿနာနယ ဒီပနီ ကျမ်း .... ၁၇၁
နိဗ္ဗာန ပိနိစ္ဆယ ကျမ်းကြီး .... ၁၇၁
ပရိယတ်, ပဋိပတ် ၂ - ရပ် စွယ်စုံ .... ၁၇၁

ပျံလွန်တော်မူခြင်း .... ၁၇၂
မင်းခင်း ဆရာတော်၏ ဩဝါဒတော် .... ၁၇၂
**တောင်ဖီလာဆရာတော် အရှင်ပဏ္ဍဝံသ မဟာထေရ်** .... ၁၇၃
ဇာတိချက်ကြွေ မွေးရပ်မြေ .... ၁၇၃
ရှင် ရဟန်း ပြုတော်မူခြင်း .... ၁၇၃
သင်ယူခဲ့သော ကျမ်းဂန်များ .... ၁၇၃
၉ - ဝါ အတွင်း ပိဋက သုံးပုံ အကုန် ကြည့်ရှုခဲ့ .... ၁၇၄
စစ်ကိုင်းတောင်ရိုးကြွ - တရားကျင့် .... ၁၇၄
အရှင်ပဏ္ဍဝံသ၏ ကြည်ညိုဖွယ်ရာများ .... ၁၇၄
အလိုအဇ္ဈာသယ ဆန္ဒမွန်များ .... ၁၇၅
ကျမ်းစာများ ပြုစုတော်မူခြင်း .... ၁၇၅
ဒုလ္လဘ သင်္ဂြိုဟ် ကျမ်း .... ၁၇၅
မှတ်သား ဖွယ်ရာများ .... ၁၇၆
ပတ္တမြားပစ်ထား မြက်စားသော သမင်လို သာသနာ
ပစ် ကာမဂုဏ် သုံးစား.... ၁၇၆
တင်လဲရလင့်ကစား ပျက်စီးရသော ပိုးလို သာသနာနှင့်
ကြုံသော်လည်း ပျက်စီးရ.... ၁၇၆
ကုသိုလ်မပြု - စိုးရိမ်ရ .... ၁၇၇
မနုဿဝိဂ္ဂဟ မနုဿ မည်ခြင်း .... ၁၇၇
စိတ်အကြိုက် လိုက်မိ၍ စိုးရိမ်ကြရ .... ၁၇၇
ဇမ္ဗူဒိပ်ကျွန်း လူဦးရေထက် ပိုးတတွင်းရှိ ပိုးကများ .... ၁၇၈
ဆရာစဉ်ဆက် ကိုယ်တိုင် ဖော်ပြခဲ့ .... ၁၇၈
ထူးမြတ်သော ကျမ်းဂန်ကြီး .... ၁၇၉
ပျံလွန်တော်မူခြင်း .... ၁၈၀

## တေရသမပိုင်း

**ပရက္ကမချောင် ၂ - ချောင်** .... ၁၈၀
**ပရက္ကမဆရာတော် အရှင်ဉာဏိန္ဒ မဟာထေရ်** .... ၁၈၁
သာသနာပိုင် ၂ - ပါးထံ ပညာသင် .... ၁၈၂
ဆရာတော်ဦးဥ ယျ များစွာ လေးမြတ် .... ၁၈၂
မင်းတုန်းမင်းကြီး အဖူးမျှော်ရောက် .... ၁၈၂
'ရာဇဂုရု ' ဘွဲ့တံဆိပ်တော် .... ၁၈၂
ကျမ်းဂန် ပြုစုခြင်း .... ၁၈၂
ပျံလွန်တော်မူခြင်း .... ၁၈၃

အရှေ့ ပရက္ကမဆရာတော် အရှင်ဝါယာမ မဟာထေရ် .... ၁၀၃
ကျမ်းဂန် ပြုစုခြင်း .... ၁၀၃
ဘာဝနာ ပါရဂူကျမ်း .... ၁၀၄

အနောက် ပရက္ကမချောင် ဆရာတော် အရှင်ဝဏ္ဏာစာရ .... ၁၀၄
ဖွားမြင် - ရှင် ရဟန်း ပြု .... ၁၀၅
ပညာ သင်ကြားခြင်း .... ၁၀၅
ပဋိပတ် အကျင့်ကို ဖြည့်ကျင့်ခြင်း .... ၁၀၅
ပျံလွန်တော်မူခြင်း .... ၁၀၆

## စုဒ္ဒသမပိုင်း

သင်္ဃာ ဆရာတော်ဘုရားကြီး အရှင်အဂ္ဂဓမ္မာလင်္ကာရ .... ၁၀၆
ဖွားမြင်တော်မူခြင်း .... ၁၀၆
ပုဇွန်ချောင်း ရွာသို့ .... ၁၀၇
ရှင်သာမဏေဝတ် - ပညာ သင်ကြားခြင်း .... ၁၀၇
သဲအင်း ဆရာတော်ထံ ပညာ သင်ကြားခြင်း - ရဟန်းဖြစ်ခြင်း .... ၁၀၇
တရား အားထုတ်ခြင်း - စာပေ ချပို့ခြင်း .... ၁၀၇
ထိုထို ဒေသ၌ သီတင်းသုံးခြင်း .... ၁၀၈
ပေါက်ချောင်းရွာ ကျောက်အိုတော်ရ၌ သီတင်းသုံးခြင်း .... ၁၀၈
စစ်ကိုင်းတောင်ရိုး သီတင်း သုံးခြင်း .... ၁၀၈
သင်္ဃာကျောင်းတိုက် နှင့် တံဆိပ်တော် အလှူခံခြင်း .... ၁၀၈
နေရာ အနှံ့အပြား သီတင်းသုံးခြင်း .... ၁၀၉
ကျမ်းစာများ ပြုစုတော်မူခြင်း .... ၁၀၉
အိန္ဒိယကြွ ကာလကတ္တား၌ သီတင်းသုံးခြင်း ပျံလွန်ခြင်း .... ၁၉၀

ပဉ္စမ ဝဇီရာရာမ ဆရာတော် .... ၁၉၀
ဖွားမြင်ခြင်း - ပညာသင်ခြင်း - ရှင် ရဟန်း ပြုခြင်း .... ၁၉၀
မန္တလေး အရှေ့ပြင် ဝဇီရာရာမတိုက်၌ သီတင်းသုံးခြင်း .... ၁၉၁
မင်းကွန်း မော်လမြိုင် သီတင်းသုံး-သီဟိုဠ်ကျွန်းကြွခြင်း .... ၁၉၁
ကျမ်းဂန်များ ပြုစုခြင်း .... ၁၉၁
စစ်ကိုင်းတောင်ရိုး၌ သီတင်းသုံး - ပျံလွန် .... ၁၉၂

ပေါ်လမြိုင် ဌာနာဘုံပျံ ဆရာတော် .... ၁၉၂
ဖွားမြင်ခြင်း - ရှင် ရဟန်းပြု - ပညာသင်ခြင်း .... ၁၉၂
ဘုံမြင့်ကျောင်း, ဘုံပျံကျောင်းတို့၌ ကြာမြင့်စွာ သီတင်းသုံး .... ၁၉၃
ပျံလွန်တော်မူခြင်း .... ၁၉၃
မော်လမြိုင် တောင်ပေါက်ဆရာတော် .... ၁၉၃
ဖွားမြင်ခြင်း - ရှင်သာမဏေ ဝတ်ခြင်း .... ၁၉၃
ပညာသင်ကြားခြင်း ရဟန်းဖြစ်ခြင်း .... ၁၉၄
ပညာရှိ အင်းသီးထံ ခိုမှီး ဆက်လက် ပညာသင်ခြင်း .... ၁၉၄
စစ်ကိုင်းအောင်ရိုး စာပေ ချပို့ သီတင်းသုံးခြင်း .... ၁၉၄
ဝေယံဘုံသာတိုက် အလှူခံ - စာချ - အိန္ဒိယ သိဟိုဠ်ကြွ .... ၁၉၅
ကျမ်းဂန်များ ပြုစုခြင်း .... ၁၉၅
'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် အလှူခံရရှိခြင်း - ပျံလွန်တော်မူခြင်း .... ၁၉၇

## ပဉ္စမပိုင်း

အဝိသုဒ္ဓါရုံဆရာတော် ဦးဇောတိပါလ .... ၁၉၇
ဖွားမြင် - ရဟန်းဖြစ် .... ၁၉၇
ပညာ သင်ကြားခြင်း .... ၁၉၈
မဟာဝိသုဒ္ဓါရုံသို့ .... ၁၉၈
စစ်ကိုင်းချောင်သို့ .... ၁၉၈
'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် .... ၁၉၈
ဘဝနတ်ထံ ဝင်စံခြင်း .... ၁၉၉
အဖျောက်ဆရာတော် အရှင်အာစာရ မဟာထေရ် .... ၁၉၉
ဖွားမြင် - ရှင် ရဟန်းပြု - ပရိယတ် အားထုတ် .... ၁၉၉
စာချ - ကျမ်းပြု .... ၁၉၉
သာသနာရေးဆောင်ရွက် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့ အလှူခံ .... ၂၀၀
ပျံလွန်တော်မူခြင်း .... ၂၀၀
မန္တလေး - မစိုးရိမ်ဆရာတော် အရှင်သောဘာဘိသိရိ မဟာထေရ် .... ၂၀၀
ဖွားမြင်တော်မူခြင်း .... ၂၀၀
မိဖတို့၏ အမျိုး အနွယ် .... ၂၀၁
ငယ်နာမည် နှင့် သားချင်းများ .... ၂၀၁
ပညာသင်ကြားခြင်း .... ၂၀၁

| | | |
|---|---|---|
| ရှင်သာမဏေ ဝတ်ခြင်း | .... | ၂၀၂ |
| ရှင်သောမာဘိသီရိဟု ဘွဲ့တော်မှည့်ခေါ်ခြင်း | .... | ၂၀၂ |
| ပညာသင်ကြားခြင်း | .... | ၂၀၃ |
| ဒက္ခိဏာရာမ ဝိဇ္ဇာယတနသို့ | .... | ၂၀၃ |
| ရဟန်း အဖြစ်သို့ ရောက်ခြင်း | .... | ၂၀၃ |
| ဆက်လက် ပညာသင်ကြားခြင်း | .... | ၂၀၄ |
| မင်းကျောင်း ဆရာတော်ထံ နည်းခံခြင်း | .... | ၂၀၄ |
| ဘာသန္တရလေ့လာခြင်း - နိုင်ငံခြားများသို့ ကြွခြင်း | .... | ၂၀၄ |
| စာသင်တိုက်တည် - သာသနာပြုခြင်း | .... | ၂၀၄ |
| မစိုးရိမ်တိုက်ကြီးကို လက်ခံခြင်း | .... | ၂၀၅ |
| မဟာသစ်ဝင်ချောင်သို့ | .... | ၂၀၆ |
| ပြုစုတော်မူသော ကျမ်းဂန်များ | .... | ၂၀၆ |
| 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် | .... | ၂၀၇ |
| မဟာသစ်ဝင်ချောင် လှူအပ်ခြင်း | .... | ၂၀၈ |
| ဘဝနတ်ထံ ပျံလွန်တော်မူခြင်း | .... | ၂၀၈ |
| **စကုမော် ဆရာတော် အရှင်ဥတ္တမ** | .... | ၂၀၉ |
| ဖွားမြင် – ရှင် ရဟန်းပြု – ပညာသင် | .... | ၂၀၉ |
| ဆက်လက်ပညာသင် | .... | ၂၀၉ |
| ကျောင်းတိုက်အလှူခံ - စာချ | .... | ၂၀၉ |
| ကျမ်းပြု - 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် အလှူခံ | .... | ၂၁၀ |
| **ဆင်တဲတိုက်သစ် ဆရာတော် အရှင်ကုဏ္ဍိယ** | .... | ၂၁၀ |
| ကျောင်းနေ - ပညာသင် - ရှင်သာမဏေဝတ် | .... | ၂၁၀ |
| ရဟန်း ဖြစ်ခြင်း | .... | ၂၁၀ |
| ပညာ သင်ကြားခြင်း | .... | ၂၁၁ |
| သာမဏေဘဝက စာပေ ကျွမ်းကျင်ခဲ့ | .... | ၂၁၁ |
| စာမေးပွဲများ အောင်မြင်ခြင်း | .... | ၂၁၁ |
| အခြား ဒေသများ၌ သီတင်းသုံးခြင်း | .... | ၂၁၁ |
| ဆင်တဲတိုက် စာချ နာယက | .... | ၂၁၂ |
| ကျမ်းဂန် ပြုစုခြင်း | .... | ၂၁၂ |
| ကြီးကျယ်သော ပါဠိကျမ်းကြီး | .... | ၂၁၂ |
| ဆောင်ရွက်ချက် အမျိုးမျိုး | .... | ၂၁၃ |
| အဂ္ဂမဟာပဏ္ဍိတ | .... | ၂၁၃ |
| ပျံလွန်တော်မူခြင်း | .... | ၂၁၃ |
| သံဝေဂယူဖွယ် | .... | ၂၁၃ |

## သောဠသမပိုင်း


| | | |
|---|---|---|
| အရှေ့ ဇလွန်ဆရာတော် | .... | ၂၁၄ |
| ရှင် ရဟန်းပြု - ပညာသင်ကြားခြင်း | .... | ၂၁၄ |
| လုပ်ငန်းစဉ် နှင့် ဆောင်ရွက်ချက် | .... | ၂၁၄ |
| 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် | .... | ၂၁၄ |
| ပျံလွန်တော်မူခြင်း | .... | ၂၁၅ |
| မန္တလေး ရွှေမန်းဆရာတော် အရှင်ကေသရ မဟာထေရ် | .... | ၂၁၅ |
| ဖွားမြင် - ရှင်ရဟန်းပြု - ပညာသင် | .... | ၂၁၅ |
| ဆက်လက် ပညာသင်ကြား ချပို့ခြင်း | .... | ၂၁၅ |
| 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် အလှူခံ - ပျံလွန် | .... | ၂၁၆ |
| ရန်ကုန်မြို့ အလယ်တောရ ဆရာတော် အရှင်ရေဝတ | .... | ၂၁၆ |
| ဖွားမြင်ခြင်း - ရှင် ရဟန်း ပြုခြင်း | .... | ၂၁၆ |
| ပညာ သင်ကြား - သာသနာရေး အားပေးခြင်း | .... | ၂၁၆ |
| ဆောင်ရွက်ချက်များ | .... | ၂၁၇ |
| 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် အလှူခံ ရရှိခြင်း | .... | ၂၁၇ |
| ပျံလွန်တော်မူခြင်း | .... | ၂၁၇ |
| ရွှေဟင်္သာတိုက်သစ် ဆရာတော် အရှင်ပဏ္ဍိတ မဟာထေရ် | .... | ၂၁၇ |
| ဖွားမြင် - ရှင် ရဟန်းပြု | .... | ၂၁၈ |
| ဆက်လက် ပညာ သင်ကြားခြင်း | .... | ၂၁၈ |
| စာချ - ကျမ်းပြုခြင်း | .... | ၂၁၈ |
| အဂ္ဂမဟာပဏ္ဍိတ | .... | ၂၁၉ |
| လေးကျွန်းချမ်းသာ ဆရာတော် ဦးသောဘိတ | .... | ၂၂၀ |
| ဖွားမြင်ခြင်း | .... | ၂၂၀ |
| စတင် ပညာသင် - သာမဏေတော် | .... | ၂၂၀ |
| ဆက်လက် ပညာသင် - ရဟန်းဖြစ် | .... | ၂၂၀ |
| မစိုးရိမ် ကျောင်းတိုက်သို့ | .... | ၂၂၀ |
| စစ်ကိုင်း သစ်ဝင်ချောင်သို့ | .... | ၂၂၁ |
| ပဋ္ဌာန်း အရှင်သောဘိတ ဖြစ်ခြင်း | .... | ၂၂၁ |
| ကျမ်းဂန် ပြုစုခြင်း | .... | ၂၂၁ |
| ဆောင်ရွက်ချက်များ | .... | ၂၂၁ |
| အဂ္ဂမဟာပဏ္ဍိတ | .... | ၂၂၂ |
| ဘဝနတ်ထံ ဝင်စံခြင်း | .... | ၂၂၂ |

**ဓမ္မာစရိယ ပါဠိတက္ကသိုလ် ဆရာတော် အရှင်ဝိမလဗုဒ္ဓိ** .... ၂၂၂
ဖွားမြင် - ရှင်သာမဏေဝတ် - ပညာသင် .... ၂၂၂
ရဟန်းပြုခြင်း .... ၂၂၃
ပရိယတ္တိ သင်ကြားခြင်း – စာမေးပွဲများ အောင်မြင်ခြင်း.... ၂၂၃
ဓမ္မာစရိယ ဘွဲ့တံဆိပ်တော် ၂ – ထပ် .... ၂၂၃
ဓမ္မာစရိယ ပါဠိတက္ကသိုလ် တည်ထောင် .... ၂၂၃
ကျမ်းဂန်များ ပြုစုခြင်း .... ၂၂၄
'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် .... ၂၂၄
သာသနာကျိုး ဆောင်ရွက်ခြင်း - ပျံလွန်ခြင်း .... ၂၂၄
**အနီးစခန်း ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ** .... ၂၂၅
ရှင်သာမဏေပြု - ရဟန်းပြု - ပညာသင်ကြား
သာသနာပြု .... ၂၂၅
'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် .... ၂၂၅
ဆဋ္ဌသံဂါယနာတွင် စိစစ်လျှောက်မှု ထူးခြားစွာ
ဆောင်ရွက်တော်မူခြင်း .... ၂၂၅
ပျံလွန်တော်မူခြင်း .... ၂၂၆
**အောင်မြေဘုံစံ ဆရာတော် အရှင်ဉာဏုတ္တရ** .... ၂၂၆
ဖွားမြင် - ရှင်ရဟန်းပြု - ပညာသင် .... ၂၂၆
ဆက်လက် ပညာသင်ကြားခြင်း .... ၂၂၆
အောင်မြေဘုံစံတိုက် တည်ထောင် .... ၂၂၇
ရန်ကုန်မြို့ ကမ္ဘာအေး ဇမ္ဗူဒီပကျောင်း၌
သီတင်းသုံးခြင်း .... ၂၂၇
နိုင်ငံခြားများသို့ .... ၂၂၇
'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် ရရှိခြင်း - ပျံလွန်ခြင်း ... ၂၂၇
**ရွှေစေတီ ဆရာတော် အရှင်သုန္ဒရ** .... ၂၂၈
ဖွားမြင် - ရှင်ရဟန်းပြု - ပညာသင် .... ၂၂၈
ဆက်လက် ပညာသင်ကြားခြင်း .... ၂၂၈
ရွှေစေတီရိပ်သာ တည်ထောင်ခြင်းနှင့် သာသနာ
ရေးရာများ ဆောင်ရွက်ခြင်း .... ၂၂၈
'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် .... ၂၂၈


## သတ္တမပိုင်း


**ရန်ကုန်ချောင်တည် ဆရာတော် အရှင်ဓမ္မစာရီ** .... ၂၂၉
ဖွားမြင် - ပညာသင် - အစိုးရအမှုထမ်းခြင်း .... ၂၂၉

သက်ဆိုးတိုင် ရဟန်းပြုခြင်း .... ၂၂၉
ရန်ကုန်ကျောင်းကို တီတွင်ခြင်း .... ၂၂၉
လယ်တီဆရာတော် ချီးကျူးခြင်း .... ၂၃၀
တရားဟော - စာပေ ရေးခြင်း .... ၂၃၀
'နိကာယ ဟိတေသေဟီ' 'နိကာယသိရိန္ဒရ'
'မဟာ သိရိန္ဒရ' ဘွဲ့ ၃–ထပ်ရ .... ၂၃၀
ပျံလွန်တော်မူခြင်း .... ၂၃၀

**ရတနာဘုံစံ ဆရာတော် အရှင်ဝိစာရ (မန္တလေး တတိယ မြဲတောင်ဆရာတော်)** .... ၂၃၁
ပျံလွန်တော်မူခြင်း .... ၂၃၁

**မြင်တီဆရာတော် အရှင်အဂ္ဂဝံသ မဟာထေရ်** .... ၂၃၂
ဓမ္မစကြာ မဟာဋီကာသစ် ကျမ်းကြီး .... ၂၃၃
လူ့ဘောင်သို့ .... ၂၃၃
ကွယ်လွန်ခဲ့ .... ၂၃၃

**စစ်ကိုင်းတောင် ဇမ္ဗူပတိကျောင်း လယ်တီ အရှင်ပဒုမဆရာတော်** .... ၂၃၄
မဟာဝိသုတာရာမ ဝိဇ္ဇာလယတနကြီးသို့ .... ၂၃၄
သံဒဝဂ ယူဖွယ် .... ၂၃၅

**ကျစွာကျောင်း ဆရာတော် အရှင်ဝိဇယ မထေရ်** .... ၂၃၅
ရှင် ရဟန်းပြု - ပညာသင် .... ၂၃၅
စာချ - ကျမ်းပြု - လောက သာသနာ အကျိုးဆောင် .... ၂၃၆

**စစ်ကိုင်း ဝိဇ္ဇောဒယကျောင်း ဆရာတော် (ဓမ္မကထိက - ငါးသိုင်းချောင်း အရှင်ပညာဝန္တ)** .... ၂၃၆
ပခုက္ကူ, မန္တလေး, အမရပူရတို့၌ ပညာသင် .... ၂၃၆
ဝိဇ္ဇောဒယကျောင်းတည် - သိတင်းသုံး - သာသနာပြု .... ၂၃၇
ပျံလွန်တော်မူခြင်း .... ၂၃၇


## အဋ္ဌာရသမပိုင်း


**လေးကျွန်းသာယာကျောင်း ဆရာတော် အရှင်ဇောတဝရ မဟာထေရ်** .... ၂၃၈
ဖွားမြင်ခြင်း - ရှင် ရဟန်းပြုခြင်း .... ၂၃၈
ပညာသင်ကြား တတ်မြောက်ခြင်း .... ၂၃၉
စာချ - ကျမ်းဂန်ရေး - သာသနာပြု .... ၂၃၉
ပျံလွန်တော်မူခြင်း .... ၂၃၉

အရှင်ဉာဏိန္ဒထေရ် .... ၂၄၀
ရှင် ရဟန်းပြု · ပညာသင် .... ၂၄၀
သကျသီဟ ဓမ္မာစရိယဘွဲ့ .... ၂၄၀
မန္တလေး ဒုတိယ အဘယာရာမဆရာတော် အရှင်ပဒုမ
မဟာထေရ် .... ၂၄၁
ပညာသင် · စာချဖြစ် · နာယကဖြစ် .... ၂၄၁
ဆရာတော် အရှင်ပုည မဟာထေရ် .... ၂၄၁
အရှင်အရိယထေရ် .... ၂၄၂
မန္တလေးရောက် · ပညာသင် .... ၂၄၂
စာပေ ချို့ · မူလ စာချ ဖြစ်ခဲ့ .... ၂၄၂
ဝိနိစ္ဆယများ ပြုစု .... ၂၄၂
ဆောင်ရွက်ချက်များ .... ၂၄၃
ပျံလွန်တော်မူခြင်း — ၂၄၃
စစ်ကိုင်း ဇေယသိန်ဆရာတော် အရှင်ပညိန္ဒာဘိဝံသထေရ် .... ၂၄၃
ဖွားမြင် · သာမဏေဝတ် · ပညာသင် .... ၂၄၃
ဆက်လက် ပညာ သင်ကြားခြင်း · ရဟန်း ဖြစ်ခြင်း .... ၂၄၄
မန္တလေးကြွ · ပညာသင် · သကျသီဟ 'ဓမ္မာစရိယ' ဘွဲ့ရ .... ၂၄၄
ဇေယျသိန် ဆရာတော် ဟု ထင်ရှားခြင်း .... ၂၄၅
စစ်ကိုင်း ဇေယျာသိန် ဆရာတော် .... ၂၄၅
ပျံလွန်တော်မူခြင်း .... ၂၄၅
ပဉ္စိကာရာမ သုံးခွချောင် ဆရာတော် အရှင်ဝရသာမိဘိဝံသ .... ၂၄၆
ပညာသင်ကြားခြင်း · သကျသီဟဓမ္မာစရိယ ဖြစ်ခြင်း .... ၂၄၆
ဆောင်ရွက်ချက်များ .... ၂၄၆
သဇ္ဇနောဒယချောင်တည် ဆရာတော် အရှင်သဇ္ဇနာဘိဝံသ .... ၂၄၇
ဖွားမြင်ခြင်း · ရှင် ရဟန်း ပြုခြင်း .... ၂၄၇
ပညာ သင်ကြားခြင်း · စာမေးပွဲများ အောင်မြင်ခြင်း .... ၂၄၇
ဆဋ္ဌသံဂါယနာတွင် ဆောင်ရွက်ခြင်း .... ၂၄၈
စာပေ ချို့ · သာသနာ့ ဝန်ဆောင် .... ၂၄၈

## ကျောနစီသတိမပိုင်း

ဝိဇ္ဇာဒပ္ပဏဆရာတော် အရှင်ဝိသုဒ္ဓိ မဟာထေရ် .... ၂၄၉
ဖွားမြင်ခြင်း · ပညာ သင်ကြားခြင်း .... ၂၄၉

သာမဏေဝတ်ခြင်း - ငယ်, လတ်, ကြီး စာမေးပွဲ အောင်မြင်ခြင်း .... ၂၄၉
စစ်ကိုင်းကြွ ဆက်လက်ပညာသင် - ရဟန်းဖြစ်ခြင်း .... ၂၅၀
သက္ကျသီဟ ဓမ္မာစရိယ, အစိုးရဓမ္မာစရိယ .... ၂၅၀
စာချ - စာသင် - ပရိယတ္တိ ဝန်ဆောင်ခြင်း .... ၂၅၁
အဘိဓမ္မာ ပါဠိတော်ကို ချပို့ခြင်း .... ၂၅၁
'ပစ္စယတ္ထာဝဗောဓနီ' ကျမ်းကြီး ပြုစု .... ၂၅၂
စစ်ကိုင်း ဝိဇ္ဇာဒပ္ပဏချောင်၌ စာချ သီတင်းသုံး .... ၂၅၃
သရိုင်ရွာ သီတင်းသုံးခြင်း - ပျံလွန်တော်မူခြင်း .... ၂၅၃

ဆရာတော် အရှင်အာစိဏ္ဏ မဟာထေရ် .... ၂၅၄
ဖွားမြင် - သာမဏေဝတ် - ရဟန်းပြု - ပညာသင် .... ၂၅၄
စာမေးပွဲများ ဖြေဆို အောင်မြင်ခြင်း .... ၂၅၄
စာပေချပို့ - သာသနာပြု - တပည့် ပညာတတ်တို့ ပေါ်ထွန်း .... ၂၅၄


## ဝိသတိမပိုင်း


**မဟာသိဝချောင် ဆရာတော် အရှင်ကုမာရ မဟာထေရ်** .... ၂၅၅
ဖွားမြင်ခြင်း - ရှင် ရဟန်း ပြုခြင်း .... ၂၅၅
ပညာသင်ကြားခြင်း .... ၂၅၅
စစ်ကိုင်းကြွ - မဟာသိဝချောင် တည်ထောင် သာသနာပြု .... ၂၅၅
ကျမ်းဂန်တတ် တရားဟောကောင်း .... ၂၅၆
ပြုစုသော ကျမ်းများ .... ၂၅၆
'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် အလှူခံခြင်း - ပျံလွန်တော်မူခြင်း .... ၂၅၇

**ပဌာန်းသိပ္ပံ ဆရာတော် အရှင်ကုန္ဒက မဟာထေရ်** .... ၂၅၇
ပဌာန်း ၂၂ - တိက် ကုန်အောင် သင်ယူ .... ၂၅၇
ဆရာတော်ကြီးများထံ နည်းခံ ပညာသင်ခြင်း .... ၂၅၈
ပဌာန်းစာဝါကို တွင်တွင် ချပို့ခြင်း .... ၂၅၈
ကျမ်းဂန်များ ပြုစုခြင်း .... ၂၅၈
ပဌာန်းသိပ္ပံ ကျမ်းကြီး .... ၂၅၉
ဆရာတော်၏ တပည့် ပဌာန်း စာချတွေ .... ၂၅၉
'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် .... ၂၅၉

ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ
စာချဆရာတော် အရှင်ပညာဘိဝံသ .... ၂၅၉
ရှင် ရဟန်း ပြုခြင်း .... ၂၆၀
ပညာ သင်ကြားခြင်း .... ၂၆၀
ပရိယတ္တိ ဓမ္မာစရိယ .... ၂၆၀
ဆောင်ရွက်ချက်များ .... ၂၆၀
ပျံလွန်တော်မူခြင်း .... ၂၆၀
ဆရာတော် အရှင်ဇောတိက ထေရ် .... ၂၆၁
မန္တလေး ပခုက္ကူ ပညာသင် .... ၂၆၁
ရတနာဗိမာန်ဆရာတော် အရှင်ဓမ္မာနန္ဒ မဟာထေရ် .... ၂၆၁
ရှင် ရဟန်း ပြုခြင်း .... ၂၆၂
ပညာ သင်ကြားခြင်း .... ၂၆၂


## ကေဝီသတိမပိုင်း


ပဥမ ဂန္ဓာရုံချောင်ဆရာတော် အရှင်သုပညိန္ဒာဘိဝံသ .... ၂၆၂
ဖွားမြင်ခြင်း - ရှင် ရဟန်းပြုခြင်း .... ၂၆၃
ပညာ သင်ကြားခြင်း .... ၂၆၃
စာမေးပွဲများ အောင်မြင်ခြင်း - သာသနာ့ဝန်
ထမ်းဆောင်ခြင်း .... ၂၆၃
မန္တလေး မြတောင်ဆရာတော် အရှင်သာသနထေရ် .... ၂၆၄
ပညာ သင်ကြားခြင်း .... ၂၆၄
ဓမ္မာစရိယတွဲ ၂ - ထပ်ရ .... ၂၆၄
ပခုက္ကူ မဟာဝိသုတာရာမဆရာတော် အရှင်ဂန္ဓမာ မဟာထေရ် .... ၂၆၅
မဟာဝိသုတာရာမသို့ .... ၂၆၅
ဂဏဝါစက တိုက်အုပ် ဖြစ်ခြင်း .... ၂၆၆
မဟာဝိသုတာရာမတိုက် မဟာနာယက ဖြစ်ခြင်း .... ၂၆၆


## ဒွါဝီသတိမပိုင်း


မင်းကွန်းတောရ ဆရာတော် အရှင်မုနိန္ဒဃောသ မဟာထေရ် .... ၂၆၇
ရှင် ရဟန်းပြု - ပညာသင် .... ၂၆၇
တောကျောင်း မွေ့လျော် .... ၂၆၇
ကျမ်းဂန် ပြုစုခြင်း .... ၂၆၇

သီမာလက်ာရ သင်္ဂဟ နိဿျ .... ၂၆၈
'ရာဇဂုရု' ၂ - ထပ်ရ - ပျံလွန်ခြင်း .... ၂၆၉
နွားလေး ဆီးပန်းနီ ဆရာတော် အရှင်နရိန္ဒ မဟာထေရ် .... ၂၆၉
ဖွားမြင် - ပညာသင် - ရှင် ရဟန်းပြု .... ၂၆၉
မန္တလေးမြို့သို့ .... ၂၇၀
ဆီးပန်းနီတိုက် ၅ - တိုက် .... ၂၇၀
စာပေ ချပို့ - ကျမ်းစာရေး - သာသနာပြု .... ၂၇၁
ဘွဲ့တံဆိပ်တော် ၃–ထပ် ရရှိခြင်း .... ၂၇၂
ပဉ္စမ သင်္ဂါယနာသဘင် ကျောက်ထက်အက္ခရာတင် ခေါင်းဆောင်တပါး အဖြစ် ပါဝင်ခဲ့ .... ၂၇၂
သေလာချင့ ပဉ္စမသင်္ဂါယနာတင် သမိုင်းအန်ချင်း .... ၂၇၃
ကြံရည် ဖန်ရည် အလွန်ကောင်းသော ဆရာတော် .... ၂၇၃
ပါတော်မူ သံဝေဂ ကေပိုဒ်ရတု .... ၂၇၄
ကင်းဝန်မင်းကြီး၏ 'မန်းမကိုဋ္ဌမှာသ' လေးချိုးကို ပြန်ဖြေလေးချိုးဖြေ ကေပိုဒ် .... ၂၇၄
ပျံလွန်တော်မူခြင်း .... ၂၇၅
ဆီးပန်းနီ စေတီ .... ၂၇၅
မင်းကွန်း ဆရာတော် အရှင်ပဏ္ဍဝံသထေရ် (မန္တလေး မြတောင်ဆရာတော်) .... ၂၇၆
'ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ် အလှူခံ .... ၂၇၆
ပညတ်နက်ကျမ်း .... ၂၇၇
ပဋ္ဌာနတ္ထာသိသပုတ္ထာ နှင့် ဝိသဇ္ဇနာကျမ်း .... ၂၇၇
သတပဒိကပုတ္ထာ ဝိသဇ္ဇနာ .... ၂၇၈
ဘာဝနတ်ထံ ဝင်စံတော်မူခြင်း .... ၂၇၉
မူလ မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး အရှင် နာရဒမဟာထေရ် (သထုံ ဇေတဝန် ဆရာတော်)... ၂၇၉
ကျောင်းနေ - သာမဏေဝတ် - ပညာသင် .... ၂၇၉
ရဟန်းဖြစ်ခြင်း .... ၂၈၀
ဆက်လက် ပညာသင် .... ၂၈၀
မင်းကွန်း၌ သီတင်းသုံး - စာချ - လူဝတ်လဲ .... ၂၈၀
စာချ - စာကြည့်ခြင်း .... ၂၈၁
တပါးတည်း တရားကျင့် .... ၂၈၁
သတိပဋ္ဌာန် တရားဟော .... ၂၈၁

မဟာစည် ဆရာတော် ရောက်ရှိ နည်းခံ .... ၂၀၁
ကျမ်းဂန်များ ပြုစုခြင်း .... ၂၀၁
ပျံလွန်တော်မူခြင်း .... ၂၀၂

## တေဝိသတိမပိုင်း

ရွှေကျင် ဆရာတော်ဘုရားကြီး အရှင်ဇာဂရ ပဟာသထေရ် .... ၂၀၂
ရှင်သာမဏေဝတ် - ပညာသင် - ရဟန်းဖြစ် .... ၂၀၂
ဆက်လက် ပညာ သင်ကြားခြင်း .... ၂၀၃
သဲအင်းသာသနာပိုင် ယုံကြည် .... ၂၀၃
မန်ကျည်းစဉ် ခေါ်သော ရှိမ်းမဟာ‌တို့၌ စာချ .... ၂၀၃
ရွှေကျင်ဆရာတော် နှင့် အုတ်ဖိုဆရာတော် .... ၂၀၄
ရွှေကျင်ဆရာတော် နှင့် မင်းတုန်းမင်း .... ၂၀၄
ကျောင်းတိုက်ကြီးများ တည်ဆောက်လှူဒါန်းကိုးကွယ် .... ၂၀၅
သာသနာပြုတော်မူခြင်း .... ၂၀၅
ရွှေကျင်ဂိုဏ်း စတင် ပေါ်လာပုံ .... ၂၀၆
မင်းနှစ်ဆက်တိုင် ပစ္စည်းလေးပါးလှူ .... ၂၀၇
ရွှေကျင်ဂိုဏ်း အုပ်ချုပ်ရေး .... ၂၀၇
မင်းသားများ ပညာသင်ကြားရန် စေပ်နှံခြင်း .... ၂၀၇
ဓုတင်ကျင့်ဝတ် .... ၂၀၈
ရွှေကျင်ဆရာတော်ဦးဇာဂရ နှင့် ဦးသိလ .... ၂၀၈
ဂိုဏ်း နှစ်ဂိုဏ်း ပေါင်းမိခြင်း .... ၂၀၈
ဝိနယကုက္ကုစ္စ လွန်ကြီးမား .... ၂၀၉
ထိုထိုဒေသ၌ သီတင်းသုံးခြင်း - ဘွဲ့တံဆိပ်တော် ငြင်းပယ်ခြင်း .... ၂၉၀
မင်းကွန်း ငွေတောင်တောရ၌ သီတင်းသုံးခြင်း ပျံလွန်တော်မူခြင်း.... ၂၉၀
ကျမ်းဂန်များ ပြုစုတော်မူခဲ့ခြင်း .... ၂၉၁
ရွှေကျင် နိကာယ သမ္မုတိ သာသနာပိုင် ကျိုက်လတ် ပဏ္ဍိမာရုံ ဆရာတော် .... ၂၉၂
ဖွားမြင် - ရှင် ရဟန်းပြု - ပညာသင် .... ၂၉၂
ဆက်လက်ပညာသင် စာပေတတ်မြောက် .... ၂၉၂
ပဏ္ဍိမာရုံ ဆရာတော် ဖြစ်ခြင်း .... ၂၉၃
ရွှေကျင်နိကာယ ဓမ္မသေနာပတိ ဖြစ်ခြင်း ယိုးဒယားကြွခြင်း.... ၂၉၃

ကျမ်းဂန်များ ပြုစုခြင်း .... ၂၉၄
ပျံလွန်တော်မူခြင်း .... ၂၉၄

ရွှေကျင်နိကာယ သာသနာပိုင် စံကင်း ဆရာတော် .... ၂၉၄
ဖွားမြင်တော်မူခြင်း .... ၂၉၄
ပညာသင်ကြား - ရှင် ရဟန်း ပြုခြင်း .... ၂၉၄
ပညာသင်ကြားခြင်း .... ၂၉၅
ကျောင်းဘုန်းကြီး ပြုလုပ်ခြင်း - ကျောင်းထိုင်ခြင်း .... ၂၉၅
စံကင်း ဆရာတော်ဟု တွင်ခြင်း .... ၂၉၅
ပရိယတ္တိ သာသနဟိတ မူလ ဓမ္မာစရိယ .... ၂၉၅
သာသနဝန် ထမ်းဆောင်ခြင်း .... ၂၉၆
ကမ္မဋ္ဌာနာစရိယ .... ၂၉၆
ကျမ်းဂန် ပြုစုတော်မူခြင်း .... ၂၉၆
'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော် .... ၂၉၆
မဟာဝိသုဒ္ဓါရာမတိုက်၌ သီတင်းသုံးပြန်ခြင်း .... ၂၉၆
ထူးခြားသော ဆရာတော်ဘုရားကြီး .... ၂၉၇
ကျောက်စာတိုင် ထူထားခြင်း .... ၂၉၇
ပျံလွန်တော်မူခြင်း .... ၂၉၆

ရွှေကျင်နိကာယ သာသနာပိုင် မြောင်းမြဆရာတော်
အရှင်ဉာဏာဘိဝံသ မဟာထေရ် .... ၂၉၈
ဖွားမြင်ခြင်း စသည် .... ၂၉၈
ကျောင်းအပ် - ပညာသင် .... ၂၉၈
ရှင်သာမဏေဝတ်ခြင်း .... ၂၉၈
ပညာ သင်ကြားခြင်း .... ၂၉၈
ငကင်းရွာသို့ .... ၂၉၉
ရဟန်းဘဝ ဒုလ္လဘသို့ .... ၂၉၉
ဥက္ကံဘုရားကြီး ကျောင်းတိုက်သို့ .... ၂၉၉
သက္ကျသီဟ စာသင်တန်းအောင် .... ၂၉၉
ငကင်းကျောင်းသို့ ရောက်ပြန်ခြင်း .... ၃၀၀
သက္ကျသီဟ ဓမ္မာစရိယ .... ၃၀၀
စာသင် - စာချ .... ၃၀၀
မြောင်းမြဆရာတော် ဖြစ်ခြင်း .... ၃၀၀
မန္တလေး မဟာဝိသုဒ္ဓါရာမသို့ .... ၃၀၁
ရွှေကျင် နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက .... ၃၀၁

ဂုဏ်တော် အသွယ်သွယ် .... ၃၀၁
'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တော် .... ၃၀၁
ပျံလွန်တော်မူခြင်း .... ၃၀၂
ပတ္တမြားဆရာတော် အရှင်ဇာဂရ မဟာထေရ် .... ၃၀၂
ဖွားမြင် - ရှင် ရဟန်းပြု - ပညာသင် .... ၃၀၂
ဆက်လက်ပညာသင် - စာပေချပို့ .... ၃၀၂
ပတ္တမြားဆရာတော်ဖြစ် - မင်းကွန်းဖက် ကြွ .... ၃၀၂
ကျမ်းဂန်များ ပြုစုခြင်း .... ၃၀၃
'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် အလှူခံရခြင်း .... ၃၀၃
ပျံလွန်တော်မူခြင်း .... ၃၀၃
မင်းကွန်း ရတနာဂူကျောင်းဆရာတော် အရှင်ဇနိန္ဒာဘိဝံသ မဟာထေရ် .... ၃၀၄
ဖွားမြင် - ရှင် ရဟန်းပြု - ပညာသင် .... ၃၀၄
ပတ္တမြားတိုက် မင်းကွန်းရတနာဂူကျောင်း၌ သီတင်းသုံး .... ၃၀၄
'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် အလှူခံ ရရှိခြင်း .... ၃၀၅
ပျံလွန်တော်မူခြင်း .... ၃၀၅
မင်းကွန်း ရန်ကင်းကျောင်း ဆရာတော်ဘုရားကြီး .... ၃၀၅
ဘုရားဂုဏ်တော် နေ့စဉ်မပြတ် ပွားများ .... ၃၀၅

## စတုဝီသတိမပိုင်း

ငှက်တွင်းဂိုဏ်း အာဒိကမ္မိက ရွှေမင်းဝံ ငှက်တွင်းဆရာတော်
အရှင်ပဏ္ဍဝမဟာထေရ် .... ၃၀၆
ဖွားမြင်တော်မူခြင်း .... ၃၀၆
ပညာသင်ကြားခြင်း .... ၃၀၇
ဆရာတော် အရှင် ကောဏ္ဍညာဘိဓဇထံ .... ၃၀၇
ရဟန်းအဖြစ်သို့ ရောက်ခြင်း .... ၃၀၇
သင်္ဂဇာဆရာတော်ထံ ရောက်ရှိ ပညာသင် .... ၃၀၇
ပဋ္ဌမစာတော်ချ ဖြစ်ခြင်း .... ၃၀၈
မင်းဝံတောင် ငှက်တွင်းကျောင်း၌ သီတင်းသုံး တရားကျင့် .... ၃၀၈
ကွမ်းခြံကုန်း ကြွရောက် သီတင်းသုံးခြင်း .... ၃၀၉
ပါရမီစံကျောင်း၌ သီတင်းသုံးခြင်း .... ၃၀၉
နယ်လှည့် တရားဟောခြင်း .... ၃၀၉
ကျမ်းဂန်များ ပြုစုတော်မူခြင်း .... ၃၁၀
ပျံလွန်တော်မူခြင်း .... ၃၁၀

ငှက်တွင်းဂိုဏ်း ဒုတိယ ဦးစီးနာယက ကွမ်းခြံကုန်း ဆရာတော်
အရှင်ဇောတာဘိဓဇ မဟာထေရ်.... ၃၁၁
စစ်ကိုင်းမြို့ .... ၃၁၁
ပဋိပတ္တိဝန်ဆောင်များ .... ၃၁၁
ဖွားမြင်တော်မူခြင်း - ရှင် ရဟန်း ပြုခြင်း .... ၃၁၂
ဥပနာယက တာဝန် .... ၃၁၂
မဟာနာယကဖြစ်ခြင်း - ပျံလွန်ခြင်း .... ၃၁၂

## ပဉ္စမိသတိမပိုင်း

စံကျောင်းဆရာတော် အရှင်သုဒဿန မဟာထေရ် .... ၃၁၃
ဖွားမြင်ခြင်း - ရှင် ရဟန်း ပြုခြင်း .... ၃၁၃
မင်းကွန်း၌ သီတင်းသုံးခြင်း .... ၃၁၃
ကျမ်းဂန်များ ပြုစုခြင်း .... ၃၁၄
ပျံလွန်တော်မူခြင်း .... ၃၁၄
ချမ်းသာကြီးဆရာတော် အရှင်ပဏ္ဍိစ မဟာထေရ် .... ၃၁၄
သာမဏေဝတ် - ပညာသင်ခြင်း .... ၃၁၅
ရှင်ကျော် - ပဌမကျော် .... ၃၁၅
ရဟန်းဘဝ ဒုလ္လဘသို့ .... ၃၁၅
ပဌမ စာချ ဖြစ်ခြင်း .... ၃၁၆
ဘွဲ့တံဆိပ်တော်နှင့် လွဲရခြင်း .... ၃၁၆
တော ဝါဆိုခြင်း .... ၃၁၆
ချမ်းသာကြီးတိုက်သို့ .... ၃၁၆
သီဟိုဠ် နှင့် ဘာရတသို့ .... ၃၁၆
မင်းကွန်း ဝေယံဘုံမြင့်ချောင်သို့ .... ၃၁၇
ကျမ်းဂန် ပြုစုခြင်း .... ၃၁၇
အလက်ာရဋ္ဌ ဒီပနီ .... ၃၁၈
အဂ္ဂမဟာပဏ္ဍိတ .... ၃၁၈
ဘဝနတ်ထံ ဝင်စံတော်မူခြင်း .... ၃၁၉
သံဝေဂ ယူဘွယ် .... ၃၁၉

## ဆဋ္ဌမိသတိမပိုင်း

စစ်ကိုင်း ဂူတ္ထာသယချောင် ဆရာတော် အရှင်ရာဇိန္ဒ .... ၃၁၉
ဖွားမြင်တော်မူခြင်း .... ၃၁၉
ပညာ သင်ကြားခြင်း - ရှင်သာမဏေဝတ်ခြင်း .... ၃၁၉

ရဟန်းပြုခြင်း .... ၃၂၀
နေရာများစွာတို့၌ သီတင်းသုံးခြင်း .... ၃၂၀
ပခုက္ကူမြို့ ကျောက်မီးကျောင်း တည်ထောင် သီတင်းသုံး.... ၃၂၁
ပခုက္ကူမြို့က လွန်စွာ အားပေး .... ၃၂၁
ဝိသုဒ္ဓါရုံဆရာတော် ပခုက္ကူကြွ .... ၃၂၁
စစ်ကိုင်းတောင်ရိုး ကြူရောက် သီတင်းသုံးခြင်း .... ၃၂၂
ကျောက်ဆည်၌ သီတင်းသုံးခြင်း .... ၃၂၂
ညောင်လေးပင်၌ သီတင်းသုံးခြင်း .... ၃၂၂
မင်းကွန်း ရွှေတောင် တောရကျောင်း တည်ထောင်
သီတင်းသုံးခြင်း .... ၃၂၃
ဆရာတော်၏ နိဗဒ္ဓ အကျင့်များ .... ၃၂၃
နွားထိုးကြီးမြို့၌ သီတင်းသုံးခြင်း .... ၃၂၃
အရှင်ရာဇိန္ဒထံ ရဟန်းပြုသူပေါင်း ၂၀၀၀ ကျော် .... ၃၂၄
ပါဠိတော်ဂိုဏ်း ထောင်ခဲ့ .... ၃၂၄
ကမ္မဋ္ဌာန်းကျမ်းပေါင်း ၅၀-ခန့် ပြုခဲ့ .... ၃၂၄
ပညာရှိ တပည့်ကြီးများ .... ၃၂၄
ကြည်ညိုဖွယ် ဂုဏ်များ .... ၃၂၅
ပျံလွန်တော်မူခြင်း .... ၃၂၅
**မင်းကွန်း မနောမယကျောင်း ဆရာတော် အရှင်ဉာဏိန္ဒ .... ၃၂၅**
**ဝိဇ္ဇာလင်္ကာရကျောင်းဆရာတော် အရှင်သုန္ဒရာဘိဝံသမဟာထေရ် .... ၃၂၆**
ဖွားမြင်တော်မူခြင်း .... ၃၂၆
ပဌမအကြိမ် ရှင်သာမဏေ ဝတ်ခြင်း .... ၃၂၆
မိထွေး ဒေါ်စိန်နုက ယုယ - ဦးလက္ခဏထံ ပညာသင် .... ၃၂၇
ဒုတိယအကြိမ် ခမ်းနားစွာ ရှင်ပြုခြင်း .... ၃၂၇
စစ်ကိုင်း တောင်ရိုး ဣန္ဒာသယကျောင်းသို့ .... ၃၂၇
ပခုက္ကူမြို့ ကျောက်မီးကျောင်းသို့ .... ၃၂၈
မအူလေးရွာသို့ .... ၃၂၈
အရှေ့ပြင် မဟာဝိသုဒ္ဓါရာမသို့ .... ၃၂၈
ရဟန်းဘဝ ဒုလ္လဘကို ရရှိခြင်း .... ၃၂၉
ဆက်လက် ပညာသင်ကြားခြင်း .... ၃၂၉
သကျသီဟ ဓမ္မာစရိယ, ဝိသုဒ္ဓါရုံဂဏဝါစက .... ၃၂၉
အိန္ဒိယနိုင်ငံသို့ကြွ ပညာသင် .... ၃၂၉
ဝိသုဒ္ဓါရုံစာချ - မင်းကွန်းဖက်ကြွ .... ၃၂၉

မန္တလေး ဝိဇ္ဇာလင်္ကာရတိုက်သို့ .... ၃၃၀
မင်းကွန်း ဝိဇ္ဇာလင်္ကာရချောင် .... ၃၃၀
ကျမ်းဂန် ပြုစုတော်မူခြင်း .... ၃၃၀
လလိတဝိတ္ထာရကျမ်း .... ၃၃၁
အရှင်သုန္ဒရ၏ ကဗျာဉာဏ် .... ၃၃၂
အလင်္ကာ ဋီကာသစ် နိသျ .... ၃၃၃
'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် .... ၃၃၃
ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ .... ၃၃၃
ဘဝနတ်ထံ ပျံလွန်ခြင်း .... ၃၃၃

**မင်းကွန်း အရိယမဂ္ဂင် ဆရာတော်** .... ၃၃၄
ဖွားမြင် - ရှင် ရဟန်းပြု - ပညာသင် .... ၃၃၄
အရိယမဂ္ဂင်ချောင် နာယက နှင့် ဆောင်ရွက်ချက်များ .... ၃၃၄
'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့ အလှူခံရရှိခြင်း .... ၃၃၄


## သတ္တဝီသတိမပိုင်း


**မင်းကွန်း ပဌမ ဓမ္မနာဒဆရာတော် အရှင်ပညာစက္က မဟာထေရ်** .... ၃၃၅
ဖွားမြင်တော်မူခြင်း .... ၃၃၅
ရှင် ရဟန်းပြု - ပညာ သင်ကြားခြင်း .... ၃၃၅
မောဂ္ဂလ္လာန်ကို များစွာ လေ့ကျက်ခြင်း .... ၃၃၅
ရွှေရေးဆောင် ဆရာတော် ဦးကြည်ထံ ပညာသင် .... ၃၃၆
ဓမ္မနာဒချောင် တည်ထောင် - ဇာချ - တရားမှတ် .... ၃၃၆
ထိပ်ထိပ်ကျဲပညာချွန်မည့် ပုဂ္ဂိုလ်ကို ချီးမြောက် မွေးမြူ.... ၃၃၆
သံခိတ္တရုစိ ပုဂ္ဂိုလ် .... ၃၃၇
မဇ္ဈိမဒေသသို့ ကြွတော်မူခြင်း .... ၄၃၇
ကျမ်းစာများ ပြုစုတော်မူခြင်း .... ၃၃၇
ဗောဓိပင် နှင့် ရွှေပလ္လင် သတ္တဌာန ဘုရားရှိခိုး .... ၃၃၈
ဒုက္ကရစရိယာ လိုဏ်ဂူတော်ကြီး ဘုရားရှိခိုး .... ၃၄၃
ပျံလွန်တော်မူခြင်း .... ၃၄၃

**တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ** .... ၃၄၄
ဇာတိဌာနေ မွေးရပ်ခမြေ .... ၃၄၄
မောင်ခင် ဟု နာမည် မှည့်ခဲ့ကြ .... ၃၄၅
ငယ်စဉ်က အလေ့အထ .... ၃၄၅
ကျောင်းအပ် - ပညာသင် .... ၃၄၅

ဖခင် ကွယ်လွန်ခြင်း .... ၃၄၅
ပဌမအကြိမ် ရှင်ပြု .... ၃၄၆
ဆရာတော် အရှင်ဝိစိတ္တ ကလေးဘဝက စာအံနည်း .... ၃၄၆
ဒုတိယ အကြိမ် ရှင်ပြု - သာမဏေဝတ် = ၃၄၆
ရှင်ဝိစိတ္တ ဘွဲ့နာမ .... ၃၄၇
သာမဏေ သီလ လုံခြုံစွာ စောင့်ထိန်းခြင်း .... ၃၄၇
၁၃ နှစ်သား သဒ္ဒါကြီး ရှစ်စောင်ပြန် .... ၃၄၇
၁၄ နှစ်သား သင်္ဂြိုဟ် ၉ ပိုင်း ပြန်ဆို .... ၃၄၇
မှတ်မိသမျှ ပိဋကကြည့်ရှု - ကဗျာဉာဏ် ပွင့်စပြု .... ၃၄၈
၁၅ နှစ် ၁၆ နှစ် အစိုးရစာမေးပွဲ ငယ်, လတ်, အောင်.... ၃၄၈
ပါဠိဉာဏ် ရင့်သန်ဘို့ ပါဠိစာများစွာ ကြည့် .... ၃၄၉
ဆရာတော် ဦးသောဘိတအား ပြုစုလုပ်ကျွေး .... ၃၄၉
မင်းကွန်း ဓမ္မနာဒတိုက်သို့ .... ၃၄၉
မင်းကွန်း၌ ပျော်မွေ့လာခဲ့ .... ၃၅၀
သာသနမိခင် .... ၃၅၀
မင်းကွန်း၌ ပညာသင်ကြားခြင်း .... ၃၅၁
တတ်သင့်ရာကို သာမဏေဝတ်နှင့် တတ်ကျွမ်းခဲ့ .... ၃၅၁
ရဟန်းဘဝ ဒုလ္လဘသို့ .... ၃၅၁
ဆက်လက် ပညာသင် .... ၃၅၂
ပဌမကြီးအကြိမ်ကြိမ်အောင် - သကျသီဟ စာသင်တန်းအောင်.... ၃၅၂
သကျသီဟ စာချတန်း နှင့် ပဌမကျော် .... ၃၅၂
ဝင်္ဂသကာ ( ဦးစိုက်ပန်း ) အဋ္ဌကထာပြန်အကျော် .... ၃၅၃
စာသင် ရပ်ခဲစေ .... ၃၅၃
ဓမ္မနာဒ နာယက .... ၃၅၃
သီရိပဝရ ဓမ္မာစရိယ .... ၃၅၃
ဝိသိဋ္ဌ ဝိနယဓရ, မဟာဝိနယကောဝိဒ .... ၃၅၄
ဝိသိဋ္ဌ အာဘိဓမ္မိက, မဟာအာဘိဓမ္မကောဝိဒ .... ၃၅၄
ဝိသိဋ္ဌ ဒီဃဘာဏက မဟာဒီဃနိကာယ ကောဝိဒ .... ၃၅၅
ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက .... ၃၅၅
ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယ ကောဝိဒ .... ၃၅၇
ဝိသိဋ္ဌ အာဘိဓမ္မိက မဟာအာဘိဓမ္မကောဝိဒ .... ၃၅၇
ဝိသိဋ္ဌ ဒီဃဘာဏက မဟာဒီဃနိကာယကောဝိဒ .... ၃၅၈
ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ .... ၃၅၉

ဆဋ္ဌသံဂါယနာသဘင်၌ ဆောင်ရွက်ချက်များ .... ၃၆၀
ဆဋ္ဌသံဂီတိ ဝိသဇ္ဇက .... ၃၆၀
ထူးခြားသည့် တရားဟောလုပ်ငန်း .... ၃၆၁
မဟာဗုဒ္ဓဝင် ကျမ်းကြီး .... ၃၆၁
ဗုဒ္ဓဝင်ကျမ်းကြီး သမိုင်းကျဉ်း .... ၃၆၁
ဩဘာစာ - သိမ်အောင်စာ အမျိုးမျိုး စသည် .... ၃၆၂
မင်းကွန်း ဓမ္မနာဒတိုက်အုပ် ဆရာတော် အရှင်ဥက္ကံသာဘိဝံသ .... ၃၆၂
ဖွားမြင် - ရှင် ရဟန်းပြု - ပညာသင် .... ၃၆၃
အစိုးရ ဓမ္မာစရိယ နှင့် သကျသီဟဓမ္မာစရိယ .... ၃၆၃

## အဋ္ဌဝီသတိမပိုင်း

မြောင်မြို့ ဆင်ရှင်ဆရာတော် အရှင်ပညာ မဟာထေရ် .... ၃၆၃
ငါန်းမြာကြီး သာသနာနုဂ္ဂဟအသင်းကြီး .... ၃၆၄
မြောင်မြို့ ပရိယတ္တိသာသနာနုဂ္ဂဟအသင်းကြီး .... ၃၆၅

## ဧကူနတ္တိံသတိမပိုင်း

စစ်ကိုင်း, မင်းဝံ, မင်းကွန်း တောင်ရိုး သာသနာအထောက်
အပံ့ပြု အသင်း ၃-သင်း.... ၃၆၆
မလွန် ဆန်လှူ အသင်းကြီး .... ၃၆၆
ဂျပန်ခေတ်လဲ လှူဝတ်မပျက် .... ၃၆၇
အနယ်နယ် အမြို့မြို့မှ ပို့လှူကြ .... ၃၆၇

## တိံသတိမပိုင်း

စစ်ကိုင်းတောင်ရိုးရှိ ချောင်များ .... ၃၆၈
အက္ခရာစဉ်–အက္ခရာဝလိဖြင့် ဖော်ပြထားခြင်း .... ၃၆၈

## ဧကတိံသတိမပိုင်း

စစ်ကိုင်း သာသနာဝင်ကျမ်း အပြီးသတ်ခြင်း .... ၃၈၈
စစ်ကိုင်း သာသနာဝင်ကျမ်း နိဂုံး .... ၃၈၈
အရှင်ကေလာသ ပြုစုသော ကျမ်းစာများ .... ၃၉၁

## စစ်ကိုင်းသာသနာ၀င်

# ကျမ်းဦးမှတ်ဖွယ်

သီဟိုဠ်ကျွန်း အနုရာဓ မြို့တော်သည် ဘုရားမြတ်စွာ သာသနာတည်ထွန်းရာ ဖြစ်၍၊ ဘိက္ခု, ဘိက္ခုနီ ( ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ ) များစွာတို့၏ သီတင်းသုံး၍ ဓုရ ၂ ပါးကို ပွားများ အားသစ်ရာ ဒေသမွန်အဖြစ် သာသနာ သမိုင်း၌ လွန်စွာ ထင်ရှားလေသည်၊ ယင်းသီဟိုဠ်ကျွန်း အနုရာဓမြို့ တရထည် စစ်ကိုင်းမြို့သည်လည်း သာသနာ့၀န်ထမ်း ရဟန်းတော်များ နှင့် သီလရှင် များစွာတို့၏ သီတင်းသုံး စံပျော် တရားဖြင့် မွေ့လျော်ရာ ဒေသမွန် ဖြစ် **လေသည်။**

သီဟိုဠ်ကျွန်း အနုရာဓမြို့ အရှေ့ဖက် ရှစ်မိုင်ကွာ စေတိယတောင် (မိဿကတောင်)သည် စေတီပုထိုးအမျိုးမျိုးတို့နှင့် သာသနာ့၀န်ထမ်းတို့ တရား အားထုတ်ရာ ကျောင်းတိုက်များ ချောင်များဖြင့် တင့်တယ်သာမော ပျော် စဖွယ်ကောင်းသကဲ့သို့ စစ်ကိုင်းတောင်ရိုးသည်လည်း စေတီ ပုထိုး အမျိုးမျိုး, ကျောင်းတိုက်များ, ချောင်များဖြင့် တင့်တယ် သာမော ပျော်စရာ ကောင်း မှုချသာတည်း။

### သဒ္ဓါဇော၀င် ကြည်လင်ကြ

ဧရာဝတီမြစ်တွင်းမှ သင်္ဘောယာဉ်, မော်တော်ယာဉ်, လှေယာဉ်ဖြင့်ခရီးသွား ကြသော ပုဂ္ဂိုလ်တို့သည်လည်း စစ်ကိုင်း တောင်ရိုး အနီး မြစ်ပြင် ရောက် လျှင် စစ်ကိုင်းတောင်ရိုး မြင်ကွင်းကြောင့် သဒ္ဓါဇော၀င် ကြည်လင်ကြကုန်၏၊ စစ်ကိုင်းတောင်တန်းဆီသို့ မျက်နှာမူကြကာ လက်ဖူးပဒုံ ထိပ်မှာ ပုံကြကာ ရှိခိုးဦးတင်ကြကုန်၏။

ကောင်းကင်မှ လေယာဉ် ခရီးသည်တို့သည်လည်း စစ်ကိုင်း မြို့ပေါ် လေယာဉ် ပျံသန်းစဉ် စစ်ကိုင်းတောင်ရိုး ရှုခင်းကို မြင်ရ၍ သဒ္ဓါရွှန်းစို ကြည်ညိုကြကုန်၏၊ တချို့ ပုဂ္ဂိုလ်တို့မှာ ဦးညွှတ် ရှိခိုးကြကုန်၏၊ ကားလမ်း မီးရထားလမ်းမှ ခရီးသွားတို့လည်း စစ်ကိုင်းတောင်ရိုးအနီး ရောက်လျှင် ဖော်ပြ ခဲ့သည့်နည်းနှင်နှင် ရွှင်ပြုံ ၀မ်းမြောက်ကြကုန်၏။

## စစ်ကိုင်း တောင်တန်း

စစ်ကိုင်း တောင်တန်းသည် ဤကမ္ဘာ တည်ထွန်းစဦးကပင် တည်ရှိခဲ့ပြီး မြန်မာပြည်၏ ဗဟိုတွင် တောင် မြောက် တန်း၍ တည်ရှိနေသည်၊ ယင်းတောင်တန်းသည် အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည် နှစ်ဌာနတို့၌ တောင်မြောက်တန်း၍ တည်နေရကား ပဲခူးရိုးမတောင်တန်း ဟူ၍ ကမ္ဘာ့မြေပုံ စာအုပ်တို့၌ အမှတ်အသားပြုကြကုန်၏၊ စစ်ကိုင်း နှင့် အင်းဝ အကြား တောင်တန်းနိမ့်ရှိုင်းရာတွင် ဧရာဝတီမြစ်သည် အရှေ့မှအနောက်သို့ ဖြတ်ကျော် စီးဆင်းသွားသဖြင့် ဧရာဝတီ မြစ်နဒီ၏ ယာဖက် တောင်တန်းသည် တောင်ပိုင်း ပဲခူးရိုးမတောင်တန်း မည်၏၊ ဝဲဖက် တောင်တန်းသည် မြောက်ပိုင်း ပဲခူး ရိုးမတောင်တန်း မည်၏ ဟူ၍ ကမ္ဘာ့မြေပုံများ၌ပင် နှစ်ဌာန ခွဲ၍ ဖော်ပြကြကုန်၏၊ ယင်းနှစ်ဌာန အနက် ဧရာဝတီမြစ်၏ ဝဲဖက် ဖြစ်သော မြောက်ပိုင်း ပဲခူးရိုးမတောင်တန်းကို စစ်ကိုင်းမြို့မှ စ၍ မြောက်သို့တန်းလျက် တည်ရှိရာတွင် စစ်ကိုင်းခရိုင်အဆုံး အုန်းတစင်ရွာနယ် တိုင်အောင် စစ်ကိုင်းတောင်ရိုး ဟူ၍ ခေါ်ဝေါ်ပညတ် သတ်မှတ်ကြကုန်၏။

## သူတော်စင်တို့ ပျော်ရှင်ရာ

ယင်း စစ်ကိုင်း တောင်ရိုးသည် ကမ္ဘာဦးက စ၍ အိမ်ရာ တည်ထောင်လူ့ဘောင်ပျော်ကြသည့် လူပုဂ္ဂိုလ်တို့၏ နေရာမဟုတ် - အိမ်ရာမထောင်သော ရသေ့ ရဟန်းတို့၏ နေရာဌာနသာ ဖြစ်ကြောင်း တောင်ဖီလာ ဆရာတော် မိန့်ဆိုတော်မူလေသည်၊ ထို့ကြောင့် ဘုရားသာသနာ ကွယ်ပရာ အခါ ရသေ့ယောဂီတို့ နေထိုင်ရာ ဖြစ်ပြီး သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာအခါ သာသနာ့ဝန်ထမ်း ရဟန်း, သာမဏေ, ဥပါသကာ, ဥပါသိကာ တို့၏ တရားဖြင့် မွေ့လျော် ပျော်ရွှင်ချမ်းမြေ့ နေထိုင်ရာ ဌာနမွန် ဖြစ်လေသည်။

## စစ်ကိုင်း တောင်ရိုး၏ ဂုဏ်များ

စစ်ကိုင်း တောင်ရိုးသည် ကြီးကျယ် မြင့်မောက် လွန်း သော တောင်များ မဟုတ် - တောင်ငယ် တောင်လတ်များ စုပေါင်း ဆက်သွယ်၍ ချောက်မြောင် ချိုင့်ကြား ကမ္ဘားရန် တောင်ဝှန်းများသဖြင့် နေရာထိုင်ခင်း အတက်အဆင်း လွယ်ကူခြင်း - တောမြိုင် ဂနိုင်စိမ့်စမ်း မရှိခြင်းကြောင့် တက်ဖျားတုံဖျား စသော ရောဂါဝေဒနာများကို ဖြစ်စေတတ်သော တောင်မျိုး မဟုတ်ခြင်း- ခြင်္သေ့ သစ် ကျား ဝက်ဝံ စသော သားရဲတိရစ္ဆာန်တို့ မရှိခြင်း ကြောင့် ဘေးရန်ကင်းခြင်း - မြေသြဇာ အဆီအနှစ် နည်းပါးသော ကျောက်တောင်များ ဖြစ်ရကား ဥယျာဉ် လယ်ယာ လုပ်ခင်းလုပ်ကွက် မဟုတ်သဖြင့် မင်းအာ

ဆက်ဆက်တို့ အခွန်တော် ဘဏ္ဍာ ကောက်ယူခြင်းမရှိ - ရဟန်း, သာမဏေ, သီလရှင် သူတော်စင်တို့ နေထိုင်ရန် ခွင့်လွှတ်ထားခြင်း ။ ရောဝတီ မြစ်နှင့် နီးကပ်သဖြင့် နွေရာသီ မြစ်ကို ဆင်းသက်၍ ရေကို မှီဝဲရခြင်း• ဥတု ၃-ပါးလုံး၌ မအေးလွန်း မပူလွန်းသဖြင့် ဥတုသပ္ပါယ ဖြစ်ရကား ဥတု ဖောက်ပြန် ခြင်း ကြောင့် ဖြစ်ပေါ်လာတတ်သော ကျောက်ရောဂါ, ဝမ်းရောဂါ, ပုလိပ်ကပ် ရောဂါ စသော ရောဂါဆိုးဖြစ်ရာ မဟုတ်ခြင်း - လူတို့နေရာ မြို့ရွာ တို့နှင့် မနီးလွန်းမဝေးလွန်းသောကြောင့် လာရောက်လှူဒါန်းရန် ဆွမ်းခံရန် လွယ်ကူ ခြင်း - ဘုရားမြတ်စွာ၏ ဓာတ်မွေသရီ ကိန်းဝပ်တည်ရှိရာ စေတီ ပုထိုး အမျိုး မျိုးတို့ မားမားစွင့်စွင့် တည်ရှိခြင်း စသည်တို့ကြောင့် ရောက်ရှိလာသူ ပုဂ္ဂိုလ် အားလုံးတို့၏ နှလုံးသား ပီတိအိမ်ကို ဆီထည့်ကာ စိမ်သလို ဝမ်းမြောက် နှစ်သက်ခြင်းကို ဖြစ်စေနိုင်လေသည်။

စစ်ကိုင်း၀ှအစလောနာမ၊ အတိဝရာမဏီယကော။
အနေကဂုဏသမ္ပန္နော၊ သာဓူဟိ အဘိမာနိတော။ [၁]

## ရဟန္တာများ သီတင်းသုံးရာ

ဘုရားမြတ်စွာသည် ဝါတော် ၂၀ - ကျော်တွင် သုနာပရန္တတိုင်း လယ်ကိုင်းမြို့ စန္ဒကူးကျောင်းတော်သို့ ကြွတော်မူ၍ ၇ - ရက်ပတ်လုံး တရားဟောတော်မူရာ တနေ့လျှင် ဝေနေယျပေါင်း ရှစ်သောင်း လေးထောင် ကျွတ်တန်း ဝင်လေ သည်၊ ထိုစဉ်က ရှင်ရဟန်း ပြုကြသော ရဟန်း သာမဏေအဆက်ဆက်တို့သည် ဤစစ်ကိုင်းတောင်ရိုး၌ သီတင်းသုံးတော်မူကြကာ သာသနာဝန်ကို ထမ်းဆောင် တော်မူခဲ့ကြကုန်၏၊ ဂေါတမဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီး အနှစ် ၉၀ - ကျော်လောက်တွင် စစ်ကိုင်းတောင်ရိုး ဓမ္မိကတောင်၌ အရှင်နာဒဂတ္တ အမည် ရှိသော ရဟန္တာသခင် အရှင်သူမြတ် သီတင်းသုံးတော်မူခဲ့လေသည်။ [၂]

## စစ်ကိုင်းတောင်ရိုး ဘုရားရှင်ကြွ

ဖော်ပြခဲ့သည် အတိုင်း လယ်ကိုင်းမြို့ စန္ဒကူးကျောင်းတော်၌ သီတင်းသုံး၍ ဘုရားဧရအေး အမှိုက်ဆေး တိုက်ကျွေးတော်မူသော မြတ်စွာဘုရားသည် ညီတော် အာနန္ဒာနှင့် တကွ စစ်ကိုင်းတောင်ရိုးသို့ ကြွတော်မူ၍ စစ်ကိုင်းအရပ် သည် မင်းနေပြည် ဖြစ်၍ သာသနာတည်ရာ ဒေသမှန် ဖြစ်မည် အကြောင်းကို

---

၁။ စစ်ကိုင်း မည်သော တောင်ကား အလွန်ပင် မွေ့လျော်ဖွယ် ကောင်း၏၊ သောကီ လောကုတ္တရာ ဂုဏ်ဘို့နှင့်လည်း ပြည့်စုံ၏။ သူတော်ကောင်းတို့ မြတ်နိုးအပ်သော တောင်တည်း။

၂။ စစ်ကိုင်းတောင်ရိုးအဋ္ဌုပ္ပတ် စာတမ်း — ၆ ။

ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်၊ ဇေတဘီလူး အမှူးရှိသော ဘီလူး ကိုးကျိပ်ကိုးယောက်တို့အားလည်း တရားဟောတော်မူ၍ ပူဇော်ဖွယ်ရာ ရေသနုတ်တော်ကို ပေးအပ် ချီးမြှင့်တော်မူခဲ့လေသည်၊ ဘီလူးတို့သည် ယင်းရေသနုတ်တော်ကို ဌာပနာကြကာ စေတီ တည်ထားခဲ့ကြကုန်၏၊ ယင်း စေတီသည် ယခု ဖူးတွေ့ရသော ဇေတဝန်စေတီတော်ပင် ဖြစ်လေသည်။ [၁]

## မုဋ္ဌောစေတီ ၁၈-ဆူ

သာသနာ သက္ကရာဇ် ၂၁၈-ခုနှစ်တွင် အိန္ဒိယနိုင်ငံ ပါဋလိပုတ်မြို့တော် [၂] (ယခု ပဋ္ဋနာမြို့) ၌ နန်းတက်သော သီရိဓမ္မာသောကမင်းကြီးသည် စေတီ ပေါင်း ရှစ်သောင်း လေးထောင် တည်ထားစေရာတွင် ဤ စစ်ကိုင်းမြို့နှင့် စစ်ကိုင်းတောင်ရိုးတွင် အတွင်းမုဋ္ဌောစေတီ ၉-ဆူ, အပြင်မုဋ္ဌောစေတီ ၉-ဆူ ပေါင်း မုဋ္ဌောစေတီ ၁၈-ဆူ တည်စေခဲ့သည်ဟု သိရလေသည်၊ ရေကန် ပေါင်း ၁၈-ကန်, ရေတွင်းပေါင်း ၁၈-တွင်းကိုလည်း တူးဖော်တည်ထားစေခဲ့ လေသည်။ [၃]

## ဘုရားမင်းမြတ်တို့၏ ကုသိုလ်ပုည ပြုစုရာ

သက္ကရာဇ် ၄၅၄-ခုနှစ်တွင် ပုဂံပြည်၌ မင်းပြုသော အလောင်းစည်သူမင်း မြတ်သည် သိကြားဆက်သည့် ရှင်ဖြူ ရှင်လှ ရုပ်ပွားတော် ၂-ဆူကို စစ်ကိုင်း တောင်ရိုး ချောက်မြောက် အထက်၌ စေတီ တည်ထား ကိုးကွယ်တော် မူခဲ့ လေသည်။ [၄]

စစ်ကိုင်းမြို့နန်းကို ပဌမဆုံး တည်ထောင်ခဲ့သော အသင်္ခယာစောယွန်းသည် သက္ကရာဇ် ၆၈၂-ခုနှစ်တွင် မင်းစံတောင်၌ စကြံကျောင်းတော် ဆောက်လုပ် လှူဒါန်းခဲ့သည်၊ ၎င်းမင်း နတ်ရွာစံပြီးနောက် နောင်တော် တရဖျား လက် ထက် ယင်း စကြံကျောင်းတော်ကို ဝတ္ထုကံများ လှူဒါန်းခဲ့လေသည်။ [၅]

သက္ကရာဇ် ၇၀၁-ခုနှစ်တွင် စစ်ကိုင်းမြို့၌ မင်းပြုသော ကျစွာမင်းသည်

---

၁။ ဤ စစ်ကိုင်းသာသနာဝင်ကျမ်း—ဇေတဝန်စေတီတော် ကြည့်။

၂။ ပုပ္ဖပုရ, ကုသုမပုရ ဟုလည်း ခေါ်သည်။

၃။ စစ်ကိုင်းအဋ္ဌုပ္ပတ္တိသမိုင်း နှင့် စစ်ကိုင်းတောင်ညွှန်းကျမ်း၊ စစ်ကိုင်းတောင်ရိုး အဋ္ဌုပ္ပတ်စာတမ်း —၇ ။

၄။ ဤ စစ်ကိုင်းသာသနာဝင်ကျမ်း — ရှင်ဖြူ ရှင်လှစေတီတော် ကြည့်။

၅။ မဟာရာဇဝင်ကြီး စသည် ကြည့်။

ဝတ်ချက်ရွာ တောင်ဖက် မြန်ကြီးချောင်၌ အဘယ မည်သော ကျောင်းတော်ကြီး နှစ်ဆောင် ဆောက်လုပ်စေပြီး ဝတ္တုကံမြေများ လှူခဲ့လေသည်။ [၁]

သက္ကရာဇ် ၇၁၁ - ခုနှစ်ဘွင် စစ်ကိုင်းမြို့၌ မင်းပြုသော ဆင်ဖြူရှင် အနော်ရထာသည် နောင်တော် ကျစွာမင်း၏ ကျောင်းနှင့် မဝေးကွာလှန်းသော တောင်ချောင်၌ သုံးထပ်ရွှေကျောင်း ဆောက်လုပ်စေပြီး သံဃိကဝတ္ထုကံများ လှူခဲ့လေသည်။ [၂]

ဆင်ဖြူရှင် အနော်ရထာ၏ ညီတော် တရဖျားမင်းငယ်သည် စစ်ကိုင်းမြို့ အနောက် သမန်ကျည်ကုန်းအရပ်၌ စကားကျောင်းတော်ကြီး ဆောက်လုပ်စေ၍ ဝတ္ထုကံမြေများ လှူခဲ့လေသည်။ [၃]

သက္ကရာဇ် ၇၁၄ - ခုနှစ်တွင် စစ်ကိုင်းမြို့၌ မင်းပြုသော မင်းပြောက်၏ မိဖုရား စိုးမင်းကိုယ်တော်ကြီးသည် ပဥ္စမ ခင်ပွန်း သတိုးမင်း မလွန်မီ သက္ကရာဇ် ၇၀၃ - ခုနှစ်တွင် စစ်ကိုင်းမြို့ အနောက်၌ မဟာဝိဟာရကျောင်းကြီး ဆောက်လုပ်စေပြီးလျှင် ဝတ္ထုကံမြေ များစွာတို့ကို လှူဒါန်းခဲ့လေသည်။ [၄]

သက္ကရာဇ် ၇၆၃ - ခုနှစ်တွင် အင်းဝမြို့၌ နန်းတက်သော ပဥ္စမ မင်းခေါင်သည် ပရက္ကမချောင်၌ ဧကစာရ သီတင်းသုံးတော်မူကြသော ပရက္ကမ ညီနောင် နှစ်ပါးတို့ကို ဆွမ်းဝတ်ပြုရန် ရောဝတီမြစ်ကမ်းနား လက်ပန်ရွာသားတို့ကို ဆွမ်းချက်စေ၍ ကုသိုလ် ပုည ပြုခဲ့လေသည်၊ ယင်း လက်ပန်ရွာသည်ပင် နောက် ဝတ်ချက် ( ဝါးချက် ) ဖြစ်လေသည်။ [၅]

သက္ကရာဇ် ၉၆၀ - ပြည့်နှစ်တွင် အင်းဝမြို့၌ နန်းတက်သော ညောင်ရမ်း မင်းတရားသည် စစ်ကိုင်းတောင်ရိုး၌ အရညကင် ဓုတင် ဆောက်တည်၍ ဝတ်ချက်ရွာကို အမှီပြု၍ သီတင်းသုံးကြသော ရဟန်းတော်တို့အား ဆွမ်းဝတ် အဘွက် စားမိုး စားခမြေများ ချထားခဲ့လေသည်။ [၆]

သက္ကရာဇ် ၁၀၄၂ - ခုနှစ်တွင် အင်းဝမြို့၌ နန်းတက်သော ဒုတိယ မင်းခေါင်သည် စစ်ကိုင်းတောင်ရိုး အရိယဝံသချောင်သို့ တရားနာ လာပြီး

---

၁။ အကျယ် အဘယကြီးကျောင်း ကျောက်စာ နှင့် မဟာရာဇဝင်ကြီး စသည် ကြည့်။

၂။ မဟာရာဇဝင်ကြီး စသည် ကြည့်။

၃။ စကားကျောင်းကျောက်စာ နှင့် မဟာရာဇဝင်ကြီး စသည် ကြည့်။

၄။ စိုးမင်းကိုယ်တော်ကြီး ကျောက်စာ ကြည့်။

၅။ သာသနာလင်္ကာရစာတမ်း ကြည့်။

၆။ တောင်ဖီလာဗုဒ္ဓိလ္လိုကျော်၏ တောင်ညွန်းကျမ်း ကြည့်။

လျှင် အရိယဝံသချောင်မှ အရှေ့ ဇရပ်ဖြူရေဆိပ်ထိ ကျောက်ဖျာ စီခင်း၍ စောင်းတန်းလှူခြင်း - စစ်ကိုင်းမြို့နယ် အတွင်း ကူးတို့ခွန် လှည်းခွန် စသည်တို့ကို မကောက်မယူပဲ လှူဒါန်းခြင်းတို့ကို ပြုခဲ့လေသည်။[၁]

ဤသို့ စသည်ဖြင့် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးသည် ဗုဒ္ဓဘာသာ ဘုရင် မင်းမြတ် အာပေါင်းတို့၏လည်း ကုသိုလ်ပုည ပြုစုရာ ဒေသမွန် ဖြစ်ခဲ့လေသည်။

## သီဟိုဠ်ရဟန်းတော်များ သိတင်းသုံးခဲ့ကြ

သက္ကရာဇ် ၇၉၁ - ခုနှစ်တွင် အင်းဝ၌ နန်းတက်သော မိုးညှင်းမင်း တရား လက်ထက်တွင် သီဟိုဠ်ကျွန်းမှ အရှင်သိရိသဒ္ဓမ္မာလင်္ကာရ မထေရ် နှင့် အရှင်သီဟဠမဟာသာမိ မထေရ်မြတ်တို့သည် ဓာတ်တော် ငါးဆူ ပင့်ဆောင် ကြ၍ အင်းဝနန်းမြို့တော်သို့ ရောက်လာကြကုန်၏၊ မိုးညှင်းမင်းတရားသည် စစ်ကိုင်း အနောက် သာယာသော မြေအပြင်၌ ၇၉၂ ခုနှစ်တွင် ယင်း ဓာတ်တော်များ ဌာပနာ၍ စေတီ တည်တော်မူခဲ့လေသည်၊ ယင်း စေတီကား ယခု ဆင်များရှင်စေတီပင် ဖြစ်၏၊ ဘုရား အနောက်ဖက်တွင် ရွှေကျောင်း ဆောက်လုပ်စေ၍ သီဟိုဠ် မထေရ်မြတ် ၂ - ပါးတို့အား တင်လှူ ကိုးကွယ် တော်မူလေသည်။[၂]

စစ်ကိုင်းတောင်ရိုး ပုညရှင်စေတီတော်၏ အရှေ့မြောက်ဖက် ချောက်၌ ပဘာချောင် တည်ရှိလေသည်၊ ၎င်းပဘာချောင်သည် ပုဂံပြည်၌ သာသနာ စည်ပင်စဉ်က သီဟိုဠ်ကျွန်း ပဘာလိုဏ်၌ သိတင်းသုံးတော်မူသော သီဟိုဠ်မင်း ဆရာ စတင် သိတင်းသုံးဘူးသတတ်၊ ထို့ကြောင့် ပဘာချောင် မည်ကြောင်း ဆိုကြ၏။

ဤသို့ စသည်ဖြင့် စစ်ကိုင်း၌ ရှေးဖြစ်ဟောင်း သာသနာ့အကြောင်း အောက်မေ့ဖွယ်တို့မှာ ကုန်စင်အောင် မဖော်ပြနိုင်ပါချေ။

## စစ်ကိုင်းသာသနာဝင်ကျမ်း

ဤစာပြုသူသည် သာသနာဝင်ကျမ်း တော်တော်များများကိုလည်း ရေး သား ပြုစုခဲ့ပြီးလေသည်၊ ၎င်းတို့မှာ ပခုက္ကူသာသနာဝင်ကျမ်း, မဟာ ဝိသုတာရာမ နိကာယ သာသနာဝင်ကျမ်း, မန္တလေး သာသနာဝင်ကျမ်း, ပုဂံ သာသနာဝင်ကျမ်း, ပင်းယသာသနာဝင်ကျမ်းတို့ ဖြစ်ကုန်၏။

---

၁။ သာသနာလင်္ကာရစာတမ်း နှင့် သာသနဝံသပ္ပဒီပိကာတို့ ကြည့်။

၂။ ရာဇဝင်များ ကြည့်။

ပင်းယ သာသနာဝင်ကျမ်း ပြုစုပြီး သမိုင်း ရာဇဝင် သာသနာဝင် ကျမ်းဂန် အမျိုးမျိုး - စာအုပ် အဖြစ် မရောက်သေးသည့် ပေစာ ကျမ်းဂန်များ - စစ်ကိုင်းနှင့် စပ်သည့် မှတ်တမ်းအမျိုးမျိုး - သီဟိုဠ်ဘာသာရေး ပါဠိသမိုင်းကျမ်း - သာသနာဝင်ကျမ်းများ စသည်တို့ကို ချဉ်းနင်း၍ ဤမည်သော ‘စစ်ကိုင်းသာသနာဝင်ကျမ်းကြီး’ ကို ရေးသားအပ်ပါသတည်း။

## အရှင်ကုမ္မာရက များစွာကူညီ

ဤ ‘စစ်ကိုင်းသာသနာဝင်ကျမ်း’ ကို ပြုစုရာ၌ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းပြု အဖွဲ့ဝင် ဓမ္မာစရိယ ဘွဲ့ရ မိမိ၏ စာဆိုတပည့် သုံးဦး အရှင်ကုမာရသည် စာမူကို လက်နှိပ်စက်ရိုက်ပေးခြင်း - စာမူ တိုက်ပေးခြင်းတို့ဖြင့် များစွာ ကူညီခဲ့လေသည်။

ကုမာရော သုကုမာလောဟိ၊ ဂန္ထေသု ကောဝိဒေါ ဝိဒူ။[၁]
မမံ သော ဥပထမ္ဘေသိ၊ အဗောဓ တဿူပထမ္ဘတာ။

## တိုက်တွန်းချက်

ဤစာပြုသူသည် မဟာဝိသုတာရာမ တိပိဋက ပါဠိမြန်မာအဘိဓာန် အဖွဲ့တွင်ပါဝင်ရေးသားခြင်း · ဒီဃနိကာယ် အပါအဝင် ပါထိကဝဂ္ဂ ပါဠိတော်ကို အဋ္ဌကထာ တွဲဖက်၍ ချပို့ခြင်း စသော ကိစ္စများ ကြားမှ ရသမျှအချိန်ကို အသုံးပြု၍ ထက်သန်သော လုံ့လဖြင့် ဤ ‘စစ်ကိုင်းသာသနာဝင်ကျမ်း’ ကို ကြိုးပမ်း ရေးသားခဲ့ရာ စာရှုသူတို့လည်း သက်ထက်ဇောစေတနာဖြင့် ကြည့်ရှုလေ့လာကြကာ သာသနာပြု ပုဂ္ဂိုလ်မြတ်တို့ ဖြစ်ကြပါစေဟု ဆုတောင်းရင်း ဤစာနိဒါန်း ကျမ်းဦးမှတ်ဖွယ်ကို သက်စသတ်လိုက်ပါပြီ။

**အရှင် ကေလာသ**

ဓမ္မာစရိယ၊ ဂဏဝါစက၊ ဘီ-အေ (ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့
၁၃၃၅-ခု၊ တန်ဆောင်မုန်း လဆန်း ၁၂-ရက်
၆၊ ၁၁၊ ၇၃။

---

၁။ ကျမ်းဂန် အရပ်ရပ်တို့၌ လိမ္မာ ကျွမ်းကျင်သော သိမ်မွေ့နူးညံ့သော အရှင်ကုမာရသည် ကျမ်းပြုသူ ကျွန်ုပ်ကို ကူညီပြီ၊ ထိုအရှင်ကုမာရ၏ ကူညီခြင်းသည် ချီးကျူးဖွယ် ဖြစ်၏။



ရောက်ရှိသူတို့၏နှလုံးကို  ယူကျုံးဆွဲဆောင်သော
စစ်ကိုင်းတောင်တော်

# စစ်ကိုင်းသာသနာဝင်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ရတနတ္တယ ပဏာမ

ဝန္ဒေ သာသနဝံသဿ၊ ဒေသကံ အဂ္ဂပုဂ္ဂလံ။
သေဝိတံ တေန ဓမ္မဉ္စ၊ သံဃဉ္စာပိ နိရင်္ဂဏံ။

အဟံ၊ '**စစ်ကိုင်းသာသနာဝင်**' မည်ဘွင်တောက်လျှမ်း ကျမ်းဂန်ရေးရန် အားအန်ကြိုးကုတ် အကျွန်ုပ်သည်။ သာသနဝံသဿ၊ ကိုယ်တော်မြတ်စွာ ဦးစွာတီထွင် ကိုယ်တော့်သာသနာဝင်ကို။ ဒေသကံ၊ ဝေနေယျများ သိစေသားဟု ဟောကြားပြည့်နှင့်တော်မူဟတ်သော။ အဂ္ဂပုဂ္ဂလံ၊ သုံးလောကခါတ် အမြတ်ခေါင်ဖျား သဗ္ဗညုမြတ်စွာဘုရားကိုလည်းကောင်း။ တေန၊ ထိုသုံးလောကဦးတင် သဗ္ဗညုဘုရားရှင်သည်။ သေဝိတံ၊ အမြဲမပြတ် ပူဇော်မှီဝဲအပ်သော။ ဓမ္မဉ္စ၊ မဂ်,ဖိုလ်, နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်တင်ပေါ် တရားတော်မြတ်ကိုလည်းကောင်း။ နိရင်္ဂဏံ၊ ရာဂ, ဒေါသ, မောဟ, အင်္ဂဏ-ကင်းစင်ပတော်မူသော။ သံဃဉ္စာပိ၊ ရှစ်ပါးအရိယာ မြတ်သံဃာကိုလည်းကောင်း။ ဝန္ဒေ၊ ဆယ်လက်မြှောက်မိုး ရှိခိုးဦးချပါ၏။

## အာစရိယ ပဏာမ

ပုဗ္ဗာစရိယသီဟေ စ၊ ဝိသုတာရာမဝါသိနော။
ဂုရုဝေါ ပေဋကေ ထေရေ၊ ဝန္ဒေ ပသန္နစေတသာ။

ဝိသုတာရာမဝါသီနော၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာယတန၌ ကျမ်းပြု, စာချ သိတင်းသုံးတော်မူခဲ့ကြကုန်သော။ ဂုရုဝေါ၊ ကျောက်ထီးတန္တု အလေးအမြတ် ပြုအပ်သော ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူကြကုန်သော။ ပေဋကေ၊ ပိဋကသုံးပုံ ကျမ်းဂန်အရပ်ရပ်၌ တတ်မြောက်ကျွမ်းကျင်တော်မူကြကုန်သော။ ထေရေ၊ သီလ, သမာ, ပညာဂုဏ်ရည် ခိုင်ကျည်တည့်မတ် တော်မူကြကုန်သော။ ပုဗ္ဗာစရိယသီဟေ၊ ဒီဃဒဿီ **ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်** - **'အဂ္ဂမဟာပဏ္ဍိတ' အရှင်ပညာမဟာထေရ်**[၁] - **'အဂ္ဂမဟာပဏ္ဍိတ' အရှင်နန္ဒဝံသမထေရ်** - 'အဘိဇဇမဟာရဋ္ဌဂုရု' **အရှင်သုန္ဒရမဟာထေရ်** - တိုက်အုပ်ဆရာတော် **အရှင်နန္ဒိယမဟာထေရ်** အစရှိကုန်သော ရှေးဆရာမြတ်တို့ကိုလည်း။ ပသန္နစေတသာ၊ ကြည်ညိုလေးမြတ်သောစိတ်ဖြင့်။ ဝန္ဒေ၊ ရှိသေမြတ်နိုး ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိသေမြတ်နိုး ရှိခိုးပြီး၍။ —

## ပဋိညာဉ်

ကာရိဿာမိ သမာသေန၊ စစ်ကိုင်းဝံသာဘိဓာနကံ။
နိဿာယ ဉာတိဟာသေပိ၊ ပုဋ္ဌိတွာ ကဝိသေခရေ။

ဉာတိဟာသေပိ၊ သာသနသမိုင်းနှင့်စပ် အရပ်ရပ်သော ကျမ်းစာတို့ကိုလည်း။ နိဿာယ၊ ငြမ်းနှယ်တန္တု အမှီပြု၍လည်းကောင်း။ ကဝိသေခရေပိ၊ ဦးဆောက်ပန်းအလား ထင်ရှားပေါ်လွင် ပညာရှင်တို့ကိုလည်း။ ပုဋ္ဌိတွာ၊ မေးမြန်း၍လည်းကောင်း။ သမာသေန၊ အကျယ်မသွင်း အကျဉ်းအားဖြင့်။ စစ်ကိုင်းဝံသာဘိဓာနကံ – စစ်ကိုင်းသာသနဝံသာဘိဓာနကံ၊ **'စစ်ကိုင်းသာသနာဝင်'** အမည်တွင်သော သာသနာ့သမိုင်းကျမ်းကို။ ကာရိဿာမိ၊ **ဂန္ထဝုရ** ကိစ္စလပ်လျား ချိန်အကြား၌ ရေးသားပြုပြင် စီရင်ပါအံ့သတည်း။

---

၁။ ရေစကြိုဆရာတော်ဘုရားကြီးကို မမှီလိုက်၍ စာမဆို, မလိုက်ရသော်လည်း ဆရာတော်ဘုရားကြီး ပြုစုသည့် ကျမ်းဂန်များကို ကြည့်ရှု လေ့လာရသဖြင့် ဆရာတော်ဘုရားကြီးသည်လည်း ဆရာပင် မည်ပါသည်၊ အရှင်ပညာမဟာထေရ်ကို မှီလိုက်သော်လည်း စာမဆို, မလိုက်ရပါ၊ သို့ရာတွင် ဆရာတော်၏ ကျမ်းများကို ကြည့်ရှု လေ့လာရသဖြင့် ဆရာပင် မည်ပါသည်။

# ပဥ္စမပိုင်း

## စစ်ကိုင်းမြို့

စစ်ကိုင်းမြို့သည် သာယာကြည်နူး စိတ်ပျော်မြူးစရာ ကောင်းသော မြို့ ဖြစ်လေသည်၊ ရောက်လာသူတိုင်း၏ မျက်စိပသာဒ ရသာယနဆေး ဖြစ်၏၊ တရားဓမ္မစာပေဖြင့် ပျော်မွေ့ကြသော ရဟန်း, သာမဏေ, သီလရှင် ဟူ ကုန်သော သူတော် သူမြတ်အပေါင်းတို့၏ ပျော်အောင်းရာ ဌာနမှန်လည်း ဖြစ်လေသည်၊ မြို့တည်ရာ ဌာနမှာလည်း အချိုးကျ အဆင်ပြေလှပေသည်၊ မြို့၏ အရှေ့ဖက်တွင် ကြည်လင်စိမ်းညို့ မြရည်လိုလျှင် ရေပြင်ပြည့်ညီသည့် ဧရာဝတီ မြစ်နဒီဖြင့်လည်း တင့်တယ်သာမောလှပေသည်၊ မြို့၏ မြောက်ဖက်မှာ သဘာဝအလျောက် တည်ရှိ ပေါ်ပေါက်ခဲ့သော ပေ ၇၀၀ - မှ ၁၃၇၃ - ပေ အထိ အမြင့်ဆောင်သော တောင်တော်မြတ်မှာလည်း သီဟိုဠ်ကျွန်း အနုရာဓမြို့ အရှေ့ဖက်ရှိ စေတိယတောင်ထက်ပင် သာယာ ကြည်နူးဖွယ် ကောင်းလှ ပေသည်၊ ဖော်ပြပါ တောင်ရိုးတလျောက်၌ ရဟန်း, သာမဏေ, သီလရှင်တို့ သီတင်းသုံး၍ တရားကျင့်ရာ ဂူ, ကျောင်း, ချောင်, ဥမင်တို့ကလည်း တရား အားထုတ် ကျင့်ကြံလိုသူတို့ကို ညို့သကဲ့သို့ရှိလေသည်။

တောင်ထိပ်တိုင်း တောင်စွယ်တိုင်း၌ ရွှေရည်ဝင်းဥနေသော စေတီ ပုထိုး များ, ထိုးသကန်း ဖြူဖြူဖွေးဖွေးဖြင့် တင့်တယ်လှပ ဖူးမဝအောင် ကျက်သရေ ရှိနေသော စေတီတို့မှာ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ နှလုံးခွတ် ပီတိ အိမ်ကို ဆီထည့်ကာ စိမ်သကဲ့သို့ ဖြစ်လေတော့သည်။

စစ်ကိုင်းဝှပုရသေဋ္ဌဟိ၊ အတိဝရာမဏီယကံ။
သမ္ပတ္တာနံ မနုဿာနံ၊ နေတ္တာဒ္ဒယရသာယနံ။
ပုရဿ ပုရတ္ထိမာယ၊ နဒီယာ မနုညံ့ အဟု။
ဥတ္တရာယာပိ ဒိသာယာ — စလပဗ္ဗတိ သောဘတိ။ ၁

### ခရိုင် အနေအထား အကျယ်အဝန်း

သက္ကရာဇ် ၁၂၅၃ - ခုနှစ် ( ခရစ် သက္ကရာဇ် ၁၈၉၁ ) တွင် စစ်ကိုင်းမှ ရွှေဘိုသွား မီးရထားလမ်း စတင် ဖွင့်လှစ်ခဲ့သေသည်၊ စစ်ကိုင်းမှ ကသာ

၁။ စစ်ကိုင်း အမည်ရှိသော မြို့တော်သည် အလွန်လျှင် ပျော်ရွှင်စရာလည်း ကောင်း၏၊ ဆိုက်ရောက်လာသူ လူအများတို့၏ မျက်စိ ၂ - ကွင်း၏ အရ သာကိုလည်း ဆောင်၏၊ မြို့၏ အရှေ့ဖက်က ဧရာဝတီမြစ်နဒီကား စိတ်ခွတ် ကြည်ပျော် မွေ့လျော်ဖွယ် ကောင်း၏၊ မြောက်ဖက်က တောတန်း တောင် စွယ်တို့ဖြင့် ရှုမငြီး တင့်တယ်၏။

မြစ်ကြီးနား မုံရွာ ရေဦးမြို့များသို့ မီးရထားဖြင့် လွယ်ကူစွာ သွားလာနိုင်ပေ၏၊ ၁၂၉၄-ခု နှစ် ( ခရစ် သက္ကရာဇ် ၁၉၃၄ ) က ဧရာဝတီမြစ်ကို ဖြတ်၍ အင်းဝတံတားကြီး တည်ဆောက် ပြီးစီးခဲ့သဖြင့် တောက်လျှောက် ဖြတ်ကူးနိုင်ရာ[၁] ကား မီးရထားတို့ဖြင့် မြန်မာပြည် အထက်အောက် မြို့ကြီး မြို့ငယ်များသို့ အလွယ်တကူ သွားလာနိုင်လေ၏။

မီးသင်္ဘောကြီးငယ်တို့၏ ဆိုက်ကပ်ရာလည်း ဖြစ်၏၊ စစ်ကိုင်းမြို့သည် လူနေအိမ်ခြေ ၅-ထောင်ခန့် ရှိပြီး လူဦးရေ ၂-သောင်းကျော် ရှိလေသည်၊ တိုင်းအဖြစ်လည်း ကျော်ကြားသည်သာမက ခရိုင်မြို့အဖြစ်လည်း ထင်ရှားခဲ့လေသည်၊ ထို့ကြောင့် စစ်ကိုင်းမြို့သည် တိုင်းမင်းကြီး နှင့် ခရိုင်ဝန် ရုံးစိုက်ရာမြို့ ဖြစ်ခဲ့လေသည်၊ စစ်ကိုင်းခရိုင် အတွင်း တန့်ဆည်ဦးမြို့နယ်, မြင်းမူမြို့နယ်, မြောင်မြို့နယ်, ငါန်းဇွန်မြို့နယ်တို့ ပါဝင်လေသည်၊ စစ်ကိုင်းခရိုင်၏ အရှေ့ဖက်တွင် မန္တလေးခရိုင် နှင့် ကျောက်ဆည်ခရိုင် — မြောက်ဖက်တွင် ရွှေဘိုခရိုင် နှင့် အောက်ချင်းတွင်းခရိုင် — အနောက်ဖက်တွင် အောက်ချင်းတွင်းခရိုင် — တောင်ဖက်တွင် မြင်းခြံခရိုင်တို့ တည်ရှိလေသည်၊ ခရိုင် အကျယ်အဝန်းမှာ ၁,၈၂၅-စတုရန်းမိုင် ဖြစ်လေသည်၊ လူဦးရေမှာ ၄-သိန်းကျော် ၅ သိန်းအတွင်း ရှိအံ့ဟု ခန့်မှန်းမိလေသည်။

## ခရိုင်၏ ကျက်သရေဆောင် အဆောက်အအုံများ

စစ်ကိုင်းခရိုင် မြင်းမူမြို့ရှိ ဝါဂွမ်းစက်ကြီးများ, ရွာထောင်မှ မီးရထားခေါင်းတွဲပြင် စက်ရုံကြီးများ, မြို့ကြီးတိုင်း နှင့် အခြား ရွာကြီးများ၌ ရှိသော ဝိဇ္ဇာသိပ္ပံပညာသင် အထက်တန်းကျောင်းကြီးများ, ရွာသစ်ကြီးရှိ တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး သိပ္ပံကျောင်းကြီးများ, ရုံးကြီးများ, ဈေးရုံကန္နားကြီးများ စသည်တို့ဖြင့်လည်း စည်ကားလျက်ရှိပေသည်။

စစ်ကိုင်းခရိုင်၌ ဂျုံ, စပါး, လူး, ဆပ်, ပဲ, ဝါဂွမ်း, မြေပဲ, နှမ်း, ထန်းလျက်, ဆား, ဆေးရွက် စသည်တို့ အများအပြား ထွက်ရှိလေရာ မြန်မာလူထုအား ဤစစ်ကိုင်းခရိုင်က စားရေး, ဝတ်ရေးကိုလည်း ဖြည့်တင်း ပေးလျက်ရှိပေသည်။

စစ်ကိုင်းမြို့ ရွာထောင်ကြီးရပ်မှ ငွေထည်များသည်လည်းကောင်း နတ်ပန်းရပ်မှ လွန်း • ၁၂၀-ချိပ်သိုချည်သည်လည်းကောင်း ထက်အောက် မြန်မာတခွင် ထင်ရှားလှပေသည်။

---

၁။ ဒုတိယကမ္ဘာစစ် အတွင်းက ဧင်းတံတားကြီး ပျက်စီးခဲ့သဖြင့် မီးရထားဌာနက ၁၉၅၃-ခုနှစ်က ပြင်ခဲ့ရာ ၁၉၅၄-ခုနှစ် ပြီးစီးသဖြင့် အောက်တိုဘာလတွင် ဖွင့်လှစ်ခဲ့လေသည်။

စစ်ကိုင်းဝှယပဒေသောဟိ၊ နာနာဘဏ္ဍာနမာလယော။
သမ္ပုဏ္ဏော နဂရင်္ဂေဟိ၊ မနုညော သောဘနော ဘဝိ။

[စစ်ကိုင်း အမည်ရှိသော အရပ်ဒေသ နယ်ပယ်သည် လောကီ လောကုတ္တရာ ဘဏ္ဍာအသီးသီးတို့၏ တည်ရှိရာ ဖြစ်၏၊ မြို့၏ အင်္ဂါများနှင့်လည်း ပြည့်စုံ၏၊ နှစ်သက်စရာလည်း ကောင်း၏၊ တင့်တယ်လည်း တင့်တယ်၏။]

## ပရိယတ်, ပဋိပတ် သာသနာ၀န်ဆောင်များ

ဖော်ပြပါ စစ်ကိုင်းမြို့ နှင့် စစ်ကိုင်းခရိုင်ကား ရာဇာဓိရာဇဂုရု ဘွဲ့ရ ဆရာတော်များ - အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ရ ဆရာတော်များ - အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရ ပရိယတ် ပဋိပတ် ဝန်ဆောင် ဆရာတော်များ စသည့် သာသနာ့ ဝန်ဆောင် ပုဂ္ဂိုလ်များစွာတို့၏ ဖြစ်ထွန်း ပေါက်ဖွားရာ သိတင်းသုံးရာ ဒေသမွန်လည်း ဖြစ်ပေသည်၊ တခရိုင်လုံးရှိ သံဃာဦးရေမှာလည်း ၅-ထောင်ကျော်ခန့် ရှိမည်ဟု ခန့်မှန်းမိပေသည်၊ စစ်ကိုင်းတောင်တန်း နှင့် မင်းဝံတောင်တန်း မင်းကွန်းတောင်တန်းတို့၌ သီတင်းသုံးတော်မူသော သံဃာတော်များမှာ ၁၃၃၅-ခုနှစ် စာရင်း အရ ရဟန်းတော်ပေါင်း ၁,၀၅၉-ပါး ရှိ၍ သာမဏေပေါင်း ၁,၁၁၂-ပါး ရှိလေသည်၊ သီလရှင်ကား ၁,၆၈၄-ပါး ရှိလေရာ ပို၍ပင် များလှသေး၏။

မန္တလေးမြို့တော်မှ တချို့ ဆရာတော်များသည် သက်တော် အရွယ် နုပျိုစဉ် ပရိယတ်ဖြင့် ပျော်မွေ့တော်မူကြပြီး သက်တော် အရွယ် ထောက်လာလျှင် စစ်ကိုင်း မင်းကွန်းသို့ ခိုဝင်၍ ပဋိပတ်အလုပ် ကျင့်ကြံ ကြိုးကုတ်တော်မူကြကာ သီတင်းသုံးတော်မူကြကုန်၏။

ယတယော သာမဏေရာ စ၊ သီလဝန္တီ ဥပါသိကာ။
ဇေယျာစလမှိ မောဒန္တိ၊ ဓမ္မေသု လဂ္ဂမာနသာ။

## စစ်ကိုင်းမြို့ တည်ထောင်ခြင်း

မြန်မာသက္ကရာဇ် ၆၇၇-ခုနှစ်တွင် တစီးရှင် သီဟသူမင်း၏ သားတော် အသင်္ခယာစောယွန်းသည် စစ်ကိုင်းမြို့ နေရာတွင် ဇေယျာပူရ (အောင်မြို့) အမည်ဖြင့် စတင် တည်ထောင်ခဲ့လေသည်၊[၁] ယင်းစစ်ကိုင်း နန်းမြို့တော်၌ အသင်္ခယာစောယွန်း, အသင်္ခယာစောယွန်းမင်း၏ နောင်တော် တရားဖျားကြီး, တရားဖျားကြီး၏ သားတော် ရွှေတောင်တက်, အသင်္ခယာစောယွန်း၏ သား

---

၁။ သတ်သတ်သောမှာ၊ သင်္ခယာ၊ တည်ခါ ရှစ်စုံမှီ။ (ရာဇဝင်သံခိပ်။)

တော်ကြီး ကျစွာ, ညီတော် ဆင်ဖြူရှင်တရဖျားငယ်, မင်းပြောက် အားဖြင့် မင်းပေါင်း ၇ - ဆက်တို့ စိုးစံခဲ့ကြကုန်၏။[၁]

## စစ်ကိုင်း မည်ကြောင်း

တကောင်းပြည်ကို အစိုးရတော်မူသော သတိုးမဟာရာဇာ၏ မိဖုရားသည် သာသနာတော် ( B - E ) ၄၀ - တွင် သားတော် စူဠသမ္ဘဝ, မဟာသမ္ဘဝ မျက်မမြင် အမြွာညီနောင်ကို ဖွားမြင်လေရာ မင်းတရားကြီး ရှက်နိုးတော်မူလှသဖြင့် မိဖုရားကြီးအား ဖျောက်ဖျက်ရန် အမိန့်ပေးလေ၏၊ မိဖုရားသည် မူလတွင် သားတော်များကို ဝှက်ထားရာ နောက်တွင် မင်းကြီး သိသဖြင့် 'ယခုပင် သည်သား မျက်မမြင် ညီနောင်ကို ဖျောက်ဖျက်လေ' ဟု ထပ်မံ အမိန့်ပေးပြန်လေ၏၊ မိဖုရားသည် မျက်မှောက်တွင် မဖျောက်ဖျက်ရက်သဖြင့် လှေဖောင် ဖွဲ့ကာ အထူးထူးသော စားမြိန်စာတို့ဖြင့် ပြည့်စုံ လုံလောက်စွာ စီမံပြီး ဧရာဝတီမြစ်ကျော မျှောလိုက်၏၊ မျက်မမြင် အမြွာညီနောင်တို့သည် မယ်တော် ထည့်လိုက်သော စားမြိန်စာ မုန့်များကို စားလျက် အစဉ်တိုင်း မျှောလာရာ စစ်ကိုင်း အရပ်သို့ ရောက်လေသော် ဧရာဝတီမြစ်ဖက်သို့ ခပ်ကိုင်းကိုင်း ပေါက်ရောက်နေသော စစ်ပင်ကိုင်းကို ဖောင်တိုက်မိလေ၏၊ ထိုအရပ်၌ နေသော စန္ဒမုခီ ဘီလူးမသည် ဖောင်ပေါ် တက်ရောက်ပြီးလျှင် မင်းသား ညီနောင်တို့ စားသော စားမြိန်စာထုပ်ကို မပြတ် ဝင်၍ စားလေ၏၊ ယင်းသို့ 'စစ်ပင်ကြီးကိုင်း' ရှိရာ အရပ်သည် မူလက စစ်ပင်ကိုင်းဟု ခေါ်ဝေါ် သမုတ်ကြကာ နောက် ကာလကြာညောင်း ခေတ်အဆက်ဆက်ပြောင်းသော် စစ်ကိုင်းဟု တွင်လေသည်။

စစ်ပင်ကိုင်းဣတိ ပုဗ္ဗေဟိ၊ ဇနေဟိ အဘိသမ္မတံ။
ပစ္ဆာ စစ်ကိုင်းတိနာမေန၊ သဗ္ဗတ္ထ အဘိပါကဋံ။[၂]

---

၁။ ဇေယျာပူတိုင်း၊ မြို့စစ်ကိုင်း၊ တင့်လှိုင်း ခုနစ်လီ။ ( ရာဇဝင်သံခိပ် )

၂။ ရှေးက လူအများတို့သည် စစ်ပင်ကိုင်း ဟူ၍ သမုတ်ပညတ်ကုန်၏၊ နောက်ခါသမယ၌ စစ်ကိုင်း ဟူ၍ အရပ်အားလုံး၌ ထင်ရှား၏။

# ဒုတိယပိုင်း

## ဇေတဝန်စေတီတော်

ဇေတဝန်စေတီတော်သည် သောတာပန်ရွာ အနီး လေးကျွန်းချမ်းသာ ချောင် အနောက်တွင် ကပ်လျက် တည်ရှိလေသည်။

ဘုရားမြတ်စွာသည် ညီတော် အာနန္ဒာနှင့် မြန်မာနိုင်ငံသို့ ကြွတော်မူစဉ် စစ်ကိုင်းတောင်ကို ရောက်ရှိတော်မူခဲ့လေသည်၊ ဇေတဝန်စေတီ တည်ရှိတော်မူရာ ဌာန ရပ်တည် စံပါယ်တော်မူလျက် ဇေတာဘီလူး အမှူးရှိသော ဘီလူးတို့အား တရားဟောဘော်မူရာ ဇေဘာဘီလူးနှင့် တကွ ဘီလူးများစွာတို့ သောတာပန် တည်ကြကုန်၏၊ မြတ်စွာဘုရား မဇ္ဈိမဒေသသို့ ပြန်ကြွတော် မူမည် အပြုဘွင် ကိုးကွယ်ရာ ရလိုကြောင်း လျှောက်ထား တောင်းပန်ကြ သဖြင့် ရေသနုတ်တော် ( ဝတ်လဲတော် ) ကို ပေးသနားတော်မူခဲ့လေသည်၊ ဇေတာဘီလူး အမှူးရှိသော ဘီလူးတို့သည် ယင်း ရေသနုတ်တော်ကို ဌာပနာ၍ ဇေဘာဝန်စေတီတော် အမည်ဖြင့် စေဘီ တည်ထား ကိုးကွယ်ခဲ့ကြကုန်၏၊ နောက်တွင် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်အဆက်ဆက်တို့ ပြုပြင်မွမ်းမံကြရာ လှန်စွာ ကြည်နူးဖွယ်ရာ စေတီတော် ဖြစ်လေသည်၊ ဖော်ပြပါ ဇေတဝန်စေတီဘော် မြတ်ကို မြို့နယ်လူထုတို့ နှစ်စဉ် ဝါဆိုလကွယ်နေ့တွင် ဗုဒ္ဓပူဇနိယပွဲသဘင် ဆင်ယင်၍ ပူဇော်ကြကုန်၏၊ ဇေတဝန်စေတီတော်ကို အောက်ပါ ဝန္ဒနာ ဂါထာဖြင့် ရှိခိုးဦးချ ဖူးမျှော်ရာ၏။

### ဇေတဝန်စေတီ ဘုရားရှိခိုး

ဌပေတွာ ဒကသာဋိကံ၊ ယက္ခေဟိ သုဋ္ဌုမာပိတံ။
ဇေတဝနဝှစေတိယံ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ ဒကသာဋိကံ၊ မြတ်စွာသမ္ဗုဒ် ရေသနုတ်တော်ကို။ ဌပေတွာ၊ မြှုပ်နှံသွင်းကာ ဌာပနာ၍။ ယက္ခေဟိ၊ ဘီလူးအပေါင်းတို့သည်။ သုဋ္ဌုမာပိတံ၊ လေးမြတ်ရှင်ကြည် ကောင်းစွာတည်ထားအပ်သော။ ဇေတ ဝနဝှစေတိယံ၊ ဇေတဝန်မည် စေတီတော်မြတ်ကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

အောက်ပါ သမိုင်းလက်ာကို ဖတ်ရှု ကြည်ညိုရာ၏။

### ဇေတဝန်စေတီ သမိုင်းလက်ာ

ဇေတဂန်ခေါ် စေတီတော်ကို ထုတ်ဘော်ရှင်းရှင်း အကြောင်းလင်းပိမ့် သောင်းတွင်းသမိုက် မဇ္ဈေတိုက်မှ မကိုဋ်မှန်ကူ သယမ္ဘူလျှင် အတူနောက်ပါ


အာနန္ဒာနှင့် နှစ်ဖြာစကည့်နှု ခွာထွက်ကွန့်၍ အခွန့်ဝေးကွာ ပြည်မြန်မာ၌ ဇေယျာတောင်ရိပ် ဝတ်ရုံထိပ်ဝယ် ချနိုပ်စက်ရုံ ရပ်ပြီးတုံမှ ဥဿုံများတောဝင်း ဘီလူးပေါင်းအား တောင်စောင်းရပ်ဌာန် သောဘာပန်၌ မင်္ဂလာဖိုလ်ဥာဏ် နေရဗာန်ဟု နိဗ္ဗာန်တိုင်ပေါက် ခရီးရောက်အောင် ချီးမြှောက်ဟောပြ ကျွတ်ဆုငှ၍ ဒေသမဏ္ဍိ ကြွမည်ရှိသော် များဘိသောင်းပြောင်း ဘီလူးပေါင်းတို့ ဦးခေါင်းညွှတ်ကာ လျှောက်သည်မှာကား မြတ်စွာဗုဒ္ဓ မဇ္ဈေ ကြွလျှင် များလှပေါင်းဘော် တပည့်တော်တို့ မပျော်ညှိုးချုံး ကြိမ်မီးအုံးသို့ နှလုံးသွေ့ခြောက် စုတေ့ရောက်လိမ့် ငဲ့ထောက်မေတ္တာ ကရုဏာဖြင့် ကိုးရာ ကွယ်ရာ အားထားရာဟု တခုခုကို ကြည့်ရှုကိုယ်စား ပေးသနားမှ စိတ်အားတက် ကြွ သက်ရှင်ကြလိမ့် လောကသရဖူ ပေးတော်မူဟု သည်းအူကွဲပြတ် ဖတ်ဖတ် မူးဝေ သေလုယူးယူး ရှိဦးနှိမ်ချ တောင်းပန်ကြ၍ လောကတံခွန် ဘုရား မွန်သည် ဇေတဝန်ဆိပ် ရောထိပ်က ကမ်းရိပ်သာသာ ရေဇလာဝယ် သက်ကာ တင့်တယ် ရေသပ္ပာယ်၍ ကိုယ်ဝယ်သင်္ကန်း ဖန်ရည်စွန်းကို ဆင်မြန်းပြီးမှ တောင်းပန်ကြသည့် ဇေတမျူးထား ဘီလူးများအား သနားငဲ့မြော် ဝတ်လဲ တော်ကို ပူဇော်စေမူ ချီးမြှင့်ပြုသော် တစုဘလျား ဘီလူးများတို့ ဝမ်းပါး အားရ တောင်ယိပ်ဝ၌ များလှသဘ္ဘဝါ အကျိုးငှာလျှင် ရောလမ်းမှ ဖူးမ ဝအောင် ဇေတဘီလူး စေတီထူးကို ကြီးမှူးရှေ့ဖျား တည်ဘန်ထား၏ အနားကပ်မြှောင် သုမနချောင်က ဝင်းပြောင်ထိန်ညီး လျှပ်စစ်မီးဖြင့် ရွှေထီး တော်တိုင် ရောင်စုံပိုင်၍ မနိုင်အံ့ဘွယ် ညှိထွန်းသွယ်ရှင့် မြို့နယ်လူဗိုလ် လွန် ကြည်ညို၍ ဝါဆိုသကွယ် ခဲဆွမ်းဘွယ်နှင့် တင့်တယ်ထွေဆန်း ဆီမီးပန်း လည်း ညှိထွန်းကော်ရော် ရှိပူဇော်၍ ဖူးမြှော်ဝပ်တွား ဆုပန်ကြားသည်။ ။ ဘုရားဇေတဝန်ပင်သော၀်။

## ညောင်ပင်သာ ဦးပုည၏
## ဇေတဂန်ဘုရားသမိုင်းဘွဲ့ ၈၀ - ပေါ် တေးထပ်

စိန္ဒေလေးဘော် ကိုးဂုဏ်လင်းတယ်၊ သုံးဘုံမှန်ကင်း ထွတ်သကျာ၊
အာနန္ဒာဆေရိမြတ် နောက်တော်ပါဘယ်၊ စက်မြတ်ရာဘနာ ကြွချီလှမ်း။
သုနာပရန္တ တိုင်းအောင်ချာကို၊ နောင်ညီမကွာ တူကွဲဒေဇာမြန်း။
ရွှေကိုင်းသာလှ သောဘာပန်မှာ၊ လောကချက်နှုန် ရပ်စခန်း။
ရောဝတီ ရေယာဉ်သန်းတဲ့၊ မြခန်းဌာန ရောက်သောခါ။
ကိုးကျိပ်ကိုးယောက် ယက္ခမူးတယ်၊ ဇေတဘီလူး ကြည်နူးဖူးမြှော်လာ။

---

၁။ ဇေယာစလပျို့ —၁၀၊၂၀။



သပ္ပါယ်ထူးခြားလှသော
ပတ္တမြားစေတီတော်

တရားချီမြ ဟောပြီးခါသော်၊ ရေစင်သီတာ သပ္ပာယ်ပြီးမှ၊
အုံ့ချီးရောင်ကြွ ရေသနုတ်တော်၊ ပေးအပ်လိုက်လေသော်။
ဇေတဝန်မည်ရ စေတီကျော်မှာ၊ သွင်းထားပူဇော် ရှိဦးတင်ကြလေး။ ။

---

## ပတ္တမြားစေတီတော်

ပတ္တမြားစေတီတော်သည် စစ်ကိုင်းတောင်ရိုး ဝတ်ချက်ရွာ မြောက်ဖက် တောင်ထိပ်ပေါ်တွင် တည်ရှိလေသည်၊ ပတ္တမြားစေတီသည် စစ်ကိုင်းတောင် ရိုး အမြင့်ဆုံး နေရာတွင် ဘည်ရှိလေရာ ယင်း တောပ်မှ နေ၍ ကြည့်ရှုလျှင် မန္တလေးရှုခင်း, ရောဝတီမြစ်ရှုခင်း စသည်တို့ကို ကြည်နူးဖွယ်ရာ တွေ့မြင်နိုင် လေသည်။

### သမိုင်း အကျဉ်း

ဖော်ပြပါ ပတ္တမြားစေတီတော်ကို အင်းဝခေတ် နောက်ပိုင်းတွင် ထင်ရှား သော ဥမင်သုံးဆယ် ရုပ်ပွားတော်များ တည်ခဲ့သူ ပဒုသံဃရာဇာ တည်ခဲ့ သည်ဟု အဆိုရှိ၏၊ သာသနာသက္ကရာဇ် ၂၁၀ - ခုနှစ်တွင် အိန္ဒိယနိုင်ငံ မဂဓ တိုင်း ပါဋ္ဌလိပုတ် [၁] ( ယခုအခေါ် ပဋ္ဌနာ ) မြို့တွင် နန်းတက်သော သီရိဓမ္မာ သောကမင်းကြီး၏ စေတီပေါင်း ရှစ်သောင်း လေးထောင်တွင် တဆူ အပါ ဖြင်ရာ ပျက်စီးသဖြင့် ဒကာမ တယောက်က ယာခင်းထည်းမှ ကောက်ရသော ပတ္တမြားတို့ကို ရောင်း၍ ထပ်မံ ပြင်ဆင် စေတီ တည်ခဲ့၍ ပတ္တမြားစေတီ မည်ကြောင်းလည်း ဆိုကြသေး၏။

ဂုင်းပြင် သူခိုးတကာ်ပြားသည် ခိုးတိုက်၍ ရရှိသော ဝတ္တုကြေးငွေတို့ကို အကုန်အကျ ခံ၍ တည်ထားရာ အများလူတို့ သိသဖြင့် အများစေတီမှ ပတ္တမြားစေတီ ဖြစ်လာကြောင်းလည်း ဆိုကြကုန်သေး၏၊ ဖော်ပြပါ ပတ္တမြား စေတီကို ဝတ်ချက် ရွာသူရွာသားတို့ ဦးစီးကာ နှစ်စဉ် တော်သလင်းလပြည့် နေ့တွင် ဗုဒ္ဓပူဇနိယပွဲတော်ကို ပြုလုပ်ကြကုန်၏၊ မလွန်ဆန်လှုအသင်းကြီးက ဆန်လှူသောနေ့ ဖြစ်ရာ လွန်စွာ စည်ကားသောနေ့ပေတည်း၊ ပတ္တမြားစေတီ ကို အောက်ပါဂါထာဖြင့် ရှိခိုးဖူးမျှော်ရာသည်။

### ပတ္တမြားစေတီ ဘုရားရှိခိုး

မဏိဝှယစေတိယံဟိ၊ နေတ္တဒွယရသာယနံ။
သဓိဝဗုဒ္ဓမုဒ္ဒိဿ၊ နမာမိ သိရသာဒရံ။

---

၁။ ပါဋ္ဌလိပုတ်မြို့ကို ကုသုမပုရ, ပုပ္ဖပုရ ဟုလည်း ခေါ်ဝေါ်သေးသည်။

နေတ္တာဒွယရသာယနံ၊ ဘယ်ညာနှစ်ပါး စက္ခုမျှား၏ ရသာယနဆေးနှင့် မခြားတမူ အလား‌တူ ဖြစ်သော။ မဏိဝှယစေတီယံဟိ၊ ခတ်တော်ကိန်းဝပ် ပတ္တမြားစေတီတော်မြတ်ကို။ သဇိဝဗုဒ္ဓံ၊ သက်တော်ထင်ရှား မြတ်ဘုရားကို။ ဥဒ္ဒိဿ၊ ရည်စူး၍။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ နမာမိ၊ ရှိခိုး ဦးချပါ၏။

အောက်ပါ သမိုင်းလင်္ကာကိုလည်း ဖတ်ရှု လေ့လာ ကြည်ညိုရာ၏။

## ပတ္တမြားစေတီ သမိုင်းလင်္ကာ

မဏိကဥ္စန ခေါ်တွင်ကြသည့် တောင်လှထိပ်ဖျား ပြုတည်ထားသား ပတ္တမြားစေတီ မွေသရီကို ဖြန့်ချီကျမ်းလျှော် စာတမ်းဖော်မူ ရှင်တော်ဉမင် ပြုစီရင်သည့် ယခင်တကာ သဃ်ရာပင် မျှားစွာခတ်မွေ ကျိန်းဝပ်စေလျက် တိမ်ခြေစူးမျှ မြင့်ဖြူးလှသား သေလထိပ်ပြင် စွင့်စွင့်တင်ဟု ရာဝင်ကျောက်စာ အဆိုလာ၏၊ တဖြာတို့ပြင် မဇ္ဈေခွင်က ဘုရင်နရိန္ဒ အသောက၏ မဓာ့ရှေ့ဖျား ကုသိုလ်ပွားဟု ဘုရားရှစ်သောင်း လေးထောင်ဆောင်းသည့် အပေါင်းတို့တွင် တဆူဝင်ရှင့် မြင်မြင်သမျှ သခ်ါရတို့ ပျက်ရတံတွာ ဓမ္မတာကြောင့် ရှည်ကြာ ကာလ စေတီယလည်း ပြိုကျယိုယွင်း ပျက်စီးခြင်းကြောင့် ယာခင်းအမ တောက ရသည့် မျှားလှပတ္တမြား ကြီးငယ်မျှားကို ရောင်းစားတွင်တွင် စေတီပြင်၍ ရှပ်ပင်ပတ္တမြား တွင်သကားဟု ရေးသားခဲ့ခြမ်း တောင်ညွန်းကျမ်း၌ တခဏ်း ဖော်ပြ တွေ့ဘူးရရှင့်၊ ဝါဒတပါး တောက်ပြားလျှင် အမျှားဥစ္စာ ခိုးဝှက်ကာ ဖြင့် သဒ္ဓါကြည်နူး တောင်ထိပ်ဦး၌ မြင့်ဖြူးစည်စည် စေတီတည်သော် လူ့ပြည် တလွှား ဆင့်ဆင့်ကြား၍ အမျှားစေတီ ခေါ်ကြသည်မှ အမည်ဘောက်ပြား ကာလလျှား၍ ပတ္တမြားစေတီ ခေါ်ပြန်သည်ဟု ယုံကြည်ဘွယ်ရာ ရှေးဟောင်း စာလည်း ခိုင်မာမရှိ ဖြစ်တုံဘိလျက် ဟုတ်လိယောင်ယောင် ခုတိုင်အောင်လျှင် ဉာဏ်ရောင်မှိန်မှေး ပြောကြသေး၏ ဆိုရေးရှိက ဆိုသင့်လှ၍ ဆိုရသည်ပင် ပြစ်မမြင်နှင့် ဆွမ်းတွင်ရက်မှာ ဝတ်ချက်ရွာက လာလာသမျှ ထွက်မရအောင် မျှားလှသောင်းသောင်း ရှစ်လူပေါင်းအား မိတ်ကောင်းပီစွာ ကြည်သဒ္ဓါဖြင့် ယထာရဟ ကျွေးမွေးကြ၍ ရှင်ပျမျက်နှာ ဝမ်းမြောက်စွာလျှင် ကြွပါထိုင်ပါ စားသောက်ပါဟု ပျူငှာသည့်ဝတ် ယွင်းမချွတ်တည့် ဇောညွှတ်ဘွယ်ရာ ရှေးစဉ်လာဖြင့် ရောမြစ်ကြော မီးဘောင်မျှောလျက် သောသောဝှန်ချောက် ဘဝဂ်ပေါက်အောင် တီးခေါက်ပုံတောင် မြစ်လုံးလောင်မျှ အရောင်စုံစွာ လွှမ်းဘွယ်ရာရှင့် ရေမှာရေပွဲ လှေစုံတွဲ၍ ကုန်းပွဲလည်းဆင် ထက်ဝန်းကျင်မှ မျှားဖြင်သောသော လှေသဘော်ဖြင့် ရေကြောစုံဆန် မြစ်လုံးညံအောင် စီမံ ခင်းကျင်း ဝတ်အသင်းတို့ ကခြင်းသီချင်း အပြိုင်ခင်းလျက် သာစ်ဆင်းလပြေ့ ဆန်လှူနေ့နှင့် ဆုံတွေ့ရက်တူ တောင်လုံးဆူအောင် တက်သူဆင်းသူ တောင်

လည်သူဟု ရှင်လူအပေါင်း ရေသော်ညောင်းလိမ့် ဈေးရောင်း ဈေးဝယ် အနယ်နယ်မှ ကြီးငယ်လူများ လွန်ပျော်ပါးလျက် ဘုရားလည်းဖူး လိပ်ဥတူးဟု ရည်စူးမှန်းရွယ် သောသောကြွယ်သည်။ ။မှတ်ဖွယ်ပတ္တမြား စေတီသော်။[၁]

## ညောင်ပင်သာ ဦးပုည၏
## ပတ္တမြားစေတီ ဘုရားသမိုင်းဘွဲ့ ဂဝ - ပေါ် တေးထပ်

စစ်ကိုင်းဇေယျာ တောင်အများတွင်၊ မားမားစွင့်စွင့် မောက်လို့မို၊
ပတ္တမြားခေါ်ကြ တောင်ညိုညိုမှာ၊ ဝိဇ္ဇာလိုလို ပုဂ္ဂိုလ်ထူး။
ပန်းထူးသီရိ ထေရ်မဟာသည်၊ တည့် သဘ် ဂိုဏ်းချိုးပိုင်မှူး။
ခြောက်ရာ့ခြောက်ဆယ့် နှစ်ခုပေါ်မှာ၊ နိဗ္ဗာန်ရည်ရော် ဆုမြတ်ခူး။
သာသနာရောင် ပြောင်ပြောင်မြူးအောင်၊ ထိုတောင်ဦးထက် စေတီတည်။
တောင်၏အမည် စေတီမြတ်မှာ၊ ပညတ်ရွေဘွဲ့ ထက်ဝန်းထင်ပေါ်သည်။
ဥမင်သုံးဆယ် ခြောက်ရောင်ခြည်ကို၊ သူပင်စည်စည် တည်ခဲ့သားဟု၊
စာဟောင်းအများ သမိုင်းအလာ၊ ယုံလောက် တန်လှပါ။
တော်သလင်းလ ပုဏ္ဏမာမှာ၊ ဆွမ်းပွဲတော်ခါ ချိန့်အုန်းညံ့လှလေး။ ။

# ရှင်ပင်နံ့ကိုင်း စေတီတော်

ချမ်းသာကြီး ချမ်းသာရ စေတီများ ဖူးမျှော်ပြီးလျှင် ရှင်ပင်နံ့ကိုင်း ဘုရားကို ဖူးမျှော်ရန် လွယ်ကူ၏၊ ထုံးဖိုရွာအေး တောင်ပေါ်၌ တည်ရှိလေသည်၊ ယခင်က ရန်အောင်မြင်စေတီ ရန်အောင်မြင်ဘုရားဟု ခေါ်တွင်သည်၊ ချမ်းသာကြီး ချမ်းသာရ ဘုရားဒါယကာ ကြံသိုင်းအမတ် သက္ကရာဇ် ၄၂၀ ကျော် လောက်တွင် တည်ထား ကိုးကွယ်ခဲ့လေသည်၊ ထိုသို့ဖြစ်ကြောင်း 'ရှင်ပင်နံ့ကိုင်း၊ ပုဂိုတိုင်း၊ ကြံသိုင်းအမတ်ပင်' ဟူသော လင်္ကာဖြင့် မှတ်တမ်း ပြုခဲ့ကြ ကုန်၏၊ ၁၃၁၅-ခုနှစ်က မြေငလျင်ဒဏ်ကြောင့် စေတီပြိုကျ ထီးတော် မြေခ လေရာ ထုံးဖိုရွာသူကြီး ဦးကိုကြီး နှင့် ရွာသူ ရွာသားတို့ စုပေါင်း ပြင်ဆင် ကုသိုလ်ပြုကြကုန်၏၊ ထီးတော်ကို မန္တလေးမြို့မှ သူဌေး ဦးတင်က တင်လှူ ပူဇော်ခဲ့လေသည်၊ စစ်ကိုင်း မြို့သူမြို့သားတို့သည် နှစ်စဉ် ဝါခေါင်လကွယ်နေ့ ဘုရားပွဲ ကျင်းပ ပူဇော်ကြကုန်၏၊ အောက်ပါ ဂါထာဖြင့် ရှင်ပင်နံ့ကိုင်း ဘုရားကို ဖူးမျှော်ရာ၏။

---

၁။ ဇေယာ့စလပျို့-၂၉၊၃၀။

## ရှင်ပင်နံ့ကိုင်း ဘုရားရှိခိုး

ကြံသိုင်းဣတိနာမကေ၊ မဟာပဗ္ဗတေ ကာရိတံ။
ရှပ်ပင်နံ့ကိုင်းဝှစေတိယံ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ ကြံသိုင်း ဣတိနာမကေ၊ ကြံသိုင်းဟူသည် အမည်တွင်သော။ မဟာမဗ္ဗတေ၊ ပုဂံပျော်လတ် အမတ်ကြီးသည်။ ကာရိတံ၊ တည်ထားစေအပ်သော။ ရှပ်ပင်နံ့ကိုင်းဝှစေတိယံ၊ ရှပ်ပင်နံ့ကိုင်း အမည်ရှိသော စေတီတော်မြတ်ဘုရားကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို မြိုသေလှစွာ။ ဝန္ဒာမိ၊ ရှိခိုး ဦးချပါ၏။

အောက်ပါ ဘုရားသမိုင်း လက်ာကိုလည်း သော့လာ ကြည့်ရှုရာ၏။

## ရှင်ပင်နံ့ကိုင်း သမိုင်းလင်္ကာ

တိမ်ကိုက်စူးဝင် နိူင်းမမြင်သား ရှပ်ပင်နံ့ကိုင်း မြတ်သမိုင်းကို ကြားတိုင်းထုတ်ဘော် ရေးပြသော်မူ တောင်တော်အမည် တောင်ရှိတည်သည့် စေတီတော်အား ခေါ်တင်စား၏၊ ရေးဖျားအပ်နှင်း ဘွဲ့တော်ရပ်းကား ခပင်းများစွာ ရန်တကာကို ဆံလွှာမကြွင်း အောင်မြင်ခြင်းကြောင့် သတင်းပေါ်ထင် ရန်အောင်မြင်တည့် ရေပြင်တကြော လှော်သဘော်ဖြင့် ပိုမျှောသန်သူများရှင်ပူတို့ ကြည်ဖြူစိတ်ဇော မြင်ဝိုင်းဩအောင် မြင့်ပေါ မိုးခေါင်ကျက်သရေဆောင်လျက် ငွေတောင်ကြီးသွင် ဖွေးဖွေးစင်၍ ဝန်းကျင်နိုးပါးသီးအခြားလျှင် နောက်ဖျားရပ်ဝှင် ပဲခူးရှင်နှင့် အစဉ်မငြေ့ နောက်တောင်ကွေ့၌ ခြသေ့်သုံးဆယ် ကြည်ညိုဘွယ်တည့် ရှေ့ဝယ်ကောင်းမှု စေတီစုနှင့် ဇမ္ဗူမင်လာ ဟံသာဝတီ စိရရှိရှင့် မြောက်ဆီတခို့ နောက်မှီ ကြို့လျက် မြို့သီတာ ပိဝေကာနှင့် တဖြာကျိုက်လတ် တောင်ခြေပတ်လျက် ချောင်မြတ်ဝန်းကျင် တန်ဆာဆင်၍ ယခင်တကာ တည်သူမှာကား ချမ်းသာကြီးရ ရှေးဖော်ပြသည့် ဘုရားတကာ ကြံသိုင်းသာတည့် လူ့ရွာတခွင် ဥဒါန်းတွင်အောင် ရှင်ပင်နံ့ကိုင်း ရွှေတဆိုင်းဟု လူတိုင်းနှုတ်တက် ဆိုရိုးထွက်၏၊ နောက်ဆက်ကောဇာ ထောင့်သုံးရာနှင့် သချာဆင့်ပွား တဆဲ့ငါး (၁၃၁၅)တွင် လှူပ်ရှားသွက်သွက် လျှင်ဖျက်၍ ကွဲအက်ပြိုခြ ¹ ထီးမြေကျသော် ဂါမထုံးဖို များလူပိုလ်နှင့် ရွာကိုအုပ်စီး ဦးကိုကြီးတို့ ခိုင်ဖြိုးသဒ္ဓါ ရှေ့ဆောင်ကာလျှင် တကာတာ်အောင် ရှက်သောင်အားပေး မန္တလေးက သူဌေးဦးတင် ထီးတော်တင်၍ ကြည်လင်သဒ္ဓါ ဆွမ်းရက်မှာမူ များပြည်သူတို့ ဆုယူညီးညံ

¹။ ခြ = (ပေါရာဏ) ပြိုကွဲခြင်း (ခြဖြစ်ပြတ်ဘိန္ဒနံ)

ကပ္ပဲခံလျက် မီးလျှံပြောင်ပြောင် မိုးလုံးလောင်မျှ ဝါခေါင်နံကာ[၁] ခြိမ့်ခြိမ့် ကြွာအောင် နေ့မှာလကွယ် ဆွမ်းခဲဘွယ်နှင့် ရှာဘွယ် မကြွင်း ပွဲစုံ ကျင်း၍ ဝတ်သင်းရံဝိုင်း စံမန္တိုင်းသည်။ ။နံကိုင်းရန်အောင်မြင်ပင်သောင်။[၂]

## ညောင်ပင်သာ ဦးပုည၏
## ရှင်ပင်နံ့ကိုင်း ဘုရားသမိုင်းဘွဲ့ ဂဝ ပေါ် တေးထပ်

ရောဝတီ ခေ့ကာသိုင်းတယ်၊ ဇေယျာရွှေဟိုင်း ကျက်သရေ။
ခြောက်ရောင်ရှန်းလို့ ထွန်းလင်းဝေသည်၊ ကိုးဂုဏ် ပရမေ ခတ် မွေ့ကိန်း။
တင့်ထူး မြင့်ဖြူး လဲ့လဲ့စိုသည်၊ ဣန္ဒနီလို တက်ဝန်းညိုမြစိမ်း။
နံကိုင်းပဗ္ဗတ သေလာပေါ်မှာ၊ တေဇာလွှမ်းကျော် ငါးမာရ်ငြိမ်း။
ဖူးမြင်ကြသူ လူခပ်သိမ်းတို့၊ ညွတ်တိမ်းကြည်လှ သဒ္ဓါရှင်။
သက္ကရာဇ် လေးရာ နှစ်ဆယ်မောက်တယ်၊ ခြောက်သွယ် ရောင်တောက် ဘွဲ့တော် ရန်အောင်မြင်။
ငါးကျိပ်နှင့်ငါး ဖြူရိပ်ဆင်တယ်၊ ပေါက္ကံခေါ်တွင် ရိမဒ်တိုင်းက၊ ကြံသိုင်းအမတ် မဆွတ်တည်လှာ၊ တန်းခိုး ထွန်းလျှံဖြာ။
ဝါခေါင်မာသ လကွယ်မှာမူ၊ ပွဲတော်အခါ စည်လွှန်းပါလှလေး။

---

## ချမ်းသာကြီး ချမ်းသာရ စေတီတော် နှစ်ဆူ

ချမ်းသာကြီး ချမ်းသာရ စေတီတော် နှစ်ဆူမှာ စစ်ကိုင်းတောင်ရိုး သော်တာပန်ရွာ တောင်ဖက် ရှင်ပင်နံကိုင်းဘုရား အရှေ့ မြောက်ဖက်တွင် ကပ်လျက် တည်ရှိလေသည်၊ စေတီတော်အတွင်း လိုဏ်ဂူ၌ ဆင်းတုတော်များ ကိန်းဝပ် တော်မူလျက် ရှိကုန်၏၊ လူပုဂ္ဂိုလ်များ တိုင်းရေးပြည်ရာနှင့် ဖြစ်ဖြစ် - ကိုယ်ရေး ကိုယ်တာနှင့် ဖြစ်ဖြစ်- ဆင်းရဲဒုက္ခ တွေ့ကြုံလျှင် ဂူဘုရားနှစ်ဆူကို ဆွမ်း ပန်း ရေချမ်း ဆီမီး စသည်တို့ဖြင့် ပူဇော်၍ သတောင်းဆုခြွေက ဒုက္ခကင်းပျောက်ပြီး ချမ်းသာကြီးခြင်း ချမ်းသာရခြင်းတို့ကို အကြောင်းပြု၍ ချမ်းသာကြီး ချမ်းသာ ရဟု တွင်လေသည်။

### သမိုင်း အကျဉ်း

သက္ကရာဇ် ၄၂၁ - ခုတွင် ပုဂံပြည်၌ နန်းတက်သော စောလူးမင်း၏ အမတ် ကြီး ဖြစ်သော ကြံသိုင်း အမည်ရှိသောသူသည် ဟံသာဂီရိဟု အမည်ရှိခဲ့ဘူး

---

၁။ နံကာ=(ပေါရာဏ) ဝါခေါင်လ
၂။ ဇေယာစလပျို့-၂၅၊၂၇။ ၁၅၁၃၂

သော တောင်တော်မြတ်၌ ဗုဒ္ဓရုပ်ပွားများ ကိန်းအောင်းစေလျက် စေတီ ဘော် တည်ထား ကိုးကွယ်ခဲ့လေသည်၊[၁] နောက်တွင် ပင်းယ ပုညအမတ် ပြင်ဆင် ခဲ့သေးသည်၊ ၎င်းနောက် တွင်ကား ဗောဓိ ဆရာတော် စသော ပုဂ္ဂိုလ်တို့ ပြင်ဆင်မွမ်းမံကြောင်း သိရလေသည်၊ စစ်ကိုင်းမြို့သူမြို့သားများ နှင့် နယ်သူနယ်သားတို့သည် နှစ်စဉ် ဝါခေါင်လဆန်း ၈ ရက်နေ့ ယင်းစေတီ နှစ်ဆူကို ပူဇော်ပွဲ ကျင်းပကြကုန်၏၊ အောက်ပါ ဝန္ဒနာဂါထာဖြင့် ချမ်းသာ ကြီးဘုရားကြီးကို ရှိခိုး ဦးချ ပူဇော်၍ အန္တရာယ်ပျောက် သုခရောက်အောင် တောင်းဆုခြွေရာ၏။

## ချမ်းသာကြီး ဘုရားရှိခိုး

ပူဇယာမိ စေတိယဿ၊ ဥဒ္ဒိဿ လောကနာယကံ။
အနေန ပုညကမ္မေန၊ အန္တရာယော ဝိနဿတု။

အဟံ၊ အကျွန်ုပ်သည်။ လောကနာယကံ၊ လောကရှေ့သွား သက်တော် ထင်ရှား မြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ စိတ်ကရည်ရော် မှန်းဆမျှော်၍။ စေတိ ယဿ၊ ချမ်းသာကြီးမည် စေတီတော်မြတ်ဘုရားအား။ ပူဇယာမိ၊ ကော်ရော် မြတ်နိုး ရှိခိုးပူဇော်ပါ၏။[၂] အနေန ပုညကမ္မေန၊ မြတ်နိုးကော်ရော် ပူဇော် ပါရ ပုညမျိုးမှန် ကောင်းမှုကံကြောင့်။ အန္တရာယော၊ အန္တရာယ်အပေါင်း မကောင်းဟူသမျှသည်။ ဝိနဿတု၊ ကင်းစင်လွင့်ပျောက် ပါစေသတည်း။

ချမ်းသာရဘုရားကိုလည်း အောက်ဖော်ပြပါ ဂါထာဖြင့် ရှိခိုးပူဇော်ရာ၏။

ပူဇယာမိ စေတိယဿ၊ ဥဒ္ဒိဿ သုခဒါယကံ။
ဣမိနာ ပုညကမ္မေန၊ သုခံ ဘဝတု မေ သဒါ။

အဟံ၊ အကျွန်ုပ်သည်။ သုခဒါယကံ၊ လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာကို မကြာမနှေး ပေးတော်မူတတ်သော သက်တော်ထင်ရှား မြတ်စွာ ဘုရားကို။ ဥဒ္ဒိဿ၊ ရည်ရော်မှန်းဆ၍။ စေတိယဿ၊ ချမ်းသာရမည် စေတီ တော်အား။ ပူဇယာမိ၊ ကော်ရော်မြတ်နိုး ရှိခိုးပူဇော်ပါ၏။ ဣမိနာ ပုညကမ္မေန၊ ပူဇော်ပါရ ဤကောင်းမှု ပုညကြောင့်။ မေ၊ အကျွန်ုပ်အား။

---

၁။ သမိုင်းလက်ာ၌ ၄၂၀-ခုနှစ် တည်သည်ဟု ဆို၏၊ ဓောလူးမင်း နန်းတက် နှစ်လည်း ၄၂၁-နှစ်ထက် အနည်းငယ်စော၍လည်း ဖြစ်နိုင်သည်၊ သို့မဟုတ် ဘုရားတည် သက္ကရာဇ်လည်း နှစ်အနည်းငယ်စောခြင်း ဖြစ်နိုင်သည်၊ တလိုင်း အမတ် ဗညားကျန်းထောင်သည်ဟုလည်း အဆိုရှိ၏။

၂။ လူ့ဒါန်း ပူဇော်သော ဝတ္ထုကို ဖော်ဆိုပါ၊ ပုံစံ–'ပူဇယာမိ၊ မြတ်နိုးမွှေကြော် ရှော် ဆွမ်း စသည်တို့ဖြင့် ပူဇော်ပါ၏' စသည်ဖြင့် ဆိုပါလေ။

သဒ္ဒါ၊ အခါခပ်သိမ်း။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်။ သုခံ၊ လောကုတ်, လောကီ နှစ်လီပွားတိုး ချမ်းသာအမျိုးမျိုးသည်။ ဘဝဟု၊ အစဉ်စစ် ဖြစ်ပါစေသတည်း။

အောက်ပါ ဝိဇ္ဇောဒယဆရာတော်၏ သမိုင်းလင်္ကာကိုလည်း ရှုတ်ဖတ်၍ သဒ္ဒါပွားများရာ၏။

## ချမ်းသာကြီး ချမ်းသာရဘုရား သမိုင်းလင်္ကာ

ဘုန်းရောင်ထိန်ညီး ချမ်းသာကြီးနှင့် စောခီးလူ့ဘ ချမ်းသာရတို့ မူလကြောင်းခြင်း ဖြစ်တော်ရင်းကို ခပင်းနောက်နောင်း ရှင်လူပေါင်းတို့ သိကြောင်းမှန်းမြော် တခဏ်းဘော်အံ့ ပြည်ကျော်သိမှတ် အရိမဒ်က မင်းမြတ်နေဘ်ရထာ နောက်ဆက်ကာလျှင် သည်းချာသားရင်း စောလူးမင်းသည် မယွင်းညီမျှ ဆယ်ဓမ္မနှင့် ရာဇကျေးဇူး စုံပျံ့ပျူးလျက် ကြီးမှူးစိုးတင့် ဦးကဉ်ဖွင့်သော် အရှင့်ဂုဏ်ထူး မထိမ်မြူးဘဲ ကျေးဇူးရှိရှိ သစ္စာသိ၍ ကာဂိတည်တည် အရည်နှစ်မျိုး ပြည့်မောက်ဖိုးလျက် တိုင်းကျိုးပြည်ကျိုး သည်ပိုးရှက်ဆောင် ဘုန်းခေါင်မြော်စွာ သာသနာကို လိုက်နာပြုစု ဗာဟုသစ္စ ပြည်မဦးကင်း စွန်းကြဲခြင်းနှင့် သီတင်းသီလ ကျင့်ဓမ္မလည်း ပြည့်ဝစွယ်စုံ ကျွန်တော်ယုံဟု ဘွဲ့ပုံပျံ့လှိုင်း မင်္ဂလာဘ်ကြံသိုင်းလျှင် သမိုင်းတစောင် တည်ရစ်အောင်မှ ရည်ဆောင်ကြံဘာ နှစ်ဆယ်သာသည့် လေးရာပြည့်နှစ်( ၄၂၀ ) သက္ကရာဇ်ဝယ် သောင်းခေတ်အတွင်း ဖိတ်ဖိတ်သင်းအောင် မြစ်မင်းရော ကမ်းထိပ်မှာလျှပ် ဟံသာဂီရိ မည်ရှိထွင်ရှား တောင်ထွတ်ဖျားဌ် ရပ်ပွားကိုန်းအောင်း ဂူလိုဏ်ခေါင်းနှင့် ကုသားကျောင်းခံ တံတိုင်းရံ၍ သိဝံတောင့်ဘ တည်ဘန့်သ၏ ပုညခတ်ကျော် ပန်းရပျော်သည်း ရှည်သော်ကာလ ပျက်သမျှကို လက္ခကံကျွေး သင့်အောင်ပေးလျက် ဖြူဖွေးသဒ္ဒါ စေတနာဖြင့် ထပ်ကာရှေးတူပြင်သောဟူ၏ နောက်မူတဘန် ချို့ယွင်းပြန်သော် ပြည်မြန်အောက်ခွင် ပညာရှင်ဟု ရာမဉ်ဇာတိ သဒ္ဒါရှိသား ဗောဓိဆရာတော် မထေရ်ကျော်လည်း ပုဇော်နက်လေး ပြုပြင်သေးရှင့် နီးဝေးရှင်လူ တိုင်းပြည်သူတို့ ပူပူပင်ပင် ပြုဟ်ဆိုးဝင်လျက် မရှင်မလန်း ကိုယ်စိတ်ပန်း၍ မချမ်းမသာ ရှိသောခါဝယ် နှစ်ဖြာရှင်ပင် ဆွမ်းပန်းတင်၍ ရေစင်လျှုလောင်း ဆုပန်တောင်းမူ ၎င်းနှစ်ဆူ ဘွဲ့တော်တူလျှင် ရှင်လူသိသီး ချမ်းသာကြီး၍ ပူမီးကင်းပ ချမ်းသာရ၏ လောကအစဉ် နတ်ပွဲတင်နှင့် ခေါတ်ဆင်ခေါတ်ပြေ ယတြာချေကား မစေ့ လည်းရှိ ပြေလည်းရှိ၍ မုနိထွဋ်ထား တို့ဘုရားအား ကိုးစားလည်းလျောင်း ပုန်းအောင်းဆုယူ ပြုပါမူကား ဆုပူဒုက္ခ ပြေပျောက်ကြ၍ သုခကေန် စင်စ မှန်သား နိဗ္ဗာန်တိုင်ထိ အကျိုးရှိ၏ မုနိရုပ်တူ မြတ်တဆူကား နတ်လူစောခီး ချမ်းသာကြီးတည့် စံမှီးလိုဏ်ဂူ မြတ်နှစ်ဆူကား နတ်လူတို့က ချမ်းသာရဟု

သိကြခဲ့ခြား သဒ္ဓါပွားလေ့ အများကပ်ဆက် ဆွမ်းပွဲရက်ကား ထွန်းတက်ဝါခေါင် အာကာဘောင်မှာ လရောင်ဝင်းလက် ဆန်းရှစ်ရက်၌ မပျက်စဉ်လာ ဆက်ကပ်ပါသည်။ ။ချမ်းသာကြီးရ နှစ်ဆူသော၁။

**ညောင်ပင်သာ ဦးပုည၏**
**ချမ်းသာကြီး ချမ်းသာရ ဘုရားနှစ်ဆူ သမိုင်းတွဲ**
**ဂဝ-ပေါ် တေးထပ်**

ဗဟန်းသေလာ လျှံဖြာညီ၊ ဟံသာဂီရိ မြစိမ်းတောင်၊
ညို့ညို့မှိုင်းလို့ စို့ဆိုင်းမှောင်သည်၊ လည်ခေါင်ထိပ်ဗွေ ဝေဝေလျှမ်း။
ချမ်းသာကြီး ချမ်းသာရ ဘွဲ့တော်ကြူသည်၊ ညီနောင်နှစ်ဆူ သုံးဘုံ့ထိပ်ပန်း။
ကြံသိုင်းအမတ် တည်ကိုးကွယ်သည်၊ လေးရာ့နှစ်ဆယ် ကျော်ဂဏန်း။
ဖူးမြော်ကြသူ စိတ်ရွှင်လန်းလို့၊ ဘေးဘျမ်းမငြိ ကင်းလွတ်စင်။
သက္ကရာဇ် ကောဝိန် သော်ကာလမှာ၊ ပန်းယအမတ် ဦးပုညကပြင်။
တန်ခိုးကြီးတဲ့ စေတီရှင်ကို၊ သဒ္ဓါကြည်လင် ရွှင်စိတ်ထားနှင့်။
နိဗ္ဗူပြည်သား ဖြစ်ကြစေဌာ၊ ဆုမြတ် ပဌနာ။
ဝါခေါင်လဆန်း ရှစ်ရက်ခါမှာ၊ ဆွမ်းပွဲညီညာ လှူဒါန်းတင်ကြလေး။

---

# ရှင်ဖြူ ရှင်လှ ဘုရားနှစ်ဆူ

ရှင်ဖြူ ရှင်လှ စေတီတော်ကို စစ်ကိုင်းတောင်ရိုး ရှင်ဖြူရှင်လှရွာ အနီး ရှင်ဖြူရှင်လှတောင်တွင် ကြည်ညိုဖွယ်ရာ ဖူးမြင်နိုင်ပေ၏။

**သမိုင်း အကျဉ်း**

'အလောင်းစည်သူ၊ ဇောပံဇူ၊ ကြည်ဖြည်ဗျည်းသတ္တ' ဟူသည်နှင့် အညီ သက္ကရာဇ် ၄၅၄-ခုနှစ်တွင် ပုဂံနန်းမြို့တော်၌ နန်းတက်သော အလောင်းစည်သူမင်းသည် ၄၅၇-ခုနှစ်တွင် တိုင်းခန်းလှည့်လည်အော်မူရာ ဇမ္ဗူသပြေ ရောက်ရာ အရပ်၌ စံခိုက် သိကြားမင်း ဆက်သသည့် ဘုရားရှင် သီတင်းသုံးတော် မူရာ ကျောက်ဖျာစွန်းကို ထုလုပ်သည့် ရှင်ဖြူဆင်းတုတော်တဆူ, ဇမ္ဗူသပြေသား ထုလုပ်သော ရှင်လှဆင်းတုတော်တဆူ, သရက်ခန်ငါးဆူ, ခေတ်ပေါင်းမဥ္ဇူ တဆူတို့ကို ပင့်ဆောင်တော်မူခဲ့၍ အရပ်အသီးသီးတို့၌ ဌာပနာကာ စေတီ

---

၁။ ဌေဇယ္ယာစလဏ္ဍိ-၂၀၊ ၂၂။

တည်တော်မူရာ သက္ကရာဇ် ၄၇၀-ပြည့်နှစ်ဘွင် ဧရာဝတီမြစ် အတိုင်း ဖောင်စကြာဖြင့် ဆန်တက်ခဲ့လေသည်။

စစ်ကိုင်း အသက် ချောက်မသို့ ရောက်သောအခါ ဆင်းတုတော်များ ရှင်ဖြူ ရှင်လှ ဆင်းတုတော်များက သက်ရှိဘုရားအသား 'ဤဒေသတွင် ကိန်းဝပ်လိုကြောင်း' ထူးဆန်းလှစွာ မိန့်တော်မူဘုန်းသဖြင့် ဆင်းတုတော်များကို ဆင်တော်၌ ပင့်တင်၍ အဓိဋ္ဌာန်ပြုတော်မူရာ ဆင်ဖြူတော်သည် ကမ်းထိပ်သို့တက်၍ ဝပ်လေလျှင် ထိုနေရာ၌ပင် ရှင်ဖြူ, ရှင်လှ ရုပ်တုတော် နှစ်ဆူကို ဂူ၌ ဌာပနာ၍ စေတီတည်ထားတော်မူခဲ့လေသည်။

ယင်းဆင်းတုတော်များကို မင်းအဆက်ဆက်တို့ ကိုးကွယ်လာကြရာ ဟံသာဝတီရောက်မင်း လက်ထက်တွင် ရှင်လှဘုရား ဆင်းတုတော် ပျောက်လေသဖြင့် ပုဏ္ဏားတော် စံဖြူ နှင့် ရှင်တေဇောဒီပကို တောင်တွင်းကြီးသို့ ပို့လေသည်၊ ဘိုးတော်မင်းတရား လက်သက်တွင် နန်းတော်သို့ ပင့်၍ ကိုးကွယ် တော်မူလေသည်။

ပုဂံရွှေနန်းရှင် လက်ထက် ၁၂၁၅-ခုနှစ် ရှင်ဖြူရှင်လှ ရေဆိပ်မှ ဘုရားခြေတော်ရင်း အထိ တံခိုင်ခန့် ရှည်လျားသော လမ်းကို ဖောက်လုပ်စေ၍ စောင်းတန်းများ ဆောက်လုပ် လှူဒါန်းတော်မူခဲ့လေသည်၊ အင်္ဂလိပ်လက်ထက် နန်းတွင်းမှ ရှင်ဖြူရှင်လှ ဆင်းတုတော်များကို မန္တလေးမြို့ ရွှေကျီးမြင့်ဘုရား အတွင်း၌ ထား၍ ကိုးကွယ်ကြကုန်၏။

(၁၂၇၅-ခုနှစ် နတ်တော်လမှ စ၍ ရှင်ဖြူရှင်လှဘုရား နှစ်ဆူ ကိန်းဝပ်တော်မူရာ ဂန္ဓကုဋီစေတီကို ရသေ့ကြီး ဦးခန္တီ နှင့် ဧရာကန်ချောင် ဆရာတော်တို့ ကြီးမှူး တည်ခဲ့ရာ ၁၂၇၈-ခုနှစ်တွင် အောက်ခြေ အာလိန်ငါးဆင့် ပြီးစီးလေသည်၊ စောင်းတန်းကြီးကိုလည်း ပြုပြင် တည်ဆောက်ခဲ့ရာ အလျားပေ ၁၀၉၂၊ အခန်းပေါင်း ၂၃၁ ရှိလေသည်။) တဖန် ၁၃၂၄-ခုနှစ် ဝါဆိုလတွင် ဒီပါဠမြေဆရာတော် ဦးနန္ဒသိရိက ကြီးမှူး၍ ထပ်မံ တည်ဆောက်၍ ရွှေထီးတင်နိုင်ခဲ့လေသည်။

စစ်ကိုင်း မြို့သူမြို့သားတို့သည် ရှင်ဖြူရှင်လှ ဘုရား ပူဇော်ပွဲကို နှစ်စဉ် တော်သလင်းလကွယ်နေ့တွင် ပြုလုပ်ကြကုန်၏၊ အောက်ပါဂါထာဖြင့် ရှင်ဖြူ ရှင်လှ စေတီတော်ကို ဖူးမျှော်ရာ၏။


### ရှင်ဖြူ ရှင်လှ ဘုရားရှိခိုး

မာပိတံ စည်သူနာဇေန၊ ရှင်ဖြူရှင်လှုဝှစေတိယံ။
ဝန္ဒာမိ ဗုဒ္ဓမုဒ္ဒိဿ၊ ဝိပ္ပသန္နေန စေတသာ။

အဟံ၊ အကျွန်ုပ်သည်။ စည်သူရာဇာနှ၊ အဒလောင်းစည်သူ ဇမ္ဗူကျော်ကြား မင်းတရားသည်။ မာပိတံ၊ ကိုးကွယ်တည်ထားအပ်ခဲ့သော။ ရှင်ဖြူရှင်လှ ဝှစေတိယံ၊ ရှင်ဖြူရှင်လှ ခေါ်ဆိုကြသား စေတီတော် မြတ်ဘုရားကို။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား မြတ်ဘုရားကို။ ဥဒ္ဒိဿ၊ မှန်းဆရည်စူး၍။ ဝိပ္ပသန္နေန၊ သဒ္ဓါရွှန်းစို အထူးသဖြင့် ကြည်ညိုလှစွာသော။ စေတသာ၊ သဒ္ဓါယိုဖိတ် ကုသိုလ်စိတ်ဖြင့်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး ရှိခိုးဦးချပါ၏။

## ရှင်ဖြူ ရှင်လှ ဘုရား သမိုင်းလင်္ကာ

ပုဂံစိုးယူ လောင်းစည်သူလျှင် ဇမ္ဗူကျွန်းထိပ် သပြေရိပ်တို့ ပြည့်သိပ်သော့ပေါင်း ရံသိန်းသောင်းဖြင့် ရေကြောင်းတော်ဆန့် စကြာ ဖြန့်သော် ရာဇာန်းမင်းများ ဘုန်းတော်အားကြောင့် ဆန်းပြားထုလုပ် ကျောက်ဘုရုပ်တို့ တီးမှုတ်ကြူဆို ဘုန်းရိပ်ခို၍၊ သီဟိုဠ်ပိုင်နင်း ဘုရင်မင်းလည်း ပြစ်ကင်းရင်သွေး စောဦးထွေးနှင့် မြတ်လေးကိုယ်စား နန်းတွင်ထားသည့် ထေရ်ဖျား ကဿပ ရုပ်တုလှကို သင်္ဘောနက်ဘောင် ဆောင်အရောင်နှင့် တင်ဆောင်ဆက်ကာ ထွက်နှင်လာ၏ ဘဲခွာကွန်းထောက် သပြေရောက်သော် ဘုန်းတော်ဘုရား ပျော်စံစားသည့် ဘော်သားတပဲ ပုလဲပိုးသွင် ကျောက်ဖျာပြင်မှ ဖြူစင်ဆွဆွ ကျောက်တုံးစကို ဗုဒ္ဓရုပ်တူ ထုတော်မူ၍ ရှင်ဖြူဘွဲ့သ ခေတ်ရှင် လှကား ရုက္ခသပြေ တောင်ကိုင်းပေတည်း ဗုဒ္ဓေရုပ်ပွား ခေတ်မွေမျှားကို သိကြားအပ်နှင်း ရိုသေခြင်းနှင့် လောင်းမင်းစည်သူ ပင့်ဆောင်ယူလျက် ဇမ္ဗူရိပ်ခွာ ဘောင်စကြာလည်း မလ္လယုရောက် ထိုကျွန်းပေါက်သား ကဲမောက်နံ့လွှန် သရက္ခန်ကို ဟေဝန်ယက္ခ နှင်းဆက်သ၏ ထိုမှခွာရှောင် ကျွန်းမာရ်အောင်သို့ ရွှေဘောင်လှည့်သွား ခေတ္တနား၍ လောင်းဖျားဘုန်းကံ ရိမဒ်စံသည် ပုဂံတုံခေါက် ပြန်လည်ရောက်သော် ထက်အောက်ရှင်လူ တိုင်းပြည်သူတို့ ဆုယူနိဗ္ဗာန် ကျိုးများရန်ဟု ရည်သန်ပြီးခါ ကိန်းလိုရာ၌ မြတ်စွာနှစ်ပါး ကိန်းစေသားဟု ထက်ဖျားမြစ်ညာ ပင့်ဆောင်လာ၍ ဇေယျာချောက်ထဲ ဖောက်ဆဲဆဲ၌ အမြဲနေပင် ဤချောက်တွင်ဟု သဝင်နှစ်ပါး သက်ရှိလားသို့ မိန့်ကြားသေးနက် အံ့ဘွယ်မြွက်သော် ရဲမက်ဘော်သား မှူးမတ်များနှင့် သောင်းဖျားစည်သူ ထိုကမ်းငူ၌ ရှင်ဖြူရှင်လှ မြတ်ဗုဒ္ဓကို ဘောင်မှ ပင့်ယူ တည်တော်မူ၍ နှစ်သူရှင်ထူး ကမ်းထိပ်ဖူးဝယ် ဘောင်ဦးဖောင်ပဲ့ တည်ပြန်ခဲ့ရှင့် ဘုန်းဟဲ့ကဿပ ရုပ်တုလှကို ဘောင်မှပင့်ယူ ဤတောင်ငူတွင် လိုက်ဂူသာစွ ကိန်းစေကြ၍ ကဿပဂူ သတင်းကြူလည်း နှောင်းလူနောက်သား ဆင့်ဆင့်အားဖြင့် ရွှေ့ရှားခုမူ ပဲစားဂူဟု ရှင်လူခွန်းဟ ခေါ်စကြ၏ ဗုဒ္ဓကိုယ်စား ထိုနှစ်ပါးအား ခစားဝပ်စင်း ဆွမ်းလှူခြင်းကား သစ်ဆင်းလက္ခယ် သောသောကြွယ်ရှင့် မြန့်နယ်အဘွင်း ဆန်လှူသင်း၏ ဖြည့်သွင်းတပွဲ



တင့်တယ်ဆန်းထူး နန်းဦးစေတီတော်

နောက်ဆက်တွဲနှင့် သဲသဲဗြိမ့်ဗြိမ့် ဇာတ်အငြိမ့်ဖြင့် နှစ်သိမ့်အားတက် ယှဉ်ပြိုင်ဘက်၍ သူ့ထက်ငါသာ လူပိုလ်ပါတို့ သဒ္ဓါရှင်လန်း ဆွမ်းလှူဒါန်း၏ ထူးဆန်းအံ့ဖွယ် ဂုဏ်နက်ကျယ်ကား လူ့နယ်တလွား ပြိုင်ဖက်ရှားအောင် တရားမင်းတု သိကြားမင်းသု၍ ကောင်းမှုရည်ရည် လူမင်းတည်သည်။ ။ ဘုန်းစည်ရှင်ဖြူ ရှင်လှသောပ်။ [၁]

### ညောင်ပင်သာ ဦးပုည၏
### ရှင်ဖြူ ရှင်လှ ရွှေမြင်မိ ရွှေမြင်တော် ကြက်ငါးဆူဘုရား
### သမိုင်းဘွဲ့ တေးထပ်

နရပတိစည်သူ ဘုန်းရှိန်မြူးလို့၊ မြဇမ္ဗူဦး လှည့်ခဲ့လာ၊
သင်းကနက်ခေလှ ဘောင်စကြာငယ်၊ လိုဓတော်ရှိရာ ရောက်နိုင်စွမ်း။
ရှင်ဖြူ ရှင်လှ မြတ်ညီနောင်ကို၊ သိကြားပင့်ဆောင် ကွယ်ကိုးစေဘိုကာမ်း။
ရွှေမြင်မိ ရွှေမြင်တော်၊ ခြောက်သွယ်ဆောင်မော် ထိန်ထိန်လျှမ်း။
ကြက်အိပ်, ကြက်ခေါင့် အုံမခန်း၊ ဘုန်းဘော်ဝေလန်း ထူးမြတ်စွာ။
ကြက်ကျ, ကြက်ယက်, ကြက်တောင်ထူး၊ ရွှေကြက်ငါးဦး ဂုဏ်ပေါင်း
ကွန့်ကွန့်ဖြာ။
ခုဆိုသမျှ ထွတ်သကျာကို၊ သက္ကရာဇ် လေးရာ ရှစ်ဆယ်စွန်း၌၊
ပေါ်ထွန်းမူလ စ၍ထွန်းစည်၊ လိုမင်း နရပတိတည်။
ဘောင်စကြာနှင့် ဇမ္ဗူလည်သည်၊ မွန်ရှည်သာသနာ တည်ထွန်းစေဘို့
လေး။

---

## နန်းဦး စေတီတော်

နန်းဦးစေတီတော်ကား ရတနာဗိမာန်ချောင် မြောက်ဖက် ရွှေစေတီရိပ်သာ တောင်ဖက်ဘွင် တည်ရှိခဲ့သည်၊ ရှေးယခင်က မြန်မာမင်းများ စိုးစံခဲ့သော နန်းတော်ဦး အရပ်၌ တည်ရှိနေသဖြင့် နန်းဦးစေတီဟု ထင်ရှားလေသည်။

### သမိုင်း အကျဉ်း

သက္ကရာဇ် ၆၀၀ ကျော်လောက်တွင် မြန်မာပြည်မှ ရဟန်းတော်တပါးသည် သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူ၍ အနုရာဓမြို့ရှိ ထူပါရာမစေတီ, မဟာစေတီ, သံဃမိတ္တာ မဟာဗောဓိ စသည်တို့ကို ဖူးမျှော်ခဲ့လေသည်၊ သီဟိုဠ်

---

၁။ ဇေယျာစလပျို့ - ၃၂၊ ၃၄။

ကျွန်းမှ အပြန်တွင် ဓာတ်ဓာတ် မွေတော်များ ပင့်ဆောင်တော်မူလာခဲ့ပြီး သင့်လျော် လျောက်ပတ်သော ဤမည်သော နေရာ၌ သက်ဆိုင်ရာ ဒကာ-ဒကာမတို့၏ အကူအညီဖြင့် သက္ကရာဇ် ၆၀၆-ခုနှစ်တွင် စေတီ တည်ထား ကိုးကွယ်တော်မူခဲ့လေသည်၊ ယင်း စေတီသည် နန်းတော်ရာဦး၌ တည်ရှိရကား နန်းဦးစေတီဟု ထင်ရှားလေသည်၊ ဘုရားတည်သူနှင့် စပ်၍ 'ဘိက္ခုအမွန်၊ သီဟိုဠ်ပြန်၊ တည်ဟန် နန်းဦးတွင်' ဟု သံပေါက် စီခဲ့ကြကုန်၏၊ တလ လေးခါ နတ်တို့ စေတီတော်အား ပန်းနံ့သာ အချိုးမျိုးတို့ဖြင့် ပူဇော်ကြသည်ဟု အဆိုရှိလေသည်၊ ကုသိုလ်ပညဖြင့် ပျော်မွေ့ကြသော စစ်ကိုင်း မြို့သူမြို့သားတို့သည် နှစ်စဉ် ဝါခေါင်လဆုတ် ၈-ရက်နေ့တွင် ဆွမ်း ပန်း ဆီမီး ရောင်စုံ စသည်တို့ဖြင့် ပူဇော်လေ့ ရှိကြကုန်၏၊ နန်းဦးစေတီကို အောက်ပါ ဂါထာဖြင့် ရှိခိုး ဦးချရာ၏။

## နန်းဦး ဘုရားရှိခိုး


လံကာဂတေန မာပိတံ၊ နန်းဦးဝှထူပမုတ္တမံ။
နမာမိ ဗုဒ္ဓမုဒ္ဒိဿ၊ ဗုဒ္ဓေ ပသန္နမာနသော။

အဟံ၊ အကျွန်ုပ်သည်။ လံကာဂတေန၊ လံကာခေါ်ဆို ကျွန်းသီဟိုဠ်မှ ပြန်ကြွတော်မူလာသော ရဟန်းတော်တပါးသည်။ မာပိတံ၊ ဖန်ဆင်းတည်ထား ကိုးကွယ်အပ်သော။ နန်းဦးဝှထူပမုတ္တမံ၊ နန်းဦးစေတီ ဘွဲ့တော်ချီသော ပုထိုးတော်မြတ်ကို။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား မြတ်ဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ ပသန္နမာနသော၊ လေးမြတ်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍။ နမာမိ၊ ရိုသေမြတ်နိုး ရှိခိုးဦးချပါ၏။

အောက်ပါ သမိုင်းလက်ာကိုလည်း ဖတ်ရှု လေ့လာရာသည်။

## နန်းဦးစေတီ သမိုင်းလက်ာ

နန်းဦးရှင်ပင် စေတီဝင်ကား ယခင်ကာလ ဝိဇယဟု သီဟန္ဒယ်ရှင်း တည်ဖန်ဆင်းသား သတင်းကြေငြာ ကျွန်းလက်ာမှ မြန်မာပြည်ဘွား ထေရ်တပါးသည် ဘုရားမွေဓာတ် ပင့်ဆောင်လတ်၍ လျောက်ပတ်ချိန်ခါ ပြန်ကြွလာသော် မြန်မာနိုင်ငံ မြို့ပုဂံ၌ ဘုန်းလျှံတောက်ပ သားမြွာဘဟု သီဟပတေ့ သုံးကြိမ်စေ့အောင် ပြန်၍မင်းဖြစ် ထိုမင်းခေါ်တည့် စင်စစ်မှန်စွာ ထိုချိန်ခါက ဇေယျာပူရ မြို့သာစွ၌ မြို့ပြရွာပြည် ပြန့်ပြောစည်အောင် မတည်ရသေး လူနေဝေးလျက် မြသွေးအရောင် ရှိအမြောင်နှင့် ညိုမှောင်စုံမှိုင် အဆိုင်ဆိုင်ဖြင့် မွေးကြိုင်နံ့လှောင်း ပျော်ဘွယ်ကောင်း၍ တောကျောင်းတည်ကာ ထိုခန်းဝါတွင် ပင့်လာဓာတ်မွေ ကိန်းဝပ်စေမူ ဗိုလ်ခြေ



သမိုင်းကြောင်း ဆန်းထူးလှသော
နန်းဦးစေတီတော်

များစွာ သတ္တဝါတို့ ချမ်းသာသုံးတန် ရမည်မှန်ဟု ဝေဘန်ဆုံးဖြတ် စိတ်ရည်မှတ်လျက် ဓာတ်မြတ်ကိန်းရာ ဤထူပါကို ခြောက်ရာ့ခြောက်ခု နှစ်အစုတွင် ဘိက္ခုအမှုန် သီဟိုဠ်ပြန်လျှင် ဆော်ဘန်လူများ ပြုတည်ထားရှင့် စုံဖြား ပျော်အောင်း နတ်အပေါင်းတို့ ခညောင်းနှေးညာ ဦးနှိမ်ချ၍ တလဲလဲခါ မွေးကြိုင်စွာလျှင် ဖြူဝါနီမြန်း အဆန်းဆန်းနှင့် နတ်ပန်းသွယ်သွယ် စံပယ်၊ မုလေး သေးရဲဈေးတည့် ချော်ထွေးကန့်ကော် စွယ်တော်၊ ကြက်ရုံး ဂမုံး ခတ္တာ ယင်းမာ၊ အင်ကြင်း မွှေ့ရာခင်း၏ လူမင်းစံပျို့ ဤမြေမျို့ဝယ် နန်းမြို့တယ် (တည်) မှ နန်းဦးကျ၍ နာမဘွဲ့ထူး ကြားသူနူးအောင်း နန်းဦးရှင်ပင် ဆက်ကပ်တွင်၏ ယခင်ဟောင်းပျက် ချို့ယွင်းချက်ကို နောက်ဆက်သဂ္ဂါ ပြင်သူမှာကား ဇေယျာမြို့မွေး ကင်းစာရေးတည့်။ ။ စုဝေးကပ်မြဲ ဆွမ်းတော်ပွဲကား ထူးကဲမြားမြောပ် ဓာတ်မီးခေါင်နှင့် ဝါခေါင်ကျော်တက် ဆုတ်ရှစ်ရက်ဟု မပျက်ဗာခစောင် သံပိုင်းထောင်သည်။ ။ဘုန်းခေါင်ရှင်ပင် နန်းဦးသော်။

## ညောင်ပင်သာ ဦးပုည၏
## နန်းဦးဘုရား သမိုင်းဘွဲ့ ဂဝ - ပေါ် တေးထပ်

ဗဟန်းငွေရောင် တောင်ငူထိပ်မှာ၊ နန်းဦးမာရ်နှိပ် ဘွဲ့တော်သာ၊
သီဟိုဠ်ပြန်ရောက် ထေရ်မဟာသည်၊ ရှေးဦးစစွာ တည်ခဲ့ထား။
သီရိတော်မြတ် မွေ့တော်စံတယ်၊ သိကြားပန်းရန် ပြုလုပ်ကျော်ထင်ရှား။
သက္ကရာဇ်ခြောက်ရာ့ ခြောက်နှစ်ကျော်မှာ၊ ပွင့်စ ဂုဏ်တော် ခြောက်ရောင်ကြွား။
တောတောင်ဒေဝါ နတ်အများတို့၊ ရှင်အားကြည်စွ ပန်းမွှေ့ရာ။
တလလေးကြိမ် ဆက်သခင်းတယ်၊ ကြိုင်ကြိုင်ပျံ့သင်း တောင်လုံးမွှေးလှိုင်ပါ။
တထောင့်နှစ်ရာ့ ဆယ့်ခြောက်ခါမှာ၊ ရွှေပြည်ခမာ ရောက်ရာမှီးလို့။
ကင်းစာရေးကြီး ဇာတိ ဇေယျာ၊ ထပ်မံ ပြုပြင်ရှာ။
ဝါခေါင်ကျော်ထ ရှစ်ရက်မှာမူ၊ ဆွမ်းပွဲလှူခါ စည်ပြောပါသုလေး။

——

# ဆွမ်းဦးပုညရှင် စေတီတော်

ဆွမ်းဦးပုညရှင် စေတီတော်သည် စစ်ကိုင်းတောင်ရိုး ရေငုံချောင် အနောက်ဖက်တွင် တည်ရှိလေသည်၊ ယင်းဆွမ်းဦးပုညရှင် စေတီတော်၏ တောင်ဖက်၌ အရှေ့ဣဿာသယချောင် တည်ရှိလေသည်၊ နတ် ပြဟ္မာတို့ ဆွမ်းဦး ကပ်လှူ

ကြသောကြောင့် ဆွမ်းဦး[1] — ပုညအမတ် တည်သောကြောင့် ပုည — ဆွမ်းဦး နှင့် ပုည နှစ်ပုဒ် တွဲစပ်ကာ ဆွမ်းဦးပုညရှင် ဟု တွင်လေသည်။

ပုညရှင်တောင်ကို ကကုသန်ဘုရားလက်ထက်တော်က သေလာတောင်[2] ကောဏာဂုံဘုရားလက်ထက် ဝက်တောင်[3] ကဿပဘုရားလက်ထက်က မွေ့ကတောင်[4] ဂေါတမဘုရားလက်ထက်တွင် နာဂဒတ္တတောင်[5] ဟု ခေါ်ဝေါ်သည်ဟု အဆိုရှိ၏၊ နောက်တွင် ဖေါ်းတောင်ဟုလည်း ခေါ်သေးသည်၊ ပုညရှင်စေတီ တည်ပြီး နောက်တွင် ပုညတောင်ဟု တွင်သေသည်၊

မြတ်စွာဘုရား ကြွလာတော်မူစဉ် စစ်ကိုင်းတောင်၌ ဇေတဘီလူး အမျိုးပြုသော ဘီလူး ၉ ကျိပ် ၉ ယောက်တို့အား တရား ဟောကြားတော်မူခဲ့လေသည်၊ ထိုမှတဆင့် ဖေါ်းတောင်သို့ ကြွတော်မူ၍ ယုန်မင်း ဖြစ်စဉ်က ကျင်လည်ခဲ့ဘူးသော နေရာ ဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့သည်ဟုလည်း အဆိုရှိလေသည်။

## သမိုင်း အကျဉ်း

သက္ကရာဇ် ၆၇၄ ခုနှစ်တွင် တစီးရှင်သီဟသူသည် ဝိဇယပူရ ပင်းယမြို့ တည်ထောင်တော်မူ၍ မင်းပြုတော်မူခဲ့လေသည်။

တချပ်ပြေးမင်း၏ မိဖုရား ဖြစ်ခဲ့ဘူးသူ မိဖုရား ဖွားစောသည် ပုဂံနန်းတော်၌ အနော်ရထာ စသော မင်းအဆက်ဆက် ကိုးကွယ်ခဲ့သော သရီရဓာတ်တော် ၇ ဆူ ကိန်းဝပ်သည့် ရတနာကွမ်းခွက်ကို တစီးရှင်သီဟသူအား ဆက်သလေ၏၊ မင်းကြီးသည် ယင်းရတနာကွမ်းခွက်ကို ကွမ်းထည့် စားမိရာမှ ယားယံသော အနာပေါက်၍ ကွမ်းခွက်ကို ပန်းတိမ်သည် ငစိန်သင်းထံ ပို့၍ ဖျက်ကြည့်စေရာ ဓာတ်တော်တို့ကို တွေ့ရလေသည်၊ ဓာတ်တော် နှစ်ဆူမှာ မှဲ့ နှင့် တူဘွယ် နှစ်မြှုပ်နေသဖြင့် ဓာတ်တော် ငါးဆူကိုသာလျှင် မင်းကြီးထံ ပို့ဆက်သေရာ[6] မင်းကြီးက ရွှေမယ်န ခုနစ်ချက် ရှိသည်ကို သိ၍ ဓာတ်တော် နှစ်ဆူ လိုသေးကြောင်း သိသဖြင့် ပန်းတိမ်သည် ငစိန်သင်းကို ဖမ်းဆီးစေလေသည်။

ငစိန်သင်းသည် စစ်ကိုင်းဖက်သို့ ကူးပြီးလျှင် ပုညအမတ်ထံ ရောက်ရှိလေ၏၊ ပုညအမတ်ကြီးသည် ဓာတ်တော် နှစ်ဆူ ရောင်ခြည်တော် ကွန့်မြူး

---

၁။ နောင်အခါ ဝါဆိုပွဲတွင် ဆွမ်းဦးစွာ ဆွမ်း ကပ်သဖြင့် ဆွမ်းဦး ( မှုကွဲ )
၂။ ဂိသာပဗ္ဗတ ( သက္ကတ )
၃။ ဝင်္ကပဗ္ဗတ (သက္ကတ)
၄။ မေဃကပဗ္ဗတ ( သက္ကတ )
၅။ နာဂဒတ္တပဗ္ဗတ ( သက္ကတ )
၆။ ၄ - ဆူသာ ပို့ဆက်သည်ဟုလည်း မှုကွဲ ရှိ၏။



ဖူးမြင်သူတိုင်း နှလုံးဓာတ်ကြည်သည့်
ပုညရှင်စေတီတော်

သည်ကို ဖူးမြင်ရသဖြင့် ရှင်ပြု ဝမ်းမြောက်ကာ စေနိုသင်းထံမှ ပေနှင့်တူကို တောင်းယူပြီးလျှင် ကောင်းစွာ ပူဇော်ပင့်ဆောင်လေလျှင် ဓာတ်တော်များ ပေနှင့် တူမှ ထွက်ကြွတော်မူကုန်၍ ရတနာပန်းတောင်း၌ တည်တော်မူကုန်၏။

အမတ်ကြီးသည် ဓာတ်တော်များ အိမ်ဦး၌ ကိုးကွယ်ရာမှ အများ လူနတ်တို့ ကိုးကွယ်နိုင်အောင် ဌာနာ စေတီ တည်လိုသဖြင့် ဓာတ်တော် ပတ္တမြား ကြုတ်ကို ရွှေလင်ပန်းနှင့် တင်ကာ သင်္ဘောပုတ်၌ ပြု၍ မင်းမှုထမ်းတဦးအား စစ်ကိုင်းတောင်ရိုးရှိ တင်လိုရာ အရပ်၌ တင်ထားခိုင်းလေသည်၊ ထိုအမှုထမ်းက ဖေားတောင်ပေါ်၌ တင်ထားခဲ့သဖြင့် အဓိဋ္ဌာန်အတိုင်း ထိုဖေားတောင် ထိပ်၌ သက္ကရာဇ် ၆၇၄ (၆၇၄) ခုနှစ်တွင် စေတီ တည်ထား ကိုးကွယ်ခဲ့လေသည်။

ထိုအခါ တစီးရှပ်သိဟသူ သိ၍ ပိမိ အသိမပေးပဲ တည်ရမည်လားဟု အမျက်တော် ရှိ၍ ပုညအမတ် နှင့် စေနိုသင်းကို ရေတွင် နှစ်၍ သတ်စေရာ ရေမနစ်ပဲ ရှိလေရာ အပြစ်မှ လွှတ်၍ မင်း နှင့် အမတ်တို့ စေတီဘော်ကို အပြီး မွမ်းမံကြကာ ရွှေထီးအထွတ် တင်တော်မူကြကုန်၏။

၎င်းနောက် မင်းစဉ် မင်းဆက် ကိုးကွယ်ခဲ့ကြ၍ အင်းဝ မိုးညှင်းမင်း လက်ထက်တွင် သီဟိုဠ်ကျွန်းမှ ပင့်ဆောင်လာသည့် ဓာတ်တော် မွေတော် ၄-ဆူ အနက် ၂-ဆူကို ဆွမ်းဦးပုညရှင်၌ ဌာပနာခဲ့ပြန်လေသည်။

သက္ကရာဇ် ၉၂၀-ပြည့်နှစ်တွင် ဟံသာဝတီ ဆင်ဖြူရှင်မင်း, ၉၅၃-ခုနှစ်တွင် ငါးဆူဒါယကာမင်း, ၉၇၉-ခုနှစ်တွင် အနောက်ဖက်လွန်မင်း, ၁၀၀၂-ခုနှစ်တွင် သာလွန်မင်း, ၁၀၆၁-ခုနှစ်တွင် စနေမင်း, ၁၁၃၅-ခုနှစ်တွင် ကုန်းဘောင် ဆင်ဖြူရှင်မင်း, ၁၁၄၇-ခုနှစ်တွင် ဘိုးတော်မင်း တရားတို့သည် အသီးအသီး ပြုပြင်ခဲ့ကြကုန်၏။

(၁၂၆၅-ခုနှစ်မှ စ၍ စစ်ကိုင်းတောင်ရိုး ဓနုဖြူချောင်ဆရာတော် အရှင် အရိယဝံသ ကြီးမှူး၍ အဆောက်အဦများ ထပ်ဖြည့် ဆောက်လုပ်ခဲ့လေသည်၊) ၁၃၁၈-ခုနှစ် ဝါဆိုလဆန်း ၉-ရက်နေ့တွင် ငလျင်ဒဏ်ကြောင့် အနည်းငယ် ပျက်စီးခဲ့လေရာ ပြန်လည် မွမ်းမံ ပြင်ဆင်ခဲ့ကြကုန်၏၊ စေတီ ပူဇော်ပွဲကား နှစ်စဉ် ဝါဆိုလပြည့်နေ့ ဖြစ်လေသည်။

အောက်ပါ ဝန္ဒနာဂါထာဖြင့် ဆွမ်းဦးပုညရှင် စေတီတော်ကို ရှိခိုး ပူဇော် ဖူးမျှော်ရာ၏။

## ဆွမ်းဦးပုညရှင် ဘုရားရှိခိုး

ပုညရှင်ဣတိနာမေန၊ လောကမှိ အဘိပါကဋံ။
တေဇဝန္တံ မဟာထူပံ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ ပုညရှင် ဣတိနာမေန၊ ဆွမ်းဦးပုညရှင် ဟူသော အမည်နာမဖြင့်။ လောကမှိ၊ လောကဓာတ် အတွင်း၌၊ အတိပါကဋ္ဋ၊ လွန်စွာ ကျော်ကြား ထင်ရှားသော။ တေဇဝန္တံ၊ တန်ခိုးတေဇော် အာနုဘော် ကြီးမားတော်မူသော၊ မဟာထူပံ၊ ဘုရားဓာတ်တော် ကိန်းဝပ် ပျော်သည့် စေတီတော်မြတ်ကြီးကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ၊ ဝန္ဒာမိ၊ ရှိခိုး ဦးချပါ၏။

အောက်ပါ ဝိဇ္ဇောဒယဆရာတော်၏ ဆွမ်းဦးပုညရှင် သမိုင်းလင်္ကာကိုလည်း ဖတ်ရှု ကြည်ညိုရာသည်။

## ဆွမ်းဦး ပုညရှင် သမိုင်းလင်္ကာ

စစ်ကိုင်းမည်ခေါ် တိုင်းလုံးကျော်သား တောင်တော်ထွတ်ဖျား မြင့်မား မားဝယ် ဘုရားစေတီ စီရရီတည့် တိမ်ဆီဦးစူး ပြူးရရှူးလျှင် ကွန့်မြူး အရောင် ရွှေတန်ဆောင်သို့ 'ပုံ-တောင်-ဇေ-ချမ်း' စာတမ်းအရ ထုတ်ဖော်ပြမှု မဆွပေါ်ထင် 'ပုညရှင်' ကား ယခင်ကာလ မြို့ပန့်ရဋ္ဌ ဘဝသခင် တစီးရှင်သည် ပြည်ခွင်တလွား ကျင့်ဆယ်ပါးနှင့် တရားအဖျော် စိုးခါသော်ဝယ် အဖော်မဲ့မော မိဖုရားစောသည် အနော်ရထာ နန်းတွင်း မှာလျှင် ကောင်းစွာကော်ရော် ရှိပူဇော်သည့် ဓာတ်တော်ထည့်စွက် ရွှေကွမ်းခွက်ကို ကွဲ့ဂုက်ဆောင်ယူ သိဟသူအား ကြည်ဖြူလေးမြတ် ဆောင်နှင်းလတ်၍ အမတ်ပုည ပန်းထိမ်ပြုလျက် ခွက်မှုထုတ်စေ မိန့်ခွန်းချေသော် ဓာတ်မွေကြုတ်အိမ် ရှိဦးနိမ့်၍ ပန်းထိန်ကျွန်ရင်း ငစိန်သင်းလည်း ဘောက်ထွင်းဖွင့်လှစ် မြတ်ရှင်ချစ်၏ ဓာတ်စစ်နှစ်သူ ခိုးဝှက်ယူလျက် လေးဆူကိုသာ ဆက်သလာ၍ ရာဇာသီဟ မြို့ပန်းရဋ္ဌ သိဝရှယ်ရည် စည်းခုံတည်၏ ရိပ်ခြင်မြော်မိ မတ်ကျော်သိ၍ မိမိအချင်း ငစိန်သင်းအား အတွင်းသဘော စေစေသောဟု နိုးနှော့ဆော့နှေး ဥစ္စာပေးလျက် ကြေပြေးခါ မြစ်ရောကို ကူးခါ ရှင်ပျူ ခမ္ဘကဟု မြူးကြွမြင့်ခေါင် ငဖားတောင်၌ နောက်နောင်အကျိုး တိုးကြီးတိုးအောင် မြော်ကိုးရည်သန် ဆုကြီးပန်လျက် ငါးမာရ်ပယ်ချွေ ရှင်တော်မွေကို စံရွှေသိင်္ဂါ ကိုးဖြာမျက်စုံ ယှက်ရုံရစ်လည် ဖြိုးဖြိုးစည်အောင် စေတီတော်မြတ် တည်ဘန်လတ်၍ အမတ်ပုညာ စွဲမှီကာလျှင် ဝေါဟာမည်တွင် ပုညရှင်တည့် တိုင်းခွင်ပြည်ရေး ပေါက်နှင့်ကျေးသို့ ရှုပ်သွေးခြင်းရာ ဖြစ်အံ့ခါဝယ် မှန်စွာဖြစ်လိမ့် မြေကြီးနိမ့်၍ သိစိမ့်ဗိုလ်လူ ပြသောဟူ၏ နတ်လူများစွာ ကြည်သဒ္ဓါဖြင့် နှယ်တာလပြေ့ ထိုသနေ့၌ တိုးဝှေ့ထပ်ထပ် ဆွမ်းတော်ကပ်လျက် တုပ်ဝပ်ဝမ်းနူး လျှမ်းလျှမ်းမြူးသည်။ ။ ဆွမ်းဦးပုည ရှင်ပင်သော်စ်။[၁]

၁။ ဇေယျာစသပျို့—၁၅၊ ၁၆။



တင့်တယ်ထူးခြား ဆင်မျှားရှင် စေတီတော်

## ညောင်ပင်သာ ဦးပုည၏
## ဆွမ်းဦးပုညရှင် ဘုရားသမိုင်းဘွဲ့ ၁၀ - ပေါ် တေးထပ်

ခြောက်ရာ့ခုနစ်ဆယ် လေးခုစွန်းမှာ၊ ပွင့်ထွန်းအာဒိ ဂုဏ်ပေါင်းဝေ
အောင်မြေမာရ်နှိပ် တောင်ထိပ်ဗွေ့ဝယ်၊ မှောင်ရိပ်ပယ်ချေ မြတေလင်း။
မားမားစွင်စွင့် ဖူးတိုင်းပေါ်တယ်၊ တုနှိုင်းမမြှော် ခြောက်ရောင်ရှိန်
လို့လင်း။
ဝိဇယာပူရ ပန်းယထူတယ်၊ မင်းသီဟာသူ စိုးပိုင်းနင်း။
မန်းထိမ်သည်တော် ငစိန်သင်းနှင့်၊ ပုညမည်ရင်း မတ်ကဝိန်။
တူကွတိုင်ပင် တည်ပြုကိုးတယ်၊ ဘယ်ခါမညှိုး တန်ခိုးတွန်းလျှံရှိန်။
နှစ်ဆူဓာတ်မြတ် လွန်မွေ့သိမ်တယ်၊ ဝါဦးပုဏ္ဏိန် ခါသမယ၌၊
ဇေယျာပူရ ပြည်သားပြည်သူ၊ ဆွမ်းဦး စကပ်လှူ။
ပုညရှင်ဟု သမိုင်းထူသည်၊ ဘွဲ့တော်မွေးကြူ သင်းပြန့်ပါလှလေး။ ။

---

## ဆင်များရှင် စေတီတော်

ဆင်များရှင် စေတီတော်သည် စစ်ကိုင်းမြို့ အနောက်မြောက်ဖက် ရွှေဘို မုံရွာ ကားလမ်းတွင် တည်ရှိလေသည်၊ ဘွဲ့တော်မှာ ရတနာစေတီ ဖြစ်လေသည် ဉာဏ်တော် - ၁၂၀ အမြင့်ဆောင်တော်မူသည်။

### သမိုင်း အကျဉ်း

သက္ကရာဇ် ၇၈၈ - ခုနှစ်တွင် အင်းဝ နန်းမြို့တော်၌ နန်းတက်သော မိုးညှင်းမင်းတရားကြီးသည် စစ်ကိုင်းမြို့ အနောက်ဖက် သာယာလှသော မြေအပြင်၌ သက္ကရာဇ် ၇၉၂ - ခု တပေါင်းလပြည့်နေ့တွင် သာယာလှသော မြေအပြင်၌ စေတီတော်ကြီးကို တည်ထား ကိုးကွယ်တော် မူခဲ့လေသည်၊ ၇၉၁ - ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ သီရိသဒ္ဓမ္မာလင်္ကာရမထေရ် နှင့် သီဟဠသာမိ မဟာထေရ် နှစ်ပါးသည် ဓာတ်တော် ၅ - ဆူကို ပင့်ဆောင်၍ အင်းဝနေပြည် တော် မိုးညှင်းမင်းတရားထံ ရောက်ရှိပြီး ဓာတ်တော် ၅ - ဆူကို မိုးညှင်းမင်း တရားကြီးအား ကိုးကွယ်ရန် အပ်နှင်းလေသည်၊ မိုးညှင်းမင်းတရားကြီးသည် ယင်း ဓာတ်တော် ၅ - ဆူကို ဌာနာတော်မူ၍ တည်တော်မူခဲ့လေသည်၊ ရတနာ စေတီဟုလည်း အမည် မှည့်ခေါ်တော်မူခဲ့လေသည်။

### ဆင်များရှင်စေတီဟု တွင်ခြင်း

ရင်းပြင် သက္ကရာဇ် ၈၄၂-ခုနှစ်တွင် အင်းဝမြို့၌ နန်းတက်သော ဒုတိယ မင်းခေါင်သည် ၈၄၇-ခုနှစ်တွင် ပြိုပျက်နေပြီ ဖြစ်သော ရတနာစေတီကြီးကို

မဟာရမ်တံတိုင်းတွင် ဆင်ရုပ်များ ရံလျက်လည်းကောင်း- မုခ်ဦးတွင် ဆင်ရုပ်များ ခံလျက်လည်းကောင်း ပြုပြင်တော်မူခဲ့လေသည်၊ ထိုအချိန်မှ စ၍ ဆင်များရှင်စေတီဟု တွင်လေသည်။

ရတနာထူပေါ ပုဗ္ဗေဟိ၊ ဆင်များရှင်စေတီယံ ပုန[၁]။
ဉတိ ကိရ မနုဿာပိ၊ ဝေါဟရန္တိ အနေကဓာ။

## လျှော်ဒဏ်ကြောင့် ပြိုကျ ထပ်မံ ပြုပြင်

၁၃၁၈-ခုနှစ် သာသနာတော် ၂၅၀၀-ပြည့်မြောက်သော နှစ် ဝါဆိုလဆန်း ၉-ရက်နေ့တွင် လျှော်ဒဏ်ကြောင့် စေတီတော်ကြီး ပြိုကျပျက်စီးသဖြင့် မူလ ဌာပနာ ပစ္စည်းများကို ထပ်မံ ဌာပနာကြကာ အများလူထု ကောင်းမှုဖြင့် ပြုပြင် တည်ဆောက်ကြလေကုန်၏၊ စစ်ကိုင်းသို့ ဘုရားဖူးရန် ရောက်ရှိသော သူတော်စင်တို့သည် ဆင်များရှင် ဘုရားကိုလည်း အောက်ပါ ဝန္ဒနာ ဂါထာဖြင့် ရှိခိုးဦးချ ဖူးမျှော်ရာသည်။

### ဆင်များရှင် ဘုရားရှိခိုး

ဆင်များရှင်ထူပပါမောက္ခံ၊ နာနာဓာတုနိဓာနကံ။
ရာဇဝရေဟိ မာပိတံ၊ ဝန္ဒာမိ သိရသာဒရံ။


အဟံ၊ အကျွန်ုပ်သည်။ ရာဇဝရေဟိ၊ မိုးညှင်းမင်းခေါင် သတင်းပြောင်သား မင်းတရားတို့သည်။ မာပိတံ၊ တည်ထားအပ်ခဲ့သော။ နာနာဓာတုနိဓာနကံ၊ ဘုရားဖိနပ် ဓာတ်တော်အမျိုးမျိုးတို့ ဌာပနာကိုးကွယ်ရာ ဖြစ်သော။ ဆင်များရှင်ထူပပါမောက္ခံ၊ ဆင်များရှင် စေတီတော်မြတ်ကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရှိသေလှစွာ။ ဝန္ဒာမိ၊ ရှိခိုးဦးချပါ၏။

### ညောင်ပင်သာဦးပုည၏
### ရတနာမုနိ ဆင်များရှင်ဘုရား သမိုင်းဘွဲ့ ဂဝ-ပေါ် တေးထပ်

ရစ်လည်ရေညို သီတာခသည်၊ ရတနာပူရ ရွှေဝစံ၊
တမ္ဗဒီပ မြန်ထိပ်ပန်ငယ်၊ ရင့်သံသမ္ဘာ အာဏာမိုး။
ဗသျှုဆိဒ္ဒရ မုနိဖြိုးသည်၊ သက္ကရာဇ်တို ထွန်းတဲ့ရှိန်တန်ခိုး။
ဒွေးနော သတ္တ ကောဝိန်ခါမှာ၊ ရတနာစေတီ တည်ကွယ်ကိုး။

---

၁။ မဆွက ရတနာစေတီဟု ခေါ်ကြကုန်၏၊ နောက်တွင်မှ လူအများတို့ ဆင်များရှင်စေတီဟု ခေါ်ကြသည်။



သပ္ပါယ်လှုစ္စာ ထူပါရုံ စေတီတော်

ဘွဲ့တော်တဖန် နောက်မှတိုးတယ်၊ မြတ်နိုးခေါ်ကြ ဆင်များရှင်။
တရာ့နှစ်ဆယ် မိုးခေါင်စွင့်တယ်၊ ခိုးမှောင်ပယ်လှင့် အမြင့်ဉာဏ်တော်ပင်။
ရွှေထီးထပ်လို့ ၂-ဆင့်တင်တယ်၊ သီဟိုဠ်ဘုရင် သဒ္ဓါပွားလို့၊
အုတ်သားနှစ်ထပ် နောက်မှစီခြယ်၊ လုံးဝန်း လွန်သပ္ပါယ်။
မွေတော်ဓာတ်စစ် ကိန်းစံပယ်တယ်၊ ဇေယျာ့မြောက်ဝယ် ထူးတင့်ပါ
လှလေး။

---

# ထူပါရုံစေတီတော်

ထူပါရုံစေတီတော်သည် စစ်ကိုင်းမြို့တွင် သဘော်ာဆိပ် အနီး ပိုးတန်းတိုက် ဆန်တန်းရပ်၌ တည်ရှိတော်မူ၏၊ သီဟိုဠ်ကျွန်း အနုရာဓမြို့ရှိ သာသနာသက္ကရာဇ် ၂၃၆ - ခုနှစ်တွင် နန်းတက်သော ဒေဝါနံပိယတိဿမင်းကြီး ထိုသည့် သာသနာသက္ကရာဇ် ၂၃၆ - ခုနှစ်တွင် တည်ထားခဲ့သော စေတီတော်၏ နာမည် ယူ၍ တည်ဟန်ရှိပေသည်၊ ယင်း စစ်ကိုင်းမြို့ ထူပါရုံစေတီတော်ကြီးသည် သံတောင် ၁၃၅ - တောင် အမြင့်ဆောင်တော်မူ၏၊ သက္ကရာဇ် ၇၀၄ - ခုနှစ်တွင် ရတနာပူရ အင်းဝရွှေနန်းကို သိမ်းမြန်း စိုးစံတော်မူခဲ့သော နရပတိမင်းကြီးသည် သက္ကရာဇ် ၇၀၆ - ခုနှစ်တွင် ဓာတ်တော် မွေတော် များစွာတို့ကို ဌာပနာတော်မူ၍ တည်ထား ကိုးကွယ်တော်မူလေရာ ၇၀၉ - ခုနှစ်တွင် ပြီးမြောက်လေသည်၊ နရပတိမင်းကြီးသည်လည်း ထူပါရုံဒါယကာ နရပတိ ဟူ၍ ထင်ရှားလေသည်။

ထူပါရုံစေဘီတော် ထီးတင်ပွဲကို ၇ - ရက် တိုင်တိုင် ကျင်းပရာ အထူး စည်ကားလေသည်၊ ယင်း ထီးတော်တင်ပွဲ၌ သီဟိုဠ်၊ ယိုးဒယား၊ ဟံသာဝတီ၊ လင်းဇင်း၊ တရုတ်ပြည်ဘို့မှ လူအမြောက်အချားတို့ လာရောက်ဖူးမျှော်ကြ ကုန်၏။

ပဲခူးမြို့ မဟာစေတီတော်ပွဲ စည်ကားလှသဖြင့် ဟံသာဝတီမင်းက အင်းဝမှ သံတမန်တို့အား 'ဤမျှ စည်ကားသော ဘုရားပွဲဓဘာ်ကို တွေ့မြင် ဘူးကြပါ၏ လော' ဟု မေးရာ 'ထူပါရုံစေတီ ထီးတော်တင်ပွဲ နောက်ဆုံးရက်သောက် စည်ကားပါသည်' ဟု သံတော်ဦးတင်ကြလေရာ မင်းကြီးပြုံးတော်မူသည်ဟု ဆိုလေသည်၊ နှစ်စဉ် တော်သလင်းလဆုတ် ၈ - ရက်နေ့တွင် စစ်ကိုင်း မြို့သူ မြို့သားတို့ သံဃာတော် ၃၀၀ - ကျော်ခန့်တို့အား ဆွမ်း၊ ဟင်းလျာ၊ သစ်သီး မျိုးစုံ စသည် လှူဒါန်း၍ ခမ်းနားစွာ ထူပါရုံ ပူဇော်ပွဲ ကျင်းပရိုး ရှိကြကုန်၏။

အောက်ပါ ဂါထာဖြင့် ထူပါရုံစေတီတော်ကို ဖူးမျှော် ကန်တော့ ပူဇော် ရာ၏။

## ထူပါရုံ ဘုရားရှိခိုး

ထူပါရုံထူပမုတ္တမံ၊ နရပတိ သုကာရိတံ။
နာနာဓာတုသန္နိဓာနံ၊ ဝန္ဒာမိ သိရသာဒရံ။

**အဟံ**၊ အကျွန်ုပ်သည်။ နာနာဓာတုသန္နိဓာနံ၊ အထူးထူးသော ဓာတ်တော်မွေတော်တို့၏ ကိန်းဝပ် ဌာပနာရာ ဖြစ်သော။ နရပတိ သုကာရိတံ၊ အင်းဝနန်းရှင် နရပတိ ဘုရင်သည် တည်ထား ကိုးကွယ်စေအပ်သော။ ထူပါရုံ ထူပမုတ္တမံ၊ ထူးမြတ်လှတုံ ထူပါရုံမည် စေတီတော်မြတ်တရားကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ သဒ္ဓါရွှန်းစို ကြည်ညိုလှစွာ။ **ဝန္ဒာမိ**၊ ရိုသေမြတ်နိုး ရှိခိုးဦးချပါ၏။

ဝိဇ္ဇောဒယဆရာတော် ရေးသားတော်မူခဲ့သော ထူပါရုံ သမိုင်းလင်္ကာမှာ ပြည့်စုံ၍၊ ကောင်းမွန် ပြောင်မြောက်လှ၍၊ သုတေသီတို့ လေ့လာ ကြည့်ရှုနိုင်ရန် ဖော်ပြအပ်ပါသည်။

## ထူပါရုံ သမိုင်းလင်္ကာ

မြို့တွင်းစည်းခုံ ထူပါရုံ၏ ဥဿုံကြီးကျယ် အံ့သြဘွယ်ကို အလွယ်တကူ ဉာဏ်တံချူဖြင့် ဆွတ်ယူစေရန် နောက်ကြောင်းပြန်မူ ဗိမာန်သာစွ မြို့ရွှေဝက နရပတိ စောဘုန်းရှိလျှင် ပြည်ကြီးတံခွန် စေတီမွန်ကို ကျော်လွန်ခြောက်ခု ရှစ်ရာစု၌ စပြုတည်မျိုး ရှစ်ရာ့ကိုးတွင် ဖြိုးဖြိုးရောင်လွှင် ပြီးအောင်မြင်သော် သွင်သွင်ခြားလစ် ရောမြစ်ကို ဝါးသစ်ခိုင်မာ စိုက်ထူကာလျှင် သွားလာလွယ်မှု တံတားပြု၍ ဗိုလ်ထုသင်းပင်း စစ်ဆင်မြင်းနှင့် ရှေ့ဝင်း, နောက်ဝင်း တပ်တော်ခင်းလျက် နတ်မင်းအလား သောင်းရွှေများနှင့် မင်းသား, မင်းသမီး မှူးကြီး, မတ်ကျော် အိမ်ရှေ့ပျော်က ဆွေတော်မျိုးပုံ ကျူနှယ်ရုံ၍ ဝသုံ စောင်းမျှ စက်ဖြန့်ကြွလျက် သတ္တာဗိမာန် ဝေဇယန်ကို အပြန်တရာ မခံသာ အောင် ရန်ရှာသမှု ပြက်ရယ်ပြုသို့ ငါးခုလျှမ်းပတ် နန်းပြာသာဒ်နှင့် မဏ္ဍပ် ကန္နား အစားစားတွင် ယိုမှားနတ်နှယ် ပျော်စံပယ်၍ ကြီးကျယ်များစွာ သေရ်သံဃာအား မဟာရဟာ ဒါတဗ္ဗကို ဖြူဆွသဒ္ဓါ လှူပြီးခါလျှင် မဟာဇေယျာ ထူပါရုံကို လက်စုံရှိဆင် ထီးတော်တင်၍ ကျောက်တွင်အက္ခရာ ရေးထွင်းကာဖြင့် လယ်ယာထွေထွေ ဝတ်မိုးမြေနှင့် စောင့်နေပေါင်းဘော် ကျွန်းသီးတော်ကို ထုတ်ဘော်ပိုင်းခြား လှူဝတ်ထား၏ ယိုးဒယား, လင်း;ဇင်း ဟံသာမင်း နှင့် ကျည်းမင်း,သီဟိုဠ် ထိုထိုနန်းပြိုင် ရခိုင်, ဥတည် အပြည်ပြည်မှ ရှိသည်ထင်ရှား မြို့ရွာစားနှင့် စော်ဘွား, စော်ခံ မင်းပေါင်းရုံလျက် ခေမံရည်မှန်း ရေစင်သွန်းရှင့် ဘုန်းပန်းဖြိုးဖြိုး တို့မြန်မျိုးတို့ တန်ခိုးရှိန်ဝါ ရှိစဉ်ခါကို မြော်ကာပြန်သိ ဂုဏ်ယူမိ၏ ဇာတိဓမ္မ ရှိပြန်ကလည်း ပျက်ရ

ဝင်ထွာ ဟူစပါတည့် ရှည်ကြာကာလ ပြိုပျက်ကျ၍ အမရနန်းစံ မင်းပုဂံ သည် စီမံဆောင်ရွက် ပြုပြင်ဆက်လည်း တဝက်မျှရောက် မပြီးမြောက်ရှင့် စဉ်လျှောက်မပျက် ဆွမ်းတော်ရက်ကား ဆုတ်ပက်အဌ သစ်ဆင်းလဟု[၁] မှတ်ကြအမြဲ ခြိမ့်ခြိမ့်သဲအောင် ပျော်နွဲသင်းပင်း ပွဲစုံကျင်းသည်။ ။မြို့တွင်း ထူပါရုံ ပင်သောဝ်။[၂]

## ညောင်ပင်သာ ဦးပုည၏
## ထူပါရုံ ဘုရားသမိုင်းဘွဲ့ ဂဝ ပေါ် တေးထပ်

မြနုဒီ ခွဲခသည့်၊ ရွှေအင်းဝ စံရှင်၊
နရပတိ မြတ်ထွတ်တင်သည်၊ မာရ်လွတ်စင် ရောက်ြကွား။
ရှစ်ရာ့ခြောက် ကောဝိန်ခြိုတယ်၊ ထူပါရုံ ကောင်းမှုတည်ထား။
မင်းဝံညွန့် သေလာဘွေ့မှာ၊ လကျ်ာမြေ ထပ်ရှား။
ရောရေ သွင်မြသားလိုပ၊ နဖူးဖျား ကမ်းငူ။
တရာနှင့် သုံးဆယ့်ငါး၊ မိုးယံဖျား မြင့်ရွှေညာဏ်လူ။
လူနတ်ဦးခိုက် လှိုက်လှိုက်ဆူသည်၊ လောကမှန် ကူပေါင်းလို့၊
ကိန်းအောင်းစံပ ကြည်နူးစဘွယ်၊ တင့်ထူး လွန်သပ္ပာယ်။
ခြောက်ရောင်ဖြိုးလို့ ကိုးဂုဏ်ကြွယ်တယ်၊ ပြိုင်နိုင်းမဆွယ် ထူးမြတ်ပါ
လှလေး။ ။

---

## တောင်ဖီလာ စေတီတော်

တောင်ဖီလာစေတီတော်သည် မင်းဝံတောင် အရှေ့ တောင်ညိုရွာ အနီး စစ်ကိုင်းတောင်ရိုး၏ အနောက်ဖက် တောင်စွယ်ပေါ်တွင် တည်ရှိလေသည်။

လိုဏ်မပါပဲ စေတီလုံး သက်သက် ဖြစ်၏၊ ကြည်ညိုဖွယ်ရာ ဖူးမြင်နိုင်၏။

### သမိုင်း အကျဉ်း

သက္ကရာဇ် ၉၉၀ - တွင် အင်းဝမြို့၌ နန်းတက်သော သာလွန်မင်း တရားကြီး လက်ထက် မင်းဆရာ ဖြစ်သော 'တိပိဋကာလင်္ကာရရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ တောင်ဖီလာ ဆရာတော် အရှင် မုနိန္ဒဃောသသည် သက္ကရာဇ် ၁ဝဝဝ - ပြည့်နှစ်တွင် ရွှေစက်တော်မှ ဘုရားဖူး အပြန် ပခန်းကြီး ရွှေဥမင်ဆရာတော် ဦးဇမ္ဗုဓဇကို ဖူးမြော်ရန် သကာန်း စသော လှူဒါန်းဖွယ်

၁။ သစ်ဆင်း= ( ပေါ်ရာဏ ) တော်သလင်းလ
၂။ ဇေယျာစလပျို့ –၃၁၊ ၃၂။

ပရိက္ခရာတို့ကို ဆောင်သူကာ နောက်ပါ တပည့် ဒကာ ရဟန်း သံဃာတော်တို့နှင့် အတူ ပခန်းကြီးရှိ ရွှေဥမင်ဆရာတော်ထံသို့ ကြွရောက်တော်မူ၏။

ရောက်လျှင် ရောက်ချင်း ဝတ်ပြုအပြီး တောင်ဖီလာဆရာတော်က 'အရှင်ဘုရား - တောကြီးထဲ တပါးတည်း နေရတာ မကြောက်ဘူးလား' ဟု မေးရာ ရွှေဥမင်ဆရာတော်က 'ကြောက်လို့ တယောက်တည်း နေပါသည်' ဟု အဖြေပေးလေ၏၊ ယင်းသို့ အဖြေပေးသဖြင့် တောင်ဖီလာဆရာတော်အား 'ငါ့မှာ သံသရာဘေး မကြောက်၍ ပရိသတ်နှင့် နေရာရောက်နေပါပြီကော' ဟု တွေးတော စဉ်းစားကာ သံဝေဂရစေတော့၏။

ဤသို့ စသည်ဖြင့် အာလာပ သလ္လာပ စကား ပြောဆိုကာ 'အရှင်ဘုရား - ဘယ်ကျမ်း ပြုစုတော်မူပါသနည်း' ဟု လျှောက်ထားလေရာ 'ဝိနည်း ပါဠိတော် အဋ္ဌကထာ နိသျမျှား ပြုစုကြောင်း' ရွှေဥမင်ဆရာတော်က ဖြေကြားလေ၏၊ 'တပည့်တော်သည်လည်း အရှင်ဘုရား ရေးမှန်း မသိ၍ ဝိနည်းနိသျမျှား ရေးသား ပြုစုပါသည်' ဟု လျှောက်ထားလေ၏၊ တောင်ဖီလာဆရာတော်က သက်န်း ပရိက္ခရာမျှားကို ရွှေဥမင်ဆရာတော်အား လှူဒါန်းလေရာ ရွှေဥမင်ဆရာတော်က 'ရွှေစည်းခုံဘုရားအား လှူပါ၏' မြွက်ဆို၍ လှူဒါန်းလေသည်။

တောင်ဖီလာဆရာတော် စစ်ကိုင်းရောက်သောအခါ မြို့မှာ မနေတော့ပဲ တောင်ဖီလာတောရချောင် (တောရကျောင်း) ၌ အဖော်မမှီး ဧကစာရီ အကျင့်ဖြင့် မွေ့လျော်တော်မူခဲ့လေသည်၊ သက္ကရာဇ် ၁၀၀၃ - ခုနှစ်တွင် မိမိ ရေးသားပြီး ဝိနည်းနိသျမျှားကို ဌာပနာ၍ စေတီတည်ထားတော်မူခဲ့လေသည်။

ယင်းစေတီသည် တောင်ဖီလာစေတီ ဟု ယခုတိုင် ထင်ရှားလေသည်၊ နောက်တွင် သက်ဆိုင်ရာ ဒကာ, ဒကာမတို့ မွမ်းမံကြကုန်၏၊ တောင်ဖီလာစေတီတော် ပူဇော်ပွဲကို နှစ်စဉ် ဝါဆိုလပြည့်ကျော် ၈ - ရက်နေ့တွင် ပြုလုပ် ကျင်းပကြကုန်၏။

အောက်ပါ ဝန္ဒနာ ဂါထာဖြင့် တောင်ဖီလာစေတီတော်ကို ရှိခိုး ဦးချ ဖူးမျှော်ရာ၏။

## တောင်ဖီလာ ဘုရားရှိခိုး

ပေါတ္ထကာနိ နိဓာပေတွာ၊ မဟာထေရေန ကာရိတံ။
တောင်ဖီလာဝှယစေတိယံ၊ ဝန္ဒာမိ သိရသာဒရံ။

ဧဟံ၊ အကျွန်ုပ်သည်။ ပေါတ္ထကာနိ၊ ဝိနည်းနိသျကျမ်း စာပေတို့ကို။ နိဓာပေတွာ၊ ထည့်သွင်းမြှုပ်ကာ ဌာပနာစေ၍။ မဟာထေရေန၊ တိပိဋကာလင်္ကာရ နာမတန်ဆောင် တောင်ဖီလာဆရာတော်သည်။ ကာရိတံ၊ တည်

ထား ပြုလုပ်စေအပ်သော။ တောင်ဖီလာဝှယစေတီယံ၊ တောင်ဖီလာစေတီ ရွှေဘွဲ့ချီသား မြတ်ဘုရားကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရှိသေလှစွာ။ ဝန္ဒာမိ၊ ရှိခိုးဦးချပါ၏။

ဝိဇ္ဇောဒယဆရာတော်၏ တောင်ဖီလာစေတီ သမိုင်းလင်္ကာကိုလည်း ဖတ်၍ အာရုံပြု ကြည်ညိုရာ၏။

**တောင်ဖီလာစေတီ သမိုင်းလင်္ကာ**

တောင်ဖီလာဟု ပြည်ခွာထင်ပေါ် စေတီတော်ကား ပြည်မော်ရွှေဝ စိုးစံပသည့် နရသနင်း သာလွန်မင်းလျှင် ဝပ်စင်းလေးမြတ် သက်သို့မှတ်၍ မပြတ်ကိုးကွယ် မိုးလနှယ်သို့ သုံးသွယ်ပိဋကတ် ဘက်ကမ်းခတ်သား အမြတ်ဆေရဲ့ဖျား စလင်းဘွားဟု လေးပါးကျော်၍ တိပိဋကာ တောင်ဖီလာသည် သုနာပရန္တ နာမကွန့်လှိုင်း မြို့လယ်ကိုင်းက သခိုင်းအတွက် ပါဒစက်ကို ခဲခက်လှစွာ ကြွရောက်ကာလျှင် သဒ္ဒါပွားစီး ဖူးမျှော်ပြီး၍ ခရီးတွံ့ကာ ပြန်ကြွသာသော် သာယာရွှင်လန်း မြို့ကူးခန်း (ပခန်း) ၌ ရဟန်းပီပီ တောရမှီသား လဇ္ဇီဂိုဏ်းဝင် ရွှေဥမင်ဟု အရှင်မဟာ ထေရ်ဆရာနှင့် ရညာဝါသ ဘွဲ့ဆိုကြ၍ 'တောဝ မြိုင်တွင်း တယောက်ချင်းဖြင့် ကြောက်ခြင်းရှင်ကား မဖြစ်လား' ဟု စကားမေးလျက် နှုတ်ခွန်းဆက်သော် 'တောနက်ခိုမှီး ကြောက်အားကြီး၍ ယောက်ထီးတည်းသာ နေရပါ' ဟု ချီသာလေးနက် ဖြေတုံ့မြွက်၏ ဆက်လက်တဖန် 'ဘယ်ကျမ်းဂန်ကို ရွှေဉာဏ်စွဲယူ ပြုတော်မူ' ဟု ကြည်ဖြူဆေး နောက်ထပ်မေးသော် 'ဝိနေး - နိသျှ ပြုသဖျှာ' ဟု ခွန်းဟတိုတို အဖြေဆို၏ 'အစ်ကိုထေရ်မင်း ရေးပြုခြင်းကို သတင်းစန မသိရှင့် ဤမှပြန်လျှင် ညီစီရင်သည့် ငါးအင်ဝိနည်း နိသျှည်းကို ပေါင်းစည်း၍ပနာ စေတီသာလျှင် တည်ပါမည်ဖျား စုံမြိုင်ဖြား' ....ဟု ချီပျား ပမာ မင်းဆရာက လျှောက်ကာပြန်ကြွ ရောက်ကာလဝယ် ရွှေဝသနင်း သာလွန်မင်းနှင့် နှီးရင်းသိသာ ဒါယကာတို့ ကြောင်းရာခြင်းတ ခွန်းမိန့်ဟ၍ နိသျှပေ ဓာတ်တော်မွေကို ရှိသေလေးစား ထည့်သွင်းထား၍ တရားကျင့်ရာ တောင်ဖီလာ၌ တကာဆရာ ညီညာပေါင်းစု ထောင့်သုံးခု (၁၀၀၃) ဝယ် ကောင်းမှုရွယ်ရည် စေတီတည်၏ ရှင်ကြည်သဒ္ဒါ ဆွမ်းရက်မှာကား နှယ်တာကျော်တက် ဆုတ်ရှစ်ရက်တွင် မပျက်ဆင်နွဲ့ ခြိမ့်ခြိမ့်သဲသည်။ ။ထူးကဲ တောင်ဖီလာပင်သော်ဝ်။

**ညောင်ပင်သာ ဦးပုည၏**
**တောင်ဖီလာ ဘုရားသမိုင်းဘွဲ့ ၁၀ - ပေါ် တေးထပ်**

တိပိဋကာလင်္ကာရ ဟု၊ ဘွဲ့တော်နာမ ကျမ်းတတ်ကျော်၊
ဇမ္ဗူပတ်ကုံး ကျွန်းလုံးပေါ်သည်၊ မြတ်ဆရာတော် မထေရ်ဖျား။

တထောင်က သုံးခုကျော်မှာ၊ ခေတ်မွေစံပျော် ကိန်းပို့တည်ခဲ့ထား။
တောင်ဘီလာ ဟု ရွှေဘွဲ့တွင်သည်၊ ငါးမာရ်ပယ်နှင် ခြောက်ရောင်ကြွား။
တန်ခိုးတေဇော် လွှန်ထင်ရှားသည်၊ နတ်သား နတ်သမီး ကြည်သဒ္ဓါ။
တလလေးကြိမ် အံ့မခန်းတယ်၊ နတ်သုဒ္ဓါဆွမ်း တင်ကပ်ပူဇော်လှာ။
သာလွန်မင်းလည်း ပြုတည်ပါသည်၊ ရွှေကိုင်းဇေယျာ ပြည်သူအပေါင်းတို့၊
ညွှတ်ပြောင်းကြည်စွ သဒ္ဓါပျော်ပျော်၊ ရှိခိုး တင်ပူဇော်။
ဝါဆိုမာသ ရှစ်ရက်ကျော်မှာ၊ ဆွမ်းပွဲရှင်ပျော် လှူဒါန်းကာပလေး။

---

# တတိယပိုင်း

## ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်ကြီး

ရာဇမဏိစူဠာ ကောင်းမှုတော် စေတီတော်မှာ ကြီးကျယ်လှသည်၊ ခမ်းနားလှသည်၊ ကြည်ညိုဖွယ် ကောင်းလှသည်၊ သာသနာ သက္ကရာဇ် ၃၈၃ -ခုနှစ် သီဟိုဠ်ကျွန်း၌ နန်းတက်သော ဒုဋ္ဌဂါမဏိမင်း၏ ကောင်းမှုတော် သီဟိုဠ်ကျွန်း အနုရာဓမြို့ရှိ မဟာစေတီကြီးနှင့် ပုံစံ တူလေသည်၊ ထီးတော်အနေအထားမျှသာ ခြားနားလေသည်။ [၁]

ယင်း ရာဇ မဏိစူဠာ ကောင်းမှုတော် စေတီတော်ကြီးသည် စစ်ကိုင်းမြို့ အနောက်မြောက်ယွန်း ၅ -မိုင်ခန့် အကွာ စစ်ကိုင်း မုံရွာ ရွှေဘို ကားလမ်းဘေးတွင် တည်ရှိလေသည်။

### သမိုင်း အကျဉ်း

သက္ကရာဇ် ၉၉၀ -ပြည့်နှစ်တွင် အင်းဝမြို့တော်၌ နန်းစံကာ မင်းပြုသော သာလွန်မင်းတရားကြီးသည် ၉၉၈ - ခုနှစ် တော်သလင်းလဆန်း ၁၀ -ရက်

---

၁။ မဟာစေတီမှာ ဥာဏ်တော် အမြင့် အတောင် ၁၂၀ - ဖြစ်သည်၊ ဘိနပ်တော် အကျယ်အဝန်း ၆၆၆ - တောင် ၂ - မိုက်၊ အချင်း သံတောင် ၂၂၂ - တောင် ၄ - လက်မ၊ ထီးတော် အသစ် သံတောင် ၁၆ - တောင်၊ ထီးဝ အကျယ် သံတောင် ၁၀ - တောင်၊ စိန်ဖူး အမြင့် ၁ - တောင်၊ ကလပ်တော် အမြင့် ၁ - ပေ ၁ - လက်မ၊ စေတီ, ထီး, စိန်ဖူး အားလုံး တိုင်းသော် ၁၃၇ - တောင် ဖြစ်၏။



ဖူးမြော်သူတိုင်း အံ့မပြီးသည့်
ကောင်းမှုတော်စေတီတော်ကြီး

နေ့တွင် သီဟိုဠ်ကျွန်းမှ ရရှိသော မြတ်စွာဘုရား၏ လက်ဝဲ အောက်စွယ်တော်စစ် နှင့် သပိတ်တော် စသည်တို့ကို ရတနာ အမျိုးမျိုးတို့ဖြင့် ကိုးကွယ်ပူဇော် ဌာပနာပြီးလျှင် ၁၂-နှစ်တိုင် တည်ထားတော်မူခဲ့လေသည်၊ စေတီတော်ပုံကို သရေခေတ္တရာ (ပြည်) မြို့ ဧတပါးမင်း ကောင်းမှု သရေမာ စေတီပုံ ယူ၍ တည်သည်ဟူ၍ လည်းကောင်း သီဟိုဠ်ကျွန်း အနုရာဓမြို့မှ ဒေဝါနံပိယတိဿမင်းကြီး၏ ကောင်းမှုတော် ထူပါရာမစေတီပုံကို ယူ၍ တည်သည် ဟူ၍ လည်းကောင်း စသည်ဖြင့် အမျိုးမျိုး ပြောကြ၏၊ ရေးသားကြ၏၊ သို့ရာတွင် ဒုဋ္ဌဂါမဏိမင်း၏ ကောင်းမှုတော် မဟာစေတီနှင့် ပုံစံ တူလှပေသည်၊ ဤစာပြုသူသည် သီဟိုဠ်ကျွန်း အနုရာဓမြို့ရှိ မဟာစေတီကြီးကို အကြိမ်ကြိမ် အခါခါ ဖူးမျှော်ခဲ့ဘူးလေသည်၊ သာလွန်မင်းတရားကြီးသည် စေတီကြီး ထီးတော် မတင်ရမီ နတ်ရွာစံတော်မူရပေသည်၊ စေတီကြီး ပြီးအောင် နေလိုသော်လည်း သေမင်းက မစောင့်ဆိုင်းခဲ့ပါချေ။

အနိဋ္ဌိတေ ဆတ္တကမ္မေ၊ မဏိစူဠာဝှစေတိယေ။
သာလွန်တိ ဝိသုတော ရာဇာ၊ ပယာတော တိဒသာလယံ။

ဖြစ်ပုံချင်းမှာ ထူးထူးဆန်းဆန်း တူလှပေ၏၊ ကောင်းမှုတော် မဟာစေတီကြီးကို မိုးပါးနီး တည်ခဲ့သော သီဟိုဠ်ဘုရင် ဒုဋ္ဌဂါမဏိ မင်းကြီးသည်လည်း ယင်းမဟာစေတီကြီး ထီးတော် မတင်ရသေးမီ - အင်္ဂတေ မဖွပ်ရသေးမီ တုသိတာနတ်နန်း လှမ်းတော်မူခဲ့ရလေသည်၊ ဒုဋ္ဌဂါမဏိ မင်းကြီး သည်လည်း မဟာစေတီကြီး ပြီးအောင် နေလို၏၊ သို့ရာတွင် သေမင်းက မဆိုင်းခဲ့ပါချေ။

အနိဋ္ဌိတေ ဆတ္တကမ္မေ၊ သုဓာကမ္မေစ စေတိယေ။
မာရဏန္တိကရောဂေန၊ ရာဇာ အာသိ ဂိလာနကော။ [၁]

ယင်းသို့ သာလွန်မင်းတရား နတ်ရွာ စံလွန်တော်မူသဖြင့် သားတော် ပင်းတလဲမင်းက ၁၀၁၁-ခုနှစ်တွင် ထီးတော် တင်လှူတော်မူခဲ့လေသည်၊ ဘွဲ့တော်ကို ရာဇမဏိစူဠာဟု သမုတ်တော်မူလေသည်၊ သာလွန်မင်းတရားကြီးသည် စေတီတော်ကြီး ထီးတော်တင်ရန် ဗေဒင်ပညာရှိ ပုဏ္ဏားအဇာဂရုအား အခါတောင်း၏၊ ထိုအခါ ပုဏ္ဏားက 'မင်းကြီးမှာ ထီးတော် မတင်မီ နတ်ရွာစံရပါမည်၊ သားတော်သာလျှင် ထီးတော် တင်ရမည်' ဟု သံတော်ဦးတင်လေ၏၊ ပုဏ္ဏား အဇာဂရု ဟောချက် အတိုင်း နောက်တနှစ် ၁၀၁၀-ခုနှစ် တော်သလင်းလဆန်း ၁၀-ရက်နေ့တွင် နတ်ရွာစံ သဖြင့် သားတော် ပင်းတလဲ လက်ထက် ၁၀၁၁-ခုနှစ် ကဆုန်လဆန်း ၈-ရက်နေ့တွင်မှ ထီးတော် တင်ရလေသည်။

---

၁။ မဟာဝံသ-၃၂၊ ၁-၈ဂါထာ။

## ဌာပနာ ပစ္စည်းများနှင့် အတိုင်းအတာ ပမာဏ

ဌာပနာ ပစ္စည်းများမှာ ရုပ်တုတော်ပေါင်း ၂၀၉၅ ဆူ၊ စေတီတော်ပေါင်း ၀၀၉-ဆူ တို့နှင့် မွေတော်ပေါင်း မြားမြောက်စွာတို့ ပါရှိကုန်၏၊ ဖော်ပြပါ ရုပ်တုတော်, စေတီတော်, ဓာတ်တော်, မွေတော်တို့ကို ဌာပနာတိုက်ဖြင့် ခမ်းနားစွာ ဌာပနာထားလေသည်၊ စေတီတော် ဉာဏ်တော် ၁၀၁ တောင်-[၁] အချင်း ၁၆၂-တောင် တမိုက် ရှိ၍ အဝေးမှပင် ဖူးမြင်နိုင်၏၊ ကောင်းကင် သေယာဉ်ပေါ်ကလည်း ဖူးမျှော်လို့ ကြည်နူးဖွယ် ကောင်းလှ၏၊ ထီးတော် အလေးချိန် ၃၄၄၀-ပိဿာ ရှိလေ၏၊ ထီးတော် အဝ ၉-တောင် ၂ မိုက်၊ အစောက် ၁၀-တောင် တမိုက် လေးသစ် ရှိသေးသည်၊ စေတီပတ်လည်၌ ကျောက်တိုင်ပေါင်း ၀၀၂-တိုင်၊ ဘုရားအုတ်ပေါင်း ၁၀၁၀၆၅၅၂(=၁၀၂၆၅၅၅) မြေနီတင်း ၁၆၄၄၅၀၅၊ အင်္ဂတေတင်း ၂၂၄၉၀ - ပါဝင်လေသည်။

## ကောင်းမှုတော် ဘုရားရှိခိုး

ဒါဌာပတ္တာဒိဓာတူဟိ၊ အနေကေဟိ သုမာပိတံ။
မဏိစူဠဝှစေတိယံ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ အနေကေဟိ၊ သချာချင့်ထောက် မြားမြောက်စွာ လှကုန်သော။ ဒါဌာပတ္တာဒိဓာတူဟိ၊ မြတ်စွာဘုန်းကြွယ် စွယ်တော် သပိတ်တော် အစရှိကုန်သော ဓာတ်တော် မွေတော်တို့ဖြင့်။ သုမာပိတံ၊ သာလွန်မည်တွင် မဟာရာဇာ ဘုရင်သည် တည်ထား ကိုးကွယ်အပ်သော။ မဏိစူဠဝှစေတိယံ၊ ရာဇာမဏိစူဠာ အမည်ရှိသော ကောင်းမှုတော် စေတီမြတ်ကြီးကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ် ကြည်ညိုရှိသေလှစွာ။ ဝန္ဒာမိ၊ ဆက်လက်မြှောက်မိုး ရှိခိုးဦးချပါ၏။

## ရာဇာမဏိစူဠာ ကောင်းမှုတော်ကြီး သမိုင်းလင်္ကာ

ရာဇာအာဒိ ပုဒ်ဦးရှိသား မဏိစူဠ စေတိယဟု နာမဘွဲ့ခေါ် ကောင်းမှုတော်၏ ထင်ပေါ်ဟုတ်မှန် သမုဒ္ဒါန်ကား ပြည်မြန်ရွှေဝ စိုးပိုင်သ၍ မွေရာဇာ ဘွဲ့လိပ်စာဖြင့် သမ္ဘာကဲချွန် မင်းသာလွန်လျှင် မြေမွန် လက္ခဏာ ပြည့်စုံစွာသား ဇေယာပူရ ပစ္ဆိမဝယ် အဋ္ဌနဝါ နော-ကောဇာ၌ သချာတွက်စစ် အားကုန်သစ်၍ ဆယ့်နှစ်နှစ်တိုင် မယိမ်းယိုင်အောင် မြဲခိုင်စေ စပ် တည်ဘန်အပ်ရှင့် အထပ်အထပ် ဌာပနာရပ်လည်း မလပ်ရွှေအိမ် ခုနကြိမ် တည့် ဦးနှိမ် ဝပ်ပြား နတ်လူ များတို့ ညွတ်တွား စိမ့်ငှာ ကျွန်းလင်္ကာမှ

[၁]။ သျှောင်ပင်သာ ဦးပုညရဲ့ ထူပဝင်ဓွေးထပ်၌ ၁၂၀ - ဟု ဆို၏။

မြတ်စွာစွယ်တော် စစ်အကျော်နှင့် သပိတ်တော်မြတ် တည့်သတတ်ဟု ဘိမတ်ရာဝင် မှတ်တမ်းတင်၏ လူရှင်အများ သဒ္ဓါပွား၍ ဝပ်တွားဆည်းကပ် သတိချပ်လေ့ ရောင်လျှပ်ထူးခြား ဓာတ်မွေများနှင့် ဘုရားဆင်းတု ရွှေရုပ်ဘုမ္မ ပေါင်းစုများပြား အစားစားကို ပိုင်းခြားခဲ့ကာ ခုနစ်ခါလျှင် သေချာမယွင်း ဌာပနာသွင်း၍ ပြည့်တင်းပြီးစီး ခရီးသီး၌ ပင့်ချီးဆောင်ယူ မြို့တောင်ဝှမှ ဆူဆူ ဓာတ်တော် ကိန်းစံပျော်၏ စည်တော်ကြီး - လေး ခေါင်းလောင်း - လေးနှင့် မှတ်ရေးကြံ့ခိုင် တန်ဆောင်းတိုင်လည်း အပြိုင်လေးခုတည်ဘန်ပြု၍ ကြည့်ရှုမငြီး ကျောင်းတော်ကြီးလည်း သီးသီး ပတ်ချာလေးမျက်နှာက ပြဿဒကွိ ပဏ္ဍိမုတ္တာရ မုခ်သေးဝ၏ နောက်က - ဝန် - ဆွဲပုဒ်တိုင်းတွဲ၍ ထူးကဲဂုဏ်လွန် ပြဿာဝန်က စသည်ရံဆောင်း လေးဆယ်ကျောင်းဖြင့် တင့်တောင်းတင့်တယ် လေးရပ်ခြယ်၍ မြေပယ်သီးသီး လှူဒါန်းပြီးမှ ရွှေထီးတန္ဒတ် စေဘိထွဋ်ကို မလွတ်မီခင် နတ်နန်းဝင်၏ များရှင်ဗိုလ်လူ သံဝေယူလေ သည်းအူသားချစ် ထီးဖြူလစ်၍ ဆယ့်တစ်လွန်ပေါ် တထောင်ကျော်တွင် ထီးတော်တင်ပြီး ထိန်ထိန်ညီး၏ မြေကြီး မိုးခေါင် အမြင့်ဆောင်မူ သံခတာင်တာရ တဆယ်သာတည့် ပတ်ချာရှုမျှော် လုံးပတ်တော်ကား အဟော်ဝတ ပြည့်ဖြိုးကြွလျက် လေးရာ့ ရှစ်ဆယ် နှစ်ထောင်ကယ်ရှင့် အံ့ဘွယ်အဘိ ပုံတော်ရှိကို ကေစိဆရာ ဉာဏ်ပိန်တာတို့ ထွေရာလေးပါး ပြောဆိုငြားလည်း အသားမပါ အမှားသာတည်း ကျမ်းလာစကား မြဲမှတ်သားလေ့ မမှားစင်စစ် သရေခေတ်က မင်းမြစ်မျိုးခြားတေပါး၏ ဘုရားမြတ်စွာ သရမာကို တိုင်းထွာပုံယူ တည်တော်မူ၏ ဗိုလ်လူခြိမ့်သဲ ဆွမ်းတော်ပွဲကား အမြဲမလွတ် သီတင်းကျွတ်က ပွဲဦးစ၍ ထိုလရှစ်ရက် နောက်ဆက်မြိုင်မြိုင် တန်ဆောင်တိုင်ဟု အပြိုင်လာရောက် တိုးမပေါက်အောင် ဝမ်းမြောက်နှစ်လို့ တောမြို့ မကြွင်း လူခပင်းတို့ ဝပ်စင်းဦးညွတ် ပြုမြဲဝတ်ဖြင့် မချွတ်နှစ်စဉ် သုံးပွဲယဉ်သည်။ ။တောင်သွင်ကောင်းမှုတော်ကြီးသောဝ်။ ၁

ဖော်ပြခဲ့ပြီး သမိုင်းအကျဉ်း နှင့် သမိုင်းလင်္ကာကို ကြည့်ရှုပါက ကောင်းမှုတော်သမိုင်း အတော်အသင့် စုံလင်ပေပြီ၊ အောက်ပါ ညောင်ပင်သာ ဆရာကြီး ဦးပုည၏ ကောင်းမှုတော် ထူပဝင်ဘွဲ့ တေးထပ်ကိုလည်း ကြည့်ရှုရာသည်။

**မဏိစူဠာ ကောင်းမှုတော် ထူပဝင် တေးထပ်**

ကိုးရာ့ကိုးဆယ် ရှစ်ခုအစွန်းမှာ၊ ပွင့်ထွန်းလျှံပ ခြောက်ရောင်ဖြာ၊
ရာဇာမဏိ မြတ်စူဠာရယ်၊ ဘွဲ့ဘော်သာယာ ကျောက်စာထိုး။

၁။ ဇွေယာစလပ္ပျို–၃၄၊ ၃၆။

ကောင်းမှုတော်ကြီး မြင့်သချာမှာ၊ တောင်ပေါင်းတချာ နှစ်ဆယ် စွန်းလို့ဖြိုး။
လုံးဝန်းမဏ္ဍလ လေးရာကျယ်တယ်၊ ရှစ်ဆယ်နှစ်တောင် ကယ်တန်ခိုး။
ဒါယကာတော် အင်းဝစိုးတယ်၊ မြဘ်မျိုးသာကိ နေနတ်နွယ်။
သာလွန်ရန်နှိမ် တည်ခဲ့ထား၊ လူနတ်အများ ဆပ္ပါးကြည်ညိုဘွယ်။
စွယ်တော်သပိတ် မြလျှံခြယ်တယ်၊ အံ့ဩစဘွယ် မွေတော်မြတ်တို့၊
ကိန်းဝပ်စံပ သွင်းဌာပနာ၊ နိုင်ခန့်လွန်သေချာ။
မြေပြင်ညွတ်ခ စုံလွှတ်ကွာတယ်၊ ငါးထောင်သာသနာ တည်ထွန်းပါလိမ့်လေး။

—

## ငါးထပ်ကြီးဘုရား

ငါးထပ်ကြီးဘုရားသည် စစ်ကိုင်းမြို့တွင်း အနောက်တောင်ပိုင်း၌ တည်ရှိလေသည်၊ မူလက ဝေဠုဝန်ဘုရား ဟု တွင်သော်လည်း ဘုရားဆင်းတုတော်မြတ် ကိန်းဝပ်ရာ လယ်ပေါ်ထက်ရပ် ဘုံငါးဆင့်တပ် တန်ဆောင်းတော်ကို စွဲ၍ ငါးထပ်ကြီး တွင်ကြောင်း အဆိုရှိလေ၏၊ ဘုရားဆင်းတုတော်မြတ်၏ အတိုင်း အတာ စသည်ကို သမိုင်းလင်္ကာတွင် ပါပြီးအတိုင်း သိရှိ ကြည်ညိုရာ၏။

### သမိုင်း အကျဉ်း

သက္ကရာဇ် ၁၀၁၁-ခုနှစ်တွင် အင်းဝ၌ နန်းတက်သော ပင်းတလဲမင်း မင်းရဲရန္တမိတ်သည် သက္ကရာဇ်-၁၀၂၀-ခုနှစ်တွင် ငါးထပ်ကြီးဘုရား ဆင်းတုတော်ကြီးကို တည်တော်မူခဲ့လေသည်၊ ဆင်းတုတော်ကြီးမှာ ဖူးမျှော်၍ မဝအောင် ကြည်ညိုဖွယ် ကောင်းလှပေသည်၊ စစ်ကိုင်း မြို့သူမြို့သားတို့သည် နှစ်စဉ် သီတင်းကျွတ်လဆန်း ၅-ရက်နေ့တွင် ငါးထပ်ကြီးဘုရား ပူဇော်ပွဲတော်ကို ခမ်းနားစွာ ကျင်းပကြကုန်၏။


အောက်ပါသမိုင်းလင်္ကာကို လေ့လာဖတ်ရှု၍ ကြည့်ရှုရာ၏၊ ငါးထပ်ကြီးဘုရားသမိုင်းနှင့် စပ်၍ သမိုင်းလင်္ကာ၌ စုံစုံလင်လင် ပါရှိလေသည်။

### ငါးထပ်ကြီးဘုရား သမိုင်းလင်္ကာ

ဝေဠုဝန်ဟု ဂုဏ်မွန်လျှပ်လျှပ် ဘွဲ့တော်ကပ်လည်း လူ့ရပ်နတ်ကျော် တန်ဆောင်းတော်၏ လည်ပေါ်ထက်ရပ် ငါးဆင့်ထပ်၍ ပညတ်တွင်ပြီး

---

၁။ သီဟိုဠ်လင်းရောင်ခြည် — ဂ၁-ဂ၂။ မဟာဥဒေရလင်္ကာ — ၁၆၁။



သပ္ပါယ်ထူးခြား ငါးထပ်ကြီးဘုရား

ငါးထပ်ကြီးဟု ဝေးနီးကျော်ကြား မြတ်ရုပ်ပွား၏ ရှေးဖွဲ့အကြောင်း
ဖြစ်တော်ပေါင်းကား မင်းကောင်းသာလွန် နတ်ဗိမာန်သို့ နယ်ကန်ပြီးနောက်
ဘချီးမြှောက်၍ လက်ရောက်စားဆဲ ပင်းတလဲနှင့် မင်းရဲကျော်ဟိတ် ရန္တမိတ်
လျှင် အတိတ်ကောဇာ တဒထောင်သာ၍ သချ်ာဆယ့်တစ် ရောက်တုံလစ်က
မင်းဖြစ်ဆက်စံ မုနေခံလျက် ဘုံပျံနန်းမြင့် ထီးဖြူဖွင့်၏ ချိန်သင့်မှတ်ဘွယ်
ထောင့်နှစ်ဆယ်၌ လူနယ်တလွား ပျိုးလေးပါးတို့ ကိုးစားစိမ့်ငှာ မြို့ဇေယျာမှ
မက္ခာဆက်စပ် နောက်မြေရပ်ဝယ် အုတ်ချပ်တံတိုင်း ရံပတ်ဝိုင်းလျက် သမိုင်း
တစောင် တွင်ရစ်အောင်လျှင် သံတောင်မှတ်သော် ထက်ဝယ်တော်မှ ဖူးမျှော်
မဝ ရောင်လျှံကျအောင် အဌဝိသာ မြင့်မောစွာ၏ မဟာသက်ချ်ပ် ဆယ်နှစ်
တောင်ဖြစ်၍ ဘက်ချ်မေးထိ ခြောက်တောင်ရှိရှင့် နား၏သံတောင် ဂဏန်း
ဆောင်သော် သေးတောင်လေးသစ် အံ့ဘွယ်ဖြစ်လျက် ရာ့ရှစ်စက်ပေါ် ဘဝါး
တော်မူ ပြည့်ကျော်ခြောက်တောင် သန်းသုံးတောင်တည့် ကုန်အောင်ကျော်
ကြား လွန်ရှည်လျားလိမ့် မှတ်သားဥမျှ ကြည်ညိုကြလော့ ဗုဒ္ဓရှင်ရင်း
ခါးတော်တွင်းဝယ် ရောင်ဆင်းသုံးပါး ရွယ်သုံးစားနှင့် မျှားပြားခတ်ကျော်
ဆင်းတုတော်လည်း ရှေသော်များဘိ အနဂ္ဃိတည်း သိရိဘုန်းထွင့် သမီး
နတ်၏ လက်ဝတ်တန်ဆာ ရတနာနှင့် ယင်ခါကစား ရွှေရုပ်များကို ရွှေပြား
ရွှေပေ ထုံခတ်စေလျက် သုံးတွေ့အမြတ် ပိဋကတ်မှ ပုဒ်ပါဠိမှန်စွာ ကျမ်းဦးစာ
ကို သေချာစိစစ်ွေး ကညစ်ရေးလျက် စုဝေးဗိုလ်ပါ စိမ့်စိမ့်ညာအောင် မင်္သာ
ပွဲ ဆင်ကာနွှဲ၍ ခပဲမျှားစွာ ထေရ်သံဃာ နှင့် ရာဇာသနင်း ဌာပနာသွင်း၏
ရှင်ရင်းတကာ မင်းရာဇာ၏ ခြင်းရာမလှ ကင်းကာဟမူ မြို့ပြပြည်ရွာ စစ်
ရေးရာကြောင့် ပူဆာလှုပ်ရှား ရေစာပါးသော် ခြောက်ပါးနာယက ဆယ်ဓမ္မ
တွင် ဝေငှပေးကမ်း ခွဲခြမ်းမျှတ ပြည့်စုံရမည့် စာဂသံဝိဘာ ဂုဏ်ကင်းကွာ
လျက် နန်းမှာပျော်ပါး နန်းသူချားကို အစားဆန်ရေ ရှောင်းချစေ၍
တိုင်းနေရှင်လူ မကြည်ဖြူဘဲ စိတ်ဘူပေါင်းဘက် ကြံလျှိုဝှက်သဖြင့် နန်းထက်
ကချ ကြည်ညီလှကို ဆန္ဒတူပင် ရွှေနန်းတင်၏ ပြည့်ရှင်စိုးမင်း ဤအခင်းကို
မယွင်းစေမူ သဘိပ္ပူလော့ ပြည်သူ့မေဇ္ဇာ ကင်းမဲ့ပါလျှင် ဘယ်မှာရှည်မြင့်
ဘုန်းပန်းပွင့်လိမ့် နန်းမြင့်ကကျ ဘုန်းရောင်ပလျက် ကာလကြာ ကံညှိုး
လာသော် သက်ာရေထွေး ပေါက်နှင့်ကျေးသို့ နောင်ရေးခက်မည် မယုံ
ကြည်၍ ရွှေပြည်သနင်း ညီတော်မင်းက သက်နှင်းညာထား မိဖုရားနှင့်
သည်းကြားနှစ်ကွင်း လေးပါးမင်းကို ချင်းတွင်းမြစ်ဝ ရေတွင်ချ၍ လားရာ
နတ်ရွာ ဤကြောင်းရာကြောင့် နောင်သာခပင်း ရေကျမင်းဟု မည်ရင်း
အပေါ် ထပ်ဆင့်ခေါ်၏ (ဩော်... အနိစ္စ မင်းဘဝကား ခဏပေါ်တက်
ခဏပျက်သည့် ရေပွက်တူလှ မမြဲစွ. တည့်) ဆွမ်းချပွဲရက် စဉ်အဆက်ကား

ဆန်းတက်ဝါကုန် ငါးရက်ကြို ဘွင် ပွဲစုံဆင်နွဲ မြိမ့်မြိမ့်သဲလျက် ခပဲရောရှ နှစ်စဉ်ပြုသည်။ ။ ရှပ်တုငါးထပ်ကြီး ပင်သောဝ်။

### ညောင်ပင်သာ ဦးပုည၏
### စစ်ကိုင်း ငါးထပ်ကြီးဘုရား သမိုင်းဘွဲ့ တေးထပ်

တထောင်နှင့် နှစ်ဆယ်ခုမှာ ၊ ဝေဠုဝန် ပရမေ၊
ကိုးဂုဏ်ရှင့် စိန္တေ၊ ခြောက်ရောင်ဝေ ကျော်ကြား။
သဗ္ဗညု ကိုယ်စားတော်၊ ကြီးတေဇော် သုံးဘုံထွတ်ထား။
ဗျာဒိတ်ရ ရွှေပြည်၊ အင်းဝမည် ထင်ရှား၊
သဒ္ဒါတော် ပတ္တမြားကဲ့သို့၊ ဘုရားရှင် ဒါယကာ။
မင်းရဲခေါ် ရန္တမိတ်၊ ဘွဲ့ဘုံဆိပ် မြန်ထွတ်ရာဇာ။
ငါးထပ်ကြီး သမိုင်းလာကို၊ မြညောင်သာ စံကွန့်က၊
ဉာဏ်စွမ်းနှင့် ချီသာစွာ၊ တေးဘွဲ့လို့မှာ။
သေလာမို့ ဝေဆာပျို့ ဇေယျာမြို့ မင်္ဂလာငယ်၊ ကပ်ကမ္ဘာ
တိမ်ဘူးပလေး။

—

## လေးကျွန်းမာရ်အောင် စေတီ


လေးကျွန်းမာရ်အောင်စေတီသည် စစ်ကိုင်းတောင်ရိုး သောတာပန်ရွာ သရက်ပင်ဆိပ် အနီးမှ့ပိုင်း၌ တည်ရှိလေသည်၊ မုခ်လိုဏ် ပါသော စေတီတော် ဖြစ်လေသည်၊ ကြည်ညိုဘွယ် ကောင်းလှသော တင်ပလ္လင်ခွေ ပဋိမာသိပ္ပ (ဆင်းတုထုမှုအတတ်)ကို ဤဆင်းတုတော်ဖြင့် ခန့်မှန်းနိုင်လေသည်၊ စစ်ကိုင်း ဆင်ဖြူရှင်စေတီဟုလည်း ခေါ်ဝေါ်ကြကုန်၏။

### သမိုင်း အကျဉ်း

သက္ကရာဇ် ၁၀၇၆-ခုနှစ်တွင် အင်းဝမြို့၌ နန်းတက်သော မှန်နန်းရှင် ဟုလည်း အမည်ရသော ဆင်ဖြူရှင်မင်းတရား တနင်္ဂနွေမင်းသည် ဘုရားရှင် ကြွသာတော်မူစဉ်က တရားဟောဘော်မူသဖြင့် ဘီလူးတို့ အကျွတ်တရား ရရာ ဌာနကို အမှတ်တရ ဖြစ်စိမ့်သောငှာ ခတ်တော် မွေတော်များ ဌာပနာကာ လိုဏ်၌ ဘီလူးများ ခြံရံသည့်ပုံ နှင့် ဆင်းတုတော် ပါရှိသော စေတီတော်ကို တည်ထား ကိုးကွယ်တော်မူခဲ့လေသည်၊[၁] ထို့ကြောင့် 'လေး ကျွန်းမာရ်အောင်၊ မြတ်ဘုန်းခေါင်၊ တည်ထောင် ဆင်ဖြူရှင်' ဟူသော

---

၁။ မှန်နန်းရာဇဝင်၊ ၃ – ၃၆၄ - လည်း ကြည့်။



သပ္ပါယ်တင့်ရှန်း  လေးကျွန်းမာန်အောင် စေတီတော်

သံပေါက်ဖြင့် မှတ်တမ်း ပြုနိုင်ကြကုန်၏၊ သောတာပန် ရှာသူ ရှာသားတို့ ဦးဆောင်ကြကာ နှစ်စဉ် တော်သလင်းလဆန်း ၈ ရက်နေ့တွင် ဆွမ်းတော် ပန်းတော် ရေချမ်းတော် စသည် ကပ်လှူကြကာ ပူဇော်ပွဲ ကျင်းပမြဲ ရှိကြ ကုန်၏။

ဖော်ပြပါလေးကျွန်းမာရ်အောင် စေတီတော်ကို အောက်ပါ ဝန္ဒနာဂါထာ ဖြင့် ရှိခိုးဦးချ ဖူးမျှော်ရသည်။

### လေးကျွန်းမာရ်အောင် ဘုရားရှိခိုး

လေးကျွန်းမာရ်အောင်ဒ္ဒစေတိယံ၊ မဟာရည္ဇာ သုမာပိတံ။
သမ္မာသမ္ဗုဒ္ဓမုဒ္ဒိဿ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်၊ မဟာရည္ဇာ၊ အင်းဝဘုရင် ဆင်ဖြူရှင်မင်း မြတ်သည်။ သုမာပိတံ၊ ကောင်းစွာ တည်ထားအပ်သော။ လေးကျွန်း မာရ်အောင်ဝှစေတိယံ၊ လေးကျွန်းမာရ်အောင် အမည်ရှိသော စေတီတော် မြတ်ကို။ သမ္မာသမ္ဗုဒ္ဓံ၊ သက်ဘော်တင်ရှား မြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ စိတ်ကရည်ရော် မှန်းဆမျှော်၍။ သိရသာ၊ ဦးခေါင်းရဘနာ မြတ်အင်္ဂါ ဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ၊ ဆယ်လက်မြှောက်မိုး ရှိခိုး ဦးချပါ၏။

အောက်ပါ သမိုင်းလင်္ကာကိုလည်း လေ့လာ ဖတ်ရှု ကြည်ညိုရာ၏။

### လေးကျွန်းမာရ်အောင် စေတီ သမိုင်း လင်္ကာ

လေးကျွန်းမာရ်အောင် ဘွဲ့တန်ဆောင်ဖြင့် မြန်နဘောင်အတွင်း ဂုဏ်ရောင် လင်း၍ သဘင်းပျံ့ကျော် စေတီတော်ကား ပြည်မော်ပုရ ရွှေအင်းဝ၌ သက္က ရာဇ ၇ တထောင်သာ၍ သချာ့ပိုခမာက် ခုနစ်ဆယ့်ခြောက်ဝယ် ရွှေမှောက် သနင်း တနင်္ဂနွေမင်းဟု သတင်းပျံ့ပျူး စောရန်ငူးလျှင်[၁] ဘုန်းထူးချွဲချွဲ သမ္ဘာဟုံ၍ တဆဲ့ရှစ်နှစ် မင်းအဖြစ်သို့ ရောက်လစ်သောခါ ချွန်းတောင် ရွှာမှ အင်္ဂါဆယ်မျိုး ရေခမိုးနှင့် ချွန်းအိုးချွန်းတင် ပြည့်စုံလင်၍ တောင် သွင်ဖြိုးဖြိုး အမြီး,နှာမောင်း မျဉ်းကြောင်းဖြောင့်စွာ ယာဉ်ညင်သာဟု မဟာသေတိဘ ဆင်ဖြူဆုကို ဆက်သပိုင်ယူ ဘုန်းပန်းကြူလျက် ယဉ်မူ အသွင် ဆင်ဖြူရှင်ဟု ခေါ်တွင်နာမံ ဘွဲ့ထူးခံ၍ စိုးစံလတ်သော် ရှေးသရော် က ရှင်တော်ဘုရား ဘီလူးများအား တရားဟောပြ ကျွတ်ဆေးငှာသည့် ဌာနရပ်ကွက် အောင်မြေချက်တွင် ဆက်လက်နောက်သား လူအများတို့

---

၁။ ရွှေမှောက် (ပေါ်ရာဏ)မင်း၊ စောရန်ငူး (ပေါ်ရာဏ) မြတ်သောမင်း။

လေးစားစိတ်ဒော ရှိစေသောဟု မနောရည်သန့် စေတီအန်၌ သဏ္ဍာန်ရှပ် ပွား လိုဏ်ဘွင်းထားလျက် တောသားစားကြူး ဒေဝတမျှုးသား ဘီလူးများစွာ ခြံရံကာသို့ တူစွာမခြား ပြုတည်ထား၏ မျက်ဝါးထင်ဆင် ဖူးတွေ့မြင်မူ ကြည်လင်နူးညှို့ သဒ္ဓါပျို့၍ တအံ့သြသြ သဒ္ဓါဇောနှင့် ရှင်မောကိုယ်သုံး ပီတိဖုံးလိမ့် ရွှေထုံးစဉ်သာ ဆွမ်းပွဲမှာကား မာသာသစ်ဆင်းတော်သလင်းဟု လမင်းစန်းထွက် ဆန်းရှစ်ရက်၌ မပျက်ချိန်မှန် သဒ္ဓါသန်သည့် သောတာပန်သူ လူအများတို့ မျှုးထားဆောင်ရွက် မြို့နယ်ဘက်မှ ဝတ်တက်ဝတ်ရွှတ် မချွတ်မယွင်း သင်းပင်းစုံစုံ လူအပုံတို့ တွေ့ကြုံပျော်နွှဲ ရွှေလက်ဘွဲ့၍ ရေပွဲ, ကုန်းပွဲ ခြိမ့်ခြိမ့်သဲအောင် ဆွမ်းပွဲသည်းတင် ပွဲစုံသည်။ ။ရှပ်ပင်လေးကျွန်း မာရ်အောင်သောဝ်။[၁]

## ညောင်ပင်သာ ဦးပုည၏
## လေးကျွန်းမာရ်အောင် ဘုရားသမိုင်းဘွဲ့ ၈၀ ပေါ် တေးထပ်

ရောဝတီ နလာဋ္ဌမှာ၊ ရေယဉ်ညိုမြ မြစ်ကမ်းသာ၊
နက်သံဘုမ္မိ သိခရာမှာ၊ ခြောက်ရောင်လျှံဖြာ ဘဝဂ်နင်း။
စစ်ကိုင်းစံပ ဆင်ဖြူရှင်သည်၊ သဒ္ဓါကြည်လင် မဆွတည်ခဲ့ရင်း။
သက္ကရာဇ် ခုနစ်ရာ့ ဆဲ့ငါးသာမှာ၊ ဖြိုးကြွယ်ဒေတဇာ ဝေရာရှင်း၊
ပုလဲစိန်ရောင် ပြောင်ပြောင်ဝင်းတဲ့၊ကျောက်သားသလင်း ကိုယ်စားတော်။
လိုဏ်နန်းရွှေဂူ စံပျော်ပတယ်၊ သပ္ပာယ်စွာလှ လူနတ်ညွှတ်ပူဇော်။
လေးကျွန်းမာရ်အောင် ရွှေဘွဲ့တော်သည်၊ ဆွမ်းပွဲလှူတော် ခါသခယမှာ၊
သစ်ဆင်းမာသ ဆန်းအဋ္ဌမီ၊ သာစု ကောင်းချီးချီ။
မွေ့ပေါင်းပျော်တဲ့ တော်စေတီကို၊ သမိုင်းဖွဲ့စီ နောင်သိစေဘို့လေး။ ။

---

## အောင်မြေလောက စေတီတော်

အောင်မြေလောက စေတီတော်သည် စစ်ကိုင်းမြို့ ပိုးတန်းတိုက် ဆန့်တန်းရပ် ရောဝတီမြစ်ဆိပ် အနီးဘွင် တည်ရှိလေသည်၊ ယခု ကျောက်စေတီဟု ခေါ်ကြ၏။

၁၁၄၃-ခုနှစ်တွင် ရန်မန်ပြေပျောက် မင်းအဖြစ်သို့ ရောက်တော်မူသော ဗဒုံမင်းဟုလည်း ခေါ်သော ဘိုးတော်မင်းတရားသည် မင်းသား ဘဝက စံနေခဲ့ဘူးရာ ဖြစ်သော အိမ်တော်ရာ၌ အမှတ်တရ ဖြစ်စိမ့်သောငှာ ၁၁၄၃-

၁။ ဇေယျာစလပျို့ — ၂၇၊၂၈။



တင့်တယ်သာမော အောင်မြေလောက စေတီတော်

ခုနှစ် တန်ခူးလဆန်း ၇-ရက် ဗုဒ္ဓဟူးနေ့တွင် ဓာတ်တော် မွေတော် များစွာ တို့ကို ဌာပနာ၍ အောင်မြေလောကစေတီဟု သမုတ်ကာ စေတီ တည်ထား ကိုးကွယ်တော်မူခဲ့လေသည်၊ အမရပူရမြို့နန်းကို တည်သည့်နှစ် ၁၁၄၄ ခုနှစ် တပေါင်းလဆန်း ၁၃-ရက်နေ့တွင် ထီးတော်တင်ပွဲကို ခမ်းနားစွာ ပြုလုပ်တော်မူခဲ့လေသည်၊ ၁၁၄၆-ခုနှစ် တပို့တွဲလဆုတ် ၁၄-ရက်နေ့တွင် စေတီပူဇော်ပွဲကို ခမ်းနားစွာ ကျင်းပတော်မူခဲ့လေသည်။

နှစ်စဉ် သီတင်းကျွတ်လဆန်း ၈-ရက်နေ့တွင် စစ်ကိုင်း မြို့သူမြို့သားတို့ စေတီတော် ပူဇော်ပွဲ ကျင်းပရိုး ရှိကြကုန်၏၊ စစ်ကိုင်း မြို့သူမြို့သားတို့ကား ကုသိုလ်ဝတ်ဖြင့်သာ ပျော်ရွှင်ကြကုန်၏၊ အောက်ပါ ဂါထာဖြင့် အောင်မြေ လောကစေတီကို ရှိခိုး ဦးချ ဖူးမျှော်ရာ၏။

## အောင်မြေလောက ဘုရားရှိခိုး

အောင်မြေလောကဝှစေတိယံ၊ ဗဒ္ဒံသုရာဇကာရိတံ။
သဇီဝဗုဒ္ဓမုဒ္ဒိဿ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ သဇီဝဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာ ဘုရားကို။ ဥဒ္ဒိဿ၊ ရည်ရွယ်၍။ ဗဒ္ဒံသုရာဇကာရိတံ၊ ဗဒုံမည်လတ် မင်းမြတ် သည် တည်ထားပြုစေအပ်သော။ အောင်မြေလောကဝှစေတိယံ၊ အောင်မြေ လောက အမည်ရှိသော စေတီတော်မြတ်ကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေသမှုစွာ။ ဝန္ဒာမိ၊ ရှိခိုး ဦးချပါ၏။

## အောင်မြေလောကစေတီတော် သမိုင်းလင်္ကာ

'ဥ-သြ-အော်-မည်' ကုန်းဘောင်တည်ဟု စဉ်ရှည်မော်ကွန်း တုဘက်ထွန်း အောင် ရွှေနန်းရွှေပြည် မဆွတည်သား ဘုန်းစည်ထွတ်ဖျား လောင်း ဘုရား၏ သည်းခြာရင်နှစ် ခုခေတ်အလုံ ရွှေးပဒုံကို စိုးခြုံပိုင်နင်း ဗဒုံမင်းဟု မည်ရင်းထင်ရှား ဘိုးတော်ဘုရားသည် မင်းသားဘဝ ထိုကာလက ရံခ ရဲဘော် မိုစ်ပျော်သား အိမ်တော်မင်္ဂလာ တည်ရာရပ်ဟောင်း သော့်မြေ ကောင်းဝယ် အပေါင်းပြည်သူ များရှင်လူတို့ ကြည်ဖြူသဒ္ဒါ ပူဇော်ကာ လျှင် သုံးဖြာသုခ လိုရာရအောင် မှန်းဆရည်ကာ လွန်ခိုင်မာသည့် သေလာ ကျောက်သား အုတ်ချပ်များဖြင့် ဘုရားစေတီ ပြုဘန်တည်၍ ဘွဲ့မည်တော် မြတ် လူ နှင့် နတ်တို့ သိမှတ်ပါစေ နှုလုံးရွှေဖြင့် အောင်မြေလောက ကမ္ပည်း သ၏ ကာလတွက်စစ် တည်သည့်နှစ်ကား တစ်တစ်လေးသုံး (၁၁၄၃) ခြိမ့်အုံးပျော်မြူး တန်းခူးမာသ ဆန်းပက္ခ၌ သတ္တရက်စေ့ ဗုဒ္ဓနေ့နှင့် မရွှေ့ကြိုက်ကြိမ် လာဘအိမ်တွင် တည့်ငြိမ်သိရိ တရိဂေါဏ ကိန်းအရဝယ်

အစတည်လျက် ဆယ့်လေးရက်၌ အမျက်ရတနာ အဖြာဖြာနှင့် မြတ်စွာမွေ့ ခေါတ် ဌာပနာသွတ်၍ မချွတ်ပိုင်ပိုင် ပူဇော်နိုင်၏ 'အင်-အိုင်-ဝိုက်-လည် အမရတည်' ဟု ဆိုသည့် သက္ကရာဇ် မြို့တည်နှစ်ဝယ် တွက်စစ်မနှောင်း ရှက်သစ်ပြောင်းသား တပေါင်းမာသ ဖဂ္ဂုဏာဟု ဇုဏှဆန်းပက် ဆယ့်သုံးရက် စေ့ ကျားမင်းနေ့တွင် ရေမြေ့သခင် ထီးတော်တင်၍ အရည ဝါ ဂါမဝါ ဟု မြတ်စွာဗုဒ္ဓ သုံးလူ့ဘာ၏ သားလှအများ သံဃာအားလည်း ရှစ်ပါး ပရိက္ခရာ စုံလင်စွာနှင့် မဟာရဟာ ဒါနဝတ္ထု အစုစုကို အောင်ဆုရည်မှန်း ပေးလှူဒါန်း၏ တခဏ်းတွက်စစ် တစ်တစ်လေးခြောက် ( ၁၁၄၆ ) ထိုနှစ် ရောက်၍ လဲပေါက်ပွင့်မြဲ တပို့တွဲ၌ ပြည့်ကဲကျော်တက် ဆယ့်လေးရက်ဝယ် အောက်ထက်တွင်းပြင် ဝန်းကျင်ပတ်ဝိုင်း တံတိုင်းမီးတား ပြုဘွယ်များကို ခမ်းနားဥဿုံ ပြီးပြည့်စုံသော် ထက်ဘုံရွှေထီး ခရားသီးမှ ညီးညီးတောက်ပ မြေသို့ကျအောင် ဟေမအစစ် ဇမ္ဗုရာဇ်ဟု လှော်သစ်မှည့်မှည့် ရွှေဘိန်းထည့်၍ ရွှေပြည့်သနင်း ဘိုးတော်မင်းသည် စံခင်းဌာန အမရမှ မောင်းမမိဿံ ထီးရံနန်းနေ ထွေထွေများစွာ စစ်အင်္ဂါနှင့် စကြာဖြန့်ချီ သူမမှီအောင် စေတီတော်ရင်း ပွဲစုံခင်း၍ ဝပ်စင်းကော်ရော် ရှိပူဇော်လျက် နှမော်သာခုံ လွှတ်ပွဲပြု၏ ယခုအခါ ဒါယကာဟု မြန်မာမင်းစစ် ကင်းသည့်ခေတ်ဝယ် မျိုးချစ်ရှင်လူ တိုင်းပြည်သူတို့ ညီမူပေါင်းသင်း စေတီတွင်း၌ သိတင်းကျွတ် လ ဆန်းအငှာတွင် များလှစုံစွာ ပန်းနံ့သာနှင့် ရောင်ဝါထိန်ညီး ဆီမီး တသွယ် ဆွမ်းခဲဘွယ်လည်း ရှေ့ဝယ်ထပ်ထပ် ဆက်လှူကပ်၍ တုပ်ဝပ်ရှိ[1] သေ ဆုပန်ချွေသည်။ ။အောင်မြေလောက စေတီသောဝ်။

## ညောင်ပင်သာ ဦးပုည၏
## အောင်မြေလောက ဘုရားသမိုင်းဘွဲ့ ဂဝ-ပေ ါ တေးထပ်

ကွာပိန် ရာဇိန် တာရိန္ဒမှာ၊ မာဿိန်တမျှ တေဇာရောင်၊
အမရပူရ ရွှေပြည်ထောင်သည်၊ ကုန်းဘောင်နွယ်တော် ခြောက်ဆင့်ထီး။
မြမန်းဂိရိ စက်ရိပ်ခိုတယ်၊ အောင်စည်ပဟိုရ် ကျွန်းလုံးငြိမ်းမျှတီး။
ပြည်ပြည်မင်းတို့ ပဏ္ဏာပျော်တယ်၊ ဘိုးတော်အာဟိန် သိုက်ရကျီး။
မဟာသဘာ ကထာမှီးလို့၊ ချီးချီးတောက်ပ ထိန်ထိန်ဆူ။
စံအိမ်ရာတော် မင်းဝံညွန့်မှာ၊ ခြောက်သွယ်ရောင်ကွန့် စေတီတည်တော်မူ။
အောင်မြေလောက ဘွဲ့တော်လှူတယ်၊ လှလှဦးဦး ကောဝိန်ရမှာ၊
သေလာဋ္ဌက ကျောက်အုတ်ရတနာ၊ ပြုပြင် တည်ခဲ့ပါ။
နတ်, လူ ကိုးဘုံ တံခိုးဖြာသည်၊ မညိုးလျှံဝါ ထွန်းလင်းပါလိမ့်လေး။ ။

၁။ ဇေယျာစလမ္ဗို့ – ၃၄၊ ၃၆။



သပ္ပါယ်ထူးခြား ဥမင်သုံးဆယ် ရုပ်ပွါးတော်များ

# ဥမင်သုံးဆယ် ရုပ်ပွားတော်များ

ဥမင်သုံးဆယ် ဘုရား ရုပ်ပွားတော်များသည် စစ်ကိုင်းတောင်ရိုး ရှေးက သုဝဏ္ဏဂိရိ, စာမရီဂိရိ အမည်ရှိခဲ့သော ဥမင်သုံးဆယ်တောင်၌ တည်ရှိလေသည်၊ ယင်းဥမင်သုံးဆယ် တောင်တော်စွန်း၌ အမရပူရ စတုတ္ထနန်းစံ ပုဂံမင်း၏ ကုသိုလ်တော် မြှော်တော်ဇောဘုရား တည်ရှိလေသည့်၊ ဥမင်သုံးဆယ် မြောက်ဖက် တောင်ထိပ်၌ ပုဂံမင်း၏ ကောင်းမှုပင် ဖြစ်သော ဗောင်းတော်ကျဘုရား တည်ရှိလေသည်၊ ဥမင်သုံးဆယ် ရုပ်ပွားဘုရားများကား လွန်စွာ ကြည်ညိုဖွယ် ကောင်းလှ၏။

## သမိုင်း အကျဉ်း

ယင်း ဥမင်သုံးဆယ် ရုပ်ပွားတော်များ အရေအတွက်မှာ ၄၅ ဆူဖြစ်လေသည်၊ မြတ်ဘုရား၏ ဝါတော်နှင့် အမျှ အင်းဝခေတ် နောက်ပိုင်းတွင် ထင်ရှားသော ပဒုံးသံဃရာဇာ တည်ထား ကိုးကွယ်ခဲ့လေသည်၊ ၁၂၁၀ ခုနှစ်တွင် ပုဂံမင်းက ပြင်ဆင်ခဲ့လေသည်၊ နောက်တွင် စစ်ကိုင်း မြို့သူမြို့သားတို့ ပြင်ဆင်ခဲ့ကြကုန်သေး၏၊ ယင်းဥမင်သုံးဆယ် ရုပ်ပွားတော်များကို ဝါခေါင်လပြည့်နေ့တွင် ပူဇော်ပွဲ ကျင်းပကြကုန်၏၊ ယင်းရုပ်ပွားတော် လေးဆဲ့ငါးဆူကို ဆွမ်း ရေချမ်း ပန်း လှူဒါန်းပါက အသက်ရှည်သည်ဟု ဗုဒ္ဓဘာသာဝင်တို့ ယုံကြည်ကြကုန်၏။

အောက်ပါ ဝန္ဒနာဂါထာကို ရွတ်ဆို ဖူးမျှော်ကာ အသက်ရှည်ကြောင်း တောင်းဆုချွေရာ၏။

### ဥမင်သုံးဆယ် ဘုရားရှိခိုး

ပူဇယာမိ ပဋိမာယော၊ ဥဒ္ဒိဿ လောကနာယကံ။
ဏ္ဏမိနာ ပုညကမ္မေန၊ စိရံ ဇီဝီ ဘဝါမဟံ။

အဟံ၊ အကျွန်ုပ်သည်။ လောကနာယကံ၊ သုံးလောက ရှေ့သွား သက်တော်ထင်ရှား မြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ စိတ်ကရည်ရော် မှန်းဆမျှော်၍။ ပဋိမာယော၊ ဘုရားမြတ်စွာ၏ ဝါတော်မျှတူ ဆင်းတုတော် လေးဆဲ့ငါးဆူ တို့ကို။ ပူဇယာမိ၊ မြတ်နိုးကော်ရော် ရှိခိုး ပူဇော် ပါ၏။ (ဆွမ်း နှင့် ရေချမ်း ပန်း ဆီမီးတို့ဖြင့် ပူဇော်ပါ၏) ဏ္ဏမိနာ ပုညကမ္မေန၊ မြတ်လေးကော်ရော် ပူဇော်ပါရ ဤကောင်းမှု ပုညကြောင့်။ စိရံ ဇီဝီ၊ လေးမြင့်ကြာရှည် အသက်ရှည်ခြင်းရှိသူသည်။ ဘဝါမိ၊ ကေန်စင်စစ် ဖြစ်ရ ပါလို၏။

သမိုင်းလက်ာကိုလည်း ကြည့်ရှု လေ့လာ၍ ကြည်ညိုရာသတည်း။

## ဥမင်သုံးဆယ် ရုပ်ပွားတော်များ သမိုင်းလကာ်

ဂုဏ်ရည်ပြန့်ပြော မြွော်တော်ဇောဟု ကျော်ဇောထင်ရှား စေတီဖျားနှင့် တပါးစေတိယ ဗောင်းတော်ကျတို့ စံမျှကိန်းရာ တောင်ညွန်းစာ၌ သုဝဏ္ဏဂိ စာမရီဟု နှစ်လီနာမ ခေါ်ဝေါ်ကြသား သေလအစွန်း၏ နောက်တောင်ယွန်း ဝယ် ကွန့်ရွှန်းကြက်သရေ တက်သစ်နေသို့ ဗုဒ္ဓေရုပ်ပွား လေးဆယ့်ငါးတို့ ပျော်ပါးကြည်လင် ကိန်းစံရှင်သည့် ဥမင်သုံးဆယ် ဂူလိုဏ်ကျယ်၏ ဆန်းကြယ် ဖြစ်ဟောင်း ရွှေနားညောင်းလော့ တကောင်းမင်းရိုး ရွှေဝစိုးသည့် သတိုး မင်းဖျား သိမ်းပကားလျက် တိုင်းသားပြည်သူ များရှင်လူတို့ မပူမဆာ ရေစာပြည့်ဝ စောရဟုပ်စား မပေါများတဲ သုံးပါးကာလ ညီမျှမိုးလေ မျိုးဆွေချင်းချင်း ချစ်ခြင်းအမြဲ ကြင်နာတွဲလျက် ဘက်လဲတကင်း ပြည်တွင်း သာယာ ရှိစဉ်ခါဝယ် ဣန္ဒာစရိ ကျမ်းထွက်ရှိသည့် မုနိဟောကြား ခဲငါးပါး တွင် တပါးဆင့်ကဲ ဖြစ်နိုင်ခဲသား လက်ဝဲလကျာ လမ်းနှစ်ဖြာနှင့် ဖြူဝါ ပြီးမြောက် ထွက်ရပ်ပေါက်ဟု မိုးအောက်မြေခွင် လွန်ပေါ်ထင်၍ ဘုရင်အထူး သဒ္ဓါစူးသား ပဒူးအစ သံဃာ့ရာဇာ မင်းဆရာသည် များစွာနောက်သား လူရှင်များတို့ ထပ်ပွားကုသိုလ် ဖြစ်စေလို၍ ရေညိုရစ်ဝိုင်း မြို့စစ်ကိုင်းမှ ရှုတိုင်းတင့်တယ် အုံ့ဩဖွယ်လျှင် သုံးဆယ်ပြည့်မြောက် ဥမင်ပေါက်ဖြင့် နှိုင်းလောက်ဘွယ်ရာ ပုံတူကွာအောင် ဇေယာတောင်ဖျား ပြုတည်ထားရှင့် တပါးဂုဏ်ထူး ရွှေနားနူးလော့ ရှည်ကျူးဇီဝ နေလိုကြမူ ဗုဒ္ဓရုပ်ပွား လေးဆယ့်ငါးနှင့် မခြားတူမျှ သက်ရွယ်ကျလျှင် ချိုမြသစ်သီး ပန်း၊ ဆီမီး နှင့် ရေလည်းသက်စေ့ ဆွမ်းသက်စေ့ကို လှူ၍ဝပ်ညောင်း ဆုမွန်တောင်း လျှင် ရှည်ညောင်းဇီဝ တောင်းတိုင်းရ၏ ကာလရှည်ညောင်း ပြိုပျက်ဟောင်း သော် မင်းကောင်းပုဂံ အမရစံလျှင် ထပ်မံပြုပြင် ထို့နောက်တွင်လည်း အမြင်မကောင်း ချွတ်ယွင်းဟောင်း၍ စုပေါင်းညီညာ ထောင့်နှစ်ရာမှ သဉ်ရာ စွန်းပေါ် တဆယ်ကျော်၌ ရှည်မြွော်ဥာဏ်သွား စစ်ကိုင်းဖွားသည့် အများ ပြည်သူ ပြင်သောဟူ၏ ဗိုလ်လူမြားမြောင် ခုတိုင်အောင်လျှင် ဝါခေါင်လပြေ့ ဆွမ်းပွဲနေ့ဟု မရွေ့ပိုင်းခြား သမိုင်းထားသည်။ ။ဘုရားဥမင် သုံးဆယ့် သော်၁။

### ညောင်ပင်သာဦးပုည၏
### ဥမင် ၃၀ - ဘုရား သမိုင်းဘွဲ့ တေးထပ်

စာမရီ တောင်ဖျားမှာ၊ ကိုယ်စားတော် ဘုန်းလူ၊
လေးဆယ်နှင့် နှစ်ဆူမှာ၊ ဥမင်ဂူ စံကျောင်း။
ပတူကြီး သဃ်ဇာယ်၊ ရှေးဦးတည်ကာ ကျမ်းထွက်စာဟောင်း။

---

၁။ ဋ္ဌဇေယာစလပျို့-၂၂၊ ၂၄။

တထောင့်ရှစ်ဆယ် ငါးခုကျော်၊ စံပွင့်တော် မူကြောင်း။
သုံးဘုံလူ ညွှတ်ခပြောင်းတယ်၊ ကိုးဂုဏ်ပေါင်း ထွန်းရှိန်။
ဥမင်သုံးဆယ် ဘွဲ့တော်ဖြိုး၊ ဘယ်ခါမည်သို့ တန်ခိုးကွန့်ကွန့်ထိန်။
တထောင့်နှစ်ရာ့ တဆယ်ချိန်မှာ၊ သဒ္ဓါမမှိန် ဇေယျာသားတို့၊
ပျက်ပြားသမျှ ထပ်မံသေချာ၊ ပြုလုပ် ပြင်ကြပါ။
ဝါခေါင်လပြည့် ပုဏ္ဏမာမှာ၊ ဆွမ်းတော်သြဇာ ပွဲကြီးခါပလေး။ ။

---

## ရန်အောင်မြင် မြတ်စွာဘုရား

ရန်အောင်မြင် မြတ်စွာဘုရားသည် စစ်ကိုင်းမြို့ ဧရာဝတီမြစ်ကမ်း အနီး ဘူမိနက်သံ မြေကြန် ကောင်းမြတ်သော နေရာ၌ တည်ရှိလေသည်။

သီရိဓမ္မာသောကမင်းကြီးသည် လွန်စွာ ထူးမြတ် သဒ္ဓါတရား ကောင်းသော မင်းကြီး ဖြစ်သည်၊ ဘုရားရှင် သီတင်းသုံးရာ ဌာနမှန် ဟူသမျှတို့၌လည်း စေတီ ပုထိုးများ, ကျောက်စာတိုင်များ တည်ထား ကိုးကွယ်တော်မူသည်၊ ယင်းသို့ ဖြစ်ကြောင်း –

ဇိနေန ပရိဘုတ္တေသု၊ တေသု တေသု တဟိံ တဟိံ။
စေတိယာနိ အကာရေသိ၊ ရမဏီယာနိ ဘူပတိ။[၁]

ဟူသော မဟာဝံသ၌ ဖော်ပြခဲ့သည်။

ဓမ္မက္ခန္ဓာပေါင်း ၈ သောင်း ၄ - ထောင်ကို ကျောင်းတိုက် ၈ - သောင်း ၄ - ထောင်ဖြင့် ပူဇော်လိုသဖြင့် ဇမ္ဗူဒိပ်ကျွန်း အနှံ့အပြား ကျောင်းတိုက် ပေါင်း ၈ - သောင်း ၄ - ထောင်, စေတီပေါင်း ၈ - သောင်း ၄ - ထောင် တို့ကို တည်ဆောက်၍ ပူဇော်တော်မူခဲ့သည်၊[၂] ရန်အောင်မြင် စေတီတော် သည် ဖော်ပြပါ စေတီပေါင်း ၈ - သောင်း ၄ - ထောင် အနက် တဆူ အပါဝင် ဖြစ်ကြောင်း သမိုင်းများ၌ ဖော်ပြကြကုန်၏၊ သက္ကရာဇ် ၇၀၂ - ခုနှစ်တွင် စစ်ကိုင်းဘုရင် ကျစွာ ထပ်မံ ပြင်ဆင်တော်မူခဲ့လေသည်၊ တဖန် ၇၉၈ - ခုနှစ်တွင် မိုးညှင်းမင်းတရား ပြင်ဆင် မွမ်းမံတော်မူ၏၊ ၁၂၁၈ - ခုနှစ်သို့ ရောက်ပြန်သော် ဝန်ထောက်တော်မင်း ဦးအိုက ၄ - ကြိမ်မြောက် ပြုလုပ် ပြင်ဆင်ခဲ့လေသည်၊ ဖော်ပြပါ ရန်အောင်မြင် မြတ်စွာဘုရားကို အောက်ပါ ဂါထာဖြင့် ရှိခိုး ဦးချ ပူးမျှော်ရာသည်။

---

၁။ မဟာဝံသ – ၅ ၊ ၁၇၅။
၂။ ဆန္နဝုတိ ပါသဏ္ဍိဝန်း၊ ဝိဿဇ္ဇေတွာန ခတ္တိယော။
တမေဝ ဒိဝသံ ရာဇာ၊ အာဏာပေသိ စ တာဝဒေ။
တသ္မိံကာလေ ဇမ္ဗုဒိပေ၊ နဂရံ စတုရာသီတိယော။
စေကော နူဂရဋ္ဌာနေ၊ ပဉ္စကာရာမံ ကာရယိ။ ။ (ဒီပဝံသ – ၆၊ ၉၆၊ ၉၇။)

## ရန်အောင်မြင် ဘုရားရှိခိုး

ဓမ္မာသောကသုဘူပေန၊ ကာရိတံ စေတိယံ သုဘံ။
သဗ္ဗညုဓာတုသံယုတ္တံ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ ဓမ္မာသောကသုဘူပေန၊ သီရိဓမ္မာသောက မင်းတရားသည်။ ကာရိတံ၊ ပြုစေအပ် တည်ထား ကိုးကွယ်အပ်သော။ သဗ္ဗညုဓာတုသံယုတ္တံ၊ ဘုရားသဗ္ဗညု ဓာတ်တော်မွေသရီ အဆူဆူနှင့် ယှဉ်သော။ သုဘံ စေတိယံ၊ ဖူးချင်စဖွယ် တင့်တယ်တောက်ပြောင် ရန်အောင်မြင်မြတ်စွာဘုရားကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ၊ ဆယ်လက်မြှောက်မိုး ရှိခိုး ဦးချပါ၏။

### ညောင်ပင်သာ ဦးပုည၏
### သမိုင်း ၁၀-ပေါ် တေးထပ်

နဒီရေယဉ် မြလုံ့မြူးသည်၊ ဇေယျာကမ်းဦး ပျံ့ပျူးသာ၊
နက်သန်ဘုမ္မိ ပထဗျာဝယ်၊ အသောကရာဇာ တည်ခဲ့ရင်း။
ဘွဲ့တော်နာမ ရန်အောင်မြင်၊ သုံးဘုံထွတ်တင် တန်းခိုးထိန်လို့ဝင်း။
ခုနစ်ရာနှစ်ခု ကောဝိန်ခါဝယ်၊ စစ်ကိုင်းရာဇာ ကျစွာမင်း။
ထပ်မံပြုပြင် နှစ်ကြိမ်ဝင်းတယ်၊ အင်းဝမိုးညွှင်း နရိန္ဒာ။
အဌဝါ သတ္တာနှစ်မှာ၊ တဖန် သုံးဖြစ် သစ်၍ကြည်ညိုပါ။
တထောင့်နှစ်ရာ ရှစ်ဆယ်ခါမှာ၊ ကြည်ရွှင်သဒ္ဓါ စေတနာမောက်လို့၊
ဝန်ထောက်တော်ကြီး ဦးအိုပြုပြင်၊ လေးဆင့် သမိုင်းဝင်။
ဘုရားကလည်း ရန်အောင်မြင်- တကာကလည်း ရန်အောင်မြင်သည်၊
ရန်ကုန်, ရန်စင်, ရန်ငြိမ်း, ရန်လွင့်လေး။ ။

---

## စကြံမုဋ္ဌော မြတ်စွာဘုရား

စကြံ မုဋ္ဌောဘုရားသည် ရောဝတီမြစ်ကမ်း အင်ူတွင် ကြည်ညိုစဖွယ် တည်ရှိသေသည်၊ ယင်းစေတီကို—

စဏ္ဍာသောကောတိ ဉာယိတ္တ၊ ပုရေ ပါပေန ကမ္မုနာ။
ဓမ္မာသောကောတိ ဉာယိတ္တ၊ ပစ္ဆာ ပုညေန ကမ္မုနာ။ ၁

ဟူသည်နှင့် အညီ သိန်းကျော် ကာလိင်္ဂစစ်တပ်ကြီးကို ကွပ်မျက်ခြင်း, မိကွဲဖတူ ညီအစ်ကို ၉၉-(၁၀၁)ယောက်တို့ကို ကွပ်မျက်ခြင်းကြောင့် ကနဦး

၁။ မဟာဝံသ – ၅၊ ၁၈၉။

က စဏ္ဍာသောက ဟူ၍လည်းကောင်း နောင်အခါတွင် ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်, ရေကန်ပေါင်း ရှစ်သောင်းထောင်, စေတီ ပုထိုးပေါင်း ရှစ်သောင်းလေးထောင် ကျောင်းတိုက်ပေါင်း ရှစ်သောင်းလေးထောင်တို့ကို တည်ဆောက် လှူဒါန်းခြင်း· တတိယ သင်္ဂါယနာ ဒါယကာ ခံယူ၍ ပစ္စည်းလေးပါး လိုလေသေး မရှိအောင် ထောက်ပံ့ လှူဒါန်းခြင်း စသည်တို့ကြောင့် ဓမ္မာသောက ဟူ၍လည်းကောင်း ထင်ရှားသော သာသနာသက္ကရာဇ် ၂၁၄·၂၅၁·သည် တည်ထား ကိုးကွယ်တော်မူခဲ့လေသည်၊ ကောဇာ သက္ကရာဇ် ၆၇၄·ခုနှစ်တွင် အသခ်ယာစောယွမ်းသား နှင့် မယ်တော်တို့ ၂·ကြိမ်မြောက် ပြင်ဆင် ပြုလုပ် တည်ထားခဲ့ကြကုန်၏။

သက္ကရာဇ် ၁၀၂၆·ခုနှစ်ကျော်သို့ ရောက်လျှင် သတိုးမင်းခေါင်၏ မိဖုရား သီရိဒေဝီသည် ၃·ကြိမ်မြောက် ပြင်ဆင်တော်မူခဲ့လေသည်၊ ၎င်းနောက် ၁၁၅၁·ခုနှစ်တွင် ၄·ကြိမ်မြောက် ရွှေတောင်ဗလ အမတ်ကြီးက ပြင်ဆင် မွမ်းမံခဲ့ပြန်လေသည်။

၁၂၄၂·ခုနှစ်တွင် ၅·ကြိမ်မြောက် လေ့သင်းအတွင်းဝန်မင်းက ပြင်ဆင် ပြုလုပ်ခဲ့ပြန်လေသည်၊ ယင်းစကြုံမုဋ္ဌော မြတ်စွာဘုရားကို အောက်ပါ ဂါထာဖြင့် ရှိခိုး ဦးချ ဖူးမျှော်ရာ၏။

## စကြုံမုဋ္ဌော ဘုရားရှိခိုး

ဓမ္မာသောကာဒိ သန္တေဟိ၊ ကာရိတံ စေတိယံ သုဘံ။
သမ္ဗုဒ္ဓေ ပသန္နော ဟုတွာ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ ဓမ္မာသောကာဒိ သန္တေဟိ၊ သီရိဓမ္မာသောကမင်း အစရှိသော သူတော်ကောင်းတို့သည်။ ကာရိတံ၊ ပြုစေအပ် တည်ထား ကိုးကွယ်အပ်သော။ သုဘံ စေတိယံ။ တင့်တယ်သာမော စကြုံမုဋ္ဌော မြတ်စွာဘုရားကို။ သမ္ဗုဒ္ဓေ၊ သစ္စာလေးဆိုင် ကိုယ်တိုင်သိမြင် ဘုရားရှင်၌။ ပသန္နော ဟုတွာ၊ သဒ္ဓါကဲပို ကြည်ညိုသည် ဖြစ်ပါ၍။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ ရိုသေစွာ။ ဝန္ဒာမိ၊ ရှိခိုး ဦးချပါ၏။

### ညောင်ပင်သာ ဦးပုည၏
### သမိုင်း ၈၀-ပေါ် တေးထပ်

စကြုံ ကမ်းငူ ရွှေမုဋ္ဌောမှာ၊ ဓမ္မာသောက မဆွစွာ၊
ခြောက်ရာ့ခုနှစ်ဆဲ့ လေးခုသာမှာ၊ စောယွမ်း အခ်ယာ အမိသား။
ဒုတိယမြောက် ကိုးကွယ်တည်သည်၊ ခြောက်သွယ်ရောင်ခြည် ထွန်းလင်း
ထိန်ထိန်ကြွား။

တထောင့်နှစ်ဆဲ့ ခြောက်ကျော်ခုမှာ၊ သတိုးတွင်ခေါ် မင်းခေါင်ဖျား။
သီရိဒေဝီ မိဖုရားက၊ သုံးကြိမ်ထပ်ပွား ပြင်ခဲ့သည်။
တထောင့်တစ်ရာ ငါးဆယ်တစ်မှာ၊ လေးကြိမ်အသစ် ရွှေတောင်ဗလတည်။
ခြောက်ဆဲ့သုံးတောင် ဘိနပ်စီသည်၊ ရပ်တော်မြင့်ရှည် ငါးဆဲ့တစ်ပ၊
သက္ကရာဇ် တထောင့်နှစ်ရာ လေးဆယ်၊ နှစ်ခု စွန်းခါဝယ်။
တွင်းဝန်လှေသင်း ငါးဆင့်ချယ်တယ်၊ တန်ခူးလဝယ် ဆွမ်းပွဲစည်လှလေး။ ။

## သားပန်ဘုရား (သဘန့်ဘုရား)

စစ်ကိုင်းမြို့ မြစ်နဖူးတွင် ကျောက်စေတီဟု ခေါ်ဝေါ်ကြသော ဘိုးတော်ဘုရား ကောင်းမှုတော် အောင်မြေလောက စေတီတော်မြတ်ကြီး၏ အရှေ့ဖက် မနီးမဝေးတွင် မုဋ္ဌော ၉-ဆူ အပါအဝင် ဖြစ်သော သီရိဓမ္မာသောက မင်းကြီး ကောင်းမှု စေတီ တဆူ ရှိ၏၊ ထိုဘုရားတွင် နရပတိစည်သူမင်းကြီး၏ မိဖုရားငယ် တပါးသည် သားဆုကို ပန်လေရာ သားရသဖြင့် သားပန်ဘုရားဟု ထင်ရှားလေသည်၊ နောက်တွင်လည်း အမျိုးသမီးများစွာတို့ သားဆုပန်ကြရာ သားသွီး ရကြသော ကိုယ်တွေ့ကြုံသူများ အထင်အရှား ပြောဆိုကြကုန်၏၊ နောက်ဆုံး ခေါ်ကြသော အမည်မှာ သဘန့်ဘုရားဟု ဖြစ်၏။

### သားပန် ဘုရားရှိခိုး

ကာရိတံ ဓမ္မာသောကေန၊ သုစေတိယံ သဓာတုကံ။
သမ္ဗုဒ္ဓေ ပသန္နော ဟုတွာ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ ဓမ္မာသောကေန၊ သီရိဓမ္မာသောက မင်းကရာဇ်သည်။ ကာရိတံ၊ တည်ထား ကိုးကွယ်အပ်တော်မူသော။ သဓာတုကံ၊ ဓာတ်တော် မွေတော်နှင့် တကွ ဖြစ်သော။ သုစေတိယံ၊ သဘန့်ဘုရား - သဘန့်စေတီ ရွှေဘွဲ့ချီသော စေတီတော်မြတ်ဘုရားကို။ သမ္ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ ပသန္နော၊ သဒ္ဓါရွှန်းစို ကြည်ညိုသည်။ ဟုတွာ၊ ဖြစ်၍။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ၊ ရှိခိုး ဦးချပါ၏။

### ညောင်ပင်သာ ဦးပုည၏
### သမိုင်း ၁၀-ပေါ် တေးထပ်

အောင်မြေလောက စေတီကြီး၏၊ မနီးမဝေး ရှေးပြုဗ္ဗာ၊
ရောနဖူး ကမ်းသာယာမှာ၊ အသောကရာဇာ တည်ခဲ့ဦး။
မုဋ္ဌောကိုးဆူ ပါအဝင်၊ သုံးဘုံထွတ်တင် ခြောက်ဆောင်ဝေလို့မြူး။

နရပတိစည်သူ မောင်းမယ်သည်၊ သားဆုပန်ရှယ် ရှိတင်ဖူး။
သဒ္ဓါဇောဝင် ကြည်လင်နှူးလို့၊ အမြတ်အထူး ကိုးကွယ်ရှာ။
ထို့ကြောင့်မယ်နှင့် မြတ်သွဘ်ထားကို၊ သားပန်ဘုရား ထင်ရှားရွှေဘွဲ့သာ။
လိုရှိသမျှ ဆုပန်ထွာလျှင်၊ မကြာမတာ ပြည့်စုံရဟု၊
ကိုယ်တွေ့ကြုံကြ ရှေးသူများစွာ၊ ပြောဆို တောမနာ၊
တဘန်ဆင်တဲ့ ရွှေဘွဲ့သာမှာ၊ သဘာန်ဝေါဟာ ထင်ရှားပါလှလေး။

---

## ရွှေမင်းဝံ စေတီတော်

ဂေါတမ မြတ်စွာဘုရားသည် ညီဘွား လိမ္မာ အရှင်အာနန္ဒာနှင့် အဘူ ဤသည့် စစ်ကိုင်းတောင်တန်း ပတ္တမြားတောင်သို့ ရောက်တော်မူ၍ 'ညီဘွား လိမ္မာ အာနန္ဒာ သင့်နောင်တော် ငါဘုရားသည် ရှေးအခါ သမယက ဤ အရပ်ဌာနဝယ် ဝံသူတော်ကောင်း ဖြစ်၍ ကျက်စား နေထိုင်ခဲ့ဘူး၏၊ ထို့ ကြောင့် ဤတောင်ကို မင်းဝံတောင်ဟု ခေါ်တွင်လေသည်။

'သင့်နောင်တော် ငါဘုရား ရွှေပြည်နိဗ္ဗာန် ဝင်စံတော်မူပြီးနောက် အနှစ် ၂၁၈-နှစ်မြောက်တွင် ပါဋလိပုတ်မြို့တော်၌ နန်းစိုက်၍ မင်းပြုမည့် သီရိဓမ္မာ သောကမင်းသည် ငါဘုရား ဓာတ်တော်များ ဌာပနာ၍ ရွှေမင်းဝံစေတီ တည်လိမ့်မည်' ဟု ဗျာဒိတ်တော် ရှိခဲ့သည့်အတိုင်း သီရိဓမ္မာသောကမင်းကြီး သည် ဤရွှေမင်းဝံစေတီကို တည်တော်မူခဲ့လေသည်။

ဂင်းမင်းဝံတောင်၌ ဘော်ဖြူကျောက် ရှိ၏၊ လေလာဝယျကျောက်လည်း ရှိ၏၊ ကျောက်ကွမ်းသီးလည်း ရှိ၏၊ ပတ္တမြားကျောက်လည်း ရှိ၏ဟု ရှေးသူ ဟောင်းတို့ ဆိုရိုးစကား ရှိကုန်၏၊ ယင်းမင်းဝံ စေတီတော်ကို အောက်ပါ ဂါထာဖြင့် ရှိခိုး ဦးချ ဖူးမျှော်ရာ၏။

### ရွှေမင်းဝံ ဘုရားရှိခိုး

ဓမ္မာသောကာဘိဓေယျေန၊ နိမ္မိတံ ဓာတုသံယုတံ။
ရွှေမင်းဝံဝှသုစေတိယံ၊ နမာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ ဓမ္မာသောကာ ဘိဓေယျေန၊ သီရိဓမ္မာ သောက အမည်ရှိသော မင်းတရားသည်။ နိမ္မိတံ၊ တည်ထား ကိုးကွယ်အပ်သော။ ဓာတု သံယုတံ၊ ဘုရားဇိနော် ဓာတ်တော်နှင့် ယှဉ်သော။ ဝါ - ဘုရားဇိနော် ဓာတ် တော် ပါရှိသော။ ရွှေမင်းဝံဝှသုစေတိယံ၊ ရွှေမင်းဝံ စေတီတော်ကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ နမာမိ၊ ရှိခိုး ဦးချပါ၏။

အောက်ပါ ဘွဲ့ဝင်ပင်သာ ဆရာ ဦးပုညေ၏ ထူးပဝင်တေးထပ်ကို ဖတ်ရှု၍လည်း ကြည်ညိုနိုင်၏။

## ရွှေမင်းဝံ သမိုင်းဘွဲ့ ၇၀ - ပေါ် တေးထပ်

မဟာသုဒ္ဓေါ ရွှေရင်နှစ်၊ ငါးမာရ်ပယ်လှစ် စိန္တေယျာ၊
ညီချစ်ရှင်မြတ် အာနန္ဒာငယ်၊ တူကွမကွာ ဒေသစာကြွ။
အ၂ရန္တ တိုင်းအောင်ချာဝယ်၊ စစ်ကိုင်းဇေယျာ ပတ္တမြားတောင်သို့ကျ။
ဒက္ခိဏာဘတ္တရ ရှုဖွယ်တည်သည်၊ ဤသည့်တောင်ရှည် ပဗ္ဗတာ။
ဝိဇာတ်ဖြစ်ခါ ရှေးကာလက၊ ဗုဒ္ဓကိုရ ငါမြတ်စွာ။
ကျက်စား ကျင်လည် ပျော်ဌာနမို့၊ မင်းဝံတွင်ထ ဂီရိမြသေလာ။
ဓမ္မာသောက ရာဇိန္ဒာသည်၊ နောင်သော အခါ ဤတောင်ညွန့်ထက်၊
ဖြိုးကွန့်ရောင်ကြွ ခြောက်လျှံစည်စည်၊ စေတီ တည်လိမ့်မည်။
ဗျာဒိတ်တော်ခွန်း သွေမဖီသည်၊ စေတီဘွဲ့မည် ရွှေမင်းဝံတဲ့လေး။[၁] ။

---

## ရွှေတောင်ဦးမော် စေတီတော်

စစ်ကိုင်းမြို့ သဘော်ဆိပ်ကမ်း အနီး ရွှေတောင်ဦးမော် တောင်ပေါ်၌ သီရိဓမ္မာသောကမင်းကြီးသည် လကို အသူရိန် ဖမ်းသော အခါ ဤရွှေတောင်ဦးမော်စေတီကို တည်တော်မူခဲ့လေသည်၊ စေတီပေါင်း ၇၄၀၀၀ - တွင် တဆူ အပါအဝင်ဖြစ်၏၊ တောင်စောင့်နတ်က ပန်းမွှေ့ရာ ခင်းလှူသဖြင့် အခါမပြတ် မွှေးကြူလျက် ရှိ၏၊ စစ်ကိုင်းမြို့တွင် အပြင်မှဋ္ဌော ၉ - ဆူ အပါအဝင် ဖြစ်၏။

အရိမဒ္ဒနပုရ ပုဂံပြည့်ကြီးရှင် ဘုရင်အနော်ရထာ၏ ဆရာ ဓမ္မဒဿီ ဘွဲ့ခံ အရှင်အရဟံသည် သက္ကရာဇ် ၄၀၀ - ကျော်တွင် ကြပ်မ ကြည့်ရှု ပြင်ဆင်တော်မူခဲ့သည်၊ ဤတောင်သည် ဘုရားရှင် ကြွရောက်တော်မူစဉ်က ရေကြည်တော် မွှတ်သိပ်တော်မူသဖြင့် ဦးခေါင်းတော်ကို မော်၍ ကြည့်ရှုတော်မူရာ အရပ် ဖြစ်သဖြင့် ရွှေဦးခေါင်းမျှော် မည်၏၊ နောက်မှ ကာလရွေ့သော် ရွှေတောင်ဦးမော် ဖြစ်သည်ဟု ဆိုရိုး ရှိ၏။

ပဌမံ ရွှေဦးခေါင်းမျှော်တိ၊ အဘိဓာနံ ပဇာယတိ။
ရွှေတောင်ဦးမော်တိ ကာလေန၊ သမညာ သမဇာယတိ။

---

၁။ သာသနာလင်္ကာရ ဒီပနီ - ၄၅။

ရွှေတောင်ဦးမော် စေတီတော်ကို အောက်ပါ ဂါထာဖြင့် ဖူးမျှော်ရာ၏။

## ရွှေတောင်ဦးမော် ဘုရားရှိခိုး

ကာရိတံ ဓမ္မာသောကေန၊ လောကဂ္ဂဓာတုသယုတံ။
ရွှေတောင်ဦးမော်သုစေတိယံ၊ အဟံ ဝန္ဒာမိ အာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ ဓမ္မာသောကေန၊ သီရိဓမ္မာသောက မင်းတရားသည်။ ကာရိတံ၊ တည်ထား ကိုးကွယ်အပ်သော။ လောကဂ္ဂဓာတုသံယုတံ၊ လောကဉက္ကဋ္ဌ ဘုရားမြတ်၏ ဓာတ်တော်နှင့် ယှဉ်သော။ ဝါ—လောကဉက္ကဋ္ဌ ဘုရားမြတ်၏ ဓာတ်တော် ပါရှိသော။ ရွှေတောင်ဦးမော်သုစေတိယံ၊ ရွှေတောင်ဦးမော် စေတီတော်မြတ်ကို။ အာဒရံ၊ ရိုသေစွာ။ ဝန္ဒာမိ၊ ရှိခိုးဦးချပါ၏။

### ညောင်ပင်သာ ဦးပုည၏
### ရွှေတောင်ဦးမော် ဘုရားသမိုင်းဘွဲ့ ဂဝေ·ပေါ် တေးထပ်

သေလာမှာ ရောခတယ်၊ ဇေယျနဂရ ကျက်သရေ၊
ရွှေတောင်ဦး ထိပ်ဗွေမှာ၊ ခြောက်ရောင်ထွေ ထိန်လင်း။
အသောက ရာဇာသည်၊ သုရိစန္ဒာ ချဉ်းကာတည်ခဲ့ရင်း။
ရှစ်သောင်းလေးထောင် စေတီတော်မှာ၊ တဆူထင်ပေါ် ရှိန်ကုန်ဝင်း။
တောင်စောင့်ဒေဝါ ပန်းမွှေ့ခင်းလို့၊ ဘယ်ခါမယွင်း မွှေးသိုင်စွာ။
စစ်ကိုင်းမြို့မှာ ပြင်မှဋ္ဌောရယ်လို့၊ ကျော်စော်မာရ်နှိပ် တံဆိပ်ဘွဲ့တော်သာ။
အရဟံထေရ်မြတ် ရဟန္တာသည်၊ သက္ကရာဇ် လေးရာ ကျော်ကာလဋ္ဌ၊
ကြပ်မကြည့်ရှု ပြင်ဆင်တော်မူ၊ လူ နတ် သာဓုယူ။
ရွှေတောင်ဦးမော် ထွတ်မှန်ကူကို၊ မော်ကွန်းစိုက်ထူ သမိုင်းတင်ပြလေး။ ။

——

# စတုတ္ထပိုင်း

## ပဲပုံတောင်စေတီတော်

အလွန်ကာလ ကြာလှပြီဖြစ်သော အတိတ်အခါသမက ဂေါတမမြတ်စွာ ဘုရား အလောင်းအလျာသည် ပဲပုံတောင်၌ သမင်မျိုး၌ ဖြစ်တော်မူခဲ့ရ၏၊

ဘုရားအလောင်းတော် သမင်မင်း လှည့်လည်ကျက်စားရာ အရပ်တွင် သီရိဓမ္မာသောက မင်းတရားသည် စေတီ တည်ထား ကိုးကွယ်တော်မူခဲ့လေသည်၊ တောင်၏ အမည်ကို စွဲ၍ ပဲပုံတောင်ဘုရား ပဲပုံတောင်စေတီဟု တွင်သည်၊ စစ်ကိုင်း အပြင်မုဒ္ဒွာ ၉-ဆူ အနက် ၁-ဆူ အပါအဝင် ဖြစ်လေသည်၊ 'ပဲပုံတောင်' ဟူသော ဝေါဟာရမှာ ဤသို့တည်း၊ ကာလကြာလှပြီ ဖြစ်သော ရှေးအခါက လူအများတို့သည် '၁-မာသက' ၁-ပဲစီ စုဆောင်း၍ ကောင်းမှုတော်စေတီ တည်ထားခဲ့ရကား ပဲပုံတောင် တွင်ကြောင်း အဆိုရှိ၏၊ ပဲပုံတောင် စေတီတော်ကို အောက်ပါ ဂါထာ ပါဌ် နိဿယဖြင့် ရှိခိုး ဦးချရာ၏။

## ပဲပုံတောင် ဘုရားရှိခိုး

ပဲပုံတောင်စေတိယံ နာမ၊ ဓမ္မာသောကသုမာပိတံ။
သဂ္ဂနိဗ္ဗာနံ သန္ဓာယ၊ ဝန္ဒာမိ သိရသာဒရံ။

အဘံ၊ အကျွန်ုပ်သည်။ ဓမ္မာသောကသုမာပိတံ၊ သီရိဓမ္မာသောကမင်း တည်ထား ကိုးကွယ်အပ်သော။ ပဲပုံတောင် စေတိယံနာမ၊ ပဲပုံတောင် အမည်ရှိသော စေတီတော်ကို။ သဂ္ဂနိဗ္ဗာနံ၊ နတ်ပြည် နိဗ္ဗာန်ကို။ သန္ဓာယ၊ မှန်းဆရည်ရော် စိတ်ကခြမ်း၍။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေစွာ။ ဝန္ဒာမိ၊ ရှိခိုး ဦးချပါ၏။

## ညောင်ပင်သာ ဦးပုည၏ ပဲပုံတောင် ဘုရားသမိုင်းဘွဲ့ တေးထပ်

ရှေးလွန်လေ ကာလက၊ သမ္ဗုဒ္ဓ လောင်းလျာ၊
သမင်ဇာတ် ဖြစ်အခါဝယ်၊ ကျင်လည်ရာ ဌာန။
ဤသေလ ပဗ္ဗတာမှာ၊ ပါရမီ ဖြည့်စဉ်စံပ။
မြဂိရိ မဲမှုံမှောင်ကို၊ ပဲပုံတောင် ခေါ်ကြ၊
သောင်းဒီပါ အာဏာရှတယ်၊ အသောက ရာဇာ။
ထိုတောင်မှာ တည်ထားခဲ့တယ်၊ ခြောက်ရှောင်ကြွား ထွန်းလျှံလို့ဖြာ။
ရွှေကိုင်း နာဂရ မြို့ဇေယျာဝယ်၊ ကိုးပါးသချာ ရွှေမုဒ္ဒွာ၌၊
ရှင်စောမြတ်လှ တဆူပါဝင်၊ ပြင်မုဒ္ဒွာ တို့တွင်။
ပဲပုံတောင် စေတီရှင်ကို၊ မော်ကွန်းပြတင် နောင်မှတ်သိဖို့လေး။ ။

# စကြံ့အတွင်း မုဋ္ဌောဘုရား

စကြံ့ အတွင်းမုဋ္ဌောဘုရားသည်လည်း စစ်ကိုင်းတွင် ထင်ရှားသော ဘုရားဖြစ်၏၊ သုနာပရန္တတိုင်း အပါအဝင် စစ်ကိုင်း သမိုင်းကျမ်းများ အရ ဤစစ်ကိုင်း ရပ်ဒေသသည် ကကုသန်ဘုရား လက်ထက်က 'ဝိနာသ' - ကောဏာဂုံဘုရား လက်ထက်က 'နေလာ' - ကဿပဘုရား လက်ထက်က 'ပေါပေါ' - ဂေါတမဘုရား လက်ထက်တွင် 'ရတနာ' ဟု တွင်ခဲ့ပြီးနောက် ယခု စစ်ကိုင်းဟု တွင်၏။

ဤစကြံ့ အတွင်းမုဋ္ဌော ဘုရားသည် သီရိခမ္မာသောကမင်း ကောင်းမှုဖြစ်ဟန်တူ၏၊ စစ်ကိုင်းမြို့ကို စတင် တည်တော်မူခဲ့သော အသင်္ခယာစောယွမ်းမင်းသည် ထပ်မံ တည်ထား ပြုပြင် မွမ်းမံတော်မူခဲ့လေသည်၊ ယင်းစကြံ့ အတွင်းမုဋ္ဌော ဘုရားကို အောက်ပါ ဂါထာဖြင့် ရှိခိုး ဖူးမျှော်ရာသည်။

## စကြံ့အတွင်းမုဋ္ဌော ဘုရားရှိခိုး

သင်္ခတံ ရာဇာရာဇူဟိ၊ အတွင်းမုဋ္ဌောဝှစေတိယံ။
စကြံ့နာမသမေတံ တံ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ ရာဇာရာဇူဟိ၊ သီရိခမ္မာသောကမင်း အသင်္ခယာစောယွမ်းမင်း အစရှိသော မင်းတရားတို့သည်။ သင်္ခတံ၊ တည်ထားပြုပြင် မွမ်းမံအပ်သော။ စကြံ့နာမသမေတံ၊ စကြံ့ ဟူသော အမည်နာမနှင့် တကွဖြစ်သော။ တံ အတွင်းမုဋ္ဌောဝှစေတိယံ၊ ထိုအတွင်းမုဋ္ဌော အမည်ရှိ စေတီတော်မြတ်ကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

## ညောင်ပင်သာ ဦးပုည၏
## အတွင်းမုဋ္ဌော ဘုရား သမိုင်းဘွဲ့ ဂဝ - ပေါ်တေးထပ်

သုနာပရန် ဤသည့်တိုင်းကို၊ စစ်ကိုင်းသမိုင်း မော်ကွန်းလာ၊
ကကုသံဓ်န ပွင့်သောခါဝယ်၊ အမည်သညာ ဝိနာသ။
ကောဏာဂမန ရှင်တော်ခါမှာ၊ နေလာတပုံ လွှဲ၍ ခေါ်ဝေါ်ကြ။
ကဿပသမ္ဗုဒ် ရွှေပွင့်တော်မှာ၊ ပေါပေါတွင်ခေါ် ဝေါဟာရ။
ငါတို့မြတ်စွာ ဂေါတမ၏၊ ရွှေလက်ထက်က ရတနာ။
ယခုဝေါဟာ တွင်သမိုင်းမှာတော့၊ စစ်ကိုင်းခေါ်ကြ ထက်ဝန်းလွှန်ကြေညာ။
စစ်ကိုင်းတည်စ သင်္ခယာသည်၊ ခြောက်ဖြာရောင်ရှိန် ထိန်ထိန်ဝင်းတဲ့၊

စကြာအတွင်း မုဋ္ဌောစိန္တော၊ ထပ်မံ တည်ခဲ့ပေ။
မွေတော်ဓာတ်မြတ် ကိန်းဝပ်နေသည်၊ မာရ်မျိုးပယ်ချွေ ဘုန်းရှိန်ထွန်း
လှလေး။

——

## စေတီလှ မြတ်စွာဘုရား

သက္ကရာဇ် ၆၈၄ - ခုနှစ်တွင်[၁] အသင်္ခယာစောယွမ်းမင်းသည် စစ်ကိုင်းမြို့ကို တည်တော်မူသောအခါ—

(၁) ရွှေနန်းတော်၊
(၂) ရွှေမြို့တော်၊
(၃) (၄) (၅) (၆) တံခါး ၄ - ဌာန၊
(၇) စေတီလှ ခေါ် စည်းခုံတော်၊
(၈) သောတာပန် နတ်ကွန်းတော်၊
(၉) ဆင်ဖြူကန် -

ဟူသော ၉ - ဌာနကို တပြိုင်နက် တည်တော်မူသည်။

### စေတီလှ ဘုရားခိုခိုး

အသင်္ခယာ သုရာဇေန၊ နိမ္မိတံ စေတိယံ သုဘံ။
သမ္ဗုဒ္ဓဓာတုသံယုတ္တံ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ အသင်္ခယာသုရာဇေန၊ အသင်္ခယာစောယွမ်းမင်းတရားသည်။ နိမ္မိတံ၊ တည်ထား ကိုးကွယ်အပ်တော်မူသော။ သမ္ဗုဒ္ဓဓာတုသံယုတ္တံ၊ ဘုရားရှင်၏ ဓာတ်တော်နှင့် ယှဉ်သော။ ဝါ — ဘုရားရှင် ဓာတ်တော် ဌာပနာ ပါရှိသော။ စေတိယံ သုဘံ၊ စေတီလှ မြတ်စွာဘုရားကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ် ရိုသေစွာ။ ဝန္ဒာမိ၊ ရှိခိုး ဦးချပါ၏။

### ညောင်ပင်သာ ဦးပုည၏
### စေတီလှဘုရား သမိုင်းဘွဲ့ တေးထပ်

ခြောက်ရာ့ရှစ်ဆယ် လေးခုစွန်းမှာ၊ စောယွမ်းအာဒိ နရိန္ဒာ၊
အောင်ကိန်းသမယ အောင်မြင်ခါဝယ်၊ အောင်မင်္ဂလာ ပြဟွာသည္ဆန်း။

---

၁။ မှန်နန်းရာဇဝင်နှင့် ရာဇဝင်သံခိပ် စသည်၌ ၆၇၇ - ခုဟု ဆိုသည်။
ဤ၌ ထူပဝင်ဇွေတေးထပ်နှင့် မဆန့်ကျင်အောင် ဌရေးသည်။



ကြည်နူးဖွယ်ရာ သစ္စာစေတီတော်

ရွှေနန်း ရွှေမြို့ ပျော်ဘွယ်သာသည်၊ ခေတ်လေးမျက်နှာ တံခါးဟိတ်ပေါ်ထွန်း။
စေတီလှနှင့် ဆင်ဖြူကန်၊ သောတာပန်မှာ နတ်စံကွန်း၊
ခရုယာဘွေ ရေစင်သွန်းသို့၊ ကွန့်ရှန်းဌာန ကိုးပါးစုံ။
တခါချိန်သော် တပြိုင်နက်ဟု၊ သခိုင်းစာထွက် မပျက်မော်ကွန်းပုံ။
တန်ခိုးကြီးမြတ် ထွတ်စည်းခုံမှာ၊ မွေခဘာကိန်းလှူ ပျော်စံပလို့၊
စေတီလှဟု နာမဘန်ဆောင်၊ ထွန်းလင်း ထိန်ထိန်ပြောင်။
နောင်မှုက်သိဖို့ သမိုင်းဆောင်သည်၊ ရွှေတောင်ရိပ်ပျော် ဦးပုညတဲ့လေး။ ။

—

# သစ္စာစေတီ ဘုရား

သစ္စာစေတီသည် စစ်ကိုင်းတောင်ရိုး ခဝဲတောင်၌ တည်ရှိ၏၊ ဂေါတမဘုရားရှင် နုစဉ်အခါက ခါငှက်မျိုး၌ ဖြစ်တော်မူ၍ ကျင်လည် ကျက်စားရာတောင် ဖြစ်ရကား ခါဝဲတောင်ဟု အမည်တွင်သည်၊ ထိုတောင်တွင် သက္ကရာဇ် ၄၂၇-ခုနှစ်တွင် အရိမဒ္ဒန ပေါက္ကံပြည်ရှင် ကျန်စစ်မင်းတရားသည် နောင်လာ နောက်သားတို့ အမှတ်ဘရ ဖြစ်စိမ့်သောငှာ ဘုရားရှင်၏ ခေတ်တော်များ ဌာပနာ၍ စေတီကြီး တည်ထား ကိုးကွယ်တော်မူခဲ့လေသည်၊ မူလ ဘွဲ့တော် ဟောင်းကား 'ကျန်စစ်သားဘုရား' ဟူ၍လည်းကောင်း 'စစ်သားဘုရား' ဟူ၍လည်းကောင်း တွင်သည်၊ ကာလနှောင်းသော် 'သစ္စာစေတီ' ဟု တွင်သည်၊ စစ်ကိုင်းမြို့ မုဋ္ဌော ၉-ဆူတွင် အပြင် မုဋ္ဌော တဆူ ဖြစ်သည် ဟူ၏။

## သစ္စာစေတီ ဘုရားရှိခိုး

ကျန်စစ်သားဝှသုရာဇေန၊ နိမ္မိတံ သစ္စစေတိယံ။
သမ္ဗုဒ္ဓခာတုသံယုတ္တံ၊ နမာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ ကျန်စစ်သားဝှသုရာဇေန၊ ကျန်စစ်သား အမည်ရှိသော အရိမဒ္ဒန ပေါက္ကံပြည် ရှင်ဘုရင်သည်။ နိမ္မိတံ၊ တည်ထား ကိုးကွယ်အပ်သော။ သမ္ဗုဒ္ဓခာတုသံယုတ္တံ၊ ဘုရားဇိနော် ခေတ်တော်နှင့် ယှဉ်သော။ ဝါ—ဘုရားဇိနော် ခေတ်တော် ပါရှိသော။ သစ္စစေတိယံ၊ သစ္စာစေတီ ရွှေဘွဲ့ချီသည့် စေတီတော် မြတ်ဘုရားကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ နမာမိ၊ ရှိခိုး ဦးချပါ၏။

## ညောင်ပင်သာ ဦးပုည၏
## သစ္စာစေတီ သမိုင်း တေးထပ်

တက်တက်တူ ချီအေးနှင့်၊ ကြူးရင့်ကြွေး တွန်သံသာ၊
ခါမင်းဇာတ် ဖြစ်စဉ်ခါဝယ်၊ ကျက်စားရာ ဌာန။
စိမ်းညိုလဲ့ မြရည်မှောင်တယ်၊ ခါဝဲတောင် တွင်ရင်းမူသ။
ကျန်စစ်သား ဇမ္ဗူကျော်တယ်၊ ပေါက္ကံပျော် ရာဇ၊
သာသနာရောင် ရှိန်ကြွ၊ ပြောင်ထိန်ပ စေဌာ။
ထိုတောင်မှာ တည်ခဲ့ထား၊ စစ်သားနာမ မြတ်စိန္တေယျာ။
ပြင်မှုဒွေလို့ သမုတ်ပါသည်၊ ရွှေဘဲ့သညာ နောင်ဆင့်ပွားလို့၊
ထင်ရှားကျော်လှ သစ္စာစေတီ၊ လူ နတ် တင်ဦးချီ။
သေးရာခကျော်မောက် သတ္တာဝီမှာ၊ ပွင့်ဦးစချီ သမိုင်းလှပလေး။ ။

——

## ညီအစ်မ ကောင်းမှုတော် ဘုရား ၂-ဆူ

ညီအစ်မ ကောင်းမှုတော် ဘုရားသည် စစ်ကိုင်းမြို့ ထားဝယ်ရပ် ငါးထပ်ကြီးဘုရား အနီးတွင် တည်ရှိသည်၊ အာရုံ ၆-ပါး, မဂ္ဂင် ၈-ပါး, သစ္စာ ၄-ပါးဟု ဆိုအပ်သော သက္ကရာဇ် ၆၈၄-ခု မူလ အသခ်ယာစောယွမ်းမင်းတည် စစ်ကိုင်းမြို့တော် အနောက်တောင်ယွန်း နရပတိအရပ်တွင် အင်းဝဘုရင် နရပတိသမီးတော် စစ်ကိုင်းမိဖုရားနှင့် သမီးတော် ပခန်းမိဖုရား ညီအစ်မ ၂-ပါးတို့ ထူပါရာမစေတီတော် ၂-ဆူကို အရှေ့ အနောက် ပြိုင်၍ တည်တော်မူခဲ့သည်၊ တည်သော သက္ကရာဇ်ကား ၈၀၈-ခုနှစ်တည်း၊ နောက်တွင် ညီအစ်မဘုရားဟု ခေါ်ကြသည်မှာ ယခုတိုင် ဖြစ်၏၊ အောက်ပါ ဝန္ဒနာဂါထာဖြင့် ယင်းညီအစ်မ ကောင်းမှုတော် စေတီတို့ကို ဦးတင် ဖူးမြင်ရာသတည်း။

### ဝန္ဒနာ ဂါထာ

ကာရိတေ ဒွိဟိ ဒေဝီဟိ၊ စေတိယေ ရာမဏီယကေ။
သဒ္ဓါဒွေ့ ပသန္နော ဟုတွာ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ ရာမဏီယကေ၊ စိတ်ခေတ်ကြည်ပျော် မွေ့လျော်ကြည်နူးဖွယ် ကောင်းကုန်သော။ ဒွိဟိ ဒေဝီဟိ၊ နရပတိသမီးတော် စစ်ကိုင်းမိဖုရား, သမီးတော် ပခန်းမိဖုရား ဟူသော မိဖုရား နှစ်ပါးတို့သည်။ ကာရိတေ၊ ပြုလုပ်စေအပ် တည်ထား ကိုးကွယ်အပ်ကုန်သော။ စေတိယေ၊ ညီအစ်မ ကောင်းမှုတော် ဘုရားတို့ကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ၊ ရှိခိုး ဦးချပါ၏။

## ညောင်ပင်သာ ဦးပုည၏
## ညီအစ်မ ကောင်းမှုတော် သမိုင်း ၇၀-ပေါ် တေးထပ်

အာရုံ, မဂ္ဂင်, သစ္စာဆုံးတယ်၊ ဂဏန်းသုံးလုံး နှစ်သချ်ာ၊
တည်ရင်းအာဒိ မြို့ဇေယျာဝယ်၊ နရပတိဒိသာ ရပ်ဌာန။
ထားဝယ်ခေါ်ကြ ဘုမ္မိမြေမှာ၊ ခြောက်ဆိုင်ရောင်ဝေ ထွန်းညီးလျှံလို့ပ။
ထူပါရာမ ဒါယကာ၊ နရပတိသည်းချာ ညီအမ၊
နှစ်ဆူဆိုင်ကာ တည်ကုန်ကြ၊ သပ္ပာယ်စွာလှ ရွှေနောက်ပြိုင်။
သက္ကရာဇ်ရှစ်ရာ ရှစ်ခုစွန်းမှာ၊ စထွန်းပေါ်ပွင့် ရွှေထီးစွန့်စွန့်မြိုင်။
လူနတ် ဦးခိုက် ပူဇော်လှိုင်တယ်၊ ငါးမာရ်ပယ်နိုင် နှစ်ဆူလုံးမှာ၊
ပတ်လုံးရှိမျှ ထက်ဝန်းကျေညာ၊ ဘွဲ့ထူး သာလှပါ။
ညီအမကောင်းမှု စိန္တေယျာဝယ်၊ ရွှေညောင်ဆရာ မော်ကွန်းတင်ပြလေး။ ။

——

## ရွှေဂူကြီး မြတ်စွာဘုရား

ရွှေဂူကြီး မြတ်စွာဘုရားသည် စစ်ကိုင်းမြို့ မင်းကျောင်းတိုက် အတွင်း၌ တည်ရှိသည်၊ သက္ကရာဇ် ၇၀၀ ကျော်က ရတနာပူရ အင်းဝ နရပတိဘုရင်၏ အမတ်တဦးသည် ရွှေဂူကြီးဘုရား ဟူသော ဘွဲ့မည်တော်နှင့် လေးမျက်နှာ မုဒ်လိုဏ် ထား၍ ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ ဟူကုန်သော ဘုရားရှင် ရုပ်တုတော် ၄-ဆူတို့ကို သီတင်းသုံးစေ၍ တည်ထား ကိုးကွယ်ခဲ့လေသည်၊ ၁၂၄၀-ခုနှစ် ကျော်ကျော်ကလည်း စစ်ကိုင်းဝန်မင်းက ထပ်မံ ပြင်ဆင် မွမ်းမံခဲ့လေသည်၊ သီတင်းကျွတ်လ တကြိမ်, နတ်တော်လ တကြိမ် အားဖြင့် တနှစ် ပွဲတော် နှစ်ကြိမ် ကျင်းပရိုး ရှိသည်ဟု သိရ၏၊ ရွှေဂူကြီး ဘုရားများကို အောက်ပါ ဝန္ဒနာ ဂါထာဖြင့် ရှိခိုး ဖူးမျှော်ရာ၏။

### ရွှေဂူကြီး ဘုရားရှိခိုး

ရွှေဂူကြီးဝုပဋိမာယော၊ သောဘနာ စာရုဒဿနာ။
သမနုဿရံ သမ္ဗုဒ္ဓ—ဂုဏေ ဝန္ဒာမိ အာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ သောဘနာ၊ ဖူးမြင်မဝ လွန်စွာ တင့်တယ်လှပေ ကုန်သော။ စာရုဒဿနာ၊ တင့်တယ်သပ္ပာယ်စွာ ဖူးမြင်အပ်ကုန်သော။ ရွှေဂူ ကြီးဝုပဋိမာယော၊ ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ ဟူသော ရွှေဂူကြီးမည် ဆင်းတုတော်တို့ကို။ သမ္ဗုဒ္ဓဂုဏေ၊ သန်, ဂုံ, ပ, မ မည်ကုန် ကြသား ဘုရားရှင်တို့၏ ဂုဏ်တော်တို့ကို။ သမနုဿရံ၊ အဖန်ဖန် အထပ်ထပ် မပြတ် အောက်မေ့မိသည် ဖြစ်၍။ အာဒရံ၊ လေးမြတ် ကြည်ညို ရှိသေစွာ။

ဝန္ဒာမိ၊ ခြေလက် နဖူး တတောင်ဒူးဟု ၅-ဦး တည်ရှိး ကော်ရော်မျိုးဖြင့် ရှိခိုး ဦးချပါ၏။

## ညောင်ပင်သာ ဦးပုည၏
## ရွှေဂူကြီး ဘုရားသမိုင်းဘွဲ့ ၈၀-ပေါ်တေးထပ်

သက္ကရာဇ်ရှစ်ရာ ကျော်ကာလက၊ ရှေးဦးအစ ပွင့်ထွန်းစည်၊
အင်းဝ နရပတိ အမတ်တည်သည်၊ ခြောက်မည်ရောင်ရှိန် ထိန်ထိန်လှ။
သံ၊ ဂုံ၊ ပ၊ မ-မြတ်လေးဆူ၊ စံနန်းရွှေဂူ တင့်ထူး သပ္ပာယ်စွ။
တထောင့်နှစ်ရာ့ လေးဆယ်ကျော်မှာ၊ တန်ခိုးထင်ပေါ် တဖန်ကြွ၊
ပဥ္စမသင်္ဂါ ရာဇိန္ဒ၏၊ ညာရုံးတမျှ ပွင့်နှစ်ရည်။
စစ်ကိုင်းဇေယျာ နယ်တလုံးကို၊ ထားရုံးပိုင်တဲ့ မတ်ဝန် ထပ်၍တည်။
ကိုးဂုဏ်မြင့်တဲ့ ငါးမာရ်နှည်မှာ၊ ခြောက်ပါးရောင်ခြည် ထိန်ထိန်ကြွလို့၊
သီတင်းကျွတ်လ နတ်တော်မာသာ၊ နှစ်ပွဲ ခြိမ့်ခြိမ့်ညာ။
ဘွဲ့တော်နာမ မွှေးလှိုင်ဖြာတယ်၊ လေးမြတ်နှာ ရွှေဂူကြီးတဲ့လေး။ ။

---

## အဘယစေတီ


ရတနာပူရ အင်းဝရွှေပြည်ကြီး၌ သက္ကရာဇ် ၈၄၂-ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်တော်မူသော ဒုတိယမင်းခေါင် ဘုရင်မင်းတရားသည် အဘယစေတီတော်ကို ၅၈-တောင် အမြင့်ဆောင်၍ သက္ကရာဇ် ၈၂၄-ခုတွင် တည်တော်မူခဲ့လေသည်။

ဖူးမြင်သူတို့အား ခပ်သိမ်းဘေးဒဏ် ရန်မာရ်အပေါင်းကို ကင်းလွတ်စေတတ်သော ဘုန်းတော် တန်ခိုးတော်လည်း ရှိတော်မူသည်၊ ဘုရားဒါယကာ မင်းတရား လက်ထက်တော်မှ စ၍ ကာလကြာရှည်စွာ တန်ဆောင်မုန်းလပြည့်နေ့ ပွဲစုံ ကျင်းပ၍ စေတီ ပူဇော်ပွဲ ကျင်းပလေ့ရှိကြောင်း ဆိုလေသည်၊ ယင်း အဘယစေတီတော်ကို အောက်ပါ ဂါထာ ပါဌ် နိဿယဖြင့် ရှိခိုး ဦးချ ဖူးမျှော်ရာ၏။

### အဘယစေတီ ဘုရားရှိခိုး

ဒုတိယမင်းခေါင်ရာဇေန၊ ထူပံ အဘယနာမကံ။
ကာရိတံ အဘိဝန္ဒာမိ၊ နိဗ္ဗုယော ဟောမိ ဝေ အဟံ။

**အဟံ၊** အကျွန်ုပ်သည်။ ဒုတိယမင်းခေါင်ရာဇေန၊ အင်းဝပြည်ကြီးဥသျှောင် ဒုတိယမင်းခေါင်သည်။ ကာရိတံ၊ တည်ထားစေအပ်သော။ အဘယနာမကံ ထူပံ၊ **အဘယစေတီ** ရွှေဘွဲ့ချီသည့် စေတီတော်မြတ်ကြီးကို။ အဘိဝန္ဒာမိ၊



မြတ်စွာစိန္တေ မွေသရီခေတ် ကိန်းဝပ်ရာ မဟာစေတီ

ရှိသေမြတ်နိုး ရှိခိုးပါ၏။ တေန၊ ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်။ ဝေ၊ စင်စစ်။ နိဗ္ဗာယော၊ ကိုယ်ပကိုယ်တွင်း ဘေးရန်ရှင်းသူသည်။ ဟောမိ၊ ဖြစ်ရပါလို၏။

**ညောင်ပင်သာ ဦးပုည၏**
**အဘယစေတီ ဘုရားသမိုင်းဘွဲ့ ၁၀ - ပေါ် တေးထပ်**

ရှစ်ရာ့လေးဆယ် နှစ်ခုစွန်းမူ၊ ပေါ်ထွန်းအဘယ မြတ်စေတီ၊
ခြောက်ရောင်မိုးလို့ တန်းခိုးခြည်သည်၊ မညှိုးရုံသီ ထိန်ထိန်ဝင်း။
ငါးဆယ်နှင့်ရှစ် မြင့်သချာ၀ယ်၊ ကြီးလှတေဇာ ဘေးမျိုးစင်လို့ရှင်း။
ရတနာပူရ ရွှေဝစံတယ်၊ တေဇာထက်မြန် ထိပ်ခေါင်နှင်း။
ဇမ္ဗူလွှန်ကျော် ပေါ်သတင်းနှင့်၊ တရားမင်းတို့ ကန်တော့ခံ၊
ဒုတိယမင်းခေါင် တည်ခဲ့ထား၊ သုံးဘုံကျော်ကြား ဘုရားဓာတ်မွေစံ။
တေဇာရှိန်းလို့ ထွန်းတောက်လျှံသည်၊ ဘေးဒဏ်ရန်မာရ် ပယ်ပျောက်
ကင်းသတဲ့၊
လူနတ်ခပင်း ဝပ်စင်းကြိမ်ကြိမ်၊ ရှိခိုး ညွှတ်ခနိမ်။
တန်ဆောင်မှာသ ပုဏ္ဏာမိန့်ဝယ်၊ ပွဲတော်ကထိန် လှူဒါန်းခါပလေး....။ ။

---

## မဟာစေတီ

မဟာစေတီသည် စစ်ကိုင်းမြို့ ပေါက်ပေါက်တန်း ပန်းတောရပ်၌ တည်ရှိ၏၊ ရွှေနန်းကြော့ရှင် ဘုရင် နရပတိသည် သက္ကရာဇ် ၁၆၃-ခုနှစ်တွင် ရတနာပူရ အင်းဝရွှေနန်းကို သိမ်းမြန်း စိုးစံတော်မူပြီးနောက် ဇေယျာမြို့ဦး ပန်းတောအရပ်ဝယ် သပ္ပာယ်လှတင့် ရှင်ပင့်သာသနာ အစွန့်ရှည်စွာ တည်စိမ့်သောငှာ ဤမည်သော မဟာစေတီကြီးကို တည်ထား ကိုးကွယ်တော်မူခဲ့လေသည်။

ယင်းမဟာစေတီတော်ကြီး၏ ဘိနပ်တော် အချင်းကား သံတောင် တရာကျော် - ဘိနပ်တော် အဝန်း သံတောင် သုံးရာကျော် ရှိလေ၏၊ သက္ကရာဇ် ၁၆၅–ခုနှစ်တွင် ရွှေအုတ်, ငွေအုတ် စီ၍ တည်ထားတော်မူခဲ့လေသည်။

ဖော်ပြပါ မဟာစေတီကို အောက်ပါ ဝန္ဒနာ ဂါထာဖြင့် ရှိခိုး ဦးချ ဖူးမျှော်ရာသတည်း။

**မဟာစေတီ ဘုရားရှိခိုး**

ရွှေနန်းကြော့ရှင် သူရာဇေန၊ ကာရိတံ ထူပမုတ္တမံ။
သဗ္ဗညုဓာတုသံယုတ္တံ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ ရွှေနန်းကြော့ရှင် သုရာဇေန၊ အင်းဝ ဘုရင် ရွှေနန်းကြော့ရှင်သည်။ ကာရိတံ၊ ပြုလုပ်စေအပ် တည်ထား ကိုးကွယ်အပ် သော။ သဗ္ဗညုဓာတုသံယုတ္တံ၊ ဘုရားသဗ္ဗညု၏ ဓာတ်တော် မွေတော်တို့နှင့် ယှဉ်သော။ ဥတ္တမံ၊ ထူးမြတ်လှစွာသော။ ထူပံ၊ မဟာစေတီ မြတ်စွာဘုရားကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ လေးမြတ် ကြည်ညို ရှိသေလှစွာ။ ဝန္ဒာမိ၊ ရှိခိုး ဦးချပါ၏။

## ညောင်ပင်သာ ဦးပုည၏
## မဟာစေတီသမိုင်း ၁၀ - ပေါ် တေးထပ်

အင်းဝပျော်စံ ဘုန်းသံညီတယ်၊ မင်းဆွေနရပတိ နန်းကြော့ရှင်၊
ဇေယျာမြို့ဦး ပန်းတောတွင်သည်၊ ဘုမ္မိသန့်စင် ရပ်ဌာန။
သာသနာမြတ် ထွန်းလင်းကြာအောင်၊ မဟာစေတီ တည်ရင်းအာဒိက။
ရှစ်ရာ့ခြောက်ဆယ် ငါးခုသာမှာ၊ အောင်ကိန်းမင်္ဂလာ ခါတော်ရ၊
ရွှေ, ငွေ, မြ, အုတ် ပန္နက်ချလို့၊ လူနတ်ဖူးကြ သောသောညာ။
အချင်းတော်မှာ ရာပိုစွန်းတယ်၊ အဝန်းဘိနပ် သုံးရာမောက်လို့သာ။
မဟာစေတီ သမိုင်းလာကို၊ မြညောင်ဆရာ ဦးပုညက၊
မှတ်သိစေကြ နှောင်စဉ်အလာ၊ မပျောက်ရအောင် မှာ။
တေးချင်းရယ်လို့မပေါ်သော၊ လွယ်ကူသေချာ သိကြောင်းပါဘုရာ့လေး....။

---

# ဗညား မြတ်စွာဘုရား

ဗညားဘုရား ဗညားစေတီသည် အစေခံရွာ အနောက် တခေါ်ခန့်ကွာ ရေဝတီမြစ်ကမ်း နဖူးတွင် တည်ရှိသည်၊ သာလွန်မင်းတရားကြီး၏ အမတ် ဗညားကျန်းတောသည် သက္ကရာဇ် ၉၉၅ - ခုနှစ်တွင် တည်ထား ကိုးကွယ်ခဲ့ လေသည်၊ တလလျှင် လေးကြိမ် နတ်များ အပူဇော်လာကြသည်ဟု ဆိုရိုး ရှိ၏၊ ယိုယွင်းပျက်စီးသမျှကို ရွှေစင်ခဲ ရပ်သူရပ်သားတို့က ကြည့်ရှု ပြင်ဆင် ပြုလုပ်ကြ၏၊ အောက်ပါ ဂါထာဖြင့် ဗညားဘုရားကို ရှိခိုး ဦးချ ဖူးမျှော် ရာ၏။

## ဗညား ဘုရားရှိခိုး

သာလွန်ရညော အမစ္စေန၊ ဗညားဝှယေန ကာရိတံ။
မုနိန္ဒဓာတုသံယုတ္တံ၊ ဝန္ဒေ ဂါရဝဘာဇနံ။

အဟံ၊ အကျွန်ုပ်သည်။ သာလွန်ရညော၊ ဓမ္မရာဇ်ဖြား သာလွန်မင်း တရား၏။ ဗညားဝှယေန အမစ္စေန၊ ဗညား အမည်ရှိသော အမတ်သည်။

က ရိတံ၊ ပြုစေအပ် တည်ထား ကိုးကွယ်အပ်သော။ မုနိန္ဒဓာတုသံယုတ္တံ၊ မုနိဥက္ကဌ ဘုရားမြတ်၏ ဓာတ်တော် မွေတော်နှင့် ယှဉ်သော။ ဂါရဝဘာဇနံ၊ အရိုအသေ အလေးအမြတ် ပြုခြင်း၏ တည်ရာ ဖြစ်တော်မူသော ဗညားစေတီ ဗညားဘုရားကို။ ဝန္ဒေ၊ ကြည်ဆွသဒ္ဓါ ရှိခိုး ဦးချပါ၏။

**ညောင်ပင်သာ ဦးပုည၏ သမိုင်း ၁၀ - ပေါ် တေးထပ်**

ကိုးရာ့ကိုးဆယ် ကျော်ပဥ္စမှာ၊ ဗညားနာမ စိန္တေယျာ၊
မွေပေါင်းဓာတ်မြတ် စံပျော်ပါသည်၊ နဒီရော ကမ်းနဖူး။
သာလွန်မင်းမြတ် လက်ထက်တော်မှာ၊ ဗညားတွင်ခေါ် အမတ်တည်ခဲ့ဦး။
ရုပ်ပွားတော်မြတ် လွန်သပ္ပာယ်သည်၊ ရောင်ခြည်ခြောက်သွယ် ကွန့်ကွန့်မြူး၊
တလလေးကြိမ် နတ်တို့ဖူး၊ ဂုဏ်ထူးပရမ ထွတ်မှန်ကူ။
ကာလမြင့်ရှည် ပျက်သမျှကို၊ ရွှေစင်ခဲက ပေါင်းစုထပ်မံထူ။
မာရဇိန မြတ်မှန်ကူကို၊ မော်ကွန်းတင်လှူ မတိမ်းရအောင်၊
မြညောင်စံပ သူတော်ဆရာ၊ သမိုင်း စီကုံးမှာ။
ဗဟုဿုတ ပွားဖို့ရာကို၊ သေသေချာချာ မှတ်ထားတော့ကွဲ့လေး....။ ။

——

# ရွှေတောင်ကုန်း ဘုရား

ရွှေတောင်ကုန်းဘုရားသည်လည်း စစ်ကိုင်းမြို့၌ ထင်ရှားသော ဘုရား ဖြစ်၏၊ စိတ်ပုတီးကျောင်းတိုက် တောင် ရေသွန်း ရွှေတောင်ကုန်း ဘုရား ဟူသည်မှာ အပြည့်အစုံ ဖြစ်၏။

သက္ကရာဇ် ၁၀၆၀ - ကျော်တွင် စစ်ကိုင်း အစေခံရွာ အနောက်စွန်တွင် အင်းဝမိဖုရား မင်းထိပ်ပန်းသည် ကျောင်း နှင့် စေတီကို တည်ထားတော် မူ၍ ရေသွန်းကျောင်း, ရေသွန်းဘုရားဟု သမုတ်တော် မူ၏၊ ကာလကြာညောင်း သော် စိတ်ပုတီးဟု အမည်ပြောင်းလဲလာလေ၏။

ရှစ်မြှောင့်ချိုးတည် အထက်ပါစေတီကို သက္ကရာဇ် ၁၂၄၄ - ခုနှစ်တွင် အသစ် တဖန် ပဲ့နင်းကြီး ဦးရွှေတောင်က ပြင်ဆင်ခဲ့လေသည်၊ နောက်ဆုံး အမည် တော်မှာ ရွှေတောင်ကုန်းဘုရားဟု ဖြစ်လေသည်၊ ယင်းရွှေတောင်ကုန်း ဘုရားကို အောက်ပါ ဂါထာဖြင့် ဦးချ ဖူးမျှော်ရာ၏။

**ရွှေတောင်ကုန်း ဘုရားရှိခိုး**

မာပိတံ အင်းဝဒေဝိယာ၊ ရွှေတောင်ကုန်းဝှယစေတိယံ။
သဗ္ဗညုဓာတုသံယုတ္တံ၊ အဟံ ဝန္ဒာမိ အာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ အင်းဝဒေဝိယာ၊ အင်းဝမိဖုရား မင်းထိပ်ပန်းသည်။ မာပိတံ၊ တည်ထား ကိုးကွယ်အပ်သော။ သဗ္ဗညုဓာတုသံယုတ္တံ၊ ဘုရားသဗ္ဗညု ဓာတ်တော်နှင့် ယှဉ်သော။ ဝါ–ဘုရားသဗ္ဗညု ဓာတ်တော် ပါရှိသော။ ရွှေတောင်ကုန်းဝှယစေတိယံ၊ ရွှေတောင်ကုန်း အမည်ရှိသော စေတီတော်ကို။ အာဒရံ၊ လေးမြတ်ကြည်ညို ရှိသေစွာ။ ဝန္ဒာမိ၊ ဘယ္လာဘ စသည်အဖြစ် မည်စ်မလူး ကြည်နူးသဒ္ဓါ ရှိခိုးဦးချပါ၏။

**ညောင်ပင်သာ ဦးပုည၏ သမိုင်း ၈၀-ပေါ် တေးထပ်**

တထောင့်ခြောက်ဆယ် ကျော်သက္ကရာဇ်မှာ၊ စဦးပွင့်သစ် စိန္တေယျာ၊
ရေယဉ်ရစ်ခ မြသီတာငယ်၊ ပျံ့ပျူးသာစွာ ကမ်းထိပ်ဖျား။
ကျောင်းနှင့်ဘုရား ခါတူတည်သည်၊ ထိပ်ပန်းတွင်မည် အင်းဝမိဖုရား။
စေတီကျောင်းတိုက် နှစ်ပါးပင်လျှင်၊ ရေသွန်းခေါ်တွင် လွန်ထင်ရှား၊
ကာလမြင့်ရှည် အမည်များလို့၊ ဆင့်ပွားခေါ်ကြ ထက်ဝန်းကျင်။
နောက်မှတဖန် စိတ်ပုတီးဟု၊ ဘွဲ့ချီး ကျောင်းတိုက်တွင်။
ရှစ်မြှောင့်တင့်လှ စေတီရှင်ကို၊ ကျော့ဝင့်ဝါ သက္ကရာဇ်၌၊
အသစ်ထပ်လို့ ပြင်ဆင်တည်ထောင်၊ ပဲ့နင်း ဦးရွှေတောင်။
နောက်မှဆင့်လို့ တဘွဲ့ပြောင်သည်၊ ရန်မျိုးပယ်ရှောင် ရွှေတောင်ကုန်း
တဲ့လေး ...။ ။

---

# ပဥ္စမပိုင်း

## ရတနာ မြစည်းခုံ မြတ်စွာ ဘုရား

စစ်ကိုင်းမြို့ အနောက်တွင် မြစည်းခုံဘုရား တည်ရှိလေသည်၊ သက္ကရာဇ် ၁၀၆၀-ကျော် အခါသမယ အင်းဝထီးနန်း ကောင်းစားခိုက် ထိပ်မိုး မိဖုရားသည် ရတနာ ၉-ဆူ အဝင်[၁] တီ ၃-တီ အဝင် ဖြစ်သော ရတနာ

၁။ ရတနာ ၉-ဆူ ဟူသည် (၁) ရတနာထွတ်ခေါင်၊ (၂) ရတနာစံဦး၊ (၃) ရတနာမုနိ၊ (၄) ရတနာစံကျော်၊ (၅) ရတနာဂိရိ၊ (၆) ရတနာမဥ္ဇူ၊ (၇) ရတနာပင်စည်၊ (၈) ရတနာမြစည်းခုံ၊ (၉) ရတနာပုံ ဖြစ်သည်။ ။ တနည်း–(၁) ရတနာစေတီ၊ (၂) ရတနာမိမာန်၊ (၃) ရတနာဦး၊ (၄) ရတနာမုနိ၊ (၅) ရတနာဂိရိ၊၊ (၆) ရတနာမဥ္ဇူ (၇) ရတနာပုံ (၈) ရတနာကြီး၊ (၉) ရတနာထွတ်ခေါင် - ဟုလည်း ဆိုသေး၏။

မြစည်းခုံ စေတီတော်ကို တည်ထားတော်မူခဲ့ရာ နတ်တော် လပြည့်နေ့တိုင်း ဆွမ်းချပွဲများ ပြုလုပ်ခဲ့သည်။

အစေခံရွာ ဇာတိ ဘုရားတကာ ဦးကျော်က ဝါယမ စိုက်ထုတ်၍ ပြုစု မွမ်းမံ၍ လှူဒါန်းခဲ့သည်၊ မြစည်းခုံကို အောက်ပါ ဂါထာဖြင့် ရှိခိုး ဦးညွတ်ရာ သတည်း။

## မြတ်စည်းခုံ ဘုရားရှိခိုး

ရတနာမြတ်စည်းခုံဣတိ၊ ပသိဒ္ဓိ ထူပမုတ္တမံ။
သမ္ဗုဒ္ဓေ ပသန္နော ဟုတွာ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊ အကျွန်ုပ်သည်။ ရတနာမြတ်စည်းခုံဣတိ၊ ရတနာမြတ်စည်းခုံ ဟူ၍။ ပသိဒ္ဓိ၊ ကျော်စောထင်ရှားသော။ ထူပမုတ္တမံ၊ စေတီတော်မြတ်ကို။ သမ္ဗုဒ္ဓေ၊ သစ္စာ ၄ - ပါး တရားသိမြင် ဘုရားရှင်၌။ ပသန္နော၊ သဒ္ဓါရွှန်းစို ကြည်ညိုသည်။ ဟုတွာ၊ ဖြစ်၍။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ အာဒရံ၊ ရိုသေစွာ။ ဝန္ဒာမိ၊ ရှိခိုး ဦးချပါ၏။

## ညောင်ပင်သာ ဦးပုည၏ သမိုင်း ၁၀ - ပေါ် တေးထပ်

ရတနာထွတ်ခေါင် ခြောက်ရောင်မြူးတယ်၊ ရတနာစံဦး နှိုင်းမမြှော်၊
ရတနာမုနိ လွန်ထင်ပေါ်သည်၊ ရတနာစံကျော် ကိုးဂုဏ်ထူး။
ရတနာဂိရိ ဖလ်မပြုုတယ်၊ ရတနာမဥ္ဇူ ဘုံသုံးမကိုင်ရှုဖူး။
ရတနာပင်စည် ထွန်းလျှံစုံတယ်၊ ရတနာမြတ်စည်းခုံ ဘဝဂ်ကြူး၊
ရတနာပုံ ငါးမာရ်ခူးလို့၊ မှောင်မြူမလူး ထွန်းလျှံကြည်၊
ရတနာကိုးဆူ စိန္တေယျ၊ စစ်ကိုင်းဌာန ခတ်ပေါင်းမေ့တော်စည်။
ထိပ်မိုးမိဖုရား စ,ဦးတည်သည်၊ သက္ကရာဇ်ရှည် တထောင်မောက်လို့၊
ခြောက်ဆယ်ကျော်မြောက် ပွင့်ထွန်းရောင်စုံ၊ ရတနာ မြစည်းခုံ။
နတ်တော်လပြည့် နှင်းမှုံမှုံဝယ်၊ ဆွမ်းတော်ပွဲစုံ နှီးဆော်ညှိလို့၊
ရွှေခံဇာတိ ဆရာ ဦးကျော်၊ ဘုရားတကာတော်။
နောင်မှတ်သိဖို့ သတိဖော်သည်၊ မြညောင်သူတော် သမိုင်းတင်ပြသေး ...။ ။

---

# ဝတ်ရုံတောင် နှင့် ဝတ်ရုံကျောင်း

ပုညရှင် တောင်တော်မြတ်၏ အရှေ့တောင်ယွန်းက တောင်ကို ဘုရားရှင် သင်္ကန်း ဝတ်ရုံတော်မူပုံကို ဌာပနာ၍ ဘုရား တည်ထားသောကြောင့် ဝတ်ရုံ တောင်ဟု ခေါ်သည်၊ ရွှေနန်းကြော့ရှင် ဘုရင်မင်းမြတ်၏ ဆရာ အရှင်

မဟာရဋ္ဌသာရသည် ထိုတောင်၌ သီတင်းသုံးတော်မူစဉ် အောက်ပါ 'ဝတ်ရုံတော်မော်ကွန်း' ကို ရေးသား စပ်ဆို စီရင်တော်မူခဲ့လေသည်။[၁]

## ဝတ်ရုံကျောင်းဘွဲ့ မော်ကွန်း

၁။ မဏ္ဍိုင်ဗဟို နတ်များခိုသား မြင့်မိုရ်တောင်ရင်း နတ်တလင်းသို့ ဆိပ်ခင်းသန့်သက် ကျောက်စက်ရေကြည် ယဉ်ရှည်စီးမြေ့ နီးချည်းစေ့သား အရှေ့လဟာ မြစ်ရေနှင့် လကျ်ာ တောင်စောင်း မဟာ ကျောင်းတို့ တောင်စောင်းရုံဆောင် ပဲပုံတောင်လည်း ထွတ်ခေါင် စွင့်စွင့် လှတင့် ပေါ်ထင် ကုန်းခင်မော်ယွန်း ထုပ်သန်းပတ်လည် အုပ်စည် ဆိုင်းဆိုင်း စစ်ကိုင်းငယ်ချောင် ရွှာထောင်တလျှောက် အနောက်တခွင် တောမြင် မြင်လည်း မည်မင်လျှိုးလျှိုး တောင်ရိုးနီးစပ် ပါယပ်တလွှား တောင်ကြီးဖျား၌ ဘုရားလုံးညီ စေတီတကွ ပုညသခင် မြင်ထင်ပြွံပြွံ နောက်မင့်သား တုမဲ့ရဟန်း သုံးလူ့ပန်း၏ သက်န်းမြတ်စွာ ဌာပနာသား မြန်ချာ တံခွန် ဇေတဝန်ဟု ဗိမာန်နှစ်ဆူ မြေးမြူမကပ် တံလျှပ်မထိုး ထေရ်မျိုးဝန်းအုပ် ရှင်တော်ရုပ်တည့် စောင့်ချုပ်အာပတ် လွတ်စိမ့်သောငှာ လေးမျက်နှာမှ ရောက်လာသသူ လူတို့အားကို စီးပွား ဆောင်ရွက်တောင်ထက်သဘင် ကြွေးရှင်မဆိပ် ကျော်ဇောထိတ်၏ သပိတ်လည်မော် ရှုမျှော်တသွန်း သေနံခတ်စိုင်း တံတိုင်းပမာ မြေမျက်နှာနှင့် လကျ်ာ လက်ဝဲ တံကဲသဘွယ် အကြွယ်အဝ ကုံးပစ္စည်း သိမ်းဆည်း ကိုယ်ဘို့ မချို့မတဲ့ သုံးဆဲ့ခုနစ်တောင် ကုန်အောင်များတောင်း ရုံလေရှောင်းသည်။ ။ဤကျောင်းဝတ်ရုံ ထင်ရှားတည်း။

၂။ ရှစ်ရပ်အင်စုံ ချီးမွမ်းပုံသား ဝတ်ရုံသာဝမ်း နိဗ္ဗာန်ငြိမ်းကား ဆွမ်းတသပိတ် မှတ်သည်စိတ်ဖြင့် မပိတ်မပင် တချင်ရွေးမျှ ကျန်ရမရှိ နရပတိ ရာဇာ သဒ္ဓါပြတ်ပြတ် ကြည်ညွတ်သောအား သိကြွားနှံ့ကျယ် နိကာယ် ငါးဦး ပင်လယ်ကူးသို့ ကျေးဇူးနှင့်သော် မလိုက်လျှော်တည့် သူတော်တို့တမ်း ရေချမ်းတပေါက် တယောက်မတည့် နည်း၏မဟူ သူလူသရွေ့ ခံမလေ့ဟု အောက်မေ့ကြံထွေ တရားဖြေလျက် စာပေသင်ခြင်း ကျင့်သတင်းနှင့် မကင်းဘာဝနာ ဆည်းပူးရှာသား မဟာရဋ္ဌ သာရတွင်မည် ပုဂ္ဂိုလ်သည်လျှင် အရှည်လင့်လင့် အသင့်မြော်မြော် နေသရော်တည့် သာပျော်ကိန်းအောင်း ဤသည့်ကျောင်းကို နောက်နှောင်းသဃာ အရိယာတို့ မှီရာဖြစ်လောက် ကိုယ်တိုင်ဆောက်သည်။ ။ပင့်ထောက်ကုသိုလ် ပြန့်ပွားတည်း။

---

၁။ အရှင်မဟာရဋ္ဌသာရ၏ အဖြစ်တော်စဉ် အင်းဝသာသနာဝင် ကြည့်။

၃။ ငါးတောင်တိုင်မှန် ထုပ်နှစ်ပြန်တည့် လျှောက်စွန်အပ လက်တီးမှလည်း အသှုဝန်းဆောင် လေးခတောင်ပြည့်လုပ် တမိုက်ရှုပ်လျက် မြားထုပ်ခုနစ်တောင် ဆောင်သော့အားဖြင့် နှစ်ပါးအောက်ထက် မြှောက်တွက်ရာမ အင္ဂဘာဂါ သေသာပဋ္ဌ ဂေါဏရှဉ်းစုံ ကြိုက်တော်ကြုံ၍ မျှားဟုံပြောထူ ခပ်သိမ်းလူတို့ နေမှုချမ်းသာ စီးပွားငှာဟု မိန့်မှာကျမ်းလို ဆိုသောလျှောက်ဖြင့် ဆောက်တုံရှောင်းသည် ဤကျောင်းဗိမာန် သာယာဟန်ကား သည်ကန်ပုတ်စု ထိ သုံးခုနှင့် တင့်မူခေါင်ရန်း တင့်ခာန်းခေါင်တိုင် တင့်ပြိုင်ခေါင်လျှောက် ရှေ့နောက်ပုံခွက် လိုက်ဘက်နှင်နှင် ကြောင်းဝင် ကင်ကပ် မပျပ်မစောင် ချည်နှောင်ကျစ်လစ် လက်သစ်နှစ်လုံး သုံးသာ ခြားလျက် ခြင်ဝါးမကျယ် မြားနှယ်ဖြောင့်စင်း သန့်ရှင်းဖြူထွား ကွပ်ဝါးဆစ်သင် ရှုမြင်မရိုင်း ကြပ်တိုင်းအမြဲ စူးရဲသတ်နှက် လျှောက်ဆက်မရွေ့ ချောမြေ့ပြေဆုံး ပိတုံးပိတ်ထား ရပ်နားဝန်းကျင် ပွတ်လုံးတင်လျက် စီရင်တင့်တယ် သက်ငယ်ခေါင်နိမ့် ရိပ်ငြိမ်မိုးထ နှီးစမမြင် ပညာရှင်သည်။ ။ လက်သင်တပြည့် စွမ်းအားတည်း။

---

## စစ်ကိုင်းမြို့ အတွင်းမုဋ္ဌော ၉ - ဆူ နှင့် အပြင်မုဋ္ဌော ၉ - ဆူ

စစ်ကိုင်းမြို့၌ အတွင်း မုဋ္ဌော ၉ - ဆူ နှင့် အပြင် မုဋ္ဌော ၉ - ဆူ တို့ကို လေးလေးမြတ်မြတ် ယုံမှတ် ကြည်ညိုကြကုန်၏။

အတွင်း မုဋ္ဌော ၉ - ဆူကား —

၁ - အတွင်းစကြာမုဋ္ဌော၊
၂ - နံကိုင်းမုဋ္ဌော၊
၃ - လမ်းဦးမုဋ္ဌော၊
၄ - ရွှေတောင်ဦးမုဋ္ဌော၊
၅ - ဆယ်တောင်မုဋ္ဌော၊
၆ - ကန်စောက်မုဋ္ဌော၊
၇ - ဆီးတောမုဋ္ဌော၊
၈ - တောင်ငယ်မုဋ္ဌော၊
၉ - စစ်သားမုဋ္ဌော အားဖြင့် ၉ - ဆူ ဖြစ်လေသည်။

**တနည်း** မှတ်သားကြသေးသော အတွင်းမုဋ္ဌော ကား —

၁ - စကြာမုဋ္ဌော၊
၂ - ဆီးတောမုဋ္ဌော၊

၃ - သစ္စာမုဋ္ဌော၊
၄ - ဆည်းလည်းမုဋ္ဌော၊
၅ - ရွှေတောင်ဦးမုဋ္ဌော၊
၆ - တောင်ငယ်လေးမျက်နှာမုဋ္ဌော၊
၇ - လမ်းလွှဲမုဋ္ဌော၊
၈ - နံ့ကိုင်းမုဋ္ဌော၊
၉ - ဂူနီမုဋ္ဌော အားဖြင့် ၉ - ဆူ ဖြစ်လေသည်။

အပြင် မုဋ္ဌော ၉ - ဆူကား —

၁ - အပြင် စကြံ့မုဋ္ဌော၊
၂ - မှန်ကင်းမုဋ္ဌော၊
၃ - သမုန်းကျင်းမုဋ္ဌော၊
၄ - ရန်အောင်မြင် ခေါ် ငှက်မြတ်နားမုဋ္ဌော၊
၅ - သားပန်မုဋ္ဌော၊
၆ - ပတ္တမြားစေတီမုဋ္ဌော၊
၇ - ဝတ်ချက်ဘုရားလှုမုဋ္ဌော၊
၈ - ရွာထောင်မုဋ္ဌော၊
၉ - ဝဲပုံတောင်မုဋ္ဌော အားဖြင့် ၉ - ဆူ ဖြစ်လေသည်။

**တနည်း** မှတ်သားအပ်သော အပြင် မုဋ္ဌော ၉ - ဆူကား —

၁ - စကြံ့မုဋ္ဌော၊
၂ - ရန်အောင်မြင်မုဋ္ဌော၊
၃ - သပန်မုဋ္ဌော၊
၄ - ကန်စောက်မုဋ္ဌော၊
၅ - ရှားတောမုဋ္ဌော၊
၆ - ပုညမုဋ္ဌော၊
၇ - ငှက်မြတ်နားမုဋ္ဌော၊
၈ - ဝဲပဲမုဋ္ဌော၊
၉ - ချောက်ဘုရားလှုမုဋ္ဌော အားဖြင့် ၉ - ဆူ ဖြစ်၏။

**ညောင်ပင်သာ ဦးပုည၏**
**တွင်း • ပြင် မုဋ္ဌော သမိုင်းဘွဲ့ ဂဝ • ပေါ် တေးထပ်**

**အတွင်းစကြံ** စိန္တေယျနှင့်၊ နံကိုင်းဇိန လမ်းဦးရှင်၊
ရွှေတောင်ဦးဟု မြတ်ထွတ်တင်၊ ဆယ်တောင်တွင် ခြောက်ရောင်လင်း။
ကန်ဆောက်ဆီးတော တောင်ငယ်ပါ၊ စစ်သားဘဂဝါ ကိုးဂုဏ်လင်း။
အတွင်းမုဋ္ဌော မြတ်ကိုးဆူ၊ နှိုင်းဆမတူ ရန်မြူရှင်း။
**စကြံအပြင်** မြတ်မှန်ကင်းနှင့်၊၊ သမန်းကျင်းဟု လွန်သပ္ပာယ်၊
ရန်အောင်မြင်ခေါ် ငှက်မြတ်နား၊ သားပန်ထွတ်ထား ပတ္တမြားမြတ်ဘုန်းကြွယ်။
**ဝတ်ချက်ဘုရားလှ** ငါးမာန်ပယ်သည်၊ ရွှာထောင်တင့်တယ် ဝဲပုံမြတ်နှင့်၊
ပြင်လည်းကိုးရပ် မုဋ္ဌောစိန္တေ၊ စစ်ကိုင်း ဇေယျာဗွေ။
အံ့ဖွယ်အထူး ကွန့်မြူးဝေသည်၊ မွေ့ဓာတ်စံနေ ကြည်နူးဖွယ်ပလေး....။ ။

---

## စစ်ကိုင်း မော် ၉-မော် ဘုရားများ

ထူပါရုံ စေတီတော်၏ တောင်ဖက်မှ မြောက်ဖက်သို့ အစဉ်အတိုင်း မော် ၉ - မော် ဘုရားများကို ဖူးမြင်နိုင်၏၊ ၎င်းတို့မှာ—

၁ • ဝရိုလဲယင်းမော်၊
၂ • စကုမော်၊
၃ - ပြာသာဒ်လှမော်၊
၄ - ရွှေတောင်ဦးမော်၊
၅ - ကင်းမော်၊
၆ - မဟာမော်၊
၇ - သပိတ်လှဲဘွားဦးမော်၊
၈ • ဆုတောင်းပြည့်မော်၊
၉ - ငါးစင်စပ်မော် – အားဖြင့် ၉ - မော် ဖြစ်၏။

**တနည်း** မှတ်သားချက် ရှိသေး၏၊ ၎င်းမှတ်သားချက်ကား —

၁ • ယည်သင်းမော်၊
၂ • စကုမော်၊
၃ - ပြာသာဒ်ကျမော်၊
၄ • ရွှေတောင်ဦးမော်၊

၅ - နံကိုင်းမော်၊
၆ - မဟာဇော်၊
၇ - ငါးစင်စားမော်၊
၈ - တံခွန်တိုင်မော်၊
၉ - လုလင်ကွဲမော် - တို့ ဖြစ်ကုန်၏။

## ညောင်ပင်သာ ဦးပုည၏ သမိုင်းဘွဲ့ တေးထပ်

ထူပါရုံ စိန္တေယျ၏၊ ဒက္ခိဏာ ဒိသာ၊
စ,ထားလို့ မြောက်သို့သာလျှင်၊ စဉ်၍သာ မှတ်ဦး။
မော် ၉-မော် အလွန်သာသည်၊ မြစ်ရော ကမ်းစနဖူး။
ဝရုံလဲ ယင်းရဲက အစဖော်တယ်၊ စကုဖော် တင့်ထူး။
ပြာသာဒ်လှ ရွှေတောင်ဦး၊ ပြုံးပြုံးတဲ့ ကင်းမော်။
မဟာခေါ် သပိတ်လဲ၊ ဘွားဦးတဲ့ နှစ်မည်ရမော်။
ဆုတောင်းပြည့် တွင်ခေါ်တယ်၊ သည်မြောက်သော် ငါးစင်စပ်တဲ့၊
မော် ၉-ရပ် သမိုင်းလာ၊ ကိုင်း ရွှေ့မြို့မှာ။
နောင်လာမှတ်ဖို့ စီကုံးမှာတယ်၊ မြညောင်သာ စံကွန်းကလေး....။ ။

**မှတ်ချက်။** ။ဦးပုည၏ တေးထပ်ကား ပဌမနည်း အရ ဖြစ်သည်။

---

## စစ်ကိုင်းအတွင်း ၉-ကုန်း - အပြင် ၉-ကုန်း ဘုရားများ

စစ်ကိုင်းမြို့၌ အတွင်း ၉-ကုန်း အပြင် ၉-ကုန်း ဘုရား ပုထိုးများလည်း တည်ရှိကုန်၏၊ ၎င်းတို့အနက် အတွင်း ၉-ကုန်းတို့မှာ —

၁ - လုလင်ကုန်း၊
၂ - မုန့်သည်ကုန်း၊
၃ - ကျောက်စစ်ကုန်း၊
၄ - ဓားသွေးကုန်း၊
၅ - မြေနီကုန်း၊
၆ - မြင်းသေကုန်း၊
၇ - မရှိးကုန်း၊
၈ - နွားတည်ကုန်း၊
၉ - ကြက်တည်ကုန်း တို့ ဖြစ်ကုန်၏။

အပြင် ၉ - ကုန်းဟု ဆိုသော်လည်း —

၁ - ရန်အောင်မြင်ကုန်း၊
၂ - သားပန်ကုန်း၊
၃ - ငမိုးကုန်း၊
၄ - ပေါမီးသွေးကုန်း၊
၅ - သမန်းကြီးကုန်း၊
၆ - မဲရိုင်းကုန်း၊
၇ - ပိုတောက်တင်းကုန်း သာ တွက်၍ ရ၏။

တွင်း ပြင် မပိုင်းခြားပဲ့ ကုန်း ၉ - ကုန်းကိုလည်း အောက်ပါအတိုင်း ရေတွက်ကြကုန်သေး၏။

၁ - မုန့်သည်ကုန်း၊
၂ - လုလင်ကုန်း၊
၃ - ကျောက်စလည်ကုန်း၊
၄ - ဓားသွေးဆွမ်းကုန်း၊
၅ - မြေနီကုန်း၊
၆ - မြင်းသည်ကုန်း၊
၇ - နွားတဲကုန်း၊
၈ - ကြက်တိုက်ကုန်း၊
၉ - ယုန်သေကုန်း တို့ ဖြစ်ကြကုန်၏။

တွင်း ပြင် ၉ - ကုန်း သမိုင်းကိုမူ ညောင်ပင်သာ ဦးပုညက ၈၀ - ပေါ် တေးထပ်ဖြင့် မှတ်တမ်းတင်ခဲ့လေသည်။

## ညောင်ပင်သာ ဦးပုည၏ သမိုင်း ၈၀ - ပေါ် တေးထပ်

သေလာ ဝေဖြာ ဇေယျာမြို့မှာ၊ မို့မို့မောက်မောက် မြေမြင့်ရာ၊
ကိုးကုန်းသမိုင်း မော်ကွန်းလာမှာ၊ လုလင်ကုန်းသာ မုန့်သည်မ။
ကျောက်စစ်, ဓားသွေး မြေနီခေါ်တယ်၊ မြင်းသေထင်ပေါ် မရိုးမောက်
မောက်ကွ။
နွားတည်, ကြပ်တည် ဤကိုးမည်မှာ၊ အတွင်းခေါ်သည် ကုန်းန၀၊
ရန်အောင်မြင် မြတ်ဌာနနှင့်၊ သားပန်တ၀ ငမိုးခေါ်။
ပေါမီးသွေး, သမန်းကျင်း၊ မဲရိုင်းမကြွင်း ပိတောက်တင်းကိုးကုန်းမော်။[၁]

---

၁။ နွတေးတပ် ပျက်ဒုနေဟန်တူ၏။

စစ်ကိုင်းသမိုင်း အရဖော်တယ်၊ ရွှေညောင်စံပျော် ဦးပုညက၊
နောင်သိကြဖို့ ချိုမြိန်သာယာ၊ မော်ကွန်းတင်ပြပါ။
တေးချင်းရယ်လို့ မပေါ့သာ၊ သိလွယ်စေကာ မှတ်ဖို့ပါကွဲ့လေး....။ ။

——

## စစ်ကိုင်းမြို့ အတွင်း ၉ - ကျင်း—အပြင် ၉ - ကျင်း

စစ်ကိုင်း သာသနာ့ဝင်ကျမ်းကို ဖတ်ရှုရင်း စစ်ကိုင်းသာသာနာဝင် ဖတ်သူသည် စစ်ကိုင်းမြို့ရှိ အတွင်း ၉ - ကျင်း, အပြင် ၉ - ကျင်းကို ဖတ်ရှု သိမှတ်ရာ၏၊ အတွင်း ၉ - ကျင်းတို့ကား —

၁ - ရွှေလောင်းကျင်း၊
၂ - ယင်တောင်ယော်ကျင်း၊
၃ - ၄ - စစ်သားဘုရား အရှေ့, အနောက် ရေဝန်း နှင့် ဝက်ချေးအင်း။
၅ - ၆ - ၇ - ၈ - ၉ - ဂူနီ ၅ - ကျင်းတို့ ဖြစ်ကုန်၏။

အပြင် ၉ - ကျင်းတို့ကား—

၁ - ကန်တော်၊
၂ - ဆဒ္ဒန်၊
၃ - ဆပ်ပြာ၊
၄ - သမန်း၊
၅ - လက်ပန်၊
၆ - လက္ကတိုး၊
၇ - မနောရမ္မာ၊
၈ - မုတ္တမ၊
၉ - သစ်တုံကျင်း တို့ ဖြစ်ကုန်၏။

### ညောင်ပင်သာ ဦးပုည၏ သမိုင်းဘွဲ့တေးထပ်

နက်ရှိုင်းရာ ဌာန၊ ကိုးနဝ သင်္ချာ၊
ကျင်းနွတ္တ သညာမှာ၊ ရွှေလောင်းသာ ခေါ်ကျင်း။
ခါဝဲတောင် ဥတ္တရာ၊ ယင်တောင်ယော်မှာ မြောက်ဖက်ကကျင်း။
ရေဝန်းနှင့် ဝက်ချေးတွင်တယ်၊ စစ်သားရှင်ပင် ရှေ့နောက်ကျင်း။
ဂူနီပဉ္စ လေးရှေ့ကျင်းနှင့်၊ အတွင်းကျင်းပေါင်း မှတ်စရာ၊
ကန်တော်,ဆဒ္ဒန် ဆပ်ပြာကျင်း၊ သမန်းကျင်းက မယွင်းလက်ပန်ပါ။

လက်ကတိုးခေါ်ကြ ဥယျာဉ်သာဝယ်၊ မနောရမ္မာ မုတ္တမဟု၊
သစ်တုံခေါ်ကြ ပြင်ကျင်းကိုးသွယ်၊ မှတ်ဖို့သမိုင်းခြယ်။
ဇေယျာရွှေမြို့ လွန်တင့်တယ်သည်၊ ပျော်ဘွယ်ပျော်ရာ ထူးပါလှဘုရား
လေး....။ ။

---

## ချောင်း ၉ - ချောင်း

စစ်ကိုင်း၌ ချောင်း ၉ - ချောင်း ရှိသည်၊ ၎င်းတို့မှာ —

၁ - စောင်ချမ်းပင်ချောင်း၊၊
၂ - စကြံချောင်း၊
၃ - ရေဝန်းချောင်း၊
၄ - သောတာပန်ချောင်း၊
၅ - ဥပါလိချောင်း၊
၆ - သရက်ချောင်း၊
၇ - မန်ကျည်းချောင်း၊
၈ - ကင်ပွန်းချောင်း၊
၉ - ပုပ္ပားချောင်း—

အားဖြင့် ချောင်း ၉ - ချောင်း ဖြစ်ကုန်၏။

### ဂူ ၉ - လုံး

စစ်ကိုင်း၌ ဂူ ၉ - လုံး ရှိသည်၊ ယင်း ဂူများမှာ —

၁ - ၂ - ၃ - ၄ - ၅ - ဂူနီ ငါးလုံး၊
၆ - ဆည်လည်းများဂူ၊
၇ - လက်ဝဲဂူ၊
၈ - ရွှေဂူကြီး၊
၉ - ပုပ္ပာရုံဂူ အားဖြင့် ၉ - လုံး ဖြစ်သည်။

### နတ်ကြီး ၉ - ပါး

စစ်ကိုင်း၌ နတ်ကြီး ၉ - ပါးရှိ သတတ်၊ ၎င်းတို့မှာ —

၁ - ကုမ္ဘာန်နတ်၊
၂ - ရက္ခိုသ်နတ်၊
၃ - တာခနောနတ်၊

၄ - ဥဿရောနတ်၊
၅ - အောင်စွာနတ်၊
၆ - ဝတ်ရုံနတ်၊
၇ - ငါးစီးရှင်နတ်၊
၈ - ဘုမ္မတီးနတ်၊
၉ - တပင်တိုင်နတ် အားဖြင့် ၉ -ပါး ဖြစ်ကုန်၏။

တနည်း မှတ်သားသော ဂူ ၉ -လုံး ရှိသေး၏၊ ၎င်းတို့ကား —

၁ - မြို့တွင်းရွှေဂူ၊
၂ - ရွှေဂူကြီး၊
၃ - ဂူနီဂူ၊
၄ - လမ်းလွဲဂူ၊
၅ - သောတာပန်ဂူ၊
၆ - တောင်ဘီလူးဂူ၊
၇ - ဂုမ္ဘာန် ၅၅ - ဂူ၊
၈ - ဆည်းလည်းဂူ၊
၉ - ဝတ်ရုံတော်ဂူ အားဖြင့် ၉ - လုံး ဖြစ်ကုန်၏။

**ညောင်ပင်သာ ဦးပုည၏ သမိုင်း တေးထပ်**

စောင်ချမ်းပင် အကြောင်းကြောင့်၊ စကြံချောင်း ဝေါဟာ၊
စ,ချီလို့ မှတ်ရာတယ်၊ ရေဝန်း, သောတာ ဥပါလိ။
သရက်, မန်ကျည်း ကင်ပွန်းမှာတယ်၊ ပုပ္ပားချောင်းမှာ ၉ - ချောင်း မူအရှိ။
ဂူလည်းကိုးလုံး သမိုင်းလာတယ်၊ ကသိုဏ်းပမာ မှတ်ယူဘိ၊
ငါးလုံးဂူနီ ကျော်အတိနှင့်၊ နောင်မှတ်သိဖို့ စီကုံးခြံ့။
ဆည်းလည်းများခေါ် ဂူလက်ဝဲက၊ ရွှေဂူကြီးလဲ တူတဲ့ပုပ္ပာရုံ။
နတ်ကြီး ၉ -ပါး မှတ်ရန်ပုံမှာ၊ ကုမ္ဘာန်,ရက္ခိုသ်, နတ်တာနေသနှင့်၊
ဥဿရောဟု အောင်စွာ သခင်၊ ဝတ်ရုံ ငါးစီးရှင်။
ဘုမ္မတီး ဟု ဂုဏ်သီးတင်တယ်၊ တပင်တိုင် နတ်များတဲ့လေး....။ ။

---

## သိကြား ၉ - ဆူ

စစ်ကိုင်း၌ သိကြား ၉ - ဆူတို့ ရှိကုန်၏၊ ယင်း သိကြား ၉ - ဆူတို့မှာ —

၁ - နံ့ကိုင်းသိကြား၊
၂ - ယင်းရဲသိကြား၊

၃ - ပျားစွဲသိကြား၊
၄ - ဝါနီသိကြား၊
၅ - ဂူနီသိကြား၊
၆ - စစ်သားသိကြား၊
၇ - ဆည်းလည်းများသိကြား၊
၈ - ရွှေဂူသိကြား၊
၉ - မုဋ္ဌောရင်ချမ်းသိကြား ဖြစ်ကုန်၏။

## တိ ၃ - တိ

တိ ၃ - တိတို့ ရှိကုန်၏၊ ၎င်း တိ ၃ - တိ တို့မှာ—

၁ - ပတ္တမြားစေတီ၊
၂ - သစ္စာစေတီ၊
၃ - ရှစ်ထောင့်စေတီတို့ ဖြစ်ကုန်၏။

## တည် ၉ - တည်

တည် ၉ - တည်တို့လည်း ရှိကုန်၏၊ ၎င်းတို့မှာ—

၁ - ဆန်၊
၂ - ဆား၊
၃ - နှမ်း၊
၄ - ပဲ၊
၅ - နွား၊
၆ - လူ၊
၇ - လှေ၊
၈ - လဘက်၊
၉ - ထန်းလျက် တို့ ဖြစ်ကုန်၏။

## ရုံ ၃ - ရုံ

ရုံ ၃ - ရုံတို့ ရှိကုန်၏၊ ၎င်းတို့မှာ—

၁ - နဂါးရုံ၊
၂ - ပုပ္ပါးရုံ၊
၃ - ဝတ်တောင်ရုံ တို့ ဖြစ်ကုန်၏။

## ညောင်ပင်သာ ဦးပုည၏ သမိုင်း ၁၀ - ပေါ် တေးထပ်

သိကြား ကိုးဆူ ခေါ်သမိုင်းမှာ၊ နံကိုင်း, ယင်းရဲ ပျားစွဲမှန်၊
ဝါနီဌာန လူနီစံတယ်၊ စစ်သားဘုန်းလျှံ မာဃဝ။
ဆည်းလည်းမျှားနှင့် ရွှေဂူပျော်တယ်၊ မုဋ္ဌောရှင်တော် ရင်ချမ်း, ဝါသဝ။
ပတ္တမြား,သစ္စ ရှစ်ထောင့်ညီတယ်၊ သုံးတီရှင်တော် ထိန်ထိန်ပ။
ကိုးတည်ခေါ်သည် ဝေါဟာရမှာ၊ ဆန်, ဆား, နှမ်း, က ဝါ, နွား, လူ။
လှေနှင့် လဘက် ထန်းလျက်ပေါင်း၊ စာဟောင်းသမိုင်း မော်ကွန်းရေး လို့ထူ။
ရုံသုံးရုံ လွယ်တကူလျှင်၊ မှတ်လိုသူ မှတ်သားတော့၊
နဂါးရုံ ပုပ္ပါရုံ၊ ဝတ်တော် ခေါ်တဲ့ရုံ။
ထွေတွေထူး အံ့ဖွယ်စုံသည်၊ ဇေယျာဘုံ ရွှေကိုင်းတဲ့လေး....။ ။

**မှတ်ချက်။** ။ သိကြား ၉ - မျိုးကို —

(၁) ရွှေဂူသိကြား၊ (၂) ရန်အောင်မြင်သိကြား၊ (၃) တံခွန်တိုင်မော်သိကြား၊ (၄) သစ္စာသိကြား၊ (၅) ဆည်းလည်းသိကြား၊ (၆) ဂူကြီးသိကြား (၇) ဂူနီသိကြား၊ (၈) နံကိုင်းသိကြား၊ (၉) ယင်းရဲသိကြား ဟူ၍ ဆိုကြသေး၏။

တီ ၃ - တီကိုလည်း—

၁ - ပုညရှင်စေတီ၊

၂ - ပတ္တမြားစေတီ၊

၃ - သစ္စာစေတီ - တို့ ဖြစ်ကြောင်း တနည်း တဖုံ ဆိုကြကုန်သေး၏။

အထက် ဖော်ပြပါ တီ ၃ – တီ အနက် ရှစ်ထောင့်တည် ဘုရားမှာ လေးကျွန်း မာရ်အောင် စေတီတော် ဖြစ်သတတ်။

### ညောင် ၉ - မျိုး

စစ်ကိုင်း၌ ညောင် ၉ - မျိုးတို့ ရှိကုန်၏၊ ၎င်းတို့မှာ –

၁ - ညောင်စဉ်၊

၂ - ညောင်ကုက္ကား၊

၃ - ညောင်နီ၊

၄ - ညောင်လှ၊

၅ - ညောင်ကျုံးဒန်၊

၆ - ညောင်ပင်သာ၊
၇ - ညောင် ၉ - ပင်၊
၈ - ညောင်ပင်ကျည်၊
၉ - ညောင်ပင်စည် – တို့ ဖြစ်ကုန်၏။

အင်း ၉ - အင်း

စစ်ကိုင်း၌ အင်း ၉ - အင်းတို့ ရှိကုန်၏၊ ၎င်းတို့မှာ -

၁ - ဝက်ချက်အင်း၊
၂ - သပြူအင်း၊
၃ - ရွှေကြာအင်း၊
၄ - ပုဏ္ဏားအင်း၊
၅ - ရေခါးအင်း၊
၆ - ရေမျက်ကြီးအင်း၊
၇ - စစ်ကုန်းအင်း၊
၈ - တန္တီအင်း၊
၉ - ရွှေကျေးအင်း တို့ ဖြစ်ကုန်၏။

——

## မင်းကွန်း ပုထိုးတော်ကြီး

စစ်ကိုင်း ခရိုင် အတွင်း ပါဝင်သော စစ်ကိုင်းတောင်တန်းနှင့် စပ်လျက် တည်ရှိသော ပုထိုးတော်ကြီးမှာ လက်စမသတ် မပြီးပြတ်ခဲ့ချေ၊ တည်ဆောက်၍ ပြီးလျှင် ပေ ၅၀၀ - ဉာဏ်တော် မြင့်မည်ဟု သိရ၏၊ လက်ရှိ မပြီးသေးသည့် စေတီတော်မှာ ဘိနပ်တော်နှင့် တကွ အဆင့် ၅ - ဆင့် ပါသော ပဌမပစ္စယံသည် ၄၅၀ - စတုရန်းပေ ရှိလေ၏၊ ၅ - ခုမြောက် အဆင့်မှ ၂၃၀ ပေ စတုရန်းပေ ရှိသော ဉာဏ်တော်သည် အမြင့် ၁၆၂ ပေ အထိ တက်သွားသည်ဟု သိရ၏။ ( သေလက္ခရသမ္မန္ဒဒီပနီ၌ ဘိနပ်တော် အဝန်း အတောင် ၁၂၈၀ - ရှိသည်ဟု ဆို၏။ )

### သမိုင်း အကျဉ်း

သက္ကရာဇ် ၁၁၄၃ - ခုနှစ်တွင် နန်းတက်တော်မူသော ဘိုးတော်မင်းတရားကြီးသည် ၁၁၅၂ - ခုနှစ် နတ်တော်လဆန်း ၅ - ရက် တနင်္ဂနွေနေ့တွင် ပုထိုးတော်ကြီးဘုရားကို ရွှေအုတ်, ငွေအုတ်တို့ဖြင့် အုတ်မြစ်ချတော်မူ၍

တည်စေတော်မူခဲ့လေသည်၊ မင်းရွာကို မင်းကွန်းဟု သမုတ်တော်မူလေသည်၊ ၁၁၅၈-ခုနှစ် တပေါင်းလဆန်း ၅-ရက်နေ့တွင် ခတ်တော် မွေတော် ဆင်းတုတော် စသည် မြားမြောက်လှစွာသော ကိုးကွယ်ရာများကို ခမ်းနားကြီးကျယ် ပွဲသဘင် ကျင်းပ၍ ဌာပနာတော်မူလေသည်။

## ကမ္ဘာပေါ်တွင် အကြီးဆုံး စေတီများ

ဖော်ပြပါ မင်းကွန်း စေတီကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံး စေတီကြီးများတွင် ပါဝင်လေသည်၊ ဒုဋ္ဌဂါမဏိမင်းကြီး၏ ကောင်းမှုတော် သီဟိုဠ်ကျွန်း အနုရာဓမြို့ရှိ မဟာစေတီကြီးကို နောက်ထပ် ပြန်လည်၍ တည်ဆောက်ထားရာ ဘိနပ်တော် အကျယ်အဝန်း ၆၆၆-တောင် ၂-မိုက် ရှိလေ၏၊[၁] ၎င်းမဟာစေတီတော်ကြီးမှာလည်း ကမ္ဘာတွင် ထင်ရှား ကြီးကျယ်သော စေတီများတွင် ပါဝင်လေ၏၊ သာသနာ သက္ကရာဇ် ၁၇၀၇–၁၇၄၀-တွင် သီဟိုဠ်ကျွန်း ပုလတ္ထိမြို့တော်၌ မင်းပြုသော ပရက္ကမဗာဟုမင်းကြီးသည် သာသနာတော်ကို များစွာ ချီးမြှောက်ပြုစုခဲ့လေသည်၊[၂] ပရက္ကမဗာဟုမင်းကြီးသည် ပဏ္ဍုတိုင်းမှ ဖမ်းဆောင် လာခဲ့သော သုံ့ပန်း ဒမိလများကို အလွန်ကြီးမားသော စေတီကြီးကို တည်ဆောက်စေခဲ့လေသည်၊ ယင်းစေတီမှာ ဒမိလစေတီဟု တွင်လေသည်၊ ၎င်းစေတီကြီးမှာ လုံးပတ်တော် အတောင် ၁၃၀၀-ရှိလေသည်၊ စေတီကြီးမှာ အပြီးမသတ်ချေ။

> ပဏ္ဍုရဋ္ဌံ ဂဟေတွာန၊ တတော အာကစ္ဆိတေဟိပိ။
> ကာရိတတ္တာ ဒမိလေဟိ၊ ဒမိလထူပသညိတံ။
> တိသတာဓိကသဟဿ–ရတနံ ပရိနာဟတော။
> မဟန္တံ သဗ္ဗထူပါနံ၊ ကေလာသံ ဒုတိယံ ဝိယ။[၃]

ဖော်ပြပါ ဒမိလစေတီမှာ အမြင့်ပေ ၄၅၀-ပေ အထိသာ ပြီးစီးလေသည်၊ အားလုံးပြီးလျှင် အမြင့် ပေ ၁၅၀၀-ရှိမည်ဟု သီဟိုဠ်ဘာသာရေး စေတီ ပုထိုး သမိုင်း၌ ဆိုလေသည်။[၄] ဤဒမိလစေတီသည်သာ ကမ္ဘာပေါ်တွင် အကြီးဆုံး ဖြစ်မည်ဟု ယူဆပေသည်။

---

၁။ စစ်ကိုင်း ရာဇဗူဠာမဏိ ကောင်းမှုတော် စေတီတော်ကြီး သမိုင်း အောက်ခြေ မှတ်ချက် ကြည့်။

၂။ သီဟိုဠ်သာသနာဝင် ကြည့်။

၃။ မဟာဝံသ– ၇၆၊ ၇၆၊ ၇၇။

၄။ သီရိလင်္ကာ ဗုဒ္ဓသိဒ္ဓန္တ ဌာန ဇုတိဟာသယ– ၁၁၁။

## ခေါင်းလောင်းကြီး သွန်းပူဇော်ခြင်း

ဘိုးတော်မင်းတရားသည် ၁၁၇၀ - ပြည့်နှစ် ကဆုန်လဆန်း ၅ - ရက်နေ့ တွင် အဝ အချင်း ၁၁ - တောင် ၄ - သစ်၊ လုံးပတ် ၃၃ - တောင် ၁ - မိုက် ၄ - သစ်၊ စောက် ၁၃ - တောင် ၁ - မိုက် ၄ - သစ် ရှိသော ခေါင်းလောင်း တော်ကြီးကိုလည်း ကြေး အချိန် ၅၅၅၅၅ - (ငါးသောင်း ငါးထောင် ငါးရာ ငါးဆယ့် ငါး) ပိဿာကို သဘင်ကြီးစွာ ခံ၍ သွန်းလုပ် ပူဇော်တော်မူ ခဲ့လေသည်၊ ယင်းခေါင်းလောင်းကြီး၏ အချိန်ကို 'မင်း - ဖြူ - မှန် - မှန် - ပြော' ဟူသော ဆောင်ပုဒ်ဖြင့် ရှေးသူဟောင်းတို့ မှတ်တမ်းပြုခဲ့ကြကုန်၏။

---

# ဆဋ္ဌပိုင်း

## စစ်ကိုင်း - ရေငုံဆရာတော်

ရေငုံဆရာတော်သည် သက္ကရာဇ် ၁၀၄ - ခုနှစ် ထူပါရုံ စေတီတော် ဒါယကာ နရပတိမင်း လက်ထက်မှ ဒုတိယ မင်းခေါင် လက်ထက်တိုင် ပုည ရှင်တောင် အရှေ့ဖက် ချောက်၌ စာပေ ချပို့ကာ သီတင်းသုံးတော် မူခဲ့ သည်၊ လဇ္ဇီ သူတော်ကောင်းကြီး ဖြစ်တော်မူသည်။

### အရှင်အရိယဝံသ၏ ဆရာ

မဏိသာရမဉ္ဇူ, မဏိဒီပဋီကာ, ဂန္ထာဘရဏကျမ်း, အနုဋီကာ မဟာနိဿျ စသည့် ကျမ်းဂန်ပြု အရှင်အရိယဝံသ၏ ဆရာလည်း ဖြစ်တော်မူ၏၊ ဆရာ တော်သည် စာချချိန်မှ တပါးသော အချိန်များ၌ စကားမပြော ရေကိုသာ ငုံလေ့ ရှိသဖြင့် ရေငုံဆရာတော်ဟု တွင်၏၊ ဆရာတော်၏ နေရာ ချောင် (ချောက်) သည် ရေငုံချောင်ဟု တွင်လေသည်။

ရေငုံ မဟာစရိယောတိ၊ ပသိဒ္ဓေါ သာသနမ္ဗရေ။
လဇ္ဇီ သီလဂုဏော ယုတော၊ ပါကဋော ဝါစကော သုဓီ။[၁]

---

၁။ ယင်းဆရာတော်ကား ရေငုံဆရာတော် ဟူ၍ သာသနာ့ ကောင်းကင်တွင် ထင်ရှား၏၊ မကောင်းမှု ပြုရန် ရှက်တတ်သူ - သီလဂုဏ်၌ယှဉ်သူ - ထင်ရှား သော ဓမ္မကထိက ပညာရှင် ဖြစ်သူပေတည်း။

## 'မဏိမဉ္ဇူသာဋီကာ' စသည် ကျမ်းဂန်ပြု
## အရှင်အရိယဝံသ မဟာထေရ်

ဆရာတော်သည် သက္ကရာဇ် ၈၂၀ - ကျော်လောက်တွင် သာသနာ၌ ထူးခြားစွာ ထင်ရှားသည့် ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်၊ ဆရာတော်၏ ဇာတိ ဌာနေ မွေးရပ်မြေမှာ ပင်းယမြို့ တောင်ဖက် စကားအင်းရွာ ဖြစ်လေသည်။

ရှင်, ရဟန်းပြု သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်၊ ပင်းယမြို့ စကား ၇ ကျောင်း ဆရာတော်များထံ ပညာသင်ကြားတော်မူခဲ့လေသည်၊ ဉာဏ်လည်း လွန်စွာ ထက်မြက်တော်မူ၏၊ မိန်းမ ကိုယ်ဝန်ဆောင် တရွက် ခန့်စာ ပေများကို နှုတ်ငုံဆောင်နိုင်လေသည်။

ထေရကုံရသ ဉာဏံ စ၊ အတိဝ တိက္ခဏံ ဘဝိ။
ကောဂတ္ထိနီယာဘာရ-မတ္တံ ဝါစုဂ္ဂတံ ကရိ။[၁]

### ရေငုံဆရာတော်ထံ စာဝါတောင်း

သို့ရာတွင် စာပေ တတ်မြောက်သည် ဆိုသည့် သဘောကို မသိသဖြင့် စစ်ကိုင်းတောင်ရိုး ရေငုံဆရာထော်ထံ ချဉ်းကပ် စာဝါတောင်းရာ စာတက် ခွင့် ရပြီးနောက် ၃ - ရက်သာ စာတက်ပြီး စာတတ်သည် ဆိုသည်ကို ကောင်း စွာ သဘောပေါက်တော် မူခဲ့လေသည်၊ ဆရာတော် သည် စာ တတ် သည် ဆိုသည်ကို သဘောပေါက်အောင် ၃-ရက် စာချပေးသော ရေငုံဆရာတော် ကို ကျေးဇူးဆပ်သည့် အနေဖြင့် မဏိသာရမဉ္ဇူသာဋီကာကျမ်းကြီးကို ရေး သားတော်မူခဲ့လေသည်။

ပြုစုတော်မူသော ကျမ်းများကို သိသမျှ ဖော်ပြရပါမူ—

၁ - မဏိသာရမဉ္ဇူသာဋီကာ၊
၂ - မဏိဒီပဋီကာ၊
၃ - ဂန္ထာဘရဏဋီကာ၊
၄ - ဇာတကဝိသောဓနေ၊
၅ - အနုဋီကာ မဟာနိဿျ — စသည်တို့ ဖြစ်ကုန်၏။

### ပျံလွန်တော်မူပြီ

ဆရာတော်သည် သက္ကရာဇ် ၉၀၁ - ခုနှစ်တွင် ရှမ်းမင်း သိုဟန်ဘွား၏

---

၁။ ပင်းယ သာသနာဝင်။

ဆွမ်းကျွေးမည်ဟု ပင့်ဖိတ်ကာ ရဟန်း သံဃာတော်တို့ကို ကွပ်မျက်ရာတွင် ပါဝင် ပံ့ပိုးလှူဒါန်းသည်ဟု အဆိုရှိလေသည်။[၁]

အရိယဝံသော မဟာထေရော၊ အရိယဝံသေသု သံယုတော။
ပါလေတွာ အရိယဝံသံ၊ ပယာတော မစ္စုနော ဝသံ။

---

## ‘ခုဒ္ဒသိက္ခာ ယောဇနာဟောင်း’ ကျမ်းပြုထေရ်

ခုဒ္ဒသိက္ခာယောဇနာကျမ်းသည် ယောဇနာဟောင်း, ယောဇနာသစ် ဟူ၍ ၂-ကျမ်း ရှိလေသည်၊ ယင်း ၂-ကျမ်း အနက် ခုဒ္ဒသိက္ခာ ယောဇနာ ကျမ်းဟောင်းမှာ စစ်ကိုင်းမြို့ မြောက်ဖက် တောရကျောင်းနေ ဆရာတော် တပါး ရေးသား ပြုစုတော်မူခဲ့လေသည်၊ ကျမ်းဦး၌—

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ သကလလောက ဝိမောဟကဿ မောဟဿ ခံသကဿ သုဝုတ္တဓမ္မဿ။
နမော တဿ အနုသောတ္တမဒက္ခိဏေယျဿ သံဃဿ။
နမော ဗုဒ္ဓဿ သိဒ္ဓံ၊ ယတီနံ ပါဠဝတ္ထံ။
သဒ္ဒတ္ထံ ခုဒ္ဒသိက္ခံ၊ ယထာယောဂံ ရစိဿံ။—

ဟူသော စကားရပ်တို့ဖြင့် ရတနတ္တယပဏာမ, ကျမ်းပြုခြင်း၏ အကျိုး, ပဋိညာဉ် တို့ကို ဖော်ပြတော်မူခဲ့လေသည်။

ကျမ်း၏ အဆုံး၌—

ခုဒ္ဒသိက္ခာ[၂] ပကရဏဿ သဒ္ဒအတ္ထသမ္ဗန္ဓယောဇနာ ပရိနိဋ္ဌိတာ၊ တေတ္တိံသ သတသဟဿ သကရာဇေ သုနာပရန္တရဋ္ဌေ မဟာစေတ္တိရက္ခိဿ နိန္နပေါဏပဗ္ဘာရဋ္ဌာနေ ကတတ္တာ နေမိတ္တိကဝေါဟာရေန စစ်ကိုင်း တိလဒ္ဓဝေါဟာရဿ နဂရဿ ဥတ္တရဒိသာဘာဂေ နာနာရုက္ခသမာ ကိဏ္ဏေ သာမုသီတလသလိလဆာယာသမ္ပန္နေ သာခူနံ နိဝါသဘူတေ မဟာရညေ မဟာရာဇေန ကာရိတေ ဟေဋ္ဌုပရိသုဝဏ္ဏလိမ္ပိတေ အနေကကုဋ္ဌာဂါရပါကာရဂေါပုရလက်တေ မဟာပါသာဒေ ဝသန္တော သီလသုတဝယဝုဒ္ဓိသမ္ပန္နော ဗုဒ္ဓစက္ကဿ ဌိတိကာမော သာဓူနံ ဟိတကာမော မဟာထေရော ဣမံ ပကရဏံ ကရောတိ....။

စသည်ဖြင့် ဖော်ပြ၍ နိဂုံးအုပ်ခဲ့လေသည်၊ ခုဒ္ဒသိက္ခာယောဇနာဟောင်း

---

၁။ အရှင်အရိယဝံသ၏ အဖြစ်တော်စဉ် အကျယ် ပင်းယ သာသနာဝင်ကျမ်း၌ ကြည့်ရှုရာ၏၊ ဤ၌ အကျဉ်းမျှသာ ဖော်ပြသည်။
၂။ ခုဒ္ဒသိက္ခာနာမ ပကရဏဿ (မူရင်း)

မှာ ပါဠိသွား ပျော့သည်၊ နိဂုံးစကားကို ထောက်က သက္ကရာဇ် ၁၁၃၀ ခန့်က ပေါ်ထွန်းသော မထေရ် ဖြစ်ကြောင်း သိရလေသည်၊ သမိုင်းသုတေသီ တို့ လေ့လာနိုင်ရန် ခုဒ္ဒသိက္ခာယောဇနာ နိဂုံးလာ စကားများကို ဖော်ပြ လိုက်ပါသည်။

ပိဋကတ်တော်သမိုင်း၌ 'ခုဒ္ဒသိက္ခာယောဇနာမှာ စစ်ကိုင်းမြို့ တောရနေ အမည်မသိ ထေရ် ပြုသည်' ဟု ဖော်ပြထား၏။[၁]

# သတ္တမပိုင်း

## ဆီးတော ဆရာတော်

တိပိဋကာလင်္ကာရ တောင်ဖီလာဆရာတော်ကို ဆီးတောဆရာတော် ဝင် စားသည်ဟု အဆိုရှိသည်၊ သို့ဖြစ်၍ တောင်ဖီလာဆရာတော်၏ အဖြစ်တော် စဉ်ကို မဖတ်ရှုသေးမီ ဆီးတောဆရာတော်၏ အဖြစ်တော်စဉ်ကို ဖတ်ရှု ရာ၏။

ဆရာတော်သည် ရှေးအထက် သက္ကရာဇ် ၈၀၀ - ကျော် ဒုတိယ မင်းခေါင် လက်ထက်က ထင်ရှားသည့် ဆရာတော် ဖြစ်တော်မူသည်၊ စလင်းမြို့ အသည် ကြီး၏ သား ဖြစ်သည်၊ မင်းခေါင် ညီတော် သတိုးကျော်စွာ စလင်းမြို့စား အဖြစ်နှင့် စလင်းမြို့၌ စံနေတော်မူစဉ် သတိုးကျော်စွာ၏ မိဖုရားသည် ထိုအသည်ကြီး သား ၅ - နှစ်ရွယ်ကို ယူ၍ မွေးစားတော်မူသည်။

စလင်းတွင် သတိုးကျော်စွာ နတ်ရွာစံသည့်နောက် သား သမီး တစုလုံး ကို ခေါ်၍ မိဖုရား အဝသို့ လာရာတွင် ထိုအသည်ကြီး သားလည်း ပါ ဝင်ခဲ့လေသည်။

အရွယ် ရောက်သော် ရှင်သာမဏေ ဝတ်ခဲ့သည်၊ သက်တော် ၂၀ - တွင် မိဖုရားက ရဟန်း ဒါယိကာမ ပြုလုပ်၍ သာသနာဘောင်သို့ သွတ်သွင်း ချီးမြှင့်၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ စာပေ ကျမ်းဂန် တတ်မြောက်၍ ထင်ရှား ကျော်စောလေသော် ဒုတိယ မင်းခေါင်ကြီးက ကိုးကွယ်လေသည်၊ နောက် သားတော် ရွှေနန်းကြော့ရှင် ဘုရင် နရပတိသည် လည်း မင်းစံလေးထပ်မြေရာတွင် ရွှေကျောင်း ဆောက်လုပ်၍ တင်လှူတော်

---

၁။ ပိဋကတ်တော် သမိုင်း— ၁၂၄။

မှုသည်၊ ရွှေကျောင်းတော် ပတ်လည်တွင် ဆီးပင်များ ရှိသဖြင့် ဆီးတော ရွှေကျောင်း ဆီးတောဆရာတော်ဟု တွင်သည်။

ပဋိစ္စ ပဒရဒ္ဓမေ၊ ဝိဟာရော တန္နာမော ဘဝေ။
ထေရောပိ တေန နာမေန၊ အစုနာပိ သမုဂ္ဂတော။[၁]

သိုဟန်ဘွား လက်ထက် အုန်းဘောင်စော်ဘွားက ပင့်ဆောင် ကိုးကွယ် ခြင်း ခံရလေသည်၊ အုန်းဘောင် ခံမှိုင်းသား မိုးပြဲစား အဝဍ် မင်းပြုစဉ် အုန်းဘောင်က ပင့်သဖြင့် အဝဍ် သီတင်းသုံးတော်မူသည်၊ ၉၁၆-ခုနှစ် ဟံသာဝတီ ဆင်ဖြူများရှင် သိမ်းတော်မူ၍ စစ်ကိုင်း နရပတိ ဟံသာဝတီပါ သည့်နောက် အဝကို ညီတော်သတိုးမင်းစော မင်းပြုသည့် အခါတွင်လည်း သတိုးမင်းစောက ကိုးကွယ်သည်၊ ယင်း သတိုးမင်းစော လက်ထက် ၉၃၁-ခုနှစ်တွင် ပျံလွန်တော်မူသည်။

—

## 'တိပိဋကာလင်္ကာရ' 'မဟာတိပိဋကာလင်္ကာရ' ဘွဲ့တံဆိပ်တော် ၂-ထပ်ရ
# တောင်ဖီလာ ပဉ္စမဆရာတော် အရှင်မုနိန္ဒဃောသ မဟာထေရ်

တောင်ဖီလာဆရာတော် အရှင်မုနိန္ဒဃောသထေရ်သည် သာသနာတွင် နေအသွင် လအလား လွန်စွာ ကျော်ကြား ထင်ရှားတော်မူသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်၊ ဘုရားမြတ်စွာ သာသနာကို ပရိယတ်, ပဋိပတ် အလုပ် နှစ်ရပ်တို့ဖြင့် ချီးမြှောက် ပူဇော်တော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ် ဖြစ်ပေသည်။

သို့ဖြစ်၍ တောင်ဖီလာဆရာတော် အရှင်မုနိန္ဒဃောသ၏ အဖြစ်တော်စဉ်ကို ကျမ်းစာ တော်တော်များများကို ချဉ်းနင်း၍ လည်းကောင်း ဝေဖန် ညှိ၍ လည်းကောင်း ဤစစ်ကိုင်းသာသနာဝင်ကျမ်းကြီး၌ ရေးတင် ဖော်ပြ မှတ်တမ်း တင်အပ်ပါသည်။

### ဖွားမြင်တော် မူခြင်း

ဆရာတော်သည် ရတနာပုရ အင်းဝနန်းမြို့တော်၌ သက္ကရာဇ် ၉၁၆-ခုနှစ် တွင် နန်းတက်တော်မူသော သတိုးမင်းစော လက်ထက် စလင်းမြို့၌ ၉၄၀-ပြည့်

၁။ အဆက် မြန်မာစကားပြေ ၂-ကြောင်းကို ချုံး၍ ပြသည့် ဂါထာတည်း။

နှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ဆီးတောဆရာတော် ဝင်စားသည်ဟု လည်း ဆိုကြသည်။

## ရှင်သာမဏေ ပြုခြင်း - ပြည်မြို့ ရောက်ရှိခြင်း

ဆရာကော် လျှောင်းလျှာကား သမ္မာသမ္ဗုဒ္ဓ သဗ္ဗညု မြတ်စွာဘုရား လောင်းလျာလည်း ဖြစ်ရကား ဘုန်းကံပါရမီ ရှိပြီး ဖြစ်သည့် အလျောက် ငယ်ရွယ်စဉ်ကပင် ရှင်သာမဏေဝတ်၍ သာသနာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့လေသည်၊ သာမဏေဘွဲ့မှာ ရှင်မုနိန္ဒဃောသ ဖြစ်လေ သည်၊ သက္ကရာဇ် ၉၅၃ - ခုနှစ်တွင် ငါးဆူဒါယကာ မင်းတရား လက်ထက် ရဟန်း သာမဏေ သံဃာများကို ပင့်ဆောင် ကိုးကွယ်ရာတွင် သက်တော် ၁၃ - နှစ်သား အရွယ်၌ ပြည်မြို့သို့ ပင့်ဆောင်သဖြင့် ရောက်ရှိတော် မူခဲ့ လေသည်။

## အရှင်အတုလဝံသကျောင်းတိုက်၌ ပညာသင်

ပြည်မြို့သို့ ရောက်ရှိ သေသော် မိမိ၏ အနွယ်အဆက် ဖြစ်သော သီဟိုဠ် ပြန် ဆရာတော် အရှင်အတုလဝံသ၏ နဝင်းတောင်ကြား ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ ပညာ သင်ကြားတော်မူခဲ့လေသည်၊ များမကြာမီ မင်းကြီး နောင်း၏ ကိုးကွယ် ကြည်ညိုမှုကို ခံယူ ရရှိတော်မူသဖြင့် ဂုဏ်သတင်း လည်း ထင်ပေါ်ကျော်ကြားလျက် 'သာမဏေကျော်' ဟု ထင်ရှားတော် မူလေသည်၊[၁] သက်တော် ၁၅ - နှစ်သား အရွယ် သက္ကရာဇ် ၉၅၄ - ခုနှစ်တွင် 'ဝေဿန္တရာပျို့' ကို ရေးသားတော်မူခဲ့သည်။

သာမဏေရော မုနိန္ဒေါဟိ၊ တိကွော ဂမ္ဘီရပညဝါ။
ရစယိ ပန္ဒရသမှိ၊ ဝေဿန္တရာပျို့နာမကံ။

## ရဟန်းဘဝ ဒုလ္လဘသို့

သက္ကရာဇ် ၉၅၉ ခုနှစ်တွင် ပြည်ဘုရင် သတိုးဓမ္မရာဇာ မင်းကြီး နောင်းကို အထိန်းတော် ရန်နိုင်စား လုပ်ကြံ၍ ပြည်မြို့ကို မင်းပြုပြီးနောက် သာမဏေကျော် ရှင်မုနိန္ဒဃောသ၏ ပညာ ရည်အသွေးကို သိရှိ၍ များစွာ ကြည်ညိုခြင်း ဖြစ်လေ၏၊ ရှင်မုနိန္ဒဃောသသည် သက်တော် ၂၀ - ပြည့်မြောက် ချိန်တွင် ဖော်ပြပါ ရန်နိုင်စား၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခဲ့လေသည်၊ ရဟန်းဘွဲ့တော်မှာသည်း အရှင်မုနိန္ဒဃောသပင် ဖြစ် လေသည်။

---

၁။ ဒဘာရကာလေ့တော ဃေဝ၊ ပဋ္ဌာယ ကိတ္တိဃောသကော။ ။( ဆရာတော် ကိုယ်တိုင်ရေး **ဝိသတိဝဏ္ဏနာ** နိဂုံး)

## အရိယဝံသ ဓမ္မသေနာပတိ သီရိသဒ္ဓမ္မကိတ္တိ စသည်တို့ထံ ပညာသင်

အရှင်မုနိန္ဒဃောသသည် အရိယာဝံသ ဓမ္မသေနာပတိ သီရိသဒ္ဓမ္မကိတ္တိ စသည့် ပညာရှိ မထေရ်မြတ်တို့ အထံတော်၌လည်း ပိဋကတ် ကျမ်းဂန် အတန်တန်ကို သင်ယူ တတ်မြောက်တော်မူခဲ့လေသည်။ [၁]

## စာပေ တတ်မြောက်

ယင်းသို့ ပညာ သင်ကြားခဲ့လေရာ သဒ္ဒါဗျာကရုဏ်းကျမ်းများနှင့် တကွ ဝိနည်း, သုတ္တန်, အဘိဓမ္မာ ဟူသော ပိဋကတ်သုံးပုံ ပါဠိ, အဋ္ဌကထာ, ဋီကာ ဟူသမျှတို့၌ တွန့်ရွံ့ ကြောက်လန့်ခြင်း ကင်းကာ ချဉ်းနင်း ဝင်ရောက် ကူးခပ်နိုင်အောင် တတ်မြောက်တော်မူခဲ့လေသည်၊ သို့ဖြစ်ရာ အရှင်မုနိန္ဒဃောသ၏ ဂုဏ်သတင်းမှာ တကသစ်စ နေဝန်း ထွန်းသစ်စ လပမာ လွန်စွာ တိုး၍ တိုး၍ ကျော်ကြားခဲ့လေသည်၊ အရှင်မုနိန္ဒဃောသ ပညာ တတ်သည်, ဉာဏ်ထက်သည်, ဝိနည်း သိက္ခာပုဒ်တို့၌ လေးစားသည် စသည် ဖြင့် ကျော်စောသံမှာ ရဟန်း ပရိသတ်, ရှင်ပရိသတ်, မင်းစိုးရာဇာ ပရိသတ် တို့၌ မဆန့်အောင် ပျံ့နှံ့ခဲ့လေသည်။

ဉာဏဿ တိက္ခမာရဗ္ဘ၊ တဿ ယသော သမုဗ္ဘဝိ။
သုက္ကပက္ခေ ယထာ စန္ဒော၊ ဥဂ္ဂတော သူရိယော ဝိယ။

## ပြည်မြို့၌ စာပေချပို့

ဆရာတော်သည် ပြည်မြို့ နဝင်း တောင်ကြားကျောင်း စသည်၌ သီတင်း သုံးတော်မူ၍ ချဉ်းကပ် ရောက်ရှိလာသော တပည့် တပန်း ရဟန်း သာမဏေ တို့အား ဝိနည်း, သုတ္တန်, အဘိဓမ္မာ အစရှိသော ကျမ်းဂန်များကို အပျက် အကွက် နည်းနိုင်သမျှ နည်းအောင် ချပို့တော်မူခဲ့လေသည်၊ စာဝါ ချပို့ ပြီးတိုင်း 'ဣဒံ မေ ပုညံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု = ဤသို့ စာပေ ပို့ချပါရ မြတ်ပုညသည် သဗ္ဗညုတဉာဏ်၏ အကြောင်း အထောက် အပံ့ ဖြစ်ပါစေ' ဟု ဆုတောင်းလေ့ ရှိတော်မူလေသည်။

## စာပေ ချပို့ အမြွက်

တောင်ဖီလာဆရာတော် စာပေ ချပို့ပုံမှာ လွန်စွာ ကောင်းမွန် ပြည့်စုံ လှသည်၊ အနက် ပေးရာမှာလည်း အထဝါ, ဝါတွေ များစွာတို့ဖြင့် နည်း ပေါင်းစုံ ဖော်ပြ ချပို့လေ့ ရှိကြောင်း သိရပါသည်၊ ဥပမာ–ကုသလာ

---

၁။ ဝိသတိဝဏ္ဏနာ နိဂုံး ကြည့်။

ဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာ ဟူသော ဓမ္မသင်္ဂဏီပါဠိတော် ကုသလတိတ်အား အောက်ပါအတိုင်း အနက်ပေးပုံကို သတိပြုရာ၏။

ကုသလာ၊ ကုသိုလ်ဟု ဆိုအပ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ အကုသလာ၊ အကုသိုလ်ဟု ဆိုအပ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ အဗျာကတာ၊ အဗျာကတဟု ဆိုအပ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ ။ (ဤ အနက်သည် တစုံတခုသော အနက် ဝိသေသကို မယူမူ၍ သာမည အားဖြင့် သဒ္ဒါတ သဒ္ဒါ၏ အနက်နှင့် ယှဉ်၍ ယောဇနာအပ် ကြောင်း သမ္ဗန္ဓာဝနာသာမညတ္တ မည်၏)။ ။အထဝါ၊ တနည်း ကား။ ကုသလာ၊ ကိလေသာ ဟူသော အနာ မရှိကုန်သော။ ဓမ္မာ၊ သတ္တ မဟုတ်ကုန်သော တရားတို့သည်။ ဝါ — ဓမ္မာ၊ ဇီဝ မဟုတ် ကုန်သော တရားတို့သည်။ ဝါ — တနည်းကား။ ကုသလာ၊ ကိလေ သာ ဟူသော အပြစ် မရှိကုန်သော။ ဓမ္မာ၊ တို့သည်။ ဝါ — တို့သည်။ ဝါ — တို့သည်။ ဝါ — ကုသလာ၊ လိုအပ်သော အကျိုးကို ပေးတတ် ကုန်သော။ ဓမ္မာ၊ တို့သည်။ ဝါ — တို့သည်။ ဝါ — တို့သည်။ သန္တိ၊ ရှိကုန်၏။

စသည်ဖြင့် နည်းမျိုးစုံ ခင်း၍ အနက်ပေးလေ့ ရှိတော်မူသည်၊ အခိပ္ပာယ် ပြောရာ၌လည်း ခေးကောင်းရှာသကဲ့သို့လည်းကောင်း မိုးကောင်းကင် သိန္ဓော မြင်း နှင်သကဲ့သို့လည်းကောင်း လျင်မြန်လှ နိုင်နင်းလှ ရှင်းလင်းလှကြောင်း သိရ၏။[၁]

## အင်းဝမြို့တော်သို့ ကြွရောက်တော် မူခြင်း

သက္ကရာဇ် ၉၆၇-ခုနှစ်တွင် အနောက်ဖက်လွန်မင်းတရားကြီးသည် အင်းဝ ရွှေနန်းကို သိမ်းမြန်း စိုးစံတော်မူ၍ ၉၇၀-ပြည့်နှစ်တွင် ပြည်မြို့ကို အလို တော်ပြည့် သိမ်းယူနိုင်ခဲ့လေသည်၊ ထိုအခါ ပြည်မြို့မှ ခေါ်ဆောင်ရန် ပင့်ရန် သင့်သည့် ရဟန်း ရှင် လူတို့ကို သိမ်းယူ ခေါ်ဆောင် ခဲ့လေသည်၊ ယင်းသို့ သိမ်းယူ ပင့်ဆောင်ခဲ့သော လူပုဂ္ဂိုလ် ရဟန်းပုဂ္ဂိုလ်များထည်းတွင် အရှင် မုနိန္ဒဃောသ ပါဝင်ခဲ့လေသည်၊ ယင်းသို့ဖြင့် အရှင်မုနိန္ဒဃောသသည် အင်းဝ နေပြည်တော်သို့ ရောက်ရှိတော်မူလာခဲ့လေသည်၊ ထို့ကြောင့်လည်း 'ပြည်မြို့ ကို သိမ်းယူရာ၌ ရှင်တဆူ လူတယောက်သာ ရသည်' ဟု မင်းတရားက မိန့် ကြောင်း သိရှိရလေသည်၊ ရှင်တဆူ ဆိုသည်မှာ တောင်ဖီလာဆရာတော် လောင်းလျာ အရှင်မုနိန္ဒဃောသ ဖြစ်၍ လူတယောက် ဆိုသည်မှာ အရှင်

---

၁။ ၄တောင်ဖီလာဆရာတော်ရေး ဝိသတိဝဏ္ဏနာ စသည်တို့ကို ကြည့်ရှုရာသည်။

ကျေးဇူးကို အထူး သိတတ်သူ ဆယ့်သုံးနှစ်သား ထေင်ငယ် ဖြစ်လေသည်၊ ထို စဉ်က အရှင်မုနိန္ဒဃောသမှာ ဉာဏ်မီးတောက်စ သက်တော် ၃၀ - မျှသာ ရှိသေးသည်။

## သုဓမ္မာစရပ်၌ သီတင်းသုံးစေ၍ ကိုးကွယ်

အနောက်ဖက်လွန်မင်းတရားသည် အင်း၀ ရွှေနန်းမြို့တော် ရောက်လျှင် မဟာမြမုနိ အရံတွင် သုဓမ္မာစရပ်၌ သီတင်းသုံးစေတော်မူကာ ဘုရားတဆူ တလုံးဂူသို့ ကြည်ဖြူ လေးမြတ် ဆည်းကပ် လုပ်ကျွေး ပြုစု ကိုးကွယ်တော် မူလေ၏။

ဝသာပေတွာ သုဓမ္မာဝှ — မန္ဒိရေ သုမနောဟရေ။
ဥပဋ္ဌာသိ အနောက်ဖက်လွန် — ရာဇာ မုနိန္ဒကုဋ္ဌရံ။ [၁]

## ဟံသာဝတီ ကြွရပြန်ခြင်း

သာသနာ သက္ကရာဇ် ( B.E ) ၃၇၃ - ၄၀၇ - တွင် သီဟိုဠ်ကျွန်း၌ နန်း တက်သော ဒုဋ္ဌဂါမဏိသည် ရောဟဏဇနပုဒ်ကနေ မဟာဝေလိ ဂင် မြစ် တဖက်ကမ်း မဟိယင်္ဂဏဒေသ စသည် နှင့် ဝိဇိတမြို့ အနုရာဓမြို့များသို့ တမိဠ ( တမီလ် ) တို့နှင့် စစ်တိုက်ထွက်မည် ပြုစဉ် မင်္ဂလာအကျီး အစောင့် အရှောက် အရံအတား အကျိုးငှာ ရဟန်းများကို ကိုးကွယ်ရာ အဖြစ်ဖြင့် ပင့်ဆောင်သွားသောထုံး ရှိလေသည်။

ဂန္တွာ တိဿ မဟာရာမံ၊ ဝန္ဒိတွာ သံဃမဗြဝိ။
ပါရင်္ဂံ ဂမိဿာမိ၊ ဇောတေတုံ သာသနံ အဟံ။

သက္ကာတုံ ဘိက္ခဝေါ ဒေထ၊ အမှေဟိ သဟ ဂါမိနော။
မင်္ဂလဉ္စေဝ ရက္ခာ စ၊ ဘိက္ခူနံ ဒဿနံ ဟိ နော။ [၂]

အနောက်ဖက်လွန် မင်းတရားသည်လည်း သက္ကရာဇ် ၉၇၄ - ခုနှစ်တွင် သံလျင်စား စေင်ကာအရေး ပေါ်ပေါက်လာသောကြောင့် သံလျင်သို့ ချီရ လေသည်၊ ၎င်းမှ တဖန် ဟံသာဝတီသို့ ဆက်လက် ချီတော်မူရလေသည်၊ ထိုအခါ ဒုဋ္ဌဂါမဏိမင်း၏ ထုံးကို နှလုံးမူကာ မင်္ဂလာအကျိုး နှင့် အစောင့် အရှောက် အရံအတား အကျိုးငှာ ပညာရှိ အရှင်မုနိန္ဒဃောသကိုပါ ပင့် ဆောင်သွားရာ အရှင်မုနိန္ဒဃောသသည် ဟံသာဝတီသို့ ကြွတော်မူရလေ သည်၊

---

၁။ 'မုနိန္ဒဃောသကုဋ္ဌရံ၊ မုနိန္ဒဃောသမထေရ်မြတ်' ဟု ဆိုလို၏၊
၂။ မဟာဝံသ — ၂၅၊ ၂၊ ၃။ စသည် ကြည့်။

ဟံသာဝတီသု ပုရမှိ၊ အာဂမိ ယတိသေခရော။
မင်္ဂလာယ စ ရက္ခာယ၊ သုရာဇေန နိမန္တိတော။

## အင်းဝပြန်ကြွ ကျောင်းအလှူခံ

နောက်အခါတွင် အင်းဝသို့ ပြန်ကြွတော်မူလာခဲ့၍ အနောက်ဖက်လွန် မင်းတရားကြီး ကိုးကွယ်တော်မူရာက ၉၇၇-ခုနှစ် ညီတော် စလင်းစား မင်းရဲကျော်စွာက သုံးကြိမ်တိုင် လျှောက်ထား တောင်းလေသောကြောင့် မင်းရဲကျော်စွာ ကိုးကွယ်ရလေသည်။

သက္ကရာဇ် ၉၇၉-ခုနှစ်တွင် စစ်ကိုင်းမြစ်နား၌ လေးထပ်ကျောင်း ဆောက် လုပ်လေရာ ၂-နှစ်ကြာ ရှိရာ သက္ကရာဇ် ၉၈၁-ခုနှစ်တွင် ပြီးစီးလေရာ အရှင်မုနိန္ဒဃောသအား တင်လှူလေသည်။

## 'တိပိဋကာလင်္ကာရ' ဘွဲ့တံဆိပ်တော်

အနောက်ဖက်လွန် မင်းတရားက အရှင်မုနိန္ဒဃောသ၏ စာပေ ကျမ်းဂန် အရပ်ရပ်တို့၌ တဖက်ကမ်းခတ် တတ်မြောက်သည့် ဂုဏ်, သီလ, သမာဓိဂုဏ် တို့ကို ကြည်ညိုလှပါသဖြင့် 'တိပိဋကာလင်္ကာရ' ဟူသော ဘွဲ့တံဆိပ်တော် ကို ကော်ရော် လေးမြတ် ဆက်ကပ် လှူဒါန်း ပူဇော်တော်မူခဲ့လေသည်၊ ထိုအချိန်မှ စ၍ တိပိဋကာလင်္ကာရ အရှင်မုနိန္ဒဃောသထေရ် ဟူ၍ ကျော် ကြားလေတော့၏။

တိပေဋကာ လင်္ကာရောတိ၊ ဥပါဓိနာဘိပူဇယိ။
အနောက်ဖက်လွန်ဝှယော ရာဇာ၊ မုနိန္ဒထေရကုဉ္စရံ။

## သာလွန် မင်းတရား

'သာလွန် မင်းပြူ၊ ခနော်နူ၊ ပြဒုဆဲ့ကိုးမည်' ဟူသည်နှင့် အညီ သာ လွန်မင်းတရားသည် သက္ကရာဇ် ၉၉၀-ပြည့်နှစ်တွင် နန်းတက်တော်မူရာ ယွန်းပြည် ဇင်းမယ်၌ ကြွင်းကျန်သေးသော ပြည်မှုရေးရာများကို သုတ်သင် တော်မူလိုသေးသဖြင့် အဘိသိက်မခံပဲ သက္ကရာဇ် ၉၉၂-ခုနှစ်တွင် ဟံသာ ဝတီ, ဇင်းမယ်သို့ ချီတော်မူပြီးနောက် ၉၉၅-ခုနှစ်တွင် အရေးတော် အား လုံး ပြီးပြေသဖြင့် ဟံသာဝတီသို့ ပြန်လည်ဆိုက်ရောက်လေ၏။

ထိုအခါ ဟံသာဝတီ အနောက်မြောက်ယွန်း အောင်မြေ အရပ်၌ လွန်စွာ သာယာ ကြီးကျယ် ခမ်းနားလှသည့် မင်္ဂလာ နန်းတော်ကို ဆောက်စေ၍ အဘိသိက်ခံတော်မူလေသည်။

## တိပိဋကာလင်္ကာရ အရှင်မုနိန္ဒဃောသ ဟံသာဝတီ ကြွပြန်ရ

ထိုအခါ မွန်မှူးမတ်, ရဟန်း, ရှင် လူတို့က 'မြန်မာ ရဟန်းများ စာပေ ကျမ်းဂန် တတ်မြောက်ကြသည် မဟုတ်' ဆိုသော စကားကို သာလွန်မင်း တရားကြားသိသဖြင့် 'အသက် ၃၀ - ကျော် ၄၀ - အရွယ်ရှိ ပိဋကတ် ကျမ်း ဂန်တတ်, ဗေဒင်ကျမ်းဂန်တတ်, လောက ဓမ္မ နှစ်ဌာနလုံး၌ တတ်ကျွမ်း လိမ္မာသော ရဟန်းတော် ၂-ပါး ၃-ပါးကို ဟံသာဝတီသို့ စေလွှတ်တော် မူပါ' ဟု လေးထပ်ဆရာတော်ထံ လျှောက်ထားလိုက်လေရာ လေးထပ် ဆရာ တော်က –

၁ · တိပိဋကာလင်္ကာရ ဘွဲ့တံဆိပ်တော်ရ အရှင်မုနိန္ဒဃောသထေရ်

၂ · အရှင်တိလောကာလင်္ကာရထေရ်

၃ · အရှင် တိသာသနာလင်္ကာရထေရ်

ဟူသော ဤပုဂ္ဂိုလ်ကျော် ၃ -ပါးကို စေလွှတ်လေ၏၊ ယင်းသို့ဖြင့် အရှင်မုနိန္ဒဃောသသည် ဟံသာဝတီသို့ အဖော် ရဟန်းတော် ၂-ပါးနှင့် တကွ ကြွရပြန်လေသည်။

## ရွှေမောဓော တဲကျောင်း၌ စာပေ ချပို့

အရှင်မုနိန္ဒဃောသ ဦးဆောင်သော ရဟန်းတော် ၃ - ပါး ဟံသာဝတီ (ပဲခူး) သို့ ရောက်လေသော် တဲကျောင်း ဆောက်လုပ်၍ လှူဒါန်းလေ၏၊ အရှင်မုနိန္ဒဃောသနှင့် မထေရ်မြတ်တို့သည် ယင်းတဲကျောင်း၌ သီတင်းသုံး တော်မူကြကာ စာပေ ချပို့တော်မူကြကုန်၏၊ ထိုအခါကျမှ မွန်ရဟန်းတော် များ နှင့် မွန်မှူးမတ် လူပုဂ္ဂိုလ်တို့က 'မြန်မာ ရဟန်းတော်များ ပညာတတ်ကြ ပါကုန်၏၊ ကျမ်းဂန် နိုင်နင်းကြပါပေကုန်၏' ဟု ချီးကျူး ထောမနာကြကုန်၏။

နာနာကာရေန ထောမေသုံ၊ ပေဋကေ ထေရပုင်္ဂဝေ။
မွန်ဇာတိကာ သမဏာ စ၊ အနေကေ အမစ္စာ နရာ။

## အင်းဝ ပြန်ကြွတော်မူခဲ့

သာသနာရေးရာ ကိစ္စများ ပြီးပြေသဖြင့် သက္ကရာဇ် ၉၉၆ - ခုနှစ်တွင် သာလွန်မင်းတရား အင်းဝသို့ ဆန်တက်တော်မူသော အခါ တိပိဋကာလင်္ကာရ အရှင်မုနိန္ဒဃောသသည် အဖော် ပုဂ္ဂိုလ်ကျော် ၂ - ပါးနှင့် အတူ အင်းဝ နေပြည်တော်သို့ ပြန်ကြွတော်မူခဲ့လေသည်။

## ခြေတော်ရာ သုံးဆူ

ဘုရားမြတ်စွာသည် ရှစ်ဝါမြောက်တွင် သီဟိုဠ်ကျွန်း (ယခု- သီရိလင်္ကာ) သို့ ကြွတော်မူ၍ သုမနတောင်ထိပ်၌ ဝဲဖက် ခြေတော်ရာ တဆူ ချတော်မူခဲ့

လေသည်၊ ဝါတော် ၂၀ - ကျော်တွင် မြန်မာပြည်သို့ ကြွတော်မူ၍ သစ္စဗန္ဓ တောင်ထိပ်၌ ခြေတော်ရာ တဆူ - နမ္မဒါ မြစ်ကမ်းနား၌ ခြေတော်ရာတဆူ ချတော်မူခဲ့လေသည်၊[၁] ယင်းသို့ ခြေတော်ရာ သုံးဆူ ရှိသည်ကို ရည်ရွယ်၍ 'ဇမ္ဗူမှာ ဒွေး၊ လက်ာ၌၊ မှတ်ရေး ခြေတော်ရာ'[၂] ဟု ဆိုရိုး ပြုခဲ့ကြကုန်၏၊ သီဟိုဠ်ကျွန်း အရှင်ဝေဒေဟထေရ် ရေး သမန္တကူဋဝဏ္ဏနာကျမ်း၌ သစ္စဗန္ဓ တောင်, နမ္မဒါ[၃] မြစ်ကမ်းနား ခြေတော်ရာတို့ အလျင် ချခဲ့ကြောင်းကို—

ဂင်္ဂါယ ဂင်္ဂပတိ သန္နိဓာနေ၊
တီရေ တဒါ နမ္မဒါဓိမှဂဿ။
ပါဒဿ လဉ္ဆံ အကရိ မုနိန္ဒ၊
မဇ္ဈမှိ ဟောတံ ကရုဏာ တဒေဝသာ။
အာရာမိတော သစ္စကတာပသေန၊
အကာ တုဝံ သစ္စကဗဒ္ဓသေလေ။
မဇ္ဈမှိ ဟောတံ တမနုဂဟံ တော။
သုတွာန နာထော ဂိရိမေတမဿ၊
ပဿံ မဟာဘူတိမနာဂတေသု။
လောကဿ လောကေဟိ မဟိယမာနော၊
အကာသိ ဝါမေန ပါဒေန လဉ္ဆံ၊[၄]

ဟူသော ဂါထာဖြင့် ဆိုလေသည်။

## စက်တော်ရာ နှစ်ဆူ တိမ်မြုပ်နေခြင်း

ယင်းခြေတော်ရာ (စက်တော်ရာ) နှစ်ဆူကို ဗြဟ္မာ လူ နတ် အရပ်ရပ်တို့ လေးမြတ်ကော်ရော် ပူဇော်ကြကုန်၏၊ သုဝဏ္ဏဘူမိခေတ်, သရေခေတ္တရာခေတ်, ပုဂံခေတ်တို့၌ ရဟန္တာ အရှင်မြတ်တို့ ကြွရောက်၍ နေ့စဉ် ဖူးမျှော်တော်မူကြ - စေတိယင်္ဂဏဝတ် ပြုကြောင်း သိရလေသည်၊[၅] ပုဂံ အင်းဝ - မင်းများစွာတို့ သွားရောက် ဖူးမျှော် လှူဒါန်းကြ - ပူဇော် ကြကြောင်း သမိုင်းအဆို အမိန့် အရ သိနိုင်လေသည်၊ သက္ကရာဇ် ၇၇၄ - ခုနှစ်က အင်းဝ

---

၁။ သစ္စဗန္ဓ, နမ္မဒါတို့နှင့် စပ်၍ စာပေအမျိုးမျိုး အဆို ရှိပါ၏၊ ရှုပ်ထွေးမည် စိုး၍ ဝါဒစုံ မဖော်ပြတော့ပါ။

၂။ သာရသင်္ဂဟ မြန်မာပြန်—၉၀။

၃။ နမ္မဒါကား သက္ကတ အခေါ် နမ်ဒါ ဖြစ်၏။

၄။ သမန္တကူဋဝဏ္ဏနာ — ၇၇၇ - ဂါထာ၊ ဦးစာပြသူ အရှင်ကေလာသရေး ထေရုပ္ပတ္တိဒီပနီ၊ နှာ - ၁၀၊ ၁၁ - လည်း ကြည့်။

၅။ ပုဂံသာသနာဝင် ကြည့်။

ဘုရင် ဒုတိယ မင်းခေါင် အဖူးအမျှော် ရောက်သေး၏၊ ဘုံခုနစ်ဆင့် ပြာသာဒ် နှစ်ဆောင် ဆောက်လှူခြင်း စသည်တို့ကိုလည်း ပြုခဲ့လေ၏၊ ၎င်းနောက် သက္ကရာဇ် ၈၆၃-ခုနှစ် ရွှေနန်းကြော့ရှင် နရပတိမင်းတရား လက်ထက်မှ စ၍ နိုင်ငံတော် မငြိမ်မသက် ပျက်ပြားလေသဖြင့် အရောက် အပေါက် ဆည်းကပ် အကိုးကွယ် ကင်းခဲ့သည်၊ အနောက်ဖက်လွန်မင်း လက်ထက် တိုင်အောင် မင်း ကိုးဆက် ရှိပြီး နှစ်ပေါင်း ၁၂၇-ခုနှစ် ကြာညောင်းကာ ခြေတော်ရာ နှစ်ဆူမှာ တိမ်မြုပ်နေခဲ့လေသည်။

## အရှင်မုနိန္ဒဃောသထေရ် ဦးစီး ရှာဖွေ

သက္ကရာဇ် ၉၉၀-ကျော် သာလွန်မင်းတရားကြီး လက်ထက်တွင် တိပိဋကာ လင်္ကာရ အရှင်မုနိန္ဒဃောသထေရ်သည် ပရမပူဇနိယ ဖြစ်တော်မူသော ခြေတော် ရာ နှစ်ဆူ တိမ်မြုပ်နေရခြင်းအတွက် စဉ်းစားမိတိုင်း စိတ်မသက်သာ ဖြစ်ရ လေသည်၊ သို့နှင့် ခြေတော်ရာများကို ရှာမှီးရန် အနန္တဓဇဆရာတော်, အရိယာလင်္ကာရဆရာတော်, တိလောကာလင်္ကာရဆရာတော်တို့နှင့် တိုင်ပင်၍ သာလွန် မင်းတရားထံ ခြေတော်ရာ ရှာရန် အတွက် စာသွင်းလေသည်၊ မင်းတရားသည် များစွာမှ ရွှင်ပြ ဝမ်းမြောက်ကာ—

၁- ဆရာတော် အရှင်မုနိန္ဒဃောသ

၂- ဆရာတော် အရှင်အနန္တဓဇ

၃- ဆရာတော် အရှင်အရိယာလင်္ကာရ

၄- ဆရာတော် အရှင်တိလောကာလင်္ကာရ

ဟူသော ဆရာတော်ကြီး လေးပါးကို နောက်ပါ ရဟန်းတော် ၁၂-ပါး၊ ကပ္ပိယဒါယကာများနှင့် တကွ စားနပ် ရိက္ခာ အစုံအလင် ပါရှိစေလျက် လှေတစင်းကို လှေလှော်သူ, ပဲ့ကိုင် စသည် စုံလင်စွာ လှူဒါန်း၍ ခြေတော် ရာ ရှာ ကြွစေတော်မူခဲ့လေသည်။

သက္ကရာဇ် ၁၀၀၀-ပြည့်နှစ် ကဆုန်လပြည့်နေ့ စုံသွားတော်မူကာ မင်းဘူး ဆိပ်မှ တက်တော်မူကြပြီးလျှင် ခရီးဆက်တော်မူကြရာ စက်တော်ရာ အနီး ယခု မရှက်ရွာ တည်ရာ အရပ်တွင် သစ်ပင်ကြီး တပင် အောက်၌ စခန်းချတော် မူ၍ ညဥ့်အခါ ပရိတ်ဒေသနာ-ပဋ္ဌာန်းဒေသနာများကို ရွတ်ဆို သရဇ္ဈာယ် လျက် ခေတ္တ ကျိန်းစက်တော်မူကြကုန်၏။

## အရှင်မုနိန္ဒဃောသ အိပ်မက် မြင်မက်

ယင်းသို့ ကျိန်းစက်တော်မူကြရာ ၃-ချက်တီးကျော် ငါးမောင်းခန့်တွင် အရှင်မုနိန္ဒဃောသသည် လူတယောက်က လှံတန် ကိုင်လျက် ခွေးနက်ကြီး

တကောင်နှင့် ဆရာတော် ရှေ့သို့ ရောက်လာပြီး 'ကိုယ်တော်ကြီးများ လာကြသည်မှာ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ် ကြီးမားလှ၏၊ ဤဒေသကား ခြင်္သေ့, သစ်, ကျား, သားရဲ, မြွေ, ကင်း စသော ဘေးအန္တရာယ်တို့ဖြင့် ရေပြွမ်း ရှုပ်ထွေးလှပါသည်၊ အဘယ်ကြောင့် ကြွလာတော်မူကြပါသနည်း' ဟုမေးလျှောက်ရာ ဆရာတော်က 'ငါတို့သည် ဤတောနက်ကြီး၌ အကြောင်းမဲ့ လာခဲ့ကြသည် မဟုတ်၊ ဘုရားမြတ်စွာ၏ ခြေတော်ရာနှစ်ဆူကို ရှာဖွေ အဖူးမျှော် လာကြသည်' မိန့်တော်မူလျှင် လှံတန်ကိုင်လူပုဂ္ဂိုလ်က 'နံက်လင်းလျှင် ခွေးနက်ကြီး ဝင်ရာ တောတို့ လိုက်လျှင် တွေ့လိမ့်မည်' ဟု အိပ်မက် မြင်မက်ပြီး ကျိန်းစက်ရာမှ နိုးလေတော့သည်၊ အရှင်မုနိန္ဒဃောသသည် ယင်း အိပ်မက် မြင်မက်ပုံ အလုံးစုံကို ဆရာတော် ၃ ပါးအား ပြန်ကြားတော်မူ၍ မနက်ခင်း လင်းလေသော် အိပ်မက် မြင်မက်သည့် အတိုင်း ခွေးနက်ကြီး ရောက်ရှိလာ၏၊ ယင်း ခွေးနက်ကြီးသည် နမ္မဒါမြစ် တဖက်သို့ ကူး၍ ကွယ်ပျောက်လေ၏၊ ဆရာတော်တို့သည် ခွေးနက်ကြီး နောက်သို့ လိုက်လေရာ မြစ်ကမ်းတဖက်သို့ ရောက်လေလျှင် ကမ်းထိပ်၌ ဘီလူးတယောက် ထိုင်နေသည်ကို တွေ့ရကုန်၏။

ထိုအခါ ဆရာတော်တို့အား ဘီလူးက 'ဘုန်းကြီးတို့ - အဘယ်ကိစ္စဖြင့် ဤဒေသ ရောက်လာကြပါကုန်သနည်း' ဟု မေးလေရာ ဆရာတော်များက 'ငါတို့ ဘုရားမြတ်စွာ ခြေတော်ရာ ရှာကြကြောင်း' မိန့်တော်မူကြလေ၏၊ ထိုအခါ ဘီလူးက 'ဤကား ပဌမ ခြေတော်ရာတည်း' ဟု အောက် ခြေတော်ရာကို ပြလေ၏၊ ဆရာတော်တို့သည်လည်း ခြေတော်ရာကို တွေ့လျှင် ဖရဏာပီတိ ဝမ်းဆီထိသကဲ့သို့ လွန်စွာမှ ရွှင်ပြ ဝမ်းမြောက်ခြင်း ဖြစ်ကာ အကြိမ်ကြိမ် အခါခါ ဖူးမျှော်ကြလေကုန်၏၊ ထိုအခါ ခြေတော်ရာစေတီမှ အညိုတဖြာ, အဝါတလီ, အနီတဆူ, အဖြူတကြောင်း, ရောင်မောင်းတချက် ပြိုးပြိုးပြက် ဆန်းကြယ်သော ရောင်ခြည်တော်တို့ ထွက်ကြွ ကွန့်မြူးကုန်၏။

ပါဒလဉ္ဆနစေတိယာ၊ ဆဗ္ဗဏ္ဏရံသိယာ သုဘာ။
တခ်ဏေ နိက္ခမိတ္វာန၊ ဝိဓာဝန္တိ တဟိံ တဟိံ။

ရောင်ခြည်တော် ၆ - သွယ် စဲလျှင် တဖန် ဘီလူးက 'အထက်ပေါ်မှာ ဒုတိယ ခြေတော်ရာ ရှိသေးသည်' ဟု လျှောက်ထားလေလျှင် ဆရာတော်တို့သည် တောင်ထိပ်သို့ တက်ကြွတော်မူကြလျှင် တရာ့ရှစ်ကွက် စက်လက္ခဏာတို့ဖြင့် ဆန်းကြယ်လှစွာ ခြေတော်ရာကို တွေ့မြင်လေရာ ရေတွေ့သောကြာပန်း အသွင် ဝမ်းမြောက် ရွှင်လန်းခြင်း ဖြစ်ကြကုန်၏၊ ဆရာတော်များ ဖူးမျှော်စဉ်ပင် ခြေတော်ရာမှ ထန်းလုံးခန့် ပမာဏ ရှိသော ရောင်ခြည်ဝန်းကြီး ပေါ်ထွက်လာကာ တောင်ခြေ အထိ လင်းလက်လေ၏။

ဥပရိ ပါဒက်တောပိ၊ တာလက္ခန္ဓပမာဏကာ။
ဇောတယိတွာန ရံသီပိ၊ တမ်ဏော သမုဋ္ဌဝုံ။

## ပဋ္ဌာန်းကျမ်း ရွတ်ဖတ် ပူဇော်ပွဲ

အရှင်မုနိန္ဒဃောသထေရ်သည် ထိုနေ့ တညဥ့်ပတ်လုံး အထက် ခြေတော်ရာကို ပဋ္ဌာန်းကျမ်းကြီးဖြင့် ရွတ်ဖတ် ပူဇော်တော်မူလေသည်၊ တောစောင့်နတ်၊ တောင်စောင့်နတ် စသည့် မြားမြောက်စွာတို့ ပဋ္ဌာန်းတရား နာကြားကြလေကုန်၏။

ပဋ္ဌာနေနာပိ ပူဇေသိ၊ မုနိန္ဒော ယတိသေခရော။
တဒါ ဒေဝါ အနေကေပိ၊ သုဏန္တိ နယသာဂရံ။

## အောက်ခြေတော်ရာ ပူဇော်ပြန်

ဆရာတော်တို့သည် ညဥ့်ကုန်လွန်၍ လင်းသော အခါ အထက် ခြေတော်ရာ တောင်ထိပ်မှ ဆင်းကြွတော်မူခဲ့ကြပြီး အောက်ခြေတော်ရာ ( စက်တော်ရာ ) ကို ဖူးမျှော်ကြ ပူဇော်ကြပြန်ကုန်၏၊ တောင်ဖီလာဆရာတော်သည် ပံ့သုကူ သင်္ကန်းကြီးဖြင့် ခြေတော်ရာကို လွှမ်းခြုံကာ –

သစာဟံ လောကေ သမ္ဗုဒ္ဓေါ၊ ဘဝိဿတိ ယထာရုစိ။
လက္ခဏာနိ ပဒိဿန္တု၊ ပံသုကူလမှိ စီဝရေ။

‘ငါသည် အလိုအတိုင်း ဘုရားကေန် ဖြစ်မည် မှန်က အကန့် တထောင်ရှပ်ရောင်ပီပြင် စက်ဝန်း ထင်၍ စက္ကက်ိတ တရာ့ရှစ်ကွက် ပါဒလက္ခဏာတော်တို့သည် ပံ့သုကူသင်္ကန်းပေါ်မှာ ထင်ပါစေသတည်း’ဟု မိဋ္ဌာန်တော်မူလေ၏၊ စက်လက္ခဏာတို့သည်လည်း သင်္ကန်းတော်၌ ထင်ကုန်၏၊ သင်္ကန်းသည်လည်း အလိုလို ရှန်း၍ ထလေ၏။

အရှင်မုနိန္ဒဃောသ အမှူးရှိသော မထေရ်တို့သည် စက်တော်ရာ နှစ်ဆူကို ချည်မျှင်ဖြင့် ကွင်း၍ ယူဆောင်တော်မူခဲ့ကြ၍ အင်းဝနေပြည်တော်သို့ ပြန်မည်ဟု ပြန်ကြွတော်မူခဲ့ကြကုန်၏။

## ရွှေဥမင်ဆရာတော်ထံ ဝင်ရောက် ဖူးမျှော်

ဆရာတော်အရှင်မုနိန္ဒဃောသသည်အဖော်ဆရာတော်များ,ကပ္ပိယဒါယကာများနှင့် အတူ လာခဲ့ရင်း မင်းဘူးဆိပ်ကမ်းသို့ ကြွလာတော်မူ၍ လှေဖြင့် ဆန်တော်မူခဲ့လေသည်၊ လှေကို ပခန်းငယ်ဆိပ်ကမ်း၌ ထားခဲ့ပြီး ၃-မိုင်ခန့် ကွာလှမ်းသော ရွှေဥမင်းဆရာတော် သီတင်းသုံးရာ ပခန်းကြီးမြို့မြောက်ဖက် ရွှေဥမင်တောရကျောင်းသို့ ကြွတော်မူလေသည်။

## စည်သူ့ရှင်ဘုရား ဝင်ရောက် ဖူးမျှော်

အရှင်မုနိန္ဒဃောသ သည် ရှေးဦးစွာ ပခန်း စည်သူ့ရှင်ဘုရားသို့ ဝင်ရောက် ဖူးမျှော်တော်မူ၏၊ ယင်းသို့ အဖူး အမျှော် ဝင်ရောက်စဉ် ရွှေဥမင်ဆရာတော် မှာလည်း စည်သူ့ရှင်ဘုရား ရင်ပြင် ရောက်ရှိ တံမြက်စည်း လှည်းလျက် ရှိလေ၏။

ရွှေဥမင်ဆရာတော်မှန်း မသိပဲ ကိုရင်ကြီး အမှတ်ဖြင့် အရှင်မုနိန္ဒဃောသက စတင် မေးမြန်းသည်မှာ – 'ကိုရင်ကြီး - ရွှေဥမင်ကျောင်းတိုက် ဆိုတာ ဘယ် နေရာမှာလဲ' ဟု မေးရာ 'အရှင်ဘုရား – ရွှေဥမင်ကျောင်းတိုက်ဟာ **အဲဒီ** ပခန်းကြီးမြို့ မြောက်ဖက် မနီးမဝေးမှာ ရှိပါသည်'ဟု ဖြေဆိုလျှင် 'သာထက် - ကိုရင်ကြီး - ရွှေဥမင်ဆရာတော် ဦးဇမ္ဗုဓဇ ရှိပါသလား'ဟု မေးပြန်ရာ 'အရှင် ဘုရား - ဦးဇမ္ဗုဓဇ ရှိပါသည်' ဟု အဖြေပေးကာ ရွှေဥမင် ဆရာတော်သည် ဘုရားဝတ်ပြုပြီး ကျောင်းသို့ ပြန်ကြွတော်မူလေသည်။

## အထင်မှားမိသမျှ သည်းခံတော်မူပါ

ဆရာတော် အရှင်မုနိန္ဒဃောသသည် ဘုရားဝတ်ပြုတော်မူပြီး အဖော် ဆရာတော်များ တပည့်တပန်း အခြံအရံ ရဟန်းတော်များ ဒါယကာများနှင့် တကွ ရွှေဥမင် တောရကျောင်းသို့ ကြွတော်မူလေ၏၊ ရွှေဥမင် ဆရာတော် သည် ရှေးဦးစွာ နေရာများ ခင်းကာ အဆင်သင့် မျှော်လင့်၍ နေတော်မူ၏၊ အရှင်မုနိန္ဒဃောသသည် ရွှေဥမင် ကျောင်းတိုက်သို့ ရောက်မဆိုက် 'ကိုရင်ကြီး ရောက်နေနှင့်ပါပြီကော၊ စည်သူ့ရှင် ဘုရားပေါ် တွေ့ခဲ့တာ ကိုရင်ကြီး မဟုတ် လား'ဟု မေးတော်မူရာ 'ဟုတ်မှန်ပေ၏' ဟု အဖြေ ပေးတော်မူလေလျှင် 'ရွှေဥမင် ဆရာတော် ဦးဇမ္ဗုဓဇထံ ပို့ပေးစမ်းပါ' ဟု ဆိုလေရာ 'ရွှေဥမင် ဆရာတော် ဦးဇမ္ဗုဓဇ ဟာ တပည့်တော်ပင် ဖြစ်ပါ၏၊ အကြောင်းရှိလျှင် ပြောဆို လျှောက်ကြားလေ' ဟု မိန့်တော်မူလေ၏။

ထိုအခါ ဆရာတော် အရှင်မုနိန္ဒဃောသ မှာ လွန်စွာ အံ့ဩခြင်း အားနာ ခြင်း ဖြစ်ကာ 'တပည့်တော် အထင် မှားမိသမျှ သည်းညည်းခံတော်မူပါ'ဟု လျှောက်ထားလေ၏။

တုမှာကံ ဥပရိ ဘန္တေ၊ ဝိရဒ္ဓမညနံ ဘဝိ။
တံ မေ ခမထ ထေရိန္ဒ၊ ဉာဘယတ္ထ ဟိတာယ ဝေ။

## ကြောက်လို့ တယောက်တည်းနေ

သာသနာတွင် နေမင်း အသွင် ထင်ရှားတော်မူသော အရှင်မုနိန္ဒဃောသ နှင့် သာသနာတွင် ရွှေလမင်း အသွင် ထင်ရှားတော်မူသော ရွှေဥမင် ဆရာ

တော်တို့၏ အပြန် အလှန် စကားပြောဆို ဆွေးနွေးကြသည်မှာ မှတ်တမ်းတင်ထိုက်ပါ၏၊ အရှင်မုနိန္ဒဃောသက 'အရှင်ဘုရား - တောကြီးထဲ အဖော်မမှီး တကိုယ်တော်တည်း နေရတာ မကြောက်ဘူးလား'ဟု မေးလျှောက်ရာ ရွှေဥမင် ဆရာတော်က 'ကြောက်လို့ပင် တယောက်တည်း နေပါ၏'ဟု အဖြေပေးလေလျှင် အရှင်မုနိန္ဒဃောသအား 'ငါ့မှာ သံသရာဘေး မကြောက်သဖြင့် တယောက်တည်း မနေရာ ရောက်နေပါပြီကော'ဟု တွေးတောစဉ်းစားကာ သတိသံဝေ ရစေတော့သည်။

ဘီတော ဟုတွာန ဧကောဝ၊ ကာနနေ သုမနော ဟရေ။
ဝသိတွာန သာသနဿ၊ စုရဝါဟီ ဘဝါမဟံ။

ဤသို့စသည်ဖြင့် အချင်းချင်း အာလာပ သလ္လာပ သာရဏီယ သမ္မောဒနီယ စကားများ ဆိုပြီး အရှင်မုနိန္ဒဃောသက ရွှေဥမင်ဆရာတော်၏ ဝိနည်းနိသျကို တောင်းယူ၍ ကြည့်ရှုပြီး 'မိမိ ရေးသော နိသျကား ကျယ်လွန်းသည်၊ ရွှေဥမင်ဆရာတော် နိသျကား စာချ, စာသင်နှင့် သင့်လျော်သည်၊ မိမိ နိသျကို ဌာပနာ၍ ဘုရားတည်စေမည်'ဟု နှလုံးပြုတော်မူကာ ဝိနည်းနိသျကို ရွှေဥမင်ဆရာတော်အား ပြန်လည် အပ်နှင်းလေသည်။[၁]

## ပရိက္ခရာများလှူ ပြန်ကြွခဲ့

အရှင်မုနိန္ဒဃောသသည် ပြန်ကြွခါနီးသောအခါ မူလကတည်းက လှူရန် ရည်ရွယ်၍ ယူလာသော သက်န်းကြီးကို 'ဆရာတော်ဘုရား - ဤသက်န်းကြီးမှာ ဘုရင်မင်းတရားက လှူသော သက်န်းကြီး ဖြစ်ပါသည်၊ အလှူခံတော်မူပါ'ဟု လျှောက်ထား လှူဒါန်းလေ၏၊ ထိုအခါ ရွှေဥမင် ဆရာတော်က အလှူခံပြီး 'ရွှေစည်းခုံဘုရားအား လှူပါ၏'ဟု ဆို၍ ချထားလေ၏၊ ၎င်းနောက် သက်န်းဒွိစုံ လှူပြန်၏၊ ရှေးနည်း အတိုင်း အလှူခံတော်မူပြီး 'ရွှေစည်းခုံ ဘုရားအားပင် လှူပါ၏'ဟု ဆို၍ ချထားပြန်၏၊ ၎င်းနောက် သပိတ် စသော ပရိက္ခရာများ လှူဒါန်းပြန်၏၊ ရှေးနည်း အတူပင် 'ရွှေစည်းခုံ ဘုရားအား လှူပါ၏' ဆို၍ ချထား၏။

ဤကဲ့သို့သော အခြင်းအရာကို တွေ့မြင်ရသော အရှင်မုနိန္ဒဃောသသည် 'ငါ့မှာ ပစ္စည်းလေးပါး၌ ရောင့်ရဲခြင်း အလျဉ်းမရှိပဲ ပရိသတ် အခြံအရံနှင့် နေရခြင်းသည် အကျိုးမရှိပါပြီတကား၊ ပရိသတ်မှ ခွဲခွာ၍ နေမှ သင့်တော်ချေမည်၊ ငါ့ကို ဦးဇမ္ဗုဓဇက ဆုံးမလိုက်ပါပြီ'ဟု နှလုံးပိုက်ကာ ပရိသတ်နှင့်တကွ လှေဆိပ် ပြန်ကြွတော်မူပြီး လှေစီး၍ အင်းဝသို့ ဆန်တော်မူခဲ့လေသည်။

---

၁။ ပခုက္ကူ သာသနာဝင်— ၁၆၁။                    မဟာဝိသုတာရာမ နိကာယ သာသနာဝင် — ၁၅၈ - ကြည့်။

## တောဝင် - တပါးတည်းနေ - တရားကျင့်

အရှင်မုနိန္ဒဃောသသည် ရွှေမြို့တော် ပြန်ရောက်သောအခါ လှေဆိပ်မှ နေ၍ အပေါင်းအဖော် ဆရာတော် သံဃာတော်များ နှင့် ကပ္ပိယဒါယကာ များကို 'မိမိတို့ ဌာန ပြန်ကြပေတော့' ဟု ပြောဆို လွှတ်တော်မူပြီး တပါး တည်း စစ်ကိုင်းတောင် မင်းဝံတောင်ကြား ကန့်လန့်ဖြတ် ဖီလာထင် တွေ့ရ သောအရပ်၌ တောရ ဆောက်တည် သီတင်းသုံးတော်မူခဲ့လေသည်၊ ထိုကြောင့် ထိုအရပ်သည် တောင်ဖီလာချောင်ဟု ယခုထက်တိုင်တိုင် တွင်လေသတည်း၊[၁] ဆရာတော် အရှင်မုနိန္ဒဃောသ သည်လည်း တောင်ဖီလာ ဆရာတော်ဟု တွင် လေသည်၊ တောင်ဖီလာ ဆရာတော် သီတင်းသုံးတော်မူရာ တောင်ဖီလာ ချောင်၌ သာလွန်မင်းတရား၏ ညီတော် မင်းရဲကျော်စွာက ကျောင်းဆောက် လှူဒန်းလေ၏။

## 'မဟာတိပိဋကာလင်္ကာရ' ဘွဲ့တံဆိပ်တော်

သာလွန်မင်းတရားကြီးသည် တောင်ဖီလာဆရာတော် အရှင်မုနိန္ဒဃောသ ၏ သီလ, သမာဓိ, ပညာဂုဏ်တို့ကို လွန်စွာမှ လေးမြတ် ကြည်ညိုပါသဖြင့် 'မဟာတိပိဋကာလင်္ကာရ' ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်း တော် ပူဇော်တော်မူလေ၏၊[၂]

ယင်းသို့ဖြင့် တောင်ဖီလာဆရာတော်သည် အနောက်ဖက်လွန် မင်းတရား လှူဒါန်းသည့် 'တိပိဋကာလင်္ကာရ' ဘွဲ့တံဆိပ်တော် - သာလွန်မင်းတရား လှူဒါန်းသည့် 'မဟာတိပိဋကာလင်္ကာရ' ဘွဲ့တံဆိပ်တော် အားဖြင့် ဘွဲ့တံဆိပ် တော် ၂ - ထပ်ရ ဖြစ်တော်မူသည်၊ ထို့ကြောင့် —

> တသ္မိံ ပဗ္ဗတေ ဝသန္တော၊ မဟာထေရော သုပါကဋော။
> တိပေဋကာလင်္ကာရောတိ၊ ဒွိက္ခတ္တုံ လဒ္ဓ လဉ္ဆနော။

ဟု ဝိနယာလင်္ကာရဋီကာ နိဂုံး၌ ကိုယ်တိုင် မိန့်ဆို ဖော်ပြတော်မူခဲ့လေသည်။

## ကျမ်းဂန်များ ပြုစုတော်မူခဲ့ခြင်း

တောင်ဖီလာဆရာတော်သည် ကျမ်းဂန် များစွာတို့ကိုလည်း ပြုစုတော် မူခဲ့လေသည်၊ ၎င်းတို့မှာ —

---

၁။ မှန်နန်းရာဇဝင် ၃ - ၂၃၇ ကြည့်။

၂။ မဟာတိပိဋကာလင်္ကာရ ဘွဲ့တံဆိပ် လှူဒါန်းချိန်ကား သက္ကရာဇ် ၁၀၀၀ - ပြည့်နှစ် ဖြစ်၏။

၁ - မာတိကာ အရကောက်
၂ - ယမိုက် အရကောက်
၃ - ပဋ္ဌာန်း အရကောက်
၄ - ဓာတုကထာ နိဿျ
၅ ဝိသတိဝဏ္ဏနာကျမ်း
၆ - ဓာဘုဝိတ္တာရကျမ်း
၇ - ဝေဿန္တရာ ပျို့ဟောင်း
၈ - သမ္ဗန္ဓခေတ်ကျမ်း
၉ - ကမ္မဇရုပ်ကျမ်း
၁၀ - ကွန်ချာခေတ်ကျမ်း
၁၁ - မဟာနာရီခေတ်ကျမ်း
၁၂ - ဝိနည်းငါးကျမ်း ပါဠိတော် နိဿျ
၁၃ - ရာဇိန္ဒ ရာဇ နာမာဘိဓေယျ ဝိသောဓနီ
၁၄ - အဓိမာသသ် ဋီကာ
၁၅ - မနုသာရ ဓမ္မသတ်
၁၆ - ရွှေမျဉ်း ဓမ္မသတ်
၁၇ - အမေးတော်ပုံ အဖြေ
၁၈ - လောကဝိဒူကျမ်း
၁၉ - ယသဝဓုန ဝတ္ထု
၂၀ - ဝိနယာလင်္ကာရ ဋီကာ
၂၁ - ဖျက်စု - ခက်စု - ခဲစု - မမြဲစုများ
၂၂ - သြဝါဒရတု ပိုဒ်စုံ

စသည်တို့ ဖြစ်ကုန်၏။

### ယသဝဓုန ကျမ်း

ယင်းကျမ်းများ အနက် ယသဝဓုနကျမ်းမှာသည်း လွန်စွာမှ ကောင်းမွန်သော ကျမ်းမြတ် ဖြစ်လေသည်၊ ရဟန်း ရှင် လူ မင်းစိုးရာဇာ အမျိုးသား အမျိုးသမီးတို့ ကျင့်ကြံဖွယ်တောင်း ကောင်းမြတ်လှပေသည်၊ ယင်း ကျမ်းလာတိုင်း ကျင့်ကြံပါက ခိုက်ရန်ဒေါသမှ စ၍ ဆုတ်ယုတ်ပျက်ပြားခြင်း ရှိမည် မဟုတ်ပဲ အားလုံးတို့ထက် ကြီးပွား သာယာ ငြိမ်းချမ်းကြမည်သာ၊ တောင်ဖီလာဆရာတော်သည် ကျောင်းဒကာ မင်းရဲကျော်စွာ တောင်းပန်သဖြင့်

သက္ကရာဇ် ၉၇၁ - ခုနှစ်က ရေးသားတော်မူခဲ့လေသည်၊ ယင်း ကျမ်းမှာ ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်က ၁၃၂၅ - ခုနှစ်က ရိုက်နှိပ် ထုတ်ဝေခဲ့လေ၏၊ ဒိမိုင်းဆိုက်ဖြင့် ၅၃၃ - မျက်နှာ ရှိလေသည်၊ ကျမ်းဦး၌ —

ဇယာ ဝဟံ ဇယက်ာရံ၊ ဇယသေဋ္ဌံ ဇယင်္ဂတံ။
ဝန္ဒာမဟံ မဟာဝီရံ၊ လောကဇေဋ္ဌံ တထာဂတံ။

ဟူသော စက်ဂါထာဖြင့် ဗုဒ္ဓပဏာမ ပြုတော်မူခဲ့လေသည်၊ ၎င်းပြင် —

ပါရံ ပရံ ဝရံ ဥေယျံ၊ ဇေယျံ သေယျံ သုခါဝဟံ။
သဗ္ဗဗုဒ္ဓေဟိ ပူဇေယျံ၊ သေဋ္ဌံ ဓမ္မံ နမာမဟံ။

ဟူသော သန်လျက်ဂါထာဖြင့် ဓမ္မပဏာမ ပြုတော်မူလေ၏၊ တဖန် —

ဝန္ဒာမဟံ စရံ သံဃံ၊ ဝဇ္ဇာဝဇ္ဇံ ဝခံသကံ။
ဝန္တကာသာဝတံ သေဋ္ဌံ၊ ဝန္ဒနေယျံ ဝရာနုဇံ။

ဟူသော ကြာဂါထာဖြင့် သံဃပဏာမ ပြုတော်မူခဲ့လေသည်၊ ဆက်လက်၍ —

နမာမိ ဂုရဝေါ မယှံ၊ မဟန္တေ ထောမနာရဟော။
မဟာဂုဏေ မဟာသီလေ၊ မဟာယသေ မဟာဂဏော။

ဟူသော ယပ်ဂါထာဖြင့် အာစရိယပဏာမ ပြုတော်မူခဲ့လေသည်၊ ထို့နောက် —

ဝန္ဒိတွာ ဝန္ဒနေယျေ တေ၊ ဧဝံ ဝတ္ထုတ္တယံ ဂုရုံ။
အန္တရာယေ ဝိသောသေတွာ၊ တဿ ပုညဿ တေဇသာ။

ဟူသော ဂါထာဖြင့် ရတနာသုံး နီလာကုံးနှင့် ဆရာသမားတို့အား ဝပ်တွား ကော်ရော် ရှိခိုး ပူဇော်ရသော ကောင်းမှုကြောင့် အန္တရာယ်ကင်းပျောက်ခြင်း အကျိုးကို ဖော်ပြတော်မူသည်၊ ထပ်မံ၍ —

ရာဇာဘိရာဇပုတ္တေန၊ ရာဇာဓိရာဇနတ္တုနာ။
ရာဇာရာဇကနိဋ္ဌေန၊ စလင်္ဂပုရသာမိနာ။

ဗာဟုသစ္စာဘိကာမေန၊ သာသနုဇ္ဇောတကာရိနာ။
ဒါနသီလာဘိရတေန၊ သက္ကစ္စံ အဘိယာစိတော။

ဟူသော ၂ - ဂါထာဖြင့် ဤကျမ်းစာ ရေးရန် တောင်းပန်သူကို ဂုဏ်ထူး ဝိသေသ စသည်နှင့် တကွ ပြည့်စုံစွာ ဖော်ပြတော်မူခဲ့လေသည်။

ထို့ပြင် တပါး —

ရာဇူနံ သဗ္ဗလောကဿ၊ ဘောဂါဒိ ယာသဝဍ္ဎိယာ။
မနုဿဒေဝနိဗ္ဗာန — သမ္ပတ္တိပတ္တိယာပိ စ။

ပါဠိယဋ္ဌကထာဒီသု၊ နေကာသတ္တေသု သဥ္စယံ။
သာရမာဒါယဟံ ဒါနိ၊ ကရိဿံ ယသာ၀စုန်။

ဟူသော ၂-ဂါထာဖြင့် ကျမ်းပြုရခြင်း ရည်ရွယ်ချက် နှင့် ကျမ်းပြုပုံ အခြင်းအရာ, ဤကျမ်း၏ မှီရာကျမ်း၏ အမည်, ပဋိညာဉ်တို့ကို ဖော်ပြတော်မူခဲ့လေသည်။

ကျမ်း၏ အဆုံး၌လည်း ဂါထာ ၁၃-ဂါထာ အတ္တွတ် တပ်၍ နိဂုံး အုပ်တော်မူခဲ့လေသည်။

## ဝိနယသင်္ဂဟ အဋ္ဌကထာကျမ်းကြီး

သာသနာ သက္ကရာဇ် ၁၇၀၀-နှင့် ၁၇၅၀-အတွင်း၌ သီဟိုဠ် သာသနာတွင် လွန်စွာ ထင်ရှား ကျော်ကြားတော်မူသော အရှင်သာရိပုတ္တရာ ထေရ်သည် ပရက္ကမဗာဟု မင်းကြီး တောင်းပန်သဖြင့် ဝိနယဂရုက သိက္ခာကာမ ယောဂီ ရဟန်းတို့၏ အကျိုးငှာ ဝိနယသင်္ဂဟအဋ္ဌကထာကျမ်းကြီးကို ရေးသား ပြုစုတော်မူခဲ့လေသည်၊ ယင်း ဝိနယသင်္ဂဟအဋ္ဌကထာကျမ်းကြီးမှာ ဆဋ္ဌသံဂါယနာမူ ၄၆၈-မျက်နှာ ရှိလေသည်၊ ခက်ခဲ နက်နဲ ကောင်းမွန်တင့်ဆန်းသော ကျမ်းဂန်ကြီး ဖြစ်လေသည်။[၁]

## ဝိနယာလင်္ကာရ ဋီကာကျမ်း

ဖော်ပြပါ ဝိနယသင်္ဂဟကျမ်းကြီးမှာ ဋီကာကျမ်းမျှသာ ရှိပြီး ကျယ်ဝန်းလုံလောက်သော အဖွင့် ဋီကာများ မရှိပါသဖြင့် တောင်ဖီလာဆရာတော်သည် ဝိနည်း ပါဠိ, အဋ္ဌကထာ သမုဒ္ဒရာကို သက်ဆင်း ကူးခတ်၍လည်း ကောင်း- ဝဇီရဗုဒ္ဓိ, သာရတ္ထ, ဝိမတိ, ကင်္ခါဋီကာသစ်, ဝိနယဝိနိစ္ဆယဋီကာ စသည့် ကျမ်းဂန်ပေါင်း မြားမြောက်စွာတို့ကို မှီငြမ်းပြု၍ ဝိနယသင်္ဂဟ အဋ္ဌကထာ၏ အဖွင့် ဋီကာကို 'ဝိနယာလင်္ကာရ' အမည်တပ် ရေးသား ပြုစုတော်မူခဲ့လေသည်၊ ယင်းကျမ်းကြီးမှာ ဆဋ္ဌသံဂါယနာ စာမူတော် ရှုဝင်ဆိုက် ပထမတွဲ, ဒုတိယတွဲ အားဖြင့် ၂-တွဲ ရှိရာ ပထမတွဲ စာမျက်နှာ ၄၂၄-ရှိ၍ ဒုတိယတွဲမှာ ၄၃၁-ရှိလေသည်။

ကျမ်းဦး၌—

ယော လောကေ လောကလောကော ၀ရတရ-
ပရဒေါ ရာဇရာဇဂ္ဂဇညော၊
အာကာသာကာရောပရမရတိရတော ဒေဝဒေဝန္တဝဇ္ဇော။

၁။ မဟာဝိသုတာရာမ နိကာယ သာသနာဝင် — ၇၅-ကြည့်။

၇ - လက်တီးကြမ်းပြင် ဆင်ဝင်ကောင်းလျက် ဝဲလင်း ဖျက်သည်။
၈ - ဣတ္ထိယမူ ရှုပကောင်းလျက် ဆိုထုံး ဖျက်သည်။
၉ - ဓမ္မသတ်တရား ရှိပါငြားလည်း တိမ်းပါးငဲ့ကွက် လက်ဆောင် ဖျက်သည်။
၁၀ - ရဟန်းတရား ကျင့်ပါငြားလျက် အစား ဖျက်သည်။
၁၁ - သီလငါးပါး ကျင့်သူအားကို စီးပွားမရက် လောဘ ဖျက်သည်။
၁၂ - သုခမိန်ဟု ကျော်ရှိန်နှံ့သိ ပညာရှိ ကြီးဘိအမျက် ဒေါသ ဖျက်သည်။
၁၃ - တိုက်နှင့်ကျီကျ ထုတ်လျှောက်စသည် ခိုင်လှပေလျက် ပေါင်းကွပ် ဖျက်သည်။
၁၄ - ပြည်ရွာတိုင်းကား စည်ပင်ငြားလည်း ခေါင်းပါးခေါင်လျက် စပါး ဖျက်သည်။
၁၅ - ပဋ္ဌင်တူရိယာ နှံ့ခရာ သာယာပေလျက် လင်းကွင်း ဖျက်သည်။
၁၆ - လက်သစ်လှော်ကား လှော်ပေငြားလည်း အသွား ကောင်းလျက် လှေပဲ့ ဖျက်သည်။
၁၇ - ဘောဇဉ်ငါးပါး ပျားအရသာ ကောင်းပါပေလျက် ဆားငံ ဖျက်သည်။
၁၈ - ဆီမီးတန်ဆောင် ဝင်းပြောင်ဝေလျက် လေဆိုး ဖျက်သည်။
၁၉ - ဣတ္ထိယမူ ရှုပလက္ခဏာ ကောင်းပါပေလျက် ရောဂါနှိပ်စက် အနာ ဖျက်သည်။
၂၀ - သူကောင်းဖြစ်ငြား မူထားကောင်းလျက် အပေါင်း ဖျက်သည်။

ဖော်ပြပါ တောင်ဖီလာဆရာတော်၏ ဖျက်စုံမှာ ပုဒ် ၂၀ - မျှသာ ရှိသော်လည်း 'ပရိယတ်, ပဋိပတ် ကြိုးစားအားကုတ်သည့် ရဟန်းအားလည်း လမ်းညွှန်ပေး၏၊ တိုင်းပြည် အုပ်ချုပ်သည့် ရှင်ဘုရင်အား လမ်းပြ၏၊ ပညာရှင် သုခမိန် ပုဂ္ဂိုလ်အား သွန်သင်ဆုံးမ၏၊ ဆိုင်းသမား, လှေသမား စသည်နှင့် အမျိုးသမီးတို့ကိုပင် ပဲ့ပြင်ပေးလေသည်။

## ခက်စု ၂၄ - ပုဒ်

ခက်ရေမှာလည်း ၂၄ - ပုဒ်သာ ရှိ၏၊ သာသနာဝင်ကျမ်းကို ဖတ်ရှုသူအား အပို ဗဟုသုတ တိုးစေလိုသည့် စေတနာ ပိုသဖြင့် ယင်းခက်စု ၂၄ - ပုဒ်ကိုလည်း အောက်ပါ အတိုင်း ဖော်ပြလိုက်သည်။

၁ - တင်ပေးဘူးသည့် ကျေးဇူးရှိလျက် အဆပ်ခက်။
၂ - မယားရှိလျက် အလှည့်ခက်။
၃ - ညှော့သည်ညဥ့်နက် အအိပ်ခက်။
၄ - ပစ်ခွာခဲ့လျက် အပြန်ခက်။
၅ - လာခဲ့ခေါ်လျက် အနှင်ခက်။
၆ - ပေးပါပြီးလျက် အယူခက်။
၇ - ချောင်းရေလျှံတက် အကူးခက်။
၈ - ရင်ဆိုင်တွေ့လျက် အပြေးခက်။
၉ - သံသာချီမြွက် စကားခက်။
၁၀ - ကြောက်လန့်ပြေးတက် အဆင်းခက်။
၁၁ - ကန့်ကူကျောက်ထွက် အရေးခက်။
၁၂ - မျဉ်းတံကောင်းလျက် အသားခက်။
၁၃ - သန္ဓေပြည့်နှက် ဆေးကုခက်။
၁၄ - ခရီးညွှန်ထက် အသွားခက်။
၁၅ - တန်တားကျိုးပျက် အလျှောက်ခက်။
၁၆ - ရေအိမ်ပြိုပျက် အပြင်ခက်။
၁၇ - သားမြေးဆိုးလျက် အစွန့်ခက်။
၁၈ - ထွေးပြန်ပြီးလျက် အမျိုခက်။
၁၉ - မြတ်သည်သုံးပါး မှန်ထားပြီးလျက် အသုံးခက်။
၂၀ - ဆူးငြောင့်တွင်းကျင်း ကျုံးတွင်ပြည့်နှက် အဝင်ခက်။
၂၁ - အသားမည်းနက် အဆင်ခက်။
၂၂ - ဆိုးသည့်သတင်း သားချင်းရှိလျက် အပြောခက်။
၂၃ - ပက်ပယ်လှေဖျက် အတိုက်ခက်။
၂၄ - ကွဲပြားအယူ နားကင်းထူ သုံးလူရှင်လျက် အဟောခက်။

## ခဲစု ၁၀ - ပုဒ်

ခဲစုမှာ ၁၀ - ပုဒ်မျှသာ ရှိ၏၊ သုတေသီတို့ လွယ်ကူစွာ ကြည့်နိုင်ဖို့ ရည်ရွယ်၍ အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်။

၁ - လူ့အဖြစ်ကို စင်စစ်မလွဲ ရမည်ခဲ။
၂ - ရလှည့်ပါလည်း အင်္ဂါပြည့်ဝ ပုရိသဟု မုချမလွဲ ရမည်ခဲ။
၃ - ပုရိသစစ် ဖြစ်လင့်ကစား မြတ်တရားကို တိုးပွားနိုက်နဲသိမည်ခဲ။
၄ - သိငြားသော်လည်း ပျက်ချော်မလွဲ တော်မည်ခဲ။
၅ - တော်ငြားပါလည်း ရှေ့နောက်စိတ်ထဲ တတ်မည်ခဲ။

၆ - ဂတိလေးပါး ထိုတရားကို စွန့်စားရှောင်လွှဲ ကျင့်မည်ခဲ။
၇ - မိတ္တာယူမှား အပယ်လားသော် တရားမစွဲ ကျွတ်မည်ခဲ။
၈ - အရှင်မင်းက မျှုးမတ်စသည် ပြည်မလူများ မတရားက တိုင်းကားပြည်ထဲ စည်မည်ခဲ။
၉ - ဝေဘူတောင်ဖျား ပတ္တမြားကို စွန့်ကားညွန်ပေါ် နစ်တုံသော်လည်း တေဇော်ညွန်ထဲ နစ်မည်ခဲ။
၁၀ - ပညာလွန်ကျူး ဂုဏ်အထူးနှင့် ကျေးဇူးရှိမူ ထိုသူအား ခေါင်းပါးဆင်းရဲ ရှိမည်ခဲ။

## မမြဲစု ၆ - ပုဒ်

မမြဲစုကား ၆ - ပုဒ်သာ ရှိ၏၊ အောက်ပါ အတိုင်း ဖြစ်၏။

၁ - ရူပလက္ခဏာ ကိုယ်ခန္ဓာ များစွာဖောက်လွဲ တည်မမြဲ။
၂ - လောကီဥစ္စာ ရတနာကို များစွာသိမ်းဆဲ နေမမြဲ။
၃ - ပုထုဇဉ်လူ မောယထူကို အယူစွပ်စွဲ မှတ်မမြဲ။
၄ - သူမြတ်တို့အား ချစ်သနား၍ ခြီးစားမြှောက်ကဲ ရာမမြဲ။
၅ - သစ်ကိုင်းခက်မြိုင် ကမ်းမနိုင် ပြိုယိုင်ရေထဲ တည်မမြဲ။
၆ - ငါတကားဟု ကြိမ်းဝါးမောင်းမဲ မှတ်မမြဲ။

ဖော်ပြပါ ခက်စု, ခဲစု, မမြဲစု အားလုံးသည်ပင် ရဟန်း ရှင် လူ မည်သူမဆို သတိပြု မှတ်သား လိုက်နာရန် သင့်လျော်လှပေ၏၊ တောင်ဖီလာဆရာတော် ကိုယ်တိုင်ကလည်း—

> ဖျက်စု ခက်စု ခဲစု မမြဲစုတို့တို ကြည့်ရှု ဂှတ်သားတော်မူကြပါ၊ ပညာသတိ စိစိကြပ်ကြပ် ထက်လျှင်မြတ်သို့ လျောက်ပတ်တော်လျော်လူသူတော်တို့ တေဇော်မှန်ကင်း မင်းထက်မင်းလျှင်။ ။လက်ရင်းထားတော် မူလိမ့်တည်း။

ဟူသော စကားရပ်ဖြင့် တိုက်တွန်း မှာကြားတော်မူခဲ့လေသည်။

## ဩဝါဒ ရတု ပိုဒ်စုံ

ဩဝါဒ ရတုပိုဒ်စုံမှာ 'ကြိုးသံပ၍' 'ထုံးစံပြ၍' 'ဘုန်းလျှံပ၍' ဟု နဘေထပ်ချီကာ ပညာသင်ချင်အောင်, အလုပ်လုပ်ချင်အောင်, ဝီရိယ ရှေ့ဆောင်ချင် လောက်အောင် ပြောင်မြောက်စွာ ရေးသား တော်မူလေသည်၊ ဆုံးမစာပေါင်းချုပ်များမှ ကြည့်ရှုရာ၏။

## ထူးခြားသည့် တခေတ် တယောက်သာ ပေါ်ခဲ့

'တိပိဋကာလင်္ကာရ' 'မဟာတိပိဋကာလင်္ကာရ'ဘွဲ့တံဆိပ်တော်ရ တောင်ဖီလာဆရာတော် အရှင်မုနိန္ဒဃောသကား ထူးခြားသည့် တခေတ် တယောက်ဆိုစလောက်သည့် ပုဂ္ဂိုလ်မြတ်သာတည်း၊ သီလ, သမာဓိ, ပညာဂုဏ်တို့နှင့် ကုံလုံ ပြည့်ဝအောင် ဖြည့်ကျင့်ကာ သာသနာ့ဝန်ထမ်းများ, ရှင်ဘုရင်များနှင့် တိုင်းပြည် လူထုကို အသိဉာဏ်ပေးတော်မူခဲ့လေသည်၊ ဆရာတော်၏ ကျမ်းစာများ, အဆုံးအမများက သာသနာကွယ်သည့်တိုင်အောင် လောက သာသနာ နှစ်ဖြာကို လမ်းညွှန်လိမ့်မည်သာတည်း။

## ဘုရား အလောင်းတော်

တောင်ဖီလာဆရာတော်ကား သဗ္ဗညုတ ဘုရားအလောင်း သူတော်ကောင်းကြီး ကေန်သာတည်း၊ ကျမ်းဂန် များစွာတို့ကို ပြုစုရသော ကောင်းမှုထူး နှင့် အခြားကောင်းမှု အစုစုများကြောင့် ငါးပါးမာရ်ယုတ် ပယ်ဖြုတ်အောင် သဗ္ဗညုဘုရား အဖြစ် တောင်းဆုချွေတော်မူခဲ့လေသည်၊ ယင်းသို့ဖြစ်ကြောင်း—

အဟံ တု ပရမံ ဗောဓိံ၊ ပါပုဏိဿန္တိ နာဂတေ။
တိဏ္ဏော ဟုတွာန တာရေယျံ၊ ဇနတံ ဘဝသာဂရာ။ [၁]

ဟူသော ယသဝဍ္ဎနကျမ်း နိဂုံး [၁] ဂါထာဖြင့် လည်းကောင်း။

မေတ္တေယျဿ ဘဂဝတော၊ ပဗ္ဗဇိတွာန သာသနေ။
တောသယိတွာန ဇိနံ တံ၊ လဘေ ဗျာကရဏုတ္တမံ။
ဗျာကရဏံ လဘိတွာန၊ ပူရေတွာ သဗ္ဗပါရမီ။
အနာဂတမှိ အဒ္ဓါနေ၊ ဗုဒ္ဓေါ ဟေဿံ သဒေဝကေ။

ဟူသော ဝိနယာလင်္ကာရဋီကာ နိဂုံး [၂] များဖြင့် လည်းကောင်း—သိနိုင်လေသည်။

## ပုံ့လွှန်တော်မူခြင်း

ယင်းသို့ဖြင့် ပိဋကတ်ကျမ်းစာများကို ချပို့ခြင်း, ကျမ်းဂန် ရေးသားပြုစုခြင်း, တရားကျင့်ခြင်း, လောကဝတ် ဓမ္မဝတ်အား လျော်စွာ ပြည့်ရှင်မင်းနှင့် တကွ မင်းညီ မင်းသား, မှူး မတ် ဗိုလ်ပါ အခြံအရံ ပရိသတ်တို့အား တရားဓမ္မ ဟောဖော် ညွှန်ပြခြင်း စသည်တို့ဖြင့် သာသနာတော်၏ လုပ်ငန်းတာဝန်များကို အားသွန် ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့သော 'တိပိဋကာလင်္ကာရ' 'မဟာတိပိဋကာလင်္ကာရ' ဘွဲ့တံဆိပ်တော် ၂-ထပ်ရ တောင်

---

၁။ ယသဝဍ္ဎနကျမ်း—၅၃၃။ ၂။ ဝိနယာလင်္ကာရဋီကာ၊ ၂—၄၃၄။

ဖီလာ ဆရာတော်ဘုရားကြီး အရှင်မုနိန္ဒဃောသသည် သက်တော် ၇၃ - နှစ် ဝါတော် ၅၄ - ဝါ ရရှိရာ သက္ကရာဇ် ၁၁၁၃ - ခုနှစ်တွင် ပျံလွန်တော်မူခဲ့ရာ တောင်ဖီလာဆရာတော် အရှင်မုနိန္ဒဃောသက သီလ ရှိသည်, သမာဓိ ရှိသည်, ပညာ ရှိသည် ဟူ၍ သူသူ ငါငါ ပြောဆို ထုတ်ဖော် ကြွေးကြော်သံ ဃောသမျှ ကြွင်းကျန်လေတော့သတည်း။

မုနိန္ဒဃောသထေရောဟိ၊ မုနိန္ဒသာသနန္ဒရော။
သာသနံ ဇောတယိတွာန၊ ဃောသမတ္တံဝ သေသကံ။[၁]

---

# အဋ္ဌမပိုင်း

## 'ဒါဌာနာဂရာဇဂုရု' အရှင် သဒ္ဓမ္မသိရိ ထေရ်

အရှင်ဒါဌာနာဂရာဇဂုရုထေရ်သည် စစ်ကိုင်းမြို့၌ စာပေ ချုပ်ခြင်း, ကျမ်းဂန် ရေးသားခြင်းတို့ဖြင့် သာသနာပြုတော်မူခဲ့သည့် မထေရ်မြတ် ဖြစ်တော်မူသည်။

မထေရ်မြတ်သည် သက္ကရာဇ် ၉၉၀ - လောက်က စ၍ ၁၀၂၀ - ကျော် လောက် အထိ သာလွန်မင်းတရား လက်ထက် နှင့် သားတော် မင်းရဲရန္တမိတ် လက်ထက်တို့တွင် ထင်ရှားသည့် ဆရာတော် ဖြစ်လေသည်၊ တိပိဋကာ လင်္ကာရ ဘွဲ့တံဆိပ်တော်ရ တောင်ဖီလာဆရာတော်တို့နှင့် တခေတ်တည်း ပေါ် ပေါက်သည့် မထေရ်မြတ် ဖြစ်လေသည်၊ သို့ရာတွင် တောင်ဖီလာဆရာတော် လောက်ကား မကျော်ကြားချေ။

### မူလဘွဲ့ အရှင်သဒ္ဓမ္မသိရိ

အရှင်ဒါဌာနာဂရာဇဂုရု ဟု ဆိုသော်လည်း ဆရာသမားတို့ မှည့်ခေါ် သည့် မူဘွဲ့ရင်းမှာ အရှင်သဒ္ဓမ္မသိရိ ဖြစ်လေသည်၊ ဒါဌာနာဂရာဇဂုရုမှာ မင်းပေးဘွဲ့ ဖြစ်၏၊ ယင်းသို့ ဖြစ်ကြောင်း —

'ဒါဌာနာဂရာဇဂုရူတိ လဒ္ဓနာမလဉ္ဆနေန မဟာထေရေန ပုရေ ဂုရူဟိ သဒ္ဓမ္မသိရီတိ ဂဟိတနာမဓေယျကာလေ —'

စသော နိရုတ္တိသာရမဉ္ဇူသာဋီကာ နိဂုံးဖြင့် သိသာလေသည်။

---

[၁] 'အရှင်မုနိန္ဒဃောသသည် ဘုရားရှင် သာသနာ့ဝန်ဆောင် ဖြစ်၍ သာသနာ ရောင် တောက်ပြောင် ထိန်ဝင်း လင်းသက်စေပြီး ကျော်စောသံမျှ အကြွင်းရ၏' ဟု ဆိုလိုရင်း ဖြစ်သည်။

## ဘုံသာတုလ္ဘတ် ဆရာတော်

ဆရာတော် အရှင်ဒါဌာနာဂထေရ်သည် သာလွန်မင်းတရား၏ သားတော် မင်းရဲရန္တမိတ် လက်ထက်တွင် စစ်ကိုင်းမြို့ အနောက်ဖက်၌ ကြီးကျယ် ခမ်းနားလှသော ဘုံသာတုလ္ဘတ်ကျောင်းတော်ကို အလှူခံတော်မူရလေသည်။ [၁]

## နိရုတ္တိသာရမဉ္ဇူသာ ဋီကာ

နိရုတ္တိသာရမဉ္ဇူသာ ဋီကာကျမ်းကြီးကိုလည်း ရေးသား ပြုစုတော်မူခဲ့လေသည်၊ ယင်းကျမ်းကြီးမှာ သီဟိုဠ်ကျွန်း အရှင်ဝဇိရဗုဒ္ဓိထေရ် စီရင်တော်မူခဲ့သော န្យាသကျမ်းကြီး၏ အဖွင့် ဋီကာ ဖြစ်လေသည်၊ ကျမ်းဦး၌ –

ဗုဒ္ဓံ ဝိသုဒ္ဓကရုဏာကရမာလိမတ္တံ၊
မောဟန္ဓကာရဝိဟတံ အမတံ ဒဒန္တံ။
ဓမ္မံ သုနိမ္မလဝရံ ဂဏမုတ္တမဉ္စ၊
နတွာန လောကသရဏံ ဝရ ဒက္ခိဏေယျံ။

ကစ္စာယနဉ္စ မုနိဝဏ္ဏိတဗုဒ္ဓိမန္တံ၊
နတွာ ပဘိန္နပဋိသမ္ဘိဒထေရမဂ္ဂံ။
သံသာရသာဂရတရံ သုဝိသုဒ္ဓသီလံ၊
ကလျာဏဒဿနသုဝဏ္ဏသမာနဝဏ္ဏံ။

သံဝဏ္ဏနာ ဂရုဝရေဟိ ပကာသိတာ ယာ၊
နျာသဿ သာသနယတိန္ဒ မတိဝဍ္ဎနာ စ။
အာယာစိတော ယတိဝရေဟိ ဟိတာဝဟ တသ္မာ၊
သံဝဏ္ဏနံ မတိပဝဍ္ဎနမာရဘိဿံ။

ဟူသော ဂါထာများဖြင့် ရတနတ္တယပဏာမ, ကစ္စာယနထေရပဏာမ, အဘိယာစက, ပဋိညာဉ် စသည်တို့ကို ဖော်ပြတော်မူခဲ့လေသည်။

ယင်းကျမ်းစာကို သက္ကရာဇ် ၁၀၁၀ ခုနှစ်က စတင် ရေးသားခဲ့ရာ ၁၀၁၂ ခုနှစ်တွင် ပြီးကြောင်း –

ဒသာဓိကေ သဟဿမှိ၊ ကတံ ပကရဏံ ဣဒံ။
သမ္ပတ္တေ တာဒိသေ နိဋ္ဌံ၊ သဟဿေ ဒွါဒသာဓိကေ။

ဟူသော ဂါထာဖြင့် ကျမ်း၏ အဆုံး၌ ဖော်ပြခဲ့လေသည်။

---

၁။ မှန်နန်း၊ ၃ – ၂၅၈။

## နျာသကျမ်း ခေတ်စားခဲ့ခြင်း

အရှင်ဒါဌာနာဂရာဇာဂုရုထေရ်၏ နျာသကျမ်း အဖွင့် ရေးသားခြင်းကို ထောက်၍ ထိုခေတ်က နျာသကျမ်းကြီး ထူးထူးခြားခြား များစွာ အလေ့အလာ ပြုကြောင်း သိသာသေသည်၊ ယင်း နိရုတ္တိသာရမဉ္ဇူသာဋီကာကျမ်းကြီးမှာ ၁၂၇၅-ခု ဝါခေါင်လ ရန်ကုန်မြို့ ပြည်ကြီးမဏ္ဍိုင် ပုံနှိပ်တိုက်ရိုက် ရှိုင်ဆိုက် ၅၉၂-မျက်နှာ ရှိလေသည်၊ ယင်းကျမ်းကြီးနှင့် စပ်၍ မဟာကဝိ သီဟိုဠ အရှင်ဝိမလ၏ သာသနဝံသဒီပကျမ်းကြီး၌ —

နိရုတ္တိသာရမဉ္ဇူသာ၊ တမ္ဗဒီပနိဝါသိနော။
ဒါဌာနာဂေန ထေရေန၊ ရစိတာ ထိရဗုဒ္ဓိယာ။ [၁]

ဟူသော ဂါထာဖြင့် ဖော်ပြခဲ့လေသည်။

## ဘုရား အလောင်းတော်

'ဒါဌာနာဂရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ အရှင်သဒ္ဓမ္မသိရိထေရ်သည် ဤနိရုတ္တိသာရ မဉ္ဇူသာဋီကာပါဠ် ကျမ်းကြီးကို ရေးသားပါ၍ မြတ်ပုညကြောင့် သာဝကဗောဓိဆု စသည်ကို မတောင့်တပဲ သဗ္ဗညုတ သမ္မာသမ္ဗုဒ္ဓ ဘုရား စင်စစ် ဖြစ်လိုကြောင်း —

အနေန ဂန္ထကာရေန၊ ယံ ပုညာဓိဂတံ မယာ။
တေန သဗ္ဗညုတံ ပတ္ဝာ၊ သန္တာရေယံ သဒေဝကံ။ [၂]

ဟူသော ဂါထာဖြင့် တောင်းဆုချွေတော်မူခဲ့လေသည်။

## ပျံလွန်တော်မူခဲ့

ယင်းသို့ဖြင့် ဘုရားမြတ်စွာ သာသနာတော်ကို ပြုစုတော်မူခဲ့သော ဒါဌာနာဂရာဇဂုရု ဘွဲ့တံဆိပ်တော်ရ အရှင်သဒ္ဓမ္မသိရိထေရ်သည် သာသနာပြုဆဲဖြစ်စဉ် ပျံလွန်တော်မူခဲ့လေသည်။

သဒ္ဓမ္မသိရိထေရောဟိ၊ သိရိယာ သဒ္ဓမ္မံ အကာ။
သိရိယာ ကရောန္တေယေဝ၊ မစ္စု အာဒါယ တံ ဂမိ။ [၃]

---

၁။ သာသနဝံသဒီပ — ၁၂၄၀ -ဂါထာ။
၂။ နိရုတ္တိသာရမဉ္ဇူသာဋီကာပါဌ် နိဂုံး၊ ၅၀၉ - နှာ၊
၃။ အရှင်သဒ္ဓမ္မသိရိထေရ်သည် ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်ဖွံ့ဖြိုး ကျက်သရေတိုးခြင်း အကျိုးငှာ ပရိယတ္တိသဒ္ဓမ္မ ပဋိပတ္တိသဒ္ဓမ္မကို ကျိုးကုတ် ပြုလုပ်တော်မူပြီ၊ ဘုရားပရမေ သာသနာကျက်သရေ တိုးတက် လုပ်ဆောင်ဆဲ ဖြစ်စဉ် သေမင်းက ပင့်ဆောင်၍ သွားပြီ။

## ဒက္ခိဏာဝန် သဒ္ဒါကြီးနိဿယ ကျမ်းပြု
# စစ်ကိုင်း၊ စေတုတ္တရ ဒက္ခိဏာဝန် ဆရာတော်
## အရှင်အရိယာလင်္ကာရ မဟာထေရ်

အရှင်အရိယာလင်္ကာရသည် စာပေကျမ်းစာကို ပြုစုကာ သာသနာ့အကျိုး သည်ပိုး ရွက်ဆောင်တော်မူသည့် မထေရ်မြတ် ဖြစ်တော်မူသည်၊ သက္ကရာဇ် ၁၀၁၀-ခု ကျော်တွင် ပေါ်ပေါက် ထွန်းတောက်သည့် သာသနာ့ဝန်ဆောင်လည်း ဖြစ်တော်မူသည်။

## ရှင် ရဟန်းပြု ပညာသင်

အရွယ်ရောက်သော် ရှင် ရဟန်း ပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ အင်းဝ ပဉ္စင်းကျော် အရိယာလင်္ကာရ ဘွဲ့တံဆိပ်တော်ရ (ပဌမ အရိယာလင်္ကာရ) မထေရ်မြတ်နှင့် အခြား ကျမ်းဂန်တတ် မထေရ်မြတ်တို့ထံ ပညာသင်ကြား တတ်မြောက်တော် မူခဲ့လေသည်။

## ဥတ္တရာဝန်ကျောင်းတိုက် - ဒက္ခိဏာဝန်ကျောင်းတိုက် - ပုဗ္ဗာဝန်ကျောင်းတိုက် ပစ္ဆိမာဝန်ကျောင်းတိုက်

ရာဇဓူဋ္ဌာမဏိ ကောင်းမှုတော် စေတီတော်ကြီး ဒါယကာ သာလွန်မင်းတရားကြီးသည် သက္ကရာဇ် ၁၀၁၀-ခုနှစ် နယုန်လဆန်း ၇-ရက်နေ့တွင် ဒက္ခိဏာဝန်ကျောင်းတိုက်ကြီး - ပုဗ္ဗာဝန်ကျောင်းတိုက်, ပစ္ဆိမာဝန်ကျောင်းတိုက်ကြီးတို့ကို တင်လှူတော်မူခဲ့လေသည်၊ ဒက္ခိဏာဝန်ကျောင်းတိုက်ကြီးကို အလှူခံရသော မထေရ်မြတ်မှာ ပဌမ အရိယာလင်္ကာရဆရာတော်၏ တပည့် စေတုတ္တရမြောက် အရိယာလင်္ကာရ ဘွဲ့တံဆိပ်တော်ရ အရိယာလင်္ကာရထေရ် ဖြစ်လေသည်၊ ဥတ္တရာဝန်ကျောင်းတိုက်မှာ ၁၀၀၉ -ခုနှစ် တပေါင်းလတွင် ကျောင်းရံ ၁၂-ကျောင်းပါ မီးလောင်ကျွမ်းသဖြင့် ပြန်လည် ဆောက်လုပ် တင်လှူကြောင်း သိရလေသည်။

သာလွန်မင်းတရားကြီးသည် ယင်း ကျောင်းတိုက်များကို တင်လှူစဉ် ကျောင်းတိုက်များရှိ ဝေယျာဝစ္စများကို ပြုစုရန် တကျောင်းတိုက်လျှင် ၅-အိမ်ထောင်စီ ကပ္ပိယ ကာရကများကိုပါ လှူတော်မူခဲ့လေသည်။

## လောဟပါသာဒ ပုံတူ ကျောင်းများ

ယင်း ကျောင်းတိုက်ကြီး လေးတိုက်ရှိ ကျောင်းမကြီးများမှာ သီဟိုဠ်ကျွန်း အနုရာဓမြို့ရှိ သာသနာ သက္ကရာဇ် ၃၇၃-ခုနှစ် နန်းတက်သည့် ဒုဋ္ဌ

ဂါမဏိမင်းကြီး၏ ကောင်းမှုတော် လောဟမဟာပါသာဒ (ကြေးပြာသာဒ်) ပုံစံ ဖြစ်ကြောင်း ဆိုကြလေ၏၊ ကျောင်းရံ လေးဆယ်ဟု ဆိုရာ ကျောင်း မကြီး တကျောင်းလျှင် အရံကျောင်း ၁၀ - ကျောင်း ဖြစ်မည်ဟု ထင်ပေ သည်၊ ပစ္ဆိမာဝန်ဆရာတော်သည် ဈာသပါဌ်ကို သမ္မန်ခြောက်ပါး ဖွင့်၍ ဝိဂ္ဂဟ် ဝစနတ္ထ အရကောက်နှင့် တကွ ဉာဏ်ဆိုရိုး ပြုစီရင် တော်မူခဲ့လေ သည်။

## အရှင်အရိယာလင်္ကာရ သဒ္ဒါကြီးနိဿျ ရေးစီရင်

ဒက္ခိဏာဝန် သဒ္ဒါကြီးနိဿျသည် နန်းကျောင်းမှု သဒ္ဒါကြီးနိဿျ, ပခန်း မှူ ခေမာရုံသိ သဒ္ဒါကြီးနိဿျ, သပြေကန် သဒ္ဒါကြီးနိဿျတို့နှင့် မတူပဲ ထူးခြားချက်များ တွေ့ရှိနိုင်လေသည်၊ စာစပ်, ကျမ်းတက်, ရုပ်တွက်, သမ္မန် ၆ - ပါး လှည့်ပုံ စသည်တို့ကိုလည်း လိုလေသေးမရှိ တွေ့ရှိ လေ့လာ နိုင်ပေသည်။

## ဒက္ခိဏာဝန် စာချနည်း သိနိုင်

ယင်းဒက္ခိဏာဝန် သဒ္ဒါကြီးနိဿျကို ကြည့်ရှု လေ့လာပါက ထိုစဉ်က ဒက္ခိဏာဝန် တိုက်ကြီး၌ စာချ ရဟန်းတော်တို့၏ စာပေ ချရိုးပို့စဉ်ကို သိရှိနိုင်လေသည်၊ တခါက ဥတ္တရာဝန်ကျောင်းတိုက်, ပစ္ဆိမာဝန်ကျောင်း တိုက်, ပုဗ္ဗာဝန်ကျောင်းတိုက်မှ စာသင်သား ရဟန်း သာမဏေတို့သည် ဒက္ခိဏာဝန်တိုက်ကြီး၌ အခါအား လျော်စွာ စာပေ လိုက်နာရကုန်၏၊ မန္တလေးမြို့ အနောက်ပြင် အိမ်တော်ရာဘုရား တောင်ဖက် ဒက္ခိဏာ ဝန်တိုက်သည်လည်း ဖော်ပြပါ ဒက္ခိဏာဝန်တိုက်၏ အမည်ကိုပင် ယူ၍ မှည့်ခေါ်လေသည်။

## ဒက္ခိဏာဝန် သဒ္ဒါကြီးနိဿျ ဂန္ထာရမ္ဘ

ဒက္ခိဏာဝန် သဒ္ဒါကြီးနိဿျ ဂန္ထာရမ္ဘ (ကျမ်းဦး) ၌ 'သိဒ္ဓါ ဘဝန္တု ဇိနစက္ကာရ ဘိဝုစ္ဆိယော=ဇိနစက္ကဝရာဘိဝုစ္ဆိယော၊ ငါးပါးရန်မာရ် ပယ်လှန် အောင်စင် သခင်ဘုရား၏ မြတ်သော သာသနာတော်၏ ပွါးပွား စည်ဖြိုး ကြီးခြင်းတို့သည်။ သိဒ္ဓါ၊ ပြီးပြည့်စုံကုန်သည်။ ဘဝန္တု၊ ဖြစ်စေကုန်ခလို' ဟူ၍ ပြဆိုပြီးနောက်—

ဓမ္မိဿရံ နမဿိတွာ၊ ဗုဒ္ဓံ ကိလေသဘိန္ဒိတံ။
ဓမ္မံ အရိယသံဃဉ္စ၊ နိရင်္ဂဏံ ဂဏုတ္တမံ။
ကစ္စာယန မဟာထေရံ၊ ထထာဂတေန ဝဏ္ဏိတံ။
မဟာပညံ နမိတွာန၊ သာဝကေသု စ ပါကဋံ။

ဓဇူပမံ ဂုဏာဓာရံ၊ မဟိတလေ သုပါကဋံ။
ပဌမာရိယာလင်္ကာရံ၊ ပိဋကဏ္ဍဝပါရဂုံ။
သဗ္ဗေသံ ဟိတဓာရေန္တံ၊ သုတဗုဒ္ဓိ မေ ဂရုံ။
ဣတရေ ဂရဝေ ါဓာပိ၊ ပါရဂူ ပိဋကတ္တယေ။
နမာမိ သိရသာ ဓီရေ၊ ဝိသိဋ္ဌေသု စ ပါကဋေ။

စသော ဂါထာဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမ, ပဋိညာဉ် စသည်တို့ကို ဖော်ပြတော်မူခဲ့လေသည်၊ ယင်းနိသျကို အရှင်အရိယာလင်္ကာရသည် ၁၀၃၇-ခုနှစ်တွင် ရေးသား ပြုစုတော်မူခဲ့လေသည်၊ ယင်းဒက္ခိဏာဝန် သဒ္ဒါကြီးနိသျကို ၁၂၇၃-ခုနှစ် ၈၃၊ ကုန်သည်လမ်း မန္တလေးတိုင်း သတင်းစာပုံနှိပ်တိုက်တွင် ရိုက်နှိပ်ရာ ပဌမတွဲ ရွိုင်ဆိုက် စာမျက်နှာ ၈၀၀-ကျော် ရှိ၍ ၁၂၇၇-ခုနှစ်တွင် ဒုတိယတွဲကို ဆက်လက် ပုံနှိပ်ရာ စာမျက်နှာ ရွိုင်ဆိုက် ၆၆၀-ရှိလေသည်။

## ဘုရားဆုပန် ပုဂ္ဂိုလ်ထူး

ဒက္ခိဏာဝန် သဒ္ဒါကြီးနိသျကို ပြုစုသည့် စတုတ္ထ အရိယာလင်္ကာရ[၁] ဘွဲ့တံဆိပ်တော်ရ ဆရာတော်သည်လည်း သဗ္ဗညုဘုရားဆုပန် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူလေသည်၊ ယင်းသို့ ဖြစ်ကြောင်း—

အနေန ပုညတေဇေန၊ သံသရန္တော ဘဝါဘဝေ။
ဒုဂ္ဂတိံ နာဘိဂစ္ဆာမိ၊ သုဂတိမှိ ဘဝါမဟံ။
သုဂတိမှိ ပဝတ္တောပိ၊ ပေါသော ဟောမိ ဘဝါဘဝေ။
တိဟေတုပဋိသန္ဓိ စ၊ သဒါ ဟောမိ မဟိဒ္ဓိကော။
မဟာယသော မဟာဘောဂေါ၊ ဒါနသီလာဒိ ပါရမီ။
ပဥ္စမဟာပရိစ္စာဂေ၊ စဇိတွာ ဗောဓိမုတ္တမံ။
သဗ္ဗညုတံ ပါပုဏိတွာ၊ တာရေမိ ဇနတံ ဗဟုံ။

ဟူသော နိဂုံး ဂါထာများဖြင့် သိသာလေသည်။

အရှင်အရိယာလင်္ကာရသည် သင်္ဂြိုဟ်နိသျကိုလည်း ရေးသားတော် မူခဲ့သည်၊ ၎င်းသင်္ဂြိုဟ်နိသျကိုလည်း ဒက္ခိဏာဝန်နိသျဟု ခေါ်သည်။

---

၁။ အင်းဝခေတ် သက္ကရာဇ် ၁၀၀၀-ပတ်ဝန်းကျင်တွင် ရဟန်းတော်များအား တိပိဋကလင်္ကာရ ဘွဲ့တံဆိပ်, ဒါဌာနာဂ ဘွဲ့တံဆိပ်, အရိယာလင်္ကာရ ဘွဲ့တံဆိပ် တို့လည်း ပေးရိုးရှိကြောင်း တောင်ဖီလာဆရာတော် အရှင်မုနိန္ဒဃောသ, ဒါဌာနာဂရာဇဂုရု အရှင်သဒ္ဓမ္မသီရိထေရ် ဤအရိယာလင်္ကာရထေရ် အကြောင်းအရာတို့ဖြင့် သိသာလေသည်။

## ပျံလွန်တော်မူခြင်း

ယင်းသို့ စာချ စာရေး သာသနာ ပြုခဲ့သော 'စတုတ္ထာလင်္ကာရ' ဘွဲ့ တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးသည် သာသနာပြုစုဆဲ ဖြစ်စဉ် ပြုလုပ်လက်စ သာသနာ့ဝန်ကို ထားတော်မူကာ ပျံလွန်တော်မူခဲ့လေသည်။

အရိယာလင်္ကာရာဘိဓာနော၊ လင်္ကာရော ဗုဒ္ဓသာသနေ။
အလင်္ကတွာ သာသနံ သော၊ ပယာတော မစ္စုနော မုခံ။

---

# တိလောကဂုရုဆရာတော်

## အရှင်တိလောကဂုရု မဟာထေရ်

အရှင်တိလောကဂုရုထေရ်သည် စစ်ကိုင်းသာသနာဝင်တွင် ထင်ရှားသည့် ကျမ်းပြု စာချ သာသနာ့ဝန်ဆောင်တပါး ဖြစ်တော်မူသည်။

### ဖွားမြင် - ရှင် ရဟန်း ပြု

ဆရာတော်သည် 'ဇော တိ သုဉ်ယု၊ နရာပြု၊ ယု ယု မာသံမည်' ဟူသည်နှင့် အညီ သက္ကရာဇ် ၁၀၃၄ - ခုနှစ်တွင် အင်းဝ ရွှေနန်းတွင် နန်းတက်သည့် နရာဝရမင်း လက်ထက်တွင် ထင်ရှားသည့် ဆရာတော် ဖြစ်လေသည်။

ပခန်းကြီးမြို့ အနောက်လက် ခရီး ၆ - တိုင်ခန့်ကွာလှမ်းသည့် ဆိတ်ဆင်းရွာ (ပခုက္ကူခရိုင် မြိုင်မြို့နယ် ဆိတ်ဆင်းရွာ) ၌ ဖွားမြင်တော် မူခဲ့လေသည်၊ အရွယ်ရောက်သော် ရှင် ရဟန်း ပြု၍ သာသနာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့လေသည်။

ထိုစဉ်က သာသနာ ထွန်းကားရာ အင်းဝမြို့သို့ ကြွရောက်တော်မူ၍ ပညာ တတ်မြောက်တော်မူသည့် ဆရာတော်များထံ ပညာ သင်ကြား တတ်မြောက်တော် မူခဲ့လေသည်၊ ပင်းယမြို့ ရွှေစည်းခုံဘုရား အနီးရှိ ဇေတဝန်ကျောင်းတိုက်ကြီး၌လည်း ပညာ သင်ကြားတော်မူခဲ့ဘူးလေသည်။

### လူထွက်လိုခြင်း

ဆရာတော်လောင်းလျာ ပဥ္စင်းပျိုသည် စာပေသင်ရလဲ ခက်ခဲ ပတ်ဝန်းကျင် အခြေအနေကလဲ ပေးနေသောကြောင့် လူထွက်လိုစိတ် ဖြစ်နေသည်၊ စားလဲ လူထွက်စိတ် - သွားလဲ လူထွက်စိတ် - အိပ်လဲ လူထွက်စိတ်က နှိပ်စက်နေလေတော့၏။

## ဘုန်းကြီးလူထွက် မယား မဖြစ်ရလို

ယင်းသို့ ' ဘုရားမြတ်စွာ သာသနာတော် တည်းဟူသော နန်းပလ္လင်၌ မပျော်ရွှင်ပဲ ရှိသဖြင့် လူထွက်တော့မည်၊ မထွက်ခင် သက်န်းဝတ်နှင့် ရွှေစည်းခုံဘုရား ဝပ်တွား ဦးတင်အံ့ ' ဟု ကြံစည်စိစစ်စွေးကာ စေတီတော်မြတ်အား ဦးချဖူးမျှော်စဉ် မိန်းမပျိုတယောက်လဲ ရွှေစည်းခုံဘုရား ရင်ပြင်ပေါ် ရောက်ရှိပြီး ဖူးမျှော်ပြီး — 'ယင်းသို့ မြတ်စွာဘုရား ဖူးမျှော်ပါရ ဤပုညမျိုးမှန်ကောင်းမှုကံကြောင့် ဖြစ်လေရာရာ ဘဝသံသရာစခန်းမှာ ရဟန်းလူထွက် မယား တရံတဆစ်မျှ မဖြစ်ရပါလို ' တောင်းဆု ဆိုလေ၏။

ထိုအခါ ဆရာတော်လောင်းလျာ ရင်တဖိုဖို ဖြစ်ကာ မိန်းမပျိုအား 'ဒကာမလေး - နင်ဘယ့်နှယ်ကြောင့် ဘုန်းကြီး လူထွက် မယား မဖြစ်ချင်ကြောင်း ငါ သိလို၏' ဟု မေးမြန်း ပြောဆိုရာ မိန်းမပျိုက — 'အရှင်ဘုရား - သူချား လူ့ဒါန်းသော ပစ္စည်းလေးပါးဖြင့် ချမ်းသာစွာ နေရသည် ဖြစ်ပါလျက် သူ့ကျွန်ခံဦးမည် မယားကျွန်ခံဦးမည် တဏှာကျွန်ခံဦးမည် ဟု သဘောသက်ဝင်ကာ လူထွက်သော ရဟန်းထက် မိုက်မဲသူ ကမ္ဘာလောက မြေအပြင်ထဲမှာ မမြင်မတွေ့ မရှိပြီဖြစ်ကြောင်း' —

ဥပ္ပဇ္ဇိတဇာယာ ဟိ၊ န ဘဝါမိ ကုဒါစနံ။
တတော မုဋ္ဌတရော ပေါသော၊ နတ္ထိ ကောစိ ဟိ ဘူတလေ။

ဟု အဘိအသင်း လျှောက်သည့်တွင် သံဝေဂ ရပြီး လူထွက်လိုစိတ် အလျဉ်းမရှိတော့ပဲ စစ်ကိုင်းဖက် ကူး၍ ဂန္ထဓုရ အဝဝကိုဆက်လက် ကြိုးကုတ် သင်ယူလေရာ စာပေ တတ်မြောက် ကျွမ်းကျင်လေတော့သည်။[၁]

## စာချ ကျော်ကြားခြင်း

ယင်းသို့ စာပေ တတ်မြောက်သဖြင့် ပုညရှင် စေတီကျောင်းတိုက်တွင် စာပေ ချပို့လေရာ ရဟန်း သာမဏေ များစွာတို့ ဆရာတော်ထံ စာပေ သင်ယူ လိုက်နာကြကုန်၏၊ လွန်စွာ ကျော်ကြားသော စာချဆရာတော် တပါး ဖြစ်လေတော့၏။

တနေ့တွင် နရာဝရဘုရင်သည် စစ်ကိုင်း ပုညရှင်ကို ဖူးမြင်ရန် ရောက်ရှိလာ၏၊ ဘုရား ဖူးမြင်ပြီး ပုညရှင်ကျောင်းတိုက်သို့ ဝင်ရောက်၍ ကြည့်ရှုကြည်ညိုရာ ကျောင်းမဆံ့သဖြင့် မြေကြီးက ထီးဆောင်း၍စာလိုက်နေကြသော ရဟန်း သာမဏေတို့ကို တွေ့မြင်လေလျှင် သဒ္ဒါစေဝင် စိတ်ကြည်လင်ခြင်း ဖြစ်ကာ လိုက်နှင့် တကွ ကျောင်းဆောက် လှူဒါန်း ကိုးကွယ်လေသည်၊

---

၁။ ပဋ္ဌက္ကျ သာသနာဝင် — ၁၆၅။

'တိလောကဂုရု' ဟူသော ဘွဲ့တံဆိပ်ကိုလည်း လှူဒါန်း ချီးမြှင့်တော်မူလေသည်၊ ၎င်းချောင်သည်လည်း တိလောကဂုရုချောင်ဟု ယခုတိုင် တွင်လေ၏။

နရဝရော သုဘူပါလော၊ ပသန္နော ထေရသောခရေ။
ပူဇေတွာ ဝိဟာရေန၊ ဂုဟံ ဒေဝသတောပမံ။

ဥပါဒိဋ္ဌာမိ ဒတွာန၊ တိလောကဂုရုနာမကံ။
ဝိရုဠှိယာ သာသနဿ၊ သင်္ဂဟေသိ အနေကဓာ။

## ကျမ်းဂန် ပြုစုခြင်း

ကျမ်းဂန် များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့မှာ—

၁ · ဓာတုကထာ ဝဏ္ဏနာကျမ်း
၂ · ဓာတုကထာ အနုဋီကာ ဝဏ္ဏနာကျမ်း
၃ · ယမက ဝဏ္ဏနာ ဋီကာကျမ်း
၄ · ပဋ္ဌာန ဝဏ္ဏနာ ဋီကာကျမ်း—

စသည်တို့ ဖြစ်ကုန်၏။

ပရိတ်ကြီးဋီကာ ကျမ်းပြု အရှင်တေဇောဒီပသည် တိလောကဂုရုဆရာတော်၏ တပည့် ဖြစ်လေသည်။

တိလောကဂုရုထေရ်သည် စာချ ကျမ်းပြုကာ သဒ္ဓါပြတ်စွာ သာသနာကို ပြုနေဆဲတွင် နတ်ပွဲသဘင် ဝင်တော်မူခဲ့လေသည်။

တိလောကဂုရု ထေရော သော၊ လောကဿ ဂရုကော မဟာ။
သာသနံ အနုရက္ခန္တော၊ ဂတော ဒေဝသဟဗျတံ။

—

## 'သာရတ္ထဒီပနီဋီကာနိဿယ' ကျမ်းပြု
## အရှင်ဝရလင်္ကာရမဟာထေရ်

ဆရာတော်သည် စစ်ကိုင်းခရိုင် သာစည်ရွာ[၁]၌ ၁၁၄၁ ခုနှစ်တွင် အဖ ဦးမြတ်သာ - အမိ ဒေါ်ဖြေတို့မှ ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်မည် မောင်ရွှေမင်း ဖြစ်လေသည်၊ အရွယ်ရောက်သော် ရှင်, ရဟန်း ပြု၍ သာသနာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့လေသည်၊ ဘွဲ့တော်မှာ အရှင်ဝရာလင်္ကာရ ဖြစ်လေသည်၊ ဥပဇ္ဈာယ် ဆရာတော်မှာ အရှင်အဂ္ဂသမာဓိ

၁။ ဆရာတော် ၁၀၅ - ပါး စာရင်း နှင့် ပိဋကတ်တော်သမိုင်း၌ အလုံမြို့စီချင်စုသာစည်ရွာဟု ဆို၏။

ဖြစ်တော်မူသည်၊ ဥပဇ္ဈာယ်ဆရာတော် နှင့် အခြား ဆရာတော်များထံ ပညာ သင်ကြား တတ်မြောက်တော်မူခဲ့လေသည်။

## ဆောမြို့စား အတွင်းဝန် ကိုးကွယ်

ရတနာပူရ ရွှေမြို့တော်၌ ဆောမြို့စား အတွင်းဝန် ဦးရင် ဆောက်လုပ်လှူဒါန်းသည့် အုတ်ကျောင်း၌ ကြာမြင့်စွာ သီတင်းသုံးတော်မူခဲ့လေသည်၊ ဆောမြို့စားသည် ဆရာတော်အား အမြတ်တနိုး ကိုးကွယ်တော်မူခဲ့လေသည်၊ နောက်တွင် အမရပူရမြို့ ဂူကြီးတိုက်၌ သီတင်းသုံးတော်မူသည်။

## ကျမ်းဂန် ပြုစုခြင်း

ကျမ်းဂန် များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့မှာ —

၁ - ကင်္ခါဝိတရဏီ ဋီကာသစ် နိဿျ

၂ - သာရတ္ထဒီပနီ ဋီကာ နိဿျ

စသည်တို့ ဖြစ်ကုန်၏။

## သာရတ္ထဒီပနီ ဋီကာ နိဿျ

ယင်း ကျမ်းများ အနက် သာရတ္ထဒီပနီ ဋီကာ နိဿျကြီးမှာလည်း ကျယ်ဝန်း ပြည့်စုံသည့် ကျမ်းစာကောင်းကြီး ဖြစ်လေသည်၊ ကျမ်းဦး၌ —

ဝန္ဒေ ဝီရံ ကာရုဏိကံ၊ ဗုဒ္ဓံ ဗုဒ္ဓနိသေဝိတံ။
ဓမ္မံ ဓမ္မသုဘာဝိတံ၊ သံဃဉ္စ ဒက္ခိဏာရဟံ။

အာစရိယံ ဗုဒ္ဓဃောသံ၊ ဝိနယတ္ထသ္သ ဒီပကံ။
ဋီကာစရိယမေဘာဿ၊ သိရသာဟံ ဝိဘာဝိတံ။

ပဉ္ဉာသီတိ ဘိက္ခုဝဿံ၊ သတ္တညုံ မေ ဓီရံ ဂုရုံ။
ကတုဿာဟံ ဘိက္ခု ကိစ္စေ၊ သဒါ ရညာဘိရမ္မိတံ။

စသော ဂါထာတို့ဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမ, ပဋိညာဉ် စသည်တို့ကို ပြုတော်မူခဲ့လေသည်။

## ရာဇဂုရု ဘွဲ့တံဆိပ်တော်

ဆရာတော် အရှင်ဇရာလင်္ကာရသည် 'ဝိစိတ္တာလင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု' ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံ ရရှိတော်မူခဲ့လေသည်၊

သာရတ္ထဒီပနီ စတုတ္ထပါရာဇိကအဖွင့် နိသျ ပြီးချိန်မှာ သက္ကရာဇ် ၁၂၀၇-ခု သီတင်းကျွတ်လဆန်း ၇-ရက်က ဖြစ်ကြောင်း နိဂုံးစကားဖြင့် သိရလေသည်။[၁]

## ပျံလွန်တော်မူခြင်း

ဆရာတော် အရှင်ဝဏ္ဏာလင်္ကာရသည် စာပေ ချပို့ ပြုစု သာသနာပြု တော်မူဆဲ ဖြစ်စဉ် သက်တော် ၇၃-နှစ် သိက္ခာတော် ၅၃-၀၁ အရ တွင် ပျံလွန်တော်မူခဲ့လေသည်။

ဝဏ္ဏာလင်္ကာရထေရော ဟိ၊ သမ္ဗုဒ္ဓဝရသာသနေ။
ဓုရဒ္ဓယံ ပူရယိတွာ၊ ပယာတော မစ္စုနော ဝသံ။

---

## မန္တလေး ဝိစိတ္တာရာမ ဆရာတော်

### အရှင်တိလောက မဟာထေရ် ( ရာဇာဓိရာဇဂုရု )

ဆရာတော် အရှင်တိလောကသည် စစ်ကိုင်းခရိုင် မြောင်မြို့နယ် ရွှေဘုံသာ ရွာ ဇာတိ ဖြစ်ကြောင်း သိရ၍၊ ဖွားသက္ကရာဇ်ကို ၁၁၆၅-၁၁၇၀- အတွင်းလောက် ဖြစ်လိမ့်မည်ဟု မှန်းဆမိပေသည်။

အရွယ်ရောက်လျှင် ရှင်, ရဟန်း ပြု၍ သာသနာ့ဝန်ကို ထမ်းဆောင် တော်မူခဲ့လေသည်၊ အမရပူရမြို့ မာရ်အောင်တိုက် မာတိကာ ဓာတုကထာ ယမိုက် ပဋ္ဌာန်း နိသျကျယ်ကျမ်း စသည်တို့ကို ပြုစုတော်မူခဲ့သောသော 'ဇမ္ဗူဒီပဓဇ မုနိဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ ဦးဇမ္ဗူဒီပဓဇ မဟာထေရ်ထံ ရောက်ရှိ၍ ပညာ သင်ကြား တတ်မြောက်တော်မူခဲ့လေသည်။

### စာပေ ချပို့ ကျမ်းပြု

ဆရာတော် အရှင်တိလောကသည် မိမိထံ မှီခို ရောက်ရှိလာသည့် စာသင် သား များစွာတို့အားလည်း စာပေ ချပို့၍ ပရိယတ္တိသာသနာတော်ကို များ စွာ ချီးမြှောက်တော်မူခဲ့လေသည်၊ စာပေ ကျမ်းဂန်များကို ရေးသား ပြုစု တော်မူခဲ့သည်၊ ၎င်းတို့မှာ —

၁။ ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပုဒ် နိသျ
၂။ တူရိယာဒိ ပကာသနီကျမ်း - စသည်တို့ ဖြစ်ကုန်၏။

---

၁။ သာရတ္ထဋီကာ နိသျကို သံဃာဒိသိသ်မှ စ၍ ဆုံးသည် အထိ အမရပူရ ဆင်တဲတိုက် ( ယခု မန္တလေး တောင်ပြင် ဆင်တဲတိုက် )နေ အရှင်ဓမ္မ သိရီက ဆက်ရေးသည်၊ အမရပူရသာသနာဝင် ကြည့်။

## ရာဇာဓိ ရာဇဂုရု ဘွဲ့တံဆိပ်တော်

မင်းတရားကြီး ဆက်ကပ် လှူဒါန်းအပ်သော 'တိလောကာဘိဝံသ သာသနဓောတ မဟာဓမ္မ ရာဇာဓိရာဇဂုရု'[၁] ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။

## မန္တလေးမြို့သို့ ကြွခြင်း

မန္တလေး နန်းမြို့သစ် တည်ထောင်သော အခါတွင် မန္တလေးမြို့သို့ ကြွ၍ သီတင်းသုံးတော်မူလေသည်၊ မူလတွင် ယာယီကျောင်း၌ သီတင်းသုံးတော်မူရသည်၊ နောက်တွင် ဝိစိတ္တာရာမကျောင်းတိုက်ကြီးကို အလှူခံတော်မူရလေသည်။

ဆရာတော်သည် စာပေနိုင်နင်း၏၊ စာပေ ဝါသနာလည်း ပါ၏၊ 'အက္ခရဋီကာ' စသည် ကျမ်းဂန် များစွာတို့ကို ပြုစုတော်မူခဲ့သည့် တလိုင်းကုန်း ဆရာတော် ဦးဝိမလသည် ဆရာတော် ဦးတိလောက၏ တပည့် ဖြစ်လေသည်။

## သာသနာပြု သုဓမ္မာဝင်

ဆရာတော် အရှင်တိလောကသည် သီပေါမင်းတရား လက်ထက် ၁၂၄၀ ပြည့်နှစ် တန်ဆောင်မုန်းလဆုတ် ၆ ရက်နေ့တွင် သာသနာပြု သုဓမ္မာဝင် ဆရာတော် အဖြစ် ခန့်အပ်ခြင်းကို ခံယူတော်မူရလေသည်၊ ထိုစဉ်က သာသနာပြု သုဓမ္မာဝင် ခန့်အပ်ရာ ၁၂ ပါး ဖြစ်လေသည်၊ ၁၂ ပါးတွင် ဝိစိတ္တာရာမဆရာတော် အရှင်တိလောက ပါဝင်ခြင်း ဖြစ်လေသည်။

## သီပေါမင်းတရား၏
## သုဓမ္မာဝင် ၁၂ ပါး ခန့်အပ်ကြောင်း အမိန့်တော်

သာသနာပြု ဖြစ်သော မင်းကောင်း မင်းမြတ်တို့ မည်သည် ပရိယတ္တိ သာသနာတော်, ပဋိပတ္တိ သာသနာတော်, ပဋိဝေဓ သာသနာတော် ဟူသော သာသနာတော်မြတ် သုံးပါး စည်ပင် ပြန့်ပွား ဖြစ်ထွန်းစေခြင်းငှာ ပိဋကတ်သုံးပုံကို ချောက်ချားနိုင်သဖြင့် အကျင့် အာစာရ သီလဝိသုဒ္ဓိ ဂုဏ်ထူးရှိသော ပုဂ္ဂိုလ်မှန် ပုဂ္ဂိုလ်မြတ်တို့ကို ရွေးချယ်စိစစ်၍ သာသနာပြု အပ်မြဲ ဖြစ်သည်နှင့် အညီ ဓမ္မသတ်တော် ပဌမ သံဂါယနာတင် မင်းတရားကြီးဘုရား လက်ထက်တော်က ပရိယတ္တိ ပဋိ

---

၁။ တိလောကာလင်္ကာရ သာသနဓောတ မဟာဓမ္မ ရာဇာဓိရာဇဂုရု (အက္ခရဋီကာ နိဂုံး)


ပတ္တိ ဝိသာရဒ ဖြစ်သော တံဆိပ်တော်ရ ဆရာတော် ဆယ်ပါးကို ရွေးချယ်တော်မူ၍ သာသနာပြု သုဓမ္မာဝင် အပ်တော်မူသည်။

သာသနာရေး သာသနာမှု ဆိုသည့် အရာသည် လောကီ အကျိုး စီးပွားထက် မြင့်မြတ် ကဲလွန်သော မဂ်ဖိုလ် နိဗ္ဗာန်၏ အခြေ မူလ ဘူတ လောကုတ္တရာ အကျိုးစီးပွားနှင့် ဆိုင်သည့် အရာ ဖြစ်၍ သာသ နာရေး သာသနာမှု ဆုံးဖြတ် စီရင်ရန် ရှိသည်များကို တဦး တယောက် တည်း စီရင် ဆုံးဖြတ်သည်ထက် တိပိဋကဆောက လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်သော ထေရ်ကြီး ဝါကြီး ပုဂ္ဂိုလ်သူမြတ် အများ ညီညွတ်၍ တိုင်ပင် စီရင် ဆုံးဖြတ်ရလျှင် သာသနာတော်မြတ်၏ ဆူး ငြောင့်သဖွယ် ဖြစ်သော ဘေးရန် အပေါင်း ကင်းရှင်း ပပျောက်သ ဖြင့် အတိုင်းထက် အလွန် စီပင် ထွန်းလင်း ကုန်ရာသည်။

ငါအသျှင် ကေဆာဇ်မင်းမြတ်သည်လည်း သာသနာပြု မင်းကောင်း မင်းမြတ်တို့ ဖြည့်ကျင့် ရွက်ဆောင်မြဲ ရာဇပြကတေ ဓလေ့ထုံးစံနှင့် ညီစွာ သာသနာတော်မြတ် သုံးပါး ပြန့်ပွား စီပင်ကြောင်းများကို အထူးသဖြင့် ရွက်ဆောင်တော်မူလိုသော မနောပဏိဓိ ရှိတော်မူသည် နှင့် အညီ ခမည်းတော် ပဥ္စမ သံဂါယနာတင် မင်းတရားကြီးဘုရား ရွေးချယ် ခန့်အပ်တော်မူသော —

၁ - မဟာဝိသုတာရာမ ဆရာတော်
၂ - မဏ္ဍလာရာမ ဆရာတော်
၃ - မင်္ဂလာရာမ ဆရာတော်
၄ - စံကျောင်း ဆရာတော်ကြီး
၅ - မဟာခေမိကာရာမ ဆရာတော်
၆ - တောင်တော် ဆရာတော်
၇ - သက်ပန်း ဆရာတော်
၈ - လှထွေ ဆရာတော်
၉ - ပုခန်း ဆရာတော်
၁၀ - ဝိစိတ္တာရာမ ဆရာတော်
၁၁ - မဟာဝိဇိတာရာမ ဆရာတော်
၁၂ - မဟာဓမ္မဇောတိကာရာမ ဆရာတော် ၆ - ပါး

နှစ်ရပ် တံဆိပ်တော်ရ ဆရာတော် တကျိပ် နှစ်ပါးတို့ကို သာသ နာပြု သုဓမ္မာဝင် အပ်တော်မူသည်၊ ရွှေပြည်တော်မှ စ၍ နိုင်ငံ တော် အတွင်း သီတင်းသုံးနေသည့် ရဟန်း သံဃာတော်တို့တွင် ဓမ္မကံကြောင်း အလျောက် ဆုံးဖြတ် စီရင်ရန် ရှိသည်များကို သာသ



ပဉ္စမ ထွဋ်ခေါင်ဆရာတော်

အရှင်ဉာဏဝံသ မဟာထေရ်

ရုပ်တုတော်

နာပြု သုဓမ္မာ၀င် ဆရာတော် တကျိပ် နှစ်ပါးတို့က ဆုံးဖြတ် စီရင်မြဲ ဆုံးဖြတ် စီရင်စေ၊ ဘ၀ရှင်မင်းတရားကြီး အမိန့်တော် ရှိသည်၊ အမိန့်တော် ပြန်တမ်းကိုလည်း ထုံးစံရှိရာ သုဓမ္မာတွင် နာခံတော်နေမျိုးမင်းထင် ကျော်ခေါင် ပြန်ဆိုစေသည်။[၁]

## ပျံလွန်တော်မူခြင်း

ဖော်ပြပါ ရာဇာဓိရာဇဂုရု[၁] ဘွဲ့တံဆိပ်တော်ရ, သာသနာပြု သုဓမ္မာ၀င်, ၀ိစိတ္တာရာမဆရာတော်ဘုရားကြီး အရှင်တိလောကသည် သက္ကရာဇ် ၁၂၄၄ ခုနှစ် ပတ်၀န်းကျင်လောက်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဘဒ္ဒန္တတိလောကော ထေရော၊ လောကဂ္ဂသာသနေ ရတော။
ကိစ္စေနေကေ ကရိတ္ဝာန၊ ပယာတော မစ္စုနော ၀သံ။

——

# နဝမပိုင်း

## ပဌမထွတ်ခေါင်ဆရာတော်

### အရှင်ဉာဏ၀ံသ မဟာထေရ်

ပဌမ ထွတ်ခေါင် ဆရာတော်ဘုရားကြီး အရှင်ဉာဏ၀ံသသည် လွန်စွာ ထူးခြားသည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်၊ အရိယာပုဂ္ဂိုလ်ဟုပင် တချို့က ပြောဆိုကြကုန်၏။

## ဖွားမြင်တော်မူခြင်း

ဟသ်ာတခရိုင် လေးမျက်နှာမြို့ အနီး မြင်းကုန်းရွာ၌ အဖ ဦးလူကြီး အမိ ဒေါ်မေတို့မှ သက္ကရာဇ် ၁၁၆၀ - ပြည့်နှစ် တပေါင်းလဆန်း ၁၅ - ရက် အင်္ဂါနေ့ နေတက် အချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်နာမည် မောင်စို ဖြစ်လေသည်။[၂]

---

၁။ ကုန်းဘောင်ဆက်၊ ၃ – ၃၇၉၊ ၄၉၀။ ။ရတနာသီခ ဒုတိယ ရာဇ၀င်တော်ကြီး၊ ၆ – ၁၂၃ - လည်း ကြည့်။

၂။ 'စိတ်ပုတီးရယ် နှင့် - ရိပ် မှိုးတဲ့ ထွတ်ခေါင်၊ ဦးရွှေစို သီလချောင်ရယ်နဲ့ တောခိုသည့်ချောင်' ဟူရာ၌ ဦးရွှေညိုဟု ရှိတတ်သည်၊ ဦးရွှေစို အမှန်ဖြစ်၏။

## ရှင်သာမဏေ ပြုခြင်း

၁၁၇၃-ခုနှစ် ပေါင်စို အသက် ၁၃-နှစ် အရွယ်တွင် အင်းဝမြို့ မန်ကျည်းတော ကျောင်းတိုက်မှ လေးမျက်နှာမြို့နယ် ငါးတရော် ကျဲခေါင်း ကျောင်းတိုက်၌ ခေတ္တ ရောက်ရှိ သီတင်းသုံးတော်မူသော 'သီရိဂုဏာဘိ လင်္ကာရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ မန်ကျည်းတော ဆရာ တော်ဘုရားကြီး ဦးသာသနဓဇာတထံ မယ်တော် ဒေါ်မေ နှင့် အမတော် ဒေါ်ငွေတို့က သာမဏေ အဖြစ် သွတ်သွင်း အပ်နှင်းကြကုန်၏၊[၁] မန်ကျည်း တောဆရာတော်က ရှင်ဉာဏဝန္တဓဇ ဟု အမည် မှည့်ခေါ်တော်မူလေသည်။[၂]

တေရသဝဿကာလေ သော၊ ပဗ္ဗဇ္ဇာ သာမဏေရတံ ဝရံ။
ဉာဏဝံသောတိ နာမမ္ပိ၊ နာမဒါနေ အဒါ ဝိဒူ။

## ပညာသင် - မိဖုရားကြီးက ချီးမြှောက်ခြင်း

မန်ကျည်းတော ဆရာတော်ဘုရားကြီး အင်းဝသို့ ပြန်ကြွသော အခါ ရှင်ဉာဏဝံသသည် လိုက်ပါ၍ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူသော မန်ကျည်း တောဆရာတော်ထံ သာမဏေ သိက္ခာကျမ်းများနှင့် တကွ ပိဋကတ်အခြေပြု ကျမ်းစာများနှင့် ပိဋကတ်ကျမ်းစာတို့ကို သင်ယူခဲ့လေရာ သင်ရိုးပေါက်ရောက် ကျွမ်းကျင် တတ်မြောက်တော်မူခဲ့လေသည်၊ ထွတ်ခေါင်ဆရာတော် လောင်း လျာ သာမဏေ ရှင်ဉာဏဝံသသည် သွားပုံ လာပုံ ဝတ်ပုံ စားပုံမှ စ၍ အချိုးကျ အဆင်ပြေ အသရေရှိ ကြည်ညိုဖွယ်ဂုဏ် အရပ်ရပ်တို့ဖြင့် ကုံလုံ သဖြင့် သီရိပဝရ တိလောက မဟာရာဇိန္ဒာ ရတနာဒေဝီက များစွာ ကြည်ညို လေးမြတ်သဖြင့် ပစ္စည်းလေးပါး ဆက်ကပ် လှူဒါန်း ထောက်ပံ့ လှူဒါန်း ခဲ့လေသည်။[၃]

သာမဏေရော သမာနေ၁၀၊ နေကာဂန္ဓေ သမုဂ္ဂဏှိ။
တိလောကဒေဝီသုဒေဝီ၊ ပဂ္ဂဟိ ပစ္စယေဟိပိ။

## ပဥ္စမကျော်အောင် - ရဟန်းဖြစ်

ထွတ်ခေါင်ဆရာတော် လောင်းလျာ ရှင်ဉာဏဝံသသည် သုဓမ္မာစာတော်ပွဲ တွင် ဝင်ရောက် ဖြေဆိုရာ ပဥ္စမကျော် အောင်ပန်းကို ဆွတ်လှမ်း ခဲ့လေသည်၊

၁၊ ဖခင်ကြီး ဦးလူကြီးမှာ ဆရာတော်လောင်းလျာ သာမဏေမဝတ်ခင် ကွယ် လွန်ခဲ့လေသည်။

၂။ ဉာဏဝန္တဓဇောတ္တတိ - တေန ထေရေန လိခိတံ။
သပ္ပုရိသေဟိ ထောမိတံ၊ မြမ္မရဋ္ဌေသု ကေတုနာ။ (ရာဇပါမောဇ္ဇဒီပနီနိသျ)

၃။ ထိုစဉ်က မိဖုရားကြီးမှာ အိမ်ရှေ့မိဖုရား မျှသာ ဖြစ်သေးသည်။

ထိုအချိန်တွင် မိခင်ကြီး ဒေါ်မေလည်း ကွယ်လွန်ပြီး ဖြစ်လေသည်၊ သက်တော် ၂၁-နှစ် ရောက်ရှိရာ ၁၁၈၁ ခုနှစ်တွင် သီရိပဝရ တိလောက မဟာ ရာဇိန္ဒာ ရတနာဒေဝီ၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝ ဒုလ္လဘကို ရရှိတော် မူခဲ့လေသည်။

ပဌမကျော်တိ ထုတာဝှ—ဥပါဒိံ ပိ စ သော လဘိ။
ပဋိစ္စ ဒေဝီနုဂ္ဂဟံ၊ ဥပသမ္ပဒမလဘိ။

## ၈-၀ါ ပတ်လုံး ဆက်လက် ပညာသင်

ရဟန်းဖြစ်ပြီးနောက် ၈-ဝါ ပြည့်မြောက်သည် တိုင်အောင် မန်ကျည်း တော ဆရာတော်ဘုရားကြီးထံ၌ ပိဋကတ်သုံးဖြာ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းတို့ကို တဖက်ကမ်းခတ် တတ်မြောက်အောင် သင်ယူခဲ့လေ၏၊ ပိဋကတ် ကျမ်းဂန် အရပ်ရပ်တို့၌ တတ်မြောက် ကျွမ်းကျင်သူ၏ အဖြစ်သို့ ရောက် လေတော့သည်။

ဥပဇ္ဈာယန္တိကေယေဝ၊ တိပေဋကံ သုဂဏှိရံ။
ဥပသမ္ပဒမာဂမ္မ၊ အဋ္ဌဝဿာနိ ဥဂ္ဂဟံ။

## တောထွက် တရားကျင့်

သက္ကရာဇ် ၁၁၈၈-ခုနှစ်တွင် ‘စည်းခုံစကြို မင်းဝံတောင်ညို နဂိုရ်တောက် ဆိုင်း နောက်မှိုခိုင်း၏’ စသည်ဖြင့် ထင်ရှားလှသော မင်းဝံတောင်၏ အနောက် တောင်ခြေရှိ စည်းခုံ စေတီတော်ကြီး အနီးသို့ ကြွရောက် တောခို တရား ကျင့်တော်မူခဲ့လေသည်၊ မကြာမီ မင်းဝံတောင်ရိုးပေါ်ရှိ ရတနာထွတ်ခေါင် စေတီ အနီးသို့ ကြွရောက် ပြောင်းရွှေ့တော်မူကာ သီတင်း သုံးတော်မူခဲ့ လေသည်၊ ထိုအချိန်မှ စ၍ ယခုတိုင် ထွတ်ခေါင်ဆရာတော်ဟု ထင်ရှား လေသည်။

ထွတ်ခေါင်ဝှစေတီယာသန္နေ၊ ထေရဿ ဝသနံ ဘဝိ။
တေန ထွတ်ခေါင်ဆရာတော်တိ၊ အဇ္ဇနာပိ ပဝတ္တတိ။

## အခြား တောရချောင်များ၌ သီတင်းသုံးခြင်း

ထွတ်ခေါင်တောရမှ မြန်မာ နှစ်တိုင်ခန့် ကွာလှမ်းလှသော မြင်းမွေး တောရကျောင်း, လက်လုပ် တောရကျောင်း, ပေါက်တောကန် တောရ ကျောင်း, ပဲကတိုင်းတောရကျောင်းတို့၌လည်း သီတင်းသုံး တရား ကျင့်တော် မူကာ ဘုရားမြတ်စွာ၏ ရွှေစိတ်တော်ကို နှစ်သိမ့် စေတော်မူခဲ့လေသည်။

အာရညကဝိဟာရေသု၊ သီလေသု သညတော သုစိ။
ဝသံ ပမာနံ ကတွာန၊ လောကဂ္ဂမတိတောသယိ။

## အံ့ဩဖွယ် အဖြစ်အပျက်များ

### ဆင်များ ရှောင်သွားကြ - ဦးနှိမ်ကြခြင်း

တခါက ထွတ်ခေါင်ဆရာတော်ဘုရားကြီး တောကျောင်းမှ ဂေါစရဂါမ် ရွာသို့ ဆွမ်းခံ အကြွတွင် လမ်းခရီး အကြား၌ ဆင်တအုပ်နှင့် ခရီးရင်ဆိုင် တွေ့လေ၏၊ ထိုအခါ ဆရာတော်က လက်ဝါးကို ဖြန့်တော်မူကာ မေတ္တာ ဘာဝနာကို ပွားများလျက် ' ငါက မင်းတို့ကို မညှဉ်းဆဲ - မင်းတို့ကလဲ ငါ့ကို မညှဉ်းဆဲကြကုန်လင့် ' ဟု မိန့်ကြားတော်မူ၏၊ ထိုအခါ တချို့ ဆင်တို့သည် တိမ်းရှောင် ဖဲသွားကြကုန်၏၊ တချို့ ဆင်တို့သည် ဝပ်တွား ဦးနှိမ်ကြ ကုန်၏။

ထေရဿ မေတ္တာတေဇေန၊ ဝါရဏာပိ အဟေဌိသုံ။
နမိတွာ ကေစိ အဂမုံ၊ အစ္ဆရိယာနိ အဘဝုံ။

### သေနတ်ပစ်လို့ မရ

တခါတွင် ပေါကန်တောရကျောင်း၌ သီတင်းသုံးတော်မူခိုက် တောခြုံ ပုပ္ပောင်း ထူထပ်ရာသို့ ကြွ၍ နေသန့်တော်မူစဉ် ဖိုးတက်ခါ၊ အမည်ရှိသော မုဆိုးသည် ထွတ်ခေါင်ဆရာတော်ကို ဝေသာသတ္တဝါ အမှတ်ဖြင့် သေနတ်ဖြင့် ပစ်မည် ပြု၍ မူးမေ့သွားလေ၏၊ နောက်တွင် ဖိုးတက်ခါးသည် ဆရာတော် ထံ၌ ရဟန်းပြုလေသည်။

ဝိသညီ လုဒ္ဒကော ဧကော၊ ဒဟနာယုဓေန[၁] ဃဋ္ဋယိ။
တထာပိ အသက္ကောန္တော၊ ပပတီ ဇလတိတလေ။

### တစ္ဆေ မြေဘုတ်တို့ တရားနာကြ - ရှိခိုး ဦးချကြ

တချိန်ကလည်း ကောင်းမှုတော် စေတီကြီး မြောက်ဖက် တောကျောင်း၌ သီတင်းသုံးစဉ် သုဿာန်စုတင် ဆောက်တည်၍ နေရာ အနံ့မကောင်းသည့် တစ္ဆေ မြေဘုတ်တို့ကို တွေ့မြင်တော်မူ၏၊ တချို့ တစ္ဆေ မြေဘုတ်တို့သည် ဆရာတော်အား ရှိခိုး ဦးတင်ကြကုန်၏၊ တချို့တို့ကမူ ကြောပေး၍ နေကြ ကုန်၏။

---

၁။ သေနတ်ကို ပါဠိ စီလျှင် အဂ္ဂိယန္တ, ဒဟနာယုဓ - ဟု စီရ၏၊ အင်္ဂလိပ် Gun - သီဟိုဠ် တုဝက်ကုဝ ဖြစ်၏။

ကေဒါ သောသာနိကင်္ဂ၊ သမာဒါယ ဝသီ သုဓီ။
တဒါ အမာနုသာ ကေစိ၊ ဝန္ဒန္တိ နိုသီဒန္တိ စ။

**မင်းတုန်း မင်းသား - ကနောင် မင်းသားတို့နှင့် တွေ့ဆုံ**

ရဟန်း သိက္ခာ - ၂၇ - ဝါ ရရှိရာ ၁၂၀၈ - ခုနှစ်က ပုဂံမင်း၏ညီ မင်းတုန်းမြို့စား မင်းသား, ကနောင်မြို့စား မင်းသားတို့နှင့် တွေ့ရှိလေသည်၊ တောခြုံပုပ္ပောင်း ထူထပ်သော ဆင်မချောင်၌ နောင်တော်က ဘုံသုံးဆင့်ရှိ ကျောင်းကို လှူဒါန်းလေသည်၊ ညီတော်က စကြံကျောင်းကို ဆောက်လုပ် လှူဒါန်းလေသည်၊ ယင်းဆင်မချောင်သည် နောက် ဓမ္မိက ချောင်ဟု တွင်လေသည်။

**တံဆိပ် အလှူမခံ - ရွှေမြင်တင်တောင် ကြွ**

မင်းတုန်းမြို့စား အထွတ်အမြတ်သို့ ရောက်၍ မင်းတုန်း မင်းတရား ဖြစ်သောအခါ ဘွဲ့တံဆိပ် လှူလေသော် အလှူခံတော်မမူပါချေ၊ ဆရာတော်၏ ဂုဏ်သတင်းကြောင့် ဓမ္မိကချောင်၌ ဝိပဿနာဓုရ ဝန်ဆောင် ရဟန်းတော်တို့ ၃၀၀ - ကျော်အထိ များပြား ရောက်ရှိ သီတင်းသုံးလာကြကုန်၏၊ သို့ဖြစ်၍ ဆရာတော်သည် မင်းကွန်း ရွှေမြင်တင်တောင်သို့ ကြွရောက် သီတင်းသုံးတော်မူသည်ဟု သိရလေသည်။

**ဓမ္မိကချောင် သီတင်းသုံး ကျမ်းပြု**

နောက်တွင် ပဋ္ဌမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးက 'အရွယ်တော် ရင့်ပြီ ဖြစ်သဖြင့် ဓမ္မိကချောင် ပြန်ကြွ သီတင်းသုံးပါရန်' လျှောက်ထား တောင်းပန်သဖြင့် ဓမ္မိကချောင်သို့ ပြန်လည် သီတင်းသုံးတော်မူလေသည်၊ ကျမ်းဂန် များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့မှာ—

၁ - ရာဇ ပါမောက္ခ ဒီပနီကျမ်း
၂ - ဓမ္မ ပါမောက္ခ ဒီပနီကျမ်း
၃ - ပကိဏ္ဏက ပါမောက္ခ ဒီပနီကျမ်း
၄ - ဓမ္မသာရ ပါမောက္ခ ဒီပနီကျမ်း
၅ - ပီတိ ပေါမောက္ခ ဒီပနီကျမ်း
၆ - သံဝေဂ ပါမောက္ခ ဒီပနီကျမ်း
၇ - အဇ္ဈာသယ ပါမောက္ခ ဒီပနီကျမ်း
၈ - သမန္တ ပါမောက္ခ ဒီပနီကျမ်း
၉ - သာဓုဇန ပါမောက္ခ ဒီပနီကျမ်း

၁၀ - သုတေသန ပါမောဇ္ဇ ဒီပနီကျမ်း
၁၁ - ကမ္မဋ္ဌာန်း သံပေါက်ကဗျာများ - စသည်တို့ ဖြစ်ကုန်၏။[၁]

## ရာဇ ပါမောဇ္ဇ ဒီပနီကျမ်း

ဖော်ပြပါ ကျမ်းများ အနက် ရာဇပါမောဇ္ဇဒီပနီကျမ်းကြီးမှာ ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်ရိုက် ဒီမိုင်းဆိုက် ၁၈၁ - မျက်နှာ ရှိလေသည်၊ မင်းတုန်းမင်းတရားကြီး လျှောက်ထား တောင်းပန်သဖြင့် ၁၂၂၀ - ခုနှစ် တပေါင်းလဆန်း ၈ - ရက်နေ့က ရေးသားတော်မူခဲ့ခြင်း ဖြစ်လေသည်၊ ကျမ်းဦး၌ —

ဝန္ဒိတွာ အသမံ နာထံ၊ ဓမ္မံ ဒုက္ခပနူဒနံ။
ဂဏဉ္စာပိ နိပ္ပာပကံ၊ ဂရုံ မေ သဒ္ဓမ္မဂါရဝံ။
ဝက္ခာမိ ရာဇပါမောဇ္ဇံ၊ ဓမ္မာမာနေပဟိ ဝဏ္ဏိတံ။
ဓမ္မာရာမော တယော ဓမ္မေ၊ ဗုဒ္ဓပုတ္တေန ယာစိတော။
ကုလပုတ္တော မဟာပညော၊ သာသနေ တိဗ္ဗဂါရဝေါ။

ဟူသော ၂ . ဂါထာခွဲဖြင့် ပဏာမဒီပဥ္စကကို ပြတော်မူခဲ့လေသည်။

ကျမ်းစာ နိဂုံး၌ —

သက္ကရာဇေစ ရက္ခိန္ဒေ၊ ဖဂ္ဂုနမာသ အဋ္ဌမေ။
ဇုဏှပက္ခေ ဣဒံ ဂန္ထံ၊ အနာယာသေန နိဋ္ဌိတံ။
သရီရဗဟုဓာတူနံ၊ လောကာလောကသုပူဇိတံ။
မုတ္တမဿမံ ပတိဋ္ဌာနံ၊ စေတိယံ ဟိ သဏ္ဌာပယံ။

စသော ၁၇ - ဂါထာတို့ဖြင့် နိဂုံး အုပ်တော်မူခဲ့သည်။

## ကမ္မဋ္ဌာန်း သံပေါက် ကဗျာများ

ကမ္မဋ္ဌာန်း သံပေါက် ကဗျာများမှာ ၁၀၁ - ပိုဒ် ရှိကုန်၏၊ လွန်စွာမှ ကောင်းမွန်၏၊ ထိမိ၏၊ ဗုဒ္ဓဘာသာဝင် သူတော်စဉ် တော်တော်များများတို့၏ နှလုံးဓာတ်တွင် ယင်းသံပေါက်များ ရောက်ရှိနေပေ၏၊ ဤ၌လည်း အောက်ပါအတိုင်း ဖော်ပြဦးအံ့။

## ထွတ်ခေါင် ကမ္မဋ္ဌာန်း သံပေါက်

၁ - သဗ္ဗေသတ္တာ၊ ဝေနေယျာ၊ သံသာ ရှည်လှပြီ။
၂ - အတည်ကျကျ၊ ဘယ်ဘဝ၊ ရကြ မရှိပြီ။

---

၁။ ပါမောဇ္ဇ ကျမ်းပေါင်း ၁၃ - ကျမ်း ရှိသည်ဟုလည်း အဆိုရှိသည်။

၃ - ရအံ့နိုးနိုး၊ လောဘမျိုး၊ အကျိုး ယုတ်လှပြီ။
၄ - သုံးပါးညီးညီး၊ လောင်မီးကျီး၊ ဖိစီးလှလေပြီ။
၅ - လောင်မှန်းမသိ၊ မောဟဖိ၊ မိမိ မိုက်လှပြီ။
၆ - ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုး နဲလှပြီ။
၇ - ကာမဂုဏ်မွဲ၊ သည်မိုက်မဲ၊ မခွဲနိုင်ကြပြီ။
၈ - မခွဲနိုင်ကြ၊ လူ့ဗာလ၊ မိုက်စ သိမ်းသင့်ပြီ။
၉ - ဂင်္ဂါသဲတူ၊ ပွင့်တော်မူ၊ ဆူဆူ များလှပြီ။
၁၀ - များအသင်္ချေ၊ ရှင်စောထွေ၊ ရှောင်သွေ့လွှဲခဲ့ပြီ။
၁၁ - တဆူ မသင့်၊ တဆူသင့်၊ ဖူးခွင့် တွေ့ထိုက်ပြီ။
၁၂ - မတော် မလျား၊ ကျင့်ဖောက်ပြား၊ မိုက်အားကြီးလှပြီ။
၁၃ - အလိုမလိုက်၊ သည်အမိုက်၊ ပယ်ထိုက်သင့်လှပြီ။
၁၄ - မပယ်မချိုး၊ ဆင်ကန်းတိုး၊ ဟုတ်နိုးဘင်လှပြီ။
၁၅ - ဟုတ်နိုးသမူ၊ ထင်တိုင်းပြု၊ ယခုတိုင်ခဲ့ပြီ။
၁၆ - တရားလက်လွှတ်၊ ငှက်တောင်ကျွတ်၊ ဝဋ်နှင့် မကင်းပြီ။
၁၇ - မနုဿတ္တ၊ ဒုလ္လဘ၊ မရ များလေပြီ၊
၁၈ - အရတော်စွ၊ သည်ဘဝ၊ လှလှ ကျင့်ထိုက်ပြီ။
၁၉ - ကြုံကြိုက်တော်စွာ၊ သာသနာ၊ ရှောင်ဝါ ထွန်းလှပြီ။
၂၀ - သတိရရ၊ မြတ်ပုည၊ ပြုကြကောင်းသင့်ပြီ။
၂၁ - တနေ့ တနေ့၊ နက်ဖြန်ရွှေ့၊ မမေ့ကောင်းသင့်ပြီ။
၂၂ - ငါ့ကိုယ် ငါ့သား၊ ငါ့မယား၊ ထင်မှားလှလေပြီ။
၂၃ - ထင်မှားတတ်စွာ၊ သက္ကာယာ၊ မိစ္ဆာ ကင်းသင့်ပြီ။
၂၄ - ငါးခု ခန္ဓာ၊ ရုပ်နာမ်မှာ၊ မှန်စွာ မှတ်သင့်ပြီ။
၂၅ - သမ္မသန၊ ဉာဏ်အစ၊ ထင်ကြသင့်လှပြီ။
၂၆ - နင်ဖြင့် နင့်ကိုယ်၊ ဆုံးမဆို၊ နင့်ကို အမှုသည်။
၂၇ - နှလုံးဖုံဖုံ၊ ထုံတုံတုံ၊ နင့်ပုံ ကြောင့်ကြမ်းသည်။
၂၈ - နင် နှင့် နင့်ကံ၊ စီရင်ဖန်၊ အမှန်ဖြစ်တော့သည်။
၂၉ - ယခု နင့်ကိုယ်၊ နင့် အလို၊ ဘယ်ကို ပြည့်စုံသည်။
၃၀ - နင့်ကိုယ် နင်နှစ်၊ နင့် အပြစ်၊ နင်ဖြစ် ခံရမည်။
၃၁ - နင့်ကိုယ် နင်အား၊ နင် မသနား၊ နင်မှားရှာတော့
သည်။
၃၂ - နင့် မဆုံးမ၊ နင့်တာပ၊ ဘယ်က ခံလိမ့်မည်။
၃၃ - ဒါန, သီလ၊ ဘာဝနာ၊ နင်သာ ပြုသင့်သည်။
၃၄ - ဇာတိ, ဇရာ၊ မရဏာ၊ မကြာ နင်တွေ့မည်။

၃၅ - မျက်တောင် တရှက်၊ လျှပ် တပြက်၊ နှင့်သက် သေလိမ့်မည်။

၃၆ - ဘယ်နှစ် ဘယ်လ၊ ရောက်ပါမှ၊ ကာလ မရွှေ့ပြီ။

၃၇ - ကြီး ငယ် မဟူ၊ ကိုယ့်ရှယ်တူ၊ ခုမှ သေလှပြီ။

၃၈ - အမှန်သေျိုး၊ ထိုလူချိုး၊ ကြောက်စိုးရွံ့သည့်ပြီ။

၃၉ - မသင့်ငါးနှလုံး၊ အတင်ရှုံး၊ ပျက်ပြုန်းလှလေပြီ။

၄၀ - ခန္ဓာကြွေလျော၊ ရှိပြန်သော၊ ပူဇော လေးငါလှပြီ။

၄၁ - သွားကျိုး ဆံဖြူ၊ ရှိပြန်မူ၊ ဘယ်သူ မကြောက်ပြီ။

၄၂ - ဤသည် မယား၊ ဤသည် သား၊ မီးပွားမှန်တော့သည်။

၄၃ - ခယ ဝယ၊ ဘိဇ္ဇန၊ ပျက်ကြလှလေပြီ။

၄၄ - အပ္ပိယေဟိ၊ ပိယေဟိ၊ ဒုက္ခိ ကြုံလေပြီ။

၄၅ - ဒုက္ခထွေထွေ၊ တပေပေ၊ ခံနေရလေပြီ။

၄၆ - နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင်၊ ရောက်အောင်ပြုသင့်ပြီ။

၄၇ - မပြုပါဘဲ၊ နှင် ရှောင်လွှဲ၊ နှင်ဘဲ မိုက်လှပြီ။

၄၈ - ယုတ္တိ ယုတ္တာ၊ နှင်ဆင်ကာ၊ နှင်သာ ဟန်များသည်။

၄၉ - ဘုရား သွားသွား၊ ကျောင်း သွားသွား၊ စိတ်ထားနှင်မကြည်။

၅၀ - ဒါန, သီလာ၊ နှင်ပြုကာ၊ စေတနာဇော မကြည်။

၅၁ - သို့စင်ပြုလို၊ နှင့် ကုသိုလ်၊ ဘယ်ကို ပေးလိမ့်မည်။

၅၂ - သောကုတ္တရာ၊ မိုက်ဩဇာ၊ နှင်သာ ဝေးလှသည်။

၅၃ - စိတ်ဇောသန့်သန့်၊ ကုသိုလ်မှန်၊ နှင်ကြံပြုရမည်။

၅၄ - သို့ပြုမှသာ၊ ပြည်ခမာ၊ နှင်သာ နီးရမည်။

၅၅ - ဤသို့စုံစေ့၊ ပြန်လှန်၍၊ စေ့စေ့နှလုံးတည်။

၅၆ - အနမတဂ္ဂ၊ သံသာရ၊ ကြာလှလေကုန်ပြီ။

၅၇ - ဂင်္ဂါဝါလု၊ ပမာပြု၊ သဲစုမကပြီ။

၅၈ - တအုာဇ်နောက်၊ တကောက်ကောက်၊ လိုက်ထောက်မသင့်ပြီ။

၅၉ - တဏှာ မြစ်မ၊ ပင်လယ်ဝ၊ နစ်ကြလေကုန်ပြီ။

၆၀ - တဏှာလည်းပွား၊ ဒုက္ခများ၊ သွား၍ မဆုံးပြီ။

၆၁ - တဏှာပို့တင်၊ ပါယ်လေးခွင်၊ လျင်စွာ ရောက်လေပြီ။

၆၂ - သေမင်းနိုင်ငံ၊ အဖန်ဖန်၊ လိုက်ပြန်ရလေပြီ။

၆၃ - ဝေဘူကောင်မျှ၊ ပမာပြ၊ အရိုး မကပြီ။

၆၄ - နှစ်တုံပေါ်တုံ၊ သုံးပါးဘုံ၊ ကြုံရလှလေပြီ။
၆၅ - ချမ်းသာ မငွေ့၊ ဆင်းရဲတွေ့၊ ငြီးငွေ့သင့်လှပြီ။
၆၆ - အဝိဇ္ဇန္ဓ၊ သည်မောဟ၊ ညှဉ်းဆဲလှလေပြီ။
၆၇ - နီဝရဏ၊ ဆည်းတားကြ၊ လမ်းစ မဆုံးပြီ။
၆၈ - ဂတိ ငါးပါး၊ ဆုံလည်နွား၊ သွား၍ မဆုံးပြီ။
၆၉ - ဘဝတိုင်း သေ၊ သင်္ချိုင်းမြေ၊ ပွားစေလှလေပြီ။
၇၀ - လမ်းကောက်လည်သွား၊ လူအများ၊ အမှားကိုက်ခဲ့ပြီ။
၇၁ - လမ်းကြောင်း မမှန်၊ မြိုက်နိဗ္ဗာန်၊ ကေန် လွဲခဲ့ပြီ။
၇၂ - ဘဝမဆုံး၊ ဒုက္ခတုံး၊ လုံးလုံး ခံရပြီ။
၇၃ - လောကစကြ္ာ၊ သဗ္ဗညု၊ ယခု ရှိရက်မင်း။
၇၄ - ဘုရား ဖြစ်ခါ၊ သာသနာ၊ ရောင်ဝါ တဝင်းဝင်း။
၇၅ - မနုဿတ္တ၊ ဒုလ္လဘ၊ ရအောင် ခဲကြမင်း။
၇၆ - ဖြဟ္မာ့ပြည်က၊ အပ်ကို ချ၊ မြေက အပ်တစင်း။
၇၇ - အပ်သွားချင်းသာ၊ ထိဘွယ်ရာ၊ ပမာ မှတ်ကြမင်း။
၇၈ - နိယျာနိက၊ မြတ်ဓမ္မ၊ ကြားရခဲ့၍မင်း။
၇၉ - သဒ္ဓါဗလဝ၊ ဒုလ္လဘ၊ ရအောင် ခဲကြမင်း။
၈၀ - အရတော်ခိုက်၊ လူအသိုက်၊ ခဲလိုက်ကုန်လေမင်း။
၈၁ - ကိုယ်ဘို့မရ၊ သည်နေ့ငတ၊ ဖြစ်တတ်ကြ၍မင်း။
၈၂ - ဤသို့ဘဝ၊ ဖြစ်သမျှ၊ ရမည်ခဲ၍မင်း။
၈၃ - ထူးမြတ်စွာလှ၊ လူ့ဘဝ၊ နှမြောကြကုန်မင်း။
၈၄ - မြတ်သည်ကိုမှ၊ မသိကြ၊ ဗာလ နှလုံးသွင်း။
၈၅ - ဗာလဖြစ်က၊ လူ့ပါပ၊ ကြာကြကုန်ပြီမင်း။
၈၆ - လူဖြစ်ကျိုးမှ၊ မခံရ၊ ရှုံးကြလေ၍မင်း။
၈၇ - ဘဝတိုင်းရှုံး၊ လူ့ကျောက်တုံး၊ စုံးစုံးမြုပ်၍မင်း။
၈၈ - စုံးစုံးမြုပ်ခါ၊ မပေါ်လာ၊ ကြမ္မာ မှောက်၍မင်း။
၈၉ - နိဗ္ဗာန်လမ်းစ၊ ဤသို့ပြ၊ မှတ်ကြ နှလုံးသွင်း။
၉၀ - ကလျာဏမိတ္တ၊ ပဏ္ဍိတ၊ ပေါင်းဖော်ရ၍မင်း။
၉၁ - ထိုကလျာဏ၊ ဆိုဆုံးမ၊ လိုက်နာရ၍မင်း။
၉၂ - ယောနိသောမန — သိကာရ၊ နေ့ ည နှလုံးသွင်း။
၉၃ - သီလ, ဓုတင်၊ ဆောက်တည်လျှင်၊ သည်တွင် အစမင်း။
၉၄ - အလောဘ, အဒေါသ, အမောဟ, နိက္ခမ, ဝိဝေက,
နိဿရဏ, ဤခြောက်ဝကို၊ အလိုရှိကြမင်း။
၉၅ - ရွှေပြည်သနစ်၊ သာသည့်ခေတ်၊ စိစစ်ကြကုန်မင်း။
၉၆ - ရွှေပြည်ချမ်းသာ၊ စံချင်ရှာ၊ ဆိတ်ငြိမ်ရာသို့ချင်း။

၉၇ - အနိစ္စကောင်၊ ဒုက္ခကောင်၊ အနတ္တကောင်၊ အသုဘကောင်၊ ထင်အောင် နှလုံးသွင်း။

၉၈ - အနိစ္စတုံး၊ ဒုက္ခတုံး၊ အနတ္တတုံး၊ အသုဘတုံး၊ လုံးလုံးမှတ်ကြမင်း။

၉၉ - ဤသို့ထင်မှ၊ မဂ်လမ်းစ၊ ရမည် မှန်စင်းစင်း။

၁၀၀ - မဂ္ဂင်ဖောင်ကြီး၊ တက်၍စီးမှ၊ ပြည်ကြီးအမတ၊ နိဗ္ဗာန၊ ရမည်မှတ်ကြမင်း။

၁၀၁ - ယခုဘဝ၊ မသိကြ၊ အမတ မည်ခေါ်၊ ရွှေပြည်တော်၊ အစော်မနံလျှင်း။

ဖော်ပြပါ ကမ္မဋ္ဌာန်း သံပေါက်များကို အရ ဆောင်၍ သံပေါက်လာအတိုင်း ကျင့်ကြံကြကုန်ရာ၏။

## ရွံရှာမှုကို သည်းခံတော်မူနိုင်

ထွတ်ခေါင်ဆရာတော် မင်းကွန်း ရွှေမြင်တင်တောင်မှ ဓမ္မိကချောင်သို့ ပြန်ကြွ ဆိတင်းသုံးတော်မူသော အခါ ဇရာက မြင့်သဖြင့် အရှယ်တော် ရင့်လှလေပြီ၊ ဆရာတော်အား ဆွမ်းချက် ဝတ်ပြုနေသော သီလရှင် မယ်ဥတ္တရာ နှင့် အခြား သီလရှင်များ ရှိကုန်၏၊ နူနာရောဂါ စွဲသော ကပ္ပိယ ဦးသာဟန် ဆိုသူလည်း ရှိ၏၊ ဦးသာဟန်ကား လက်ချောင်းများပင် တိုနေသည်ဟု ဆို၏၊ ဦးသာဟန် စီမံသည့် စားဖွယ်များ, ဖျော်ရည်များကို မရွံမရှာ သုံးဆောင်တော်မူလေသည်၊ ၎င်းပြင် ကိုယ်မကောင်းသော သီလရှင် မကုလားမ စီမံသည့် ချက်ပြုတ်သည့် စားဖွယ်တို့ကိုလည်း သုံးဆောင်တော်မူ၏၊ ရွံရှာမှုကို သည်းခံနိုင်သည့် ပုဂ္ဂိုလ်မြတ်ပါပေတည်း။

## အရှင်မဟာကဿပနှင့် တူ

အရှင် မဟာ ကဿပထေရ် သည် ဆွမ်းသပိတ်ထဲ ပြုတ်ကျသော နူနာယောကျ်ား၏ သွေးပြည် တစိုစိုရွှဲသော လက်ကို ဆွမ်းနှင့် တပါတည်း ဘုဉ်းပေးတော်မူ၏၊ ရွံရှာမှု မရှိ၊ ထွတ်ခေါင်ဆရာတော်လည်း အရှင်မဟာ ကဿပနှင့် တူသည့် မထေရ်ပါပေတည်း၊ ကိလေသာကင်းစင် ရဟန္တာ အရှင်မြတ်များ ဖြစ်လေရော့သလား။

ထွတ်ခေါင်ဝှယော မဟာထေရော၊ ထေရိန္ဒော ကဿပေါ ယထာ။
ဇေဂုစ္ဆံ အဇနေတွာန၊ ပရိဘုဉ္ဇိ အနေကဓာ။

## ဒုက္ခိတပုဂ္ဂိုလ် များစွာတို့ကို ကယ်ဆယ်တော်မူခဲ့

ဆရာတော်ဘုရားကြီးသည် မင်းပြစ် သင့်ရောက်သော ပုဂ္ဂိုလ် များစွာတို့ကို လည်း မင်းပြစ်မှ လွတ်အောင် ကယ်ဆယ်တော် မူခဲ့လေသည်၊[၁] ဆရာတော်၏ လူလောက၌ ပေါ်ထွန်းခြင်းကား လောကသားတို့အား အကျိုးများမြတ်လှ ပါပေသည်၊ ယခုတိုင် အဆက်ဆက် အကျိုးပြုလျက် ရှိပါပေသတည်း။

## ပျံလွန်တော်မူခြင်း

ဖော်ပြပါ ဂုဏ်တော် အရပ်ရပ်တို့နှင့် ပြည့်စုံ ကိုလုံတော်မူသော ပဌမ ထွတ်ခေါင် ဆရာတော်ဘုရားကြီး ဦးဉာဏဝဏ္ဏဓဇသည် သက်တော် ၈၁-နှစ် ဝါတော် ၆၁-ဝါ ရရှိရာ ၁၂၄၂-ခု ပဌမ ဝါဆိုလဆန်း ၁-ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်၊ ပျံလွန်တော်မူရာ ကျောင်းလည်း မကြာမီ မီးလောင် သည်ဟု သိရ၏။

ဉာဏဝဏ္ဏဓဇော ထေရော၊ ထိရေသု သဏ္ဌိတော သုခီ။
သုခိသာသနံ ဇောတေတွာ၊ ပယာတော မစ္စုနော မုခံ။

---

# စစ်ကိုင်းရွှေယင်းမာဆရာတော်
# (ကြာနီကန်ဆရာတော်)

ရွှေယင်းမာဆရာတော်သည် ပဥ္စမသံဂါယနာတင် ဘဝရှင် မင်းတုန်းမင်း တရားခေတ်တွင် စစ်ကိုင်း၌ ထင်ရှားသည့်ဆရာတော် ဖြစ်လေသည်၊ ပရိယတ် လည်း ပြည့်စုံ·ပဋိပတ်လည်း ကိုလုံသည့် ဆရာတော် ဖြစ်တော်မူသည်၊ ရွှေ ယင်းမာ ဇာတိ ဖြစ်၍ ရွှေယင်းမာဆရာတော် ဟု တွင်သည်၊ မင်းဝံတောင် အနောက်ဖက် ကြာနီကန်တောရ၌ သီတင်းသုံးသဖြင့် ကြာနီကန်ဆရာတော် ဟုလည်း တွင်သည်။

ပဌမ ကြာနီကန်ကျောင်းကား သွေးကားလေးစင်းတပ် ငွေရည်သုတ် ကျောင်းကြီး ဖြစ်လေသည်၊ ပဥ္စမသံဂါယနာတင် မင်းတရားကြီးသည် လှေ့ ကား ၄-စင်း အနက် ၁-စင်းကို ချန်၍ ၃-စင်းကို ငွေသား ဒိုင်းကွက် များ ခင်းထားစေ၏။

ဆရာတော်သည် ဆွမ်းခံကြွတော်မူရန် သပိတ်လွယ်၍ ဆင်းမည် အပြုတွင် ငွေကွက်များကို မြင်တော်မူ၍ ငွေကွက်မရှိသော ကျန်လှေကားမှ ဆင်းတော်

---

၁။ ရွှေဟသ်ာချောင် ဆရာတော်ရေး 'ပဌမ ထွတ်ခေါင် ဆရာတော်ဘုရားကြီး အကြောင်း' ကြည့်။

မူ၍ ရွှေယင်းမာသို့ အရောက် ကြွတော်မူလေတော့၏၊ ဆရာတော်ကား လဇ္ဇီထေရ်မွန် စင်စစ် ဖြစ်တော်မူ၏၊ လဇ္ဇီပုဂ္ဂိုလ်တို့ စောင့်ရှောက်မှုဖြင့်သာ ဘုရားသာသနာ ကြာရှည် တည်ရှိနိုင်လေသည်။

ရွှေယင်းမာထေရသေဋ္ဌောပိ၊ လဇ္ဇီ ထိရေသု သဏ္ဌိတော။
ရဇ္ဇိံနံ ရက္ခရံ ပဋ္ဌိ—သာသနံ စိရကာလိကံ။

——

## စစ်ကိုင်း ဗောဓိမဏ္ဍိုင်ချောင် ဆရာတော်ဦးအို

ဗောဓိမဏ္ဍိုင်ချောင်၌ ဆရာတော် ဦးအိုဟု ရှိဘူးသည်၊ သက္ကရာဇ် ၁၂၆၀-ပတ်ဝန်းကျင်လောက် ဖြစ်ပါမည်၊ ခုတင်ဆောင် မထေရ်မြတ်ပါတည်း။

အသုဘကောင်မှ ရရှိသော ပံ့သုကူသင်္ကန်းမျိုးကိုသာ ကောက်ယူ ဝတ်ရုံတော်မူလေ့ ရှိ၏၊ ခုတင်တေရသ်ကို မပြတ် ဆောင်တော်မူ၏၊ သီလကို လွန်စွာ ချစ်ခင်၏၊ ဝါကြွားပလွှားမှု ကင်း၏၊ ကျောင်းပစ္စည်းကိုလည်း လွန်စွာ ရှိသေ လှ၏။

သိတင်းတော်ရန် မွေးပြန့်သဖြင့် ရဟန်းတပါး ရောက်လာပြီး 'တရားနည်း ခံယူ ဆည်းကပ်ပါလိုကြောင်း' လျှောက်ထားလျှင် 'ငါ့ရှင်-လူဆိုးတွေ နောက်က တကောက်ကောက် လိုက်နေ၍ အလွတ်အကျွတ် ပြေးနေရသော ငါသည် အဘယ်မှာလျှင် ရပ်နားပြီး သူတပါး ဘေးလွတ်ကြောင်း ဟောပြောဝံ့ပါအံ့နည်း' ပြန်ကြားတော်မူလိုက်လေ၏၊ ဆရာတော် ဦးအိုကား သံသရာကို ဘေး ဟူ၍-ကြောက်မက်ဖွယ် ဟူ၍-တကယ်ရှုမြင်နေသူ ပုဂ္ဂိုလ်မြတ်ပါတည်း။

ဗောဓိမဏ္ဍကန္ဒရမှိ၊ ဦးအိုတိ တပဿီ ဘဝိ။
သော နိစ္စံ ဘယတောဝေဝ၊ သံသာရံ ဣက္ခတိ သုဓီ။

——

## ဒသမပိုင်း

### 'ပဏ္ဍိတဝံသာဘိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု'
### ဗန်းမော်ဆရာတော်အရှင်ပဏ္ဍိတမဟာထေရ်

ဗန်းမော်ဆရာတော် စစ်ကိုင်းတောင်ရိုး ဗန်းမော်ချောင်၌ သက်ဆုံးတိုင် သီတင်းသုံးတော်မူ၍ သာသနာပြုတော်မူခဲ့သည်။

**ဖွားမြင် - ရှင် - ရဟန်းပြု - ပညာသင်ခြင်း**

ရွှေတောင်မြို့ ကွပ်ညှပ်စင်ရွာ၌ သက္ကရာဇ် ၁၁၆၈ - ခုနှစ်တွင် ဖွားမြင်တော်မူသည်၊ ငယ်မည် မောင်ဖြူဝင်း ဖြစ်လေသည်၊ အရွယ်ရောက်သော် ရှင်ရဟန်း ပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ရုပလက္ခဏာ, သဒ္ဒလက္ခဏာ လွန်စွာ ကောင်းမွန်သည် ဟု သိရ၏၊ ရုပ်လက္ခဏာကို ဖူးမြင်ရ• အသံကို ကြားရသူတိုင်း ဆရာတော်ကို ရိုသေ ကိုင်းရှိုင်းကြကုန်၏။

**ဗားကရာဆရာတော်ထံ ဆိုဝါဖြင့် ပညာသင်ကြားခဲ့**

ဝိနည်းအရာ ထူးခြားစွာ နိုင်နင်းတော်မူသော သာသနာပိုင် ဗားကရာ ဆရာတော်ထံ ကျမ်းဂန် အရပ်ရပ်ကို ဆိုဝါဖြင့် သင်ယူခဲ့ရုံမျှ မက ဗားကရာ ဆရာတော်၏ အမိန့်အရ ဝိနိစ္ဆယ အမျိုးမျိုးကိုလည်း ရေးသားတော်မူရသည်၊ သို့ဖြစ်၍ ဝိနိစ္ဆယ အရေးအသား လွန်စွာ နိုင်နင်းလေသည်။

**ဗန်းမော်ဆရာတော် ဟု တွင်ခြင်း**

ဘိုးတော်မင်းတရား၏ မိဖုရား ဝေသာလီမင်းသမီး ဗန်းမော်မြို့စား ဥပေါ တရာ ဆောက်လုပ် လှူဒါန်းသော ဗန်းမော်ကျောင်းတိုက်တွင် သီတင်းသုံးတော်မူသဖြင့် ဗန်းမော်ဆရာတော် ဟု တွင်သည်၊ မန္တလေး မြို့သစ် တည်သော အခါ မန္တလေးမြို့သို့ ကြွရောက် သီတင်းသုံးတော်မူသည်၊ 'မန္တလေးမြို့ သာသနာဝင်ကျမ်း - ဗန်းမော်သာသနာဝင်' ကြည့်ရှုရာ၌၊ မင်းတုန်းမင်းတရား လှူဒါန်းသည့် 'ပဏ္ဍိတဝံသာဘိဓဇ မဟာဓမ္မ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ကို လည်း အလှူခံ ရရှိတော်မူသည်။

**ကဗျာအရာ လွန်စွာ နိုင်နင်းခြင်း**

ဗန်းမော်ဆရာတော်သည် ကဗျာ အရေးအသား လွန်စွာ နိုင်နင်း၏၊ တခ်ဏာပ္ပဋိဘာဏ်သည်း ထူးချွန်၏၊ မထေရ်ဖြစ်စဉ် မဆိုထားဘိ **ဉာဏ်နုစဉ်**

လူငယ် လူရွယ် ဘဝကပင် နိုင်နင်းသည့်သာ၊ တခါက ဆရာတော်လောင်းလျာ သာမဏေသည် လူထွက်၍ အိမ်သို့ ပြန်ကာ သူငယ်ချင်းများနှင့် လည်ပတ်စဉ် ညောင်ပင်ကြီး တပင်အောက်၌ စုရုံး၍ နေသော မိန်းမများထဲတွင် မမင်းမှိန် ဆိုသူ မိန်းမ လေလည်လိုက်သည်ကို ကြားသဖြင့် ရုတ်တရက် –

ရွှေညောင်ပင် သာသည့်ကုန်း၊ စုရုံး၍ နေကြရာ၊
မမင်းမှိန် အချိုကြီးရယ် အီးညှစ်လို့ ပါ။ ။

ဟူ၍ စာချိုးလိုက်ရာ မမင်းမှိန်၏မောင် ငစွန်က ဒေါသထွက်၍ ဆဲလိုက်သဖြင့် –

မလိမ်မာ-ဗာလနာ မိုက်ခဲ။ ။သူ့အမ စအိုဘွန်လို့၊
မောင်ငစွန် မျက်မာန်ရှတယ်- ဒေါသနဲ့ ဆဲ။ ။

ဟူ၍ စပ်လိုက်ပြန်ရာ မောင်ငစွန် မည်သို့မျှ မတာနိုင်တော့ချေ၊ နောက်ထပ် ဒေါသထွက်လျှင် ဗန်းမော်ဆရာတော် လောင်းလျာ မောင်ဖြူဝင်းက ကဗျာစပ်ဦးမည်သာ၊ ယင်းသို့ ကဗျာနိုင်နင်းမှုကြောင့် နာမည်ကျော် စလေဦးပုညသည်ပင်လျှင် ဆရာတော်ထံ တပည့်ခံရသည်။

## လွှတ်တော် နှင့် သုဓမ္မာကို ဝေဖန်ရဲသော ဆရာတော်

ဗန်းမော် ဆရာတော်သည် လွှတ်တော် နှင့် သုဓမ္မာကိုလည်း မညှာမတာ ဝေဖန်တော်မူခဲ့လေသည်။

'ပခန်းမှာ လေ၊ လောင်းရှည်မှာ ခေား၊ ခန်းပတ်မှာ နား။
ရေနံ တတိုင်ချင်းရယ်နှင့် လင်းပါ့မလား။'

ဟု ကဗျာချိုး၍ လွှတ်တော်ကို ဝေဖန်ခဲ့၏။ ၁

'မောင်သက်ပန်းက တသန်းသန်း တဝေဝေ၊
မောင်လှထွေ့ စာပေက နတ္ထိ၊
မောင်စလင်းမှာတော့ ပြင်းလွန်းလို့ စာမကြည့်၊
မင်းနန်မှာ လူနှင့်နှောတယ်၊ သောသောညံ၏၊
မဏ္ဍလာ-မှုချင်းရာ မစုံခင်က ငေါက်ငမ်းပါဘိ။'

ဟူ၍ သုဓမ္မာ ဆရာတော်များကို မထောက်မညှာ ဝေဖန်ခဲ့သည်။ ၁

---

၁။ မန္တလေး သာသနာဝင်ကျမ်း - ဗန်းမော် သာသနာဝင် ကြည့်။

## စစ်ကိုင်းတောင်ရိုး၌ သီတင်းသုံးခြင်း

ဆရာတော်သည် ရှမ်းကလေးကျွန်း ဆရာတော် ရေးသားသည့် အမိန့်ပြန်တမ်းကို အကြီးအကျယ် ဆန့်ကျင်သဖြင့် မင်းတုန်းမင်းတရားက သုဓမ္မာ နှင့် နိုင်ငံတော်က လက်ခံပြီးသားကို ဆန့်ကျင်ရကောင်းလားဟု အမျက်တော်ရှိသဖြင့် ဗန်းမော်သို့ အပို့ခံရသည်၊ ကာလ အတန်ကြာမှ မိဖုရားခေါင်ကြီး လျှောက်ထားသဖြင့် ဆရာတော်ကို ဗန်းမော်မြို့မှ မန္တလေးမြို့သို့ သွားရောက်ပင့်ရသည်၊ သို့ရာတွင် မန္တလေးမြို့၌ မနေတော့ပဲ စစ်ကိုင်းတောင်ရိုး၌ သီတင်းသုံးတော်မူသည်၊ ဗန်းမော် ဆရာတော် သီတင်းသုံးရာ ချောင်ကား ယခုတိုင် ဗန်းမော်ချောင်ဟု ထင်ရှားလေသည်။

## ကျမ်းစာများ ပြုစုခြင်း

ဆရာတော်သည် ကျမ်းဂန်များ အဆုံးအဖြတ်များကိုလည်း ပြုစုတော်မူခဲ့သည်၊ ၎င်းတို့မှာ -

၁ - ကထိန ဝိသောဓနီကျမ်း
၂ - ဝိနယဓရ ဗဟုသုတ ဝိနိစ္ဆယကျမ်း
၃ - ဝိဝဋ္ဋဘေဒနီ ကျမ်း
၄ - သီမဘေဒ ဝိဘာဝိနီကျမ်း
၅ - အသုဘဒဿန ဝိနိစ္ဆယကျမ်း
၆ - ဥပုသ် အဆုံးအဖြတ်ကျမ်း

စသည်တို့ ဖြစ်ကုန်၏။

## ပျံလွန်တော်မူခြင်း

သက်တော် ၇၁ - ခုနှစ် ရှိရာ သက္ကရာဇ် ၁၂၃၉ - နှစ် ဝါဆိုလတွင် စစ်ကိုင်းတောင်ရိုး ခိုတောင်တောရ၌ ပျံလွန်တော်မူသည်။ [၁]

ဗန်းမော်မဟာစရိယော ဟိ၊ ကဝိသေဋ္ဌော ဝိညူ သုဓီ။
ကိစ္စံ ကတွာ သုမိန္ဒံ သော၊ ဂတော ဒေဝါနသန္တိကံ။

——

၁။ အကျယ် မန္တလေး သာသနာဝင်ကျမ်း - ဗန်းမော် သာသနာဝင် ကြည့်။

## 'ဓမ္မနီတိချိုး' ပြုစုသူ
## စစ်ကိုင်း စဥ့်ပါ ဆရာတော်

စဥ့်ပါဆရာတော်သည် စစ်ကိုင်းမြို့ မန်ကျည်းစပ်ရွာ၌ ဖွားမြင်ခဲ့သည်ဟု သိရ၏၊[၁] အရွယ်ရောက်သော် ရှင် ရဟန်း ပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေ၏၊ စစ်ကိုင်းမြို့ စဥ့်ပါတောရကျောင်းတိုက်တွင် သီတင်းသုံးတော်မူသည်ကို စွဲ၍ စဥ့်ပါဆရာတော်ဟု တွင်လေသည်၊ သက္ကရာဇ် ၁၁၈၀-ခုနှစ်လောက်တွင် ထင်ရှားခဲ့လေသည်။

### ကျမ်းဂန် ပြုစုခြင်း

ကျမ်းဂန် စာပေများကို ပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့မှာ —

၁ - ဓမ္မနီတိချိုး
၂ - ရတု ရကန်များ
၃ - မေတ္တာစာများ - စသည်တို့ ဖြစ်ကုန်၏။

### ဓမ္မနီတိချိုး

ဖော်ပြပါ စာပေများ အနက် ဓမ္မနီတိချိုးမှာလည်း စိတ်ဝင်စားစရာ ကောင်းလှ၏၊ လေးချိုး, ဒွေးချိုး, တြိချိုး ပုဒ်ပေါင်း ၂၆၉ - ပုဒ်တို့ဖြင့် တန်ဆာဆင် ရေးသားခဲ့၏၊ အချိုးရေးရာ၌ နိုင်နင်းပုံမှာ အံ့ဖွယ်ရာသာတည်း၊ ပဌမဆုံး အာစရိယကထာ နံပါတ် ၁- အချိုးမှာ —

စက္ကိန္ဒ်တဲ့ ဒေဝိန်၊ ဗြဟိန္ဒ မဟိန္ဒ — ကြီးလှ ဂုဏ်သိရ်။ ။ တောက်
ထွန်းထိန် မုနိန္ဒသနင်း။ ။ဉာဏ်ကြီး ဗိုလ်ပါနှင့်၊ လိုရာအောင် လွယ်ဆု၊
ပေးခု ချက်ချင်း။ ။

ဖြစ်၏၊ နိဂုံးအချိုးများ အနက် နောက်ဆုံး အချိုးမှာ —

တိမ်ဘုံမှာ လေကိုကြော၊ သိန္ဓောငယ် မြင်းလျှော်။ ။ နဝရတ်ကယ်
မိန်ရောင်နှင့် — စိန်ကတောင် လျှံခြည်မြူး၊ ထူးတဲ့ဂုဏ်အင်။ ။
လဝိုက်ကယ် တောင်သူနှင်က၊ ကျိုးထင်လှဘဲ။ ။

ဖြစ်လေသည်၊ ယင်းသို့ ကဗျာရေးသားမှု၌ နိုင်နင်း ကျွမ်းကျင်လှသော်လည်း သေမင်းကို လှည့်ပတ်မှု၌ မကျွမ်းကျင်သဖြင့် လွန်တော်မူခဲ့ရလေသည်။

---

၁။ မင်းလှသီရိသီဟသူ၏ ဆရာတော်များ စာရင်း၌ သက္ကရာဇ် ၁၀၀၆ - ခု စဥ့်ပါရွာ၌ ဖွားမြင်၏၊ လူမည် ဦးချောဘုံ ဖြစ်၏၊ ရတနာပူရ စတုတ္ထ မြို့နန်းတည် မင်းတရား လက်ထက် ဗန်းမော် အတွင်းဝန်ဟောင်း ဦးရွှန်း ဆောက်လုပ် လှူဒါန်းသည့် လေးထပ်ကျောင်း၌ သီတင်းသုံးကြောင်း ဆိုထားလေသည်။

စဥ္စပါမဟာစရိယော ဟိ၊ ကာဗျသတ္တေသု ကောဝိဒေါ။
ဗန္ဒိတွာန ဗဟဝေါ ဗန္ဒေ၊ မစ္စုရာဇဝသံ ဂတော။

---

## 'ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော် သုံးထပ်ရ
## စလင်းဆရာတော် အရှင်ကေတု

ဆရာတော်သည် ရာဇဂုရု, ရာဇာဓိရာဇဂုရု, အဘိဓဇ အတုလဓိပတိ ဘွဲ့တံဆိပ်တော် ၃ ထပ်ရ ဆရာတော် အဖြစ်ဖြင့်လည်းကောင်း သုဓမ္မာဝင် ဆရာတော် အဖြစ်ဖြင့်လည်းကောင်း စလင်းတိုက် ၂-တိုက်၏ အဓိပတိ မဟာနာယက အဖြစ်ဖြင့်လည်းကောင်း သာသနာဘွင် ထင်ရှားခဲ့လေသည်။

### ဖွားမြင်တော်မူခြင်း

မြန်မာမင်းတို့ လက်ထက် မြို့သာနယ် စစ်ကိုင်းခရိုင် ငါန်းဇွန်နယ် ကောင်းဇင်ရွာ၌ အဖ ဦးရွှေလန်း အမိ ဒေါ်ဝင်းဥတို့မှ သက္ကရာဇ် ၁၁၉၀-ပြည့်နှစ် ဝါဆိုလဆန်း ၁၃-ရက် တနင်းလာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်နာမည် မောင်ကျယ် ဖြစ်လေသည်၊ ရုပ်ဆင်း အင်္ဂါ ကောင်းမွန်သည် ဟု သိရ၏။

### ပညာသင် - ရှင်သာမဏေ ဝတ်

ကျောင်းသားအရွယ် ရွာရှေ့ကျောင်း ဂိုဏ်းထောက်ဘုန်းတော်ကြီး ဦးဂုဏထံတွင် နေထိုင် ပညာသင်ကြားခဲ့သည်၊ ၁၃-နှစ်သား အရွယ်တွင် ဦးဂုဏထံတွင် ရှင်သာမဏေ ဝတ်ခဲ့လေသည်၊ သာမဏေဘွဲ့ ရှင်ကေတု ဖြစ်လေသည်၊ ဦးဂုဏထံတွင် သဒ္ဒါ, သင်္ဂြိုဟ်, ဆန်း, အဘိဓာန်, အလင်္ကာ, ဋီကာကျော်, ကစ္စါဝိတရဏီအဋ္ဌကထာ, မာတိကာ, ဓာတုကထာ, အဘိဓမ္မာ ညဝါများကို သင်ယူတော်မူခဲ့လေသည်။

### အမရပူရ မဟာဝိဇိတာရာမတိုက်ရောက် ပညာသင်

သက်တော် ၁၆-နှစ်သား အရွယ်တွင် အမရပူရမြို့ မောင်းထောင် သာသနာပိုင် ဦးဥဇ္ဇယျ သီတင်းသုံးတော်မူရာ မဟာဝိဇိတာရာမတိုက်သို့ ရောက်ရှိ၍ 'ဥတ္တမာစာရ ပရမဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ မင်းတဲဆရာတော် သီတင်းသုံးတော်မူရာ ကျောင်း၌ နေထိုင်၍ ဆရာတော် ဦးဥတ္တမ နှင့် မောင်းထောင် သာသနာပိုင် ဦးဥဇ္ဇယျထံ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်း များစွာတို့ကို သင်ယူတော်မူခဲ့လေသည်၊ သာသနာပိုင် မောင်းထောင်ဆရာတော် ဦးဥဇ္ဇယျက များစွာ သဘောကျတော်မူလေသည်။

## ရဟန်း ဖြစ်ခြင်း

သက်တော် ၂၀ တွင် ဇာတိရပ်ထံ ပြန်၍ ငယ်ဆရာရင်း ဦးဂုဏကို ဥပဇ္ဈာယ် ပြု၍ ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခဲ့လေသည်၊ ရဟန်း ဖြစ်ပြီး နောက် အမရပူရ သာသနာပိုင် ဆရာတော်ထံ ပြန်၍ စာပေ သင်ကြားတော်မူလေသည်၊ ရဟန်း ၃-ဝါရလောက်တွင် မောင်းထောင် သာသနာပိုင်ထံ သီဟိုဠ်ကျွန်းမှ ပါဠိဘာသာဖြင့် ရောက်ရှိလာသော ပါဠိဘာသာရေး သန္ဒေသများကို မြန်မာပြန်ဆိုရလေသည်၊ သာသနာပိုင် မောင်းထောင်ဆရာတော်ကြီးက သဘောကျသဖြင့် မူလဘွဲ့တွင် မာလာ ထပ်ဆင့်၍ 'ကေတုမာလာ' အရှင် ကေတုမာလာ ဟု မှည့်ခေါ်တော်မူလေသည်။

## စလင်းဆရာတော် ဦးကလျာဏထံ ပညာသင်

ရဟန်း ၅-ဝါ အရတွင် ဆရာတော် ဦးဥတ္တမ၏ စေလွှတ်ချက် အရ 'ကလျာဏဓဇာတ သာသနဓဇ မဟာဓမ္မ ရာဇာဓိ ရာဂုဇရု' ဘွဲ့တံဆိပ်တော်ရ စလင်းဆရာတော် ဦးကလျာဏထံ ရောက်ရှိ၍ ပညာသင်ကြားတော်မူခဲ့လေသည်၊ မန္တလေးမြို့သစ် တည်သော အခါ အရှင်ကေတုမာလာသည် ဆရာတော် ဦးကလျာဏနှင့် အတူ မန္တလေးမြို့သို့ ကြွရောက်ကာ မဟာဓမ္မိကာရာမတိုက် (မြောက် စလင်းတိုက်) ၌ သီတင်းသုံး၍ စာပေ ပို့ချတော်မူလေသည်။

## မြောက်စလင်းတိုက် ဆရာတော်ဖြစ်

ဆရာတော် အရှင်ကေတုမာလာ သီတင်းသုံးရန် မဟာဓမ္မိကာရာမ ( မြောက် စလင်း ) တိုက်၌ မိဖုရားခေါင်ကြီးက ကျောင်းဆောက် လှူဒါန်းသဖြင့် ယင်း ကျောင်း၌ သီတင်းသုံးတော်မူရလေသည်၊ အရှင်ကေတုမာလာ ၁၅-ဝါ အရတွင် ဆရာတော် ဦးကလျာဏ ပျံလွန်တော်မူသဖြင့် အရှင်ကေတုမာလာသည် မဟာဓမ္မိကာရာမ ( မြောက် စလင်း ) တိုက်၏ မဟာနာယက ဆရာတော်ကြီး ဖြစ်လေသည်။

## သုဓမ္မာဝင် ဖြစ်ခြင်း- အနယ်နယ် အစိုးစိုး သာသနာပြု

ဆရာတော် ဦးကလျာဏမှာ သုဓမ္မာဝင် ဖြစ်လေ၏၊ ပျံလွန်တော်မူသဖြင့် လစ်လပ်နေရာ အရှင်ကေတုမာလာသည် ဦးကလျာဏ နေရာ အစားထိုး ခန့်အပ်ခြင်း ခံရသဖြင့် သုဓမ္မာဝင် ဆရာတော် ဖြစ်လာလေသည်၊ ၎င်းပြင် ဦးကလျာဏ၏ သာသနာပြုရာ နယ်ပယ်များ ဖြစ်သော ရမည်းသင်း, ပျဉ်းမနား, တောင်ငူ စသော အနယ်နယ် အစိုးစိုး အမြို့မြို့ အရွာရွာများကို အုပ်ချုပ်၍ သာသနာပြုတော်မူရလေသည်၊ မိဖုရားခေါင်ကြီးက စလင်းတိုက်ရှိ သံဃာတော် ၁၀၀၀-ကျော်တို့အား နေ့စဉ် နေ့ဆွမ်း ကပ်တော်မူလေ၏။

## မဟာဝိဇိတာရာမတိုက် အလှူခံရခြင်း

မဟာဓမ္မိကာရာမ ( မြောက် စလင်း ) တိုက်၌ သံဃာတော် ၁၀၀၀ ကျော် ရှိသဖြင့် စာသင်သား ရဟန်း သာမဏေ များစွာတို့ အနေအထိုင် ကြပ်တည်းကြကုန်၏၊ သို့ဖြစ်၍ မင်းတရားကြီး နှင့် မိဖုရားခေါင်ကြီးတို့က မန္တလေးမြို့ အရှေ့ပြင် စည်ပုတ္တရာတိုက် တောင်ဖက် သာယာ ညီညွတ် ကျယ်ဝန်းသော မြေအပြင်၌ မဟာရံတံတိုင်း ၂ - ထပ် ရံခစလျက် ကျောင်းရံ ၂၀ - နှင့် ကျောင်းတော် တည်ဆောက်စေပြီး ကျောင်းတော်ကို မဟာ အောင်မြေဗိမာန် အမည်မှည့်၍ တိုက်တော်ကို မဟာဝိဇိတာရာမ အမည် မှည့်၍ အရှင်ကေတုမာလာအား တင်လှူတော်မူကြကုန်၏၊ ထိုအခါ ဆရာ တော် အရှင်ကေတုမာလာသည် မဟာဓမ္မိကာရာမ ( မြောက် စလင်း ) တိုက် နှင့် မဟာဝိဇိတာရာမ (တောင် စလင်း )တိုက်ဘို့၌ လှည့်လည် သီတင်းသုံး တော်မူခဲ့လေသည်၊ နောက်တွင် မဟာဝိဇိတာရာမတိုက်၌ သီတင်းသုံးတော် မူသဖြင့် မဟာဝိဇိတာရာမ ဆရာတော်ဟု တွင်လေသည်။

## ဘွဲ့တံဆိပ် ၃-ထပ် အလှူခံရခြင်း

ဆရာတော် အရှင်ကေတုမာလာသည် ရဟန်း သိက္ခာ ၁၅ - ဝါ အရတွင် ပဋ္ဌမ သံဂါယနာတင် မင်းတုန်းမင်းတရားကြီး ဆက်ကပ် လှူဒါန်းသည့် 'ကေတု မာလာဓဇ ဘိပဝရ မဟာဓမ္မ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိ တော်မူခဲ့လေသည်၊ သုဓမ္မာဝင် ဆရာတော် ဖြစ်ပြီးနောက် 'ကေတုဓဇာဘိ သိရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဟူသော တံဆိပ်တော်ကို အလှူခံ ရရှိတော်မူပြန်လေသည်၊ မာရ်အောင်ရတနာ စေတီတော် ဒါယကာ သား တော် သီပေါမင်းတရား လက်ထက် သက်တော် ၅၈ နှစ်တွင် 'ကေတုမာလာ ဘိဓဇ အတုလဓိပတိ သိရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဟူသော ပဌမ တံဆိပ်တော်ကို [1]အလှူခံရရှိတော်မူလေသည်၊ ဆရာတော်သည် စကားအရာ လွန်စွာမှ လိမ္မာ ကျွမ်းကျင်လှပေ၏။[2]

## ကျမ်းဂန် ပြုစုခြင်း

ကျမ်းဂန် များစွာတို့ကိုသည်း ပြုစုတော်မူခဲ့သည်၊ ၎င်းတို့မှာ -

၁ - သစ္စတ္ထ ဒီပနီ
၂ - ဝိဿာသဂ္ဂါဟ အဆုံးအဖြတ်
၃ - အဘိဓမ္မာနှင့် စပ်သော အဖြေစကားရပ်များ
၄ - သက္ကာယဒိဋ္ဌိ ဝိနိစ္ဆယ - စသည်တို့ ဖြစ်ကုန်၏။

---

၁။ သီပေါမင်းက တံဆိပ်တော် ၅ ဆင့် ထားရာတွင် ပဌမဆင့် တံဆိပ်ကို ပဌမတံဆိပ်တော်ဟု ခေါ်ရိုးရှိ၏။

၂။ မန္တလေး သာသနာဝင်ကျမ်း မဟာဝိဇိတာရာမ သာသနာဝင် ကြည့်။

## မင်းပြစ်သင့်ခြင်း

စလင်းဆရာတော် အရှင်ကေတုမာလာသည် ဗေဒင်ကျမ်းဂန်တို့၌ လွန်စွာ နိုင်နင်း၏၊ သီပေါမင်း နန်းစံ၍ ၅-နှစ် ရှိသော အခါ ပြည်တွင်းရေးရာ မပြေမ မသက်ရှိသဖြင့် ထီးနန်း စည်းစိမ်နှင့် ပတ်သက်၍ မင်း မိဖုရား နှစ်ပါး စိတ်စက် မကြည်မသာရှိခိုက် ထီးနန်းစည်းစိမ် အရေးနှင့် ပတ်သက်၍ စာသွင်းရန် ဆရာ တော်ထံ (အရှင်ကေတုမာလာထံ) လျှောက်ထားလေရာ ဆရာတော်က 'ဟုတ် မှန်သည့်အတိုင်း စာသွင်းသင့် မသွင်းသင့်' တိုင်တားမင်းကြီးအား တိုင်ပင်လေရာ တိုင်တားမင်းကြီးက 'ဆရာတော်ဟုတ်မှန်သည့် အတိုင်းသာ စာသွင်းတော်မူပါ၊ နောင်အခါ အရေး တစုံတရာ ကြုံလာလျှင် တပည့်တော် တာဝန် ရှိပါစေ' ဟု လျှောက်ထားသဖြင့် ယုံကြည်တော်မူကာ 'အရှင်မင်း မိဖုရား ၂-ပါး၏ နန်းစံ ၇-နှစ်သာ ရှိသည်၊ မူဆိုးဆက် မရှိ ပြတ်ပြီဖြစ်ကြောင်း' စာသွင်းရာ မင်း မိဖုရား ၂-ပါး အလိုတော်မကျ စိတ်ဆိုးတော် မူကြသောကြောင့် ပွဲတော် ၄-ရက် မတည်မသုံးပဲ နေကြကုန်၏၊ စလင်းဆရာတော် အရှင်ကေတုမာလာ ကိုလည်း ပင့်ခေါ်ယူစကာ မြောက်ဥယျာဉ်၌ ချုပ်နှောင်ထားတော်မူလေ၏။

## အသက်ဘေးမှ ချမ်းသာရာ ရခဲ့

ထိုအခါ တိုင်တားမင်းကြီးအား ပြောသော်လည်း တိုင်တားမင်းကြီး မတတ်နိုင်တော့ချေ၊ ကင်းဝန် မင်းကြီး ပြောသည်တွင်မှ 'စစ်ရန် ရှိလျှင် နောက်မှ စစ်မည်' ဆိုကာ ဆင်နှင့် ကျောင်းတိုက်သို့ ပို့ရလေသည်၊ 'သွင်းစာ အထောက်အထား ပြုသည်များကို ညွှန်းရမည်' ဆိုသဖြင့် သာသနာ သက္ကရာဇ် ၂၄၂၈-ခုနှစ် ကောဇာ သက္ကရာဇ် ၁၂၄၀-ပြည့်နှစ်တွင် 'ခါးကလည်းကျိုး၊ ရန်သူမျိုး၊ တန်ခိုးသည်မင်း၊ ပ,လတ်' ဟူသော နတ်စက်ရောင်သိုက် နှင့် 'စေတီကြီး၊ အပြီးမသတ်၊ မူဆိုး သုညကပ်' ဟူသော တပေါင် - ဆရာတော်၏ 'ကျောင်းဦး လှေကားတွင် နွားတက်ခြင်း' ဟူသော နိမိတ်များ နှင့် အသီတိ ကျမ်း, ရွှေတန်စာသိုက်ကျမ်း, အဂ္ဂရာသိုက်ကျမ်းများကို ညွှန်းပြပြီးမှ အရှင် ၂-ပါး စိတ်အေးချမ်းတော်မူ၍ အသက်ဘေးမှ ချမ်းသာရာ ရသည်ဟုသိရ၏။

## အကြောက်လွန် နှလုံးသွေးပျက်

စလင်း ဆရာတော်ဘုရားကြီး အရှင် ကေတုမာလာသည် မင်းပြစ်ဒဏ်မှ ကင်းလွတ်သော်လည်း အကြောက်လွန်သဖြင့် နှလုံးသွေး ပျက်ခြင်းကြောင့် သတိတော် ကင်းလွတ်၍ စိတ်တော်ယွင်းချွတ် ဖောက်ပြန်တော်မူခဲ့လေသည်၊ နောက်တွင် အရှင်နှစ်ပါးက သားတော် သမီးတော်များ စေလွှတ်၍ ကုစား စေရာ ကင်းပျောက် လေ၏၊ ၎င်းပြင် ပြစ်မှားမိသည်များ ကျေအေးရန် စုဖုရားလတ်က မဟာဝိဇိတာရာမတိုက် အတွင်း ကျောင်းဆောက် လှူဒါန်း လေသည်။

### ပျံလွန်တော်မူခြင်း

၁၂၄၇-ခုနှစ်တွင် ထီးကျိုးစည်ပေါက် တိုင်းပြည် သူတပါးလက်အောက် ရောက်ကာ မင်း မိဖုရား ၂-ပါး ပါတော်မူသဖြင့် ဇာတိရပ်မြေ ဖြစ်သော ကောင်းဇင် ရွာသို့ ပြန်ကြွတော်မူလေ၏၊ ကောင်းဇင်ရွာ ရောက်၍ မကြာမီ လှထွေဆရာတော်က လွှတ်လိုက်သော လူများကို အကြောင်းပြုပြီး အရပ်လူ များက စလင်းဆရာတော်အား ဖမ်းရန် အထောက်တော်များ လာကြောင်း သတင်းဖြန့်လေရာ တဖြည်းဖြည်း စိတ်နှလုံး မချမ်းမြေ့ အစားအသောက် ပျက်ပြီး သက်တော် ၆၀-ရှိရာ ၁၂၄၉-ခုနှစ် တပို့တွဲလတွင် မြင်းခြံမြို့ ကိုးဆောင်တိုက်၌ ဝမ်းရောဂါဖြင့် ပျံလွန်တော်မူခဲ့လေသည်။

ကေတုမာလာ မဟာထေရော၊ နာနာသတ္တ ဝိသာရဒေါ။
ရုစိရာရုစိရံ ပတ္တာ၊ ဂတော သော မစ္စုနော ဝသံ။

---

## ညောင်ပင်သာ အရှင်ပုည
### ( ညောင်ပင်သာ ဦးပုည )

စစ်ကိုင်း ဇာတိ စစ်ကိုင်းမြို့နေ ရဟန်းတော် ညောင်ပင်သာ အရှင်ပုညကား ရဟန်းဝတ်နှင့်လည်း သာသနာရေးများကို စွမ်းစွမ်းတမံ ဆောင်ရွက်တော် မူခဲ့သည်၊ ညောင်ပင်သာ ဦးပုည အမည်ဖြင့် လူဝတ်နှင့် တဖြစ်လဲရာ အခါ၌ လည်း သာသနာရေးဆိုင်ရာ စာပေများကို လေ့ကျက်၍ သာသနာအကျိုးကို သည်ပိုး ဆောင်ရွက်ခဲ့သူ ဖြစ်ရာ စစ်ကိုင်းသာသနာဝင်၌ ချန်လှပ်ရန် မသင့် တော်ချေ။

### ဖွားမြင်ခြင်း - ရှင် ရဟန်း ပြုခြင်း

စစ်ကိုင်းမြို့ အစေခံရပ် ပဲ့နင်းကြီး ဦးရွှေလှော် ပဲ့နင်းကတော် ဒေါ်လှဦး တို့မှ သက္ကရာဇ် ၁၁၈၀-ပြည့်နှစ် ပြာသိုလတွင် ဖွားမြင်လေသည်၊ ငယ်မည် မောင်စို ဖြစ်သည်။

ဆင်နင်းကျောင်း ဆရာတော် ဦးပညာထံတွင် ရောက်ကာ ပညာသင် ကြားခဲ့သည်၊ ၉-နှစ်သား အရွယ်တွင် သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့သည်၊ သာမဏေ ဘွဲ့မည် ရှင်ပုည ဖြစ်၏၊ ရှင်ပုညသည် ဉာဏ် ထက်မြက်လှ၏၊ အသက် ၁၁-နှစ်သား အရွယ်ကပင် သဒ္ဒါ၊ သင်္ဂြိုဟ်တို့ကို ကရားရေလွှတ် တတွတ်တွတ် အလွတ်ရ၏၊ သက်တော် ၂၀-တွင် ရဟန်း အဖြစ်သို့ ရောက်ခဲ့လေသည်။

## ရဟန်း ၉-၀၊ စာတတ်

ငယ်ဆရာ ဦးပညာက ' ဥေယျမဗ္ဗာဘိ မုနိဝရ ဉာဏကိတ္တိ သိရိဓဇ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ မောင်းထောင် သာသနာပိုင်ဆရာတော် ဦးဥေယျထံ အပ်နှံသဖြင့် သာသနာပိုင် ဆရာတော် ဦးဥေယျထံ ပိဋကတ်ကျမ်းဂန်များကို သင်ယူရလေရာ ရဟန်းသိက္ခာ ၉-၀၊ အရတွင် ပိဋက ၃-ပုံ ပေါက်ရောက် တတ်မြောက်ခဲ့လေသည်။

## စာပေချပို့ - သာသနာ့ဝန် ထမ်းရွက်

၁၂၂၁-ခုနှစ်တွင် ဖခင် ပဲ့နင်းကြီး ကွယ်လွန် အနိစ္စရောက်သဖြင့် မူလ ဆင်နင်းကျောင်းသို့ ပြန်ကြွခဲ့ရာ အစေခံရပ် ဦးရွှေအောင် ဒေါ်လှော်ကြာ တို့က ၁၂၂၃-ခုနှစ်တွင် ကျောင်းဆောက် ကိုးကွယ် လေသည်၊ ယင်း ကျောင်းကား ညောင်ပင်သာကျောင်းဟု တွင်၏၊ အရှင်ပုညသည် အဆိုပါ ညောင်ပင်သာကျောင်း၌ ပြောင်းရွှေ့ သီတင်းသုံးကာ တပည့် တပန်း ရဟန်း သာမဏေတို့အား စာပေ ပို့ချကာ သာသနာ့ဝန်ကို ထမ်းရွက်ခဲ့လေသည်။

ပရိယတ္တိ ဝါစေန္တော ဟိ၊ သာသနံ ပဂ္ဂဟံ အကာ။
သောတာရော သမ္ပမောဒန္တိ၊ ဥဂ္ဂဟေတွာ အနေကဓာ။

## ဖိုးသူတော်ဝတ် - စာပေ ပြုစု

၁၂၂၉-ခုနှစ်တွင် လေနာရောဂါ နှိပ်စက်သဖြင့် ရဟန်းဘဝမှ ဖိုးသူ တော် ဘဝသို့ ပြောင်းလဲကာ ကျောင်းကြီး အနီး ကျောင်းငယ်ကလေး၌ ညောင်ပင်သာ ဦးပုည အနေဖြင့် ဆေးကျမ်း, ဓာတ်ကျမ်း, ပျို့, ကဗျာ, လင်္ကာ တို့ကို ရေးသား စီရင်ခဲ့လေသည်၊ ၁၂၄၇-ခုနှစ် အရေးတော်တွင် ပါတော် မူ ကဗျာများကို ရေးသားခဲ့သဖြင့် ၁၂၅၀-ခုနှစ် ရန်ကုန် မော်လမြိုင် ပုသိမ်မြို့တို့၌ ဝန်ထောက် ဦးဘတူ ပင့်ခေါ်သဖြင့် ၂-နှစ်ခန့် နေထိုင်ရလေ သည်၊ ၁၂၆၀-ပြည့်နှစ်တွင် စစ်ကိုင်းသို့ ပြန်ရောက်၍ လင်းဇင်းရပ် ဥယျာဉ် ခြံ အတွင်းတွင် နေထိုင်၍ ကျမ်းစာများ ပြုစုခဲ့လေသည်၊ ညောင်ပင်သာ ဦးပုည ပြုစုခဲ့သော ကျမ်းစာများမှာ —

၁ - နဝရတ်ခိုင် ခေါ် ဘုံကိုးဆင့် တက်ကျမ်း
၂ - သက္ကတမှ ပြန်ဆို ရေးသားသော သာမုဒြိက လက္ခဏာ ကျမ်း
၃ - သာသနဟိတ မေတ္တာစာ
၄ - လောကမဥ္ဇူ ဆေးကျမ်း

၅ ・ ရာဇဝံသ ကဗျာကျမ်း

၆ ・ ပျို့ ကဗျာ လင်္ကာ ရတု တေးထပ်・သာသနာလျှောက် စသည်တို့ ဖြစ်ကုန်၏။

## ကွယ်လွန်ခြင်း

ညောင်ပင်သာ ဦးပုည်သည် အသက် ၇၃・နှစ် ရှိရာ ၁၂၆၃・ခုနှစ် ပြာသိုလဆုတ် ၅・ရက်နေ့တွင် ကွယ်လွန်ခဲ့လေသည်။

စဥ္စလာ သင်္ခါရာ ဟိ ဝေ=ရုပ် နာမ် ဓမ္မ သင်္ခါရတရားတို့ကား ကေန် မုချ မငြိမ်လှုပ်ရှား ပျက်ပြားတတ်ကုန်စွတကား။

——

## ဝိဘင်္ဂဓရ

## အကောက်ဝန် တိုက်ဆရာတော် ဦးဂုဏ

ဆရာတော် ဦးဂုဏသည် စစ်ကိုင်းနယ် ဇာတိ ဖြစ်၍ ထူးချွန် မြင့်မြတ်သော သာသနာ့ ဝန်ဆောင် ပုဂ္ဂိုလ်မြတ် တပါး ဖြစ်ရာ ဤစစ်ကိုင်းသာသနာဝင်တွင် မှတ်တမ်းတင်အပ်ပါသည်။

စစ်ကိုင်းခရိုင် တောင်ရင်းရွာ၌ အဖ ဦးရောက် အမိ ဒေါ်ဝ တို့မှ သက္ကရာဇ် ၁၁၉၇・ခုနှစ် တပို့တွဲလဆန်း ၁・ရက် တနင်္လာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

## ရှင် ရဟန်း ပြုခြင်း・ပညာ သင်ကြားခြင်း

အရွယ်ရောက်သော် ရှင်သာမဏေ ပြုလုပ်၍ သာသနာ့ ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ငယ်စဉ်ကမှ အမရပူရ ရွှေမြို့တော်သို့ ရောက်၍ ကျမ်းဂန်တတ် ဆရာတော်တို့ထံ ပညာသင်ကြားခဲ့သည်၊ သက်တော် ၂၀・ရှိရာ သက္ကရာဇ် ၁၂၁၇・ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၁၁・ရက် အင်္ဂါနေ့တွင် အမရပူရမြို့ သရက်တောတိုက် ခဏ္ဍသိမ်တော်၌ 'ဃောသဝဏ္ဏာစရိယ ဘိဓဇ မဟာဓမ္မရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ အရှင်ဃောသဝဏ္ဏာစရ အမည်ရှိသော ပုခန်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ ပခန်းတိ ဝိဿုတံ ဝိဒုံ။
ဂုဏော သော ဥပသမ္ပန္နော၊ လောကဂ္ဂသာသနေ ဝရေ။

## ဝိဘင်္ဂဓရ, ရာဇာဓိရာဇဂုရု ဘွဲ့ရ

ဆရာတော်သည် လောကမာရဇိန် စေတီတော် ဒါယကာ ဘဝရှင်မင်းတရားကြီး လက်ထက် မြေနန်း ပြာသာဒ်တော်ကြီး၌ သံဃာ့ ဦးကိုင်

သာသနာပိုင် ဆရာတော် ဘုရားကြီး အမျိုးကြီးသော ရဟန်း ပရိသတ်, မင်းတရားကြီး အမျိုးရှိသော မင်းညီ မင်းသား မျိုးတော် မတ်တော် အစ ရှိသော ဥပါသကာ, ဥပါသိကာ ပရိသတ်တို့ အလယ်၌ ဘိက္ခုဝိဘင်း ပါဠိတော်, ဘိက္ခုနီဝိဘင်း ပါဠိတော် ၂-ရပ်ကို နှုတ်တက်ရွရွ အထောက်အမ ကင်းလွတ်စွာ အာဂုမ် ပြန်ဆိုတော်မူနိုင်သဖြင့် မင်းတုန်း မင်းတရားကြီး ဆက်ကပ် လှူဒါန်းသည့် 'ဂုဏာလင်္ကာရဓဇ ဝိဘင်္ဂဓရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဟူသော ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူလေသည်။[၁]

## အကောက်ဝန်တိုက်၌ သာသနာ့ဝန် ထမ်းဆောင်

'ဝိဘင်္ဂဓရ' ဘွဲ့တံဆိပ်တော်ကို ရရှိပြီးနောက် အကောက်ဝန်မင်းတိုက်ကို တင်လှူခြင်းကို ခံယူရပြီး ယင်းတိုက်၌ စာပေ ချပို့ခြင်း, အရပ်ရပ်မှ မေးမြန်းသော ပုစ္ဆာတို့ကို ဖြေဆိုခြင်း စသည်ဖြင့် သာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

## တကျိပ်နှစ်ပါးဂိုဏ်း မဟာနာယက

အကောက်ဝန် ဆရာတော်ဘုရားကြီးသည် တောင်တော် သာသနာပိုင် ဆရာတော်ဘုရားကြီးမှ ပေါက်ဖွားခဲ့သော တကျိပ်နှစ်ပါးဂိုဏ်းကြီး၏ မဟာနာယက တာဝန်ကိုလည်း 'နာဂိန္ဒာဘိ ကဝိဓဇ မဟာဓမ္မ ရာဇဂုရု' ဘွဲ့တံဆိပ်တော်နှင့် 'နာဂိန္ဒာဘိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု'ဘွဲ့တံဆိပ်တော်ရ မိုးကောင်း ဆရာတော်ဘုရားကြီး ပျံလွန်တော်မူရာ ၁၂၇၁-ခုနှစ်မှ စ၍ သက်ဆုံးတိုင် ဆောင်ရွက်တော်မူခဲ့လေသည်။

## ငါးဆူတိုက် သိမ်သမုတ်ခြင်း

မန္တလေးမြို့ အနောက်ပြင် ငါးဆူတိုက် အတွင်းရှိ သာသနဇောတိဝံသ အမည်ရှိသော ခဏ္ဍသိမ်တော်ကိုလည်း ဆရာတော် ကိုယ်တိုင် သံဃာတော် ၇-ကျိပ်ကျော်တို့၏ သံဃထေရ်ဖြစ်၍ ဦးဆောင် သမုတ်တော်မူခဲ့လေသည်၊ ဤကဲ့သို့ ဆရာတော် ဦးစီး၍ ပြုလုပ် ဆောင်ရွက်တော်မူခဲ့လေသော သံဃာကမ်ကြီး ငယ်တို့မှာ များလှကုန်၏။

---

၁။ အကောက်ဝန် ဆရာတော်ဘုရားကြီး ဘွဲ့တံဆိပ်ကို မန္တလေးမြို့ အနောက်ပြင် ငါးဆူတိုက် သိမ်ကျောက်စာ၌ 'ဂုဏာဘိလင်္ကာရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဟု တွေ့ရ၏၊ ငါးဆူမဟာထေရုပ္ပတ္တိကထာမဒီပကကျမ်း၌ 'ဂုဏာလင်္ကာရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဟု တွေ့ရ၏၊ ယင်းတံဆိပ်မှာ သီပေါမင်း၏ ပဉ္စမဘွဲ့တံဆိပ်တော်ရ ဦးဂုဏ ဘွဲ့တံဆိပ်နှင့် တူနေ၏၊ ၎င်းဆရာတော်သည် အကောက်ဝန်ဆရာတော် ဟုတ် မဟုတ် စိစစ်ရာ ဖြစ်၏၊ အသက် အနည်းငယ် ကွာနေ၏။

### သကျသီဟ မူလ ဓမ္မာစရိယ

လောက, ဓမ္မ အရာတို့၌ များစွာ ကျွမ်းကျင်တော်မူ၍ မန္တလေးသမိုင်းတွင် ထင်ရှားတော်မူရကား ပရိယတ္တိသာသနဟိတအသင်းကြီး၏ ၁၂၆၄-ခုနှစ် ကဆုန်လဆန်းမှ စ၍ 'ပရိယတ္တိသာသနဟိတ မူလ ဓမ္မာစရိယ' အဖြစ်ဖြင့် ကိုးကွယ် ချီးမြှောက် ထောက်ပင့် လှူဒါန်းခြင်းကို ခံယူတော်မူရလေသည်။

### ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဤသို့ဖြင့် အကောက်ဝန် သာသနာကို ခိုင်မြဲစေခဲ့သော သီလဝန္တ သိက္ခာကာမ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော သံဃနာယက အကောက်ဝန် ဆရာတော်ဘုရားကြီးသည် သက်တော် ၈၈-နှစ် သိက္ခာတော် ၆၈-ဝါ ရရှိရာ သက္ကရာဇ် ၁၂၈၅-ခုနှစ် သီတင်းကျွတ် လဆုတ် ၃-ရက်နေ့ည ၇-နာရီ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

ဘဒန္တဂုဏဏ္ဏေ ဟိ၊ ဂုဏေန အဘိပါကဋ္ဌော။
ဂုဏော သော ပဇဟိတွာန၊ ယာတော ခေါ မစ္စုနော ဝသံ။

---

# ဇေယျသမပိုင်း

## 'ကန်ါယောဇနာ' ကျမ်းပြု
## အရှင်ဓမ္မသာမိ မဟာထေရ်

အရှင် ဓမ္မသာမိထေရ်သည် စစ်ကိုင်းခရိုင် မိုးသောက်ရွာ၌ သက္ကရာဇ် ၁၂၀၀- - ပတ်ဝန်းကျင်တွင် ဖွားမြင်ကြောင်း မှန်းဆ သိရှိနိုင်လေသည်။

### ကျောင်းနေ - ရှင် ရဟန်းပြု - ပညာသင်

ကျောင်းသား အရွယ်တွင် ကျောင်းနေ ပညာသင်ကြားခဲ့ပြီး သာမဏေဝတ်ချိန်တွင် သာမဏေဝတ် - ရဟန်းပြုချိန်တွင် ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူကာ သာသနာပြုတော်မူခဲ့လေသည်။

အရှင်ပညာသာမိ အစရှိသော မဟာထေရ်မြတ်တို့ထံ ပိဋကတ်ကျမ်းဂန်များနှင့် တကွ ကျမ်းဂန် အရပ်ရပ်ကို တတ်မြောက်အောင် သင်ယူတော်မူခဲ့လေသည်။

## စာပေ ချပို့ - ကျမ်းဂန် ပြုစု

တပည့် တပန်း ရဟန်း သာမဏေတို့အား စာပေ ချပို့တော်မူခဲ့လေသည်၊ ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့ရာ ကင်္ခါယောဇနပါဌ်မှာ ထင်ရှား သော ကျမ်း ဖြစ်လေသည်၊ သစ်ဆိမ့်ဆရာတော် အရှင်ပညာသီဟ ရေးသော ကင်္ခါယောဇနာ မဟာဋီကာကြီးမှာ အတွဲ လေးတွဲ ရှိ၍ ကြီးလွန်း - ကောင်း လွန်းလှသည်၊ စုံလည်း စုံလွန်းလှ၏၊ သို့ဖြစ်၍ စာချ, စာသင်တိုင်း အသုံးပြုရန် မလွယ်ကူပါချေ၊ အရှင်ဓမ္မသာမိ၏ ကင်္ခါယောဇနာမှာ ယောဇနာကျဉ်း သဖွယ် ဖြစ်ရာ စာချ, စာသင်တို့ လွယ်လွယ်ကူကူ ကြည့်ရှု သင်ယူနိုင်လေသည်။

ကျမ်းဦး၌—

မဟာကာရုဏိကံ နာထံ၊ ဝိပ္ပသန္နေန စေတသာ။
နတွာ တေန သုသာမ္ဗုဒ္ဓံ၊ ဓမ္မဉ္စ ဂဏမုတ္တမံ။

ဟူသော ဂါထာဖြင့် ရတနတ္တယပဏာမ ပြုတော်မူခဲ့လေသည်။

မိမိ၏ ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူသော အရှင် ပညာသာမိ မဟာ ထေရ် ကိုလည်း —

နတွာ စ မေ ဂုရုံ သေဋ္ဌံ၊ ပညာသာမီတိ ဝိဿုတံ။
တရန္တံ ဒုတ္တရာဂါဓံ၊ သဗ္ဗဝိနယသာဂရံ။

ဟူသော ဂါထာဖြင့် ပဏာမ ပြုတော်မူခဲ့လေသည်။

## အဘိယာစက ပုဂ္ဂိုလ်

အရှင်ဓမ္မသာမိမထေရ်သည် ‘ သာသနာလင်္ကာရ သဒ္ဓမ္မာဘိဝံသ ကဝိဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု ’ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက် ဆရာတော် အရှင်သာသန မဟာထေရ် တောင်းပန်သဖြင့် ကင်္ခါယောဇနာပါဌ်ကို ရေးသား ပြုစီရင်တော်မူခဲ့လေသည်။[၁]

ယင်းသို့ ဖြစ်ကြောင်း —

သောဘမာနေန သီလေန၊ ဓိနောဓိယာစ သာသနေ။
သဒ္ဓမ္မဇောတိကာမေန၊ သခိလသဏ္ဍဝါစိနာ။
ထေရေန ဂုရုနာ လဒ္ဓံ၊ လဒ္ဓေနဇ္ဈေသိတော ပရံ။
( သာသနာလင်္ကာရ သဒ္ဓမ္မာဘိဝံသ ကဝိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရုတိ )

---

၁။ ကျောင်းတော်ရာ ဆရာတော် အရှင် သာသနကား ၁၂၀၅ - ခုဖွား၊ ၁၂၀၇-ခုနှစ် ပျံလွန်တော်မူသည်။

အတ္တယောဇနမေတိဿာ၊ မဟာဌီကာ သမုဒ္ဒိတံ။
သောတူနံ သုခဗောဓတ္ထံ၊ ကရိဿာမိ ယထာဗလံ။

ဟူသော ဂါထာစကားရပ်များဖြင့် သိသာလေသည်။

ကျမ်းစာ အဆုံး နိဂုံး၌လည်း —

ဠတိ ဇေယျာပုရေ ရမ္မေ၊ နာနာစေတျာဒိ သောဘိတေ။
စစ်ကိုင်းနဂရုဒ္ဒိစိမှိ၊ နဘော စန္ဒော၁၀ ပါကဋ္ဌေ။
အသင်္ချ မဟာရညော၊ ဇာတိဌာနေ ဇနေတ္တိယာ။
မိုးသောက်ဉာတိဝှယေ ဂါမေ၊ သာခုဇနနိသေဝိတေ။
သုဇာတော ယော မဟာထေရော၊ ဓမ္မသာမီတိ ဝိဿုတော။

စသည့် ဂါထာများဖြင့် ပြည့်စုံစွာ ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်၊ ယင်းကျမ်းကို သက္ကရာဇ် ၁၂၈၂ – ခုနှစ် တပို့တွဲလဆန်း ၁၀ - ရက်နေ့တွင် အပြီးသတ် ရေးသား စီရင်တော်မူခဲ့လေသည်၊ ယင်းကာလ်ါယောဇနာပါဠိမှာ ပုံနှိပ်ခဲ့ရာ ရွှေ ိုင်ဆိုက် စာမျက်နှာ ၃၆၀ - ရှိလေသည်။

## ပျံလွန်တော်မူခြင်း

အရှင်ဓမ္မသာမိထေရ်သည် စာချ ကျမ်းပြုကာ သာသနာပြုတော်မူခဲ့ပြီး ပျံလွန်တော်မူခဲ့လေသည်၊ သင်္ခါရတရားတို့ မမြဲကုန်စွတကား။

ဓမ္မသာမိ မဟာထေရော၊ ထေတော သမ္ဗုဒ္ဓသာသနေ။
ဝါစနေ လေခနေ ယုတ္တော၊ ဂတော ခေါ မစ္စုနော မုခံ။

---

# ဝါးချက်မင်းကျောင်းဆရာတော်

## အရှင်သောမ မဟာထေရ်

ဝါးချက် (ဝတ်ချက်) ဆရာတော် အရှင်သောမ မဟာထေရ်သည် သာသနာတွင် လွန်စွာ ထင်ရှားသည့် ဆရာတော် ဖြစ်တော်မူသည်၊ စစ်ကိုင်း သာသနာဝင်ကျမ်း၌ ၎င်းဆရာတော်၏ အဖြစ်တော်စဉ်ကို လွန်စွာ လိုအပ် ပါသည်၊ သို့ဖြစ်၍ ပြည့်စုံစွာ ဤစစ်ကိုင်းသာသနာဝင်ကျမ်း၌ မကျဉ်းမကျယ် ဖော်ပြအပ်ပါသည်။

ဆရာတော်သည် စစ်ကိုင်းမြို့နယ် မြောက်ပိုင်း ခရီးဘသောင်းခန့် ကွာ လှမ်းသော သာစည်အိုင်းမ - ဘုဇပင်ရွာတွင် အဖ ဦးကာလီ အမိ ဒေါ်ညှင်း တို့မှ သက္ကရာဇ် ၁၂၁၅ - ခု နတ်တော်လဆန်း ၂ - ရက်နေ့ ညဉ့် ၃ ချက်တီး အချိန် သောကြာနေ့တွင် ဖွားမြင်ခဲ့သည်၊ ငယ်နာမည်မှာ မောင်သာဆိုင် ဖြစ်လေသည်၊ ၁၃ - နှစ်သားအရွယ်ဘွင် မိဖတို့က ဘုဇပင်ရွာ ဘောဂတော

ကျောင်း ဆရာတော်ထံ အပ်ကြသဖြင့် ပညာသင်ကြားရသည်၊ ၁၆ - နှစ်သား အရွယ်တွင် မိဖတို့က ပဗ္ဗဇ္ဇမင်္ဂလာ သဘင် ဆင်ယင် ကျင်းပကာ သာသနာ တွင်း သွတ်သွင်းကြသဖြင့် ဘောဂတောရ ဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဝတ်ခဲ့သည်၊ ရှင်သောမ ဟူသော ဘွဲ့အမည်ကိုလည်း ဥပဇ္ဈာယ် ဆရာတော်က မှည့်ခေါ်တော်မူသည်။

သာမဏေ ဝတ်ပြီးနောက် ပစ္စဝေက္ခဏာ, လိင်, ဒဏ်, သေခိယ, ခန္ဓက ဝတ်တို့ကို သင်ယူ အရဆောင်၍ သာမဏေသီလကို ရိုသေစွာ စောင့်စည်း နေထိုင်စဉ် ဖခင်ကြီး ဦးကာလီ ကွယ်လွန်သဖြင့် သာသနာဘောင်မှ လူထွက်၍ မိခင်ကြီး ဒေါ်ညွှန်းအား ပြုစု လုပ်ကျွေးရလေသည်။

သက်တော် ၂၀ - ပြည့်မြောက်သော အခါ မိခင်ကို ခွင့်ပန်ပြီး သာမ ဏေ ပြန်ဝတ်၍ ဘောဂဆရာတော်ကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူလေသည်၊ ရဟန်း အဖြစ်သို့ ရောက်ရာ ၁၂၃၅ - ခုနှစ်၌ပင် ဥပဇ္ဈာယ်ထံ၌ သဒ္ဒါရှစ်စောင်, ပုဒ်စစ်, နည်းလေးဆယ်, သံဝဏ္ဏနာ, ဝိနည်းငယ် လေးစောင်တို့ကို လေ့လာ သင်ယူခဲ့ရာ တနှစ်အတွင်း ဖော်ပြပါ ကျမ်းစာအားလုံး နှုတ်တက် အာဂုံ ရရှိတော်မူခဲ့သည်။

## မန္တလေးမြို့သို့

ရဟန်း သိက္ခာ ၁ - ဝါ ရပြီးနောက် ဥပဇ္ဈာယ်ဆရာတော်ကို ခွင့်ပန် တော်မူပြီး မန္တလေးမြို့တော်သို့ ပညာသင် ထွက်ကြွတော်မူခဲ့သည်၊ ရွှေဦး စွာ ရွှေရစ်မာဆရာတော်ထံ၌ ပရိယတ္တိဓမ္မတို့ကို တနှစ်ကြာမျှ လေ့လာ သင်ယူ ခဲ့လေသည်။

## ပေါင်းလဲတိုက် အရှင်နာဂထံသို့

ရွှေရစ်မာ ဆရာတော်ထံ၌ ပညာသင်ကြား၍ ရဟန်းသိက္ခာ ၂ - ဝါ ရပြီးနောက် ပေါင်းလဲတိုက် စာချအကျော် ဆရာတော် အရှင်နာဂထံ ၁ - နှစ်ကျော်မျှ ပညာ သင်ကြား ဆည်းပူးတော်မူခဲ့လေသည်၊ ၎င်းနောက် မွေးရပ်ဌာန ဘူဇပင်ရွာသို့ ပြန်ကြွ၍ ဥပဇ္ဈာယ်ဆရာတော်ထံ၌ ၁ - ဝါ သီတင်းသုံးတော်မူပြီး တိစီဝရိက်, ပိဏ္ဍပါတ်, ပတ္တပိုဏ်း ကောသနိက်, အရညကင် စသော ဓုတင် ကျင့်ဝတ်တို့ကို ကျင့်သုံးလျက် မိခင်ကြီး အားလည်း ဆွမ်းခံ ကြွရောက်တိုင်း တရားဓမ္မဖြင့် ကျေနပ် နှစ်သိမ့်စေတော် မူ ခဲ့လေသည်။

## မန္တလေး နောက်တခေါက်

ရဟန်း သိက္ခာ လေးဝါ ရပြီး နောက်၌လည်း မန္တလေးမြို့ လေးပြင် လေးဌာနတို့၌ စာသင်တိုက်ကြီး အသီးသီးတွင် ထင်ပေါ် ကျော်စောတော်

မူကြသော တံဆိပ်တော်ရ, ပဌမ, ဒုတိယ, စာချဆရာတော်တို့၏ အနည်းနည်း အဖုံဖုံ အဓိပ္ပာယ် ပြောပြပုံကို လေ့လာ သင်ယူတော်မူခဲ့လေသည်၊ ပါဠိ, အဋ္ဌကထာ, ဋီကာ အစရှိသော ဂန္ထန္တရတို့၏ ယောဇနာ, သံဝဏ္ဏနာ, အနုသန္ဓေ, အဖြေ, အထွက်, အတက်, အမေး, စစ်ဆေး စောဒနာ, သောဓနာ, ပုစ္ဆာ, ဝိသဇ္ဇနာ, ပရိဟာ ကျမ်းဆရာ၏ အာဘော် နှလုံးသွင်း ကျမ်းဆရာချင်း အလိုမတူ အယူအဆ ထူးထွေကြသည်ကို ညှိဆရ၍ ဆုံးဖြတ်နည်း နိသျည်း၏ မှာထားချက် ခက်သော ဝါကျဒ် လိုရင်းထုတ်၍ စကားမရှုပ်အောင် ရှင်းပြနည်း ပုဒ်ဗျည်း အစပ် အဟပ် စကားညှပ်ဖယ်ထား၊ ဝါကျစကား အစိတ်စိတ် စပ်ချိတ်နည်း အနုသန္ဓေ ပုဒ်နေသင့် ပါဠိထားထိုက် စကားအလိုက် ရှေ့နောက် ထောက်ရှုသိအပ် နိပါတ် ဥပသာရ စသဒ္ဒါ ပိသဒ္ဒါ ဟိသဒ္ဒါ ပန စသည်ထွန်းပြ သခ်ေပ ဝိတ္ထာရ စသည်ခေါ်မြဲ ဝါကျခွဲ အမည်ပြ အာတိ ခာန ပရိယာယ်ထုတ် ဝေဝုစ်ဖြင့်လှည့်ပြော ဒေါသ နှင့် ဂုဏ်ပါအောင် အလင်္ကာနည်း အလာ ဂါထာဆန်းစစ် နေ့ဘ္ဘိနည်းဟာရထုတ် ပုဒ်ဖွင့်နည်း သံဝဏ္ဏနာ အဋ္ဌကထာ ဋီကာ အနု ကျမ်းပြုနည်း အဖြာဖြာ ယောဇနာ ဒီပနီ ခက်သည်ကို ဆစ်ထုတ် ဂဏ္ဌိပုဒ် နိသျ သင်္ဂဟပေါင်းကျုံး ကျင့်ထုံးနှင့် မှာတမ်း အခန်းခန်းသော ကျမ်းဂန်နည်းတို့ကို ပြောပြတော်မူကြသော ထိုထိုကျမ်းတတ် အကျော် စာချဆရာတော် တို့၏ စာချရာ ဌာန၌ စေ့ငစုံလင်အောင် သင်ယူ မှတ်သားလိုသော သမ္မာဆန္ဒတော် ရှိလှသောကြောင့် စာချအကျော် ဆရာတော်တပါးပါး၏ ပြောပြ သင်ပြပုံ အဓိပ္ပာယတ္ထ ဝိနိစ္ဆယ စကားစဉ်ကို စာချဆရာတော် တပါးပါး စာပြော ဌာန၌ ခုနစ်ရက်ကျ အဓိပ္ပာယ် နားထောင်ပြီးလျှင် မန္တလေးမြို့တော် လေးပြင်တွင် စာသင်တိုက်ကြီးတို့၌ စာချအကျော် ဆရာတော်တို့ ပြောကြသော အဓိပ္ပာယ်တို့ကို စေ့ငအောင် နားထောင်ခြင်း အကျိုးငှာ စာသင်တိုက် တတိုက် တတိုက်၌ တလ နှစ်လခန့် သီတင်းသုံးပြီး စာပလွေ ပိုက်၍ စာလိုက် သင်ကြားခဲ့ရာ ၁-နှစ်မျှ ကြာသဖြင့် ရဟန်းသိက္ခာ ၅-ဝါတိုင် ရောက်လေသည်၊ ရဟန်း ၅-ဝါမှ စ၍ ဝိနည်း ပိဋကတ်တော် ငါးကျမ်းကို နှုတ်ရဆောင်၍ ဘုရားရှင် အား ရွတ်ဖတ်၍ ပူဇော်လေ့ရှိသည်၊ ဝိနည်းလာတိုင်းလည်း ကျင့်ကြံတော် မူသည်။

ကျမ်းတတ်အကျော် မြင်းဝန် ဆရာတော်ထံ၌လည်း ပညာ သင်ကြား ဆည်းပူးတော်မူခဲ့သေးသည်။

## စစ်ကိုင်း ဝါးချက် ဗိမာန် ဘုံသာကျောင်းတိုက်သို့

၁၂၃၆-ခုနှစ်တွင် ဝါးချက် ဇာဘိ လေ့သင်းအဘွင်းဝန်မင်းက စစ်ကိုင်း ဝါးချက်ချောင်၌ ဗိမာန် ဘုံသာကျောင်းတိုက်ကြီး တည်၍ ၁၂၄၄ -ခုနှစ်

သီဟင်းကျွတ်လတွင် မြင်းဝန်ဆရာတော်ကြီးကို ပင့်တင် ကိုးကွယ်သော အခါ ဝါးချက် ဆရာတော်လောင်းလျာ အရှင်သောမလည်း ပါလာလေသည်၊ ၁၂၄၉-ခုနှစ် ဝါဆိုလပြည့်နေ့ မြင်းဝန်ဆရာတော်ကြီး ပျံလွန်တော်မူသော အခါ အရှင်သောမသည် ဝါးချက်ရွာ ဗိမာန်ဘုံသာ ကျောင်းတိုက်၏ အမိပတိ ပဓာန နာယက ဖြစ်လာလေသည်။

## စာပေ ကျမ်းဂန် ချပို့တော်မူခြင်း

ဆရာတော်သည် မြင်းဝန်ဆရာတော်ကြီး ရှိစဉ်က ဂဏဝါစက ဖြစ်၍ စာပေကို မှန်မှန် ပို့ချတော်မူရာ ပဓာနဆရာတော် ဖြစ်ရာ အခါ၌မူကား ပိုမို ကြိုးစား၍ ချပို့တော်မူသည်၊ ဝိနည်းငါးကျမ်း, နေတ္တိ, ဝိသုဒ္ဓိမဂ်, သုဗောဓာလင်္ကာရ အစရှိသော မာဂဓကျမ်းများ နှင့် ကလာပ်ကျမ်း အစရှိသော သက္ကတဗျာကရဏ်းကျမ်းတို့ကို မပြတ် ပို့ချတော်မူလေ့ရှိသည်၊ ဝိနယပိဋကတ်ကို ချပို့သော အခါ စာကိုင်လေ့ မရှိပဲ အလွတ် ချပို့တော်မူသည်၊ စာဆိုသူ စာတက်သူ မလာရှိပါက ကိုယ်တိုင် သွားရောက်၍ မေးပြီး နေမကောင်း ထိုင်မသာ ရှိသဖြင့် စာမတက်နိုင်ကြောင်း သိရလျှင် အခြား စာဝါလျှောက် ထားသူထံ ကြွရောက်၍ ချပို့တော်မူလေ့ ရှိသည်၊ ဆရာတော်ထံ စာမတက်ဝံ့ စာမဆိုဝံ့သော ရှင် ရဟန်းငယ်တို့ကိုလည်း ကိုယ်တိုင် မေးမြန်း ခေါ်ယူ၍ စာဆို စာတက်စေတော်မူသည်၊ စာပေ၌ မာနထားရှိး အလျှင်း ပုံသေ မရှိပါချေ။

## ဝါးချက်ဆရာတော်ကြီး၏ အဓိပ္ပာယ် ပြောပုံ

ဝါးချက် မင်းကျောင်း ဆရာတော်ကြီးသည် ပရိယတ္တိဓမ္မကို ချပို့တော်မူသောအခါ ရှေးဦးစွာ ကျမ်းရိုးသွားနည်း စကားလေးချက်ကို ပြောပြီးမှ ဝါကျတခု၌ ပဓာန လိုရင်း စကားကို 'ဥသျှောင်ကိုင် - သူငယ်ပိုက်' အစရှိသော နည်းတို့ဖြင့် အထိုက်အလျောက် လိုရင်းကောက်ပြီးလျှင် မန်ကျည်း ရွက်သတ် စပ်ရာမှာထွက် ထွက်ရာသို့စပ် အနုသန္ဓေဟပ်ရာ တဆဲ့နှစ်ဖြာသော စောဒနာ အာဘော် စသည်တို့ကို ထုတ်ဆို စစ်ဆေးပြီးမှ ကမုဒ္ဒါရ နိရုတ္တိ အစရှိသော တဆဲ့ရှစ်ချက်သော စကားစဉ်ကို ခဲ့ထွင် ပြောပြတော်မူပြီးမှ ဗျဂ္ဂ်၂နယ ကိုးပါးဖြင့် ခွဲခြား ဝေဖန်ပြီးလျှင် နေတ္တိဟာရနည်း ၁၆ - ပါးဖြင့် ရအပ်သော သဘောတရား အဆီကို ထုတ်၍ အဆုံးဝါကျစကားကို သိမ်းတော်မူသည်။

ထိုမှတပါး ကိုးကား ထုတ်ပြသင့်ရာ၌ ပါဠိတော်, အဋ္ဌကထာ, ဋီကာ, အနု, မဓု, ယောဇနာ, ဝိဘာဝိနီ, ဒီပနီ, ဂဏ္ဌိ, နိသျ, နိဿယ စသော ကျမ်းကိုး သာဓကတို့ကို ရွတ်ပြ၍ စာပေ ချပို့တော်မူလေ့ရှိလေသည်။

## မန္တလေး စာပြောနည်း အမျိုးမျိုး

ဝါးချက် မင်းကျောင်းဆရာတော်ဘုရားကြီးသည် ထိုခေတ်က မန္တလေး၌ ခေတ်စားခဲ့ဘူးသော ဆရာအသီးသီးတို့၏ စာချနည်း, စာပြောနည်းတို့ကို မကြာမကြာ အမိန့်ရှိတော်မူလေ့ ရှိရာ သုတေသီတို့ သတိချပ်၍ မှတ်သင့်ပေသည်။

### မောင်းထောင်ဆရာတော် စာပြောနည်း

မောင်းထောင်ဆရာတော် အရှင်ပညာသာမိက ကေကာရကောသကျမ်း, အဘိဓာန်ကျမ်းများမှ သက်သေ သာဓက ထုတ်ဆောင်၍ အက္ခရာပုဒ်တို့ကို အတ္ထုဒ္ဓါရ အနေကတ္ထ သံဝဏ္ဏနာ ပြုပြီး လိုအပ်ရာ အနက် အရ အဓိပ္ပာယ်တ္ထ ကောက်ချက်ထုတ်၍ ဝေဝုစ်ပရိယာယ်တို့ကို ဆောင်၍ အဓိပ္ပာယ် အကျယ် ပြောလေ့ ရှိသည်။

### ပြည်ဆရာတော် စာပြောနည်း

'မေဓာလင်္ကာရ ပရမသဒ္ဓမ္မ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ပြည်ဆရာတော်ဘုရားကြီးက ကစ္စာယနသာရကို သာဓက လက်စွဲပြု၍ တခုသော ပုဒ်ပါ၌ အထွက် ခက်ခဲသော အရာ၌ အနက်ဆံ ရှည်လျားစွာ ယောဇနာ သမ္ဗန်ပြီးလျှင် သဘာဝတ္ထသို့ ဆိုက်ရောက်အောင် အဓိပ္ပာယ်ပြော ချပို့လေ့ ရှိသည်။

### စလင်းဆရာတော် စာပြောနည်း

'ကောသုမာသာဓဇ ဘိပဝရ မဟာဓမ္မ ရာဇဂုရု' စသော ဘွဲ့တံဆိပ် ၃-ထပ်ရ စလင်းဆရာတော်ကြီးက အတက် အတွက် စုဒ် စောဒနာ ပရိယာယ် စကားတို့ဖြင့် အဓိပ္ပာယ် မြိုင်မြိုင် ပြောကြားပြီး ဝတ္ထု နိပါတ် ဇာတ် ရာဇဝင် စကားများကို ကြားညှပ် ထုတ်ပြ၍ အဓိပ္ပာယ် ပြောလေ့ ရှိတော်မူသည်။

### စံကျောင်းဆရာတော် စာပြောနည်း

'သုဒဿနဝရ ဓမ္မသာမိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' တံဆိပ်တော်ရ စံကျောင်းဆရာတော်ကြီးက ဂန္ထန္တရ အတန်တန်ကို ကြည့်ရှု၍ တခုသော အရာ၌ ကျမ်းဆရာချင်း အဆိုမတူ အယူဝါဒ ကွဲပြားဟန်ကို ပြဆိုပြီးမှ အာဘော်ကျ ကောက်ချက် ထုတ်၍ ယုတ္တိသာမက ခိုင်သော အရာကို ဖော်ပြသဖြင့် ဝိနိစ္ဆယ အဓိပ္ပာယ်ကိုသာ များစွာ ပြောကြားလေ့ ရှိသည်။

### သစ်ဆိမ့်ဆရာတော် စာပြောနည်း

'ပညာသီဟ သာသနာလင်္ကာရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' သစ်ဆိမ့်ဆရာတော်က သဒ္ဒတ္ထဘေဒစိန္တာကို သာဓက လက်သုံးပြုပြီးလျှင် သဒ္ဒါတခု

တခု၌ သုတိ, ဇာတ်, ဂုဏ်, ဒြပ်, သမ္ဗန်, ကြိယာ, ကာရက သမ္ဗန္ဓ နှင့် သဒိသ ဘော စသော သကတ် ၇-ပါး ၈-ပါးတို့ကို ခွဲခြား အဓိပ္ပာယ်ပြော စာပေ ချပို့လေ့ ရှိသည်။

## လုံးတော်ဆရာတော် စာပြောနည်း

'ဂုဏဝါဘိလင်္ကာရ သဒ္ဒမ္မဇ မဟာဓမ္မ ရာဇဂုရု' လုံးတော်ဆရာတော် ကမူ စာဝါကို များစွာ မချ-တဝါတလေမျှ ပို့ချ၍ အဓိပ္ပာယ်တွ ပြောပြ သောအခါ ခက်ရာ ခက်ဆစ် အချက်များကို ထိုထိုကျမ်းဂန်တို့မှ အတိုချုပ် အားဖြင့် ထုတ်နုတ်၍ ပြပြီးလျှင် မှတ်သားကြ, ရေးထားကြ ဟူ၍ အဓိပ္ပာယ် ပြောပြ စာချပို့လေ့ ရှိသည်။

## ဗန်းမော်ဆရာတော် စာပြောနည်း

ဗန်းမော်ဆရာတော်ကြီးက ဝိနည်းတော်ကို အလေးပြုပြီးလျှင် ဝိနည်း ကိုသာ များစွာ ပို့ချလေ့ ရှိရာ ဝိနည်းအရာ၌ သေချာစွာ အထက် အောက် စကားများကို ထောက်ထား ရှုမျှော်ပြီး အပ် မအပ်သော ဝတ္ထု အမှု အကျင့် အာစာရတို့ကို ဝိနိစ္ဆယချ အဓိပ္ပာယ် ပြောဆို ချပို့လေ့ ရှိသည်။

## ဘုရားကြီးဆရာတော် စာပြောနည်း

'ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘုရားကြီးဆရာ တော်က သဒ္ဒါအရာ၌ ပါရဂူရှေက် တတ်မြောက်ကြစေရန် အကျိုးငှာ သဒ္ဒါ ပုဒ်ပါဌ် ရုပ်ခတ်ပစ္စည်းတို့ဖြင့် ပုဒ်ပြီးသို့ရောက်အောင် ရှင်းလင်းစွာ ဖော်ပြ၍ ဝိဂ္ဂဟ် ဝစနတ္ထ လုစ်ပြ ဖော်ထုတ်ပြီးလျှင် ပုဒ်စစ်နည်း ဝေဖန်၍ နိယံကို ရွတ်ဆို ဖော်ပြကာ အဓိပ္ပာယ် ပြောလေ့ ရှိသည်။

## ရွှေရစ်မာဆရာတော် စာပြောနည်း

ရွှေရစ်မာဆရာတော်က စာချတော်မူသော အခါ အရာဌာန အားလျော် စွာ စာရှိသော အဓိပ္ပာယ်ကို ပြောပြပြီးလျှင် ထိုစာမှ လာရှိသော ကျင့်ကြံ ကြိုးကုတ် အားထုတ်နည်းကို ကျနမှန်ကန်စွာ ကျင့်ကြံရမည့် သဘောသို့ ရောက်အောင် ပြောပြတော်မူလေ့ ရှိသည်။

## မြင်းဝန်ဆရာတော် စာချနည်း

မြင်းဝန် ဆရာတော်က စာပေ ပို့ချတော်မူသော အခါ လောကီ လောကုတ္တရာ နှစ်ဖြာသော ကျမ်းဂန်တို့၌ ဆက်ဆံ နှီးနှောမိသော အရာ- မဆက်ဆံ မနှီးနှောမိသော အရာများကို ခွဲခြားဖော်ပြ ပဓာန စစ်ထုတ်၍

ဝိမုတ္တိရသသို့ ဆိုက်အောင် နေတ္တိဟာရနည်းတို့ဖြင့် ဆောင်၍ အဓိပ္ပာယ် ပြောပြလေ့ ရှိသည်။

ဤသည်တို့ကား ဝါးချက် မင်းကျောင်းဆရာတော်ကြီး ရံဖန်ရံခါ မိန့်ကြားလေ့ ရှိသော ရှေးမန္တလေး စာချဆရာတော်ကြီးတို့၏ စာချနည်း ဖြစ်လေသည်။

## စာပေကျမ်းဂန် အမျိုးမျိုးကို ကြည့်ရှုတော်မူခြင်း

ဆရာတော်သည် တခါတလေ ချပို့နေကျ စာဝါများကို ခေတ္တ ရပ်နားပြီး တပည့် တပန်းတို့အား 'စာကြည့်သွားဦးမည်' ဟု ပန်ကြား၍ လောကီ လောကုတ္တရာ စာပေ ကျမ်းဂန် ပေါများသော ကျောင်းတိုက်တို့ သို့လည်း ကြွရောက်၍ စာပေ ကြည့်ရှုတော်မူလေ့ ရှိသည်၊ ၂ ရက် ၃ ရက် တသီတင်း ၁၅ ရက် စသည် ကြာမှ ပြန်ကြွလာသော အခါလည်း ရှိတတ်သည်၊ ဆရာတော် အကြွများသော ကျောင်းများမှာ စစ်ကိုင်းမြို့ ရေဝန်းတောင်ဘီလူးကျောင်း, ဆင်နင်းဘုန်းကြီးကျောင်း စသည်တို့ ဖြစ်သည်။

## ကျမ်းဂန် ပြုစုတော်မူခြင်း

သက်တော် ၄၀ ကျော် အခါမှ စ၍ ဉာဏ်မီးလည်း ပြောင်ပြောင်ဝန်း တောက်ထွန်းပြီ ဖြစ်ရကား တပည့် တပန်း သီတင်းသုံးဖော်တို့၏ ကျမ်းပြု စာရေးရန် တောင်းပန်ချက်တို့ကို လက်ခံကာ ကျမ်းစာ ရေးသားမှုကို ပြုတော်မူသည်၊ ၎င်းကျမ်းများမှာ —

၁ - အဘိဓမ္မတ္ထသင်္ဂဟ ယောဇနာပါဌ်
၂ - အပြင်အောင်ခြင်း ဋီကာပါဌ်
၃ - အတွင်းအောင်ခြင်း ဋီကာပါဌ်
၄ - ရတနာရွှေချိုင့် ဋီကာပါဌ်
၅ - နမက္ကာရ ဋီကာပါဌ်
၆ - ဋီကာကျော် ဂန္ထာရမ္ဘ ပဥ္စက ဝဏ္ဏနာပါဌ်
၇ - ရတနာဝလိ ဝဏ္ဏနာပါဌ် နိသျ
၈ - ရာဇဝံသဝါဒီပါဌ် နိသျ
၉ - သဒ္ဒါဝလိကျမ်း
၁၀ - ဝိဿာသဂ္ဂါဟ ဒီပနီကျမ်း
၁၁ - ဝိနယာဘောဂကျမ်း

၁၂ - ကေဝစန သဒ္ဒါငယ် နိသျ
၁၃ - စာဒု၂တ္ထ သဒ္ဒါငယ် နိသျ
၁၄ - သုတ္တစာဒု၂တ္ထ သဒ္ဒါငယ် နိသျ
၁၅ - ဗာလပ္ပဗောဓ သဒ္ဒါငယ် နိသျ
၁၆ - ခေမာပကရဏ အဘိဓမ္မာ လက်သန်း အဌကထာ နိသျ
၁၇ - ဝိနယဂုဠ္ဌတ္ထ ဝိနည်း လက်သန်း အဌကထာ နိသျ
၁၈ - မူလသိက္ခာ ဋီကာဟောင်း နိသျ
၁၉ - အက္ခရဝိသောဓ နိသျ
၂၀ - ဝိသုဒ္ဓိမဂ် စူဠဋီကာ နိသျ
၂၁ - ဝိသုဒ္ဓိမဂ် မဟာဋီကာ နောက်ပိုင်း နိသျ - စသည်တို့ ဖြစ်ကုန်၏။

ယင်းကျမ်းစာများ အနက် ဝိသုဒ္ဓိမဂ်ဋီကာ နိသျမှာ သက္ကရာဇ် ၁၂၅၇ - ခုနှစ်က စစ်ကိုင်းမြို့ တောင်ဘီလူးကျောင်းသို့ ကြွတော်မူသော အခါ တောင်ဘီးလူးဆရာတော်က ဝိသုဒ္ဓိမဂ် မဟာဋီကာ နိသျ အပြီးမသတ် ကြွင်းကျန်လျက် ရှိသော ဝိပဿနာပိုင်း၏ အဖွင့်စကားများကို နိသျ ရေးရန် တောင်းပန်သဖြင့် ရေးသားတော်ခဲ့ရာ ၁၂၅၇ - ခု တပို့တွဲလဆုတ် ၁၃ - ရက်နေ့တွင် ပြီးဆုံးလေသည်၊ စာအင်္ဂါ သုံးဆယ်မျှ ရှိသတတ်။

## ဝါးချက်ဆရာတော် နှင့် ဆရာတော် ဦးရန်ကုန်

သက္ကရာဇ် ၁၂၅၇ - ခုနှစ် ဆောင်းအချိန်တွင် ဝါးချက်ဆရာတော်သည် ဗိမာန်ဘုံသာ ကျောင်းတော်ကြီး၏ စနုဆောင်၌ တပါးတည်း ဒူးပဆစ်ပေါ်တွင် ပေရွက်တင်၍ ကညစ်ကို ကိုင်ပြီး ဝိသုဒ္ဓိမဂ် မဟာဋီကာ နိသျကြီးကို ရေးသားတော်မူရာ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ နာမရူပပရိဂ္ဂဟ အဖွင့်သို့ ရောက်ရှိလေသည်၊ မန္တလေးမြို့ ဘုရားကြီးတိုက်မှ သဒ္ဒါကျမ်းတတ် အကျော် ဆရာတော် ဦးရန်ကုန်သည် ခရီးကြုံသောကြောင့် ရင်းနှီးခင်မင်သော မင်းကျောင်းဆရာတော်ထံ ဝင်လာ၍ အာလာပ သလ္လာပ ဓမ္မသာကစ္ဆာ နှီးနှော ပြောဆိုရင်း ဝါးချက်ဆရာတော်က ဝိသုဒ္ဓိမဂ်ဋီကာမှ သမယန္တရ ဖြစ်သော ပကတိ, ဒဗ္ဗ, ဇီဝ, ကာယ စသည်တို့ကို ပြဆိုရာ ပေတချပ်ကို ယူ၍ ဆရာတော် ဦးရန်ကုန်အား 'အဓိပ္ပာယ် သဘော ပြောပြပါရန် 'လျှောက်ထား၍ ပေးအပ်လေ၏၊ ဆရာတော် ဦးရန်ကုန်က ' သည်နေရာ၌ မိမိ ဉာဏ်အာရုံ မကျက်စားမိကြောင်း' လျှောက်ထားလေ၏၊ မန္တလေး ပြန်ရောက်၍ စာချသော အခါ 'စစ်ကိုင်းဖက်မှာ တော်စွာ လျှော်စွာ နေထိုင်ကြသလားဟု သဘောရရာ ဝါးချက်

ရွာ လေ့သင်း မင်းကျောင်း ဆရာတော်ဟာ တကဲ့ပုဂ္ဂိုလ်ဟော့၊ ငါတို့ ဉာဏ် အာရုံ မကျက်စားဘူးသော ကျမ်းဂန်လာ စကားများကို ငါ့အား ထုတ်ပြ လိုက်ပေသည်'ဟု ဆရာတော် ဦးရန်ကုန်က ချီးကျူး မိန့်ကြားလေသည်။

## ဝါးချက်ဆရာတော် နှင့် မိုင်းခိုင်း ဆရာတော်

သက္ကရာဇ် ၁၂၅၉ ခုနှစ် တပေါင်းလတွင် မန္တလေးမှ မိုင်းခိုင်း ဆရာ တော် နှင့် ရွှေရေးဆောင်တိုက် တိုက်အုပ် ဆရာတော်တို့သည် စစ်ကိုင်းသို့ သိမ်သမုတ် ကြွလာတော်မူကြရင်း ခရီးကြုံသဖြင့် ဝါးချက် မင်းကျောင်းသို့ လည်း ကြွလာတော်မူကြသည်၊ ဝါးချက်ဆရာတော်နှင့် မှတ်သား အောက် မေ့ဖွယ် ဝမ်းမြောက်ဖွယ် စကားစမည် ပြောပြီး 'ယခု ဝင်ရောက်လာရသော အကြောင်းမှာ အောက်မြန်မာပြည်၌ မထေရ်ကြီးတပါးက ဘုရားစေတီ ရင် ပြင်၌ ဘိနပ်စီးအပ်ကြောင်း ဟောပြောသောကြောင့် လူ ရှင် ရဟန်းတို့ အငြင်း အခုံ ဖြစ်ပွားကြ၍ ထိုဝိဝါဒ ငြိမ်းစေခြင်းငှာ ဝိနိစ္ဆယ ရေး၍ ပေးပါမည့် အကြောင်း တောင်းပန်စာတွေ များစွာ ရောက်နေပါသည်၊ ဤအရာ၌ တဦး တယောက်တည်း ဉာဏ်ဖြင့် ဆုံးဖြတ်ရန် မသင့်ဟု ယူဆသည့်ပြင် မင်း ကျောင်း ဆရာတော်၏သဘော မည်သို့ မည်ပုံ သက်ရောက်ကြောင်း သိလို သဖြင့် ဝင်လာကြောင်း' မိုင်းခိုင်းဆရာတော်က မိန့်တော်မူရာ ဝါးချက် မင်းကျောင်းဆရာတော်က 'တပည့်တော် စာသင်သား ဘဝက မန္တလေး စာချ အကျော်အမော်များထံ ၇–ရက်စီ စာလိုက်စဉ် အရှင်ဘုရားထံ၌လည်း ဋီကာကျော် ၇ - ရက် လိုက်ဘူးပါကြောင်း၊ အရှင်ဘုရားသည် တပည့်တော်၏ ဆရာ ဖြစ်ပါကြောင်းပါဘုရား 'ဟု လျှောက်ထားပြီး ဆက်လက်၍–

'စေတီရင်ပြင်၌ ဘိနပ် စီးအပ် မစီးအပ် ဟူသော ဝိဝါဒအရာ၌ ဝိနည်း တော်ပညတ် အလိုအားဖြင့် အရံတံတိုင်း အပိုင်းအခြား ရှိသော စေတီ၏ တံတိုင်း အတွင်း၌လည်းကောင်း တံတိုင်း အပိုင်းအခြား မရှိသော စေတီ၏ အရံထိုက်ရာ အပိုင်းအခြား အတွင်း၌လည်းကောင်း ဘိနပ် မစီးအပ်ပါ၊ သုတ္တန် ဒေသနာ အလိုအားဖြင့် စေတီတော်ကို မြင်ရာ အရပ်မှ ရှိသေသော စိတ်အားဖြင့် ဘိနပ် မစီးအပ်ပါ၊ အဘိဓမ္မာပိဋက အလိုအားဖြင့် ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုသော ကာလ၌ ဂါရဝစိတ်ထားဖြင့် ဘိနပ်မစီး အပ်ပါ'ဟူ၍ သဘောအားဖြင့် အမှန် ဖြစ်စေသော ဓမ္မဓိဋ္ဌာန်နည်းအားဖြင့် ဖြေကြားပြီးလျှင် ဆက်လက် လျှောက်ထားပြန်သည်မှာ–

' အောက်မြန်မာပြည်သို့ ရောက်စဉ် အဆိုပါ ဆရာတော်ကြီးမှာ နဝ ကမ္မတခု ပြုနေ၍ ရှိမခိုး ဦးမချပဲ ထိုင်နေရာ ဆရာတော်၏ အနီးရှိ ဒကာ များက သက်တော်ကြီး ဆရာတော်ကြီးအား အဘယ်ကြောင့် အာဂန္တု

ဘုန်းကြီးက ရှိမခိုးသနည်း စသည်ဖြင့် ကဲ့ရဲ့ကြပါသည်၊ ယင်းကဲ့ရဲ့သံကို ဆရာတော်ကြီးရော တပည့်တော်ရော ကြားသိပါသည်။

'ထိုအခါကျမှ အဆိုပါ ဆရာတော်ကြီးက ဘယ်နှစ်ဝါရပြီနည်း ဟု မေးရာ သိက္ခာဝါ အရှင်ဘုရားအောက် ငယ်ပါသည်ဟု လျှောက်ထားသော အခါ အဘယ်ကြောင့် ထေရ်ကြီး ဝါကြီးကို ရှိမခိုး ဦးမချပဲ နေသနည်းဟု မေးပြန်ရာ ရှိခိုး ဦးချ မပြုထိုက်သောကြောင့် ဦးမချသေးပါဘုရားဟု တပည့်တော်က ဖြေရာ ပါဠိသာဓက ရွတ်ဆို၍ ပြပါဟု ဆက်လက်၍ ဆရာတော်ကြီးက မိန့်ပါသည်ဘုရား၊ ထိုအခါ တပည်တော်က—

'အရှင်ဘုရားသည် စာတတ်အကျော် ဆရာတော်ဘုရားကြီးဟု သိပြီးဖြစ်သောကြောင့် လည်းကောင်း တပည့်တော်သည်လည်း စာသင်သားရဟန်းငယ်ကလေး မဟုတ်သောကြောင့် လည်းကောင်း တပည့်တော်သည် အချင်းချင်း စာငြင်းခုံတတ်သော ပုဂ္ဂိုလ်မျိုး မဟုတ်သောကြောင့် လည်းကောင်း အရှင်ဘုရားအား စူဠဝဂ္ဂ သေနာသနက္ခန္ဓကလာ ပါဠိကို လည်းကောင်း ပရိဝါ ဥပါလိပဉ္စကလာ ပါဠိကို လည်းကောင်း သာဓက ထုတ်ဆောင်၍ ရှိခိုးဦးချခြင်း မပြုထိုက်ကြောင်းကို ပြောဆိုရန် မလိုပြီ ဖြစ်ကြောင်းကို ပြန်ကြားပြီးမှ ဦးချ ရှိခိုးခြင်း မပြုမူ၍ ပြန်လာခဲ့ပါသည်' ဟု မင်းကျောင်းဆရာတော်က လျှောက်ထားရာ မိုင်းခိုင်းဆရာတော်က 'ဟုတ်ပေစွ-ဟုတ်ပေစွ-မိမိအား ရှိခိုး ဦးချရန် လာရောက်က ရှိခိုး ဦးချ ခံထိုက်အောင် အင်္ဂါ နှလုံးသွင်းတို့နှင့် ပြည့်စုံမှ ခံထိုက်ပေသည်' ဟု ပြောကြားပြီး 'ကိုင်း — ဆရာတော်ကလေး - သွားပါဦးမည်' ဟု နှုတ်ခွန်းဆက်သရာ ဝါးချက် မင်းကျောင်းဆရာတော်က 'ရှိခိုး ဦးချပါရစေဦးဘုရား' လျှောက်ထားပြီး မိုင်းခိုင်းဆရာတော်အား ရှိခိုး ဦးချလေသည်၊ မိုင်းခိုင်းဆရာတော်ဘုရားကြီးလည်း ရှိခိုး ဦးချခံတော်မူပြီး ပြန်ကြွတော်မူသည်။

## ဝါးချက်ဆရာတော် နှင့် တံဆိပ်ရဆရာတော် တပါး

ဝါးချက် ဆရာတော်ဘုရားကြီးသည် သိမ်သမုတ်ပွဲ တခုတွင် တံဆိပ်ရဆရာတော် တပါးနှင့် ဆုံမိလေသည်၊ တံဆိပ်ရ ဆရာတော်က ဗျဥ္ဇနဗုဒ္ဓိ ဆယ်ပါး ရွတ်ဖတ်ပုံများကို မင်းကျောင်းဆရာတော်အား မေးမြန်းရာ ခဏချင်း ဖြေကြားတော်မူပြီး ဗျဥ္ဇနဗုဒ္ဓိ ဟူသော အသံသဒ္ဒါများ အကြွင်းမဲ့ကုန်စင်ခြင်း မရှိသေး၊ နေတ္တိပါဠိတော်၌ လာရှိသော အက္ခရ, ပဒ, ဗျဥ္ဇန, နိရုတ္တိ, အာကာရ ဟူသော ဗျဥ္ဇန ၆-ပါးကိုလည်း နေတ္တိနည်းဖြင့် ဝေဖန်ဖြေကြားတော်မူရာ တံဆိပ်ရ ဆရာတော်မှာ များစွာ ရင်သပ် ရှုမောအံ့သြခြင်း ဖြစ်လေသည်၊ ဤသို့ဖြင့် ဝါးချက်ဆရာတော်ဘုရားသည် ပညာရှိပုဂ္ဂိုလ်တို့နှင့် တွေ့ဆုံရာ၌ ရဲရင့်လှစွာ ပြဿနာကို ဖြေနိုင်ပါပေသည်။

ဧဝံ ဘဒ္ဒန္တသောမော ဟိ၊ ပဏ္ဍိတောဝတိ ဝိသာရဒေါ။
မန္တနေ သဟ ကထနေ၊ နေကာသု ပရိသာသုပိ။

## ပျံလွန်တော် မူခြင်း

ဝါးချက် မင်းကျောင်း ဆရာတော်ဘုရားကြီးသည် သက်တော် ၇၄-နှစ် သိက္ခာတော် ၅၄-ဝါ အရ သက္ကရာဇ် ၁၂၈၈-ခု ပြာသိုလဆုတ် ၉-ရက် ဗုဒ္ဓဟူးနေ့ ၁၀-နာရီ အချိန်တွင် ဘဝနတ်ထံ ဝင်စံတော်မူသည်၊ ပျံလွန်တော် မမူမီ ၇-ရက် အလိုတွင် အလုပ်အကျွေး ရဟန်းတို့ကို 'နောက် ခုနစ်ရက် မြောက် ပြာသိုလဆုတ် ၉-ရက် ဗုဒ္ဓဟူးနေ့ညတွင် မရဏနိုင်ငံသို့ လိုက်ပါ ရမည် ဖြစ်ကြောင်း' မိန့်တော်မူသတတ်။

ဆရာတော်သည် စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံတော်မူသည်၊ ဘာဝနာ ကမ္မဋ္ဌာန်းကို လွန်စွာ ကြိုးပမ်း အားထုတ်တော်မူသည်၊ စာပေ၌လည်း လွန်စွာ ရဲရင့် ကျွမ်းကျင်တော်မူသည်၊ ဉာဏ်ပဋိဘာဏ် လွန်စွာ ထက်မြက် လှသည်၊ စာသင်ချိန်ကာလ လွန်စွာ မကြာပဲနှင့် ဆရာ့နည်းစုံရ ပညာ ရှိကြီး ဖြစ်သည်၊ နေတ္တိကို ထူးထူးခြားခြား နိုင်နင်းသဖြင့် 'လှေသင်း မင်းကျောင်း၊ နေတ္တိကောင်း၊ သိကြောင်း အစဉ်မှာ' ဟူသော ဥဒါန်း စကား ပေါ်ပေါက်ခဲ့သည်။

---

## တွင်း ကြီး ဆ ရာ တော် - အ ရှင် နေ မိ န္ဒ ရ ထေ ရ်

အရှင်နေမိန္ဒရထေရ်သည် ပိဋကသုံးပုံနှင့် တကွ အဘိဓာန်ကျမ်း, ဆန်း ကျမ်း,ဗျာကရုဏ်းကျမ်းတို့၌ လိမ္မာ တတ်မြောက်တော်မူသည့် သာသနာ့ ဝန်ဆောင် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူလေသည်။

### ဖွားမြင်ခြင်း-ရှင် ရဟန်းပြု ပညာသင်

စစ်ကိုင်းခရိုင် မြင်းမူမြို့ အနောက်ဖက် ၁၀-မိုင်ခန့် ကွာလှမ်းသော တွင်း ကြီးရွာ၌ အဖ ဦးပေါ်, အမိ ဒေါ်ညှင်းတို့မှ သက္ကရာဇ် ၁၂၃၅ ခုနှစ် နတ်တော်လဆန်း ၃-ရက် စနေနေ့ နှစ်ချက်တီးကျော် အချိန်တွင် ဖွားမြင် တော်မူခဲ့လေသည်၊ ငယ်နာမည် ဖိုးဆော့ ဖြစ်လေသည်၊ အရွယ်ရောက် သော် ရှင် ရဟန်း ပြု၍ သာသနာ့ဝန် ထမ်းဆောင်တော် မူခဲ့လေသည်၊ ရဟန်းဘွဲ့ ရှင်နေမိန္ဒရ ဖြစ်လေသည်။

'ဝိလာသာဘိ သီရိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' စသော ဘွဲ့တံဆိပ် တော် ၃-ထပ်ရ တွင်းကြီး တောင်ကျောင်း ပဌမ ဆရာတော်, အရှင်ပဇ္ဇီရ

ဗုဒ္ဓိ အမည်ရှိသော ညီတော် ဒုတိယ တွင်းကြီးဆရာတော်, ချောင်းဦးမြို့ ရွှေတောင်တောရ ဆရာတော် အရှင်ဂုဏ မဟာထေရ်မြတ်တို့၏ အထံတွင် ပိဋကတ် အခြေခံ ကျမ်းစာများနှင့် တကွ ပိဋကတ်ကျမ်းများကို သင်ယူ တတ်မြောက်တော်မူခဲ့လေသည်၊ ဝီရိယ ကဲလွန် ဉာဏ်လည်း ရဲရဲတောက် ထက်မြက်သည့် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

## ချောင်းဦးမြို့ - အင်းစိန် ဝါးတလိရွာ၌ စာချခဲ့

ဆရာတော် အရှင်နေမိန္ဒရသည် ချောင်းဦးမြို့ အရှေ့ဖက် ဇေတဝန် ကျောင်းတိုက်၌ ကြာမြင့်စွာ သီတင်းသုံးတော်မူ၍ စာသင်သား ရဟန်း သာမဏေတို့အား ပိဋကတ် ကျမ်းစာများကို ချပို့ကာ သာသနာပြုတော် မူခဲ့လေသည်၊ ၎င်းပြင် အင်းစိန်ခရိုင် ဝါးတလိရွာ ဆန်းကျောင်း၌လည်း သီတင်းသုံးတော်မူ၍ စာပေ ချပို့တော်မူခဲ့လေသည်။

## ကျမ်းဂန် ပြုစုခြင်း

ကျမ်းဂန် များစွာတို့ကို ပြုစုတော်မူခဲ့လေသည်၊ ၎င်းကျမ်းတို့မှာ—

၁ - နယသမုဋ္ဌာ ဆန်းဂဏ္ဍိကျမ်း
၂ - ပုဂ္ဂလာဒိဘေဒသင်္ဂဟကျမ်း
၃ - ပသာဒနီယ ဝိနိစ္ဆယကျမ်း
၄ - ဘာဝနာဝိဓိကျမ်း - စသည်တို့ ဖြစ်ကုန်၏။

## နယသမုဋ္ဌာ ဆန်းဂဏ္ဍိကျမ်းကြီး

ဖော်ပြပါ ကျမ်းများ အနက် နယသမုဋ္ဌာ ဆန်းဂဏ္ဍိကျမ်းကြီးမှာ ထူးခြား ကောင်းမွန် ပြည့်စုံ ကြီးကျယ်ဝန်းလှသည့် ဂန္ထဝင်မြောက်ကျမ်းစာကြီး ဖြစ် လေသည်၊ ယင်း နယသမုဋ္ဌာ ဆန်းဂဏ္ဍိကျမ်းကြီးကို ကိုယ့်အောက် သိက္ခာ ဝါ တဝါသာ ငယ်သော အရှင်သာဂရ မည်သော ရဟန်းတော် တောင်းပန် သဖြင့် သဒ္ဒါနည်း, ဆန်းနည်း, အလင်္ကာနည်း, နေတ္တိနည်းတို့ ပြည့်စုံစွာ တန်ဆာဆင်၍ ရေးသားတော်မူခဲ့လေသည်၊ ယင်းသို့ အရှင်သာဂရ၏ တောင်း ပန်သဖြင့် ရေးသားရကြောင်း - သဒ္ဒါနည်း, ဆန်းနည်း, လင်္ကာနည်း, နေတ္တိ နည်းတို့ဖြင့် ပြည့်စုံသောကြောင့် ယင်းနယသမုဋ္ဌာ မည်ကြောင်းကို —

မယေကောနေန ဝဿေန၊ သာဂရေန သုဘိက္ခုနာ။
ယာစိတော လိက္ခိတာ ဒယာ — ဝုတ္တောဒယသာ ဝဏ္ဏနာ။
ဂဏ္ဍိဉာယသာ ပုဏ္ဏတ္တာ၊ နယသမုဋ္ဌာ နာမကာ။

ဟူသော ၁-ဂါထာခွဲဖြင့် ဖော်ပြတော်မူခဲ့လေသည်၊ ယင်းနယသမုဋ္ဌာ ဆန်းဂဏ္ဍိ

ကျမ်းကို သက္ကရာဇ် ၁၂၆၇ - ခုနှစ် သီတင်းကျွတ်လဆန်း ၅-ရက် တနင်္လာနေ့တွင် အပြီးသတ် စီရင်တော်မူခဲ့လေသည်။

### အရိမေတ္တေယျ လက်ထက် ရဟန္တာ ဖြစ်လိုကြောင်း တောင်းဆုချွေ

ကျမ်းဂန် ပြုစုရသော ကောင်းမှုကြောင့် အရိမေတ္တေယျဘုရား လက်ထက်တော်တွင် တဏှာရန်ကို ပယ်နိုင်ကာ အာသဝေါကင်းကွာ ရဟန္တာ ပုဂ္ဂိုလ် စင်စစ် ဖြစ်ရလိုကြောင်း —

ဣမိနာ ပုညကမ္မေန။ မေတ္တေယျဿဝ သတ္ထုနော။
ကာလေ တဏှက္ခယံ ပတ္တော၊ ဟေဿံ ဓုဝံ ခီဏာသဝေါ။[၁]

ဟူသော ဂါထာဖြင့် တောင်းဆုချွေတော်မူခဲ့လေသည်၊ ယင်း နယသမ္ပုဏ္ဏာ ဆန်းဂဏ္ဌိ ကျမ်းကြီးမှာ ရှုိုင်ဆိုက် ၂-တွဲ ရှိလေသည်။

### ပျံလွန်တော်မူခြင်း

ယင်းသို့ဖြင့် စာပေကိုချ, ကျမ်းစာကို ပြုကာ သဗ္ဗညုမြတ်စွာ သာသနာကို ပြုတော်မူခဲ့သော အရှင်နေမိန္ဒရထေရ်သည် ၁၂၈၂ - ခုနှစ် ပြာသိုလဆုတ် ၁၄ -ရက် တနင်္လာနေ့တွင် အင်းစိန်ခရိုင် ဝါတလီရွာ၌ ပျံလွန်တော်မူခဲ့လေသည်။

နေမိန္ဒရော မဟာထေရော၊ ဆေကော တိပိဋကေ ဝိဒ္ဒူ။
မုနိနော သာသနံ ကတွာ၊ ကိတ္တိသေသတ္တမဂမာ။

---

## မန္တလေး - ပဒုမ် ရွှေအင်ပင်ဆရာတော်
### အရှင်ဇဝန မဟာထေရ်

ဆရာတော်သည် မန္တလေးမြို့ အနောက်ပြင် ရွှေအင်ပင်ကျောင်းတိုက်ကြီး ၂ - တိုက်ကို စတင် တည်ထောင်ခဲ့သည့် မထေရ်မြတ် ဖြစ်လေသည်။

### ဖွားမြင်ခြင်း - ရှင် ရဟန်း ပြုခြင်း

စစ်ကိုင်းမြို့ မြောက်ဖက် တယူဇနာခွဲခန့် ကွာလှမ်းသော စာရေးရွာ၌ အဖ ဦးအောင်မင်း အမိ ဒေါ်ယုတို့မှ သက္ကရာဇ် ၁၂၀၆ ခု နှောင်းတန်ခူးလဆန်း ၇ - ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်၊ ငယ်မည် မောင်စံလှ ဖြစ်လေသည်။

---

၁။ နယသမ္ပုဏ္ဏာဆန်းဂဏ္ဌိ၊ ၂—၂၄၁။

၇ - နှစ်သား အရွယ်က စ၍ စစ်ကိုင်း ရတနာထွတ်ခေါင်ဆရာတော်ကြီးထံ ရောက်ရှိ၍ ဖိုးသူတော် ဝတ်၍ ပညာ သင်ကြားတော်မူခဲ့လေသည်၊ ၁၀ - နှစ်သား အရွယ်တွင် ရှင်ဇဝန ဟူသော အမည်ဖြင့် ရှင်သာမဏေ ဝတ်ခဲ့လေသည်၊ ရှင်ဇဝနသည် မန္တလေးမြို့ အနောက်ပြင် စကုတိုက်သို့ ရောက်ရှိတော်မူကာ 'မုနိန္ဒာဘိ သိရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ စကုဆရာတော်ဘုရားကြီးထံ ပညာ သင်ကြားခဲ့လေသည်၊ သက်တော် ၂၀ - တွင် ရဟန်းပြုတော်မူခဲ့လေသည်၊ ရဟန်းဘွဲ့ အရှင်ဇဝန ဖြစ်လေသည်။

## ဆက်လက် ပညာသင်


ရဟန်း ဖြစ်ပြီးနောက် 'မဏိဇောတ သဒ္ဓမ္မာလင်္ကာရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ခင်မကန်ဆရာတော် - 'သုဒဿနဓဇ အတုလာဓိပတိ သိရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇာဂုရု' စံကျောင်းဆရာတော်- 'ကလျာဏဝံသ သာသနဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' စလင်းဆရာတော် - 'ဂုဏာဘိလင်္ကာရဓဇ သိရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' အကောက်ဝန်ဆရာတော်တို့ထံ ပညာ သင်ကြားခဲ့လေသည်။

## ရွှေအင်ပင်တောင်ကြွ - ရွှေအင်ပင်တိုက်များ အလှူခံခြင်း

ပညာ သင်ကြားပြီးနောက် စစ်ကိုင်းခရိုင် ရေတွင်းခေါင်း ညောင်ပင်ရွာ အနီးရှိ ရွှေအင်ပင်တောင်သို့ ကြွရောက် သီတင်းသုံးတော်မူခဲ့လေသည်၊ သီပေါမင်း ပါတော်မူပြီးနောက် ၁၂၄၀ - ခုနှစ်တွင် မန္တလေးမြို့ ကြွတော်မူကာ လှေသင်းအတွင်းဝန် မြို့စား မင်းကြီး သီရိမဟာဇေယျကျော်ထင်၏ ဥယျာဉ်တွင်းကျောင်း၌ သီတင်းသုံးတော်မူသည်၊ ၎င်းနောက်တွင် ပဌမ ရွှေအင်ပင်ကျောင်းတိုက် တည်မည့် နေရာ ဦးပေစိဘုရားဝင်း အတွင်း၌ သီတင်းသုံးတော်မူခဲ့လေသည်၊ ယင်းသို့ ရှေးဦးစွာ သီတင်းသုံးရာ ကျောင်းတိုက်သည် ပဌမ ရွှေအင်ပင်ကျောင်းတိုက် ဖြစ်လာလေသည်၊ တဖန် တရုပ်သူဌေး ဦးစက်ရှင် သူဌေးကတော် မမဘွားတို့ လှူဒါန်းသော ဒုတိယ ရွှေအင်ပင်ကျောင်းတိုက်ကြီးကိုလည်း အလှူခံတော်မူရလေသည်။

## စာပေပို့ချ - တရားဟော - တရားအားထုတ် - ပျံလွန်

ဆရာတော် အရှင်ဇဝနသည် စာပေ ပို့ချတော်မူ၏၊ ပဋိပတ် အကျင့်ကိုလည်း အားထုတ်တော်မူသည်၊ ဒကာ ဒကာမတို့အားလည်း တရားဟောတော်မူလေ့ ရှိသည်၊ ဆရာတော် ဟောစဉ်များကို မန္တလေးမြို့မှ ဒါယကာကြီး ဦးခင်က 'နိဗ္ဗာနမဂ္ဂကထာကျမ်း' အမည်ဖြင့် စာအုပ် စီစဉ်ခဲ့လေသည်။



စစ်ကိုင်း မဟာဂန္ဓာရုံဆရာတော်

အရှင်ဥတ္တရ   မဟာထေရ်

ဆရာတော်သည် စစ်ကိုင်းခရိုင် စာရေးရွာ၌ သီတင်းသုံးတော်မူစဉ် သက်တော် ၆၈ - နှစ် သိက္ခာတော် ၄၈ - ဝါ ရှိရာ ၁၂၇၄ - ခု ဒုတိယ ဝါဆိုလဆန်း ၁ - ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်။

ဘဒန္တဇဝနော ထေရော၊ ခုရဒ္ဓယေသု သံယုတော။
သာသနံ ဇောတယိတွာန၊ ဂတော ဒေဝသဟဗျတံ။

---

## စစ်ကိုင်း - မဟာဂန္ဓာရုံဆရာတော်
### အရှင်ဥတ္တရ မဟာထေရ်

ဆရာတော်သည် စစ်ကိုင်း တောင်ရိုး၌ ကမ္မဋ္ဌာန်း ဘာဝနာ အလုပ်ကို ကြိုးကုတ် လုံးပမ်းသူ ဘာဝနာနုယောဂီ ပုဂ္ဂိုလ်မြတ် အဖြစ် ထင်ရှားတော်မူခဲ့လေသည်။

### ဖွားမြင် - ရှင် ရဟန်း ပြု - ပညာသင်

မကွေးမြို့၌ သက္ကရာဇ် ၁၂၂၀ - ပြည့်နှစ် တော်သလင်းလဆန်း ၄ - ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ မကွေးမြို့ ဂုံတောဆရာတော်ထံ၌ ရှင်သာမဏေ ဝတ်ကာ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ဂုံတောဆရာတော်ထံ၌ ၅ - ဝါမျှ ကြာသည်ဟု သိရ၏။

သက်တော် ၂၀ - ပြည့်မြောက်သော အခါ ရဟန်းပြုတော်မူခဲ့လေသည်၊ ရဟန်းဝတ်ဖြင့် ဂုံတောဆရာတော်ထံ၌ ၅ - ဝါ ဆက်လက် သီတင်းသုံးတော်မူ၍ စာပေ ပရိယတ်ကို သင်ယူတော်မူခဲ့လေသည်၊ အိမ်မဲမြို့ ဦးပုည, ဒေးဒရဲ ချောင်းဖျားရွာ ဆရာတော် ဦးဝိမလ, ကွမ်းခြံကုန်းမြို့ မဟာဝုန်ဆရာတော် ဦးဇဝနဗုဒ္ဓိ, မန္တလေး မဟာဝိသုဒ္ဓါရာမ ဆရာတော်တို့ထံ၌လည်း ဆက်လက် နေထိုင် ပညာ သင်ကြားတော်မူခဲ့လေသည်။

### စစ်ကိုင်းတောင်ရိုးကြွ - တရားကျင့်

ရဟန်းသိက္ခာ ၁၀ - ဝါ ရရှိရာ ၁၂၅၇ - ခု ဝါဆိုလဆန်း ၄ - ရက်နေ့တွင် စစ်ကိုင်းတောင်ရိုးသို့ ကြွတော်မူခဲ့လေသည်၊ ဦးစွာ ပဌမ ဂန္ဓာရုံချောင်, အရှေ့ ဂန္ဓာရုံချောင်, မဟာဂန္ဓာရုံချောင်, မဟာသုခချောင်များသို့ အစဉ်အတိုင်း ရွှေ့ပြောင်း သီတင်းသုံးတော်မူကာ ဘာဝနာကမ္မဋ္ဌာန်း အလုပ်ကို ကြိုးပမ်း အားထုတ်တော်မူခဲ့လေသည်၊ တပည့် တပန်း လူ ရှင် ရဟန်းတို့အားလည်း ကမ္မဋ္ဌာန်းတရား နည်းပေးတော်မူခဲ့လေသည်။

## ဒိနိဗ္ဗာနမဂ္ဂ ဒီပနီကျမ်း

ဆရာတော်သည် ပုသိမ်မြို့ ပုသိမ်ဆရာတော်ဘုရား, ရန်ကုန်မြို့ ကျောင်းတော်ရာဆရာတော်ဘုရား, စစ်တွေမြို့သား ရွှေစေတီ ဘုန်းတော်ကြီး ဦးတေဇာရာပ, အိန္ဒိယပြည်သား ဦးဓမ္မနန္ဒ, အင်္ဂလိပ်လူမျိုး ဗုဒ္ဓဘာသာရဟန်းတော်များ ဖြစ်ကြသော ဦးဉာဏတိလောက, သာမဏေ အင်္ဂလိပ်လူမျိုး ရှင်တေဇဝံသ စသူတို့၏ တောင်းပန်ခြင်းကို အကြောင်းရင်း မူလ ပြု၍ နိဗ္ဗာနမဂ္ဂဒီပနီကျမ်းကို ရေးသား စီရင်တော်မူခဲ့လေသည်၊ ယင်းကျမ်းမှာ ဒီမိုင်းဆိုက် စာမျက်နှာ ၃၄၀ - ကျော် ရှိလေသည်။ [၁]

နိဗ္ဗာနပတ္တသမ္ဘုဒ္ဓံ၊ နိဗ္ဗာနဂံတိဝန္ဒိယ။
ဓမ္မံ သံဃဥ္စ ကဿာဟံ၊ နိဗ္ဗာနမဂ္ဂဒီပနိံ။

ဟူသော ဂါထာဖြင့်လည်း ထပ်မံ၍ ရတနတ္တယပဏာမ, ပဋိညာဉ် ပြုတော်မူ၍ ရေးသားတော် မူခဲ့လေသည်၊ ယင်း ကျမ်းကို ရေးသား စီရင်ချိန်မှာ သက်တော် ၅၀ - ဝါတော် ၃၁-ဝါရက ဖြစ်လေသည်။ နိဂုံး၌ —

ဝိသုဒ္ဓါစာရသံဃဿ၊ ဝိသုဒ္ဓါစာရနာယကော။
ဝိသုဒ္ဓါစာရနာမိကော၊ ဝိသုဒ္ဓါစာရနာယကော။

အတ္ထိ ယော သော မဟာထေရော၊ တတ္ထေရဿန္တေဝါသိနာ၊
သီလာဒိဂုဏသေဋ္ဌဿ၊ ဝိသုဒ္ဓါရာမဝါသိနော။

ယာစိတာ သုခကာမေဟိ၊ တေသမတ္ထာယ မေ မယာ။
ဂန္ဓာရာမေ ဝသန္တေန၊ မဟာထေရေန သံခတာ။
ဝိစိတြနယသမ္ပုဏ္ဏာ၊ နိဗ္ဗာနမဂ္ဂဒီပနီ။

မာဃပုဏ္ဏာသူရဇ္ဇမှိ၊ သက္ကရာဇေဟတက္ခယံ။
သမ္ပတ္တေ နိဋ္ဌိတာ တေန၊ တမံ ဇဟန္တု ပါဏိနော။

ဟူသော ဂါထာများဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်၊ ဆရာတော်ကား ပရိယတ် ကုံလုံ ပဋိပတ် ပြည့်စုံသည့် သာသနာ့ဝန်ဆောင်ပါပေတည်း။

## ပျံလွန်တော်မူခြင်း

ပဋိပတ် အလုပ်ကို ကြိုးကုတ်စဉ် သက်တော် ၆၁ - သိက္ခာတော် ၄၂-ဝါ ရရှိရာ ၁၂၈၁- ခုဝါခေါင်လဆုတ် ၈ - ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်။

ဘဒန္တဥတ္တရော ထေရော၊ ဥတ္တရော ဗုဒ္ဓသာသနေ။
ဥတ္တရံ သော ကရိတွာန၊ ဥတ္တရဘုဝနံ ဂတော။

---

၁။ ဤစာပြုသူသည် ၁၉၃၆ - ခုနှစ် ရတနာသိဒ္ဓိပုံနှိပ်တိုက်ရိုက် စာမူကို မန္တလေး၌ ကြည့်ရှုရ၏။

## သက်တော်ရှည် - ချမ်းအေးဆရာတော်

ချမ်းအေးဆရာတော်သည် သက်တော် ၉၂ - နှစ်တိုင် ရှည်ကြာအောင် အနှစ်ရှည်ကြာ တည်နေတော်မူလျက် သာသနာပြုတော်မူခဲ့သည်။

ပဋိပတ္တိဝန်ဆောင် မဟာဂန္ဓာရုံချောင် ဆရာတော်ဘုရားနှင့် သက္ကရာဇ် ၁၂၅၇ - ခုနှစ်တွင် စစ်ကိုင်းတောင်ရိုးသို့ ထွက်ကြွတော်မူခဲ့သည်မှ စ၍ ဝိပဿနာကမ္မဋ္ဌာန်း အလုပ်ကြိုးကုတ် အားထုတ်ရာ ယုတ္တယောဂ ယောဂီပုဂ္ဂိုလ်မြတ်ကြီး အဖြစ်ဖြင့်လည်းကောင်း ဓုတင်ကျင့်ဝတ် မချွတ်ကုံလုံ ပြည့်စုံသောပုဂ္ဂိုလ်မြတ်ကြီး အဖြစ်ဖြင့်လည်းကောင်း ထင်ရှားသော ဆရာတော်ကြီး ဖြစ်လေသည်။

ဂန္ဓာရုံဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် စစ်ကိုင်းတောင်ရိုးရှိ ရွှေကျင်ဂိုဏ်း သံဃာတော်များ၏ အကြီးအချုပ် ဖြစ်တော်မူသည်၊ အရွယ်တော် ရင့်ညောင်း ဇရာထောင်းသော အခါ အတိသုဒ္ဓါရုံ ဆရာတော်ကြီးအား ဂိုဏ်းသံဃာ အုပ်ချုပ်မှု ကိစ္စ အဝဝကို လွှဲအပ်တော်မူသည်။

မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးကိုလည်း မြောင်းမြဆရာတော်အား လွှဲအပ်တော်မူသည်၊ သက်တော် ၉၂၊ ဝါတော် ၇၂ - ဝါ ရရှိရာ ၁၃၁၃ - ခုနတ်တော်လဆုတ် ၁၀ - ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်။

ချမ်းအေးမဟာစရိယော ဟိ၊ ယုတ္တယောဂေါ ဝိပဿကော။
ဓုတင်္ဂဓရော စ သော အာသိ၊ ဇိနသာသန ဇောတကော။
ပသိဒ္ဓေါ ရွှေကျင်ဝံသမှိ၊ ရွှေကျင်ထေရသမုဒ္ဒိတော။

---

# ဒွါဒသမပိုင်း

## ဒုတိယ - မင်းခင်းဆရာတော်

### အရှင်ဝိစာရိန္ဒ မဟာထေရ်

အရှင်ဝိစာရိန္ဒ မဟာထေရ်မြတ်ကား ရုပ် နာမ် နှစ်ပါး ဖြစ်လား ပျက်လား တဘွားဘွားနှင့် တန့်နားမပြု ဘေးအစုကို စေ့စေ့ငုငု ဉာဏ်စက္ခုဖြင့် ရှုမြင်လေ့ ရှိသော ပုဂ္ဂိုလ် မှန်လှပေ၏။

### ဖွားမြင် - ပညာသင် - ရှင် ရဟန်း ပြု

ဗန့်ကျီတိုက် ကျိုင်းခမောက်ရွာ၌ ၁၂၂၀ - ခုနှစ်ခန့်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ကျောင်းသားဝတ် - ရှင်သာမဏေဝတ်ဖြင့် လက်တောင်းကြီးရွာ မင်္ဂလာ

ဘုံပျံဆရာတော်, ပန်းထူးရွာ မဏိရတနာပုံဆရာတော်တို့ထံတွင် ပညာ သင်ကြားတော်မူခဲ့လေသည်၊ သက်တော် ၂၀ - တွင် ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခဲ့လေသည်။

**ရာဇဂုရု ၂ - ထပ်ရ မင်းခင်းဆရာတော်ထံ**

ရဟန်း ဖြစ်ပြီးနောက် မန္တလေးမြို့ မြောက်ပြင် မင်းခင်းတိုက်၌ ယာပိုက်မျှတော်မူသော 'ဝိမလာစာရာဘိဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' တံဆိပ်တော် 'ဝိမလာစာရာတိ ကဝိဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' တံဆိပ်တော်အားဖြင့် တံဆိပ်တော် ၂ - ထပ်ရ မင်းခင်းဆရာတော်ဘုရားကြီးထံ ရောက်ရှိ၍ ပညာသင်ကြားတော်မူခဲ့လေသည်၊ ရဟန်းသိက္ခာ ၅ - ဝါ အရတွင် ဒုတိယစာချ အဖြစ် သီပေါမင်းတရား၏ ကိုးကွယ်ခြင်းကို ခံယူတော်မူရလေသည်။

**နေရာ အသီးသီးတို့၌ စာပေ ချပို့ခဲ့**

သီပေါမင်း ပါတော်မူပြီးနောက် ချောင်းဦးမြို့နယ် ကိုးဆယ်ရွာ၌ စာပေ ချပို့တော်မူခဲ့လေသည်၊ ၎င်းနောက် ကန္နီမြို့ တောင်ဖက် ကုန်းရွာကြီး၌လည်းကောင်း မုံရွာမြို့ မင်းခင်းတိုက်၌လည်းကောင်း စာပေ ချပို့ သာသနာပြုတော်မူခဲ့လေသည်။

**စစ်ကိုင်း တောင်ရိုးကြ - တရားကျင့်**

သက္ကရာဇ် ၁၂၇၃ - ခုလောက်တွင် မုံရွာမြို့ မင်းခင်းတိုက်မှ စစ်ကိုင်းတောင်ရိုး မင်္ဂလာစေတီတောင်၏ လက်ျာဖက် ဇေယျာဘူမိချောင် ချရားပင် ( ချရားပင် ရောက်ရာ ) လိုဏ်၌ သီတင်းသုံးတော်၍ ပဋိပတ် အလုပ်ကို အပတ်တကုတ် ကျင့်ကြံတော်မူခဲ့လေသည်၊ တကယ့်ကို နိဗ္ဗာန် မဂ် ဖိုလ်ကို အလိုရှိတော်မူသည့် ယောဂီမြတ်ကြီး ဖြစ်ကြောင်း သိရလေသည်၊ အရိယာပုဂ္ဂိုလ် ဖြစ်တန်ရာသည်ဟုလည်း မှန်းဆကြကုန်၏၊ ဆရာတော်ဘုရားကြီးသည် ကျမ်းဂန်များကိုလည်း ရေးသား ပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့မှာ —

၁ - ဋီကာကျော် ဂဏ္ဌိသစ်ကျမ်း
၂ - ကမ္မဋ္ဌာန်း ကျမ်းငယ်
၃ - ဝိပဿနာနယ ဒီပနီကျမ်း။
၄ - နိဗ္ဗာန ဝိနိစ္ဆယကျမ်း - စသည်တို့ ဖြစ်ကုန်၏။

**ဋီကာကျော် ဂဏ္ဌိသစ် ကျမ်းကြီး**

ဋီကာကျော် ဂဏ္ဌိကျမ်းမှာ သက္ကရာဇ် ၁၁၆၉ - ခုနှစ်က အရှင်အာဒိစ္စဝံသာဘိဓဇထေရ်၏ ဋီကာကျော်ဂဏ္ဌိ စသည်ကို ထောက်၍ ဋီကာကျော်ဂဏ္ဌိသစ် မည်လေသည်။

သီဟိုဠ်ကျွန်း အရှင်သုမင်္ဂလသာမိ ပြုစုခဲ့သော ဋီကာကျော်ကျမ်းကို 'အဂ္ဂမဟာပဏ္ဍိတ' လယ်တီဆရာတော်ဘုရားကြီးသည် ပရမတ္ထဒီပနီ ကျမ်းဖြင့် အပြစ် အမှား ထောက်ပြ၍ ဝေဖန် တိုက်ခိုက်တော်မူခဲ့လေသည်၊ မင်းခင်း ဆရာတော် ဘုရားကြီး အရှင်ဝိစာရိန္ဒ မထေရ်သည် ယင်း ၂-ကျမ်းတို့ကြားက ဖြန်ဖြေသည့်အလား ဤကျမ်းကို ရေးသားတော်မူခဲ့လေသည်။

မင်းခင်း ဆရာတော်ဘုရားကြီးသည် 'အရှင်သုမင်္ဂလသာမိ၏ အဘိဓမ္မတ္ထဝိဘာဝိနီ မည်သော ဋီကာကျော်ကျမ်း၌ ပမာဒ လိခိတ ဌာန ၉-ဌာနမျှ ရှိ၏' ဟု မိန့်ဆိုတော်မူခဲ့လေသည်၊ 'ပရမတ္ထဒီပဏီ ( ပရမတ္ထဒီပနီ ) ဋီကာသစ်၌ ပမာဒ လိခိတ ဌာနပေါင်း ၉၇-ဌာန ရှိ၏' ဟု ဖော်ပြတော်မူခဲ့လေသည်၊ 'ထို ပရမတ္ထ ဒီပနီ ဋီကာသစ်၌ ဋီကာကျော်ကို ပယ်ဖျက်စွဲ တိုက်ခိုက် အရာဌာနများ အနက် ၄၆၊၄၇၊၄၀၊၅၀၊၅၉၊ ၇၃၊၁၄၅၊၁၄၆၊၁၄၇ ဟူသော ၉-ဌာနသာ ဟုတ်မှန်သည်ဟု ထင်မိကြောင်း' ဖော်ပြတော်မူခဲ့လေသည်၊ 'ကြွင်းကျန်သော စွဲဆိုချက် ၂၂၀-ဌာနတို့ကား မဟုတ်မမှန် ဖောက်ပြန်သော မှားယွင်းချက်တို့သာတည်း' ဟု မိန့်ဆိုတော်မူခဲ့လေသည်၊ ထို့ကြောင့် 'ဒီပနီ ဋီကာသစ်၌ ပမာဒ လိခိတ ဌာန ၉၇-ဌာန, စွဲချက်မှားသော ဌာန ၂၂၀-ဌာန ၂-ရပ်ပေါင်း (၉၇+၂၂၀=၃၁၇) သုံးရာ့နှစ်ဆယ့်ငါးဌာန ရှိကြောင်း' ဖော်ပြတော်မူခဲ့လေသည်။

ဆရာတော်သည် ကျမ်းဦး၌—

ဗုဒ္ဓံ သဗ္ဗညုတဉာဏံ၊ ဓမ္မံ သမ္မောဟနာသကံ။
ဝန္ဒိတွာ နိမ္မလံ သံဃံ၊ ပုညခေတ္တံ အနုတ္တရံ။
ဝိနယာစာရသံယုတ္တံ၊ ဓီရံ နာနာဂန္ထကာရကံ။[၂]
ဂုရုဉ္စ မမ သိရသာ၊ ဂဏ္ဌိပဒံ ကရိဿာမိ။
ဝိဘာဝနီသမညာယ၊ ဝဏ္ဏနာ ဂဏ္ဌိပဒေ။
သမ္မောဟဇနကောဌာနေ၊ သာရတ္ထဒီပကံ သုံဘံ။
အဘိယာစနမာရဗ္ဘ၊ ဝုဍ္ဎိကာမဿ သာသနံ။
နာမံ ပဒုမသညီနော၊ အန္တေဝါသိက ဘိက္ခုနော။
ဓရတေဝ နယော ဒါနိ၊ တံ နိဿာယေဝ သာဓုကံ။
ဗဟု သောတုနမတ္ထာယ၊ တံ မေ သုဏန္တု သာဓဝေါ။

ဟူသော ၅-ဂါထာဖြင့် ရတနတ္တယပဏာမ, ဂုရုပဏာမ, အဘိယာစက, ပဋိညာဉ် စသည်တို့ကို ပြတော်မူခဲ့လေသည်။

---

၁။ မင်းခင်း ဋီကာ ဂဏ္ဌိသစ်—၄၄၀။ (၁၂၀၂-၃ မန္တလေး၊ ပညာသိပ္ပံပုံနှိပ်တိုက် ရိုက်)။
၂။ အက္ခရာပို၏၊ မူရင်း အတိုင်း ဖော်ပြသည်။

ကျမ်း၏ အဆုံး၌လည်း စုဏ္ဏိယ ဖြစ်သော ပါဠိ မြန်မာ နိသျှတို့ဖြင့် နိဂုံးအုပ် အထွတ်တပ်တော်မူခဲ့လေသည်၊ 'ထိုဂဏ္ဌိကာရ ဉာဏသမ္ပယုတ် ကုသိုလ်သည် နောင်အဖို့ ရအပ်လတ့်သော အရိယမဂ်ဉာဏ်အား ကြီးစွာသော ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည် ဖြစ်ပါစေ' ဟု တောင်းဆုချွေတော်မူခဲ့လေသည်၊ ယင်းကျမ်းကြီးမှာ ရှိုင်ဆိုက် မန္တလေးမြို့ ၁၂၈၂-ခုနှစ် ပညာသိပ္ပံပုံနှိပ်တိုက်ရိုက် ၄၄၃ -မျက်နှာ ရှိလေသည်။

## ကမ္မဋ္ဌာန်း ကျမ်းငယ်

ကမ္မဋ္ဌာန်းကျမ်းငယ်ကိုလည်း ပြုစုတော်မူခဲ့လေသည်၊ ယင်းကမ္မဋ္ဌာန်းကျမ်းငယ်မှာ တကယ်ပင် ငယ်သော အိတ်ဆောင် ကျမ်းကလေး ဖြစ်၏၊ စာမျက်နှာ ၁၆ - မျက်နှာမျှသာ ရှိလေသည်၊ သို့ရာတွင် တရားဓမ္မ အရသာ အပြည့်အဝ ပါရှိသော ကျမ်းကောင်း ကျမ်းမွန် ဖြစ်လေသည်၊ သက္ကာယဒိဋ္ဌိ ရှင်းပုံနှင့် စပ်၍ ယင်းကျမ်းငယ်၌ အောက်ပါအတိုင်း ဖော်ပြတော်မူခဲ့လေသည်။

## သက္ကာယဒိဋ္ဌိ ကင်းရှင်းပုံ

ရုပ်, ဝေဒနာ သညာ, သင်္ခါရ ဝိညာဏဟု ငါးဝခန္ဓာ စိတ်စိတ်ဖြာလျက် သံသာရဝဋ္ဋ ဒုက္ခအပေါင်း ခိုအောင်းတည်ရာ ဓာတ်မျှသာဟု ရှုကာစေ့ရေ ဓာတ်မှုန့်တွေကို သခ်ျေသချာ ရေတွက်ရာ၏ ကောင်းစွာစီမံ ကံနှင့်စိတ်စု ဥတု, အာဟာရ ပစ္စယအပေါင်း ရုပ်ဖြစ်ကြောင်းမှာ လေးပါးသာတည်း ဖြစ်လာရုပ်စု ဓာတ်မှုန့်ပြုသော် ပရမာဏုမြူ အလားတူစွာ ခွဲစိတ်ဖြာလျက် ရှုကာထိုထို ဤကိုယ်ကာယ တလံမျှ၌ ထဒ္ဓလက္ခဏာ = ခိုင်မာခြင်း သဘောရှိသော ပထဝီဓာတ်မှုန့် လေးသခ်ျေ၊ ပဂ္ဃရဏလက္ခဏာ = ယိုစီးခြင်း သဘော ရှိသော အာပေါဓာတ်မှုန့် လေးသခ်ျေ၊ ဥဏှလက္ခဏာ = ပူခြင်း သဘော ရှိသော တေဇောဓာတ်မှုန့် လေးသခ်ျေ၊ ဝိတ္ထမ္ဘန လက္ခဏာ = ထောက်ပံ့ခြင်း သဘော ရှိသော ဝါယောဓာတ်မှုန့် လေးသခ်ျေ၊ ဝဏ္ဏဓာတ်မှုန့် လေးသခ်ျေ၊ ဂန္ဓဓာတ်မှုန့် လေးသခ်ျေ၊ သြဇာဓာတ်မှုန့် လေးသခ်ျေ၊ တွက်ရေမျှားလစ် သုံးဆဲ့နှစ်ဟု စိစစ်ပြီးခါ ကမ္မဇာသက်သက် ရောယှက်မပြု စက္ခု, သောတ ဃာန, ဇိဝှာ ကာယ, ဟဒယ ဘာဝ, ဇီဝိ ရဘိရှစ်ခု ရုပ်အစုမှာ သချ်ာမျှစေ တသခ်ျေစီ တူညီပေါင်းတ ကိုယ်ကာယ၌ စုဏ္ဏ စုဏ္ဏ ဝိစုဏ္ဏ ဟု မှုန့်မှုန့်ညက်ညက် နှလုံးပြု၍ ရှုကြည့်ခါဝယ် လေးဆယ်သခ်ျေ ဓာတ်မှုန့်တွေကို ထင်စေမြင်စေ ရှုစမ်းစေလော့ ယွေ့ထွေ့ ဉာဏ်လောင်း ဦးခေါင်းခြေလက် ငါးချက်စုရုံး တကိုယ်လုံး၌ အသုံး

မကျ ဤကာယမှာ ခ၁တ်မျှသာတည်း အချိန်နှီးဟု ထင်ပြီးနောက်မှ ဒွါရအာရုံ ထိခိုက်ကြုံ၍ ဖြစ်တုံပေါ်မှု နာမ်မှုန့်စုကို ဤသို့ရှုမှ ဖဿ, ဝေဒနာ သညာ, ဝိညာဉ် ဖြစ်စဉ်ထင်ရှား တဖွားဖွားနှင့် ထွားထွား ညက်ညက် ဖြစ်ပျက်အစဉ် စိတ်ဝယ်ထင်သော် ဉာဏ်ထွင်ယူဆ ရုပ္ပ နလက္ခဏာ ရုပ်သဘောမှာ ဖောက်ပြန်တတ်ချေ နမနလက္ခဏာ နာမ်သဘောမှာ အာရုံသို့ကပ် ညွတ်ကိုင်းတတ်ချေ ရုပ်အသင်္ချေ နာမ်အသင်္ချေ ဓာတ်မှုန့်တွေကို ခွဲဝေနှလုံး ဉာဏ်ဖြင့် ကျုံး၍ ကိုယ်လုံးနှံ့ပြား ဓာတ်မှုန့်များကို ဤကားမိန်းမ ဤကားယောကျ်ား ဤကားမည်သူ ဤကားမည်ဝါ မဆိုသာချေ မွမွကြေလျက် မှတ် လေသောင်းပြောင်း ဓာတ်ပေါင်းဓာတ်စု မြင်အောင်ရှုသော် ငါဟု ယူခြင်း ဒိဋ္ဌိကင်းသည်။ ။သန့်ရှင်းသုဒ္ဓိ စင်ကြောင်းတည်း။

ဤကား မင်းခင်းဆရာတော်ဘုရားကြီး အရှင်ဝိစာရိန္ဒ၏ ကမ္မဋ္ဌာန်းကျမ်း ငယ်လာ သက္ကာယဒိဋ္ဌိရှင်းပုံပေတည်း။

ယင်းကမ္မဋ္ဌာန်းကျမ်းငယ်ကို သာသနာ့ဝင် စာတော်ဖတ်တို့ ရှာဖွေ လေ့လာ ကြည့်ရှုရာသတည်း။

## ဝိပဿနာနယ ဒီပနီကျမ်း

ဝိပဿနာနယဒီပနီကျမ်းမှာ ပြည့်စုံ ကောင်းမွန်သည့် ကျမ်းကောင်း တဆူ ဖြစ်လေသည်၊ တကယ်တမ်း ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းလိုသူ သည် မင်းခင်းဆရာတော်ဘုရားကြီး၏ ဝိပဿနာနယဒီပနီကျမ်းကို ကြည့်ရှု လေ့လာ၍ ပြည့်စုံစွာ အားထုတ်နိုင်ရာသည်၊ ယင်းကျမ်းဖြင့် မင်းခင်းဆရာ တော်ဘုရား၏ ဝိပဿနာဉာဏ် သန်မာသန့်ရှင်း ထက်မြက်ပုံကိုလည်း သိနိုင် လေသည်။

## နိဗ္ဗာန ဝိနိစ္ဆယကျမ်းကြီး

နိဗ္ဗာနဝိနိစ္ဆယကျမ်းကြီးမှာ နိဗ္ဗာန်နှင့် စပ်၍ ဟုတ်မှန်စွာ သိမှတ်လိုသူ တို့ အဖို့ အဖိုးမပြတ်နိုင်သော ကျမ်းစာတည်း၊ သို့ရာတွင် စာအုပ် အဖြစ် သို့ မရောက်ခဲ့ပဲ ရှိလေသည်၊ ကျမ်းကြီး ပုံမနှိပ်မီ ဆရာတော်မှာ ပျံလွန် တော်မူခဲ့လေသည်၊ ဆရာတော် ရှိလျှင်ကား ယင်းကျမ်းစာကြီး စာအုပ် အဖြစ် ရောက်ရှိလေရာ၏။

## ပရိယတ် ပဋိပတ် ၂-ရပ် စွယ်စုံ

မင်းခင်း ဆရာတော်ဘုရားကြီး အရှင်ဝိစာရိန္ဒကား ပရိယတ် ပဋိပတ် ၂-ရပ် စွယ်စုံ မုံသောက်မာတင် ပညာရှင်ကြီး စစ်မှန်လှတော့၏၊ သို့ဖြစ် ၍ ဤစစ်ကိုင်းသာသနာ့ဝင်၌ မှတ်တမ်းတင်အပ်ပါသတည်း။

## ပျံလွန်တော်မူခြင်း

ယင်းပရိယတ် ပဋိပတ် သာသနာ ၂-ရပ်ကို တိုးပွား စီပင်ရန် မပြတ် အားထုတ်ဆဲ ဖြစ်စဉ် သက်တော် ၇၀-ကျော်ကျော်တွင် ပျံလွန်မူခဲ့လေသည်။

ဝိစာရိန္နော မဟာထေရော၊ မုနိန္ဒသာသနန္တရော။
ဒိသာနံ ဒီပယိတွာန၊ ပဝိဋ္ဌော မစ္စုနော မုခံ။

## မင်းခင်းဆရာတော်၏ ဩဝါဒတော်

ဉပ္ပန္နော၊ ရုပ် နာမ်တို့၏ ဖြစ်ပေါ်လာခြင်းသည်။ ဒုက္ခော၊ ဆင်းရဲလှ ချေ၏။

အနုပ္ပန္နော၊ ရုပ် နာမ်တို့၏ မဖြစ်မပေါ်လာခြင်းသည်၊ သုခေါ၊ ချမ်း သာလှချေ၏။

အဘိနိဗ္ဗတ္တိ၊ ရုပ် နာမ်တို့၏ ဖြစ်ပေါ်လာခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ လှချေ၏။

အနဘိနိဗ္ဗတ္တိ၊ ရုပ် နာမ်တို့၏ မဖြစ်မပေါ်လာခြင်းသည်။ သုခေါ၊ ချမ်း သာလှချေ၏။

သန္တော၊ ဉပါဒ် ဌီ ဘင် ကင်း၍ တုန်လှုပ်ခြင်း မရှိ ငြိမ်သက်တည် ကြည်ခြင်း သဘောသည်။ သုခေါ၊ ချမ်းသာလှချေ၏။

ဝိဝေကော၊ နာမ် ရုပ်တို့မှ ဆိတ်ခြင်း သဘောသည်။ သုခေါ၊ ချမ်း သာလှချေ၏။

ဝူပသမော၊ နာမ် ရုပ်တို့၏ ငြိမ်းခြင်း သဘောသည်။ သုခေါ၊ ချမ်း သာလှချေ၏။

နိဗ္ဗုတော၊ နာမ် ရုပ်တို့၏ ငြိမ်းအေးခြင်း သဘောသည်။ သုခေါ၊ ချမ်းသာလှချေ၏။

အာလောကော၊ ရုပ် နာမ်တို့မှ ကင်းရှင်း၍ ထိန်ထိန်လင်းခြင်း သဘော သည်။ သုခေါ၊ ချမ်းသာလှချေ၏။

ဝိသုဒ္ဓေါ၊ ရုပ် နာမ်တို့မှ စင်ကြယ်ခြင်း သဘောသည်။ သုခေါ၊ ချမ်း သာလှချေ၏။

မဏ္ဍော၊ ရုပ် နာမ်နောက်ကင်း၍ ကြည်လင်ခြင်း သဘောသည်။ သုခေါ၊ ချမ်းသာလှချေ၏။

သီတလော၊ ရုပ် နာမ် အပူကင်း၍ အေးမြခြင်း သဘောသည်။ သုခေါ၊ ချမ်းသာလှချေ၏။

ဥပ္ပန္နော ဒုက္ခော၊ အနုပ္ပန္နော သုခေါ။ အဘိနိဗ္ဗတ္တိ ဒုက္ခာ၊ အနဘိနိဗ္ဗတ္တိ သုခါ။ သန္တော သုခေါ၊ ဝိဝေကော သုခေါ။ ဝူပသမော သုခေါ၊ နိဗ္ဗုတော သုခေါ။ အာလောကော သုခေါ၊ ဝိသုဒ္ဓေါ သုခေါ၊ မဂ္ဂေါ သုခေါ၊ သီတလော သုခေါ—ဟူ၍လည်း ပါဠိသက်သက် ရွတ်ဖတ်ပွားများရာ၏။

—

## 'ဒုလ္လဘသင်္ဂိုဟ်' ကျမ်းပြု - ပဋိပတ္တိ သာသနာ့ဝန်ဆောင်
## တောင်ဖီလာဆရာတော်အရှင်ပဏ္ဍိဝံသ
## မဟာထေရ်

ဆရာတော် အရှင်ပဏ္ဍိဝံသ မဟာထေရ်သည် စစ်ကိုင်း သာသနာ့သမိုင်းတွင် အလွန်လျှင် မှတ်တမ်းတင်ထိုက်သည့် ပဋိပတ္တိ သာသနာ့ဝန်ဆောင်တပါး ဖြစ်တော်မူသည်။

### ဇာတိချက်ကြွေ မွေးရပ်မြေ

ဆရာတော်၏ ဇာတိချက်ကြွေ မွေးရပ်မြေကား မိတ္ထီလာနယ် ကုန်းသာရွာဖြစ်လေသည်၊ ယင်း မိတ္ထီလာနယ် ကုန်းသာရွာ၌ အဖ ဦးဖိုးကျောင် အမိဒေါ်ပုံးတို့မှ ၁၂၂၃ - ခုနှစ် ဝါခေါင်လဆန်း ၈ - ရက်နေ့တွင် ဖွားမြင်တော်မူသည့် ပဋိပတ္တိဝန်ဆောင် သဗ္ဗညုဘုရား အလောင်းအလျာ ဖြစ်တော်မူသည်။

### ရှင် ရဟန်း ပြုတော်မူခြင်း

အရွယ်ရောက်သော် ရှင် ရဟန်း ပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်၊ မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်သို့ ရောက်ရှိ၍ကြာမြင့်စွာ သီတင်းသုံးတော်မူ၍ နေ့ဝါ ညဝါ ကျမ်းဂန် အရပ်ရပ်ကိုသင်ယူတော်မူခဲ့လေသည်၊ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည် အရှင်ပဏ္ဍိဝံသ၏ ဆရာရင်း ဖြစ်တော်မူ၏၊ မြန်မာမင်း လက်ထက်၌ ပထမပြန်အောင်မထေရ်ဟု ထင်ရှား၏။

### သင်ယူခဲ့သော ကျမ်းဂန်များ

ဆရာတော် အရှင်ပဏ္ဍိဝံသည် သီလက္ခန်အဋ္ဌကထာ, သုတ်မဟာဝါအဋ္ဌကထာ, မူလပဏ္ဏာသပါဠိတော် နှင့် အဋ္ဌကထာ, မဇ္ဈိမပဏ္ဏာသပါဠိတော်နှင့် အဋ္ဌကထာ, ဥပရိပဏ္ဏာသပါဠိတော် နှင့် အဋ္ဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, နေတ္တိပါဠိတော် နှင့် အဋ္ဌကထာ, အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ, အဘိ

ဓမ္မတ္ထသင်္ဂဟဒီပနီ, အဋ္ဌသာလိနီအဋ္ဌကထာ နှင့် ယင်းမူလဋီကာ, **သမ္မောဟ** ဝိနောဒနီအဋ္ဌကထာ နှင့် ယင်းမူလဋီကာ, ပဥ္စပကြိုဏ်အဋ္ဌကထာ နှင့် ၎င်း မူလဋီကာတို့ကိုလည်း မဟာဝိသုဒ္ဓါရာမဆရာတော်, ကျိုက်လတ်ဆရာတော်, ဆရာတော် ဦးအရိန္ဒမ စသည်တို့ထံ သင်ယူတော်မူခဲ့လေသည်၊ ကင်္ခါဝိတရဏီ အဋ္ဌကထာ နှင့် ဝိနည်း ၅ ကျမ်း ပါဠိတော် နှင့် အဋ္ဌကထာများကို ၃ - ခေါက်တိုင် သင်ယူတော်မူခဲ့သည်၊ မာတိကာ ဓာတုကထာ အရကောက်, ယမိုက်အရကောက်, ပဋ္ဌာန်းအရကောက် ကျမ်းတို့ကို ၃ - ခေါက်တိုင် သင် ယူတော်မူခဲ့သည်။

ဗဟူနံ ပဏ္ဍိတာနံ သော၊ ပဏ္ဍာဝံသော ဝရာသယော။
ဥဂ္ဂဟေတွာန ဂန္ထေ စ၊ တေသု ဆေကော ဝိဒူ အဟု။

## ၉ - ဝါ အတွင်း ပိဋကသုံးပုံ အကုန် ကြည့်ရှုခဲ့

ရဟန်းသိက္ခာ ၉ - ဝါအတွင်းတွင် အက္ခရာတလုံး ပုဒ်တပုဒ်မျှ မကြွင်းကျန် စေပဲ ပိဋကသုံးပုံ ပါဠိတော် အဋ္ဌကထာတို့ကို နှံ့စပ်အောင် သေချာစွာ ကြည့်ရှုတော်မူခဲ့လေသည်၊ ဆရာတော်ကား အလွန် ဝီရိယ ကြီးမား သဒ္ဓါ တရား ထက်မြက်သည့် ပုဂ္ဂိုလ်ထူး ပေတည်း။

ဥပသမ္ပဒမာဂမ္မ၊ နဝဝဿန္တရေ သုဓီ။
သာဋ္ဌကထေ ပကာဗ္ဗေ သော၊ ဝစနေ သမော လောကယီ။

## စစ်ကိုင်း တောင်ရိုးကြွ တရားကျင့်

စိတ်ကျေနပ်လောက်အောင် အထက် ဖော်ပြခဲ့သည့်အတိုင်း ပညာ သင် ကြား ကြည့်ရှု လေ့လာ တတ်မြောက်ပြီးနောက် စစ်ကိုင်းတောင်ရိုးသို့ ကြွ ရောက်တော်မူ၍ တောင်ဖီလာ ဂူစ္ဆာသယချောင် ဓမ္မပါလတောရတိုက်၌ သီတင်းသုံးတော်မူလျက် စတုပါရိသုဒ္ဓိသီလကို မပေါက် မပျက်အောင် စောင့်ရှောက်တော်မူ၍ ပဋိပတ်အလုပ်ကို အပတ်အကုတ် အားထုတ်တော်မူ ခဲ့လေသည်။

သီလံ သော ရက္ခိတွာန၊ ပဋိပတ္တိံ ဘိယုဥ္ဇယိ။
ဝိပဿနာသုခုမရမ္မိ၊ ဥယျုတ္တော သဗ္ဗဒါ သုဓီ။

## အရှင်ပဏ္ဍာဝံသ၏ ကြည်ညိုဖွယ်ရာများ

ဆရာတော်အရှင်ပဏ္ဍာဝံသသည် ရွှေကျင်ဆရာတော်ဘုရားကြီး မဟာဝိသုဒ္ဓါ ရာမဆရာတော်ဘုရားကြီး စသည့် ဆရာတော်ဘုရားကြီးများထံ အကြိမ် ရာပေါင်း များစွာ သူတော်ကောင်းတရားကို ကြားနာတော်မူခဲ့ရသည်၊

ရဟန်းဖြစ်သည်မှ စ၍ သက်ဆုံးတိုင် ကွမ်း, ဆေးရွက်, ဆေးလိပ်, အခိုးရွက်, အခိုးတံတို့ကို အချင်းခပ်သိမ်း သုံးဆောင်တော် မမူချေ၊ ကေသနိက်ဓုတင်, ပတ္တပိဏ်ဓုတင် စသည့် ဓုတင်တို့ကိုလည်း ထာဝစဉ် ကျင့်ဆောင်တော်မူခဲ့သည်၊ ရဟန်းဖြစ်ရာ အခါမှ စ၍ မာတုဂါမကို တပ်မက်သော ရာဂစိတ်ဖြင့် တခါမျှ မကြည့်ဘူးဟု သိရ၏၊[၁] သိက္ခာပုဒ်တော် အပေါင်းတို့ကို ကိုယ်အသက်မျှ မကာ ချစ်ခင် မြတ်နိုး စောင့်ရှောက်တော်မူလေ့ ရှိသည်ဟု သိရ၏၊ ဆရာတော်ကား သာသနာ့ဝန်ထမ်း ရဟန်း သာမဏေတို့ စင်စစ် အတုယူဖွယ်ရာ ကောင်းလှ၏။

## အလို အဇ္ဈာသယ ဆန္ဒမွန်များ

ဆရာတော်၌ ယယ်စဉ်က စ၍ အလို အဇ္ဈာသယ ဆန္ဒမွန်များ ဖြစ်ခဲ့ကုန်၏၊ 'စစ်ကိုင်း တောင်ခြေ တောရကျောင်း၌ ဂန္ထဓုရ, ဝိပဿနာဓုရများ အားထုတ်အံ့၊ သာရတ္ထဒီပနီယသင်္ဂြိုဟ်ကျမ်း နိဿယ ရေးအံ့၊ သာရတ္ထဒီပနီယဝတ် ဖြည့်ကျင့်အံ့၊ သာရတ္ထဒီပနီယဝတ် ဖြည့်ကျင့်ကုန်သော သီတင်းသုံးဘော်, ကေသနိက်ဓုတင်, ပတ္တပိဏ်ဓုတင် တို့ကို နေ့စဉ် အမြဲ အားထုတ်ကြကုန်သော သီတင်းသုံးဘော်, ကိုယ် နှင့် အသက် မငဲ့ကွက်ပဲ သီလသိက္ခာကို ချစ်မြတ်နိုးသော သီတင်းသုံးဘော် အစရှိသော လဇ္ဇီသူမွန် သီတင်းသုံးဖော်ကောင်းတို့နှင့်သာ ပေါင်းဖော် နေထိုင်ရလို၏' ဟု အကြံစည်ကောင်းများ ငယ်စဉ်ကပင် ဖြစ်ခဲ့၏၊ ယင်း အကြံအစည်မွန်များ ပြည့်စုံသည်သာ များလေသည်။

## ကျမ်းစာများ ပြုစုတော်မူခြင်း

ဆရာတော် အရှင်ပဏ္ဍဝံသသည် ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့သည်၊ ၎င်းတို့မှာ —

၁ - သာရတ္ထဒီပနီယသင်္ဂြိုဟ် ပါဠိ
၂ - သာရတ္ထဒီပနီယသင်္ဂြိုဟ် ပါဠိ နိဿယ
၃ - ဒုလ္လဘသင်္ဂြိုဟ်ကျမ်း - စသည်တို့ ဖြစ်ကုန်၏။

## ဒုလ္လဘ သင်္ဂြိုဟ်ကျမ်း

ဖော်ပြပါ ကျမ်းများ အနက် ဒုလ္လဘသင်္ဂြိုဟ်ကျမ်းမှာ (၁) ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ၊ (၂) မနုဿတ္တဒုလ္လဘ၊ (၃) သမ္ပတ္တိဒုလ္လဘ = သဒ္ဓါ သီလ စသော သူတော်ကောင်းတရားနှင့် ပြည့်စုံခြင်း၏ ရခဲပုံ၊ (၄) ပဗ္ဗဇ္ဇိတဒုလ္လဘ၊ (၅) သဒ္ဓမ္မဒေသကဒုလ္လဘ၊ (၆) သဒ္ဓမ္မဿဝနဒုလ္လဘ၊ (၇) သဒ္ဓမ္မသဝနကာလဒုလ္လဘ စသည့် ဒုလ္လဘတို့ကို ဆိုင်ရာ ပါဠိ အဋ္ဌကထာ ဋီကာ

---

၁။ ဆရာတော်ရေး ဒုလ္လဘသင်္ဂြိုဟ်ကျမ်း ၃၂၄- ၌ ကိုယ်တိုင် မိန့်ဆိုချက် ဖြစ်၏။

ကျမ်းဂန် သာဓကေ အကိုးအကားတို့ဖြင့် တန်ဆာဆင်၍ ရေးသား စီရင်တော်မူခဲ့လေသည်။

ကျမ်းဦး၌ —

ရတနံ ဒုလ္လဘံ နတ္ထာ၊ ကာယံ ဒုလ္လဘသင်္ဂဟံ။
တံ မေ သုဏန္တု သက္ကစ္စံ၊ ဒုလ္လဘာ ဟိ အယံ ကထာ။

ဟူသော ဂါထာဖြင့် ရတနတ္တယပဏာမ, ပဋိညာဉ်, ဥယျောဇဉ်ကို ပြဆိုတော်မူ၍ ကျမ်းစာကို ရေးသား စီရင်တော်မူခဲ့လေသည်။

## မှတ်သားဖွယ်ရာများ

ဒုလ္လဘသင်္ဂြိုဟ်ကျမ်း၌ မှတ်သားဖွယ် အလွန် ကောင်းသော အချက်အလက်များစွာတို့ကို တွေ့ရှိရ၏၊ ယင်း မှတ်သားဖွယ် တချို့တို့ကို မှတ်စုအနေဖြင့် ဤ၌ ဖော်ပြလို၏။

### ပတ္တမြားပစ်ထား မြက်စားသော သမင်လို သာသနာပစ် ကာမဂုဏ် သုံးစား

မဏိံ မိဂေါ ပဿန္တော ပိ၊ တိဏံ ခါဒံ ဝ ဂစ္ဆတိ။
လဒ္ဓကာလော ဒုပ္ပညော ပိ၊ ကာမံ ဘုဉ္ဇံ ဝ ဂစ္ဆတိ။

မိဂေါ၊ သမင်သည်။ မဏိံ၊ ပတ္တမြားကို။ ပဿန္တောပိ၊ တွေ့မြင်ငြားသော်လည်း။ တိဏံ၀၊ မြက်ကိုသာလျှင်။ ခါဒံ — ခါဒန္တော၊ ခဲစားလျက်၊ ဂစ္ဆတိ၊ သွား၏။ ဒုပ္ပညော၊ ပညာနည်းပါး သူတော်တရား ရှားသော သူသည်။ လဒ္ဓကာလော ပိ၊ ဗုဒ္ဓုပ္ပါဒကာလကို ရလျက်လည်း။ ကာမံဝ၊ ဝင်္ဂ၌ဖွဲ့ထား ကာမဂုဏ် ငါးပါးကိုသာလျှင်။ ဘုဉ္ဇန္တော၊ သုံးဆောင် ခံစားလျက်။ ဂစ္ဆတိ၊ သွား၏။ ၁

### တင်လဲ ရလင့်ကစား ပျက်စီးရသော ပိုးလို သာသနာနှင့်ကြုံသော်လည်း ပျက်စီးရ

ဂေါဋ္ဌကုမ္ဘံ လဘန္တော ပိ၊ ပါဏကော တမှိ နဿတိ။
ဗုဒ္ဓကာလံ လဘန္တော ပိ၊ မန္ဒော တမှိ ပရာဇယော။

ဂေါဋ္ဌကုမ္ဘံ၊ တင်လဲရည်အိုးကို။ လဘန္တော ပိ၊ ရလျက်လည်း။ ပါဏကော၊ အသောက်မတတ်သော ပိုး ပရွက်ငယ်သည်။ တမှိ၊ ထိုအရည်ကြဲကြဲ တင်လဲအိုး၌။ နဿတိ၊ ပျက်စီး၏။ မန္ဒော၊ သူတော်တရား နည်းပါးသောသူသည်။ ဗုဒ္ဓကာလံ၊ ဘုရားဖြစ်ရာ ကာလကို။ လဘန္တော ပိ၊ ရလျက်လည်း။ တမှိ၊

---

၁။ ဒုလ္လဘသင်္ဂြိုဟ် — ၅၅။

ထိုဘုရားဖြစ်ရာ ကာလ၌။ ပဒုမုတ္တရဘုရား၊ ရတနာသုံးပါး ဂုဏ်ကျေးဇူးများကို မသိငြား၍ ပျက်ပြားဆုံးရှုံး၏။[၁]

## ကုသိုလ်မပြု စိုးရိမ်ရ

ယေ တေ ဗုဒ္ဓုပ္ပါဒကာလေ၊ ဝိဂတာ ပုညသဥ္စယာ။
စိရကာလံ နုတပ္ပန္တိ၊ ခိဏ္ဏာ ပါထေယကာ ယထာ။

တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။
နိစ္စံ ပုညံ ဝါယမေယျ၊ အဟော ရတ္တမတန္ဒိတော။

ယေ တေ၊ အကြင်သူတို့သည်။ ဗုဒ္ဓုပ္ပါဒကာလေ၊ ဘုရား ပွင့်တော်မူရာ ကာလ၌။ ပုညသဥ္စယာ၊ ကုသိုလ်ကောင်းမှု ဆည်းစုခြင်းမှ။ ဝိဂတာ၊ ကင်းကြကုန်၏။ တေ၊ ထိုသူတို့သည်။ ကန္တာရေ၊ ခရီးခဲ၌။ ခိဏ္ဏာ ပါထေယျကာ ယထာ၊ ရိက္ခာကုန်ပြတ် ရေစာငတ်ကုန်သော သူတို့ကဲ့သို့။ စိရကာလံ၊ ရှည်မြင့်စွာသော သံသရာအခွင့် အခါပတ်လုံး။ အနုတပ္ပန္တိ၊ ပူပန် ရကုန်၏။ တသ္မာ ဟိ၊ ထို့ကြောင့်သာလျှင်။ အတ္တနော၊ မိမိ၏။ အတ္ထံ၊ အကျိုးစီးပွားကို။ သမ္ပဿံ – သမ္ပဿန္တော၊ ကောင်းစွာ မြင်သော။ ပဏ္ဍိတော၊ ပညာရှိသော။ ပေါသော၊ သတ္တဝါသည်။ နိစ္စံ၊ အမြဲ။ အဟော ရတ္တံ၊ နေ့ ညဉ့် ပတ်လုံး။ အတန္ဒိတော၊ မပျင်းရိပဲ။ ပုညံ၊ ကောင်းမှုကို။ ဝါယမေယျ၊ အားထုတ်ရာ၏။[၂]

## မနုဿဝိဂ္ဂဟ - မနုဿ မည်ခြင်း

အာဒိကပ္ပမှိ သမ္ဘူတာ၊ မနူတိ နာမကာ နရာ။
တေသံ အပစ္စဘူတတ္တာ၊ မနုဿာတိ ပဝုစ္စရေ။

အထာပိ သတိသူရတ္တာ၊ ဗြဟ္မစရိယ ယောဂတော။
မနော ဥဿန္နမေတေသံ၊ တသ္မာ မနုဿနာမကာ။[၃]

## စိတ်အကြိုက် လိုက်မိ၍ စိုးရိမ်ကြရ

မနုဿတ္တံ လဘိတွာန၊ နာနာဂုဏ သမ္ပုဂံ။
ဒီဃကာလံ သောစိဿန္တိ၊ နရာ စိတ္တဝသာနုဂါ။

တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။
သစိတ္တမနုဒမေယျ၊ ဝက်ဒါရုံဝ တစ္ဆကာ။

---

၁။ ဒုလ္လဘသင်္ဂြိုဟ် – ၅၅၊ ၆။
၂။ ဒုလ္လဘသင်္ဂြိုဟ် – ၅၆။
၃။ ဒုလ္လဘသင်္ဂြိုဟ် – ၅၇။ (လောကဒီပက သာရကျမ်းလာဂါထာ) အနက် လွယ်၏။

နာနာဂုဏသမ္ပုဂံ၊ အထူးထူးသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော။ မနုဿတ္တံ၊ လူ၏ အဖြစ်ကို။ လဘိတွာန၊ ရကြကုန်လျက်။ စိတ္တဝသာ နုဂါ၊ တရားမကြိုက် ကာမဉ္စသာ ပျော်ပိုက်တတ်စွာ စိတ်ယုတ်မာ၏ လိုရာ စဉ်စိုက် နောက်သို့ လိုက်ကြကုန်သော။ နရာ၊ လူသူများစွာ သတ္တဝါတို့ သည်။ ဒီဃကာလံ၊ ရှည်မြင့်ကြာစွာ သံသရာ အခါပတ်လုံး။ သော စိဿန္တိ၊ စိုးရိမ်ကြောင့်ကြ ပူဆွေးကြရကုန်လိမ့်လတံ့။

တသ္မာ ဟိ၊ ထို့ကြောင့်သာလျှင်။ အတ္တနော၊ မိမိ၏။ အတ္တံ၊ အကျိုး စီးပွားကို။ သမ္ပဿံ—သမ္ပဿန္တော၊ ကောင်းစွာ မြင်သော။ ပဏ္ဍိတော၊ ပညာရှိသော။ ပေါသော၊ သတ္တဝါသည်။ တစ္ဆကာ၊ တစည်းသမားတို့ သည်။ ဝက်ဒါရုံ၊ သစ်ကောက်ကို။ ဒမယန္တိ ဣဝ၊ ခုတ်ဖြတ် ရွေချောကုန် သကဲ့သို့။ သစိတ္တံ၊ ကာမရေသောက် ကြီးပွားမြောက်သည့် မိမိစိတ်ကောက် ကို။ အနုဒမေယျ၊ စရိုက်အားလျော်စွာ ဆုံးမရာ၏။[၁]

**ဇမ္ဗူဒိပ်ကျွန်း လူဦးရေထက် ပိုးတတွင်းရှိ ပိုးကများ**

ပိပိလိကာနံ ပုဉ္ဇော ဟိ၊ ဗိလာ ဧကာ ဝိနိဂ္ဂတော။
ကိန္နု သော နာတိရိစ္ဆေယျ၊ မနုဿေ ဇမ္ဗုဒီပကေ။

ဟိ၊ မှန်၏။ ဧကာ ဗိလာ၊ တွင်းတခုမှ။ ဝိနိဂ္ဂတော၊ ထွက်သော။ ပိပိ လိကာနံ၊ ပိုးပရွက်တို့၏။ ပုဉ္ဇော၊ အစုအပေါင်းသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုအစုအပေါင်းသည်။ ဇမ္ဗုဒီပကေ၊ ဇမ္ဗူဒိပ်ကျွန်း၌ ဖြစ်ကုန်သော။ မနုဿေ၊ လူတို့ကို။ ကိန္နု နာတိရိစ္ဆေယျ၊ အဘယ်မှာလျှင် မလွန်ပဲ ရှိအံ့နည်း။[၂]

ဤသည်လျှင် အမြွက်မျှ ထုတ်ပြချက်တည်း၊ ယင်း ဒုလ္လဘသင်္ဂြိုဟ်ကျမ်း၌ မှတ်သားစရာ, ကျင့်စရာတွေ လွန်စွာ များလှကုန်၏၊ ကျမ်းစာကို ရှာဖွေ၍ ကြည့်ရှု လေ့လာရာ၏။ ကျမ်း၏ အဆုံး၌—

ဣဒံ ပုညံ တဒညံ စ၊ သုန္ဒရံ ပကတံ မယာ။
တေသံ ဘာဂံ ဒဒါမျဟံ၊ တာနိ မောဒန္တု ပါဏိနော။
သမိဇ္ဈန္တု သုသက်ပ္ပါ၊ ပါဏီနံ စ မမံ တထာ။
ဒုလ္လဘာ စ လဘေယျာဟံ၊ မယှံ ကုသလတေဇသာ။

ဟူသော ဂါထာများဖြင့် အမျှဝေခြင်း, ရလိုသော သဗ္ဗညု ဗောဓိဆုကို တောင့်တ ပန်ဆင်ခြင်းတို့ကို ပြုတော်မူခဲ့သည်။

**ဆရာစဉ်ဆက် ကိုယ်တိုင် ဖော်ပြခဲ့**

ဆရာတော် အရှင်ပဏ္ဍဝံသသည် မိမိ ဆရာစဉ်ဆက်ကိုလည်း အောက်ပါ အတိုင်း ဖော်ပြတော်မူခဲ့သည်။

---

၁။ ဒုလ္လဘသင်္ဂြိုဟ်— ၆၃။ ၂။ ဒုလ္လဘသင်္ဂြိုဟ်—၇၆၊ ၇။

ဝိနည်းမိုရ်အရာ တေဒဂ်ရသော ဘုရားမျက်မှောက်တော် တပည့် ရှင်ဥပါလိ၊ ၎င်း၏ တပည့် ရှင်ဒါသက၊ ၎င်း၏ တပည့် ရှင်သောဏ၊ ၎င်း၏ တပည့် ရှင်သိဂ္ဂဝ၊ ၎င်း၏ တပည့် ရှင်မောဂ္ဂလိပုတ္တတိဿ။ (မဇ္ဈိမဒေသ ငါးပါး)

၎င်းမောဂ္ဂလိပုတ္တတိဿထေရ်၏ တပည့် အဆက်ဆက် ရှင်သောဏ၊ ရှင်သောဘိတ၊ ရှင်သောမဒတ္တ၊ ရှင်သုမနတိဿ၊ ရှင်သောပါက၊ ရှင်သောမဒတ္တ၊ ရှင်အနောမဒဿီ၊ ရှင်အဓိသီလ၊ ရှင်ပြောဏဒဿီ၊ ရှင်မဟာကာဠ၊ ရှင်ဓမ္မဒဿီ။ ( သထုံပြည် တကျိပ်တပါး )

၎င်းရှင်ဓမ္မဒဿီကား ပုဂံပြည်သို့ ရောက်သော အခါ ရှင်အရဟံ တွင်သည်၊ ၎င်း ရှင်အရဟံ၏ တပည့် အဆက်ဆက် ရှင်ဂုဏသာဂရ၊ ရှင်အဂ္ဂပဏ္ဍိတ၊ ရှင်အဂ္ဂဝံသ၊ ရှင်ဥတ္တရာဇီဝ၊ ပဌမဆပ္ပဒေါ ရှင်သဒ္ဓမ္မပါလ၊ ဒုတိယဆပ္ပဒေါ ရှင်ဉာဏသဒ္ဓမ္မ၊ တတိယဆပ္ပဒေါ ရှင်ဓမ္မသိရိ။ ( ပုဂံပြည် - ၇ပါး )

၎င်းဓမ္မသိရိ၏ တပည့် အဆက်ဆက် ကူးခန်းကြီးမြို့ ခေမဂ်တိုက် ရှင်သုဓမ္မစာရီ၊ ကူးခန်းကြီး အနောက် ဝါကျဉမင်ဇကျောင်း ရှင်အဂ္ဂဓမ္မာလင်္ကာရ၊ နှောင်းဘရွာ ရှင်ဓမ္မနန္ဒ၊ ကူးခန်းကြီးမြို့ မြောက် နွယ်နီမုတ်ကျောင်း ရှင်ပုညဝါသီ၊ ဆယ်အင်းတောရဂိုဏ်းအုပ် ရှင်ဉာဏာလင်္ကာရ၊ ဒီပဲရင်း နမောရွာ ရှင်ပုညာရမ္ဘ၊ ၎င်းတပည့် ဒီပဲရင်း နမောဂိုဏ်းအုပ် ရှင်ဝိစာရိန္ဒ၊ ၎င်းတပည့် သီးလုံးတောရ ဂဏဝိမုတ် အမိန့်တော်ရ ရှင်စန္ဒိမာ၊ ၎င်းတပည့် ရွှေကျင်ဆရာတော်ဘုရား ဟု ထင်ရှားသော မင်းကွန်း ငွေတောင်တောရဥ္စ ပျံလွန်တော်မူသော ဇာဂရထေရ်မြတ်၊ ၎င်း၏ တပည့် ဖြစ်တော်မူသော ဝိသုဒ္ဓါစာရထေရ်မြတ်၊ ၎င်း၏ တပည့် ဖြစ်သော မိတ္ထီလာ ပဏ္ဍဝံသထေရ်။

ဤသည် ဒုလ္လဘသင်္ဂြိုဟ် နိဂုံးလာ ဆရာတော် အရှင်ပဏ္ဍဝံသထေရ်ကိုယ်တိုင် ဖော်ပြသည့် အရှင်မြတ်၏ အာစရိယဝံသတည်း၊ ဆရာတော်ကား သတိသမ္ပဇဉ်နှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်မြတ်တည်း။

ဝံသော တေသ ထေရဿ၊ ပရိသုဒ္ဓေါ သုသောဘနော။
နိဂြောဓောဝ မဟာရုက္ခော၊ လောကနာထဿ သာသနေ။

## ထူးမြတ်သော ကျမ်းဂန်ကြီး

ဆရာတော် အရှင်ပဏ္ဍဝံသ၏ ဒုလ္လဘသင်္ဂြိုဟ်ကျမ်းကြီးကား အလွန်လျှော်ကောင်းပြီး လူသိနည်းသေးသည့် ကျမ်းဂန်ကြီး ဖြစ်၏၊ သက္ကရာဇ် ၁၂၆၆-ခုနှစ် တန်ဆောင်မုန်းလတွင် မန္တလေးမြို့ ကျောက်သွေးတန်းရပ် ဇမ္ဗူ

မျက်မှန် ပုံနှိပ်တိုက်၌ အုပ်ရေ ၁၀၀၀ - ရိုက်နှိပ်ခဲ့လေသည်၊ ရှေ့ပိုင်ဆိုက် စာမျက်နှာ ၃၂၆ - ရှိ၏။

### ပျံလွန်တော် မူခြင်း

ဆရာတော်ကား လူဂုဏ်, ဓုတင်ဂုဏ်, ဝိနယဂုဏ်, ခမာ, ဇာဂရိယ, ဥဋ္ဌာန. စသောဂုဏ်တို့ဖြင့် သာသနာတော်၏ ကျက်သရေဆောင် စံပြ ပုဂ္ဂိုလ် တပါး ဖြစ်တော်မူ၏၊ ယင်းသို့ သာသနာတော်၏ ကျက်သရေကို သက်ဆုံးတိုင် ဆောင်တော်မူပြီး သက္ကရာဇ် ၁၃၀၃ - ခုနှစ် ဒုတိယ ကမ္ဘာစစ် အတွင်းတွင် သေမင်း၏ စစ်သည်ကို မတော်လှန် မပုန်ကန်နိုင်ပဲ ပျံလွန်တော်မူခဲ့လေသည်။

ပဏ္ဍဝံသော မဟာထေရော၊ ထိရသာသန ဇောတကော။
သာသနံ ဇောတယိတွာန၊ ဂတော ခေါ မစ္စုနော ဝသံ။

---

# တေရသမပိုင်း

## ပရက္ကမ ချောင် ၂ - ချောင်

ပရမက္ကချောင်သည် ချောင် ၉ ချောင်တွင် အပါအဝင် ဖြစ်၏၊ သက္ကရာဇ် ၆၀၄ - ခုနှစ်တွင် ဥစ္စနာမင်းကြီး ပင်းယ၌ မင်းပြုတော်မူသော အခါ ပင်းတျားအရပ်၌ စကားသစ်တို့ဖြင့် ကျောင်းကြီး ခုနစ်ကျောင်း ဆောက်လုပ်တော်မူရာ စကား ခုနစ်ကျောင်းဟု တွင်လေသည်။

လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်တော်မူကြကုန်သော ကျမ်းဂန်တတ် ရဟန်းတော်များအား တင်လှူတော်မူ၍ ဝတ္ထုကံ မိုးမြေ များစွာ လှူဒါန်းတော်မူ၏၊ ကျောင်းမတော်နေ အရှင်သုဓမ္မမဟာသာမိဆရာက ဝတ်မိုး ဝတ်မြေ အဖို့အစု အခွန်ဘဏ္ဍာများကို တောင်းခံသောငှာ လုံ့လ မပြုလို၍ ဝတ္ထုကံသိမ်း[၁], သာသနာစိုး[၂], ဝတ်စား[၃] သံဃာ ဟူ၍ သီးသန့် ခြားနား ခန့်ထားလေသည်။

---

၁။ ဝတ္ထုကံသိမ်း ဟူသည် အခွန်ဘဏ္ဍာကို ကောက်ခံ သိမ်းဆည်းရသော ရဟန်းတည်း။

၂။ သာသနာစိုး ဟူသည် တရားနှင့်အညီ ကျင့်ဆောင်ကြအောင် ဆုံးမ သွန်သင်ပဲ့ပြင်သော ရဟန်းတည်း။

၃။ ဝတ်စား ဟူသည် အဖို့အစု ဝေဖန်သည်ကို ခံစားရသော ရဟန်းတည်း။

ထိုအခါ ဝတ္တုကြံ မိုးမြေကို မှီ၍ အမှုအခင်း များသောကြောင့် ပရိယတ်, ပဋိပတ် ယုတ်လျော့သည်ကို မကြိုက် မနှစ်သက်သဖြင့် အရှင်သာသန, အရှင် ပရမက္ကမ ညီနောင်တို့သည် စကားကျောင်းမှ ထွက်ခဲ့ကြကုန်၏၊ ယင်း ၃ - ဦး အနက် အရှင်သာသနသည် တူရွှင်းတောင်ခြေ၌ သီတင်းသုံးတော်မူ၏။

အရှင်ပရက္ကမ ညီနောင်တို့သည် တောင်ဘီလူးကုန်းသို့ ပြောင်းရွှေ့ နေထိုင်ကြကုန်၏၊ ထိုစဉ်က အင်းဝမြို့ မတည်သေးချေ၊ ကျန်စစ်သား ကောင်းမှုတော် ထီးလှိုင်ရှင်ဘုရားသာ ရှိသည်၊ ထိုဘုရား အနီးတွင် ရွာလည်း ရှိရာ ယင်းရွာကို ဂေါစရဂါမ် အမှီပြု၍ သံဃာတော်များ သီတင်းသုံးတော်မူကြသည်၊ ၇၂၆ - ခုနှစ် သတိုးမင်းဖျား အင်းဝမြို့ကို တည်ထောင်ရာတွင်မှ 'တောင်ဘီလူးမှာ ငါတို့ နေရန် မသင့်ပြီ' ဟု နှလုံးပိုက်တော် မူကြကာ စစ်ကိုင်းဖက်သို့ ကူးကြွတော်မူကြပြီး အံ့တော်မူဘုရား အနောက်ချောင်မှာ သီတင်းသုံးတော်မူကြကုန်၏၊ အရှေ့ အနောက် နှစ်တိုက် တည်၍ နေသောကြောင့် အရှေ့ပရက္ကမ, အနောက်ပရက္ကမချောင်ဟု တွင်လေသည်။

ထိုကျောင်းတိုက် သံဃာတော်တို့ကို ကျောင်းမှ အရှေ့မြစ် အနောက်ဖက် လက်ပန်ရွာတွင် မင်းခေါင်ကြီးက ဆွမ်းဝတ်တည်သည်၊ ဆွမ်းတော်ဝတ်ချက်တို့ နေကြသည်ကို စွဲ၍ ရှေးက လက်ပန်ရွာသည် ဝတ်ချက်ရွာ ဟု ယခုတိုင် တွင်လေသည်၊ ထိုဆရာတော်တို့ကား ပုဂံ အရှင်အရဟံ အနွယ် ရှေ့သံဃာ - အရှင်ဆပဋ္ဌ အနွယ် နောက်သံဃာ - အပါအဝင် တောနေ ရဟန်းကောင်း ရဟန်းမြတ်တို့ ဖြစ်ကုန်ကြ၏။

ဧဝံ ဟိ ပရက္ကမဝှ — ကန္ဒရာ အဘာဝိ သု ဒွေ။
စစ်ကိုင်းပဒေသသေဋ္ဌမှိ၊ အဓုနာပိ သုဒိဿရေ။

---

## 'ဉာဏိန္ဒာဘိသီရိသဒ္ဓဇ မဟာဓမ္မ ရာဇာဓိ ရာဇာဂုရု'

## ပရက္ကမဆရာတော်အရှင်ဉာဏိန္ဒမဟာထေရ်

ဆရာတော် အရှင်ဉာဏိန္ဒသည် ပရိယတ် အလုပ်၌လည်း ပျော် - ပဋိပတ် အလုပ်၌လည်း မွေ့လျော်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်၊ စစ်ကိုင်း တောင်ရိုး ပရက္ကမချောင်၌ ကြာမြင့်စွာ သီတင်းသုံးတော်မူခဲ့လေသည်။

သက္ကရာဇ် ၁၁၇၀ - ခုနှစ် ပတ်ဝန်းကျင်လောက်တွင် ဖွားမြင်တော်မူသည်ဟု ခန့်မှန်းမိပေသည်၊ အရွယ်ရောက်သော် ရှင် ရဟန်း ပြု၍ သာသနာ့ ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့လေသည်၊ ဘွဲ့တော် အရှင် ဉာဏိန္ဒ ဖြစ်လေသည်။

## သာသနာပိုင် ၂-ပါးထံ ပညာသင်

အချိန် အရှယ် ကောင်းစဉ်မှ စ၍ 'သူရိယဝံသာဘိ သိရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ သဲအင်း သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်သူရိယမဟာထေရ် နှင့် 'ဉေယျ ဓမ္မာဘိ မုနိဝရ ဉာဏကိတ္တိ သိရိဓဇ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ မောင်းထောင် သာသနာပိုင် အရှင်ဉေယျတို့ထံ ပညာ သင်ကြား တတ်မြောက်တော်မူခဲ့လေသည်။

## ဆရာတော်ဦးဉေယျ များစွာ လေးမြတ်

သာသနာပိုင် ဒုတိယ မောင်းထောင်ဆရာတော် ဦးဉေယျသည် ပရက္ကမ ဆရာတော် အရှင်ဉာဏိန္ဒထေရ်အား များစွာ လေးမြတ်တော်မူခဲ့လေသည်၊ သက္ကရာဇ် ၁၂၁၇-ခုနှစ်က ပရက္ကမဆရာတော် ဦးဉာဏိန္ဒ ကြည့်ရှုရန် စိတ္တနိဂ္ဂဟကျမ်းကို ရေးသား ချီးမြှင့်တော်မူလေသည်။

## မင်းတုန်းမင်းကြီး အဖူးမျှော် ရောက်

ပဥ္စမ သံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် စစ်ကိုင်း ရောက်စဉ် ပရက္ကမဆရာတော် အရှင်ဉာဏိန္ဒအား ဝင်ရောက် ဖူးမျှော်တော်မူခဲ့လေသည်၊ မင်းတုန်းမင်းကြီးသည် ပိုမို၍ ဆရာတော် အရှင်ဉာဏိန္ဒအား ကြည်ညို လေးမြတ်တော်မူခဲ့လေသည်။

## ရာဇဂုရု ဘွဲ့တံဆိပ်တော်

ဆရာတော် အရှင်ဉာဏိန္ဒသည် 'ဉာဏိန္ဒာဘိ သိရိသဒ္ဓမ္မ ဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု'[၁] ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံ ရရှိတော်မူခဲ့လေသည်။

သာသနာပိုင်ဆရာတော် ဦးဉေယျ ပျံလွန်တော်မူပြီးနောက် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ပင့်လျှောက်ချက် အရ မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော်သို့ ကြွရောက်တော်မူ၍ သီတင်း သုံးတော်မူလေသည်။

## ကျမ်းဂန် ပြုစုခြင်း

ဆရာတော် အရှင်ဉာဏိန္ဒသည် ပစ္စယဝိသောဓနီကျမ်းကို စစ်ကိုင်း ပရက္ကမ ချောင်၌ သီတင်းသုံးတော်မူစဉ် ၁၂၁၆-ခု ကဆုန်လဆန်း ၁၀-ရက်နေ့

---

၁။ ဉာဏိန္ဒာဘိ သိရိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု (မူကွဲ) မန္တလေး သာသနာဝင် အရှေ့ပြင် တိုက်တော် သာသနာဝင် ကြည့်။

တွင် အပြီးသတ် စီရင် ပြုစုတော်မူခဲ့ရာ ၁၃ - ကြောင်းပေ အင်္ဂါ ၉ - ချပ် ရှိကြောင်း သိရလေသည်။

## ပျံလွန်တော်မူခြင်း

သက္ကရာဇ် ၁၂၄၆ - ခုနှစ် မတိုင်မီ နှစ်အနည်းငယ် အတွင်း ပျံလွန်တော်မူ ခဲ့လေသည်၊ ဆရာတော် အရှင်ဉာဏိန္ဒသည် ဝိနယဂရုက သိက္ခာကာမဂုဏ်နှင့် ပြည့်စုံ၏၊ မာန် မာန နည်းပါး၏၊ သည်းခံမှု ခန္တီဂုဏ်နှင့်လည်း ပြည့်စုံ၏။

ဘဒ္ဒန္တဉာဏိန္ဒော ထေရော၊ ဉာဏေန သံယုတော ဝိဒ္ဒူ။
သာသနံ ဇောတယိတ္ဗာန၊ ပယာတော မစ္စုနော ဝသံ။

---

# အရှေ့-ပရက္ကမဆရာတော်

## အရှင်ဝါယာမ မဟာထေရ်

အရှင်ဝါယာမ မဟာထေရ်သည် ပရက္ကမဆရာတော်ကြီးများ၏ အနွယ် အဆက်ကို စောင့်ထိန်းသည့် ပမာ အရှေ့ ပရက္ကမချောင်၌ သီတင်းသုံးတော် မူကာ ပဋိပတ္တိ အလုပ်ကို ကြိုးကုတ်တော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူ သည့် ယောဂီ သူမွန် ဖြစ်လေသည်။

ခနဲ့ဖြူမြို့၌ မွေးဖွားခဲ့ပြီး အရွယ်ရောက်သော် ရှင် ရဟန်း ပြု၍ မြို့ပေါက် ကျောင်း ဆရာတော် ဦးမာလာလင်္ကာရ မည်သော မထေရ်မြတ်ထံ ပညာ သင်ကြားခဲ့သည်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၌လည်း ပညာ သင် ကြားတော်မူခဲ့လေသည်။

နောက်တွင် ကန္နီ ရွှေသိမ်တော်တောရ ဆရာတော်ဘုရားကြီးထံ ကမ္မဋ္ဌာန်း နည်းခံတော်မူကာ အရှေ့ ပရက္ကမချောင်၌ သီတင်းသုံး၍ ပဋိပတ် အလုပ်ကို အားထုတ်တော်မူကာ မြတ်စွာဘုရား သာသနာတော်ကို ချီးမြှောက်တော်မူခဲ့ လေသည်။

## ကျမ်းဂန် ပြုစုခြင်း

တရား ကျမ်းစာများကိုလည်း ပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့မှာ —

၁ - ဘာဝနာ ပါရဂူကျမ်း
၂ - မေတ္တာ ပါရဂူကျမ်း
၃ - နဝင် ပါရဂူကျမ်း - စသည်တို့ ဖြစ်ကုန်၏။

## ဘာဝနာ ပါရဂူကျမ်း

ဘာဝနာ ပါရဂူကျမ်းကို ၁၃၁၁ - ခုနှစ်က ရေးသားတော်မူ၍ အကြိမ်ကြိမ် ရိုက်နှိပ်ခဲ့ရာ ကရောင်း ၁၆ - ချိုးဆိုက် ၄၆၁ - စာမျက်နှာ ရှိလေသည်၊ ကျမ်းဦး၌ —

ဘာဝနိစ္ဆိတာနံ ဒေန္တံ၊ ဘာဝနာ ဉာဏသံယုတံ။
ဘာဝနံ ဒဿေန္တံ ဗုဒ္ဓံ၊ ဘာဝနံ အတုလံ နမေ။
ဘာဝနာနုပဿန္တာနံ၊ ဘာဝနံ စ မနောရမံ။
ဘာဝနာနိသံသံ ဓမ္မံ၊ ဘာဝနာယ သုခံ နမေ။
ဘာဝနာကာမာနံ ဒေန္တံ၊ ဘာဝနာဉာဏသံယုတံ။
ဘာဝနံ ဒဿေန္တံ သံဃံ၊ ဘာဝနံ စ စရံ နမေ။
ပါကဋံ ကန္တိထေရောတိ၊ ပဉ္စနိကာယပါရဂုံ။
ယောဂီသစ္စာဒိဂန္ထညုံ၊ ဒဋ္ဌံ သမာဓိ မေ ဂရုံ။
လဒ္ဓေါပဒေသံ နိဿာယ၊ ဂရုံ တေဟိ ဘိပေသိတော။
ယောဂီနံ သုခမတ္ထာယ၊ ကဿံ ဘာဝနာပါရဂုံ။

ဟူသော ၅ - ဂါထာဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမ, ပဋိညာဉ် စသည်တို့ကို ပြုတော်မူခဲ့လေသည်၊

ဆရာတော်ကား ပရိယတ်နှင့်သည်း ပြည့်စုံ - ပဋိပတ်နှင့်လည်း ကုံလုံသည့် ပုဂ္ဂိုလ်မြတ် ပါပေတည်း။

ဘဒန္တဝါယာမော ထေရော၊ ဝါယာမော ဗုဒ္ဓသာသနေ။
တုဝမ္ပိ ဝါယာမံ ကတွာ၊ ဘဝသာသနဘာရမော။

——

## အနောက်-ပရက္ကမချောင်ဆရာတော်
### အရှင်ဝဏ္ဏာစာရ

မဇ္ဈိမဒေသ သာသနာ ခေတ်ဟောင်းစဉ်က သာဝတ္ထိ, ရာဇဂြိုဟ် အစရှိသော မြို့ကြီးတို့သည် ပရိယတ္တိ သင်ကြားရာ ကျောင်းတိုက်ကြီး, ပဋိပတ္တိ အားထုတ်ရာ ကျောင်းတိုက်ကြီးများတို့ဖြင့် လွန်စွာ ကျက်သရေ ရှိကုန်၏၊ သီဟိုဠ်ကျွန်း၌လည်း သာသနာ သက္ကရာဇ် ၂၃၆ - ခုနှစ်မှ စ၍ နှစ်ရာပေါင်းများစွာ ကြာမြင့်စွာ အနုရာဓမြို့, ပုလတ္ထိမြို့, တိဿမဟာရာမမြို့ စသည်တို့၌ ပရိယတ္တိ စာသင်တိုက်ကြီး, ပဋိပတ္တိ အလုပ် အားထုတ်ရာ တပေါဝန စသည်တို့ဖြင့် ဘုရားရှင့် သာသနာ လွန်စွာ စည်ပင် ပွင့်လင်းခဲ့လေသည်။[၁]

---

၁။ သီဟိုဠ် သာသနာဝင် ကြည့်။

ဤစစ်ကိုင်းမြို့သည်လည်း ပရိယတ္တိ စာသင်တိုက်ကြီးများ, ပဋိပတ္တိဌာန များဖြင့် မြန်မာ့သာသနာဝင်တွင် ထင်ရှားခဲ့လေရာ စစ်ကိုင်း တောင်ရိုး အနောက် ပရက္ကမချောင်သည် ပဋိပတ္တိအလုပ် အားထုတ်ရာ ဌာန အဖြစ် ထင်ရှား၏။

ယင်း အနောက် ပရက္ကမချောင်၌ ဆရာတော် အရှင်ဝဏ္ဏာစာရသည် ဘုရား ရှင်၏ ပဋိပတ်အနွယ်ကို မကွယ်မပျက်အောင် စံနမူပြသည့်အနေဖြင့် ကြိုးပမ်း အားသစ်ခဲ့သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

## ဖွားမြင် - ရှင် ရဟန်း ပြု

ဆရာတော်သည် မုံရွာ ခရိုင် ဘုတလင်မြို့ အပိုင် ကင်စမ်းရွာ၌ အဖ ဦးကောင်းစံ အမိ ဒေါ်ကောက်တော် တို့မှ သက္ကရာဇ် ၁၂၆၇ - ခုနှစ် တပေါင်း လဆုတ် ၂ - ရက် ဗုဒ္ဓဟူးနေ့ နံနက် အာရုံတက် ၅-နာရီ ၁၀-မိနစ် အချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်စဉ်ကပင် ကင်စမ်းရွာကျောင်း တွင် ပညာ သင်ကြား၍ သာမဏေ အရွယ်တွင် ရှင်သာမဏေ ဝတ်၍သာသနာ့ ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ သက်တော် ၂၀ အရွယ်တွင် တောင် ငူမြို့ ကျဲအိပ်ပွဲရှမ်းရွာကျောင်း ဥဒကုက္ခေပသိမ်၌ ကျဲအိပ်ပွဲကျောင်း ဆရာ တော်ကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## ပညာ သင်ကြားခြင်း

ဥပဇ္ဈာယ် ကျဲအိပ်ပွဲကျောင်း ဆရာတော်, ပဲနွယ်ကုန်း ကျွန်းချောင်းရွာ သစ် ဆရာတော်, မုံရွာမြို့ အနောက်လယ်တီ ဦးကောဝိဒ, မောင်းထောင် ကျောက်ကူ ဆရာတော်, မင်းကင်း ညောင်ပင်သာရွာ ဆရာတော် ဦးပဏ္ဍိစ္စတို့၏ အထံတွင် ပိဋကတ် အခြေခံ ကျမ်းဂန်များ, ပိဋကတ် ကျမ်းဂန်များကို သင် ယူတော်မူခဲ့လေသည်။

## ပဋိပတ် အကျင့်ကို ဖြည့်ကျင့်ခြင်း

ဘုရားရှင် သာသနာတော်တွင် ထမ်းရွက်ခွင့် ရသဖြင့် လွန်စွာမှ ဝမ်းမြောက် နှစ်သက်ခြင်း ပီတိ သောမနဿ ဖြစ်၍ ပရိယတ် ပဋိပတ် သာသနာ နှစ်ရပ် တွင် ပဋိပတ်ကို အားထုတ်လိုသော ဆန္ဒ ပြင်းစွာ ဖြစ်ပေါ်လာသဖြင့် မုံရွာ ခရိုင် ကန်နီမြို့ ရွှေသိမ်တော်တောရ ဆရာတော်ဘုရားကြီးထံ ကမ္မဋ္ဌာန်း အား ထုတ်နည်းကို ခံယူပြီး ' ရှေ့သွား နောက်လိုက် သိုက်မြိုက်ဖွယ်လို ကြံ့ချို ပမာ တချောင်းသာတည်း ရှောင်ခွာဖော်နည်း တကိုယ်တည်းဖြင့် တောထည်းဝင်ခို ချမ်းသာပို၏ ' ဟူသည်နှင့်အညီ တကိုယ်တည်း စစ်ကိုင်းတောင်ရိုး အနောက် ပရက္ကမချောင်သို့ ကြွရောက် သီတင်းသုံးတော်မူကာ ဓုတင်ကျင့်ဝတ် များ

မချွတ်ကုံလုံ ပြည့်စုံစွာ ကျင့်ခြင်း, ရုပ် နာမ် တရားကို အနိစ္စ, ဒုက္ခ, အနတ္တ အားဖြင့် ရှုမှတ် ပွားများခြင်း စသည်ဖြင့် ပဋိပတ် အလုပ်ကို အားထုတ် ကျင့်ကြံခဲ့လေသည်။

### ပျံလွန်တော်မူခြင်း

ယင်းသို့ ပဋိပတ် အလုပ်ကို အားထုတ် ကျင့်ကြံဆဲ ဖြစ်စဉ် သက်တော် ၇၀ - တွင်း ရောက်ရှိရာ ၁၃၃၇-ခုနှစ် တန်ခူးလဆုတ် ၂-ရက် နေ့လယ် ၁-နာရီ မိနစ် ၄၀ - အချိန်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဝဏ္ဏာဝစာရော မဟာထေရော၊ သွာဝစာရော စက္ကဘာရခေါ။
ဘာရံ သော ဓာရယိတွာန၊ ယထာကမ္မံ ဂတော သုဓီ။

—

# စုဒ္ဒသမပိုင်း

## သင်္ဂဇာဆရာတော်ဘုရားကြီး

### အရှင်အဂ္ဂဓမ္မာလင်္ကာရ

ပုဂံမင်း, မင်းတုန်းမင်း နှင့် သီပေါမင်း ဟူသော မင်းသုံးဆက် လက်ထက်တိုင် ထင်ရှားတော်မူသော သင်္ဂဇာဆရာတော်ဘုရားကြီးသည် စစ်ကိုင်း နယ်ဖွားလည်း ဖြစ်၏၊ စစ်ကိုင်းတောင်ရိုး၌လည်း ကြာမြင့်စွာ သီတင်း သုံးတော်မူခဲ့သည်၊ သို့ဖြစ်၍ စစ်ကိုင်း သာသနာဝန်ဆောင် အကျော် အမော်တို့ကို မှတ်တမ်းတင်ရာ ဤစစ်ကိုင်းသာသနာဝင်၌ အကျဉ်းမျှ မှတ်တမ်းတင်အပ်ပါသည်။

### ဖွားမြင်တော်မူခြင်း

သင်္ဂဇာဆရာတော်ဘုရားကြီး အရှင်အဂ္ဂဓမ္မာလင်္ကာရသည် စစ်ကိုင်းခရိုင် မြောင်မြို့နယ် ပေါက်ချောင်းရွာ၌ အဖ ဦးလွမ်းပြေ အမိ ဒေါ်မင်းအောင် [၁] တို့မှ သက္ကရာဇ် ၁၁၇၇-ခုနှစ် နယုန်လဆန်း ၁၄-ရက်နေ့တွင် ဖွားမြင် တော်မူခဲ့လေသည်၊ ဦးလွမ်းပြေ၌ ဇနီး အကြီး-အငယ် နှစ်ယောက် ရှိရာ

---

၁။ ဆရာတော်၏ မိဖ အမည်ဘွဲ့မှာ တိခဲမြို့ပ်နေရာ ပေါက်ချောင်းဒေသ၌ ကျွမ်းကျင်သော ပခုက္ကူ မဟာဝိသုတာရာမ ဂဏဝါစက ဦးဝိစာရထံမှ သိရသည်။

ဒေါ်မင်းအောင်မှာ ဇနီးအငယ် ဖြစ်၏၊ ဆရာတော်၏ ငယ်နာမည်မှာ မောင်ပို ဖြစ်သည်။

## ပုဇွန်ချောင်းရွာသို့

မိခင် ဒေါ်မင်းအောင်သည် ဦးလွှမ်းပြေ၏ ဇနီးငယ် ဖြစ်ရာ ဦးလွှမ်းပြေ၏ ယုယ ကြင်နာမှုကို မရရှိသဖြင့် အမရပူရမြို့ အနောက်မြောက်ယွန်းရှိ ပုဇွန်ချောင်းရွာ၌ ပြောင်းရွှေ့ နေထိုင်ရာ သားငယ် ပေါင်ပို ပါလာခဲ့လေသည်။

## ရှင်သာမဏေဝတ် - ပညာ သင်ကြားခြင်း

သက်တော် ၁၃ - နှစ်သား အရွယ်တွင် ပုဇွန်ချောင်းရွာကျောင်း (ယခု မန္တလေး အနောက်ပြင် မအူပင်ကျောင်း) ဆရာတော် ဦးကောဏ္ဍညထံတွင် မိခင်က အပ်နှံသဖြင့် ရောက်ရှိ ပညာ သင်ယူခဲ့သည်၊ ၁၃ - နှစ်သား အရွယ်တွင် ရှင်သာမဏေ ဝတ်၍ သာသနာ့ဝန် ထမ်းဆောင်ခဲ့သည်၊ ဘွဲ့တော် ရှင်အဂ္ဂဓမ္မာလင်္ကာရ ဖြစ်လေသည်၊ ရှင်ဩဒ္ဒါသဘ ဟူသော အမည်ဖြင့်လည်း မှတ်တမ်းတွေ့ရ၏။

> တေရသဝဿိကော သော ဟိ၊ သာမဏေရတ္တနံ လဘိ။
> အဂ္ဂဓမ္မောတိ နာမမ္ပိ၊ ဥပဇ္ဈာယော သုကိတ္တယီ။

## သဲအင်းဆရာတော်ထံ ပညာသင်ခြင်း - ရဟန်းဖြစ်ခြင်း

ဥပဇ္ဈာယ် ဆရာတော်ထံ ကစ္စည်းသဒ္ဒါကြီးကို သင်ယူပြီးနောက် ရတနာပူရ အင်းဝမြို့ သဲအင်းကျောင်းတိုက်သို့ ကြွရောက်တော်မူ၍ သဲအင်းဆရာတော် အရှင်သူရိယာဘိဝံသထံ ကျမ်းဂန် အရပ်ရပ်ကို သင်ယူတော်မူခဲ့လေသည်၊ သက်တော် ၂၀ - တွင် 'ဝိရိယာဝံသာဘိ သိရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ ထီးလင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ် ပြု၍ ရဟန်းဘာဝ ဒုလ္လဘသို့ ရောက်ရှိတော်မူသည်။

> ဥပဇ္ဈာယံ ကရိတွာန၊ ဝိရိယံ ဝိရိယဝါ သုဓီ။
> အတီဝ ဝိရဝန္တဿ၊ သာသနေ ဒုလ္လဘံ လဘိ။

## တရား အားထုတ်ခြင်း - စာပေ ချပို့ခြင်း

ရဟန်းဖြစ်ပြီး နောက်တွင်လည်း အင်းဝမြို့ သဲအင်း ကျောင်းတိုက်၌ ၃ - ဝါခန့် နေထိုင် ပညာသင်ကြားပြီး ရွှေဘိုမြို့ သီးလုံးဆရာတော် ဦးစန္ဒိမာထံ ကြွရောက် သီတင်းသုံးတော်မူရာ ဘာဝနာကမ္မဋ္ဌာန်း အားထုတ်တော်မူခဲ့လေသည်။

သီးလုံးဆရာတော် ဦးစန္ဒိမာထံမှ ပြန်ကြွ လာပြီးနောက် အမရပူရမြို့ မြောက်ပြင် ပေါင်းလဲတိုက် (ယခု မန္တလေးတောင်ပြင် မဟာအောင်မြေ ပေါင်းလဲတိုက်) ဦးသီရိမာလာထံ ရောက်ရှိ သီဘင်းသုံး၍ စာပေ ချပို့ သာသနာပြုတော်မူခဲ့သည်။

## ထိုထိုဒေသ၌ သိတင်းသုံးခြင်း

ဆရာတော်သည် ပုဇွန်ချောင်းရွာ သစ်ဘောစာရေး ဆောက်လုပ်သည့် ကျောင်း၌ ၂-ဝါ, ရှားစောင်းတောရ၌ ၂-ဝါ, ရှိမ်းမကားရွာ သရက် ချောင်းတောရ၌ ၁-ဝါ သီတင်းသုံးတော်မူခဲ့သည်၊ ၎င်းပြင် လင်းလွန်းပင် တောရကျောင်း စသည်တို့၌လည်း သီတင်းသုံးတော်မူခဲ့လေသည်။

## ပေါက်ချောင်းရွာ ကျောက်အိုတောရ၌ သီတင်းသုံးခြင်း

မိမိ၏ မွေးရပ်ဌာနေ ဖြစ်သော ပေါက်ချောင်းရွာ ကျောက်အိုတောရ၌ ၂-ဝါ သီတင်းသုံးတော်မူ၍ ၄၀-ကျော်ခန့် သံဃာတော်တို့အား စာပေ ပို့ချတော်မူခဲ့လေသည်၊ ထိုစဉ်က ကျောက်အိုတောရနေ သံဃာတော် ၄၀-ကျော်တို့အား မင်းကေရာဇ်က နိစ္စဘတ် ဆွမ်းလုပ်ကျွေး လှူဒါန်းလေသည်။

နိဇဂါမေ ဝသိတွာန၊ နိဇသိသော နိယောဇယိ။
ပရိယတ္တိ သုဓုရေပိ၊ ပဋိပတ္တိကိစ္စေပိ စ။

## စစ်ကိုင်းတောင်ရိုး သီတင်းသုံးခြင်း

၎င်းနောက် စစ်ကိုင်းတောင်ရိုး ကောဏ္ဍညချောင်, လောကမှန်ကင်း ချောင်တို့၌ ၁-ဝါစီ သီတင်းသုံးတော်မူ၍ ဘုရားရှင် သာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်၊ ၎င်းနောက် အင်းဝမြို့ နမောကျောင်း၌ လည်း သီတင်းသုံးတော်မူသည်။

ဇေယျာစလေပိ ဝသိတွာ၊ နိစ္စလော ထေရကုဥ္စရော။
မုနိကုဥ္စရ စက္ကဿ၊ ဝုဍ္ဎိဝိရုဠှိယာ အကာ။

## သင်္ဘောကျောင်းတိုက် နှင့် တံဆိပ်တော် အလှူခံခြင်း

၎င်းနောက်တွင် ပဥ္စမ သံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ မန္တလေး အနောက်ပြင် သင်္ဘောချောင်းထိပ် အနီး သင်္ဘောကျောင်းတိုက် ကြီး တည်ဆောက် လှူဒါန်း ကိုးကွယ်ခြင်း-'အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ် ကပ်လှူခြင်းတို့ကို ခံတော်မူရလေ သည်၊ ဆရာတော်သည် သုဓမ္မာဝင် ဆရာတော်လည်း ဖြစ်တော်မူသည်။

## နေရာ အန္တံ့အပြား သိတင်းသုံးခြင်း

ဆရာတော်သည် လှိုင်းတက်သာဂရ, ရမည်းသင်း, စစ်ကိုင်း တောင်ရိုး ကြက်ထောင့်ရွာ, အလုံစီရင်စု ဇလုပ်ရွာ, မြင်းခြံမြို့ စမ်းကျကျောင်း, ရန်ကုန်မြို့ မဟာဓမ္မဒီပိကာရာမတိုက်, ကွမ်းခြံကုန်း မရမ်းရွာ စသည်တို့၌လည်း သင့်သလို သိတင်းသုံး၍ သာသနာပြုတော်မူခဲ့လေသည်။

## ကျမ်းစာများ ပြုစုတော်မူခြင်း

ဆရာတော်သည် ကျမ်းဂန် များစွာတို့ကိုလည်း ပြုစုတော်မူခဲ့သည်၊ ၎င်းတို့မှာ —

၁ - ဓာတွတ္ထဒီပက ပါဠိ
၂ - ဓာတွတ္ထဒီပက ပါဠိ နိသျ
၃ - ဓမ္မပဒပါဠိတော် နိသျသစ်
၄ - သိင်္ဂါလောဝါဒ ဆုံးမစာ
၅ - ဝိမတိဝိနောဒနီဋီကာ နိသျ
၆ - စတုရာရက္ခကျမ်း
၇ - ကာယာပစ္စဝေက္ခဏာကျမ်း
၈ - ဥပါသကောဝါဒ စာကိုယ်
၉ - ဥပါသကောဝါဒ ဋီကာ
၁၀ - စကားပုံ အမျိုးမျိုး - စသည်တို့ ဖြစ်ကုန်၏။

ဖော်ပြပါ ကျမ်းများ အနက် ဓာတွတ္ထဒီပက ပါဠိကို —

ပါဠိနယတ္ထေသု ဆေကတ္ထံ၊ သပ္ပယောဂ ဝိနိစ္ဆယံ။
သာရံ ဝက္ခာမိ ဓာတွတ္ထံ၊ ဝန္ဒိတွာ ရတနတ္တယံ။

ဟူသော ဂါထာဖြင့် ပဏာမ, ပဋိညာဉ် ပြု၍ ရေးသား စီရင်တော်မူခဲ့လေသည်။

ဓမ္မပဒ ပါဠိတော် နိသျသစ်ကို —

နတွာ ဓမ္မပဒဿာဟံ၊ သဗ္ဗလောကဿ သတ္ထုနော။
နိဿယံ သလ္လိခိဿာမိ၊ ပဿန္တု ဓမ္မမာမကာ။

ဟူသော ဂါထာဖြင့် ပဏာမ, ပဋိညာဉ်, ဥယျောဇဉ် ပြု၍ ရေးသား စီရင်တော်မူလေသည်။

ဝိမတိဝိနောဒနီဋီကာ နိသျကို ရဟန်းသိက္ခာ ၁၅ - ဝါ အရက 'မေဓာလင်္ကာရ ပရမဇေ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ ပြည် ဆရာတော်ဘုရားကြီး တောင်းပန်သဖြင့် ရေးသား စီရင်တော်မူသည်ဟု သိရ၏။

### အိန္ဒိယကြွ - ကာလကတ္တားဌ် သိတင်းသုံးခြင်း - ပျံလွန်ခြင်း

ဆရာတော်သည် ၁၂၄၆ – ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကလကတ္တားမြို့ ကြွရောက်တော်မူ၍ ညောင်အုပ်မင်းသား အိမ်တော်၌ ၁ - ဝါ သီတင်းသုံးတော်မူသည်၊ ၁၂၄၇ - ခုနှစ် ဝါခေါင်လဆန်း ၁၀ - ရက်နေ့ မော်လမြိုင်မြို့၌ ပျံလွန်တော်မူသည်။ [၁]

အဂ္ဂဓမ္မော မဟာထေရော၊ အဂ္ဂဓမ္မသုဝါစကော။
သာသနံ အဂ္ဂဗုဒ္ဓဿ၊ ကာရေတွာ တိဒိဝံ ဂတော။

သင်္ဂဇာဆရာတော်ကား စာပေလည်း တတ်မြောက်၏၊ စကားအရာလည်း လွန်စွာ ကျွမ်းကျင်တော်မူလှ၏၊ ဆရာတော်၌ နာမည်ကျော် တပည့်များ ပေါ်ထွန်းရာ ဝဇီရာရာမဆရာတော်ကား အကျော်ကြားဆုံး တပည့် ဖြစ်၏၊ ထိုဝဇီရာရာမဆရာတော်မှ တဆင့် 'အဂ္ဂမဟာပဏ္ဍိတ' ပဌမကျော် ဘုံပျံဆရာတော် ဦးကေတုမာလာ - 'အဂ္ဂမဟာပဏ္ဍိတ' တောင်ပေါက်ဆရာတော် ဦးစက္ကပါလ စသည်တို့ ပေါ်ထွန်းကုန်၏။

---

### 'ပညာသိရိ သဒ္ဓမ္မကဝိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု'
### ပဌမ - ဝဇီရာရာမဆရာတော်

ဆရာတော်သည် မင်းကွန်း တောင်ရိုး၌လည်း သီတင်းသုံးတော်မူဘူး၏၊ စစ်ကိုင်းတောင်ရိုး ရတနာဘုမ္မိချောင်၌မူကား သက်ဆုံးတိုင် သီတင်းသုံး၍ သာသနာပြုတော်မူသည့် စစ်ကိုင်း သာသနာ့ဝန်ဆောင် တပါး ဖြစ်တော်သည်။

#### ဖွားမြင်ခြင်း - ပညာသင်ခြင်း - ရှင် ရဟန်း ပြုခြင်း

တပယင်းမြို့ကျေး ချမ်းသာရွာ သွေးသောက် အောက်စု အပါအဝင် ကုန်းသာရွာ၌ သက္ကရာဇ် ၁၁၉၂ - ခု တော်သလင်းလဆန်း ၂ - ရက်တွင် ဖွားမြင်တော်မူသည်၊ ကုန်းသာရွာ ဝါဆိုကျောင်းတိုက် ဆရာတော် ဦးကလျာဏထံ ရောက်ရှိ ပညာ သင်ကြားခဲ့သည်၊ အရွယ်ရောက်သော် ရှင်သာမဏေ ဝတ်၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်၊ သာမဏေဘွဲ့တော် ရှင်ပညာသိရိ ဖြစ်၏။

ထန်းမကြီးရွာ မဟာရုံကျောင်းဆရာတော် အရှင်ဝိမလဗုဒ္ဓိ နှင့် သင်္ဂဇာဆရာတော်ဘုရားကြီး အရှင်အဂ္ဂဓမ္မာလင်္ကာရ, သီလုံးဆရာတော် အရှင်စန္ဒိမာ

---

[၁] သင်္ဂဇာဆရာတော် အဖြစ်တော်စဉ် အကျယ် မန္တလေး သာသနာဝင်ကျမ်း သင်္ဂဇာတိုက် သာသနာဝင် ကြည့်။

တို့ထံတွင်လည်း ပညာ သင်ကြားတော်မူခဲ့သည်၊ သက်တော် ၂၀ - တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

## မန္တလေး အရှေ့ပြင် ဝဇီရာရာမတိုက်၌ သီတင်းသုံးခြင်း

သင်္ဂဇာဆရာတော်ဘုရားကြီး အရှင်အဂ္ဂါဓမ္မာလင်္ကာရသည် မန္တလေးမြို့အရှေ့ပြင်၌ စိန်တုံးမိဖုရား လှူဒါန်းအပ်သော ဝဇီရာရာမကျောင်းတိုက်ကို အလှူခံတော်မူ၍ ၂ - နှစ် သီတင်းသုံးတော်မူပြီး တပည့် အရှင်ပညာသီရိအား လွှဲအပ်တော်မူ၏၊ ဆရာတော် အရှင်ပညာသီရိသည် ယင်း ဝဇီရာရာမတိုက်၌ ၁၅ - နှစ်ကြာမျှ စာပေ ချပို့ သီတင်းသုံးတော်မူသည်၊ သို့ဖြစ်၍ ဝဇီရာရာမဆရာတော်ဟု ထင်ရှားလေသည်။

ဝဇီရာရာမေ ဝသိတ္ဝာန၊ ပေဋကေ ဝါစယိ ဝိဒ္ဓါ၊
တေနာပိ ဝဇီရာရာမ – အာစေရော သမဇာယထ။ [၁]

## မင်းကွန်း၊ မော်လမြိုင် သီတင်းသုံး - သီဟိုဠ်ကျွန်း ကြွခြင်း

မင်းကွန်းတောင်ရိုး နံ့သာချောင်၌ သီတင်းသုံးတော်မူ၍ ပဋိပတ် အလုပ်ကို ကြိုးကုတ်တော်မူခဲ့၏၊ ၁၂၄၇ - ခုနှစ်တွင် မော်လမြိုင်မြို့ ရတနာဘုံမြင့်ကျောင်းတိုက်ကို အလှူခံ၍ သီတင်းသုံးတော်မူခဲ့သည်။

သီဟိုဠ်ကျွန်းသို့လည်း ကြွတော်မူ၍ စွယ်တော်အား များစွာ လှူဖွယ်တို့ဖြင့် လှူဒါန်း ပူဇော်တော်မူခဲ့လေသည်။ [၂]

## ကျမ်းဂန်များ ပြုစုခြင်း

ကျမ်းဂန် များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်၊ ၎င်းတို့မှာ –

၁ - ဓမ္မဒီပနီကျမ်း
၂ - ဒွတ္တိံသာကာရ ဒီပကကျမ်း
၃ - ဝေဿန္တရဇာတကာလင်္ကာရကျမ်း
၄ - သိဿကောဝါဒကျမ်း
၅ - မဟာနမက္ကာရ ဗုဒ္ဓဝန္ဒနာကျမ်း
၆ - လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ဝိနိစ္ဆယ ဂါထာ နိဿယကျမ်း
၇ - သုတ် ဝိနည်း အဘိဓမ္မာ နိဒါန်း အမေး အဖြေ
၈ - အနုတ္တလက္ခဏာသုတ် ပါဠိတော် နိဿယ

---

၁။ ဤဂါထာ အဓိပ္ပါယ် အထက်က ပါပြီး ဖြစ်၏။

၂။ အကျယ် မန္တလေးသာသနာဝင် ဝဇီရာရာမသာသနာဝင် အခန်း ကြည့်။

၉ - ဝိသုံဂါမ ဝိနိစ္ဆယ
၁၀ - ဒသသီလ ဝိနိစ္ဆယ
၁၁ - မာဂဓိ သန္ဒေသ ကထာ
၁၂ - ဗုဒ္ဓဝန္ဒနာ ဂါထာ ပါဠိ နိဿယ
၁၃ - ဒုဿီလဒါနာဒိ ဝိနိစ္ဆယ
၁၄ - အာဋ္ဌာနာဋိယသုတ် နိဿယသစ်
၁၅ - ဝိဝဋ္ဋနိဿိတ ဒါနကထာ
၁၆ - ဝိနိစ္ဆယ သန္ဒေသ ကထာ - စသည်တို့ ဖြစ်ကုန်၏။

## စစ်ကိုင်းတောင်ရိုး၌ သီတင်းသုံး - ပျံလွန်

ဆရာတော်သည် စစ်ကိုင်းချောင်ရိုး ရတနာဘုမ္မိချောင်၌ ကာလ ကြာရှည် သီတင်းသုံးတော်မူ၍ ဝိပဿနာ ဓုရဝန်ကို အားသွန် ကြိုးပမ်းတော်မူသည်၊ ၁၂၇၀ - ပြည့်နှစ် တပို့တွဲလဆုတ် ၃ - ရက်နေ့တွင် ကိုယ်ရောင် ရောဂါဖြင့် ပျံလွန်တော်မူခဲ့လေသည်။

ပညာသီရိ ယတိ သေဋ္ဌော၊ ပတိတော ထေရကုဉ္ဇရော။
သင်္ခါရာဝယဓမ္မာ ဟိ၊ အလံ ဒါနိ ဝိမုစ္စိတုံ။

---

## 'ပဌမကျော်' 'အဂ္ဂမဟာပဏ္ဍိတ'
## မော်လမြိုင် - ရတနာဘုံပျံဆရာတော်

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး ရတနာဘုမ္မိချောင်၌ ကြာမြင့်စွာ သီတင်းသုံး၍ ပညာ သင်ကြား ချပို့ သာသနာ့ဝန် ထမ်းဆောင်တော် မူခဲ့သည်။

### ဖွားမြင်ခြင်း - ရှင် ရဟန်း ပြု - ပညာသင်ခြင်း

ပြည်ခရိုင် ပန်းတောင်းမြို့ အပိုင် မြစိမ်းကျွန်း၌ သက္ကရာဇ် ၁၂၂၈ - ခုနှစ် ကဆုန်လဆုတ် ၉ - ရက် တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်၊ ငယ်မည် မောင်အောင်ကျော် ဖြစ်၏၊ ချောင်းဒေါင့် ဆရာတော်ထံတွင် ရောက်ရှိ ပညာ သင်ကြားတော်မူခဲ့သည်၊ ငယ်စဉ်ကပင် ရှင်သာမဏေ ဝတ်၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့သည်၊ ဘွဲ့တော် ရှင်ကေတုမာလာ ဖြစ်၏၊ ပဋိသန္ဓေနှင့် တကွ သက်တော် ၂၀ - ပြည့်မြောက်ရာ ၁၂၄၇ - နှစ်တွင် ရဟန်းဘောင်သို့ ဝင်ရောက်တော်မူခဲ့လေသည်။

ပုဇွန်တောင် နော်မံကျောင်းကြီး ဆရာတော်, သင်္ဂဇာ ဆရာတော်, ဝဇီရာ ရာမ ဆရာတော်တို့ထံ ပညာ သင်ကြားတော်မူခဲ့သည်၊ ၁၂၅၇ - ခုနှစ်တွင်

ကျင်းပသော ပဌမပြန် စာမေးပွဲတွင် ပဌမကျော် အောင်မြင်တော်မူခဲ့သည်၊ မန္တလေးမြို့၌လည်း ပညာ သင်ကြားတော် မူခဲ့သည်၊ စစ်ကိုင်း တောင်ရိုး ရတနာဘုမ္မိချောင် ဆရာရင်း ဝဇီရာရာမ ဆရာတော်ကြီးထံတွင် နေထိုင်၍ ဆက်လက် ပညာ သင်ကြားတော်မူခဲ့သည်၊ တပည့် တပန်းတို့အား စာပေ ချပို့တော်မူခဲ့သည်။

## ဘုံပြင့်ကျောင်း ဘုံပျံကျောင်းတို့၌ ကြာမြင့်စွာ သီတင်းသုံး

ဆရာတော်သည် ဇာတိရပ်မြေ မြစိမ်းရွာ, မုဒုံ ဘဲရမ်းရွာ, သဲဖြူစမ်းတောရ စသည်တို့၌လည်း သီတင်းသုံးတော်မူသည်၊ မော်လမြိုင်မြို့ ဘုံပြင့်ကျောင်းတိုက် နှင့် ဘုံပျံကျောင်းတိုက်တို့၌ကား ကြာမြင့်စွာ သီတင်းသုံးတော်မူသည်။

ကျမ်းဂန်များကို ပြုစုတော်မူသည်၊ ယင်းကျမ်းဂန်တို့မှာ —

၁ - နိဂ္ဂဟိတဝိမုတ္တ ဝိနိစ္ဆယ၊
၂ - ဒါဌာဓာတုဝင်
၃ - ဝိနယကောဝိဒ
၄ - ကမ္မဝါစာ ဘာဏက္ကမ ဒီပနီ - စသည်တို့ ဖြစ်ကုန်၏။

## ပျံလွန်တော်မူခြင်း

၁၂၉၂ ခုနှစ်တွင် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်၊ ၁၃၁၀ ခုနှစ် ကဆုန်လဆန်း ၁၀-ရက်နေ့တွင် ပျံလွန်တော်မူသည်။

ကေတုမာလာဝှထေရော ဟိ၊ မုနိစက္က သုဇောတကော။
စက္ကံ သော ဇောတယိတွာန၊ ပယာတော မစ္စုနော မုခံ။

---

'အဂ္ဂမဟာပဏ္ဍိတ'
# မော်လမြိုင် - တောင်ပေါက် ဆရာတော်

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး၌ ကြာမြင့်စွာ သီတင်းသုံး၍ စာပေ ချပို့ သာသနာပြုတော်မူဘူး၏၊ သို့ဖြစ်၍ ဤစစ်ကိုင်း သာသနာဝင်ကျမ်း အကျဉ်း မှတ်တမ်းတင်အပ်ပါသတ်။

## ဖွားမြင်ခြင်း - ရှင်သာမဏေ ဝတ်ခြင်း

မြင်ကွန်းမြို့ ဈေးအနီး အရပ် အဖ ဦးရော အမိ ဒေါ်သက်တို့မှ သက္ကရာဇ် ၁၂၃၉ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁-ရက် ညဥ့် ၁ - ချက်တီးကျော်တွင် ဖွားမြင်တော်မူသည်။

၁၆ - နှစ်သား အရွယ်တွင် မော်လမြိုင်မြို့ ဝဇီရာရာမ ဆရာတော်ဘုရားကြီးထံ ရောက်ရှိ၍ ပညာ သင်ကြားတော်မူခဲ့သည်၊ သက်တော် ၁၇ - နှစ်ရှိရာ ၁၂၅၆ - ခုနှစ် ဝါဆိုလတွင် ဝဇီရာရာမ ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်၊ သာမဏေဘွဲ့ ရှင်စက္ကပါလ ဖြစ်၏။

## ပညာ သင်ကြားခြင်း - ရဟန်း ဖြစ်ခြင်း

ဝဇီရာရာမ ဆရာတော်ဘုရားကြီး နှင့် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့ရ ဆရာတော် အရှင်ကေတုမာလာထံ၌ ပိဋကတ် အခြေခံ ကျမ်းစာများကို သင်ယူတော်မူခဲ့သည်၊ သက်တော် ၂၀ - ပြည့်မြောက်ရာ ၁၂၅၈ - ခု တပေါင်းလဆုတ် ၂-ရက်နေ့တွင် ဝဇီရာရာမ ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ကျောင်းဒါယကာကြီး ဦးတိုးလုံ နှင့် ကျောင်းဒါယိကာမကြီး ဒေါ်သွယ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်း အဖြစ်သို့ ရောက်တော်မူသည်၊ ရဟန်း ၃ - ဝါရသည် အထိ မော်လမြိုင်မြို့၌ပင် ဥပဇ္ဈာယ်ဆရာတော် ဝဇီရာရာမ ဆရာတော်ဘုရားကြီးနှင့် ဆရာတော် ဦးကေတုမာလာထံတွင် ဆက်လက် ပညာ သင်ကြားခဲ့ရာ သဒ္ဒါ, သင်္ဂြိုဟ်, ခုဒ္ဒသိက္ခာနှင့် တကွ ဝိနည်းငယ် သုံးစောင်, အဘိဓာနပ္ပဒီပိကာ, ပါရာဇိက ပါဠိ အဋ္ဌကထာ, နေတ္တိ ပါဠိ အဋ္ဌကထာ, ဋီကာ နှင့် သဒ္ဒနီတိ သုတ္တမာလာကျမ်းတို့ သင်ယူ ပြီးဆုံးလေသည်။

ဥပသမ္ပဒဝဿေန၊ တိဝဿေန မဟာယတိ။
ဥဂ္ဂဏှိ ဝိဝိဓေ ဂန္ထေ၊ တေသု ဆေကော ဝိဒူ ကဝိ။

## ပညာရှိ အသီးသီးထံ ခိုမှီး ဆက်လက် ပညာသင်ခြင်း

၁၂၆၁ - ခုနှစ်တွင် ဝဇီရာရာမ ဆရာတော်ဘုရားကြီးနှင့် အတူ သီဟိုဠ်ကျွန်းသို့ ကြွတော်မူသည်၊ ၁၂၆၂ - ခုနှစ်တွင် ရန်ကုန်မြို့ ကျားတောရ ဝေဠုဝန်ဆရာတော် အရှင်ပဏ္ဍဝံသ အထံ ရောက်ရှိ၍ အဘိဓမ္မာဖက် ဆိုင်ရာ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းများကို သင်ယူတော်မူခဲ့သည်။

၁၂၆၅ - ခုနှစ်တွင် မန္တလေးမြို့သို့ ကြွတော်မူ၍ စကုတိုက်၌ သီတင်းသုံးကာ ချမ်းသာကြီးတိုက် စာချဆရာတော် ဦးပဏ္ဍဝ, ဆင်တဲဆရာတော် ဦးဝိမလတို့ထံ သင်္ဂြိုးကျမ်းဂန်များ ညဝါများကို သင်ယူတော်မူခဲ့လေသည်။

သန္တိကေ စက္ကပါလာနံ၊ စက္ကပါလော ယတုတ္တမော။
ဥဂ္ဂဟေတွာ နေကေဂန္ထေ၊ စက္ကေ ဝိဂတသာရဒေါ။

## စစ်ကိုင်းတောင်ရိုး စာပေချပို့ သီတင်းသုံးခြင်း

၁၂၆၆ - ခုနှစ်တွင် ကျေးဇူးရှင် ဥပဇ္ဈာယ် ဝဇီရာရာမဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ စစ်ကိုင်းတောင်ရိုး ခိုတောင်တောရ ရတနာဘုမ္မိ

ချောင်၌ သီတင်းသုံးတော်မူ၍ ရဟန်း သာမဏေတို့အား စာပေ ပို့ချတော်မူခဲ့လေသည်၊ ၁၂၆၇-ခုနှစ်တွင် မော်လမြိုင်မြို့သို့ ကြွတော်မူ၍ ရတနာဘုံပျံကျောင်း၌ စာပေ ချပို့၍ တနှစ် သီတင်းသုံးတော်မူသည်၊ တဖန် စစ်ကိုင်းတောင်ရိုး ရတနာဘုမ္မိချောင်သို့ ပြန်ကြွ သီတင်းသုံးတော်မူ၍ ၁၅-ဝါ တိုင်တိုင် သီတင်းသုံး၍ စာပေ ချပို့တော်မူခဲ့လေသည်။

စစ်ကိုင်းပုရေ မန္ဒည်မှို၊ ရတနာဘူမိကန္ဒရေ။
ဝသိတွာန စိရံ ကာလံ၊ သဗ္ဗညုသာသနန္ဓရော။

## ဝေယံဘုံသာတိုက် အလှူခံ-စာချ-အိန္ဒိယ-သီဟိုဠ် ကြွ

၁၂၇၃-ခုနှစ်တွင် မန္တလေးမြို့ အနောက်ပြင် ဆိုင်းတန်းရပ် ကျောင်းဒါယကာကြီး ဦးဘိုး၏ သား ဆန် ဦးသိန်းက တသိန်းကျော်ကုန် စီမံဆောက်လုပ် လှူဒါန်းအပ်သော မန္တလေးမြို့ အနောက်ပြင် မဟာဝေယံဘုံသာ ကျောင်းတိုက်ကြီးကို အလှူခံတော်မူ၍ ၁၂၇၉-ခုနှစ်တိုင် စာပေချပို့ သီတင်းသုံးတော်မူခဲ့လေသည်၊ ၁၂၇၆-ခုနှစ်တွင် ယင်း မဟာဝေယံသာ ကျောင်းတိုက်အတွင်း စက္ကာလင်္ကာရ မည်သော ခဏ္ဍသိမ်ကို သမုတ်တော်မူခဲ့သည်၊ ၁၂၇၇-ခုနှစ်တွင် အိန္ဒိယနိုင်ငံ သီဟိုဠ်နိုင်ငံသို့ ကြွတော်မူသည်၊ သီဟိုဠ်ကျွန်း၌ ၃-လခန့် သီတင်းသုံး၍ သီဟိုဠ်ဘာသာကို လေ့လာတော်မူခဲ့လေသည်။

ဝေယံဘုံသာ ဝိဟာရေပိ၊ ဝသိတွာ သာသနဘာရမော။
ဘာရတသြဇဒီပေပိ၊ ဂန္တွာ သုတဂဝေသကော။

## ကျမ်းဂန်များ ပြုစုခြင်း

ဆရာတော်သည် ကျမ်းဂန် များစွာတို့ကိုလည်း ပြုစုတော်မူခဲ့သည်၊ ၎င်းတို့မှာ —

၁ - သက္ကတ ဆန္ဒောမဉ္ဇရီ ချနက် နိဿယ
၂ - ပဇ္ဇမဓု နိဿယ
၃ - အနိရုဒ္ဓသတ္တက နိဿယ
၄ - ဒိဋ္ဌန္တသတ္တက နိဿယ
၅ - ပဉ္စတန္တြ နိဿယ
၆ - သဒ္ဓမ္မဝါကျောပဒေသ နိဿယ
၇ - နာဠိပရိက္ခာ နိဿယ
၈ - ကာဗျဒဿ နိဿယ
၉ - ရသဝါဟိနီ ဂါထာများ နိဿယ

၁၀ - သဒ္ဒသိဒ္ဓတ္ထ သိင်္ဂဟ နိဿယ
၁၁ - ဘတ္တိသတ္တက နိဿယ
၁၂ - ဗာလာဝတာရ ချနက် နိဿယ
၁၃ - ဗာလာဝတာရ ဂဏ္ဌိပဒတ္ထ ဝိနိစ္ဆယသာရကျမ်း
၁၄ - နာမပဒမာလာ နှင့် အာချာတပဒမာလာ အကျယ် အဓိပ္ပာယ်
၁၅ - ကစ္စာယနဓာတုမဉ္ဇူသာ နိဿယ
၁၆ - သဒ္ဒသာရတ္ထဇာလိနီ နိဿယ
၁၇ - ဂန္ထာဘရဏ နိဿယ
၁၈ - ဝိဘတ္တိမာလာ နိဿယ
၁၉ - ဗာလပ္ပဗောဓန နိဿယ
၂၀ - ပဒသာဓနပစ္စယောဇနိက နိဿယ
၂၁ - ပါဠိဘာသာဝတာရဏ နိဿယ
၂၂ - အလင်္ကာ နိဿယ
၂၃ - ခုဒ္ဒသိက္ခာ နိဿယ
၂၄ - သင်္ဂြိုဟ် နိဿယ
၂၅ - အဘိဓာန် ချနက် နိဿယ
၂၆ - မောဟဝိစ္ဆေဒနီ အဋ္ဌကထာ နိဿယ
၂၇ - မုခ္ခမတ္တ ဗျာကရုဏ်း နိဿယ
၂၈ - ဝိဒဂ် နိဿယ
၂၉ - အမရကောသ နိဿယ
၃၀ - ဒဋ္ဌိကမ္မ ဝိနိစ္ဆယ
၃၁ - ဇာတကစဠြိကာ နိဿယ
၃၂ - ဗုဒ္ဓသာသနိက ပဌဝီဝင်ကျမ်း
၃၃ - ဆန်း နိဿယ
၃၄ - သက္ကစ္စခဏ္ဍ နိဿယ
၃၅ - ဗုဒ္ဓဂဇ္ဇ နိဿယ
၃၆ - နာမသတ္တက နိဿယ
၃၇ - နလောဒယ ကာဗျ နိဿယ
၃၈ - ဝုတ္တောဒယ ဂဏ္ဌိပဒတ္ထ ဝိနိစ္ဆယ
၃၉ - နရောပကာရကျမ်း
၄၀ - ဝုတ္တိမောဂ္ဂလ္လာန် နိဿယ
၄၁ - မဟာဗောဓိဝံသ အဋ္ဌကထာ နိဿယ
၄၂ - ဗာလာဝဗောဓန ဗျာကရုဏ်း နိဿယ
၄၃ - ပါကတ ပကာသ ဗျာကရဏ နိဿယ

၄၄ - ပါကတ ပိင်္ဂလ ဆန်းကျမ်း
၄၅ - ဒေသိယ သဒ္ဒသင်္ဂဟ ကောသ အဘိဓာန် နိဿယ
၄၆ - ဗျဉ္ဇနဗုဒ္ဓိ ဝိနိစ္ဆယ
၄၇ - အာရက္ခ နှင့် ပဗ္ဗာဇနိယ ကမ္မဝါစာ နိဿယ
၄၈ - တူလဒသာ နှင့် အန္တရဒသာ တွက်နည်း အဟော - စသည်တို့ ဖြစ်ကုန်၏။

သမ္ဘာဒယိတွာ ဂန္ထေပိ၊ ဗဟုလေ ဗဟုလေ သုဓိ။
သုဓိနော စက္ကုဝုဒ္ဓိယာ၊ စက္ကော ဟိ ဝါယမံ ကရိ။

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် အလှူခံရရှိခြင်း - ပျံလွန်တော်မူခြင်း**

ဆရာတော်၏ အရည်အသွေးနှင့် ကိုက်ညီ တော်လျော်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို ၁၂၉၇ - ခုနှစ်တွင် အလှူခံရရှိတော်မူသည်၊ သက်တော် ၇၆ ဝါတော် ၅၆ - ဝါ ရရှိရာ ၁၃၁၅ - ခုနှစ် ဒုတိယ ဝါဆိုလဆုတ် ၃ - ရက် ၄ - နာရီ ၂၂ - မိနစ် အချိန်တွင် ပျံလွန်တော်မူသည်။

စက္ကပါလော မဟာထေရော၊ သုစက္ကပါလကော သုဓိ။
စက္ကံ သော ပါလယိတွာန၊ ဘဝစက္ကံ ပကာသယိ။

---

# ပန္နရသမပိုင်း

## 'အဂ္ဂမဟာပဏ္ဍိတ'
## အတိသုဉ္စါရုံ ဆရာတော် ဦးဇောတိပါလ

ဆရာတော်သည် စစ်ကိုင်း တောင်ရိုး၌ သက်ဆုံးတိုင် သီတင်းသုံးတော်မူကာ သာသနာပြုတော်မူသည်၊ စစ်ကိုင်း သာသနာရောင်ကို ထွန်းပြောင်စေတော်မူခဲ့သော ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

**ဖွားမြင် - ရဟန်းဖြစ်**

မြင်းခြံခရိုင် တောင်သာမြို့နယ် သီးကုန်းရွာနေ အဖ ဦးသံသာ အမိ ဒေါ်ဟသ်ာတို့မှ ၁၂၃၅ - ခု ဝါဆိုလဆုတ် ၆ - ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့သည်၊ ၇ - နှစ်သား အရွယ်တွင် သီးကုန်းရွာ တောင်ကျောင်း ဆရာတော် ဦးနန္ဒထံ ရောက်ရှိ၍၊ သူတော်ငယ် အဖြစ်ဖြင့် ပညာ သင်ကြားခဲ့သည်၊ သက္ကရာဇ် ၁၂၄၈ - ခုနှစ် ၁၃ - နှစ်သား အရွယ်တွင် ပဗ္ဗဇ္ဇမင်္ဂလာ ခံနား

စွာ ကျင်းပပြီး ရှင်သာမဏေ ဝတ်ခဲ့သည်၊ သက်တော် ၂၀ - ပြည့်မြောက်ရာ ၁၂၅၄ ခုနှစ်တွင် ရေစကြိုမြို့ ပခန်းဂိုဏ်း ဝိနယဓရ ကျွန်းပုလုဆရာတော် ဘုရားကြီး ဦးကေသရကို ဥပဇ္ဈာယ် ပြု၍ မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်တော်မူသည်၊ ရဟန်း ဘွဲ့တော်မှာ အရှင်ဇောတိပါလ ဖြစ်လေသည်။

## ပညာ သင်ကြားခြင်း

မူလ ငယ်ဆရာရင်း ဆရာတော် ဦးနန္ဒ, ဥပဇ္ဈာယ် ဆရာတော် ဦးကေသရ, ပခန်း ဂူဖြူတောရဆရာတော်, လေးတန်းဆရာတော်, မန္တလေးမြို့ ဒက္ခိဏာ ရာမ ဘုရားကြီးတိုက် ဆရာတော် ဦးရန်ကုန်တို့ထံ ဗျာကရုဏ်းကျမ်းများနှင့် တကွ ပိဋကတ်ကျမ်းဂန်တို့ကို ဆည်းပူး လေ့လာ သင်ကြားတော်မူခဲ့သည်။

## မဟာဝိသုဒ္ဓါရုံသို့

သက္ကရာဇ် ၁၂၆၁ - ခုနှစ်တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမတိုက်သို့ ရောက်၍ ဆက်လက် ပညာ သင်ကြား ဆည်းပူးတော်မူသည်၊ ရဟန်း သိက္ခာ ၇ - ဝါတွင် စာချ ဖြစ်သည်၊ ၁၂၆၅ - ခုနှစ်တွင် မဟာဝိသုဒ္ဓါရာမဆရာ တော်ဘုရားကြီး အနောက်ပြင် မဟာဝိသုဒ္ဓါရာမတိုက်သစ်သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသော အခါ လိုက်ပါတော်မူ၍ ဂဏဝါစက စာချတာဝန် ကို ဆက်လက် ထမ်းဆောင်ရသည်၊ ညောင်စဉ်ကျောင်း ဘုန်းကြီး အဖြစ် ချီးမြှောက်ခြင်း ခံတော်မူရသည်၊ ပရိယတ္တိ သာသနဟိတ အသင်းကြီး၏ 'ဘဒ္ဒန္တဇောတိပါလာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ မူလ စာချ' ဘွဲ့ဖြင့် လေးမြတ် ကော်ရော် ပူဇော် ဆက်ကပ် ထောက်ပံ့ခြင်းကိုလည်း ခံယူတော်မူရသည်။

## စစ်ကိုင်းချောင်သို့

သက္ကရာဇ် ၁၂၇၇ - ခုနှစ် ရဟန်း သိက္ခာ ၂၃ - ဝါ အရတွင် စစ်ကိုင်း တောင်ရိုး ထွက်ကြွတော်မူခဲ့ပြီး စစ်ကိုင်းတောင်ရိုး ရက္ခမူ အတိသုဒ္ဓါရုံချောင်၌ သံဃာတော် ၅၀ - ခန့်တို့အား စာပေ ပို့ချ၍ သာသနာတော်ကို ချီးမြှောက် တော်မူခဲ့သည်၊ ရွှေကျင်ဂိုဏ်းကြီး၏ ဥက္ကဋ္ဌ မဟာနာယက အဖြစ်ဖြင့်လည်း သံဃာထု၏ တင်မြှောက်ခြင်းကို ခံတော်မူရသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁၃၁၄ - ခုနှစ်တွင် နိုင်ငံတော် အစိုးရတို့၏ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် တော် ကပ်လှူ ပူဇော်ခြင်းကို ခံယူ ရရှိတော်မူလေသည်။

## ဘဝနတ်ထံ ဝင်စံခြင်း

အတိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် သက်တော် ၈၆ - နှစ် ဝါတော် ၆၆ - ဝါ ရရှိရာ ၁၃၂၀ - ပြည့်နှစ် နတ်တော်လဆုတ် ၂ - ရက်နေ့ နံနက် ၃ - နာရီ အချိန်တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

ဇောတိပါလ မဟာထေရော၊ ဝိသုဒ္ဓါရာမဝါစကော။
ကောဝိဒေါ နေကသတ္ထေသု၊ ဂရု အာစရိယော ဝိဒူ။
ဟိတ္ဝာန နေကသိဿေသော၊ အဂမိ တုသိတံ ပုရံ။

—

### အဂ္ဂမဟာ ပဏ္ဍိတ
## အဖျောက်ဆရာတော် အရှင်အာစာရ မဟာထေရ်

ဆရာတော်သည် စစ်ကိုင်းသာသနာ့မြေ၌ ပေါက်ဖွားသည့် သာသနာ့ သားကောင်း ရတနာတပါး ဖြစ်တော်မူလေသည်။

### ဖွားမြင် - ရှင် ရဟန်းပြု - ပရိယတ် အားထုတ်

စစ်ကိုင်းခရိုင် တံတားဦးမြို့နယ် မြို့သာမြို့၌ အဖ ကုန်သည် ကျောင်း ဒါယကာကြီး ဦးကံအေး အမိ ဒေါ်အိမ်စည်တို့မှ သက္ကရာဇ် ၁၂၃၈ - ခု တပေါင်းလဆုတ် ၆ - ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ၁၄ - နှစ်သား အရွယ်တွင် ဟင်္သာတခရိုင် ဇလွန်မြို့နယ် အဖျောက်ရွာ အင်းဝ ဆရာတော်ထံတွင် ရှင်သာမဏေ ဝတ်ခဲ့လေသည်၊ သက်တော် ၂၀ - တွင် မြို့သာမြို့ ဝါးရုံချောင်းဆရာတော် ဦးစန္ဒကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ဥပဇ္ဈာယ် အင်းဝဆရာတော်ဘုရားကြီး နှင့် မန္တလေးမြို့ မိုးကောင်းတိုက် 'နာဂိန္ဒာဘိ ကဝိဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ မဟာ ဝေယံဘုံကျော် ဆရာတော်, ဘကြီးတော် မြို့ပြင်ကြီးဆရာတော် အရှင်စန္ဒ ဝံသာလင်္ကာရ, ဘင်္ဂလားဆရာတော် အရှင်ရဝိန္ဒတို့ထံ ပညာ သင်ကြား တတ်မြောက်တော်မူခဲ့လေသည်၊ အိန္ဒိယနိုင်ငံ, သီဟိုဠ်နိုင်ငံသို့လည်း ကြွရောက် တော်မူ၍ သက္ကတ စသော ဘာသန္တရများကို သင်ယူတော်မူခဲ့လေသည်။

### စာချ - ကျမ်းပြု

၁၂၇၅ - ခုနှစ်တွင် အဖျောက်ရွာသို့ ပြန်ကြွ သီတင်းသုံးတော်မူကာ ဓာပေ ပို့ချတော်မူခဲ့လေသည်၊ ဆရာစံ တော်လှန်သော အခါ အဖျောက်၌

မ႑ိုမ်မသက် ဖြစ်သဖြင့် ရန်ကုန်မြို့ ရွှေဂုံတိုင်ကျောင်းတိုက်သို့ ကြွရောက် သီတင်းသုံးတော်မူ၍ စာပေ ချပို့တော်မူခဲ့လေသည်။

၁ - ပရမတ္ထသင်္ဂဟ သံခိပ်ကျမ်း
၂ - ဓာတုမနသိကာရကျမ်း
၃ - ဟိတောပဒေသ ဘာသာပြန်

စသည့် ကျမ်းဂန်တို့ကိုလည်း ရေးသား စီရင်တော်မူခဲ့လေသည်။

## သာသနာရေး ဆောင်ရွက် - အဂ္ဂမဟာပဏ္ဍိတဘွဲ့ အလှူခံ

ဆဌသံဂါယနာတွင် သံဂီတိကာရကမှ ဩဝါဒါစရိယ စသော တာဝန် တို့ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ဆဌသံဂါယနာ (ပါဠိတော် သံဂါ ယနာ) အပြီး ၁၃၁၈ - ခုနှစ်တွင် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## ပျံလွန်တော် မူခြင်း

သက်တော် ၈၇ ၊ သိက္ခာတော် ၆၈ - ၀ါ အရ ၁၃၂၅ - ခုနှစ် နတ်တော် လဆုတ် ၁၀ - ရက်နေ့ ည ၁ - နာရီအချိန်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဘဒ္ဒန္တအာစာရော ထေရော၊ သွာစာရော ဗုဒ္ဓသာသနေ။
သုစရိတေ စရိတ္ဝာန၊ ဂတော ဒေဝသဟဗျတံ။


---

## အဂ္ဂမဟာပဏ္ဍိတ
# မန္တလေး - မစိုးရိမ်ဆရာတော်
## အရှင်သောမာဘိသိရိ မဟာထေရ်

ဆရာတော်သည် သာသနာတော်၌ လွန်စွာ ထင်ရှားသော မထေရ်မြတ် ဖြစ်တော်မူသည်၊ စစ်ကိုင်းတောင်ရိုး မဟာသစ်ဝင်ချောင်ကို တည်ထောင် တော်မူ၍ သက်ဆုံးတိုင် သာသနာပြုခဲ့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ် တော်မူသည်။

## ဖွားမြင်တော်မူခြင်း

မန္တလေးမြို့ ရတနာပုံ နေပြည်တော်ကြီးကို လက်မှန်အစ ပဌမ တည် ထောင် ဖန်ဆင်းတော်မူသော ပဥ္စမသံဂါယနာတင် ဘဝရှင် မင်းတရားကြီး လက်ထက်တော် အခါ ရေကြောင်းဖက်ဆိုင်ရာ ရေတပ်မတော် အမှုထမ်းတို့ ရပ်ကွက် ဖြစ်သော မန္တလေးမြို့ ရွှေတုန်းလှေတန်းရပ်၌ အဖ ဦးမိုး အမိ ဒေါ်မင်းသူတို့မှ သာသနာ သက္ကရာဇ် ၂၄၂၁ - ခု ကောဇာ သက္ကရာဇ်



အဂ္ဂမဟာပဏ္ဍိတ
မန္တလေး မစိုးရိမ်ဆရာတော်
အရှင်သောမာဘိသိရီ မဟာထေရ်

၁၂၃၉ -ခု ဒုတိယ ဝါဆိုလဆုတ် ၉ - ရက် သောကြာနေ့ ညဥ့် ၂ - ချက်တီးကျော် အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။

## မိဖတို့၏ အမျိုး အနွယ်

အမျိုး အနွယ် အားဖြင့် အမိမျိုးကား မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း သစ်ကုန်သည်ကြီး ဦးညွှင်း ဒေါ်အောင်တို့မှ ဖွားမြင်သည့် ဒေါ်သဲ, ဒေါ်မင်းသူ, ဦးစံထွန်း အားဖြင့် သုံးဦးတွင် ဒုတိယမြောက် ဒေါ်မင်းသူ ဖြစ်လေသည်။

အဖကား စစ်ကိုင်းမြို့ မင်းစံရပ် ဦးမင်း ဒေါ်ဖွားညိုတို့မှ ဖွားမြင်သော ဦးမိုး, ဦးဘိုး, ဦးတိုး, ဒေါ်ငြိမ်း အားဖြင့် လေးဦးတို့တွင် ပဌမသားကြီး ဩရသ ဦးမိုး ဖြစ်လေသည်။

## ငယ်နာမည် နှင့် သားချင်းများ

ဦးမိုး နှင့် ဒေါ်မင်းသူတို့မှ ဖွားမြင်သော သီးပွတ်ရတနာတို့ကား ဦးဘိုးကြီး, ဒေါ်သုံ,ဒေါ်ပုံ,ဒေါ်ထုံ, ဦးမောင်ကလေး, ဒေါ်အုံ, ဒေါ်လုံ အားဖြင့် မွေးချင်း ၇ -ဦး ရှိရာ အင်္ဂကို အမတို့ အလယ် ၅ - ယောက်မြောက် ချစ်စဖွယ် မောင်အငယ်ကလေး ဖြစ်ရကား မိဖ ၂ - ပါးတို့က မောင်ကလေးဟု အမည်ပေးကြလေသည်။

## ပညာ သင်ကြားခြင်း

အဖ ဦးမိုးသည် ဘုရင့်ရေတပ်မတော်၏ စစ်လှေတော် ရွှေတုန်းလှေတော်ကို အုပ်ချုပ်ရသော အကြီးအမှူး ဖြစ်ရာ သက္ကရာဇ် ၁၂၄၇ - ခုနှစ်တွင် အထက် မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းယူသော အခါ ဘုရင့် အမှုတော်ထမ်း အသီးသီးတို့မှာ မိမိတို့ ဆွေမျိုး သားချင်း ရှိရာတို့ ပြောင်းရွှေ့ နေထိုင်ကြရာ ဖခင် ဦးမိုးသည် စစ်ကိုင်းသား ဖြစ်၍ စစ်ကိုင်း ထုံးဘို သောတာပန် အမျိုးအနွယ် ရှိရာ မိသားစုနှင့် အတူ လာရောက် နေထိုင်လေသည်။

ဆရာတော်လောင်းလျာ သူငယ် သတိုးသားသည် အရွယ်အားဖြင့် ၈- နှစ် အရွယ်သို့ ရောက်လေသော် သောတာပန် တောင်ရေဦးတိုက် ဘုန်းတော်ကြီး ဦးသုမနထံ အပ်နှံ၍ ပညာ သင်ကြားစေလေသည်၊ ဉာဏ်ပညာ ထက်မြက်သည့် အလျောက် သင်ပုန်းကြီး, မင်္ဂလသုတ်, အပြင်အောင်ခြင်း, အတွင်းအောင်ခြင်း, နမက္ကာရ, လောကနီတိ, ပရိတ်ကြီး နှင့် ဇာတ်ကြီး ဆယ်ဖွဲ့တို့ကို သင်ယူပေါက်ရောက်၍ ကစ္စည်းသဒ္ဒါကြီး, အဘိဓမ္မတ္ထသင်္ဂဟကျမ်းတို့ကိုလည်း ကျောင်းသားသူငယ် ဘဝနှင့်ပင် သင်ယူ တတ်မြောက်ခဲ့လေသည်။

## ရှင်သာမဏေ ဝတ်ခြင်း

သက္ကရာဇ် ၁၂၅၂-ခုနှစ် ဝါဆိုလဆန်း ၈-ရက်နေ့တွင် စစ်ကိုင်း တောင်ရိုး သောတာပန် တောင်ရေဦးကျောင်းတိုက် ဆရာတော် ဦးသုမနထံ၌ ရေငုံဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် သရဏဂုံ ပေးသနား ချီးမြှောက်မှုဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

[ **မှတ်ချက်။** ။ ၁၃၀၁-ခုနှစ် သီတင်းကျွတ်လဆန်း ၃-ရက်နေ့ ၁၁-နာရီ အချိန် ဘဝနတ်ထံ ပျံလွန်တော်မူ၍ နတ်တော်လဆန်း ၁၃-ရက်နေ့ ထီးဖြူတော်ဖွင့် အခမ်းအနား—တပို့တွဲလဆုတ် ၅၊ ၆၊ ၇၊ ရက် အန္တိမ စျာပနနေ့တို့၌ စစ်ကိုင်းတောင်ရိုး ရေငုံချောင် ဆရာတော်ဘုရားကြီးကိုယ်တိုင် အခမ်းအနား ၂-ရပ်၌ ကြွတော်မူလာ၍ 'မစိုးရိမ် ဆရာတော်ဟု ကျော်ကြားတော်မူသော အရှင်သောမာဘိသီရိ ပဗ္ဗဇ္ဇာဘိသေကမင်္ဂလာ ပွဲစဉ်အခါက ကိုယ်တိုင် သရဏဂုံပေးခြင်း-ဥပဇ္ဈယ် ခံယူလျက် ရှင်သာမဏေ အဖြစ် ချီးမြှောက်ခဲ့ရသည်၊ ယခုမှာ သူက ဒို့အရင် သွားရှာပေတော့သည်၊ ဒို့ကား သူ့နောက်က အမှန်မသေ့ လိုက်ပါရချေတော့မည်' ဟု ဓမ္မသံဝေဂ ပွား၍ မိန့်ကြားတော်မူလေသည်၊ သောတာပန် ရေဦးတောင်တိုက် ဆရာတော် ဦးသုမနသည်လည်း ရေငုံဆရာတော်ဘုရားကြီး၏ တပည့် ဖြစ်လေသည်။ ]

## ရှင်သောမာဘိသီရိဟု ဘွဲ့တော် မှည့်ခေါ်ခြင်း

ရှင်သာမဏေ ပြုပြီး နောက်တရက်တွင် သံဃာတော် အရှင်မြတ်များအား ဆွမ်းကပ်၍ ရှင်မည် ရှင်ဘွဲ့ ခံယူခြင်း နာမကရဏမင်္ဂလာ ပွဲရာ၌ ဥပဇ္ဈာယ် ရေငုံဆရာတော်ဘုရားကြီး ကိုယ်တိုင် သာမဏေ၏ ဗျုပ္ပတ္တိ အခြင်းအရာကို ဆင်ခြင်တော်မူသော အခါ 'ရံသိယော အဘိသဝေတီတိ သောမော' ဟူသော ဝစနတ္ထနှင့် သျှော်စွာ မင်္ဂလာတက်ဝေ ကျက်သရေ အရောင် ထွန်းပြောင်ပဝင်း၍ စီးဆင်း ယိုဖိတ်စေတတ်သော လမင်းသည် ရှုမြင်သူ အပေါင်း၏ စိတ်နှလုံးကို ရွှင်ပြုံး ကြည်လင်စေတတ်သကဲ့သို့ ထိုလမင်း၏ အခြင်းအရာနှင့် တူစွာ ရှင်သာမဏေ၏ ဥပဓိသမ္ပတ္တိ အင်္ဂါ မဟာပုရိသ လက္ခဏာနှင့် ပြည့်စုံခြင်းကြောင့် အမြဲတမ်း ကြည်လင်သော မျက်နှာ အဆင်း စသည်ကို ဖူးမြင်ရသူ အပေါင်း၏ စိတ်နှလုံးကို ရွှင်ပြုံး ကြည်လင်စေတတ်သော ဗျုပ္ပတ္တိ အကြောင်းခြင်းရာကို ထောက်ဆတော်မူပြီး လမင်းနှင့် သဘောတူစွာ လမင်းဟော ဝေဝုစ် သညာဖြင့်ရှင်း—

သုသီတလော သုပသန္နော၊ ရံသိယော အဘိပဿဝေါ။
သမုဋ္ဌိ မဟာသောမော၊ အဟ္ဘုတော ဝတ သာဝေါ။

ဟူသော လဟော ဂါထာ အရ ရှင်သာမဏေကို ကိုယ်တော်တိုင်'ရှင်သော မာဘိသီရိ'ဟူသော အန္တတ္ထအမည်ထူးဖြင့် ချီးကျူး မှည့်ခေါ်မူလေသည်။

## ပညာ သင်ကြားခြင်း

ရှင်သာမဏေ ဖြစ်ပြီးနောက် သာမဏေတို့ ကျင့်ဖွယ် ကျင့်အပ် တတ်အပ် ရာသော ပစ္စဝေက္ခဏာ, လိင်, ဒဏ်, သေခိယ, စုဒ္ဒသခန္ဓကဝတ် တို့ကို ဥပဇ္ဈာယ် ရေငုံဆရာတော်ကြီး နှင့် ဆရာတော် ဦးသုမနတို့ထံတွင် သင်ကြား လေ့လာရာ မကြာခဏအတွင်း တဘ်မြောက်ပြီးဆုံးခြင်းသို့ ရောက်လေသည်၊ သဒ္ဒါ, သင်္ဂြိုဟ်, အဘိဓာန်, အလင်္ကာ, ဆန်းတို့ကိုလည်း သာမဏေငယ်စဉ် က အာဂုံ ကျက်မှတ် သင်ယူခဲ့လေသည်။

## ဒက္ခိဏာရာမ ဝိဇ္ဇာယတနသို့

သက္ကရာဇ် ၁၂၅၃ ခုနှစ် ဝါဆိုလတွင် (နောင် စစ်ကိုင်းတောင်ရိုးကျီးမနိုး ဆရာတော် ဖြစ်လတ္တံ့သော ဦးပိန် ခေါ်) ဦးဝိသုဒ္ဓနှင့် အတူ လိုက်၍ မန္တလေးမြို့ ဒက္ခိဏာရာမဝိဇ္ဇာယတနကြီး အတွင်းရှိ ပေတောကျောင်းဘုန်းကြီး ဦးဣန္ဒထံ၌ နေထိုင်လျက် တိုက်အုပ်ဆရာတော် ဦးအာစာရ, ရန်ကုန်ဆရာ တော် ဦးသုဇာတ, ကမ္ဗောဇနန့် ခေါ် ဆရာတော်ဦးနန္ဒိယ တို့ထံ၌ ပညာ ရင်နို့ သောက်စို့ရလေသည်၊ ထိုစဉ်က ဒက္ခိဏာရာမတိုက် ပေတောကျောင်း အနီး ဆီးပင်ရင်း၌ ရှင်သောမာဘိသီရိသည် နေ့ညဉ့်မပြတ် စာကျက် စာအံ စာပြန်ခဲ့လေသည်၊ ယင်းဆီးပင်ကို 'သောမဆီးပင်'ဟု ကြာမြင့်စွာ ခေါ်ဝေါ် ခဲ့ကြဘူးလေသည်။

## ရဟန်းအဖြစ်သို့ ရောက်ခြင်း

သက္ကရာဇ် ၁၂၅၉ ခုနှစ်တွင် တောင်ငူမြို့ စပါးပွဲစားကြီး ဦးဘချို နှင့် ဇနီး ပွဲကတော် ဒေါ်ရွှေမ, ညီမ ဒေါ်ဖွားခင်တို့သည် မန္တလေးမြို့ ဒက္ခိဏာ ရာမတိုက် ပေတောကျောင်း ဆရာတော် ဦးဣန္ဒထံ 'သာမဏေ တပါး ပေးသနားတော်မူပါ၊ သာသနဒါယာဒ ရဟန်းဒါယကာ ရဟန်းဒါယိကာမ ဖြစ်၍ သာသနာတော်ကို ချီးမြှောက် အားပေးလိုကြောင်း' လျှောက်ထား တောင်းပန်ကြသဖြင့် သာသနာတော်၏ ကြီးပွား စည်ပင်ရေးကို အားပေး လိုလားတော်မူသော ဆရာတော် ဦးဣန္ဒသည် ပရိယတ္တိစာပေ၌ စာကျက်ကျ တတ်မြောက်လှသော သာမဏေ ရှင်သောမာဘိသီရိကို ပေးသနားလေသည်။

ထို့ကြောင့် မစိုးရိမ်ဆရာတော် လောင်းလျာသည် တောင်ငူမြို့ စပါး ပွဲစားကြီး ဦးဘချို ဇနီး ပွဲကတော် ဒေါ်ရွှေမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် တောင်ငူမြို့ စည်ပင်ကျောင်း ခဏ္ဍသိမ်တော်၌ ဘုရားကြီးတိုက် ဆရာတော်

ဦးရန်ကုန်ကို ဥပဇ္ဈာယ်ပြု၍ ကာရက သံဃာတော် ၂၀ · တို့၏ ချီးမြှောက်မှုဖြင့် ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူလေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ ဦးရန်ကုန် ထေရကုဥ္စရံ။
ဒုလ္လဘံ သော လဘိတွာန၊ သမ္ဗုဒ္ဓ သာသနေ ရတော။

## ဆက်လက် ပညာ သင်ကြားခြင်း

ရဟန်း ဖြစ်ပြီး နောက်တွင်လည်း မန္တလေးမြို့သို့ ပြန်ကြွတော်မူပြီး ဘုရားကြီးတိုက် ဆရာတော် ဦးအာစာရ, ဆရာတော် ဦးရန်ကုန်, ကဗျာနန် ခေါ် ဆရာတော် ဦးနန္ဒိယ, ရွှေရေးဆောင် ဆရာတော် ဦးကြည်, ညောင်ကန်တိုက် ဆရာတော် ဦးဣန္ဒ စသည်တို့ထံ ဆက်လက်၍ နည်းနာခံယူ ပညာ သင်ကြားခဲ့လေသည်။

## · မင်းကျောင်း ဆရာတော်ထံ နည်းခံခြင်း

သက္ကရာဇ် ၁၂၆၁ - ခုနှစ် စစ်ကိုင်းဘောင်ရိုး ဝါးချက်ရွာ အနီး ဗိမာန်ဘုံသာ လှေသင်း မင်းကျောင်းဆရာတော်ထံ၌ ပါဠိ, အဋ္ဌကထာ, ဋီကာများနှင့် နေတ္တိ ဆိုင်ရာ ကျမ်းတို့ကို လေ့လာ သင်ကြားတော်မူခဲ့လေသည်၊ နေတ္တိပါဠိတော် နိဿယကိုလည်း ရေးသားတော်မူ၍ ဝါးချက် မင်းကျောင်း ဆရာတော်ကြီးအား ပြရာ လွန်စွာ အားရ ကျေနပ်တော်မူကြောင်း သိရလေသည်။

## ဘာသန္တရလေ့လာခြင်း - နိုင်ငံခြားများသို့ ကြွခြင်း

သက္ကရာဇ် ၁၂၆၃ - ခုနှစ်တွင် ရန်ကုန်မြို့ ဗင်္ဂလားတိုက် ဆရာတော်ကြီးထံ ချဉ်းကပ်၍ သက္ကတဘာသာ, သီဟိုဠ်ဘာသာ, စသော ဘာသာခြား စာပေတို့ကို လေ့လာတော်မူခဲ့လေသည်၊ ဗင်္ဂလား ဆရာတော်ကြီးနှင့် အတူ မဇ္ဈိမဒေသ, သီဟိုဠ်, ယိုးဒယား နိုင်ငံများသို့လည်း သာသနာပြု ကြွတော်မူခဲ့သည်။

## စာသင်တိုက်တည် သာသနာပြုခြင်း

ရဟန်း ဒါယကာကြီး ဦးဘချို နှင့် ရဟန်း အမကြီး ဒေါ်ရွှေမ, ညီမ ဒေါ်ဖွားခင်တို့ ဆောက်လုပ် လှူဒါန်းအပ်သော တောင်ငူမြို့ မြစည်းခုံဘုရား အနီး ပိဋကတ္တယာရာမ ကျောင်းတိုက်ကို အလှူခံတော်မူ၍ မှီခို ရောက်ရှိလာသော စာသင်သားတို့အား နေ့ဝါ, ညဝါများကို ပို့ချကာ သာသနာ ပြုတော်မူခဲ့လေသည်။

တောင်ငူဝှနဂရေစာပိ၊ ပိဋကတ္တယနာမကေ။
အာရာမေ သော ဝသိတွာန၊ သာသနပါတကာရကော။

## မစိုးရိမ်တိုက်ကြီးကို လက်ခံခြင်း

မန္တလေးမြို့ အနောက်ပြင် မစိုးရိမ် ကျောင်းတိုက်ကြီး၏ ဒါယကာကြီး ဦးသက်ရှည်သည် မြို့ပြင်ကြီး ဇာတိ ဖြစ်၍ မြို့ပြင်ကြီး ဆရာတော်ထံ ပညာ သင်ကြားစဉ်က အတူတကွ ဆရာတူ တပည့်ဖြစ်သော (ဦးရဝိန္ဒ) ဗင်္ဂလား ဆရာတော်အား မစိုးရိမ်တိုက်ကြီးကို တင်လှူရန် ရန်ကုန်မြို့ ဗင်္ဂလား ဆရာ တော်ကြီးအား လျှောက်ထားသောအခါ 'သာသနာတော်အား ကျေးဇူး များမည့် စာသင်တိုက်ကြီး တည်ထောင်လျက် ငါ့အား လှူဒါန်းသော်လည်း ငါသည် အသက်အရွယ် ကြီးရင့်သည် ဖြစ်၍ ပင်ပန်းစွာ စာပေ ကျမ်းဂန် တို့ကို ပို့ချခြင်းငှာ မစွမ်းနိုင်ရာ၊ သို့ရာတွင် ငါ၏ ညာလက်ရုံးသဖွယ် ဖြစ်သော တပည့် မောင်သောမာဘိသိရီအား ငါနှင့် အတူတကွ ဝင်၍ ပင့်ရမည်' ဟု အမိန့်ရှိတော်မူသည်အတိုင်း ဗင်္ဂလားဆရာတော်ကြီး နှင့် ကျောင်းဒါယကာ ကြီး ဦးသက်ရှည်တို့သည် တောင်ငူမြို့ ပိဋကတ္တယာရာမကျောင်းတိုက်သို့ရောက်၍ ဗင်္ဂလားဆရာတော်ကြီးက အရှင်သောမာဘိသိရီအား 'ငါ့တပည့် မောင် သောမာဘိသိရီ - တောင်ငူမြို့သည် မြို့သေးမြို့ငယ်သာ ဖြစ်သည်၊ မန္တလေးမြို့ သည် သာသနာကြီးပွား စည်ပင်ရာ မြို့ကြီးပြကြီး ဖြစ်သည်၊ သာသနာ ကြီးပွားရေး ဆောင်ရွက်ရန် ငါနှင့် အတူ လိုက်၍ မန္တလေးမြို့ မစိုးရိမ် ကျောင်းတိုက်၌ စာပေ ပို့ချပေးရမည်'ဟု မိန့်တော်မူလေသည်။

အရှင်သောမာဘိသိရီသည် ကျေးဇူးရှင် ဆရာဘ၁ါး ဖြစ်သော ဗင်္ဂလား ဆရာတော်ကြီး၏ အမိန့်တော် လက်ခံ၍ နေရင်းစွဲ ပိဋကတ္တယာရာမကျောင်းတိုက် ကို တပည့်ကြီး ဦးကောသလအား လွှဲအပ်ပြီး မန္တလေးသို့ ဗင်္ဂလား ဆရာ တော်ကြီး ကျောင်းဒကာကြီး ဦးသက်ရှည်တို့နှင့် အတူ မီးရထားဖြင့် ကြွတော် မူလေသည်၊ ကျောင်းဒကာကြီး ဦးသက်ရှည်ကလည်း ဆရာတော် ဦးသောမာ ဘိသိရီအား မစိုးရိမ်ကျောင်းတိုက်ကို လက်ခံရန် အတန်တန် လျှောက်ထား လေသည်။

ကျောင်းဒကာကြီး ဦးသက်ရှည်သည် မစိုးရိမ်ကျောင်းတိုက်ကြီးကို ဗင်္ဂလား ဆရာတော်အား သက္ကရာဇ် ၁၂၇၁ - ခုနှစ် ဝါဆိုလဆန်း ၁၀-ရက် စနေနေ့ တွင် ရေစက်သွန်းချ လှူဒါန်းလေသည်၊ ဗင်္ဂလား ဆရာတော်ဘုရားကြီးသည် သံဃိကမြောက် ရေစက်ချ၍ အလှူခံတော်မူပြီး ကိုယ်တော်တိုင် ၁-ဝါ မျှသာ သီတင်းသုံးတော်မူပြီး အရှင်သောမာဘိသိရီအား ဦးစီးနာယက အဖြစ် အုပ်ချုပ် ရန် လွှဲအပ်တော်မူပြီးလျှင် နေရင်းစွဲ ရန်ကုန်မြို့ ဗင်္ဂလား ကျောင်းတိုက်သို့ ပြန်ကြွတော်မူလေသည်။

ဆရာတော်သည် မစိုးရိမ်တိုက်ကြီး၏ နာယက တာဝန်ကို ရွက်ဆောင်ပြီး ရောက်ရှိလာသော စာသင်သားတို့အားလည်း စာပေ ကျမ်းဂန် အတန်တန်

တို့ကို ပို့ချပြီး အနာဂတ် သာသနာ၌ ကျေးဇူးများမည့် ကျမ်းဂန် များစွာတို့ ကိုလည်း ရေးသား ပြုစုတော် မူခဲ့လေသည်။

## မဟာသစ်ဝင်ချောင်သို့

စစ်ကိုင်းတောင်ရိုး ဝတ်ချက်ရွာအနီး မဟာသစ်ဝင်ချောင် မစိုးရိမ်တောရ ကျောင်းကို သက္ကရာဇ် ၁၂၈၇ - ခုနှစ်တွင် စတင် တည်ထောင်တော်မူ၍ တပည့် ၂ - ပါးကို ရှေးဦးစွာ နေစေ၍ ၁၂၈၈ - ခုနှစ် ဝါဆိုဦးတွင် အရှင်ဘုရား ကြွရောက် တောဝင်တော်မူ၍ ပရိယတ်, ပရိပတ် ၂ - ရပ်ကို ကြိုးပမ်း အား ထုတ်တော်မူခဲ့လေသည်။

## ပြုစုတော်မူသော ကျမ်းဂန်များ

ဆရာတော်သည် ကျမ်းဂန်များစွာတို့ကို ပြုစုတော်မူရာ သိသမျှ ဖော်ပြရ ပါမူ —

၁ - ဏွာဒိမောဂ္ဂလ္လာန် နိဿျ
၂ - ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မြန်မာပြန် သီလနိဒ္ဒေသ နှင့် ဓုတင် နိဒ္ဒေသ ( ပဌမတွဲ နှင့် ဒုတိယတွဲ )
၃ - တေပိဋကသာရ ရတနာဝလိကျမ်း
၄ - သဒ္ဒတ္ထရတနာလိ မည်သော မဟာပါဠိအဘိဓာန် ( ပဌမတွဲ )
၅ - ဗုဒ္ဓဝင်ချုပ်ကျမ်း
၆ - အမ္ဗပါလိထေရီမ ဝတ္ထု
၇ - ဗြဟ္မစိုရ် လက်စွဲကျမ်း
၈ - သင်္ချာဂဏ္ဍိ ဝိသောဓနီကျမ်း
၉ - စစ်ကိုင်းတောင်ရိုး သမိုင်း မှတ်တမ်း အတ္ထုပ္ပတ္တိကျမ်း
၁၀ - ထေရဝံသ စာရက္ကမ ပဒီပိကာကျမ်း
၁၁ - နိရုတ္တိ ပဥ္စာ ဗျာကရဏကျမ်း
၁၂ - ဗုဒ္ဓဗောဓ နိဿျ
၁၃ - အမရကောသ အဘိဓာန် မြန်မာပြန်ကျမ်း
၁၄ - သရသ္သတိ ဗျာကရဏ်း ပါဠ် နိဿျ
၁၅ - ပဥ္စာ ဗျာကရဏ ဝိနိစ္ဆယကျမ်း
၁၆ - သချာတ္တယသိဒ္ဓိ ကျင့်ထုံးကျမ်း
၁၇ - သင်္ဂဟ သရုပ်ကျမ်း

၁၈ • သီမာ ဝိနိစ္ဆယကျမ်း
၁၉ • ပါတိမောက် ဂဏ္ဌိကျမ်း
၂၀ • ဘဏ္ဍာမုဋ္ဌန သာဝဇ္ဇနာဝဇ္ဇ ဝိနိစ္ဆယကျမ်း
၂၁ • သကဘဏ္ဍ ဘာဝါဘာဝ ဝိနိစ္ဆယကျမ်း
၂၂ • ဓမ္မပဒ လက်ာကျမ်း
၂၃ • သံဃဘေဒ ဝိနိစ္ဆယကျမ်း
၂၄ • ဒက္ခိဏာသာခါဘုရား ပူဇော်နည်းကျမ်း
၂၅ • ဓမ္မဝိနယူပဒေသ နိဒါန်း
၂၆ • အသီတိဓာတုဂိဘာဂ ဒီပနီကျမ်း
၂၇ • မင်းဆက် ရာဇဝင်ကျမ်း
၂၈ • စစ်ကိုင်းတောင်ရိုး အတ္ထုပ္ပတ္တိ သမိုင်းကျမ်း
၂၉ • ဆန်း နိဿျ နှင့် အဆုံးအဖြတ်ကျမ်း
၃၀ • ဓမ္မပဒဂါထာ ဆန်းစစ်ကျမ်း
၃၁ • သဒ္ဒါ အဆုံးအဖြတ်ကျမ်း
၃၂ • ဆေးအဘိဓာန် ( ပါဠိ, မြန်မာ, ဗင်္ဂါလီ, နာဂရီ, အင်္ဂလိပ်, ယိုးဒယား, သီဟိုဠ် ၇ ဘာသာတို့ဖြင့် ရေးသားထားသော ကျမ်း )
၃၃ • အထွေထွေ အမေးပုစ္ဆာ အဖြေ နှင့် သိမ်အောင် စာတမ်းများ
၃၄ • တိရစ္ဆာန ဝိသောဓကကျမ်း
၃၅ • လက်ကျာအောင်မြေ လုပ်ထုံး အဖြေကျမ်း
၃၆ • အဂ္ဂိယ အဘိဓာန်ကျမ်း
၃၇ • နေတ္တိ ပါဠိတော် နိဿျတို့ • ဖြစ်ကုန်၏။

ဖော်ပြပါ ကျမ်းများအနက် ၁ - မှ ၁၀ - အထိ ကျမ်းများမှာ ပုံနှိပ်ပြီးမှုများ ဖြစ်သည်၊ ကျန် ကျမ်းများမှာ ပုံနှိပ်မှု အဖြစ် မရောက်ပဲ လက်ရေးမူဖြင့် တည်ရှိခဲ့သည်၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇ ကျမ်းများမှာ ဒုတိယ ကမ္ဘာစစ် အတွင်းက ဂျပန်စစ်သားများ ဖျက်ဆီးခြင်းခံရ၍ ပျက်စီးခဲ့သည်။

## ' အဂ္ဂမဟာပဏ္ဍိတ ' ဘွဲ့တံဆိပ်တော်

ဖော်ပြခဲ့သည့် အတိုင်း ပရိယတ္တိလည်း ပြောင်မြောက် - ပဋိပတ် အကျင့်နှင့်လည်း လုံလောက်သည့် ဂဏဝါစက စာချ, ဂန္ထကာရကဂုဏ်တို့ဖြင့် လွှမ်းခြုံ

ကျော်ကြားလှသော ဆရာတော် အရှင်သောမာဘိသီရိအား အင်္ဂလိပ်အစိုးရ တို့က ၁၂၉၂-ခုနှစ် ပြာသိုလဆန်း ၁၄-ရက်နေ့တွင် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို လေးမြတ် ကြည်ဖြူ ကပ်လှူ ပူဇော်ခဲ့ကြကုန်၏။

## မဟာသစ်ဝင်ချောင် လွှဲအပ်ခြင်း

ဆရာတော်သည် မိမိ မပျံလွန်မီ မိမိ သီတင်းသုံးရာ မဟာသစ်ဝင်ချောင် နှင့် တကွ ဂရုဘဏ်, လဟုဘဏ် အားလုံးကို ၁၃၀၁-ခုနှစ် သီတင်းကျွတ် လဆန်း ၁-ရက် သောကြာနေ့ ညဥ့် ၇-နာရီအချိန်တွင် အောက်ပါအတိုင်း လွှဲအပ်တော်မူသည်။

၁- ချောင်မြေကို သံဃိက အဖြစ် လွှဲအပ်သည်။
၂- ကျောင်း ဟူသမျှ သံဃိက။
၃- ကုဋ္ဌင်, ကုလားထိုင်, စားပွဲများကို သံဃိက
၄- ဓာတ်မီး ကိရိယာ ဟူသမျှ ဗုဒ္ဓသန္တက
၅- စာအုပ် ဘီဒို ဓမ္မစေတီ
၆- ခေါင်းအုံး ကော်ဇော သင်ဖြူးတို့ကို သံဃိက
၇- ပုဂံခွက်ရောက် နာရီတို့ကို သေနာသန သံဃိက
၈- သင်္ကန်း, ထီး, ဘိနပ်, မျက်နှာသုတ်ပုဝါ, လက်ကိုင်ပုဝါတို့ကို ပုဂ္ဂလိက အဖြစ် လွှဲအပ်အည်။


အထက်ပါ ဂရုဘဏ်, လဟုဘဏ် ပစ္စည်း အရပ်ရပ်တို့ကို ရက္ခိတ, ဂေါပိတ အဖြစ်ဖြင့် ဦးဉာဏိက, ဦးသာသန, ဦးသံဝရ, ဦးသောသက, ဦးကဝိဇ ၅-ပါးတို့အား စောင့်ရှောက်ရန် လွှဲအပ်လိုက်သည်၊ အသိသက်သေများမှာ ဦးသူရိယ (မစိုးရိမ်ဆရာတော်), ဦးမုနိန္ဒ (အသောကာရုံဆရာတော်), ဦးအာလောက (သင်္ဂဇာတိုက်အုပ်), စာရေးသူ စသည်တို့ ဖြစ်သည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဤသို့ဖြင့် တိုက်ဘာနှင့် တကွ ပစ္စည်း အရပ်ရပ်ကို လွှဲအပ်ပြီး ၂-ရက် အကြာ သက်တော် ၆၃-နှစ် သိက္ခာတော် ၄၃-ဝါ အရ ၁၃၀၁-ခုနှစ် သီတင်းကျွတ်လဆန်း ၃-ရက်နေ့ နေ့ ၁၁-နာရီ အချိန်တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

သောမဝှယော မဟာထေရော၊ သောမောဝ သောဘနော သုမိ။
သောဘေတွာ သာသနံ သတ္တု၊ မစ္စုနော သန္တိကံ ဂတော။

—



အဂ္ဂမဟာပဏ္ဍိတ

စကုမော်ဆရာတော် အရှင်ဥတ္တမ

## အဂ္ဂမဟာပဏ္ဍိတ
## စကုမေ်ာဆရာတော်အရှင်ဥတ္တမ

ဆရာတော်သည် စစ်ကိုင်းမြို့၌ အမြဲ သီတင်းသုံးတော်မူကာ သာသနာပြု တော်မူသည့် မထေရ်မြတ် ဖြစ်တော်မူလေသည်။

### ဖွားမြင် - ရှင် ရဟန်းပြု - ပညာသင်

ပခုက္ကူခရိုင် မြိုင်မြို့နယ် ယာကြီးပြင်ရွာ၌ အဖ ဦးသာကျော် အမိ ဒေါ် လွှမ်းတို့မှ သက္ကရာဇ် ၁၂၄၁ - ခုနှစ် ပြာသိုလဆုတ် ၉ - ရက် တနင်္ဂနွေနေ့ တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ၁၃ - နှစ်သား အရွယ်တွင် ဇာတိရပ်ရွာ ဝပ်ပုံကျောင်း ဆရာတော်ထံ ရောက်ရှိ ပညာ သင်ကြားခဲ့ပြီး ၁၅ - နှစ်သား အရွယ်တွင် ရှင်သာမဏေ ဝတ်ခဲ့လေသည်၊ ဥပဇ္ဈာယ် ဆရာထံတွင် သဒ္ဒါ၊ သင်္ဂြိုဟ်, ပုဒ်စစ်, သုတ်စစ်, သဒ္ဒါစစ်ကျမ်းများ နှင့် အဘိဓာန်ကျမ်းကို သင်ယူခဲ့လေသည်၊ တဖန် ပခုက္ကူမြို့ ကျောက်မီးကျောင်းသို့ ရောက်ရှိကာ ၃ - နှစ် ပတ်လုံး သီတင်းသုံး၍ ဋီကာကျော်, အဋ္ဌသာလိနီ, ဝါစ္စဝါစက, ဝိဘတျတ္ထ, ကစ္စာယနသာရ, ဂန္ဓာဘရဏ ကျမ်းများ နှင့် တက္က မာတိကာ, ဓာတုကထာ, ဝိထိလက်ရိုး, ယမိုက်အရကောက်, ပဋ္ဌာန်းသုံးချက်စုတို့ကို သင် ယူတော်မူခဲ့လေသည်၊ သက်တော် ၂၀ - ပြည့်မြောက်ရာ ၁၂၆၀ - ပြည့်နှစ် တပေါင်းလဆုတ် ၅ - ရက်နေ့တွင် ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့ လေသည်။

### ဆက်လက် ပညာသင်

ပခန်းကြီး မြောက်လက် မအူလေးရွာ သရက်တောကျောင်းတိုက် ဆရာ တော် ဦးသောမ, မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမဆရာတော်, တလိုင်းကုန်း ဆရာတော်, မင်းရွာ ကျောင်းအိုင်တောရ ဆရာတော်, ခင်မွန် သုံးဂိုဏ်းချုပ် ဆရာတော်, စစ်ကိုင်း ဝါးချက် မင်းကျောင်းဆရာတော် စသည်တို့ထံတွင် လည်း ဆက်လက်၍ ပညာ သင်ယူတော်မူခဲ့လေသည်။

### ကျောင်းတိုက် အလှူခံ - စာချ

၁၂၇၇ - ခုနှစ် တပေါင်းလဆုတ် ၁ - ရက်နေ့တွင် စစ်ကိုင်းမြို့ ပန်းတော ရပ်၌ ဦးအင်း ဒေါ်ကျေးနုတို့ ဆောက်လုပ် လှူဒါန်းသော စကုမေ်ာ ကျောင်းတိုက်ကို လက်ခံတော်မူ၍ စာပေ ပို့ချ သာသနာပြုတော်မူခဲ့ လေသည်၊ စကုမေ်ာတိုက်ကြီး၌ သံဃာတော် ၁၀၀ - ကျော် အထိ သီတင်း သုံးခဲ့ဘူးလေသည်။

## ကျမ်းပြု - အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် အလှူခံ

ဝိသုဒ္ဓိဝိနိစ္ဆယကျမ်းကိုလည်း ရေးသား ပြုစုတော်မူခဲ့လေသည်၊ ၁၃၀၂ ခုနှစ်တွင် အစိုးရမင်းတို့ လှူဒါန်းသော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်၊ နိုင်ငံတော် ဝိနည်းဓိုရ် တာဝန်နှင့် ဆဋ္ဌသံဂါယနာတွင် သံဂီတိကာရက, ဩဝါဒါစရိယ, သံဃနာယက တာဝန်စသည်တို့ကို ထမ်းဆောင်တော် မူခဲ့လေသည်၊ သက်တော် ၉၆ - နှစ် ရှိရာ ၁၃၃၇ - ခုနှစ် နယုန်လဆန်း ၁၀ - ရက်နေ့ ပျံလွန်တော်မူသည်။

ဘဒ္ဒန္တဥတ္တမော ထေရော၊ သာသနေ ဥတ္တမော ဝိဒူ။
သယမ္ဘုသာသနေ ကိစ္စံ၊ ကတွာန တိဒိဝံ ဂတော။

---

## 'အဂ္ဂမဟာပဏ္ဍိတ'
## ဆင်တဲကိုက်သစ်ဆရာတော်အရှင်ဇဗ္ဗိယ

ဆရာတော်သည် သာသနာတွင် ထင်ရှား ကျော်စောသော ဆရာတော် ဖြစ်တော်မူသည်။

စစ်ကိုင်းခရိုင် အုန်းတောတိုက်နယ် အောင်သာရွာ၌ အဖ ဦးပေါ်သစ် အမိ ဒေါ်စာဥတို့မှ ၁၂၄၂ - ခုနှစ် တော်သလင်းလဆုတ် ၁ - ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ဦးပေါ်သစ် ဒေါ်စာဥတို့၌ သားလေးယောက် ဖွားမြင်ရာ သား လေးယောက်လုံး ရဟန်း ဖြစ်ကြကုန်၏၊ ဆရာတော် ဦးဇဗ္ဗိယသည် သား လေးယောက် အနက် အငယ်ဆုံး သား ဖြစ်သည်။

### ကျောင်းနေ - ပညာသင် - ရှင်သာမဏေ ဝတ်

သက်တော် ၉ - နှစ်သား အရွယ်တွင် အောင်သာရွာ ထန်းတောဂိုဏ်းထောက် ဆရာတော်ကျောင်းသို့ ရောက်ရှိ၍ သူငယ်တို့သင်အပ် သင်သင့်သော စာပေများကို သင်ကြားခဲ့လေသည်၊ သက်တော် ငယ်စဉ်ကပင် သာမဏေ ဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော် မူခဲ့သည်၊ ၁၄ - နှစ်သား အရွယ်တွင် မန္တလေးမြို့ အနောက်ပြင် ငွေးချိုတိုက်သို့ ရောက်ရှိခဲ့၍ ငွေးချိုတိုက် အုပ်ဆရာတော်ထံ၌လည်း ပညာ သင်ကြားခဲ့သည်။

### ရဟန်း ဖြစ်ခြင်း

သက်တော် ၂၀ - ပြည့်မြောက်ရာ ၁၂၆၁ - ခုနှစ် နှောင်းတန်ခူး လဆန်း ၁၂ - ရက်နေ့တွင် ဟံသာဝတီခရိုင် တွံတေးမြို့ အပိုင် ခေါ်နုတ်တိုက် ရခိုင်

ချောင်ရှာ ဥဒကုက္ခေပသိမ်၌ ဓားနုတ်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူလေသည်။

## ပညာ သင်ကြားခြင်း

စာချအကျော် ဆင်တဲဆရာတော် ဦးဝိမလထံ ငယ်စဉ်က ရောက်ရှိ၍ ပညာ သင်ကြားခဲ့သည်၊ ၎င်းနောက် 'နာဂိန္ဒာဘိ ကဝိဓဇ မဟာဓမ္မ ရာဇဂုရု' ဘွဲ့တံဆိပ်တော်နှင့် 'နာဂိန္ဒာဘိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော် ၂-ထပ်ရ မိုးကောင်းတိုက် မဟာဝေယံဘုံကျော်ဆရာတော်, ခင်မကန်တိုက် သံဃနာယက 'အဂ္ဂမဟာပဏ္ဍိတ' သုဓမ္မာဝင် မကုဋာရာမဆရာတော်, ခေမာ သိဝံတိုက် သုဓမ္မာဝင် 'အဂ္ဂမဟာပဏ္ဍိတ' ဆရာတော်ဦးအဂ္ဂဝံသ, တောင် သမန်တိုက် စာချအကျော် 'အဂ္ဂမဟာပဏ္ဍိတ' ဆရာတော် ဦးစိန္တာ, ချမ်း သာကြီးတိုက် စာချဆရာတော် 'အဂ္ဂမဟာပဏ္ဍိတ' ဆရာတော် ဦးပဏ္ဍဝ, 'အဘိဓဇမဟာရဋ္ဌဂုရု' မစိုးရိမ်ဆရာတော် ဦးသူရိယ ဟူသော စာချအကျော် ဆရာတော်များထံတွင် နေ့ဝါ ညဝါ အဖြာဖြာကို သင်ယူ တတ်မြောက်တော် မူခဲ့သည်။

## သာမဏေဘဝက စာပေ ကျွမ်းကျင်ခဲ့

သာမဏေဘဝကပင် သဒ္ဒါ, သင်္ဂဟ, အဘိဓာန်, အလင်္ကာ, ဆန်း စသည် တို့ကို နှုတ်ငုံဆောင်ခဲ့ပြီး ဋီကာကျော်, အဋ္ဌသာလိနီ, သမ္မောဟဝိနောဒနီ အဋ္ဌကထာ နေ့ဝါများ အပြင် မာတိကာ, ဓာတုကထာ, ယမိုက်, ပဋ္ဌာန်း ညဝါများကို သင်ယူ လေ့လာ ကျွမ်းကျင်ခဲ့သည်။

## စာမေးပွဲများ အောင်မြင်ခြင်း

အစိုးရစာမေးပွဲ, သကျသီဟ စာမေးပွဲတို့ကိုလည်း ဖြေဆိုခဲ့ရာ ၁၂၆၂-ခု နှစ်မှ စ၍ ပဌမငယ်, ပဌမလတ်, ပဌမကြီးတန်းတို့ကို နှစ်မခြားပဲ အောင်မြင် ခဲ့သည်၊ ၁၂၆၅-ခုနှစ်တွင် သကျသီဟ စာသင်တန်း နှင့် ၁၂၆၇-ခုနှစ်မှ စ၍ ကျင်းပသော သကျသီဟ စာချတန်း စာမေးပွဲ၌ အမှတ် အများဆုံးဖြင့် အောင်မြင်တော်မူခဲ့၍ 'ဘဒ္ဒန္တတ္ထုရဋ္ဌိယာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာ စရိယ (သီးခြား စာချ)' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူလေသည်။

## အခြား ဒေသများ၌ သီတင်းသုံးခြင်း

ဆရာတော်သည် ဝါးခယ်မမြို့ သာသနဟိတကာရီ ဆင်တဲတိုက်, ဝါးခယ်မ မြို့ ကျွန်းကုန်းရှာ သုဓမ္မာတောရကျောင်း စသည်တို့၌လည်း သီတင်းသုံး တော်မူ၍ စာပေ ချပို့ သာသနာပြုတော်မူခဲ့သည်။

## ဆင်တဲတိုက် စာချ နာယက

မန္တလေး ဆင်တဲတိုက်၌လည်း စာလိုက်သံဃာ များစွာတို့အား နေ့စဉ် ၄-ဝါ ၅-ဝါ စာပေ ချပို့၍ သာသနာ ပြုခဲ့သည်၊ ဒုတိယမြောက် ဆရာတော် ဦးသုနန္ဒ ဒုတိယ ကမ္ဘာစစ် မဖြစ်ခင် တိုက်တာကို လွှဲအပ်၍ စစ်ကိုင်း ကြွတော်မူသဖြင့် ဆင်တဲတိုက်သစ်၏ ဦးစီးနာယက တာဝန်ကို ထမ်းဆောင်ရင်း စာပေ ပို့ချတော်မူခဲ့သည်။

## ကျမ်းဂန် ပြုစုခြင်း

ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့သည်၊ ၎င်းတို့မှာ —

၁ - ကစ္စာယနတ္ထဒီပနီ မဟာဋီကာ ပါဠိ (ပဌမအုပ်)
၂ - ၎င်း (ဒုတိယအုပ်)
၃ - ဆင်တဲမူ နာမိကပဒမာလာ
၄ - ဆင်တဲမူ ဓာတွတ္ထသာရ ပါဠိ
၅ - ဆင်တဲမူ ဉာသ်ကောက် နိဿယ

စသည်တို့ ဖြစ်ကုန်သည်။

ဖော်ပြပါ ကျမ်းများ အနက် ကစ္စာယနတ္ထဒီပနီ မဟာဋီကာကျမ်းကြီးကို စာဝါချရင်း သဒ္ဒါကျမ်း များစွာတို့ကို ကြည့်ရှု မွှေနှောက်ကာ သဒ္ဒါကျမ်း အားလုံးလာ အဓိပ္ပာယ်ကို စုစည်း ပြသကဲ့သို့ ရေးသားခဲ့သည်၊ ယင်းကျမ်းမှာ ပဌမ ဆင်တဲဆရာတော် ဦးဝိမလ၏ ရေးလက်စ ဖြစ်သည်ဟုလည်း သိရလေသည်၊ ကျမ်းဦး၌ ပဌမ ဆရာတော်ကို ရတနာ ၃-ပါးနှင့် အတူ ရှိခိုး ပဏာမ ပြုတော်သည်သာ မက ၎င်း ပဌမ ဆင်တဲဆရာတော်ကြီး တိုက်တွန်းသဖြင့် ရေးသားရကြောင်း —

သဒ္ဓမ္မဒီပကံ ဗုဒ္ဓံ၊ ဓမ္မံ မောဟဝိဒ္ဓံသကံ။
သံဃံ ဝိတရဇံ နတွာ၊ အာစေရံ သုတဓာရကံ။
မဟာခေမာဘယာရာမ — သာမိကံ ဂန္ထကာရကံ။
တေန အဇ္ဈေသိတော ကဿံ၊ ကစ္စာယနတ္ထဒီပနိံ။

ဟူသော ဂါထာတို့ဖြင့် ဖော်ပြခဲ့သည်။

## ကြီးကျယ်သော ပါဠိကျမ်းကြီး

၎င်းကျမ်းကြီးမှာ ကြီးကျယ်သော ပါဠိကျမ်းကြီး ဖြစ်သည်၊ ပဌမအုပ် ရှိုင်ဆိုက် စာမျက်နှာ ၄၆၉—ဒုတိယအုပ် ၂၃၉ - အသီး အသီး ရှိလေသည်၊

ကစ္စည်းသဒ္ဒါကြီးကို သမ္ဗန္ဓဆက္က စသည်ဖြင့် ဝေဝေဆာဆာ အဓိပ္ပာယ် ပြော၍ ချပို့လိုသော ဂဏဝါစကတို့ လက်ကိုင်ပြုသင့်သော ကျမ်း ဖြစ်သည်။

## ဆောင်ရွက်ချက် အမျိုးမျိုး

ဆရာတော်သည် —

၁ · ပဌမ သုဓမ္မာဆရာတော် တာဝန်
၂ · နိုင်ငံတော် ဝိနည်းဓိုရ် တာဝန်
၃ · ဆင္ဃသံဂါယနာ သံဃနာယက တာဝန်
၄ · ဆင္ဃသံဂါယနာ စူဠဝဂ္ဂပါဠိ ပဋိဝိသောဓက တာဝန်
၅ · ဆင္ဃသံဂါယနာ မူလဝိသောဓက တာဝန်
၆ · ဆင္ဃသံဂါယနာ သံဂီတိကာရက တာဝန် · စသည်တို့ကို

လည်း ဆောင်ရွက်တော်မူခဲ့သည်။

## အဂ္ဂမဟာပဏ္ဍိတ

ပဌမ ဂျော့ဘုရင် ဆက်ကပ် လှူဒါန်းအပ်သော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့ တံဆိပ်တော်ကိုလည်း ၁၂၉၃ · ခုနှစ်တွင် အလှူခံ ရရှိတော်မူခဲ့လေသည်။

## ပျံလွန်တော်မူခြင်း

စာပေ ချပို့၍ သာသနာ ပြုစုခဲ့သော ပရိယတ္တိ သာသနာ့ဝန်ဆောင် ဆင်တဲဆရာတော်ဘုရားကြီး ဦးဣန္ဒြိယသည် ၁၃၂၀ – ခုနှစ် တပေါင်းလတွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

ဣန္ဒြိယော မဟာထေရော၊ ဣန္ဒြိယေသု သုသံဝုတော။
သာသနံ သော ဒီပယိတွာ၊ ပယာတော မစ္စုနော ဝသံ။

## သံဝေဂ ယူဖွယ်

ကလိယုဂ်၌ ကြုံကြိုက်ရသူ ဆုတ်ကပ်လူတို့၏ အသက်တမ်းသည် နည်းလှချေ၏၊ အကျိုး အကြောင်းကို ကောင်းစွာ သိသော သူတော်ကောင်းသည် အသက်ကို မချီးမပ ရှုတ်ချ ကဲ့ရဲ့ရာ၏၊ ဦးခေါင်း၌ မီးလောင်သော သူကဲ့သို့ သုစရိုက်ကို တန့်ခိုက်မနား အားထုတ် ကျင့်သုံးရာ၏၊ သေမင်း၏ မရောက်မလာရာ သတ္တဝါမည်သည် မရှိပါချေတကား။

အပ္ပမာယုမနုဿာနံ၊ ဟိဠ္ဌေယျ နံ သုပေါရိသော။
စရေယျာဒိတ္တသီသောဝ၊ နတ္ထိ မစ္စုဿ နာဂမော။
(သံယုတ္တပါဠိ - ၁၀၉)

# သောဠသမပိုင်း

## 'အဂ္ဂမဟာပဏ္ဍိတ'
## အရှေ့ဇုဋ္ဌာသယဆရာတော်
## အရှင်ပညာမဟာထေရ်

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး၌ သက်ဆုံးတိုင် သီတင်းသုံးတော်မူပြီး သာသနာပြုတော်မူခဲ့လေသည်၊ ရေနံချောင်းမြို့နယ် ကြုတ်ပင်ရွာ၌ အဖ ဦးရွှေထွန်း အမိ ဒေါ်ရေးတို့မှ သက္ကရာဇ် ၁၂၄၃ –ခု တပို့တွဲလဆန်း ၈ - ရက် ကြာသပတေးနေ့ ည ၁၀ –နာရီ အချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။

### ရှင် ရဟန်း ပြု - ပညာ သင်ကြားခြင်း

၁၄ – နှစ်သား အရွယ်တွင် ကြုတ်ပင်ရွာကျောင်း ဆရာတော် အရှင်ဂုဏ ထံ၌ ရှင်သာမဏေ ပြုပြီး ၁၂၆၄ – ခုနှစ် နယုန်လဆန်း ၄ – ရက်နေ့တွင် သုံးဆယ် မြောက်ကျောင်း ဆရာတော် အရှင်အာဒိစ္စ မဟာထေရ်ကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ မူလ ဥပဇ္ဈာယ် ဆရာတော် ဦးဂုဏ နှင့် မန္တလေးမြို့ အနောက်ပြင် တောင်သမန်တိုက် 'အဂ္ဂ မဟာပဏ္ဍိတ' ဆရာတော် ဦးစိန္တာ, ဦးဣန္ဒြိယ, ဇုဋ္ဌာသယချောင် ပါဠိတော် ဂိုဏ်း ဆရာတော် အရှင်ရာဇိန္ဒတို့ထံ ကျမ်းဂန် အရပ်ရပ်ကို သင်ကြားတော် မူခဲ့လေသည်။

### လုပ်ငန်းစဉ် နှင့် ဆောင်ရွက်ချက်

ဆရာတော်သည် ပါဠိတော်ဂိုဏ်း စည်းမျဉ်း အတိုင်း သပိတ် နှင့် သန့်စစ် ရေတို့ကို အမြဲ ဆောင်လျက် သပိတ်ဖြင့် ဆွမ်းဘုဉ်းပေးခြင်း, ပရိယတ္တိ ကျမ်းဂန်များကို ချပို့တော်မူခြင်း, မောင်းခန်း ဟူမလင်း ခန္တီးမြို့များတို့၌ သာသနာပြု ကြွတော်မူခြင်း, စစ်ကိုင်းတောင်ရိုး အရှေ့ ဇုဋ္ဌာသယချောင် လောကမှန်ကူ ပညာရာမတိုက် မဟာနာယကတာဝန်, ဆဋ္ဌသံဂါယနာတွင် သံဂီတိကာရက, ဩဝါဒါစရိယ, သံဃနာယက အဖြစ်ဖြင့် ထမ်းဆောင်ခြင်း, ရေစက်ကြီးကို တည်ထောင်ကာ စစ်ကိုင်း တောင်ရိုးရှိ ရဟန်း သာမဏေ သီလရှင် စသူတို့အား ရေလှူခြင်း စသည်တို့ဖြင့် သာသနာ နှင့် လောက အကျိုးကို သည်ပိုး ဆောင်ရွက်တော်မူခဲ့လေသည်။

### 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်

ဋ္ဌကာသံဂါယနာ အပြီး ၁၃၂၇ – ခုနှစ်တွင် နိုင်ငံတော် အစိုးရတို့ လှူဒါန်းသော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော် မူခဲ့လေသည်။

ပညာဝုယော မဟာထေရော၊ ပညာယကတနိဋ္ဌယော။
ကိစ္စံ ပညာယသော ကတွာ၊ သမ္ဗုဒ္ဓသာသနန္တရော။

### ပျံလွန်တော်မူခြင်း

သက်တော် ၉၄-နှစ် သိက္ခာတော် ၇၄-ဝါရရှိရာ ၁၃၃၆-ခုနှစ် ပြာသိုလဆန်း ၁၃-ရက် နံနက် ၁၀-နာရီ ၃၅-မိနစ်အချိန်တွင် ပျံလွန်တော်မူခဲ့သည်။

ပညာယ ပညပညာတော၊ ပညာဝုယော သုဓီတိမာ။
စက္ကံ သော ဇောတယိတွာန၊ ဂတော ဒေဝသဟဗျတံ။

---

'အဂ္ဂမဟာပဏ္ဍိတ'

## မန္တလေး-ရွှေမန်းဆရာတော်

### အရှင်ကေသရ မဟာထေရ်

ဆရာတော်သည် စစ်ကိုင်းနယ်မြေဖွား ထင်ရှားသည့် သာသနာ့ဝန်ဆောင် ဆရာတော် တပါး ဖြစ်တော်မူသည်။

### ဖွားမြင်-ရှင် ရဟန်းပြု-ပညာသင်

စစ်ကိုင်းခရိုင် ရွှေကျက်ထောင့်ရွာ၌ အဖ ဦးစာဥာဏ်, အမိ ဒေါ်သဲတို့မှ သက္ကရာဇ် ၁၂၄၅-ခု တပေါင်းလဆုတ် ၁၃-ရက် တနင်္လာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ၇-နှစ်သား အရွယ်တွင် စတုတ္ထမြောက် ဆူးခါးဆရာတော် ဦးဝိလာသထံတွင် ရောက်ရှိ ပညာ သင်ကြားတော်မူခဲ့လေသည်၊ ၁၆-နှစ်သားတွင် သာမဏေ ဝတ်၍ သက်တော် ၂၀-တွင် စတုတ္ထမြောက် ဆူးခါးဆရာတော် ဦးဝိလာသကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

### ဆက်လက် ပညာ သင်ကြား ချပို့ခြင်း

သာမဏေဝတ်ဖြင့် ဥပဇ္ဈာယ် ဆရာတော်ထံတွင် ကျမ်းဂန် များစွာတို့ကို သင်ကြားပြီး မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက် မန်ကျည်းပင်ကျောင်း ဆရာတော် ဦးဝါယမ, မိုးကောင်းတိုက် စာချဆရာတော် ဦးပဏ္ဍဝ စသည်တို့ထံတွင် ပညာ သင်ကြားတော်မူခဲ့လေသည်၊ စကုတိုက်၌ နှစ်ပေါင်းများစွာ စာပေ ချပို့တော်မူခြင်း, တရားဓမ္မ ဟောပြောခြင်း စသည်တို့ဖြင့် သာသနာရေး ဘာသာရေး ကိစ္စများကို ဆောင်ရွက်တော်မူခဲ့လေသည်။

## 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် အလှူခံ - ပျံလွန်

၁၃၁၀ - ခုနှစ်တွင် နိုင်ငံတော် အစိုးရတို့ လှူဒါန်းသော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်၊ သက်တော် ၈၀ - ပြည့်ပြီး ၂ - ရက် အလွန် ၁၃၂၅ - ခု တပေါင်းလဆုတ် ၁၅ - ရက် နေ့တွင် ရသေ့အဖြစ် ပြောင်းလဲခဲ့လေသည်၊ ၁၃၂၇ - ခု ဝါခေါင်လဆန်း ၈ - ရက်နေ့ ၇ - နာရီ ၄၅ - နစ်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဘဒ္ဒန္တကေသရော ထေရော၊ နေကသတ္တေသု ကောဝိဒေါ။
ကိတ္တိံ နာနာဝိဓံ ကတွာ၊ ပယာတော မစ္စုနော ဝသံ။

——

အဂ္ဂမဟာပဏ္ဍိတ

## ရန်ကုန်မြို့ - အလယ်တောရ ဆရာတော်

### အရှင် ရေဝတထေရ်


ဆရာတော် အရှင်ရေဝတသည် စစ်ကိုင်းနယ် ဇာတိ ဖြစ်တော်မူ၏၊ ရန်ကုန်မြို့ အလယ်တောရ ကျောင်းတိုက်၌ သက်ဆုံးတိုင် သီတင်းသုံး တတ်စွမ်းသမျှ သာသနာရေးရာများ ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

### ဖွားမြင်ခြင်း - ရှင် ရဟန်း ပြုခြင်း

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ခြေတော်ရာရွာ၌ အဖ ဦးဒေဝ, အမိ ဒေါ်ရွှေခဲတို့မှ သက္ကရာဇ် ၁၂၄၇ - ခုနှစ် တပို့တွဲလဆုတ် ၁၃ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ မြင်းမူမြို့ ခြေတော်ရာရွာ ဆုတောင်းပြည့် ဆရာတော် ဦးပုညထံတွင် ရှင်သာမဏေ ပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်၊ သက်တော် ၂၀ ပြည့်မြောက်ရာ ၁၂၆၆ - ခုနှစ်တွင် မြောင်မြို့ ရွှေတောင်ဆရာတော် ဦးအာဒိစ္စကို ဥပဇ္ဈာယ် ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

### ပညာသင်ကြား - သာသနာရေး အားပေးခြင်း

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်နန္ဒဝံသ မဟာထေရ်, စလင်း ဆရာတော်, ဗောဓိကုန်း ဆရာတော်, အလယ်တောရ 'အဂ္ဂမဟာပဏ္ဍိတ' ဆရာတော် ဦးကောသလ္လ, လယ်တီဆရာတော်ဘုရားကြီး ဦးဉာဏတို့၏ အထံတွင် ပညာသင်ကြား တတ်မြောက်တော် မူခဲ့လေသည်၊ နောက်တွင် ရန်ကုန်မြို့ အလယ်တောရကျောင်းတိုက်ကြီး၏ နာယက ဖြစ်တော်မူ၍ စာပေကျမ်းဂန်များ ချုပ်ဆိုခြင်း, မြန်မာနိုင်ငံ အတွင်း တရားဓမ္မ ဟောပြခြင်း, စသည်



**အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ**

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာတိုက်သစ်

**ဆရာတော် ဘဒ္ဒန္တပဏ္ဍိတသိရီ**

သက်တော် ၇၆-နှစ်၊ သိက္ခာတော် ၆၆-ဝါ

တို့ဖြင့် သာသနာပြုတော်မူခဲ့လေသည်၊ ဆရာတော်သည် အိန္ဒိယ, သီဟိုဠ်, အင်္ဂလန်, အမေရိကန် နိုင်ငံများသို့လည်း ရောက်ရှိတော်မူဘူးသည်။

**ဆောင်ရွက်ချက်များ**

၁ - နိုင်ငံတော် ဩဝါဒါစရိယ တာဝန်
၂ - ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ သံဃနာယက တာဝန်
၃ - တောင်တန်း သာသနာပြုအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ တာဝန်
၄ - ရွှေတိဂုံ, ဆူးလေ စေတီတော်များ ဘဏ္ဍာထိန်းအဖွဲ့ ဩဝါဒါစရိယ တာဝန်
၅ - သီဟိုဠ်ကျွန်း ဝဇီရဝံသဂိုဏ်းကြီး၏ ဩဝါဒါစရိယ တာဝန်
၆ - ဇီဝဌာယီ အသင်းကြီး၏ နာယက တာဝန်

စသည်တို့ကိုလည်း ဆောင်ရွက်တော်မူခဲ့လေသည်။

**'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း**

၁၃၂၃ - ခုနှစ် ဋီကာသံဂါယနာ အပြီးတွင် နိုင်ငံတော် အစိုးရတို့ လှူဒါန်း ဆက်ကပ်သည့် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် ကိုလည်း အလှူခံ ရရှိ တော်မူခဲ့လေသည်။

**ပျံလွန်တော်မူခြင်း**

ယင်းသို့ဖြင့် သာသနာရေးကို အားပေးတော်မူခဲ့သော ဆရာတော် အရှင် ရေဝတသည် ၁၃၂၅ - ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။

သဒ္ဒန္တရေဝတော ထေရော၊ ထေတော သုတဂဝေသကော။
ကတ္တာဗ္ဗိ သာသနေ ကတွာ၊ ပယာတော မစ္စုနော ဝသံ။

---

**'အဂ္ဂမဟာပဏ္ဍိတ' 'အဘိဓဇ မဟာရဋ္ဌ ဂုရု'**

## ရွှေဟင်္သာတိုက် သစ်ဆရာတော်

**အရှင် ပဏ္ဍိတ မဟာထေရ်**

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး၌ ကြာမြင့်စွာ သီတင်းသုံးတော်မူ၍ စာပေကျမ်းစာများ ပြုစုတော်မူကာ သာသနာပြုသည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

## ဖွားမြင် - ရှင် ရဟန်း ပြု

ဟသ်ာတခရိုင် လေးမျက်နှာမြို့၌ အဖ ဦးကျောက်, အမိ ဒေါ်ရွှေသော့ တို့မှ သက္ကရာဇ် ၁၂၅၅-ခုနှစ် နတ်တော်လဆန်း ၇-ရက် ကြာသပတေးနေ့ ည ၉-နာရီတွင် ဖွားမြင်တော်မူခဲ့လေသည်၊ ကျောင်းသား အရွယ်တွင် လေး မျက်နှာမြို့ မိကျောင်းရဲကျောင်း ဆရာတော်ထံတွင် ရောက်ရှိ ပညာ သင် ကြားတော်မူခဲ့လေသည်၊ ၁၂၆၉-ခုနှစ်တွင် ရှင်သာမဏေ ဝတ်တော်မူပြီး သက်တော် ၂၀ ပြည့်မြောက်ရာ ၁၂၇၅-ခု ဝါဆိုလဆန်း ၁၄-ရက်နေ့ တွင် ညောင်တုန်းမြို့ ရွှေဟသ်ာတောရ ခဏ္ဍသိမ်တော်၌ 'သာသနာ လင်္ကာရ သဒ္ဓမ္မာဘိဝံသ ကဝိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## ဆက်လက် ပညာ သင်ကြားခြင်း

ညောင်တုန်းမြို့ ရွှေဟသ်ာတောရတိုက်တည် ဆရာတော်ဘုရားကြီး နှင့် စံကျောင်း ဆရာတော်ဘုရား စသည်တို့ထံ ပညာသင်ကြားတော် မူပြီး မန္တလေးမြို့ အနောက်ပြင် ငါးဆူတိုက်၌ နေထိုင်တော်မူကာ ပတ်ဝန်းကျင် ကျောင်းတိုက်များ၌ ပညာသင်ကြား လေ့လာတော်မူခဲ့လေသည်။

## စာချ - ကျမ်းပြုခြင်း

၎င်းနောက် ညောင်တုန်းမြို့ ရွှေဟသ်ာတောရတိုက်၌ စာပေ ချပို့တော် မူပြီး စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်ဟောင်း တိုက်သစ်တို့ကို တည်ထောင် ကာ စာပေ ချပို့ခြင်း-ကျမ်းစာ ရေးသားခြင်းတို့ဖြင့် သာသနာပြုတော်မူ ခဲ့လေသည်၊ ကျမ်းဂန်များကို သိသမျှ ဖော်ပြရသော်—

၁ - မြန်မာ အလင်္ကာကျမ်း
၂ - မေတ္တာသုတ် မြန်မာ ဋီကာ
၃ - ပရာဘဝသုတ် မြန်မာပြန်
၄ - မင်္ဂလသုတ် လင်္ကာစုံ
၅ - စာဏကျနီတိ မြန်မာပြန်
၆ - ရွှေဟသ်ာတောရတိုက် သမိုင်း
၇ - ဟိ စ ပ န နိပါတတ္ထ ဒီပနီ
၈ - ထွဋ်ခေါင်ဆရာတော် အကြောင်း
၉ - ရှေ့သွား မင်္ဂလာ

၁၀ - ဘုန်းတော်ဘွဲ့ ထေရုပ္ပတ္တိ
၁၁ - ဥပုသ်သည် လက်စွဲ
၁၂ - ဝိနယမဟာဝဂ္ဂ ပါဠိတော် မြန်မာပြန်
၁၃ - ရွှေကျင်နိကာယ သာသနာဝင်
၁၄ - ရွှေကျင်နိကာယ သာသနာဝင် အကျဉ်း
၁၅ - ယုဝေါဝါဒ ဆုံးမစာ
၁၆ - ဂရုမွေ့ ဝတ္ထု
၁၇ - ကာယာနုပဿနာ
၁၈ - အမတဂါမိနီ တရားတော်
၁၉ - ဝေဒနာနုပဿနာ
၂၀ - စံကျောင်းဆရာဘော်၏ ကျမ်းစာများ
၂၁ - လူမင်း, နတ်မင်း ဦးညွတ်ခြင်း
၂၂ - သာသနာရေး တရားတော်
၂၃ - အာစေရဝဏ္ဏာနာပျို့
၂၄ - ခန္ဓသုတ် မြန်မာ ဋီကာ
၂၅ - မဟာထေရုပ္ပတ္တိကထာ နိသျ
၂၆ - ရွှေကျင်ဗိမာန်တော် သမိုင်း
၂၇ - ပဒေသာ ဆုံးမစာ
၂၈ - ဒိဋ္ဌေဒိဋ္ဌမတ္တံ တရားစာ
၂၉ - ညောင်တုန်းမြို့၏ ထင်ရှားကျော်ကြားခြင်း နှစ်ရပ် - တို့ ဖြစ်ကုန်၏။

## အဂ္ဂမဟာပဏ္ဍိတ

၁၃၂၂ - ခုနှစ် နိုင်ငံတော်အစိုးရတို့ လှူဒါန်းသော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

၁၃၄၀ - ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် နိုင်ငံတော်ကောင်စီက ဆက်ကပ် လှူဒါန်းသော 'အဘိဓဇ မဟာ ရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူရသည်။

ဆရာတော်ကား စာ အရေးအသား ကောင်းမွန်၏၊ သိက္ခာသီလကို လေး မြတ် ရိုသေ၏၊ သာသနာပြုလိုစိတ် ရှိ၏။

ဘဒ္ဒန္တပဏ္ဍိတော ထေရော၊ ပဏ္ဍိတော ပဏ္ဍိတာသယော။
ပဏ္ဍာယသာသနံ သုဋ္ဌု၊ ကတ္ဝာ သာသနဘာရဓော။

## အဂ္ဂမဟာပဏ္ဍိတ
## လေးကျွန်းချမ်းသာ ဆရာတော်
## ဦးသောဘိတ

ဆရာတော်သည် စစ်ကိုင်း တောင်ရိုး လေးကျွန်းချမ်းသာချောင်၌ စာချကျမ်းပြုတော်မူ၍ သက်ဆုံးတိုင် သာသနာပြုတော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

### ဖွားမြင်ခြင်း

မုံရွာခရိုင် အလုံမြို့နယ် ကောရဗျရွာနေ အဖ ဦးရွှေလ, အမိ ဒေါ်သာရီတို့မှ ၁၂၅၈ - ခုနှစ် နတ်တော်လဆုတ် ၁၄ - ရက် သောကြာနေ့တွင် ဒုတိယမြောက် ဖွားမြင်သော သားရတနာ ဖြစ်သည်။

### စတင် ပညာသင် - သာမဏေဝတ်


ကျောင်းသား အရွယ်တွင် ထိုစဉ်က မင်းတုန်းမင်းမြတ်၏ "ဆဲ့နှစ်မှု မင်းတိုင်းချေ အမွန်တော် လွှတ်စေ" ဟူသော စာချွန်တော် တံဆိပ် နှင့် ဆင်စွယ် တံဆိပ်တော်များကို ရရှိတော်မူသော ကောရဗျ ရွာဦးကျောင်း ဆရာတော် အရှင်ဒေဝိန္ဒာဘိကဝိဇထံ အမိ အဖတို့က အပ်နှံကြသဖြင့် ပညာ သင်ကြားရသည်၊ ၁၀ - နှစ်သား အရွယ်တွင် ရှင်သာမဏေ ဝတ်၍ ၎င်းဆရာတော်ထံမှာပင် သဒ္ဒါ, သင်္ဂဟ စသည် အခြေခံ ကျမ်းစာများကို သင်ယူရလေသည်။

### သက်လက် ပညာသင် - ရဟန်းဖြစ်

သက်တော် ၁၈ - နှစ်သား အရွယ်တွင် ဦးရိုးတော် ဖြစ်သော အမရပူရမြို့ သုဓမ္မာဂိုဏ်း မဟာနာယက 'အဂ္ဂမဟာပဏ္ဍိတ' အရှင်ဇာဂရာဘိဝံသ သံဃမဟာနာယက ရွှေဂူကြီးဆရာတော်ထံသို့ ပြောင်းရွှေ့ကာ ပါဠိ, အဋ္ဌကထာတို့ကို သင်ယူတော်မူ၍ ၁၂၇၇ - ခုနှစ် ပြာသိုလဆန်း ၁၄ - ရက်နေ့တွင် ယင်းဆရာတော်ကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့သည်။

### မစိုးရိမ်ကျောင်းတိုက်သို့

ရဟန်းသိက္ခာ ၂ - ဝါ အရတွင် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်သို့ ရောက်၍ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးသောမာဘိသီရိ, အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဦးသူရိယတို့ထံ နေ့ဝါ, ညဝါများကို သင်ကြား တတ်မြောက်တော်မူခဲ့လေသည်၊ ရဟန်း သိက္ခာ ၆ - ဝါ အရတွင် သကျသီဟစာမေးပွဲ စာသင်တန်းကို ဖြေဆို အောင်မြင်တော်မူခဲ့လေသည်။



အဂ္ဂမဟာပဏ္ဍိတ

လေးကျွန်းချမ်းသာဆရာတော်

ဦးသောဘိတ

## စစ်ကိုင်း သစ်ဝင်ကျောင်းသို့

ရဟန်း သိက္ခာ ၁၄ - ဝါ အရတွင် စစ်ကိုင်းတောင်ရိုး မဟာသစ်ဝင်ကျောင်းသို့ တောထွက်သွားတော်မူသော ဆရာတော် ဦးသောမာဘိသီရိထံသို့ ရောက်၍ နေတ္တိပါဠိတော်, အဋ္ဌကထာ, ဝိဘာဝနီ, ဋီကာဟောင်း တွဲဖက်၍ ၃ - နှစ်တိုင် သင်ယူတော်မူခဲ့လေသည်။

## ပဋ္ဌာန်း အရှင်သောဘိတ ဖြစ်ခြင်း

တဖန် မစိုးရိမ်တိုက် ဆရာတော် ဦးသူရိယထံ ချဉ်းကပ်ပြီး အကြိမ်ကြိမ် အခေါက်ခေါက် လေ့လာတော်မူခဲ့ရာ ပဋ္ဌာန်းအရာ၌ လွန်စွာ ကျွမ်းကျင်လိမ္မာ တတ်မြောက်တော်မူခဲ့လေသည်၊ များစွာသော စာသင်သားတို့အားလည်း ပဋ္ဌာန်းကျမ်းကို အထပ်ထပ် အခေါက်ခေါက် ချပို့တော်မူလေသည်၊ စစ်ကိုင်းတောင်ရိုး လေးကျွန်းချမ်းသာ အရံကို အလှူခံတော်မူပြီး တိုက်သီးခြား ထောင်၍ ရောက်ရှိလာသော စာသင်သားများ များစွာတို့အား ပဋ္ဌာန်း ဒေသနာကို ပို့ချကာ သာသနာ ပြုခဲ့လေသည်။

## ကျမ်းဂန် ပြုစုခြင်း

စာသင်သားတို့အား စာပေ ပို့ချရင်း အကြား အားလပ်ချိန်တွင် ကျမ်းဂန်များကို ရေးသား ပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့မှာ —

၁ - နေတ္တိပါဠိတော် နိသျသစ်
၂ - ပဋ္ဌာန်းပြနည်း နိသျည်းကျမ်း
၃ - သဒ္ဒပတ္ထသံခိပ် ကျမ်း
၄ - သတိထားဒေဿး ဈာန်မဂ်လမ်း
၅ - ဗုဒ္ဓမာမက ရှုဖွယ်
၆ - ဒါနပဋိဂ္ဂါဟက စာတန်း
၇ - သိမာသမ္မုတိ ဝိနိစ္ဆယ စာတန်း
၈ - ဝိနယဝိဝိဓ ဝိနိစ္ဆယကျမ်း - စသည်တို့ ဖြစ်ကုန်၏။

## ဒေသ်ရှက်ချက်များ

ဆရာတော်သည် —

ဇေယျသိန် ပါဠိတက္ကသိုလ် ကျောင်းအုပ်
စစ်ကိုင်းခရိုင် ဝိနိစ္ဆယ တာဝန်ခံ
ခုံ ဝိနည်းဓိုရ်

ဆဋ္ဌသံဂါယနာ, မူလဝိသောဓက, ပဋိဝိသောဓက, ဆဋ္ဌ
သံဂီတိကာရက တာဝန်

စသည်တို့ကို ဆောင်ရွက်တော်မူခဲ့လေသည်။

### 'အဂ္ဂမဟာပဏ္ဍိတ'

ဖော်ပြပါ လုပ်ဆောင်ချက်ဘိုကြောင့် ၁၉၅၇ - ခုနှစ် ဇန်နဝါရီလ ၄ - ရက်နေ့တွင် အစိုးရ လှူဒါန်းသော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

### ဘဝနတ်ထံ ဝင်စံခြင်း

ဖော်ပြပါ ဆောင်ရွက်ချက်တို့ဖြင့် သာသနာတွင် ထင်ရှားသော ဆရာတော် အရှင်သောဘိတသည် သက်တော် ၇၃ - နှစ် သိက္ခာတော် ၅၃ - ဝါရှိရာ ၁၃၃၁ - ခုနှစ် တော်သလင်းလဆုတ် ၇ - ရက်နေ့ နံနက် ၇ - နာရီခွဲ အချိန်တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

ဘဒ္ဒန္တသောဘိတော ထေရော၊ သောဘနော ဗုဒ္ဓသာသနေ။
သာသနံ သောဘနံ ကတွာ၊ ဂတော ဒေဝသဟဗျတံ။

——

အဂ္ဂမဟာပဏ္ဍိတ


## ဓမ္မာစရိယ ပါဠိတက္ကသိုလ် ဆရာတော်

### အရှင်ဝိမလဗုဒ္ဓိ မဟာထေရ်

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး၌ သက်ဆုံးတိုင် သီတင်းသုံးတော်မူ၍ သာသနာပြုတော်မူခဲ့သည့် မထေရ်မြတ် ဖြစ်တော်မူသည်။

### ဖွားမြင် - ရှင်သာမဏေဝတ် - ပညာသင်

ရမည်းသင်းခရိုင် ယင်းတော်မြို့ အနောက် လက်ပန်ပင်ရိုးရွာ၌ အဖ ဦးမှဲ့ အမိ ဒေါ်ဂျမ်းတို့မှ သက္ကရာဇ် ၁၂၅၉ - ခုနှစ် ဝါခေါင်လဆုတ် ၆ - ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့သည်၊ သက်တော် ၈ - နှစ် အရွယ်ရှိရာ ၁၂၆၇ ခုနှစ်တွင် ပန်းပင်းရိုးရွာ ဆရာတော် အရှင်ကုမာရ မထေရ်ထံ ရှင်သာမဏေဝတ်၍ ပညာ သင်ကြားတော်မူခဲ့လေသည်၊ နောက်ဘွင် မန္တလေးမြို့ အသောကရာမတိုက်သို့ ရောက်ရှိ၍ ဆက်လက် ပညာသင်ကြားခဲ့လေသည်။



အဂ္ဂမဟာပဏ္ဍိတ

ဓမ္မာစရိယ ပါဠိတက္ကသိုလ်ဆရာတော်

အရှင်ဝိမလဗုဒ္ဓိ မဟာထေရ်

## ရဟန်းပြုခြင်း

သက်တော် ၂၀-ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၇၈-ခုနှစ်တွင် မန္တလေးမြို့ အသောကာရာမတိုက် ဆရာတော် အရှင်တိက္ခကို ဥပဇ္ဈာယ် ပြု၍ မဟာမြတ်မုနိဘုရား တောင်ဖက် ဖောင်တော်ဦး ခဏ္ဍသိမ်တော်၌ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## ပရိယတ္တိ သင်ကြားခြင်း-စာမေးပွဲများ အောင်မြင်ခြင်း

ဆရာတော်သည် ထိုစဉ်က ထင်ရှားသော မန္တလေးမြို့ တောင်ပြင် ညောင်ကန်တိုက် ဆရာတော် အရှင်ကုဏ္ဍဘာဝ, ဘုရားကြီးတိုက် စာချ ဆရာတော် အရှင်ပရမ, ရွှေရေးဆောင်တိုက် ဆရာတော် ဦးကြည်, အသောကာရာမတိုက် စာချဆရာတော်တို့၏ ထံတွင် ပိဋကတ် အခြေပြု ကျမ်းစာများနှင့် တကွ ပိဋက ပါဠိ, အဋ္ဌကထာ, ဋီကာများကို သင်ယူတော်မူခဲ့လေသည်၊ စာမေးပွဲများကိုလည်း ဖြေဆိုတော်မူခဲ့ရာ ငယ်, လတ်, ကြီး, ကျော် စာမေးပွဲများ နှင့် သကျသီဟ စာသင်တန်း, စာချတန်း စာမေးပွဲများကို ဖြေဆို အောင်မြင်တော်မူခဲ့လေသည်။

## ဓမ္မာစရိယ ဘွဲ့တံဆိပ်တော် ၂-ထပ်

ဆရာတော်သည် ၁၂၈၅-ခုနှစ်တွင် သကျသီဟ စာသင်တန်းကို အောင်မြင်ပြီးနောက် သကျသီဟ စာချတန်းကိုလည်း ဖြေဆိုအောင်မြင်တော်မူသဖြင့် 'ဘဒ္ဒန္တဝိမလဗုဒ္ဓိဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ သီးခြားစာချ' ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့လေသည်၊ တဖန် ၁၃၀၀-ခုနှစ်တွင် အစိုးရစာချတန်း စာမေးပွဲကို ဖြေဆိုအောင်မြင်တော်မူသဖြင့် 'သာသနဓဇ သီရိပဝရ ဓမ္မာစရိယ' ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံ ရရှိတော်မူခဲ့လေသည်။

## ဓမ္မာစရိယ ပါဠိတက္ကသိုလ် တည်ထောင်

၁၂၉၁-ခုနှစ် တပေါင်းလတွင် စစ်ကိုင်းတောင်ရိုး တောင်ဘီလူးချောင် ဆရာတော်ထံ ရောက်ရှိ နေထိုင်ကာ ၅-နှစ်တိုင် စာပေ ပို့ချတော်မူပြီး ၁၂၉၆-ခုနှစ်တွင် ရွှေဘိုမြို့ ကျောင်းဒါယိကာမကြီး ဒေါ်မြက စစ်ကိုင်း တောင်ရိုး၌ ကျောင်းဆောက် လှူဒါန်းသဖြင့် ဓမ္မာစရိယချောင် အမည် သမုတ်ကာ စာသင်တိုက် တည်ထောင် ဖွင့်လှစ်ခဲ့လေသည်၊ နောက်တွင် ပါဠိ တက္ကသိုလ်တိုက် ဖြစ်လာခဲ့လေသည်။

## ကျမ်းဂန်များ ပြုစုခြင်း

ဆရာတော်သည် ကျမ်းဂန် များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့မှာ –

၁ - ပါဠိမဏ္ဍိုင်ကျမ်း
၂ - ဝါကျတ္ထပကာသနီပါဠ်
၃ - ဝါကျတ္ထပကာသနီ နိသျ
၄ - ဝါကျအလင်းပြချီးကျမ်း
၅ - ဝါကျအလင်းပြချီးကျမ်း အဖြေ
၆ - ဥဒယဘဒ္ဒပျို့
၇ - အနိတ္ထဂန္ဓပျို့
၈ - သုဗောဓာလင်္ကာရ နိတိပါဠ်
၉ - ဆန္ဒောသာရ နိတိပါဠ်

စသည်တို့ ဖြစ်ကုန်၏။

## 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်

ယင်းသို့ စာပေကို ချ ကျမ်းစာကိုပြု လုပ်ငန်းအစုစုတို့နှင့် သီလ သမာဓိ ပညာဂုဏ်တို့ကြောင့် နိုင်ငံတော်အစိုးရတို့၏ ၁၃၂၁ - ခုနှစ်တွင် 'အဂ္ဂမဟာ ပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို လျှုဒါန်း ဆက်ကပ်ခြင်းကို ခံယူတော်မူခဲ့လေ သည်။

## သာသနာ့အကျိုး ဆောင်ရွက်ခြင်း - ပျံလွန်ခြင်း

ဆရာတော်သည် ဆဋ္ဌသံဂါယနာတွင် ဆဋ္ဌသံဂီတိကာရက, မူလဝိသောဓက, ပဋိဝိသောဓက တာဝန်များကို ဆောင်ရွက်တော်မူသည့်ပြင် အခြား တာဝန် အသီးသီးကိုလည်း ဆောင်ရွက်တော်မူခဲ့လေသည်၊ ယင်းသို့ဖြင့် သာသနကိစ္စ အဝဝကို ဆောင်ရွက်ခဲ့သော အရှင်ဝိမလဗုဒ္ဓိသည် ၁၃၃၅ - ခု ကဆုန်လဆန်း ၁၀ - ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်။

ဝိမလဗုဒ္ဓိ ထေရော ဟိ၊ ဗုဒ္ဓိယာ ဝိမလေ ရတော။
ကိစ္စံ သော သာသနေ ကတွာ၊ ပယာတော မစ္စုနော ဝသံ။

## နိုင်ငံကျော်ဓမ္မကထိက 'အဂ္ဂမဟာပဏ္ဍိတ'
## အနီးစခန်းဆရာတော် အရှင်ပဏ္ဍိတထေရ်

ဆရာတော် အရှင်ပဏ္ဍိတသည် စစ်ကိုင်းတောင်ရိုး အနီးစခန်းချောင်၌ ကြာရှည်စွာ သီတင်းသုံးတော်မူ၍ သာသနာပြုတော်မူခဲ့လေသည်။

ဘောဂဇာတိ အုတ်တွင်းမြို့၌ အဖ ဦးဖိုးဟန် အမိ ဒေါ်ကြေးယုတို့မှ ၁၂၆၁ - ခုနှစ် သီတင်းကျွတ်လဆန်း ၁ - ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

### ရှင်သာမဏေပြု - ရဟန်းပြု - ပညာ သင်ကြား - သာသနာပြု

၁၀ နှစ်သား အရွယ်ရှိရာ ၁၂၇၁ - ခုနှစ်တွင် အုတ်တွင်းမြို့ ရွှေကျင်ဂိုဏ်း ကန်ကလေး တောရကျောင်း ဆရာတော်ထံတွင် ရှင်သာမဏေ ဝတ်၍ သက်တော် ၂၀ - အရှိတွင် မန္တလေး ဝိသုဒ္ဓါရုံတိုက်သိမ်၌ ရွှေကျင်နိကာယာ ဓိပတိ ဒိပဲရင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ တိပိဋကတက္ကသိုလ် ဗဟို စာချကျောင်းတိုက်ကြီး၌လည်း ပညာ သင်ကြားခဲ့လေသည်၊ မန္တလေးမြို့ အနောက်ပြင် အဘယာရာမတိုက်၌လည်း ပညာ သင်ခဲ့သည်၊ ယင်းတိုက်၌ စာပေလည်း ချပို့ခဲ့ဘူးသည်၊ အင်္ဂလိပ်ဘာသာကိုလည်း တတ်မြောက်သည်၊ အင်္ဂလန်, အမေရိကန်, ဂျာမဏီ, ဂျပန်, သီဟိုဠ်, ယိုးဒယား, ကမ္ဘောဒီးယား စသော နိုင်ငံများသို့လည်း ကြွရောက်၍ တရား ဟောတော်မူခဲ့ဘူးလေသည်၊ ဆဋ္ဌသံဂါယနာတွင် မူလဝိသောဓကဲ, ပဋိဝိသောဓက စသည့် တာဝန်များကို လည်း ထမ်းဆောင်တော်မူခဲ့သည်။

### 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်

၁၃၁၈ - ခုနှစ်တွင် နိုင်ငံတော် အစိုးရတို့ လှူဒါန်းသည့် 'အဂ္ဂမဟာ ပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

ဘဒ္ဒန္တပဏ္ဍိတော ထေရော၊ စစ်ကိုင်းသာသန ဇောတကော။
သာသနံ သောဘယိတွာန၊ သမ္ဗုဒ္ဓသာသနန္တရော။

### ဆဋ္ဌသံဂါယနာတွင် စိစစ်သျှောက်မှု ထူးခြားစွာဆောင်ရွက်ခြင်း

ဆဋ္ဌသံဂါယနာ မဟာဓမ္မအဘင်ကြီးတွင် အဋ္ဌကထာကျမ်းပေါင်း များစွာ တို့ကို စိစစ်သျှောက်မှု တာဝန်ကိုလည်း ထူးခြားစွာ ဆောင်ရွက်တော်မူ ခဲ့ရာ သံဂါယနာစိစစ်ခဏ်း ကျမ်းကြီးများ မှတ်ဘိုင်သဖွယ် ကျန်ရှိကုန်၏။

## ပျံလွန်တော်မူခြင်း

သက်တော် ၇၈-နှစ် ဝါတော် ၅၈-ဝါ ရရှိရာ ၁၃၃၈-ခု တပို့တွဲလဆုတ် ၁၄-ရက်နေ့ည ၆ နာရီ ၅-မိနစ် အချိန်တွင် ပျံလွန်တော်မူသည်။

ဘဒ္ဒန္တပဏ္ဍိတော ထေရော၊ ပဏ္ဍိတော ဗုဒ္ဓသာသနေ။
ပဏ္ဍိတာနံ ကိစ္စံ ကတွာ၊ ယထာကမ္မံ ဂမိ သုဂိ။

—

အဂ္ဂမဟာပဏ္ဍိတ

## အောင်မြေဘုံစံဆရာတော် အရှင်ဉာဏုတ္တရ

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး အောင်မြေဘုံစံတိုက်တာကို တည်ထောင်၍ သာသနာပြုတော်မူခဲ့သည့် မထေရ်မြတ် ဖြစ်လေသည်။

### ဖွားမြင် - ရှင် ရဟန်းပြု - ပညာသင်

မန္တလေးမြို့ ရွှေဘုန်းရှိန် လှေတန်းရပ် ကျောက်ကုန်သည် အဖ ဦးစံဘွား အမိ ဒေါ်မြစ်တို့မှ ၁၂၆၂-ခုနှစ် နှောင်းတန်းခူးလဆန်း ၈-ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

၆-နှစ်သား အရွယ်တွင် မန္တလေး အနောက်ပြင် မင်းကွန်းတိုက် ဆရာတော် ဦးပညာဝံသထံတွင် ရောက်ရှိ ပညာ သင်ကြားခဲ့လေသည်၊ ၁၀-နှစ်သား အရွယ်တွင် ရှင်သာမဏေ ဝတ်ခဲ့လေသည်၊ ဘွဲ့တော် ရှင်ဉာဏုတ္တရ ဖြစ်လေသည်၊ မင်းကွန်းတိုက် ဆရာတော် ဦးပညာဝံသနှင့် တကွ ကင်းဝန်မင်းကြီးတိုက် ဆရာတော် ဦးပညာတို့ထံတွင် ပညာ သင်ကြားတော်မူခဲ့လေသည်၊ သာမဏေဘ၀ဖြင့်ပင် အစိုးရ ပဌမငယ်, ပဌမလတ် စာမေးပွဲများကို ဖြေဆို အောင်မြင်တော်မူခဲ့လေသည်၊ သက်တော် ၂၀-တွင် မန္တလေးမြို့ တောင်သမန်တိုက် ပြာသာဒ်ကျောင်း ဆရာတော် ဦးပညာကို ဥပဇ္ဈာယ် ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

### ဆက်လက် ပညာ သင်ကြားခြင်း

စစ်ကိုင်းတောင်ရိုး ပဌမ ဂန္ဓာရုံဆရာတော် ဦးဉာဏိန္ဒ, အင်းစိန်ခရိုင် သိမ်ချောင်းရွာ ပဌမကျော် ဦးဣသိန္ဒ, ဖျာပုံမြို့ စကြာရန်အောင် ဆရာတော် ဦးသံဝရ, စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော်, အတိသုမ္ဘါရုံဆရာတော် စသည်တို့ထံ၌လည်း ဆက်လက် ပညာ သင်ကြားတော်မူခဲ့လေသည်။

## အောင်မြေဘုံစံတိုက် တည်ထောင်

စစ်ကိုင်းမြို့ ကျောင်းဒကာကြီး ဦးကြွက် ဒေါ်သူဇာတို့၏ သား သမီးများနှင့် ဦးမောင်မောင် ဒေါ်အမာ စသူတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သမိဒ္ဓေါဒယချောင် ဆရာကြီး ဒေါ်မာလာရီနှင့် ဒေါ်သုဓမ္မစာရီတို့ ဆောက်လုပ်လှူဒါန်းအပ်သော စစ်ကိုင်းတောင်ရိုး အောင်မြေဘုံစံတိုက်၌ သီတင်းသုံးတော်မူ၍ ပရိယတ်, ပဋိပတ် သာသနာတော်ကို ချီးမြှောက်တော် မူခဲ့လေသည်၊ မဟာစည်ဆရာတော်နှင့် တိုင်ပင်တော်မူ၍ ပဲခူးမြို့ သာသနာ့ရိပ်သာကိုလည်း တည်ထောင်တော်မူခဲ့လေသည်။

## ရန်ကုန်မြို့ ကမ္ဘာအေး ဇမ္ဗူဒီပကျောင်း၌ သီတင်းသုံးခြင်း

ဆဋ္ဌသံဂါယနာ တင်ချိန်လောက်မှ စ၍ ပျံလွန်တော်မူသည် အထိ ရန်ကုန်မြို့ ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်၌ သီတင်းသုံးတော်မူ၍ ဆဋ္ဌသံဂီတိကာရက, ပဋိဝိသောဓက, ဩသာနသောဓက, ဓမ္မဒူတဝိဇ္ဇာလယနာယက, ဂျပန်ပြည်သာသနာပြုအဖွဲ့ မဟာနာယက, တိပိဋက ပါဠိမြန်မာ အဘိဓာန်ပြုစုရေးအဖွဲ့ နာယက စသည် တာဝန်များကို ထမ်းဆောင်တော် မူခဲ့လေသည်။

## နိုင်ငံခြားများသို့

ဆရာတော်သည် ဂျပန်ပြည် မိုဂျိမြို့ သံဃာရာမ၌ ဝါကပ် သီတင်းသုံးတော်မူ၍ သာသနာပြုတော်မူခဲ့လေသည်၊ အိန္ဒိယ, နီပေါလ်, သီဟိုဠ် စသည့် နိုင်ငံများသို့လည်း ကြွရောက်တော်မူ၍ သာသနာရေး ကိစ္စများကို ဆောင်ရွက်တော်မူခဲ့လေသည်။

## 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် ရရှိခြင်း - ပျံလွန်ခြင်း

ဆဋ္ဌသံဂါယနာ (ပါဠိတော်သံဂါယနာ) အပြီး ၁၃၁၈-ခုနှစ်တွင် နိုင်ငံတော် အစိုးရတို့ လှူဒါန်းသော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်၊ သက်တော် ၇၃-နှစ် ဝါတော် ၅၃-ဝါ ရရှိရာ ၁၃၃၄-ခုနှစ် တန်ဆောင်မုန်း လဆုတ် ၃-ရက်နေ့ ၁၁-နာရီ ၃၅-မိနစ် အချိန်တွင် ရန်ကုန်မြို့ ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်၌ ပျံလွန်တော်မူခဲ့လေသည်။

ဉာနုတ္တရော မဟာထေရော၊ ဉာဏေန ဥတ္တရော သုဓီ။
စက္ကဿ ဝုဒ္ဓိယာ ကတွာ၊ အဂမီ မစ္စုနော ဝသံ။

## 'အဂ္ဂမဟာပဏ္ဍိတ' ရွှေစေတီဆရာတော် - အရှင်သုန္ဒရ

ဆရာတော်သည် စစ်ကိုင်းနယ်သားလည်း ဖြစ်၍၊ စစ်ကိုင်းမြို့၌ အမြဲနိစ္စ ထာဝရ သီတင်းသုံးတော်မူကာ သာသနာပြုသည့် ပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူသည်။

### ဖွားမြင် - ရှင် ရဟန်းပြု - ပညာသင်

စစ်ကိုင်းခရိုင် ရွာသစ်ကြီးရွာ၌ အဖ ဦးရန်ငြိမ်း, အမိ ဒေါ်ပု တို့မှ ၁၂၆၂-ခု ဒုတိယဝါဆိုလဆုတ် ၇ ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသည်၊ ငယ်စဉ်ကမှ စ၍ ကျောင်းနေ ပညာသင် ရှင်သာမဏေပြုကာ သာသနာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ သက်တော် ၂၀-အရတွင် ရွာသစ်ကြီးရွာ မင်းကျောင်းဂိုဏ်းအုပ် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

### ဆက်လက် ပညာ သင်ကြားခြင်း

မန္တလေးမြို့ မိုးကောင်းတိုက် 'အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော် ဦးရေဝတ , ခင်မကန်တိုက် မန်ကျည်းပင်ကျောင်း ဆရာတော် ဦးသီလာစာရ , အဂ္ဂမဟာပဏ္ဍိတ သူဌေးကျောင်း ဆရာတော် ဦးရေဝတ, စသည်တို့ ထံတွင် ဆက်လက် ပညာ သင်ကြားတော်မူခဲ့လေသည်။


### ရွှေစေတီရိပ်သာ တည်ထောင်ခြင်း သာသနာ့ရေးရာများ ဆောင်ရွက်ခြင်း

စစ်ကိုင်းတောင်ရိုး ရွှေစေတီသာသနာ့ရိပ်သာကို တည်ထောင်တော်မူ၍ တရားခမ္မ ဟောပြခြင်း, စာပေ ပို့ချခြင်းတို့ဖြင့် သာသနာပြုတော်မူခဲ့လေသည်၊ ဆဋ္ဌသံဂါယနာတွင် သံဂီတိကာရက , ပဋိဝိသောဓက စသည့် တာဝန်များကိုလည်း ဆောင်ရွက်တော်မူခဲ့လေသည်။

### 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်

ဋီကာသံဂါယနာအပြီး ၁၃၂၃-ခုနှစ်တွင် နိုင်ငံတော်အစိုးရတို့ လှူဒါန်းသော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

ဘဒ္ဒန္တ-သုန္ဒရော ထေရော၊ သုန္ဒရော ထေရသောခရော။
သာသနံ သုန္ဒရံ ကတွာ၊ ဇိနသာသန ဘာရဓော။



အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော် အရှင်သုန္ဒရ

# သတ္တမပိုင်း

## ရန်ကုန်ကျောင်းတည် ဆရာတော်

### အရှင်ဓမ္မစာရီ

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး ရန်ကုန်ကျောင်းကို တည်ထောင်၍ သာသနာပြုတော်မူခဲ့သည်။

### ဖွားမြင် - ပညာသင် - အစိုးရ အမှုထမ်းခြင်း

ရန်ကုန်မြို့ အလုံရပ်၌ သက္ကရာဇ် ၁၂၃၁ - ခု သီတင်းကျွတ်လဆန်း ၁၃ - ရက် စနေနေ့တွင် ဖွားမြင်တော်မူခဲ့သည်၊ ငယ်နာမည် မောင်နှစ် ဖြစ်သည်၊ သက်တော် ၇ - နှစ်သား အရွယ်မှ စ၍ အင်္ဂလိပ်စာကို သင်ကြားခဲ့ရာ ထူးချွန်စွာ တတ်မြောက်သည်ဟု သိရ၏။ သက်တော် ၂၀ - အတွင်းတွင် သဂြိုဟ် ၉ - ပိုင်း ပါဠိ အနက်, လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထသံခိပ်တို့ကို ကရားရေလွှတ် တတွတ်တွတ် ပြန်ဆိုနိုင်အောင် ကျေကျေညက်ညက် ရရှိသည်၊ အဘိဓမ္မာကို သို့ကဲ့လို ကျေညက် တတ်မြောက်သဖြင့် အဘိဓမ္မာဆရာနှစ်ဟုလည်း တွင်သည်။

အစိုးရရုံးများတွင် စာရေး အဖြစ်ဖြင့် အမှုထမ်းခဲ့သည်၊ အိမ်ထောင်ပြုခဲ့ဘူးရာ သား ၂ - ယောက် ထွန်းကားခဲ့သည်၊ အစိုးရအမှုထမ်းရင်း ခွင့်ရက်ရှည် ယူ၍ ဒုလ္လဘရဟန်း အကြိမ်ကြိမ် လုပ်ခဲ့သည်။

### သက်ဆုံးတိုင် ရဟန်းပြုခြင်း

သက်တော် ၄၂ - တွင် အစိုးရအမှုထမ်း ဘဝမှထွက်ခဲ့၍ သက်ဆုံးတိုင် သာသနာ့ဝန်ထမ်းမည်ဟု ရည်စူး၍ ရဟန်းဘောင်သို့ ဝင်ရောက်ကာ မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီးထံ ပိဋကတ်ကျမ်းဂန်များကို သင်ယူခဲ့လေသည်၊ လယ်တီဆရာတော်ဘုရားကြီးက အရှင်ဓမ္မစာရီ ဟူသော ဘွဲ့ကို မှည့်ခေါ်ချီးမြှင့်တော်မူသည်။

### ရန်ကုန်ကျောင်းကို တီထွင်ခြင်း

သက္ကရာဇ် ၁၂၈၂ - ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၌ ကျောင်းသစ် တည်ထောင် သီတင်းသုံးခဲ့လေသည်၊ ကျောင်းကို ရန်ကုန်ကျောင်းဟု အမည်ပေးခဲ့သည်၊ ထိုအချိန်မှ စ၍ ရန်ကုန်ကျောင်းဆရာတော်ဟု တွင်လေသည်။

## လယ်တီဆရာတော် ချီးကျူးခြင်း

လယ်တီဆရာတော်ကြီးက အရှင်ဓမ္မစာရီ၏ ဉာဏ်ရည်ဉာဏ်သွား စွမ်းပကား နှင့် ဝီရိယစွမ်းအင်ကို အလွန်လျှင် ကျေနပ်တော်မူသဖြင့် ပိတ်၍မလုံ မြုံ၍မရ တော့သဖြင့် 'ဓမ္မာစာရီ ဆိုတဲ့ ရဟန်းဟာ ကြီးမှ ငါ့ထံ ရောက်ရလို့ မို့ ကွဲ့၊ ငယ်ငယ်ရွယ်ရွယ် နုပျိုတုန်းက ရောက်လာလျှင် မြန်မာနိုင်ငံ တနိုင်ငံလုံး ခါးစောင်းတင်မဲ့ ရဟန်းကွဲ့' ဟု မိန့်ကြားတော်မူသတတ်။

## တရားဟော - စာပေ ရေးခြင်း

အရှင်ဓမ္မစာရီသည် တရားလည်း ဟော၏၊ လယ်တီဆရာတော်ဘုရားကြီး နှင့် အကြိမ်ကြိမ် လိုက်ပါ၍ ရှေ့ထွက် တရားများ ဟောတော်မူခဲ့သည်၊ မိမိ ကိုယ်တိုင်လည်း စစ်ကိုင်းတောင်ရိုး ရန်ကုန်ချောင်နှင့် တကွ အခြား ဒေသများစွာတို့၌ တရားဟော၍ သာသနာပြုခဲ့သည်၊ လယ်တီတရားသတင်း စာ စသည်၌လည်း တရားသတင်း ဆောင်းပါး စသည်တို့ကို ရေးသားခဲ့ သည်၊ သံဆန်းကဗျာ, ဘင်သံအသွင်း ကဗျာ စသည်တို့ကိုလည်း ရေးသား ခဲ့သည်။[၁]

## 'နိကာယဟိတေသေဟိ'
## 'နိကာယသိရိန္ဒရ' 'မဟာသိရိန္ဒရ' ဘွဲ့ ၃ - ထပ်ရ

၁၂၉၄ - ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး သုဓမ္မာနိကာယဆရာတော်များက ဆရာတော် အရှင်ဓမ္မစာရီအား 'ဓမ္မစာရီဘိဓဇ သုဓမ္မာနိကာယ ဟိတေ သီ' ဟူသော ဘွဲ့ကို ချီးမြှင့်တော်မူကြသည်၊ မုံရွာ လယ်ဘီတိုက် သံဃာ တော်များကလည်း 'လယ်တီနိကာယ သိရိန္ဒရ ဓမ္မစာရီ' ဟူသော ဘွဲ့တံဆိပ်ကို ပေးအပ် လှူဒါန်းတော်မူကြသည်၊ လယ်တီ ကျောက်စာ အသင်းကြီးကလည်း 'မဟာသိရိန္ဒရ ဦးဓမ္မစာရီ' ဟူသော ဘွဲ့တံဆိပ်တော်ကို လှူဒါန်းလေသည်။

## ပျံလွန်တော် မူခြင်း

သက်တော် ၇၅ - နှစ် ရှိရာ ၁၃၀၆ - ခုနှစ် (ဂျပန်ခေတ်) တွင် ဘ၀ နတ်ထံ ပျံလွန်တော်မူခဲ့သည်။

ဓမ္မစာရီ ဓမ္မစာရီ၊ ဇိနစက္က သိရိန္ဒရီ။
ဇောတယိ ဇိနစက္ကဿ၊ ဝုဍ္ဎကာမီ စ သံသုဓိ။

---

၁။ လယ်တီဂန္ထဝင်ကျော် — ၃၀၉၊ ၃၁၀ - ကြည့်။

## ရတနာဘုံစံ ဆရာတော် အရှင်ဝိစာရ
## (မန္တလေး တတိယ မြတောင်ဆရာတော်)

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး အောင်မြေဘုံစံချောင်ကို စတင် တည် ထောင်ကာ စစ်ကိုင်းတောင်ရိုး၌ သာသနာ ပြုတော်မူခဲ့သည့် ပဋိက်ကျော်လ်မြတ် ဖြစ် တော်မူလေသည်၊ ပုဂံမြို့နယ် ဖွားစောရွာ၌ အဖ ဦးသာတုတ် အမိ ဒေါ်ပု တို့မှ သက္ကရာဇ် ၁၂၃၆-ခု ဒုတိယ ဝါဆိုလဆုတ် ၁၅-ရက် ဗုဒ္ဓဟူးနေ့ တွင် ဖွားမြင်တော်မူခဲ့လေသည်။

အချယ်ရောက်သော်ရှင် ပြကန်း ပြု၍ သာသနာ၁ပန်ကို ထမ်းဆောင်တော် မူခဲ့လေသည်။

ရဟန်း သိက္ခာ ၉-ဝါ အရတွင် မန္တလေးမြို့ မဏိရတနာရာမ မြတောင် ကျောင်းတိုက်ကြီးကို လွှဲအပ်ခြင်း ခံယူတော်မူရသဖြင့် တတိယ မြတောင် ဆရာတော် အဖြစ်ဖြင့်လည်း ထင်ရှားသည်၊ ၁၂၉၆-ခုနှစ်တွင် ပရိယတ္တိ သာသနဟိတ အသင်းကြီး၏ 'ဘဒ္ဒန္တဝိစာရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (မူလ စာချ)' အဖြစ်ဖြင့် အသိအမှတ်ပြု ကိုးကွယ်ခြင်းကိုလည်း ခံယူတော်မူရလေသည်။

၁၂၉၄-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ရတနာဘုံစံချောင်ကို တည်ထောင် တော်မူ၍ ဘာဝနာကမ္မဋ္ဌာန်း အလုပ်ကို နက်ဆုံးတိုင် ကြိုးကုတ်တော်မူခဲ့လေ သည်၊ ကျမ်းဂန် များစွာတို့ကို ပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့မှာ —

၁- ညဝါ အခြေပြု ကျမ်း
၂- ပစ္စယုဒ္ဒေသ ဒီပနီကျမ်း
၃- ပုဂံမြို့ ဘုရားဆဲ့ခုနစ်ဆူ သမိုင်းကျမ်း
၄- တောလေးဆယ် နိဿယကျမ်း
၅- အာနာပါန ရှုဘွယ်ကျမ်း
၆- မဟာစလထေရုပ္ပတ္တိ ကျမ်း -

စသည်ဘို့ ဖြစ်ကုန်၏။

### ပျံလွန်တော်မူခြင်း

ဆရာတော်သည် သက်တော် ၇၄-နှစ် ရှိရှာ ၁၃၁၀-ခုနှစ် နယုန် တန်ခူးလဆန်း ၃-ရက်နေ့ ညနေ ၆-နာရီ အချိန်တွင် ပျံလွန်တော်မူခဲ့ လေသည်။

ဘဒ္ဒန္တဝိစာရော ဘေရော၊ ဝိစာရော ဗုဒ္ဓသာသနေ။
သာသနေ သော စရိတွာန၊ ပယာတော မစ္စုနော ဝသံ။[၁]

၁။ အကျယ် ပုဂံ သာသနာဝင် ကြည့်။

# မြဝတီ ဆရာတော်
## အရှင်အဂ္ဂဝံသ မဟာထေရ်

အရှင်အဂ္ဂဝံသသည် စစ်ကိုင်းတောင်ရိုးၗ ကြာမြင့်စွာ နေထိုင်၍ သာသနာပြုခဲ့သည့် ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။

ရွာထောင်မြို့၌ သက္ကရာဇ် ၁၂၃၈ - ခုနှစ်တွင် ဖွားမြင်ခဲ့လေသည်၊ အရွယ်ရောက်သော် ကျောင်းနေ ပညာသင် ရှင်သာမဏေဝတ်, ရဟန်း ပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့လေသည်၊ ရွာထောင်မြို့ သိမ်ကုန်း ဂိုဏ်းထောက် ဆရာတော် ဦးဇမ္ဗုဒီပ စသည်ထံတို့တွင် ပညာ သင်ကြား ဆည်းပူးခဲ့လေသည်၊ ရဟန်းဘွဲ့မှာ အရှင်အဂ္ဂဝံသ ဖြစ်လေသည်၊ အရှင်မြတ်၏ ဘွဲ့ အရှင်အဂ္ဂဝံသကို 'မြတ်နွယ်အတ္ထ၊ ပါဠိအရ၊ မှတ်ကြ ဘွဲ့မည်မှာ' ဟု မြန်မာပြန်ဆို သံပေါက် စီခဲ့လေသည်၊ အောင်လံမြို့ မြဝတီ ကျောင်းတိုက်၌ ကြာမြင့်စွာ သီတင်းသုံးခဲ့သဖြင့် မြဝတီ ဆရာတော် ဟု တွင်လေသည်၊ စစ်ကိုင်းတောင်ရိုး ရှင်ဖြူရှင်လှချောင် အနီး နယားချောင်၌လည်း ကြာမြင့်စွာ သီတင်းသုံးတော်မူခဲ့လေသည်၊ ဒကာ ဒကာမ များစွာတို့အား ဝိပဿနာ တရားဓမ္မ ဟောပြတော်မူခဲ့သည့်ပြင် ကျမ်းဂန် များစွာကိုလည်း ပြုခဲ့လေသည်၊ ၎င်းကျမ်းတို့မှာ –

၁- မောဟတိမိရနာသနီ ကျမ်း
၂- မာတာပိတုဂုဏ ဝိကာသနီကျမ်း
၃- ဇဋ္ဌာဇဋ္ဌဝိစ္ဆေဒနီ ကျမ်း
၄- သံမုဋ္ဌတ္ထဝိနာသိနီ ကျမ်း
၅- သာမုန္ဒြိက မေဒိနီကျမ်း
၆- ဓမ္မကထိကနယဒီပနီကျမ်း
၇- ဒိဋ္ဌိသတ်ခဏ်း ဓာတ်ကမ္မဋ္ဌာန်းကျမ်း
၈- သံသရာ ဖြတ်လမ်း ဓာတ်ကမ္မဋ္ဌာန်း ကျမ်း
၉- သက္ကာယဒိဋ္ဌိဝိနောဒနီ ကျမ်း
၁၀- ဝဋ်မှ ထွက်လမ်း ဓာတ်ကမ္မဋ္ဌာန်း ကျမ်း
၁၁- နိဗ္ဗာန်ပေါက်လမ်း ဓာတ်ကမ္မဋ္ဌာန်း ကျမ်း
၁၂- တဏှာသတ်ခဏ်း ဓာတ်ကမ္မဋ္ဌာန်း ကျမ်း
၁၃- ဓမ္မစကြာ မဟာဋီကာသစ် ကျမ်းကြီး -

စသည်တို့ ဖြစ်ကုန်၏။

---

၁။ ဓမ္မစကြာ မဟာဋီကာသစ် ကျမ်းကြီး၊ ၉၃၄ – နှာ။

## ဓမ္မစကြာ မဟာဒွိကာသစ် ကျမ်းကြီး

ဖော်ပြပါ ကျမ်းများ အနက် ဓမ္မစကြာ မဟာဒွိကာသစ် ကျမ်းကြီးမှာ ကြီးကျယ်လှသည့် ကျမ်းကြီး ဖြစ်လေသည်၊ ရှုပ်ုင်ဆိုက် ၉၃၉ - မျက်နှာ ရှိလေသည်၊ ကျယ်လွန်းသည် ဟု ပင် ဆိုချင်ပါ၏၊ ယင်း ကျမ်းကြီးကို 'ဆ သတ် ဒွေး ကော်၊ သက္ကရာဇ် ပြီးလစ် နတ်တော်မှာ' ဟူသည်နှင့် အညီ အောင် လံမြို့မှာ အနားယူစဉ် ၁၂၇၆ - ခုနှစ် နတ်တော်လက အပြီးသတ် ရေးသား ခဲ့လေသည်။

အရှင်အဂ္ဂဝံသကား စာပေ တတ်မြောက်ပါ၏၊ အလင်္ကာကဗျာ နိုင်၏၊ အနက်ပေးလျှင် ကဗျာလင်္ကာသွားဖြင့် ရှည်လျားစွာ ပေးလေ့ ရှိ၏။

## လူ့ဘောင်သို့

အရှင်အဂ္ဂဝံသကား ဂိဟိသံသဋ္ဌ များလွန်းဟန် လက္ခဏာ ရှိ၏၊ ရဟန်း များမှာ မာတုဂါမများနှင့် ဆက်သွယ် ပေါင်းသင်းရသည်မှာ မြေပွေး မြွေဟောက် ပေါင်းရသည်နှင့် မခြား တမူ အလားတူလှ၏၊ အမှတ်တမဲ့နှင့် မာတုဂါမ၏ မာယာမြှားချက် မိဘတ်သည်၊ အမိခံရသူပေါင်းလည်း များလှ ချေ၏။

မြဝတီဆရာတော် အရှင်အဂ္ဂဝံသသည်လည်း ဖော်ပြပါ ဒဏ်ချက် ထိမှန်သဖြင့် လူ့ဘောင်သို့ ရောက်ရှိခဲ့လေသည်၊ ထိုအခါ 'မြဝတီဆရာကြီး' ဟု တွင်လေ သည်။

ဣသယော တပေါနော စ၊ သီလဝန္တော ဥပါသကာ။
မာယာဝုမေန စာဝေသုံ၊ နာရီနံ စရဏာ သုဘာ။

## ကွယ်လွန်ခဲ့

မြဝတီဆရာကြီးကား ရဟန်းဘဝဖြင့် လည်းကောင်း၊ လူ့ဘဝဖြင့် လည်းကောင်း လောကီ လောကုတ္တရာ ကိစ္စအမျိုးမျိုးကို ပြုလုပ် ဆောင်ရွက် ခဲ့ပြီး ကွယ်လွန်ခဲ့လေသည်။

မြဝတီ အာစရိယော ပိ၊ စစ်ကိုင်းဝံသမှိ ပါကဋော။
ဗဟဝေါ ကိစ္စေ သော ကတွာ၊ ယထာကမ္မံ ဂတော သုဓီ။

——

## စာချအကျော် 'ဒုတိယ မရမ္မရဋ္ဌသာရ'ဘွဲ့ရ
## စစ်ကိုင်းတောင်ဇမ္ဗူပတိချောင်
### လယ်တီ အရှင်ပဒုမ ဆရာတော်

ဆရာတော် အရှင်ပဒုမသည် တရားဟောကောင်း, စာချကောင်း ဆရာတော်အဖြစ် ထင်ရှားခဲ့သည်၊ ယင်းကဲ့သို့ ထူးချွန်သော ပုဂ္ဂိုလ်မျိုးကို သမိုင်းပညာရှင်တို့ လျစ်လျူ မရှုကောင်းချေ၊ မှတ်တမ်း ရေးတင်ရမည်သာ ဖြစ်သဖြင့် ဤကျမ်း၌ သိသာရုံ မှတ်တမ်းတင်အပ်ပါသည်။

ဆရာတော်သည် မုံရွာခရိုင် အရာတော်မြို့နယ် အောင်သာရွာ အဖ ဦးဦး အမိ ဒေါ်ဒွေးကွန်းတို့မှ သက္ကရာဇ် ၁၂၄၇-ခုနှစ် ဝါခေါင်လဆုတ် ၂-ရက် ကြာသပတေးနေ့၌ ဖွားမြင်ခဲ့သည်၊ ဆရာတော်သည် အရိယသစ္စဒီပနီကိုးနဲ့၌လည်း ဌာန နှင့် ကာလကို —

နဂရေ မုံရွာနာမမှိ၊ ဂါမေ အောင်သာတိပါကဋေ။
မုနိဝေဒကွိစန္ဒမှိ၊ သာကေ ဇာတေန ယာ မယာ။

ဟူသော ဂါထာဖြင့် ဖော်ပြခဲ့သည်၊ ၁၃-နှစ်သား အရွယ်တွင် မန္တလေး ရွှေကျောင်တိုက်မကြီး၌ ရွှေကျောင်ဆရာတော်ဘုရားကြီးထံ ပိဋကတ် အခြေခံပညာကို သင်ခဲ့ပြီး မန္တလေး ချမ်းသာကြီးတိုက်-ရန်ကုန် ရှားပင်တိုက်တို့၌ ပညာ သင်ကြားခဲ့သည်၊ သက်တော် ၂၀-တွင် အောင်သာရွာ ဒေါ်ဒေါ်တင်၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်း အဖြစ်သို့ ရောက်လေသည်။

### မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီးသို့

အရှင်ပဒုမသည် မုံရွာမြို့ စောင်ချမ်းပင်ဆရာတော်ထံ၌ ပညာ သင်ကြားပြီး ရဟန်းသိက္ခာ ၃-ဝါ အရတွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်၍ ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရထံ ပိဋကတ်ကို ဆိုဝါဖြင့် သင်ယူ တတ်မြောက်ခဲ့လေသည်။

ပဒုမော သော ပဓာနော ဟိ၊ ဂန္ဓထေရဿ သန္တိကေ။
ပိဋကေ ဥဂ္ဂဟေတွာန၊ ပိဋကေသု ဝိဒူ အဟု။

ရဟန်း ၅-ဝါအရတွင် လယ်တီဆရာတော် ထံမှောက် ရောက်ပြီး ပညာ သင်ကြား၍ လယ်တီဆရာတော်ဘုရားကြီးနှင့် ဟက္ကသာသနာပြုရာမှ 'လယ်တီ အရှင်ပဒုမ' ဟု ကျော်ကြားခဲ့လေသည်။

၁၂၇၅-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၌ ဇမ္ဗူပတိချောင်ကို တည်ထောင်၍ သီတင်းသုံး စာချ တရားပြတော်မူခဲ့သည်၊ အရှင်ပဒုမသည် တရားဟော-

စာချ - ဂါထာရေး - ကဗျာလင်္ကာရေး ကောင်းမွန်လှသော ဆရာတော် အဖြစ် ထင်ရှားလေသည်။

'ပဒုမလင်္ကာရ မရမ္မရဋ္ဌ ကဝိဓဇ ဒုတိယ မဟာရဋ္ဌသာရ' ဘွဲ့ကိုလည်း ၁၂၈၅-နှစ်က ဆာနတ် အမိန့်ပြန်တမ်းနှင့် အဆောင်အယောင်များ ပေးအပ်ခြင်း ခံခဲ့ရလေသည်၊ ၁၃၁၃ - ခုနှစ် တပေါင်းလဆုတ် ၆ - ရက်နေ့တွင် သက်တော် ၆၇ - နှစ် အရွယ် သာမဏေဝတ်နှင့် ပျံလွန်တော်မူလေသည်။

## သံဝေဂ ယူဖွယ်

သင်္ခါရတရား အားလုံးတို့သည် ဖြစ်ပြီး၍ ပျက်ပြုန်းတတ်ရကား မမြဲပါကုန်၊ အနိစ္စ အစစ် ဖြစ်ပါကုန်၏၊ သင်္ခတတရား အားလုံးတို့သည် ဖြစ် ပျက် ၂ - ရပ် နှိပ်စက်အပ်သဖြင့် ဆင်းရဲပါကုန်၏၊ အလိုလိုက် အကြိုက်ပါရိုး ထုံးစံလည်း မရှိကြပါကုန်ချေ။

အနိစ္စာ သဗ္ဗေ သင်္ခါရာ၊ ဒုက္ခာနတ္တာ စ သင်္ခတာ။

(ပရိဝါပါဠိတော် – ၁၅၇)

——

## ကျွစ္စာချောင်ဆရာတော်
### အရှင်ဝိဇယမထေရ်

ဆရာတော်သည် လောက ဓမ္မ နှစ်ဌာနလုံး မယွင်းချွတ်သည့် စစ်ကိုင်း သာသနာ၌ ထင်ရှားသည့် ပုဂ္ဂိုလ်မြတ် ဖြစ်ပေသည်။

အိမ်မဲမြို့ သီထွင်းရွာ၌ အဖ ဦးရွှေဖူး, အမိ ဒေါ်အေးမြတို့မှ သက္ကရာဇ် ၁၂၅၀ ပြည့်နှစ် ဒုတိယ ဝါဆိုလဆုတ် ၃ - ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

## ရှင် ရဟန်း ပြု - ပညာသင်

အရွယ်ရောက်သော် ကျောင်းနေ ပညာသင် ရှင်သာမဏေ ဝတ်၍ သာသနာဝန် ထမ်းဆောင်တော်မူခဲ့လေသည်၊ သက်တော် ၂၀ ရှိရာ ၁၂၆၉ - ခုနှစ်တွင် 'ဝိမလာလင်္ကာရ ကဝိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ သုံးဆယ်မြို့ မောင်းထောင်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ ဆန်းနိဿျ ကျမ်းပြု အရှင် သိရီကုမာရ, စစ်ကိုင်းတောင်ရိုး အတိသုဒ္ဓါရုံ ဆရာတော်, မိုးထား ဦးပညိန္ဒ စသည့်တို့ထံ၌ မာဂဓ သက္ကတ ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

## ၈၁၂ ကျမ်းပြု-လောက သာသနာ အကျိုးဆောင်

စစ်ကိုင်းတောင်ရိုး ကျစ္စာချောင်၌ ကြာရှည်စွာ သီတင်းသုံးတော်မူ၍ မုဒ္ဒဗောဓ စသော သက္ကတကျမ်းစာများကို လည်းကောင်း၊ အခြားမာဂဓ ကျမ်းစာများကိုလည်းကောင်း ချုပ်ပိုတော်မူခဲ့လေသည်၊ ဒဏ္ဍီနိသျသစ်စသော ကျမ်းဂန်များကိုလည်း ရေးသား ပြုစုတော်မူခဲ့လေသည်၊ သာသနာ့ဝန်ထမ်း များ ကျေးဇူးရှိမည့် တရားများ-လူသားများ ကျေးဇူးရှိမည့် တရားစကား များကိုလည်း ပြောဟောတော်မူလေ့ ရှိ၏၊ ၁၃၂၅-ခုနှစ် ပြာသိုလပြည့်နေ့ တွင် ပျံလွန်တော်မူခဲ့လေသည်။

ဘဒ္ဒန္တဝိဇယော ထေရော၊ ဝိဇယဇီနသာသနံ။
စုဒ္ဒိယာ ဝါယာမံ ကတွာ၊ ပယာတော မစ္စု သန္တိကံ။

——

## စစ်ကိုင်း-ဝိဇ္ဇောဒယချောင် ဆရာတော်
### ဓမ္မကထိက ငါးသိုင်းချောင်း အရှင်ပညာဝန္တ

ဆရာတော်သည် စစ်ကိုင်းသာသနာဝင်၌ လွန်စွာ ထင်ရှားသည့် ပုဂ္ဂိုလ် မြတ်ပါပေတည်း၊ တရားဟောလည်း ကောင်း၏၊ စာရေးလည်း ပြောင် မြောက်၏။

ဟင်္သာတခရိုင် ငါးသိုင်းချောင်းမြို့ အပိုင် ဘုတ်ချောင်း မဲဇလီရွာ၌ အဖ ဦးကျောက်လုံး အမိ ဒေါ်ငြိမ်းတို့မှ သက္ကရာဇ် ၁၂၅၄-ခုနှစ် နတ်တော် လဆုတ် ၁၂-ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ အရွယ် ရောက်သော် ကျောင်းနေ ပညာသင် ရှင်သာမဏေ ပြုလုပ်၍ သက်တော် ၂၀-ရှိရာ ၁၂၇၅-ခုနှစ်တွင် ဒွါရဝါဒီ မဲဇလီဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ ငါးသိုင်း ချောင်း ဘုရားကြီးတိုက်၌ ၃-နှစ်ခန့် ပိဋကတ် အခြေပြု ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

### ပခုက္ကူ, မန္တလေး, အမရပူရတို့၌ ပညာသင်

ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာလယတနကြီး၌ ၃-နှစ်တိုင် သီတင်း သုံးတော်မူ၍ 'အဂ္ဂမဟာပဏ္ဍိတ' အရှင်ပညာ, 'အဂ္ဂမဟာပဏ္ဍိတ' အရှင် နန္ဒဝံသ, 'အဘိဓဇမဟာရဋ္ဌဂုရု' အရှင်သုန္ဒရ မဟာထေရ်တို့ထံ တိပိဋ္ဋ ကပါဠိ, အဋ္ဌကထာ, ဋီကာများကို သင်ယူ လေ့လာတော်မူခဲ့သည်၊ ၎င်းပြင် မန္တလေးမြို့ တောင်ပြင် ဘုရားကြီးတိုက်, အနောက်ပြင် မဟာစေယျတိုသာ

တိုက်, အမရပူရမြို့ တူးမောင်းတိုက်တို့၌လည်း နေ့ဝါ, ညဝါ သင်ကြား တော်မူခဲ့လေသည်။

## ဝိဇ္ဇောဒယကျောင်းတည် - သိတင်းသုံး - သာသနာပြု

၁၂၀၇ - ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ဓမ္မပါလမောက္ခကျောင်း၌ ၁ - နှစ် သိတင်းသုံးတော်မူခဲ့လေသည်၊ ၁၂၉၇ - ခုနှစ်တွင် ဓမ္မပါလမောက္ခကျောင်း နှင့် ဝိဇ္ဇောဒယကျောင်း နေရာမြေကို အလှူခံ ရရှိတော်မူလေသည်၊ ဝိဇ္ဇောဒယ ကျောင်းကို တည်ထောင်တော်မူ၍ တရားဓမ္မ ဟောပြခြင်း, တရားကျမ်းစာ များ ရေးသား ဖြန့်ဝေခြင်း စသည်တို့ဖြင့် သာသနာပြုတော်မူခဲ့ရာ သာသ နာပြု လုပ်ငန်းမှာ များစွာ အောင်မြင်လေသည်၊ အိန္ဒိယနိုင်ငံ, သီဟိုဠ် နိုင်ငံများသို့လည်း ကြွရောက်တော်မူ၍ ဒဿနီယဌာန, သံဝေဇနီယဌာန များကိုလည်း ဖူးမြော်ကြည့်ရှု သံဝေဂယူတော်မူခဲ့လေသည်၊ ကျမ်းဂန် များ စွာတို့ကို ပြုစုတော်မူခဲ့ရာ သိသမျှ ဖော်ပြရသော် —

၁ - ဒါဌာဝံသ ဂီတိကျမ်း
၂ - နမောတဿ ဂီတိကျမ်း
၃ - ဩဝါဒဂီတိကျမ်း
၄ - သဒ္ဓမ္မပဋိရူပကသုတ် နိသျ
၅ - ဇေယာဂီတိကျမ်း
၆ - ဇေယာစလပျို့
၇ - ဘာဂနာနယသင်္ခေပ လင်္ကာကျမ်း
၈ - သုတဗောဓ သက္ကတဆန်း နိသျ
၉ - ဆန်းသံခိပ်
၁၀ - မြတ်ကိုးပါးဘုရားသမိုင်း နှင့် ငါးသိုင်းကျောင်းမြို့ ဘုရား ကြီးတိုက် သမိုင်း
၁၁ - အမတသောပါနကျမ်း - စသည်တို့ ဖြစ်ကုန်၏။

## ပျံလွန်တော် မူခြင်း

ယင်းသို့ဖြင့် စစ်ကိုင်းတောင်ရိုး မဟာဝိဇ္ဇောဒယကျောင်း၌ ၂၄ - နှစ်ကြာမျှ သီတင်းသုံးတော်မူ၍ စာပေ ချပို့ - တရားဓမ္မ ဟောပြ - ကျမ်းစာများ ရေး သားခြင်းဖြင့် သာသနာပြုတော်မူစဉ် သက်တော် ၆၇ - နှစ် ဝါတော် ၄၇ ဝါ

ရရှိရာ ၁၃၂၂-ခု သီတင်းကျွတ်လဆန်း ၈-ရက်နေ့ ညနေ ၃ -နာရီအချိန်တွင် ပျံလွန်တော်မူခဲ့လေသည်။

ပညဝန္တော မဟာထေရော၊ ပညဝါ စိတြဝါစကော။
ပတ္တော မစ္စုမုခံ ဃောရံ၊ သင်္ခါရာတိဝစဥ္စလာ။

——

# အဌာရသမပိုင်း

## လေးကျွန်းသာယာချောင် ဆရာတော်

### အရှင်ဇောတဝရ မဟာထေရ်

ဆရာတော် အရှင်ဇောတဝရသည် စစ်ကိုင်းတောင်ရိုး လေးကျွန်းသာယာချောင်၌ ကြာမြင့်စွာ သီတင်းသုံး၍ စာပေ ပို့ချခြင်း, ကျမ်းဂန် ပြုစုခြင်း စသည်တို့ ဘုရားမြတ်စွာ သာသနာ့ဝန်ကို ထမ်းဆောင်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

### ဖွားမြင်ခြင်း - ရှင် ရဟန်း ပြုခြင်း

ဆရာတော် အရှင်ဇောတဝရသည် ရွှေဘိုမြို့ မြောက်လက် ၆ မိုင်ခန့် ကွာလှမ်းသည့် စည်တုံရွာ၌ အဖ ဦးဖိုးမင်း အမိ ဒေါ်တွဲ့တို့မှ သက္ကရာဇ် ၁၂၅၇- ခုနှစ် ကဆုန်လဆုတ် ၁၄ -ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။

သက်တော် ၄ -နှစ်သား အရွယ်တွင် ရွာဦးကျောင်းဆရာတော်ထံ ရောက်ရှိ ပညာသင်ကြားခဲ့သည်၊ ၁၃ - နှစ်သား အရွယ်တွင် စည်တုံကျောင်း ဆရာတော်ထံ၌ ရှင်သာမဏေ ဝတ်ခဲ့လေသည်၊ ဥပဇ္ဈာယ်ဆရာတော်က ရှင်ဇောတဝရ ဘွဲ့မည် ခေါ်တော်မူသည်၊ သက်တော် ၂၀ - ပြည့်မြောက်ရာ ၁၂၇၆-ခုနှစ် ဝါဆိုလတွင် ရွှေဘိုမြို့ မိတ္ထီလာကျောင်းတိုက်ဆရာတော် ဦးသံဝရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘာဝ ဒုလ္လဘကို ရရှိတော်မူခဲ့သည်။

ဥပဇ္ဈာယံ ကရိတွာန၊ သံဝရံ သံဝရေ ရတံ။
ဒုလ္လဘံ သမ္ပတ္တော ဇောတ—ဝရော ဝရဿ သာသနေ။

## ပညာ သင်ကြား — တတ်မြောက်ခြင်း

သာမဏေဘဝ ငယ်စဉ်က စ၍ ရဟန်းသိက္ခာ ၁၅-ဝါ ရသည် အထိ ဥပဇ္ဈာယ် စည်တုံကျောင်းဆရာတော်နှင့် တကွ ရွှေဘိုမြို့ မိတ္ထီလာကျောင်းတိုက် ဆရာတော် ဦးသံဝရ, မန်လည်မြို့ ပြာသာဒ်ကျောင်းဆရာတော် ဘုရားကြီး ဦးဇဝန, မန္တလေးမြို့ တောင်ပြင်ဘုရားကြီးတိုက် စာချဆရာတော် ကဗျာနန် ခေါ် ဦးနန္ဒိယ, စာချဆရာတော် ဦးနာရဒ, ရွှေရေးဆောင် ဆရာတော် ဦးကြည်, ညောင်ကန်ဆရာတော် ဦးဋ္ဌနာဝုဓ, ဗန်းမော်ဆရာတော် ဦးဥတ္တမတို့ အထံ၌ စာပေ ကျမ်းဂန် အရပ်ရပ်ကို သင်ယူ တတ်မြောက်တော်မူခဲ့လေသည်။

## စာချ - ကျမ်းဂန်ရေး - သာသနာပြု

စာပေ ကျမ်းဂန်တို့ကို သင်ယူ တတ်မြောက်ပြီးနောက် ကျိုက်ပိမြို့ သဋ္ဌေးကတော် ကျောင်းအမကြီး ဒေါ်ပိုး ဆောက်လုပ် လှူဒါန်းသည့် စစ်ကိုင်းတောင်ရိုး လေးကျွန်းသာယာချောင် သာသနဗောဓာရာမတိုက်ကို အလှူခံတော်မူ၍ ၅၆-ဝါ ရသည်တိုင်အောင် နှစ်ပေါင်း ၄ဝ-ကျော် စာပေချပို့ခြင်း, ကျမ်းဂန်များ ပြုစု ရေးသားခြင်းတို့ဖြင့် သာသနာပြုတော်မူခဲ့လေသည်။

ပြုစုတော်မူခဲ့သော ကျမ်းဂန်များမှာ —

၁- သဒ္ဒပဉ္စာဗျာကရဏာ ဒီပနီကျမ်း
၂- အလင်္ကာ သံခိပ်ကျမ်း နှင့် ဆန်း သံခိပ်ကျမ်း
၃- နိပါတ်ဆစ် ဆိုရိုးကျမ်း
၄- ဝိဘတျတ္ထဆစ် ဆိုရိုးကျမ်း
၅- ဝစ္စ ဝါစကဆစ် ဆိုရိုးကျမ်း
၆- ဂူဠတ္ထယမကကျမ်း
၇- ရတနာသိခ်စေတိယာ ဝန္ဒနာကျမ်း

တို့ ဖြစ်ကုန်၏[၁]၊ ဆရာတော်သည် ခရိုင် ဝိနည်းဓိုရ် တာဝန် နှင့် ဆဋ္ဌသံဂါယနာ ပဋိဝိသောဓက တာဝန်တို့ကိုလည်း ဆောင်ရွက်တော်မူခဲ့သည်။

## ပျံလွန်တော်မူခြင်း

သက်တော် ၇၄-နှစ် ရှိရာ သက္ကရာဇ် ၁၃၃၁-ခုနှစ် ပြာသိုလဆန်း ၆-ရက် အင်္ဂါနေ့တွင် ပျံလွန်တော်မူခဲ့လေသည်။

---

၁။ နိပါတ် ၁၊ ၂၊ ၃၊ ၄၊ ၅-ကျမ်းတို့ ပုံနှိပ်ပြီး ဖြစ်၏။

ဇောတဝရော မဟာထေရော၊ ထိရေသု သဏ္ဌိတော သုမိ။
သုမိနံ ကမ္မံ သော ကရိတွာ၊ ဂတော ဒေဝသဟဗျတံ။

——

## အရှင်ဉာဏိန္ဒထေရ်

အရှင်ဉာဏိန္ဒထေရ်သည် စစ်ကိုင်းမြို့ မြောက်ဖက် ငါးမိုင်ခန့် ကွာလှမ်းသည့် ကျောက်ကာရွာ၌ အဖ ဦးသာချစ် အမိ ဒေါ်လယ်တို့မှ သက္ကရာဇ် ၁၂၅၇-ခုနှစ် နတ်တော်လဆန်း ၄-ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

### ရှင် ရဟန်း ပြု-ပညာသင်

သက်တော် ၁၁-နှစ်သား အရွယ်တွင် ရှင်သာမဏေ ဝတ်၍ သာသနာဝန် ထမ်းဆောင်တော်မူခဲ့လေသည်၊ သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၇၇-ခုပဌမ ဝါဆိုလပြည့်နေ့တွင် စစ်ကိုင်းတောင် မဟာဓမ္မိကချောင် ခဏ္ဍသိမ်တော်၌ အိမ်ဖြူတော်ဆရာတော်ကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ ရဟန်း ဖြစ်ပြီးနောက် မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက် အုတ်လှေကားကျောင်းသို့ ရောက်၍ ကာ ခင်မကန်တိုက် စာချဆရာတော်များ နှင့် ဩောဒ်ရမ်းဆရာတော် ဦးရေဝတ (အဘိဓဇမဟာရဋ္ဌဂုရု) စသည်တို့ထံ ပညာ သင်ကြားတော်မူခဲ့လေသည်။

### သကျသီဟဓမ္မာစရိယဘွဲ့

ဆရာတော် အရှင်ဉာဏိန္ဒသည် လွန်စွာ ဉာဏ်ထက်သည်ဟု သိရ၏၊ တနေ့ဂါထာ ၄၀-၅၀-ခန့် ရအောင် ကျက်နိုင်သည်ဟု သိရ၏၊ သကျသီဟစာမေးပွဲများကို ဖြေဆိုတော်မူရာ ၁၂၈၁-ခုနှစ်တွင် စာသင်တန်း အောင်မြင်တော်မူပြီး ၁၂၈၆-ခုနှစ်တွင် စာချတန်းကို အပြီးတိုင် ဖြေဆို အောင်မြင်တော်မူသဖြင့် 'ဘဒ္ဒန္တဉာဏိန္ဒာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (သီးခြားစာချ)' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

ခင်မကန်တိုက် အုတ်လှေကားကျောင်း၌ စာပေ ချပို့၍ ပရိယတ္တိသာသနာကို ချီးမြှောက်တော်မူခဲ့လေသည်၊ ခင်မကန်တိုက်ကြီး၏ သံဃနာယကတိုက်အုပ် ဆရာတော်လည်း ဖြစ်တော်မူသည်၊ ၁၃၃၅-ခုနှစ် တန်ဆောင်မုန်းလဆန်း ၄-ရက် ညဉ့် ၁၁-နာရီအချိန် ပျံလွန်တော်မူသည်။

ဘဒ္ဒန္တဉာဏိန္ဒတ္ထေရော၊ ဉာဏီ ဉာဏေန သံယုတော။
ဂန္ထေ သော ဝစယိတွာန၊ သဗ္ဗုဒ္ဓသာသနန္ဓရော။

# မန္တလေး ဒုတိယ အဘယာရာမ ဆရာတော်
## အရှင်ပဒုမမဟာထေရ်

ဆရာတော် အရှင်ပဒုမသည် စစ်ကိုင်းခရိုင် ပေါက်တောချောင်း ရွာ၌ သက္ကရာဇ် ၁၂၆၂ - ခု ဝါဆိုလဆန်း ၁၀ - ရက် ကြာသပတေး နေ့တွင် ဖွားမြင်တော်မူလေသည်။

၇ - နှစ်သား အရွယ်တွင် ငါးမြဲရွာ ဆရာတော် ဦးဥေယျကျောင်းတွင် နေထိုင် ပညာ သင်ကြားခဲ့သည်၊ ၁၃ - နှစ်သား အရွယ်တွင် ရှင်သာမဏေ ပြုကာ သက်တော် ၂၀ - တွင် ငါးမြဲ အနောက်ကျောင်း တောရဆရာတော် ဦးအရိယဝံသကို ဥပဇ္ဈာယ်ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## ပညာသင် - စာချဖြစ် - နာယက ဖြစ်

ငါးမြဲရွာ မော်ဝန်းကျောင်းတိုက် ဆရာတော် ဦးနာရဒ, ကန်မြဲဇောင်ကြမ်း ဆရာတော် ဦးရေဝတ, အင်ပူမြို့ ဆရာတော် ဦးလက္ခဏ, မန္တလေး တောင်ပြင် ဘုရားကြီးတိုက် ဆရာတော် ဦးပခန်း, ဦးဇာဂရကြီး, ဦးခန္တီ စသည်တို့ထံတွင် ပညာ သင်ကြားခဲ့လေသည်၊ ညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်သစ်၌ စာချတာဝန် ထမ်းဆောင်ခဲ့လေသည်၊ ရဟန်း ၁၅ - ဝါ အရတွင် မန္တလေး အနောက်ပြင် အဘယာရာမဆရာတော် ဦးအဂ္ဂဓမ္မထံ ရောက်ရှိ၍ သဒ္ဒတဘာသာကို သင်ကြား လေ့လာတော်မူခဲ့လေသည်၊ ၁၃၀၅ - ခုနှစ်တွင် အဘယာရာမဆရာတော် ပျံလွန်တော်မူသဖြင့် အဘယာရာမတိုက်၏ နာယကတာဝန်ကို ထမ်းဆောင်တော်မူကာ တိုက်တာ အုပ်ချုပ်ရလေသည်၊ ရဟန်း သိက္ခာ ၂၆ - ဝါတွင် 'ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ (မူလ စာချ)' အဖြစ်ဖြင့် ပရိယတ္တိအသင်း၏ ကိုးကွယ်ခြင်းကို ခံယူတော်မူရလေသည်၊ သုတ်နက်ဂဏ္ဌိ, ကမ္မဝါ စသည်တို့ကိုလည်း ပြုစုတော်မူခဲ့လေသည်။

---

# ဆရာတော် အရှင်ပုည မဟာထေရ်

ဆရာတော် အရှင်ပုညထေရ်သည်လည်း ဆရာတော် အရှင်ပဒုမမဟာထေရ်နှင့် အမြွာမွေး ဖြစ်သည်၊ 'ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ( မူလ စာချ )' ပင် ဖြစ်သေသည်၊ ဆရာတော် အရှင်ပဒုမ နှင့် ပုံပန်း သဏ္ဍာန်မှာ ရုတ်တရက် ခွဲမရအောင် တူသည် ဟု သိရ၏၊ ငမြဲရွာ မန္တလေး တိုက်သစ်၌ စာပေ ချပို့ အုပ်ချုပ်ကာ သာသနာ ပြုတော်မူလေသည်။

ပဒုမော စေဝ ပုညော စ၊ ဥဘော တေ ဓမ္မာမကာ။
သာသနံ နုဂ္ဂဟေတွာ၊ ဇိနသာသနဇောတကာ။

---

## အရှင်အရိယ ထေရ်

အရှင်အရိယာလင်္ကာရသည် စစ်ကိုင်းခရိုင် မြောင်မြို့ အပိုင် ရွှေတချောင်း ရွာ၌ အဖ ဦးလူဆင် အမိ ဒေါ်ငွေမိတို့မှ သက္ကရာဇ် ၁၂၆၃ - ခုနှစ် တပေါင်း လဆုတ် ၇ - ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

အရွယ်ရောက်သော် ရှင်သာမဏေ ပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ သက်တော် ၂၀ - ပြည့်မြောက်ရာ ၁၂၈၂ - ခုနှစ် ကဆုန်လ ပြည့်နေ့တွင် မြောင်မြို့နယ် မြစ်သာရွာ ရွာရှေ့ကျောင်း ခဏ္ဍသိမ်တော်၌ ရွာရှေ့ကျောင်း ဆရာတော် ဦးကေသရကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

### မန္တလေး ရောက်ရှိ - ပညာသင်

အရွယ်တော် ငယ်စဉ်မှ စ၍ မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက်သို့ ရောက်ရှိ နေထိုင်ကာ ဘုရားကြီးတိုက် စတုတ္ထမြောက် နာယက ဆရာတော် အရှင်အာစာရ, ပခန်းဆရာတော် ဦးဝိစာရ, ဆရာတော် ဦးဝိမလ, ဦးနာရဒ, ဘုံကျော်တိုက် ဆရာတော် ဦးဃောသိတ စသော ဆရာတော်များထံ ပိဋကတ် အခြေပြု ကျမ်းစာများနှင့် တက္ကပါဠိ, အဋ္ဌကထာ ကျမ်းကြီးများကို သင်ယူ တတ်မြောက်တော်မူခဲ့လေသည်။

### စာပေ ချပို့ - မူလစာချ ဖြစ်ခဲ့

ယင်းသို့ စာပေ သင်ကြား တတ်မြောက်တော်မူပြီးနောက် စာပေ ချပို့တော်မူခဲ့လေသည်၊ နောက်တွင် ဘုရားကြီးတိုက် အတွင်း တမ္ပဝတီ အုတ်ကျောင်း ပြောင်းရွှေ့ သီတင်းသုံးတော်မူ၍ စာပေ ချပို့တော်မူခဲ့လေ၏၊ စာသင်သား သံဃာတော် များစွာတို့ ဆရာတော် အရှင်အရိယထံ စာပေ လိုက်နာ သင်ယူကြကုန်၏၊ ယင်းသို့ စာလိုက်သံဃာ များစွာတို့ စာပေ လိုက်နာခြင်းကြောင့် ပရိယတ္တိသာသနဟိတ အသင်းကြီးက ၁၂၉၇ - ခုနှစ် တန်ဆောင်မုန်းလတွင် 'ဘဒ္ဒန္တအရိယာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (မူလစာချ)' ဟူသော ဘွဲ့ပုံတံဆိပ်ဘောင် ဆက်ကပ် လှူဒါန်း၍ ဆွမ်းဆန်တော် ထောက်ပင့် ကိုးကွယ်ခဲ့လေသည်။

### ဝိနိစ္ဆယများ ပြုစု

ဆရာတော်သည် ဝိနိစ္ဆယများကိုလည်း ရေးသား ပြုစုတော်မူခဲ့လေရာ ဝိနယာသံသယဆေဒနီကျမ်းမှာ ထင်ရှားသော ဝိနိစ္ဆယ ဖြစ်လေသည်၊ ၎င်းကျမ်းမှာ ရှမ်းပြည် တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေးရွာ မြေနီကုန်း

ကျောင်းဆရာတော် ဦးဝရဏ လျှောက်ထားသဖြင့် ပုဏ္ဏာ နံနက် ၂၇ ချက် တိုင်ကို ဖြေဆို ဆုံးဖြတ်ရာ ကျမ်း ဖြစ်လေသည်၊ ယင်းသို့ ဖြစ်ကြောင်း —

ဂဂဏောတိသနာမေန၊ မဟာဒေဝရေန ယာစိတော၊
ကရိဿာမိ သမာသေန၊ ဝဒံ သံသယဒေဒနိံ။

ဟူသော ကျမ်းဦးလာ ဂါထာဖြင့် သိသာလေသည်။

**ဆောင်ရွက်ချက်များ**

၁- ဆဋ္ဌသံဂါယနာတွင် မူလပိသောဓက တာဝန်
၂- ဆဋ္ဌသံဂီတိကာရက တာဝန်
၃- ဒက္ခိဏာရာမ ပဋ္ဌိတက္ကသိုလ် ကထိက တာဝန်
၄- မန္တလေး ခရိုင် ဝိနည်းဓိုရ် တာဝန် - စသည်တို့ကိုလည်း

ဆောင်ရွက်တော်မူခဲ့လေသည်။

**ပျံလွန်တော်မူခြင်း**

ယင်းသို့ စာပေ ချပို့ခြင်း, ဝိနိစ္ဆယ ရေးသားခြင်း စသည်တို့ဖြင့် သာသနာ ကျိုးကို သည်ပိုး ဆောင်ရွက်ချိန်တွင် အဆုတ်ရောဂါ နှိပ်စက်သာသဖြင့် ဇာတိချပ်ယံ ပြန်လည် သီတင်း သုံးတော်မူစဉ် ၁၃၂၇ ခု ပြာသိုလတွင် ပျံလွန်တော်မူခဲ့လေသည်။

ဘဒ္ဒန္တအရိယော ထေရော၊ အရိယသာသနန္ဓရော။
ပဝိဋ္ဌော မစ္စုနော မုခံ၊ သခ်ါရာဟိ ဝိနာသိနော။

---

## စစ်ကိုင်း - ဇေယျသိန် ဆရာတော်
### အရှင်ပညိန္ဒာဘိဝံသ ထေရ်

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး ဇေယျသိန် ကျောင်းတိုက်၌ စာပေ ချပို့ ပရိယတ္တိ ကန်ပေါင် ကန်သင်းကို ဆည်ဖို့ သာသနာပြုတော်မူခဲ့သည့် သာသနာ့ဝန်ဆောင် တပါး ဖြစ်တော်မူသည်။

**ဖွားမြင် - သာမဏေဝတ် - ပညာသင်**

ပခုက္ကူခရိုင် မြိုင်မြို့နယ် ပေါင်းတည်ရွာ အဖ ဦးတာတေ အမိ ဒေါ်ဖွား ဆင်တို့မှ သက္ကရာဇ် ၁၂၆၉-ခု ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ဖွားမြင်တော်မူ ခဲ့သည်၊ ဘုရားရှင် သစ္စာလေးပါး ထိုးထွင်း၍ သိရာ, နိဗ္ဗာန်ပင်ရာ ကဆုန်

လပြည့်နေ့တွင် ဖွားမြင်တော်မူခြင်းကပင် ဗေဒင်ဆရာ မေးစရာ မလိုပဲ ဘုရားသာသနာကို ကြီးပွားအောင် သည်ပိုး ထမ်းရွက်မည့် လက္ခဏာ ဖြစ်လေသည်။

ဗုဒ္ဓဿ ဝိဇာယနေဟိ၊ ထေရကုံရော ဝိဇာယိ သော။
သာသနဘာရော ဝဟန - လက္ခဏံ သမ္ဘဝေ ဣဒံ။

ငယ်မည် မောင်ထွန်းဗိုလ် ဖြစ်သည်၊ မီးပေါက်ကျောင်း ဆရာတော် ဦးသာဂရထံ ငယ်စဉ်ကပင် ရောက်ရှိ ပညာသင်ကြားခဲ့သည်၊ ၁၃-နှစ်သား အရွယ်တွင် မီးပေါက်ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေ ဝတ်၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့သည်၊ ဘွဲ့တော် ရှင်ပညိန္ဒ ဖြစ်လေသည်၊ ဥပဇ္ဈာယ်ထံတွင် သဒ္ဒါ, သင်္ဂြိုဟ် စသည့် အောက်ခြေ ကျမ်းစာများကို သင်ယူတော်မူခဲ့သည်။

## ဆက်လက် ပညာသင်ကြားခြင်း - ရဟန်းဖြစ်ခြင်း

သက်တော် ၁၆-နှစ်သား အရွယ်တွင် အောက်ရပ် ဌာန သထုံမြို့ ဓမ္မမေဒနီ ကျောင်းတိုက် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးသူရိယထံ ရောက်ရှိ၍ ဆက်လက် ပညာ သင်ကြားခဲ့လေသည်၊ သက်တော် ၂၀ - တွင် ဓမ္မမေဒနီဆရာတော်ကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## မန္တလေးကြွ ပညာသင် - သကျသီဟဓမ္မာစရိယ ဘွဲ့ရ

ရဟန်း ဖြစ်ပြီးနောက် မကြာမီ မန္တလေးမြို့ ကြွတော်မူ၍ မိုးကောင်းတိုက် 'အဂ္ဂမဟာပဏ္ဍိတ' 'အဘိဓဇ မဟာရဋ္ဌဂုရု' ညောင်ရမ်း ဆရာတော်ဘုရားကြီးထံ နေထိုင်၍ ပညာ သင်ကြားခဲ့သည်၊ ငယ်, လတ်, ကြီး စာမေးပွဲတို့ကို ညောင်ရမ်း ဆရာတော်ထံ မရောက်မီကပင် အောင်မြင်ခဲ့သည်။

ညောင်ရမ်း ဆရာတော်ဘုရားကြီးထံ ပညာ သင်ကြားစဉ် သကျသီဟ စာမေးပွဲကိုလည်း ဝင်ရောက် ဖြေဆိုရာ ၁၂၉၄-ခုနှစ် သကျသီဟ စာသင်တန်း နံပါတ်(၁)အဖြစ်ဖြင့် အောင်မြင်ခဲ့သည်၊ ၁၂၉၇-ခုနှစ်တွင် သကျသီဟ စာချတန်းကို နံပါတ်(၁)အဖြစ်ဖြင့်ပင် အောင်မြင်တော် မူခဲ့သည်၊ ဆရာတော်ကား လွန်စွာ ပညာ ထူးချွန်သည့် ပုဂ္ဂိုလ်မြတ်ပေတည်း၊ ဘွဲ့တော်နှင့် ဆီလျော်ကိုက်ညီပါပေ၏။

ဘဒ္ဒန္တပညိန္ဒော ထေရော၊ ပညိန္ဒော ဗုဒ္ဓသာသနေ။
မဟာပညိန္ဒသမ္ဗုဒ္ဓ - စက္ကဿ ဝုဍ္ဎိယာ အကာ။

## ဇေယျသိန်ဆရာတော်ဟု ထင်ရှားခြင်း

သက်တော် ၃၂ နှစ် သိက္ခာတော် ၁၂-ဝါခန့်တွင် မန္တလေးမြို့ ကျောက်သွေးတန်းရပ် ကျောင်းအမကြီး ဒေါ်တော် အမှူးရှိသော သားချင်း တစုတို့က ဇေယျသိန် အုတ်ကျောင်းကို ဆောက်လုပ် လှူဒါန်း ကိုးကွယ်ကြကုန်၏၊ ဆရာတော်သည် ယင်းဇေယျသိန် အုတ်ကျောင်း၌ သီတင်းသုံး၍ စာပေချပို့ရာ ဇေယျသိန် ဆရာတော်ဟု ထင်ရှားလေသည်။

## စစ်ကိုင်း ဇေယျသိန်ဆရာတော်

ဒုတိယ ကမ္ဘာစစ် အတွင်းတွင် စစ်ကိုင်းတောင်ရိုးသို့ ကြွ၍ သီတင်းသုံးတော်မူသည်၊ မန္တလေးမြို့ ဒေါ်တော်၏ ညီမ ဒေါ်ရွှေ သား ဦးဘတင်-ဒေါ်ညွန့်ရီ ဒေါ်သိန်းသိန်းတို့ ဆောက်လုပ် လှူဒါန်းသော ရေဦးတိုက်သစ် ဒေါ်ရွှေအုတ်ကျောင်းကို အလှူခံတော်မူ၍ စာသင်တိုက် ဖွင့်လှစ် စာပေ ချပို့တော်မူခဲ့သည်။

၁၃၁၃-ခုနှစ်တွင် 'ဇေယျသိန် ပါဠိတက္ကသိုလ်' ဟု တဆင့်တက်၍ ဖွင့်လှစ် တည်ထောင်၍ စာပေ ချပို့တော်မူ၍ သာသနာပြုတော်မူခဲ့ရာ ပဌမကျော်, ဓမ္မာစရိယ, ပါဠိပါရဂူ စသည့် ဘွဲ့ရ ရဟန်း ရှင် များစွာတို့ ပေါ်ထွန်းခဲ့သည်၊ စာပေ ချပို့ရင်း—

၁ - နေတ္တိဟာရတ္ထ ဒီပနီ
၂ - ဥပသမ္ပဒဝိဓိ ဒီပနီ

စသည့် ကျမ်းဂန်တို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။

## ပျံလွန်တော်မူခြင်း

ဆရာတော် အရှင်ပညိန္ဒာဘိဝံသသည် စာချလည်း ကောင်း၏၊ တရားဟောလည်း ကောင်း၏၊ ဩဝါဒပေးလည်း ကောင်း၏၊ တပည့်တို့အား စာတတ်ပြီး လိမ္မာရေးခြား ရှိအောင် မကြာမကြာ ဆုံးမတော်မူ၏၊ ယင်းသို့ သာသနာ့ကိစ္စ အဝဝကို ထမ်းဆောင်ဆဲ ဖြစ်စဉ် သက်တော် ၆၇၊ သိက္ခာတော် ၄၇ ဝါရရှိရာ ၁၃၃၅-ခု တော်သလင်းလဆန်း ၆-ရက်နေ့ ညနေ ၆-နာရီ အချိန်တွင် ပျံလွန်တော်မူခဲ့လေသည်။

အနိစ္စာ ဝတ သင်္ခါရာ = သင်္ခါရတရား ဟူသမျှတို့ မမြဲပါကုန်စွတကား။
အဒ္ဓုဝါ ဝတ သင်္ခါရာ=သင်္ခါရတရားတို့ကား မခိုင်ခန့်ပါကုန်စွတကား။
အနဿာသိကာ ဝတ သင်္ခါရာ = သင်္ခါရ တရားတို့ကား သက်သာရာ ရှာမရကုန်စွတကား။

---

# ပါဠိကာရီ သုံးခွချောင် ဆရာတော်

## အရှင်ဝရသာမိဘိဝံသ

ဆရာတော် အရှင်ဝရသာမိဘိဝံသသည်လည်း စစ်ကိုင်းတောင်ရိုး၌ စာပေချပို့၍ ဘုရားမြတ်စွာ သာသနာအကျိုးကို သည်ပိုးဆောင်ရွက်တော်မူသည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

ရွှေဘိုခရိုင် ညောင်ပင်ကြီးမှာ၌ သက္ကရာဇ် ၁၂၆၉-ခုနှစ် ပဌမဝါဆိုလဆုတ် ၂-ရက်နေ့တွင် ဖွားမြင်ခဲ့လေသည်၊ ငယ်စဉ်ကပင် ရှင်, ရဟန်းပြု၍ သာသနာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

### ပညာသင်ကြားခြင်း, သကျသီဟဓမ္မာစရိယ ဖြစ်ခြင်း

ငယ်စဉ်ကမှစ၍ မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမတိုက်၌ ရောက်ရှိ၍ ပညာသင်ကြားခဲ့လေသည်၊ သကျသီဟစာသင်တန်းကိုလည်း ဖြေဆို အောင်မြင်ခဲ့သည်၊ သကျသီဟစာချတန်းကို ၁၂၉၀-ခုနှစ်တွင် အပြီးတိုင် အောင်မြင်သဖြင့် 'ဘဒ္ဒန္တဝရသာမိဘိဝံသပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ)' ဘွဲ့တံဆိပ်ကို ခံယူရရှိခဲ့လေသည်၊ သကျသီဟဓမ္မာစရိယ ဖြစ်ပြီးနောက် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်သို့ ရောက်ရှိ၍ ပညာ သင်ကြားခဲ့လေသည်၊ ပခုက္ကူ ဆရာတော်ကြီးများက ဂဏဝါစက အဖြစ်ဖြင့်လည်း ချီးမြှောက်တော်မူသဖြင့် ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီး၌လည်း စာပေ ချပို့ခဲ့လေသည်၊ ပခုက္ကူ၌ စာပေသင်ကြား ချပို့၍ နေထိုင်ခဲ့သည်မှာ ၄- နှစ်ခန့် ကြာမြင့်ခဲ့လေသည်။

### ဆောင်ရွက်ချက်များ

ဆရာတော် ဦးဝရသာမိဘိဝံသသည် စစ်ကိုင်းတောင်ရိုး ပါဠိကာရီ သုံးခွချောင် နာယကအဖြစ်ဖြင့်လည်းကောင်း, ပါဠိတက္ကသိုလ်ခေတ်တွင် ပါဠိကာရီ သုံးခွချောင်ကို ပါဠိတက္ကသိုလ် ကျောင်းတိုက် ဖွင့်လှစ်၍ ပါဠိတက္ကသိုလ် ကျောင်းအုပ်အဖြစ်ဖြင့် ဆောင်ရွက်ခဲ့လေသည်၊ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌လည်း ပါဠိဝိသောဓက, ပဋိဝိသောဓက, သံဂီတိကာရက တာဝန်များကိုလည်း ထမ်းဆောင်တော် မူခဲ့လေသည်၊ ၁၃၃၁-ခုနှစ် တပို့တွဲလမှစ၍ မန္တလေးမြို့ လယ်ကိုင်းတိုက်၌ သီတင်းသုံး၍ စာပေ ချပို့ နေထိုင်ခဲ့လေသည်။

ဝရသာမိ မဟာထေရော၊ ထိရေသု သဏ္ဌိတော ဝိဒူ။
ဆေကော အနေကသတ္ထေသု၊ သဗ္ဗညုသာသနန္ဓရော။

## သဇ္ဈနောဒယချောင်တည် ဆရာတော်
### အရှင်သဇ္ဈနာဘိဝံသ

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး ပါဠိကာရီသုံးခွချောင်, ဓူဝံချောင်တို့၌ စာပေ ချပို့ သီတင်းသုံးတော်မူခဲ့ပြီးနောက်တွင် သဇ္ဈနောဒယချောင်ကို တည်ထောင်၍ စာပေ ချပို့ သာသနာပြုတော်မူသည့် ပုဂ္ဂိုလ်မြတ်ဖြစ်သည်။

### ဖွားမြင်ခြင်း - ရှင် - ရဟန်း ပြုခြင်း

မိတ္ထီလာခရိုင် သဖန်းရွာကြီး၌ သူဌေးကုန်းရပ်တွင် အဖ ဦးဖိုးလှိုင် အမိ ဒေါ်ယုံတို့မှ ၁၂၈၁ - ခုနှစ်ခန့်တွင် ဖွားမြင်တော်မူသည်၊ မိခင်ဒေါ်ယုံမှာ ဆရာတော်လောင်းလျာ မတ်ရပ်ပြေးစ အရွယ်တွင် ကွယ်လွန်ခဲ့လေသည်၊ ထိုစဉ်က ဆရာတော်လောင်းလျာသည် မိခင်ကွယ်လွန်စ မိခင်၏ အလောင်းကို အိပ်ပျော်နေသည် အမှတ်ဖြင့် နှိုးခဲ့သည်ဟု သိရ၏၊ သက်တော်အရွယ် ငယ်စဉ်ကပင် ရှင်သာမဏေ ဝတ်၍ သက်တော် ၂၀ - တွင် ရဟန်းပြု၍ သာသနာဝန်ကို ထမ်းဆောင်တော် မူခဲ့လေသည်၊ ဥပဇ္ဈာယ်ဆရာတော်က အရှင်သဇ္ဈန ဟူသော ဘွဲ့အမည်ကို မှည့်ခေါ်တော်မူသည်၊ ဆရာတော် အရှင်သဇ္ဈနသည် ရုပ်ရည် ဥပဓိလည်းကောင်း, ဉာဏ်ရည် ဉာဏ်သွားလည်း ထက်မြက်သူ ဖြစ်သည်။

### ပညာသင်ကြားခြင်း, စာမေးပွဲများ အောင်မြင်ခြင်း

ပါဠိကာရီသုံးခွချောင် ဆရာတော် အရှင်ဝရသာမိဘိဝံသ, ဝါခင်းကုန်း အရှင်ပဏ္ဍိစ္စတို့ ထံတွင်လည်းကောင်း, ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်ပညာ စသည်တို့ထံတွင် လည်းကောင်း, မန္တလေးမြို့ မိုးကောင်းတိုက် 'အဘိဓဇ မဟာရဋ္ဌဂုရု' ညောင်ရမ်းဆရာတော်ဘုရားကြီး စသည်တို့၏ ထံတွင်လည်းကောင်း ကျမ်းကြီး ကျမ်းငယ် အသွယ်သွယ်ကို သင်ယူတော်မူခဲ့သည်၊ စာမေးပွဲများကို ဖြေဆိုခဲ့ရာ အသက် ၁၆ - နှစ် အရွယ်တွင် ပဌမငယ်တန်း, အသက် ၁၈ - နှစ် အရွယ်တွင် ပဌမလတ်တန်း, ရဟန်း ၁ - ဝါ အရတွင် ရန်ကုန်မြို့ စေတိယင်္ဂဏ စာသင်တန်း, ရဟန်းသိက္ခာ ၅ - ဝါ အရတွင် ဝိနယ ပဌမကြီးတန်း, ခင်ဦးဆရာတော်၏ ပဋ္ဌာန်းစာမေးပွဲ စသည်တို့ကို ဖြေဆို အောင်မြင်တော်မူခဲ့လေသည်။

ရဟန်းသိက္ခာ ၇ - ဝါ အရတွင် သက်ျသီဟ စာသင်တန်းကို အောင်မြင်တော်မူခဲ့သည်၊ ၁၃၀၄ - ခုနှစ် သက်တော် ၂၈ - နှစ် ဝါတော် ၈ - ဝါ အရတွင် အစိုးရစာချတန်းကို ဂုဏ်ထူးဆောင်ကျမ်းများနှင့် တကွ အောင်မြင်

တော်မူခဲ့သဖြင့် 'သာသနဓဇသိရိပဝရဓမ္မာစရိယ' ဘွဲ့တံဆိပ်ကို ရရှိတော်မူသည်၊ တဖန် ၁၃၁၂-ခုနှစ် ရဟန်း ၁၁-ဝါ အရတွင် သကျသီဟ စာချတန်းကို အောင်မြင်တော်မူသဖြင့် 'ဘဒ္ဒန္တသဇ္ဇနာဘိဝံသပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ)' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

## ဆင္ဃသံဂါယနာတွင် ဆောင်ရွက်ခြင်း

ဆရာတော်သည် ဆင္ဃသံဂါယနာမဟာဓမ္မသဘင်တွင် ဆင္ဃသံဂီကာရက, ပဋိဝိသောဓက, နိဿယသမ္ပာဒက စသည့် တာဝန်များကို ဆောင်ရွက်တော်မူခဲ့လေသည်၊ ဆင္ဃသံဂါယနာ နိဿယ ပိဋကတ်တော်များ ဖြစ်သော မဇ္ဈိမနိကာယ်ပါဠိတော်နိဿယ, သံယုတ္တနိကာယ်ပါဠိတော်နိဿယများမှာ ဆရာတော် အရှင်သဇ္ဇနာဘိဝံသ အပါအဝင် ပညာရှင်တို့၏ လုံ့လကြောင့် ပေါ်ထွက်ခဲ့လေသည်။

ဆင္ဃသံဂီတိကာလေပိ၊ မြန်မာရဋ္ဌေ ပဝတ္တိတေ။
သဇ္ဇနော သဇ္ဇနေ ကိစ္စေ၊ ကရိတွာ စက္ကဘာရမော။

## စာပေ ချပို့ သာသနာ့ဝန်ဆောင်

မန္တလေးမြို့ မိုးကောင်း ညောင်ရမ်း ပါဠိတက္ကသိုလ်၌လည်း စာပေ ချပို့ တာဝန်ဆောင်ခဲ့ဘူး၏၊ ယခုအခါ တည်ထောင်စ ဖြစ်သော သဇ္ဇနောဒယ ကျောင်းသစ်၌ သီတင်းသုံး၍ စာပေ ပို့ချ သာသနာဝန်ကို ဆောင်တော်မူလျက် ရှိလေသည်။

ဘဒ္ဒန္တသဇ္ဇနော ထေရော၊ သဇ္ဇာနာနံ ဟိတာဝဟော။[၁]
မဟာသဇ္ဇနဘူတဿ၊ ဗုဒ္ဓဿ သာသနန္ဓရော။

---

၁။ အရှင်သဇ္ဇနထေရ်သည် သူတော်ကောင်းတို့၏ အကျိုးစီးပွားကို ဆောင်ရွက်သူ ဖြစ်သည့်ပြင် အတုမဲ့ သူတော်ကောင်း ဖြစ်တော်မူသော ဘုရားရှင်၏ သာသနာ ဆောင်ရွက်သူလည်း ဖြစ်ပေသတည်း။

# ဧကူနဝိသတိမပိုင်း

## ဝိဋ္ဌာ၁၁ပ္ပဏီဆရာတော်
## အရှင်ဝိသုဒ္ဓိ မဟာထေရ်

ဆရာတော် အရှင်ဝိသုဒ္ဓိသည် ဉာဏ်ပညာထက်မြက်သည့် စာချ ကျမ်းပြု အာစာရကုလပုတ္တ, ဇာတိကုလပုတ္တ စစ်ကိုင်းသာသနာ့ဝန်ဆောင် ဆရာတော် ဖြစ်တော်မူသည်။

### ဖွားမြင်ခြင်း - ပညာ သင်ကြားခြင်း

ရွှေဘိုခရိုင် သရိုင်ရွာ ထရံကာဆရာကြီး ဦးအုန်းညွန့်[၁] နှင့် ဇနီးဒေါ်ဆွေ တုတ်တို့မှ ၁၂၅၃ - ခု၊ ပြာသိုလဆန်း ၁၅ - ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင် သော ဒုတိယမြောက် သားရတနာ ဖြစ်တော်မူ၏၊ ငယ်မည် မောင်စိုးတင့် ဖြစ်၏၊ ၄ - နှစ်သားအရွယ်ကပင် ဖခင်ဒါယကာကြီး ဦးအုန်းညွန့်ထံ၌ သင်ပုန်း ကြီး, မင်္ဂလသုတ်, အပြင်အောင်ခြင်း, အတွင်းအောင်ခြင်း - စသော အောက် ခြေ စာငယ်များ သင်ယူတော်မူခဲ့လေသည်၊ ၅ - နှစ်သားအရွယ်တွင် သရိုင် တောင်စောင်း ကျောင်းမကျောင်းဆရာတော် အရှင်စန္ဒမဟာထေရ်ထံ မိဘ တို့က အပ်နှံသဖြင့် ဆက်လက် ပညာသင်ကြားခဲ့လေသည်၊ ၁၀ · နှစ်သား လောက်ကပင် သဒ္ဒါ, သင်္ဂြိုဟ်, အဘိဓာန်, အလင်္ကာ, ဆန်းတို့ နှုတ်တက်ရသင့် သလောက် နှုတ်တက် ရရှိခဲ့ လေသည်။

> သောကုမာရေ ဒဟရေဝ၊ ကစ္စာနသင်္ဂဟာဒယော။
> မုခါရုဠှံ သော ကရိတွာ၊ ဒက္ခော အနုလသော အဟု။

### သာမဏေဝတ်ခြင်း · ငယ်, လတ်, ကြီး စာမေးပွဲ အောင်မြင်ခြင်း

၁၁ - နှစ်သားအရွယ်တွင် ဖခင် ဦးအုန်းညွန့် နှင့် မိခင် ဒေါ်ဆွေတုတ်တို့ ကပင် ပဗ္ဗဇ္ဇမင်္ဂလာသဘင် ဆင်ယင်ကျင်းပ၍ သရိုင်တောင်စောင်း ကျောင်း မကျောင်း ဆရာတော်ထံ၌ပင် ရှင်သာမဏေ ပြုစေကြကုန်၏၊ ဥပဇ္ဈာယ်ဆရာ တော်က ရှင်ဝိသုဒ္ဓိ ဟု ဘွဲ့မည် မှည့်ခေါ် သတ်မှတ်တော်မူသည်၊ ဥပဇ္ဈာယ် ကျောင်းမကျောင်းဆရာတော် နှင့် ဖခင် ဒကာကြီးထံ ဆက်လက်၍ စာမေးပွဲ

---

၁။ ဦးအုန်းညွန့်ကား မင်းတုန်း, သီပေါ လက်ထက်တွင် 'ဇမ္ဗုဒီပဓဇ သိရိ ပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ အဖြစ် ထင်ရှားခဲ့သည်၊ လူဖြစ်သော အခါ 'အဂ္ဂမဟာပဏ္ဍိတ' ဦးအုန်းညွန့် အဖြစ် ထင်ရှား၏။

ဆိုင်ရာ နေ့ဝါ ညဝါများကို သင်ယူခဲ့ပြီး အစိုးရစာမေးပွဲများကို ဖြေဆိုခဲ့ရာ သက်တော် ၁၆ - နှစ် အရွယ်တွင် ပဌမငယ်, ၁၇ - နှစ်အရွယ်တွင် ပဌမလတ်, ၁၈ - နှစ်တွင် ပဌမကြီးတန်းတို့ကို မပန်းလွယ်ကူစွာ အောင်မြင်တော်မူခဲ့လေသည်၊ သာမဏေအဖြစ်ဖြင့်ပင် စာပေကျမ်းဂန် ကျွမ်းကျင်လှလေပြီ။

သာမဏေရော သမာနေဝ၊ ဇယိတဗ္ဗေ အစိနိသော။
ဓီတိမာ ပညဝါ ဆေကော၊ ထေတော လောကဂ္ဂသာသနေ။

## စစ်ကိုင်းကြွ - ဆက်လက် ပညာသင် - ရဟန်းဖြစ်

ရှင်ဝိသုဒ္ဓိသည် ၁၉ - နှစ်သားအရွယ်တွင် ဖခင် ဒါယကာကြီးကို စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယချောင်ဆရာကြီး ဒေါ်မာလာရိက ပင့်လေရာ ဖခင်နှင့်အတူ စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်တော်မူ၍ စစ်ကိုင်းတောင်ရိုး ရွှေပြည်ချောင်၌ သီတင်းသုံး၍ ဖခင် ဒါယကာကြီးထံ ဆက်လက်၍ ပညာသင်ယူတော်မူခဲ့လေသည်၊ သက်တော် ၂၀ - ပြည့်မြောက်ရာ ၁၂၇၃ - ခုနှစ်တွင် တောင်ငူမြို့ ဦးထွန်းဇံ နှင့် နှမ ဒေါ်ပို (သီလရှင် ဒေါ်မေ့စာရီ) တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်သစ် အတွင်းရှိ ခဏ္ဍသိမ်တော်တွင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ဥပဇ္ဈံ သော ကရိတွာန၊ ဝိသုဒ္ဓိ ဝိသုဒ္ဓံ ဝိဒုံ။
ဒုလ္လဘံ ဝိဒုနော စက္ကေ၊ ပါပုဏိ ဝိမိကောဝိဒေါ။

တဖန် မိဘ နှစ်ဦးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သရိုင်ရွာ စေတီလှဘုရားကြီး ပရဝုဏ် အတွင်းရှိ သိမ်တော်၌ ပုနောပသမ္ပဒမင်္ဂလာသဘင်ကို ထပ်မံဆင်ယင်ခဲ့လေသည်။

## သက္ကျသီဟာဓမ္မာစရိယ, အစိုးရဓမ္မာစရိယ

ရဟန်း ဖြစ်ပြီးနောက် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်၌ သီတင်းသုံး၍ ဆက်လက် ပညာ သင်ကြားတော်မူသည်၊ ရဟန်းဝါ မရသေးမီ သက္ကျသီဟ စာသင်တန်း စာမေးပွဲကို ဝင်ရောက် ဖြေဆိုရာ နှစ်ချင်းပေါက် အောင်မြင်တော်မူသည်၊ စာချတန်းကို ဆက်လက်၍ ဖြေဆိုရာ ပါရာဇိကဏ်အဋ္ဌကထာနှင့် သီလက္ခန်အဋ္ဌကထာများကို အောင်မြင်တော်မူသည်၊ အဋ္ဌသာလိနီ အဋ္ဌကထာကို ရဟန်း ၈ - ဝါအရတွင်မှ အောင်မြင်တော်မူသည်၊ ယင်းသို့ သက္ကျသီဟာစာချတန်း စာမေးပွဲကို ဖြေဆိုအောင်မြင်တော်မူသဖြင့် 'ဝိသုဒ္ဓိဝံသာဘိပရိယတ္တိသာသနဟိတဓမ္မာစရိယ' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်၊ ၁၃၀၂ - ခုနှစ်တွင် သက်တော် ၄၉ - နှစ်ရှိပြီး ဖြစ်သော်လည်း စာမေးပွဲဝါသနာပါသူ ဖြစ်ရကား ယင်းသည့် ၁၃၁၂ - ခုနှစ်တွင် ကျင်းပသည့်

အစိုးရစာမေးပွဲကို ဝင်ရောက် ဖြေဆိုရာ ပါရာဇိကဏ်, သီလက္ခန် ကျမ်းရင်း ၂-ကျမ်းနှင့် ဝိဘင်္ဂါဒိမှ တပါး ဂုဏ်ထူး ၅-ကျမ်းကို အောင်မြင်တော်မူခဲ့သည်၊ နောက်နှစ်တွင် ကျမ်းရင်း အဋ္ဌသာလိနီနှင့် ဝိဘင်္ဂါဒိကို ဖြေဆိုအောင်မြင်တော်မူသည်၊ ယင်းသို့ အစိုးရစာချတန်း စာမေးပွဲ ဖြေဆို အောင်မြင်တော်မူသဖြင့် 'ဝိသုဒ္ဓိဝံသာဘိသာသနဓဇသိရိပဝရဓမ္မာစရိယ' ဘွဲ့တံဆိပ်ကိုလည်း အလှူခံ ရရှိတော်မူသည်။

ဓမ္မာစရိယော ပါဠိဟိ၊ ဋ္ဌိဟိပိ ယတိသေခရော။
လက်တော ဘူသိတော အာသိ၊ သုဝိသုဒ္ဓိ မနော သုဓိ။

## စာချ စာသင် ပရိယတ္တိ ဝန်ဆောင်ခြင်း

ရဟန်းသိက္ခာ ၄-ဝါရချိန်ကပင် စစ်ကိုင်းတောင်ရိုး မစိုးရိမ် ၇-တိုက် ဦးစီးနာယက ဖြစ်တော်မူသော မစိုးရိမ် ဆရာတော် ဘုရားကြီး ဦးနန္ဒဝံသ၏ မစိုးရိမ် ၇-တိုက်[၁] အပါအဝင် ရွှေပြည်ချောင်ကို အပ်နှင်းခြင်းကို ခံယူရလေသည်၊ ယင်းရွှေပြည်ချောင်၌ ၄ နှစ်ကြာမျှ သီတင်းသုံးတော်မူ၍ ရဟန်း, သာမဏေ, သီလရှင်တို့အား နေ့ဝါ ညဝါ စာဝါများကို ချပို့ တော်မူခဲ့သည်၊ ဖခင် ထရံကာ ဒါယကာကြီးနှင့် အခြား ဆရာတော်များထံ၌လည်း စာပေသင်ယူခဲ့သေးသည်၊ တဖန် ရန်ကုန်မြို့သို့ ကြွတော်မူ၍ ကျောင်းတော်ရာ ရွှေကျင်တိုက်၌ သီတင်းသုံးတော်မူ၍ ရန်ကုန် ဗဟန်း ဝေဠုဝန်ဆရာတော် ဘုရားကြီး ထံ၌လည်း ၂-နှစ်နည်းပါး နည်းခံ မေးမြန်း သင်ယူတော်မူခဲ့လေသည်၊ ၎င်းနောက် ရန်ကုန်မှ မန္တလေးမြို့သို့ ပြန်လည် ကြွချီတော်မူခဲ့ကာ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်သစ်၌ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးနှင့် အဘယာရာမဆရာတော် အရှင်အဂ္ဂဓမ္မ, ဆီးပင်ကျောင်းဆရာတော် အရှင်နာရဒတို့ထံ၌လည်း အချောသတ် စာပေကျမ်းဂန်များကို သင်ယူတော်မူရင်း တပည့် တပန်း ရဟန်း သာမဏေတို့အား စာပေ ချပို့တော်မူခဲ့သည်။

ဥဂ္ဂဟဏေန သယဥ္စ၊ ပရေသံ ဝါစနေန စ။
ဇိနသာသနံ ထမ္ဘေသိ၊ ဇိနေန မာပိတံ သုဘံ၊

## အဘိဓမ္မာ ပါဠိတော်ကို ချပို့ခြင်း

ထိုအတောအတွင်းမှာပင် ဆီးပင်ကျောင်းဆရာတော် အရှင်နာရဒ ပျံလွန်တော်မူသဖြင့် ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ အမိန့်အရ ဆီးပင်ကျောင်း၏

---

၁။ မစိုးရိမ် ၇-တိုက် ဟူသည် (၁) အနောက် မှန်ကျောင်း၊ (၂) မစိုးရိမ်၊ (၃) လျော်ဖြူ၊ (၄) ကိန္နရာ၊ (၅) သေလာဂီရိ၊ (၆) ဗောဓိ၊ (၇) ရွှေပြည်ချောင် အားဖြင့် ၇-တိုက် ဖြစ်၏၊ ယင်းမစိုးရိမ် ၇-တိုက်ကို အနောက်မှန်ကျောင်းနေ အောင်လံဇာတိ ဦးနန္ဒဝံသ တည်ထောင်ခဲ့သတည်း။

နာယက အဖြစ် လက်ခံ၍ အဘိဓမ္မာ ပါဠိတော်ကို အဋ္ဌကထာ, ဋီကာစုံ ယောဇနာတို့ဖြင့် ချပို့တော်မူခဲ့လေသည်၊ သံဃာတော်များစွာတို့ လိုက်နာ သင်ယူကြကုန်၏၊ အထူးသဖြင့် ပဋ္ဌာန်းဆိုင်ရာတွင် ပိုမို၍ စာသင်သားတို့ နှစ်လိုဝမ်းမြောက် သဘောကျကြကုန်၏။

အဘိဓမ္မပိဋကမ္ပိ၊ ဝဏ္ဏနာသဟိတံ သုဘံ။
ဝါစယံ သမ္မာသမ္ဗုဒ္ဓ—သာသနံ ပဂ္ဂဟံ အကာ။

## ပစ္စယတ္ထာဝဗောဓနီ ကျမ်းကြီး ပြုစု

ဆရာတော်အရှင်ဝိသုဒ္ဓိ၏ ပဋ္ဌာန်းနိုင်နင်းမှု ကျော်စောသံကြောင့် 'အဂ္ဂမဟာ ပဏ္ဍိတ' ဝိဇ္ဇာလင်္ကာရဆရာတော် ဦးဝိသုဒ္ဓါဘိဝံသသည် အရှင်ဝိသုဒ္ဓိအား ပဋ္ဌာန်း ဆိုင်ရာ ကျမ်းတကျမ်း ပြုစုရေးသားပါရန် တောင်းပန် တိုက်တွန်းခဲ့လေသည်၊ သို့ဖြစ်၍ အရှင်ဝိသုဒ္ဓိသည် အဘိဓမ္မာ ပါဠိ, အဋ္ဌကထာ, ဋီကာ စသည် ကျမ်းဂန်တို့ကို မွှေနှောက်ချောက်ချား သက်ဆင်း ကြည့်ရှု၍ 'ပစ္စယတ္ထာဝ ဗောဓနီ' အမည်ရှိသော ကျမ်းကို ရေးသား စီရင်တော်မူခဲ့သည်၊ ယင်းကျမ်း ကြီးကို ၁၃၃၄-ခုနှစ် ဝါခေါင်လတွင် ရန်ကုန်မြို့ ၁၃၊ ၉၀-လမ်း ကျော်ဝင်းဆွေ ပုံနှိပ်တိုက်တွင် အပြီးတိုင် ပုံနှိပ်ခဲ့ရာ ရှ ိုင်ဆိုက် စာမျက်နှာ ၄၃၂-မျက်နှာ ရှိလေသည်၊ အရှင်ဝိသုဒ္ဓိသည် ကျမ်းဦး၌—

၁။ ဇာတိခေတ္တေ သရေသတ္ထာ၊ ရဝိဇံ ရံသိမဏ္ဍလီ။
ဗောဓေဒယောဒိဒေဝါတိ၊ ဒေဝုဏှ ရံသိ ဗောဓယီ။

၂။ ဝန္ဒာမိ တံ ပနေတာရံ၊ မောဟဃာဒိစ္စသတ္တမံ။
ဇာတံ သော ပနယတံ မယှံ၊ သဗ္ဗသောန္ဓ တမောဃနံ။

၃။ ဝိသုဒ္ဓယတိနာ ဝိဇ္ဇာ—လင်္ကာရရာမ ဝါသိနာ။
သက္ကစ္စံ ယာစိတော သမ္မာ၊ ဝရဓမ္မော ဒယောသိနာ။

၄။ ဒဿိယဋ္ဌကထံ ပါဠိံ၊ ဗုဒ္ဓေနာဟစ္စ ဘာသိတံ။
ပဋ္ဌာန မတိဂမ္ဘီရံ၊ နယမဏ္ဍိတ ဒေသနံ။

၅။ တတ္ထာဟံ ပစ္စယုဒ္ဒေသ—ပါဠိယတ္ထံဝ ဗောဓယံ။
ဝက္ခာမိ ပစ္စယတ္ထာဝ—ဗောဓနိမ္မတိဝဍ္ဍနံ။

ဟူသော ၅-ဂါထာဖြင့် ပဏာမ, အဘိယာစက, ကရဏပ္ပကာရ, ပဋိညာဉ် တို့ကို ပြတော်မူခဲ့လေသည်။

ကျမ်းစာ အဆုံး၌—

၁။ ပစ္စယာနံ ပဒတ္ထာဒိ—မဝဗောဓယတိ ဇနံ။
ယံ တံ နာမေန သာ ဟောတိ၊ ပစ္စယတ္ထာဝဗောဓနီ။

၂။ နေကဂန္ထကရောထေရ — ဝရော သုဒ္ဓဂုဏာကရော။
သက္ကဒတာ သဗ္ဗရာဇူနံ၊ တိက္ခတ္တုံ လဒ္ဓလဥ္စနော။
၃။ ဝိသုဒ္ဓါစာရထေရောတိ၊ ဝိသုဒ္ဓါရာမ ဝါသိကော။
အန္တလိက္ခတလေ သူရ — မဏ္ဍလံ ဝိယ ပါကဋော။
၄။ သဒ္ဓိဝိဟာရိနာ တဿ၊ နတ္တာရာ ဇာတိဝံသတော။
နိရုတ္ယာဘိဓမ္မာယတ္တ — နိစ္ဆယံ နယမေသတော။
၅။ ဝရာနန္တဂုဏူပေတော၊ ထေရော ထိရသုမေဓသော။
မဟာဝေဠုဝနာရာမ — သာမိ သံဃဟိတေသကော။
၆။ သုတော နဘေဠုရာဇာဝ၊ သိဿောဠုဂဏာဝါရိဘော။
တဿာန္တေဝါသိနာ သမ္မာ၊ ဂုဠဝါကျ နယေသိနာ။
၇။ တိက္ခတ္တုံ လဒ္ဓလဥ္စော ယော၊ ဝိဒ္ဓါ ပတ္တိဝ မာနိတော။
သဗ္ဗဒါ ထရံကာစေရ — ဝရော ဇမ္ဗုတလေ သုတော။
၈။ ပုတ္တေန သန္တိကာ တဿ၊ နိပစ္စ ဓမ္မဂါဟိနာ။
ဝိသုဒ္ဓိ ယတိနာ ဝိဇ္ဇာ — ဒပ္ပညာရာမဝါသိနာ။
၉။ ကတာ သောတုဟိတတ္ထံ ယာ၊ ပစ္စယတ္ထာဝဗောဓနီ။
အနာယာသေန နိဋ္ဌံ သာ၊ ဂတာမတိပ္ပဝဍ္ဎနီ။
၁၀။ သူရိယောဒ္ဒတမံ သဗ္ဗံ၊ ဟရတျာ ဟိတကာရကံ။
တထာ ပစ္စယသမ္ဘောဟံ၊ သာ ယံ ဟရတု သဗ္ဗဒါ။

ဟူသော ၁၀ - ဂါထာဖြင့် အကြောင်းအရာ ပြည့်စုံစွာ ဖော်ပြ၍ နိဂုံး အုပ်တော်မူခဲ့သည်။

**စစ်ကိုင်း ဝိဇ္ဇာဒပ္ပဏချောင်၌ စာချ သီတင်းသုံး**

စစ်ကိုင်းတောင်ရိုး ရှင်ဖြူရှင်လှ စောင်းတန်း အနီး၌ သိဝံဂါမိချောင် ရှိ၏၊ ယင်းသိဝံဂါမိချောင်ပိုင်ဆရာကြီး ဒေါ်ဉာဏစာရီသည် အရှင် ဝိသုဒ္ဓိအား သိဝံဂါမိချောင် အရှေ့ပိုင်းကို ဂန္ထဝါစကစံကျောင်း ဆောက်လုပ်၍ လှူဒါန်း လေသည်၊ မိမိပိုင် လယ်ယာမြေများကိုလည်း ကျောင်းဝတ္တကမြေ အဖြစ် ရေစက်ချ လှူဒါန်း လေသည်၊ အရှင်ဝိသုဒ္ဓိသည် အလှူခံ၍ ဝိဇ္ဇာဒပ္ပဏ ချောင် ဟု သမုတ်၍ စာပေ ချပို့ သီတင်းသုံးတော်မူခဲ့လေသည်။

**သရိုင်ရွာ သီတင်းသုံးခြင်း - ပျံလွန်တော်မူခြင်း**

၁၃၀၃ - ခုနှစ်တွင် ဒုတိယ ကမ္ဘာစစ် ဖြစ်လာသဖြင့် မြန်မာ ပြည်သူ ပြည်သား အားလုံး ကြိမ်မီးအုံး ဖြစ်ကြရကုန်၏၊ မန္တလေး, စစ်ကိုင်း တခွင်

တွင် ကူမင်တန် တရုတ်စစ်တပ်တို့၏ အန္တရာယ်ကြောင့် အခြေအနေ မသာယာချေ၊ သို့ဖြစ်၍ ဆရာတော် အရှင်ဝိသုဒ္ဓိသည် ဇာတိချက်ကြွေ ရွှေဘို သချိုင်ရွာ၌ ရောက်ရှိနေထိုင် သိတင်းသုံးတော်မူရင်း ကျောင်တွင် အနာ့ပဆုပ် ခေါ် အနာကြီး နှိပ်စက်သဖြင့် သက်တော် ၅၃–နှစ် သိက္ခာတော် ၃၃-ဝါ ရရှိရာ ၁၃၀၆-ခု ကဆုန်လဆုတ် ၂-ရက် တနင်္လာနေ့ ၁၂ -နာရီ အချိန်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဝိသုဒ္ဓိ သုဝိသုဒ္ဓိသော၊ ဝိသုဒ္ဓိမာမကော သုဓိ။
ဝိသုဒ္ဓိ သော ကရိတွာန၊ ပယာတော မစ္စုနော ဝသံ။

---

## ဆရာတော် အရှင်အာစိဏ္ဏမဟာထေရ်

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး၌ ဆရာတော် အရှင်ဝိသုဒ္ဓိ လှူအပ်ခဲ့သော ဝိဇ္ဇာဒပ္ပဏချောင် စာသင်တိုက်ကို ဦးစီး အုပ်ချုပ်၍ သာသနာပြုတော်မူသည်။

### ဖွားမြင် - သာမဏေဝတ် - ရဟန်းပြု - ပညာသင်

ပဲခူး ခရိုင် ပြွန်တံဆာမြို့ လေးအိမ်စုရပ်၌ ဦးလော်ပေါ်–ဒေါ်အေးမြ တို့မှ ၁၂၇၅-ခုနှစ်တွင် ဖွားမြင်တော်မူသည်၊ အရွယ်ရောက်သော် ရှင်, ရဟန်း ပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။

မန္တလေး အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်, တောင်ပြင် ရွှေရေးဆောင်တိုက်, အမရပူရမြို့ မင်္ဂလာတိုက်စသည်တို့၌ သိတင်းသုံး၍ နေ့ဝါ ညဝါ ကျမ်းစာများကို သင်ယူ လေ့လာတော်မူခဲ့လေသည်။

### စာမေးပွဲများ ဖြေဆို အောင်မြင်ခြင်း

အစိုးရ စာမေးပွဲများကို ဖြေဆိုခဲ့ရာ သက်တော် ၁၄–နှစ်သား အရွယ်တွင် ပဌမငယ်, ၁၅-နှစ်သား အရွယ်တွင် ပဌမလတ်, သက်တော် ၂၀-တွင် ပဌမကြီးတန်းကို ဖြေဆို အောင်မြင်တော်မူခဲ့လေသည်၊ သက်တော် ၃၄-နှစ် သိက္ခာတော် ၁၄–ဝါအရ ၁၃၀၉–ခုနှစ်တွင် အစိုးရ ဓမ္မာစရိယ စာချတန်းကို ဂုဏ်ထူးကျမ်းများနှင့် တကွ ဖြေဆိုအောင်မြင်တော်မူသဖြင့် 'သာသနဓဇ သိရိပဝရ ဓမ္မာစရိယ' ဘွဲ့တံဆိပ်ကို ရရှိတော်မူလေသည်။

### စာပေချပို့ - သာသနာပြု - တပည့် ပညာတတ်တို့ ပေါ်ထွန်း

ဆရာတော် အရှင်အာစိဏ္ဏ၏ ကြိုးပမ်း အားသစ် စာပေ ချပို့မှုကြောင့် ပဌမကျော်, ဓမ္မာစရိယ ဘွဲ့ရ ကျမ်းဂန်တတ် တပည့် တပန်း များစွာတို့ ပေါ်ထွန်းခဲ့လေသည်။

အာစိဏ္ဏထေရသေဋ္ဌော ဟိ၊ အာစိဏ္ဏ ဗုဒ္ဓသာသနေ။
ဗုဒ္ဓါစိဏ္ဏံ စရိတ္ဝာန၊ သ္ဝာစိဏ္ဏ သာသနန္ဒရော။

---

# ဝိသုတိမပိုင်း

## ‘အဂ္ဂမဟာ ပဏ္ဍိတ’
## မဟာသိဝချောင် ဆရာတော်
## အရှင်ကုမာရ မဟာထေရ်

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံကျောင်းတိုက် ဆရာတော် အရှင်ဣန္ဒကာ၏ ဆရာသမားလည်း ဖြစ်၏၊ ဒ္ွကဲ့အစ်ကိုတော်လည်း ဖြစ်၏၊ မဟာသိဝချောင်ကို စတင် တည်ထောင်၍ သာသနာပြုတော်မူသည့် ပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူသည်။

### ဖွားမြင်ခြင်း - ရှင် ရဟန်း ပြုခြင်း

ချောင်းဦးမြို့၌ အဖ ဦးအောင်တပ်[၁] အမိ ဒေါ်စံမယ်တို့မှ သက္ကရာဇ် ၁၂၄၂ - ခုနှစ်တွင် ဖွားမြင်တော်မူသည်၊ နံတော် တနင်္လာသားတည်း၊ အရွယ်ရောက်သော် ရှင် ရဟန်း ပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ဘွဲ့တော် အရှင်ကုမာရ ဖြစ်လေသည်။

### ပညာ သင်ကြားခြင်း

မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်၌ သီတင်းသုံး၍ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး နှင့် အခြား ထင်ရှားသည့် ကျမ်းဂန်တတ်ဆရာတော်များထံ နေ့ဝါ, ညဝါ ကျမ်းဂန်များကို သင်ယူ တတ်မြောက်တော်မူခဲ့လေသည်။

### စစ်ကိုင်းကြွ - မဟာသိဝချောင် တည်ထောင် - သာသနာပြု

ပညာ သင်ကြားပြီးနောက် စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်တော်မူ၍ ဇေတဝန်ချောင်၌ သီတင်းသုံးတော်မူ၍ ဇေတဝန်ဘုရားကို ဦးဆောင်ပြင်ဆင်ခြင်း စသော ဗုဒ္ဓဝေယျာဝစ္စကို ပြုတော်မူခဲ့လေသည်၊ သက္ကရာဇ်

---

၁။ စစ်ဖြစ်စဉ် အောင်ပွဲရသည့်တပ်ကို စွဲ၍ ဦးအောင်တပ် တွင်သတတ်။

၁၂၇၁-ခုနှစ်တွင် မဟာသိဝချောင်ကို တည်ထောင်တော်မူ၍ သာသနာပြုတော်မူခဲ့လေသည်၊ မဟာသိဝချောင် (မဟာသိဝကျောင်းတိုက်) ၏ ခမ်းနားပုံကို ပဋ္ဌာန်းသိပ္ပံဆရာတော် ဦးဣန္ဒက မဟာထေရ်က–

> မဟာသိဝါတိပညာတံ၊ မဟာသိဝ မည်နာမဖြင့် မြန်မာ့တိုင်းတွင် ပေါ်လွင်ကျော်ကြား အလွန် ထင်ရှားခဲ့သော။ မဟာရာမံ၊ သမထ ဝိပဿနာ ဘာဝနာယောဂီ အလီလီတို့ ရှင်ကြည်ဖို့ရာ သာယာ ပြန့်ကျယ် လမ်းသွယ်သွယ်နှင့် ခန့်ထယ်ကြီးမြတ် ဇရပ်, တန်ဆောင်း ဂူ, ကျောင်း တိုက်တာ မဟာတို့ဖြင့် ဝေဆာတင့်ဆန်း နတ်တို့ နန်းမျှ မခန်းအံ့ရာ ပြည့်စုံစွာသော တိုက်တာ အရာမ်ကြီးကို။[၁]

ဟူ၍ ဖွဲ့ဆိုတော်မူခဲ့လေသည်။

## ကျမ်းဂန်တတ်-တရားဟော ကောင်း

မဟာသိဝဆရာတော်သည် ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းတို့ကို လွယ်ကူစွာ ကြည့်ရှု လေ့လာ ကူးခပ် ချပိုနိုင်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်သည့်အပြင် တရားဟောကောင်း ဓမ္မကထိက အကျော်အမော်လည်း ဖြစ်ကြောင်း သိရ၏။

> နာနာဂန္ထေသု ဆေကော စ၊ ဝိစိတြဓမ္မဝါစကော။
> လောကဂ္ဂသာသနေ သော ဟိ၊ ဝုဍ္ဍိယာ ပဂ္ဂဟံ အကာ။

## ကျမ်းဂန် ပြုစုခြင်း

ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့သည်၊ ၎င်းတို့မှာ–

၁- မဂ္ဂဗောဓကကျမ်း၊
၂- ဥဿာဟ ဒီပနီကျမ်း၊
၃- မဇ္ဈရတ္တ ဝိနိစ္ဆယကျမ်း (ပေါင်းတည်မြို့နေ ဒါယကာ တဦး မေးလျှောက်သဖြင့် ဆုံးဖြတ် ဖြေဆိုသည့်ကျမ်း ဖြစ်သည်။)
၄- သံဝေဇနီယ ကထာကျမ်း (မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီး ပျံလွန်တော်မူစဉ် ဖွဲ့ဆို ရေးသားသည့်ကျမ်း ဖြစ်သည်။)

စသည်တို့ ဖြစ်ကုန်၏။

---

၁။ ပဋ္ဌာနသာရမဥ္ဇူ–၂၉။



ပဌာန်းသိပ္ပံ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝူနက မဟာထေရ
စစ်ကိုင်းတောင်ရိုး စစ်ကိုင်းမြို့။

## 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် အလှူခံခြင်း - ပျံလွန်ခြင်း

မဟာသိဝဆရာတော်ဘုရားကြီး အရှင်ကုမာရ မဟာထေရ်သည် သက်တော် ၆၈-နှစ် ရှိရာ ၁၃၀၀-ပြည့်နှစ် ပြာသိုလဆန်း ၁၃-ရက်နေ့တွင် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

သက်တော် ၇၁-နှစ် အတွင်း ရောက်ရှိရာ ၁၃၀၃-ခုနှစ်တွင် ပျံလွန်တော်မူသည်။

မဟာသိဝေါ မဟာထေရော၊ မဟာသိဝ သုမာပကော။
စက္ကံ သော ပဂ္ဂဟံ ကတွာ၊ ပယာတော မစ္စုနော မုခံ။

——

## ပဌာန်းသိပ္ပံ ဆရာတော်

### အရှင်ဇလန္ဒကမဟာထေရ်

အရှင်ဇလန္ဒက မဟာထေရ်သည် စစ်ကိုင်းတောင်ရိုး ပဌာန်းသိပ္ပံချောင်၌ သီတင်းသုံး၍ ပဌာန်းကျမ်းကြီးကို ချပို့၍ သာသနာပြုတော်မူသည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်၊ ၁၃၁၂-ခုနှစ်မှ စ၍ ၁၃၃၇-ခုနှစ်အထိ ပဌာန်းကျမ်းကို အကြိမ်ပေါင်း ၉၁-ကြိမ် ချပြီးပြီဟု သိရ၏၊ ပဌာန်းတတ် သံဃာ, သီလရှင် ပေါင်း ၃၆၄၁-ပါး ပေါ်ပေါက်စေခဲ့သည်ဟုလည်း သိရ၏။

ဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတ မဟာသိဝ ဆရာတော်ဘုရားကြီး၏ ညီတော် ဖြစ်သည်၊ ဓနုဖြူမြို့၌ အဖ ဦးအောင်ရ အမိ ဒေါ်အေးလှတို့မှ သက္ကရာဇ် ၁၂၆၄-ခု တပေါင်းလဆုတ် ၃-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်သည်၊ ငယ်စဉ်ကပင် မဟာသိဝချောင်၌ သီတင်းသုံးတော်မူ၍ ပညာ သင်ကြားခဲ့သည်၊ ပဌာန်း၌ လွန်စွာ အထုံဝါသနာ ပါရှိတော်မူ၏၊ ရဟန်း သိက္ခာ ၂-ဝါမှ စ၍ ပဌာန်းကို ဆရာအမျိုးမျိုးထံမှ နည်းမျိုးစုံဖြင့် သင်ယူတော်မူခဲ့လေသည်။

### ပဌာန်း ၂၂-တိုက် ကုန်အောင် သင်ယူ

မူလ ပဌာန်းဆရာတော်ထံ၌ ပဌာန်း ၂၂-တိုက်လုံးကို ဆိုဝါဖြင့် စိတ်တိုင်းကျသည့် အထိ သင်ယူတော်မူခဲ့သည်၊ ထို မူလ ပဌာန်းဆရာတော် ဦးစီးကျင်းပသည့် ပဌာန်း ၂၂-တိုက် စာမေးပွဲကိုလည်း ဖြေဆို အောင်မြင်တော်မူခဲ့လေသည်။

## ဆရာတော်ကြီးများထံ နည်းခံ ပညာသင်ခြင်း

'အဘိဓဇမဟာရဋ္ဌဂုရု' ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်, 'အဂ္ဂမဟာပဏ္ဍိတ' 'အဘိဓဇမဟာရဋ္ဌဂုရု' ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် ဆရာတော် ဦးဇဝန မဟာထေရ်, 'အဂ္ဂမဟာပဏ္ဍိတ' 'အဘိဓဇ မဟာရဋ္ဌဂုရု' မစိုးရိမ်ဆရာတော်ဘုရားကြီးတို့ အထံ၌လည်း ပဋ္ဌာန်းကျမ်းနှင့် တကွ အခြားကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

နေကောသံ ထေရသေဋ္ဌာနံ၊ သန္တိကေ ဉ္ဉဏ္ဍကော ဝိဒ္ဒါ။
နာနာနယေဟိ ဥဂ္ဂဏှိ၊ ဂမ္ဘီရံ ပေဋကံ သုဘံ။

## ပဋ္ဌာန်း စာဝါကို တွင်တွင် ချပို့ခြင်း

ဆရာတော်သည် လျှောင်း ထိုင် ရပ် သွား ဣရိယာပုထ် ၄-ပါးတွင် ပဋ္ဌာန်းထဲမှာလိုလိုချည်း စိတ်သွားနေသည်၊ ဤမျှ ပဋ္ဌာန်းကျမ်းကို စိတ်ဝင်စားတော်မူ၏၊ သို့ဖြစ်၍ ၁၃၁၂-ခုမှ စ၍ မဟာသိဝချောင်၌ ပဋ္ဌာန်းကျမ်းကို ၁၅-ခေါက် ချပို့တော်မူခဲ့၏၊ ၁၃၁၅-ခုနှစ်တွင် မူလ ရတနာ ဓူဝံချောင် ဆရာတော်ကြီးက ရတနာပုံ လှိုင်းတက်ချောင်ကို ချီးမြှင့်သဖြင့် ယင်းချောင်ကို ပဋ္ဌာန်းသိပ္ပံတိုက်ဟု အမည်တပ်ကာ သီတင်းသုံး၍ ထာဝစဉ် ပဋ္ဌာန်းစာဝါကို ချပို့တော်မူခဲ့လေသည်၊ ပုပ္ပားတောင်ကလပ် ကုမာရာရာမ ကျောင်းတိုက်၌လည်း ၃-ကြိမ် ချပို့တော်မူခဲ့လေသည်။

ပဋ္ဌာနံ သော ပဓာနေန၊ သာဂရံ ဝါစနံ အကာ။
မဟတာ ပရိသာမေန၊ သာသနံ ပဂ္ဂဟံ အကာ။

## ကျမ်းဂန်များ ပြုစုခြင်း

ဆရာတော်သည် ကျမ်းများစွာတို့ကိုလည်း ပြုစီရင်တော် မူခဲ့လေသည်၊ ၎င်းတို့မှာ—

၁- ပဋ္ဌာန်းသိပ္ပံ နည်းပြကျမ်း
၂- ပဋ္ဌာနသာရမဉ္ဇူရီကျမ်း
၃- ကထိန ပုစ္ဆာ ဝိသဇ္ဇနာကျမ်း
၄- ဗာတ္တိံသ မဟာပုရိသ လက္ခဏာတော် ကဗျာကျမ်း
၅- ကာဗျာ့မဉ္ဇူရီကျမ်း
၆- ကြည်းကန်မဟာထေရုပ္ပတ္တိ ဒီပနီကျမ်း
၇- ပဋ္ဌာနသာရ ဝိလာသိနီ ခေါ် ပဋ္ဌာန်း သိပ္ပံကျမ်း

စသည်တို့ ဖြစ်ကုန်၏။

## ပဋ္ဌာန်းသိပ္ပံ ကျမ်းကြီး

ပဋ္ဌာနသာရဝိလာသိနီ ခေါ် ပဋ္ဌာန်းသိပ္ပံကျမ်းကြီးမှာ ဆရာတော် ချရေး ပို့စဉ် ဝါစနာမဂ္ဂကျမ်းကြီး ဖြစ်၏၊ ချပို့သည့်အတိုင်း တိတ်ခွေမှ ကူးယူရိုက်နှိပ်သည့်ကျမ်း ဖြစ်ရာ ဆရာတော်ထံ ပဋ္ဌာန်း မသင်ကြားရသော ပုဂ္ဂိုလ်တို့သည်လည်း ဤကျမ်းကြီးကို ကြည့်ရှု လေ့လာ ဖတ်ရှုခြင်းဖြင့် ဆရာတော်၏ နည်းနာနိဿယကို ရနိုင်ရာ လွန်စွာမှ အဖိုးတန်သည့် ကျမ်းဂန်ကြီး ဖြစ်လေသည်။

ပဌမတွဲ, ဒုတိယတွဲ ၂-တွဲ ရှိ၏၊ ပဌမတွဲကို ၁၃၃၈-ခုနှစ်တွင် ရိုက်နှိပ်ပြီးစီးရာ သာသနာရေးဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်မှ ရှုိင်ဆိုက် ၅၂၃-မျက်နှာ ရှိ၏။

## ဆရာတော် အရှင်ဣန္ဒကာ၏ တပည့် ပဋ္ဌာန်း စာချတွေ

ဆရာတော်၏ တပည့် ပဋ္ဌာန်း စာချတွေကား မြန်မာပြည် အနှံ့အပြားများလှကုန်၏၊ စစ်ကိုင်း, မန္တလေး, ရွှေဘို, မုံရွာ, ပျဉ်းမနား, တောင်ငူ, ရန်ကုန်, မော်လမြိုင်, ထားဝယ်, ဓနုဖြူ, ညောင်တုန်း, မအူပင်, မြောင်းမြ, ပခုက္ကူ, မြင်းခြံ စသည်တို့၌ ဆရာတော် အရှင်ဣန္ဒကာ၏ ပဋ္ဌာန်း စာချများ ချပို့လျက် ရှိရာ ဆရာတော် အရှင်ဣန္ဒကာ၏ လုပ်ငန်းကား လွန်စွာ အောင်မြင်လှပေသည်။

## 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်

ထို့ကြောင့်လည်း ၁၃၄၀-ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ် လှူဒါန်းသော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်ကို အလှူခံ ရရှိတော်မူလေသည်။

ဘဒ္ဒန္တဣန္ဒကော ထေရော၊ ဣန္ဒတုလျ ပရက္ကမော။
ဗဟာဝေါ သိဿကေ သော ဟိ၊ ပဋ္ဌာနေနာဘိတောသယိ။

---

## 'ပရိယတ္တိသာသနဟိတဓမ္မာစရိယ' စာချ ဆရာတော် အရှင် ပညာဘိဝံသ

ဆရာတော်သည် စစ်ကိုင်းခရိုင် မြောင်မြို့နယ် ရွှေပေါက်ပင်ရွာ၌ အဖဦးလှူတင်, အမိ ဒေါ်ငွေမှုံတို့မှ ၁၂၉၇-ခုနှစ် ပြာသိုလဆုတ် ၈-ရက်နေ့တွင် ဖွားမြင်ခဲ့သည်။

## ရှင် , ရဟန်း ပြုခြင်း

သက်တော် ၅-နှစ်သားအရွယ်တွင် ရွာလယ်ကျောင်းဆရာတော် ဦးဇယန္တ ထံတွင် စတင် ပညာသင်ကြားခဲ့သည်၊ ၇-နှစ်သားအရွယ်မှ စ၍ ဖော်ပြပါ ဆရာတော် ဦးတေဇဝန္တထံ ရှင်သာမဏေ ဝတ်၍ သာသနာ့ဝန် ထမ်းဆောင် ခဲ့သည်။

သက္ကရာဇ် ၁၂၇၇-ခုနှစ် နယုန်လဆုတ် ၅-ရက်နေ့တွင် စစ်ကိုင်း ခရိုင် မြောင်မြို့နယ် ရွှေပေါက်ပင်ရွာ အလယ်ကျောင်း ခဏ္ဍသိမ်တော်၌ ရွှေပေါက် ပင်ရွာ မြောက်ကျောင်း ရွှေသိမ်တော် ဆရာတော် ဦးနရိန္ဒကို ဥပဇ္ဈာယ် ပြု၍ ရဟန်း ဖြစ်ခဲ့သည်။

## ပညာ သင်ကြားခြင်း

ရွှေပေါက်ပင် အလယ်ကျောင်း ဆရာတော် ဦးဇယန္တ, ဦးကေသရ, မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက် မိုးထားကျောင်းဆရာတော် ပရိယတ္တိ သာသနဟိတ မူလဓမ္မာစရိယ ဦးသုတာဘိဝံသ, ချမ်းသာကြီးတိုက် ဦးလက္ခဏ, တောင်သမန်တိုက် ဦးဝိမလ စသော ဆရာတော်များထံ သာမဏေ ၁၆-နှစ်သား အရွယ်မှ စ၍ ရဟန်းသိက္ခာ ၁၃-ဝါအထိ ပိဋကတ်အခြေပြု ကျမ်းစာများ နှင့် တကွ နေ့ဝါ, ညဝါတို့ကို သင်ယူခဲ့သည်။

## ပရိယတ္တိဓမ္မာစရိယ

ရဟန်းသိက္ခာ ၁၃-ဝါမှ စ၍ မှန်မှန်စာလိုက် သံဃာ များစွာတို့အား စာပေ ချပို့သဖြင့် ပရိယတ္တိသာသနဟိတ အသင်းကြီး၏ 'ဘဒ္ဒန္တပညာဘိဝံသ ပရိယတ္တိ သာသနဟိတ (မူလ ဓမ္မာစရိယ)' ဘွဲ့တံဆိပ် ဆက်ကပ်၍ ကိုးကွယ် ထောက်ပံ့ခြင်းကို ခံယူတော် မူရလေသည်။

## ဆောင်ရွက်ချက်များ

ဆရာတော်သည် ဝိနည်းဓိုရ် အက်ဥပဒေ ရေးဆွဲရေး အဖွဲ့ဝင် တာဝန်, မန္တလေးမြို့ အနောက်နယ် ဝိနည်းဓိုရ် တာဝန်ခံ ခင်မကန်တိုက် ဆဋ္ဌသံဂါယနာ မူလ ဝိသောဓက အဖွဲ့ခေါင်းဆောင်, ဆဋ္ဌသံဂါယနာပဋိဝိသောဓက, သံဂီတိ ကာရက တာဝန် စသည်တို့ကိုလည်း ဆောင်ရွက်တော်မူခဲ့သည်။

## ပျံလွန်တော်မူခြင်း

ဖော်ပြပါ လုပ်ငန်းတို့ဖြင့် ထင်ရှားသော ဆရာတော် ဦးပညာဘိဝံသသည် သက်တော် ၆၅, ဝါတော် ၄၅-ဝါ ရရှိရာ ၁၃၃၂-ခု ဝါခေါင်လဆုတ် ၈-ရက်နေ့ နံနက် ၃-နာရီ ၁၅-မိနစ်အချိန်တွင် ပျံလွန်တော် မူလေသည်။

ပညာဘိဝံသထေရော ဟိ၊ ခင်မကန်ဂန္ထဝါစကော။
ဝါစနံ သော ဌပေတွာဝ၊ မစ္ဆုရာဇဝသံ ဂတော။

---

## ဆရာတော် အရှင်ဇောတိကထေရ်

ဆရာတော်သည် စစ်ကိုင်းမြို့ မင်းစံရပ်၌ အဖ ဦးခင် အမိ ဒေါ်ဆိုးတို့မှ ၁၂၇၁ - ခု တန်ဆောင်မုန်းလဆုတ် ၁၃ - ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

၁၂ - နှစ်သားအရွယ်တွင် ရှင်သာမဏေ ဝတ်၍ သက်တော် ၂၀ - တွင် အင်းစိန်ခရိုင် ဥက္ကံမြို့ ဘုရားကြီးကျောင်းတိုက်၌ စစ်ကိုင်းမြို့ မင်္ဂလာသုခ ကျောင်းဆရာတော်ကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

### မန္တလေး ပခုက္ကူ ပညာသင်

၁၂၉၆ ခု- နှစ်တွင် မန္တလေး အနောက်ပြင် မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်ထံ ရောက်ရှိ ပညာ သင်ကြားတော် မူခဲ့လေသည်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယ တက္ကသိုလ်ကြီး၌ ၂ - နှစ်တိုင် ပညာသင်ကြားတော်မူခဲ့လေသည်၊ မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်ဘုရားကြီး၏ ချီးမြှောက်ချက် အရ ဒေးဝန်းကျောင်း၌ သီတင်းသုံးတော်မူကာ ကျမ်းစာအမျိုးမျိုးကို ချပို့၍ သာသနာပြုတော်မူခဲ့လေသည်၊ ၁၃၂၇ - ခုနှစ်တွင် ပရိယတ္တိအသင်း၏ 'ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ( မူလ စာချ )' အဖြစ်ဖြင့် ကိုးကွယ်ခြင်းကို ခံယူတော်မူရလေသည်၊

ဆရာတော်ကား နှလုံးသိမ်မွေ့၏၊ ရုပ်ရေရူပကာယ လှပ ကြည်လင်၏၊ စာပေ ကျမ်းကျင်၏၊ သိက္ခာကာမဂုဏ်နှင့်လည်း ပြည့်စုံ၏။

ဘဒ္ဒန္တဇောတိကော ထေရော၊ ဇိနသာသနဇောတကော။
ဇောတယိတွာ သာသနံ သတ္တု၊ လောကဂ္ဂသာသနန္ဓရော။

---

## ရတနာဗိမာန် ဆရာတော်

### အရှင်ဓမ္မာနန္ဒ မဟာထေရ်

ဆရာတော်သည် စစ်ကိုင်းခရိုင် မြင်းမူမြို့ ဓမြောက်လက် ကန်ဆွယ်ရွာ၌ အဖ ဦးအောင်တိုး အမိ ဒေါ်နှည့်တို့မှ သက္ကရာဇ် ၁၂၇၄ - ခု ပြာသိုလဆန်း ၁၂ - ရက် စနေနေ့ ညဥ့် ၁၁ - နာရီအချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။

### ရှင် - ရဟန်း ပြုခြင်း

အရွယ်ရောက်သော် ကျောင်းနေ ပညာ သင်ကြားခဲ့ပြီး သာမဏေ ဝတ်၍ သာသနာ့ဝန် ထမ်းဆောင်တော် မူခဲ့လေသည်၊ သက်တော် ၂၀ - ပြည့်မြောက်ရာ ၁၂၉၄ - ခုနှစ် နယုန်လဆန်း ၁၁ - ရက်နေ့တွင် ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

### ပညာ သင်ကြားခြင်း

စစ်ကိုင်းမြို့ မဟာစေတီလှဆရာတော်, ဖျာပုံမြို့ မြို့ဦးကျောင်းဆရာတော်, မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ဆရာတော်, အဘယာရာမ ဆရာတော် ဦးအဂ္ဂဓမ္မာဘိဝံသ စသည်တို့ထံ ပညာ သင်ကြားတော်မူခဲ့လေသည်၊ အစိုးရစာမေးပွဲ ငယ်, လတ်, ကြီး တို့ကိုလည်း အောင်မြင်ပြီးနောက် စာချတန်းကိုလည်း အောင်မြင်သဖြင့် 'သာသနဓဇသိရီပဝရဓမ္မာစရိယ' ဘွဲ့ကိုလည်း ရရှိတော်မူခဲ့လေသည်၊ သကျသီဟ စာသင်တန်းကို ပဌမ ရလျက် ဖြေဆိုအောင်မြင်တော်မူခဲ့ပြီး ၁၃၀၀ - ခုနှစ်တွင် သကျသီဟ စာချတန်း စာမေးပွဲကို ပဌမ ရလျက် အောင်မြင်တော်မူသဖြင့် 'ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (သီးခြားစာချ)' ဘွဲ့တံဆိပ်တော်ကိုလည်း ရရှိတော် မူခဲ့လေသည်၊ နောက်တွင် စစ်ကိုင်းမြို့ ရတနာဗိမာန် စာသင်တိုက်ကို တည်ထောင်ကာ သာသနာပြုတော်မူခဲ့လေသည်။

ဓမ္မာနန္ဒော မဟာထေရော၊ ဓမ္မေသု အာနန္ဒော သုဓီ၊
ဓမ္မဿ ဝုဍ္ဎိယာ ယေဝ၊ ဥယျုတ္တော ဗျာဝဋော သုဓီ။

---

# ၉ ကဝိသတိမပိုင်း

## ပဌမ ဂန္ဓာရုံချောင် ဆရာတော်

### အရှင်သုပညိန္ဒာဘိဝံသ

အရှင်သုပညိန္ဒာဘိဝံသသည် စစ်ကိုင်းတောင်ရိုး၌ ထင်ရှားသော သာသနာ့ဝန်ဆောင် တပါးဖြစ်၏၊ သို့ဖြစ်၍ ဤစစ်ကိုင်းသာသနာ့ဝင် ကျမ်း၌ မှတ်တမ်းတင်အပ်ပါသည်။

## ဖွားမြင်ခြင်း - ရှင် ရဟန်း ပြုခြင်း

ဆရာတော် အရှင်သုပညိန္ဒာဘိဝံသသည် ရွှေဘိုခရိုင် ဝက်လက်မြို့ မြောက်လက် သခွတ်တောရွာ၌ အဖ ဦးပု အမိ ဒေါ်မှိုတို့မှ သက္ကရာဇ် ၁၂၇၅-ခု ဝါခေါင်လဆန်း ၁၄-ရက် သောကြာနေ့ မြန်မာနာရီ ၂-ချက်မတီးမီ အချိန်တွင် ဖွားမြင်တော်မူသည်။

သက်တော် ၃-နှစ်သားအရွယ်တွင် သခွက်တောရွာရှေ့ကျောင်း ဆရာတော် ဦးဝိမလထံ ရောက်ရှိပညာသင်ကြားခဲ့သည်၊ ၁၁-နှစ်သားအရွယ်တွင် မိဘ ၂-ဦးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဦးဝိမလကိုပင် ဉပဇ္ဈာယ် ပြု၍ ရှင်သာမဏေ ပြုခဲ့လေသည်။

၁၂၉၄-တပေါင်းလဆုတ် ၅-ရက်နေ့တွင် သခွတ်တောမြောက်တောရကျောင်း (ဘထွေးတော်) ဆရာတော် အရှင်အာစိဏ္ဏကို ဉပဇ္ဈာယ် ပြု၍ မိဘ ၂-ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်း အဖြစ်သို့ ရောက်ရှိတော်မူခဲ့လေသည်။

ဘဒ္ဒန္တအာစိဏ္ဏံ ထေရံ၊ သုာစိဏ္ဏံ စိဏ္ဏသမ္ပဒံ။
ဉပဇ္ဈံ သော ကရိတ္ဝာန၊ သမ္ပတ္တော ဒုလ္လဘံ သုဓိ။

## ပညာ သင်ကြားခြင်း

ဆရာတော် ဦးဝိမလ, အရှင်အာစိဏ္ဏ, ရွှေဘိုခရိုင် ကျောက်မြောင်းမြို့ ရွှေခွန်ကျောင်းသစ် ဆရာတော် ဦးသံဝရ မထေရ်မြတ်တို့ထံ အခြေခံ စာပေများနှင့် အထက်တန်း စာပေအချို့ကို သင်ယူ တော်မူခဲ့လေသည်၊ တဖန် မန္တလေးမြို့သို့ ကြွရောက်တော်မူ၍ မန္တလေးမြို့ အနောက်ပြင် မဟာဝေယံဘုံသာတိုက် 'အဂ္ဂမဟာပဏ္ဍိတ' အရှင်ကလျာဏမဟာထေရ်, ဝိသုဒ္ဓါရုံတိုက် စည်ရှင်ဆရာတော်, ဘုရားကြီးတိုက် စာချဆရာတော် ဦးနာရဒ, မစိုးရိမ်တိုက် စာချဆရာတော်များ, ပဌမ ဂန္ဓာရုံ စာချဆရာတော်များ, ရေဦးတိုက်သစ် ဇေယျာသိန်ဆရာတော် ဦးပညိန္ဒာဘိဝံသ စသည့် မထေရ်မြတ်တို့ ထံတွင် နေ့ဝါ ညဝါများကို သင်ယူတော်မူခဲ့သည်။

## စာမေးပွဲများ အောင်မြင်ခြင်း - သာသနာ့ဝန် ထမ်းဆောင်ခြင်း

အစိုးရစာမေးပွဲ ငယ်, လတ်, ကြီး, စာချတန်းတို့ကို ဖြေဆို အောင်မြင်တော်မူခဲ့သည့် အပြင် သက္ကျသီဟစာသင်တန်း စာချတန်းတို့ကိုလည်း အောင်မြင်တော်မူခဲ့သည်၊ ၁၂၉၉-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ပဌမ ဂန္ဓာရုံကျောင်းတိုက်သို့ ရောက်ရှိ၍ ၁၃၀၇-ခုနှစ်တွင် ပဌမ ဂန္ဓာရုံကျောင်းတိုက်၏ အကြီးအကဲဖြစ်ကာ အနီးရှိ အောင်မြေဘုံစံ ကျောင်းတိုက်, ဇေယျာသိရိန်

ကျောင်းတိုက်, မင်္ဂလာသိရိန်ကျောင်းတိုက်ရှိ သံဃာတော် တရာကျော်ခန့်ကို စာပေ ချပို့ခြင်း, ဩဝါဒ ပြည့်နှင်ခြင်း စသည်ဖြင့် စောင့်ရှောက်၍ သာသနာပြုတော်မူခဲ့လေသည်၊ ဆရာတော်သည် မပြတ် ဆွမ်းခံကြွတော်မူခြင်း ဟူသော ပိဏ္ဍပါတိကင်ဝတ်ကို ဖြည့်ကျင့်၍ သာသနာကျင့်စဉ်ကို စောင့်ရှောက် ထိန်းသိမ်းတော်မူလေသည်။

သုပညိန္နော ပညိန္နဿ၊ သာသနေ ကိစ္စကာရကော။
ဇောတနာယ ပညိန္နဿ၊ စက္ကဿ နိစ္စဗျာဝဋ္ဌော။

--

## မန္တလေး မြတောင် ဆရာတော်

### အရှင်သာသန ထေရ်

ဆရာတော်သည် စစ်ကိုင်းခရိုင် ကျောက်ဆည်ရွာ၌ အဖ ဦးညဏ် အမိ ဒေါ်ဖီတို့မှ ၁၂၇၅-ခု ဒုတိယ ဝါဆိုလဆုတ် ၇-ရက်နေ့တွင် ဖွားမြင်တော်မူသည်။

အရွယ်ရောက်သော် ရှင်သာမဏေ ဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူသည်၊ သက်တော် ၂၀-ပြည့် မြောက်ရာ ၁၃၀၄-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ရတနာဘုံစံချောင် မြတောင်ဆရာတော်ကို ဥပဇ္ဈာယ် ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

### ပညာ သင်ကြားခြင်း

ရတနာဘုံစံချောင် မြတောင်ဆရာတော် ဦးဝိစာရာဘိဝံသ, ဆရာတော် ဦးဓမ္မာလောက, ဦးကိတ္တိမာ, မန္တလေးမြို့ မြတောင်တိုက်အုပ် ဆရာတော် ဦးနန္ဒမာလာ, မြင်းဝန်တိုက် ပတ္တမြားကျောင်း ဆရာတော် ဦးဥက္ကံသာဘိဝံသ, ဘုရားကြီးတိုက် ဦးနာရဒ စသည့် ဆရာတော်များထံ ပညာ သင်ကြား တတ်မြောက်တော်မူခဲ့လေသည်။

### ဓမ္မာစရိယဘွဲ့ ၂-ထပ်ရ

ငယ်, လတ်, ကြီး စာမေးပွဲများ, သက်ျသီဟ စာသင်တန်း စာမေးပွဲတို့ကို အောင်မြင်တော်မူခဲ့သည်၊ ၁၃၁၃-ခုနှစ်တွင် သက်ျသီဟ စာချတန်း, အစိုးရ စာချတန်း ၂-တန်းလုံးကို အောင်မြင်သဖြင့် 'ဘဒ္ဒန္တသာသနာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြား စာချ)' 'သာသနဓဇသိရိပဝရဓမ္မာစရိယ' ဘွဲ့တို့ကို ရရှိတော်မူခဲ့လေသည်။

နောက်တွင် မန္တလေးမြို့ အနောက်ပြင် မြတောင်တိုက်၌ တာဝန်ခံ စာချ ဖြစ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ဆဋ္ဌသံဂါယနာတွင် မူလဝိသောဓက, ပဋိဝိသောဓက, ဩသာနသောဓက, သံဂီတိကာရက တာဝန်များကိုလည်း ဆောင်ရွက်တော်မူခဲ့လေသည်။

ဘဒ္ဒန္တသာသနော ထေရော၊ သမ္ဗုဒ္ဓသာသနေ ရတော။
ပရိယတ္တိံ ပဋိပတ္တိံ စ၊ ဝဍ္ဎေတွာ သာသနန္ဓရော။

---

‘အဂ္ဂမဟာပဏ္ဍိတ’

## ပခုက္ကူ - မဟာဝိသုတာရာမ ဆရာတော်

### အရှင် ဂန္ဓမာ မဟာထေရ်

ဆရာတော်၏ အဆင်းတော်သည် ရွှေအဆင်းပမာ ဝါဝင်းထိန်ပြေ ကျက်သရေ ရှိသကဲ့သို့ အသံဓာတ်တော် သဒ္ဒနိကာယ်သည်လည်း ဩဇာရှိလှသည့်အပြင် သန့်ရှင်းသည်, သာယာသည်, နာပျော်ဖွယ် ရှိပေသည်။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၏ မျက်နှာဖုံး စာချ အဖြစ်ဖြင့် နာမည်ကျော်သည်သာ မက ဆန်းကြယ်၍ ဥပမာ, ဥပမေယျ စုံလင်စွာ အကြောင်း ပရိယာယ် အသွယ်သွယ်တို့ဖြင့် တရားဟော ကောင်းလှသဖြင့် ဘုရားရှင်သာသနာတွင် ‘ဒုတိယ ကုမာရကဿပ’ ဟုလည်း ဆိုထိုက်ပါသည်။

၁၂၅၄ - ခုနှစ် တပေါင်းလဆန်း ၁၃ - ရက် တနင်းလာနေ့တွင် စစ်ကိုင်း ခရိုင် ဇေယျာမြို့နယ် သားကျောင်းရွာ အဖ ဦးထွန်းအေး - အမိ ဒေါ်မယ်စံ တို့မှ ဖွားမြင်လေသည်၊ ၁၃ - နှစ်သား အရွယ်တွင် သားကျောင်းရွာကျောင်း ဆရာတော် အရှင်သုန္ဒရထေရ်ကို ဥပဇ္ဈာယ် ပြု၍ သာမဏေ ဝတ်ခဲ့သည်၊ ရှင်ဂန္ဓမာ ဟု ဥပဇ္ဈာယ် ဆရာတော်က မှည့်ခေါ်သည်၊ ဥပဇ္ဈာယ်ဆရာတော် ထံတွင် ကစ္စည်းသဒ္ဒါကြီး, အဘိဓမ္မတ္ထသင်္ဂဟ, မာတိကာ, ဓာတုကထာ အရ ကောက် စသော ကျမ်းဂန်များကို သင်ယူခဲ့၍ ငယ်ရွယ်စဉ်ကပင် ပိဋကတ် သွားရန် အခြေခံကို ကောင်းစွာ ရရှိခဲ့သည်၊ ၁၂၇၄ - ခုနှစ် တပေါင်း လဆန်း ၁၂ - ရက်နေ့တွင် ဝါကျမြောင်တောရဆရာတော် အရှင်သာဂရ ထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။

### မဟာဝိသုတာ ရာမသို့

ဆရာတော်သည် ၁၂၇၅ - ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ရေစကြိုဆရာတော်ဘုရားကြီး ထံမှောက် ရောက်၍ ပညာ သင်ကြားခဲ့သည်၊

ရင်းပြင် ဆရာတော် အရှင်ပညာမဟာထေရ် နှင့် ဆရာတော်အရှင်ကောဏ္ဍည မဟာထေရ်တို့ထံတွင် ဆိုဝါဖြင့် နိကာယ် ၅-ရပ်ကို တဘက်ကမ်းခတ် တတ်မြောက်အောင် သင်ယူခဲ့သည်၊ မန္တလေးမြို့ တောင်ပြင် အောင်မြေရွှေဘုံ တိုက်၌လည်း ၁-ဝါ သီတင်းသုံး၍ ပညာ သင်ကြားခဲ့လေသည်။

## ဂဏဝါစက - တိုက်အုပ် ဖြစ်ခြင်း

ဆရာတော်သည် ၉-ဝါ အရတွင် ဂဏဝါစက စာချ ဖြစ်တော်မူ၍ များစွာသော သံဃာတို့အား ဂန္ထဓုရ အဝဝကို ချပို့တော်မူသည်သာမက တိုက်တာ သံဃာတို့အား ဩဝါဒပေးခြင်း, ဒကာ ဒကာမတို့အား တရားဓမ္မ ဟောပြောခြင်း ကိစ္စကိုလည်း ပြုတော်မူသည်၊ ဆရာတော်သည် ခရိုင်ဩဝါဒါစရိယ တာဝန်ကို ထမ်းရွက်ခဲ့၍ မဟာဝိသုတာရာမဂိုဏ်းက ဂဏဝါစက နိကာယကြီး၏ ဂဏဘာရနိတ္ထာရကလည်း ဖြစ်တော်မူသည်၊ ၁၃၁၉-ခုနှစ် ဥပုသ်နေ့ တနေ့တွင် ဇေတဝန်ကျောင်းတိုက်ကြီးအလား ခမ်းနား ကြီးကျယ်လှသော မဟာဝိသုတာရာမကျောင်းတိုက်ကြီးကို 'အဘိဓဇမဟာရဋ္ဌဂုရု' ကျေးဇူးရှင် အရှင်သုန္ဒရဆရာတော်ဘုရားကြီးက လွှဲအပ်ရာ ဆရာတော်၃-ပါး အနက် ဆရာတော် အရှင်ဂန္ဓမာထေရ် ပါဝင်ကြောင်းမှာ—

ဂန္ဓမာထေရသီဟော စ၊ နန္ဒိယော မာဃိန္ဒော တထာ။
ဣတိ တိဏ္ဏံ မဟာရာမံ၊ အဒါသိ ဒါနကောဝိဒေါ။—

ဟူသော ဂါထာဖြင့် ထင်ရှားလေသည်။

## မဟာဝိသုတာရာမတိုက် မဟာနာယက ဖြစ်ခြင်း

သက္ကရာဇ် ၁၃၃၄-ခုနှစ် ပဌမ ဝါဆိုလဆန်း ၁၅-ရက်နေ့ ညဉ့် ၈-နာရီ အချိန်တွင် 'အဘိဓဇမဟာရဋ္ဌဂုရု' ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသဖြင့် ထိုသည့် ၁၃၃၄-ခုနှစ် ပဌမ ဝါဆိုလဆန်း ၁၅-ရက်နေ့ ည ၈-နာရီကျော်မှ စ၍ ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယ် စာသင်တိုက်ကြီး၏ မဟာနာယက ဖြစ်တော်မူလေသည်၊ မဟာနာယ ဖြစ်သည်နှင့် တပြိုင်နက် ပခုက္ကူသံဃာ့ဂိုဏ်း မဟာဝိသုတာရာမဂိုဏ်း ဂဏဝါစက နိကာယကြီး၏ နိကာယာဓိပတိ မဟာနာယကလည်း ဖြစ်တော်မူသည်။

ဂန္ဓမာထေရသေဋ္ဌော ဟိ၊ စစ်ကိုင်းဒေသဇ ပုဂ်ဂဝေါ။
ပုဂ်ဂဝေါ ဘိက္ခုသံဃဿ၊ သမ္ဗုဒ္ဓစက္ကပါလကော။

# ဒွါဒိသတိမပိုင်း

## မင်းကွန်း တောရ ဆရာတော်

### အရှင် မုနိန္ဒဃောသ မဟာထေရ်

စစ်ကိုင်း သာသနာ့ဝင်ကျမ်း၌ အရှင်မုနိန္ဒဃောသ မဟာထေရ်မြတ် ၂ ပါး အကြောင်းအရာကို ဖော်ပြထားရာ ယခုဖော်ပြသည့် အရှင်မုနိန္ဒဃောသထေရ်ကို မင်းကွန်းဆရာတော်ဟု မှတ်သားရာ၏။

မဟာထေရ်မြတ်သည် ရတနပူရ အင်းဝမြို့တော် ဈေးငယ် ပိုးတန်းရပ်၌ အဖ ဦးထွေး အမိ ရှင်မှန်ညိုတို့မှ သက္ကရာဇ် ၁၁၂၃-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်မည် မောင်ခွေးဖြူ ဖြစ်လေသည်။

### ရှင် ရဟန်း ပြု - ပညာသင်

အရွယ်ရောက်သော် ရှင်သာမဏေ ဝတ်၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်၊ သက်တော် ၂၁-နှစ် ရဟန်း ပြုတော်မူခဲ့လေသည်၊ ဘွဲ့တော်မှာ အရှင်မုနိန္ဒဃောသ ဖြစ်လေသည်။

ငယ်စဉ်က ဗဒိုကျောင်းတိုက် အတွင်းရှိ ပဲခင်းကျောင်း ဆရာတော်ထံတွင် ပညာ သင်ကြားတော်မူခဲ့လေသည်။

### တောကျောင်း မွေ့လျော်

ဆရာတော်သည် စာပေ တတ်မြောက်ပြီးနောက် ဂါမဝါသီ ကျောင်းမှ ဖဲ့ခွာတော်မူ၍ မင်းကွန်းရွှေမြင်တင်တောင် ခါးပမ်း(တောင်ထိပ်) ရွှေမြင်တင် ဘုရားအနီး တောကျောင်း၌ သီတင်းသုံးတော်မူကာ ပရိယတ်, ပဋိပတ် ၂-ရပ်သော ဓုရတို့ကို ကြိုးပမ်း အားသစ်တော် မူခဲ့လေသည်၊ အင်းဝမြို့ သူဌေးတန်းရပ် မဟာဇောတိက သူဌေး၏ ကျောင်းဆောက် တင်လှူခြင်းကို ခံယူတော်မူလေသည်။

### ကျမ်းဂန် ပြုစုခြင်း

ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့မှာ—

၁ - ဓာတုဝိဘာဂ ဒီပနီ

၂ - သီမာလင်္ကာရသင်္ဂဟနိဿ - စသည်တို့ ဖြစ်ကုန်၏။

## သီမာလင်္ကာရ သင်္ဂဟ နိသျ

သာသနာသက္ကရာဇ် ၁၇၀၀–၁၈၀၀ အတွင်းတွင် သီဟိုဠ်ကျွန်း၌ ထင်ရှားခဲ့သော ဝိနယဝိနိစ္ဆယဋီကာ, ဥတ္တရဝိနိစ္ဆယဋီကာ စသည့်ကျမ်းဂန်များစွာတို့ကို ပြုစုတော်မူခဲ့သော အရှင်သာရိပုတ္တရာ၏ တပည့် အရှင်ဝါစိဿရသည် ဂါထာ ၁၀၀ ရှိ သီမာလင်္ကာရသင်္ဂဟပါဌ်ကို ရေးသားစီရင်တော် မူခဲ့လေသည်၊[၁] အရှင်မုနိန္ဒဃောသမဟာထေရ်သည် ဖော်ပြပါ သီမာလင်္ကာရသင်္ဂဟပါဌ်၏နိသျကို သက်တော် ၅၈-နှစ်ရှိရာ ၁၁၈၁-ခုနှစ်ပြာသိုလဆုတ် ၁၀-ရက်နေ့ မွန်းတည့်ချိန်တွင် အပြီးသတ် ရေးသားစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌—

> သဗ္ဗညုတဉာဏရုစိရံ သုဂတာ နဘံ တံ၊
> ဓမ္မိန္ဒုလောကတမဃာတမလံ အနန္တံ။
>
> နက္ခတ္တတာရဂဏသံဃဝရံ ဇနာနံ၊
> အာလောကနိသိတပဇံ ရတိဇံ သုဝန္ဒေ။
>
> သီမာလင်္ကာရသင်္ဂဟဂန္ထဿ နိဿယံ ကဿံ၊
> ဓာရိတတ္ထာယ သံခိပတဗ္ဗဏ္ဏာနံ သုနိဿာယ။

ဟူသော ၂–ဂါထာဖြင့် ရတနတ္တယ ပဏာမ, ပဋိညာဉ် စသည်တို့ကို ပြုတော်မူခဲ့လေသည်။

မုနိန္ဒ ဃောသောတိ၊ ဟူ၍။ လဒ္ဓနာမော၊ သော။ အရည ဝါသီ၊ သော။ အဋ္ဌပညာသဝဿော၊ ၅၈ နှစ်ရှိသော။ ယောထေရော၊ သည်။ မင်းကွန်းဣတိနာမဂါမေ၊ ၌။ မဟာစေတျဿ၊ ပုထိုးတော်ကြီး၏။ ဤသံ ဒက္ခိဏ နိဿိတေ၊ စဉ်းငယ်တောင်အရပ်ကို မှီသော။ ပစ္ဆိမဘာဂေ၊ ၌။ သတ္တဟတ္ထ ဒဏ္ဍေန၊ ၇-တောင်တာဖြင့်။ ပဉ္စသတေ၊ ၅၀၀ ရှိသော။ ဂိရိမုဒ္ဓနိ၊ တောင်ထိပ်၌။ ဗောဓိစေတျာဒီဟိစ၊ တို့ဖြင့်လည်းကောင်း။ မနောရမ္မေဟိ၊ ကုန်သော။ ပုပ္ဖဖလဝရေဟိ၊ ကုန်သော။ ရုက္ခေဟိစ၊ တို့ဖြင့်လည်းကောင်း။ မဏ္ဍိတေ၊ သော။ အရညဝိဟာရေ၊ ၌။ ပဋိဝသတိ၊ ၏။ တဒါကာလေ၊ ၌။ ဂါထာသတပဋိမဏ္ဍိတဿ၊ သော။ သီမာလင်္ကာရသင်္ဂဟဂန္ထဿ၊ ၏။ နိဿယော၊ ကို။ ကောသိတာဒိတော၊ ၈၁-ခု အလွန်ရှိသော။ သတေစ၊ သည်လည်းကောင်း။ သဟဿေစ၊ သည်လည်းကောင်း—

စသောစကားရပ်တို့ဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

ၡင်းပြင် ဤစာရေးရ မြတ်ပုညကြောင့် ဝဋ္ဋကို ဖြစ်စေတတ်သော သမုဒယသစ္စာသည် တဘဝထက်တဘဝ အားနည်းသည် ဖြစ်၍ ပရမတ္ထ နိဗ္ဗာန်သို့ ရောက်ရလိုကြောင်း တောင်းဆုခြွေတော်မူခဲ့လေသည်။

---

၁။ မဟာဝိသုတာရာမ နိကာယ သာသနာဝင်–၈၈ ကြည့်။

ဖော်ပြပါ သီမာလက်ာရသင်္ဂဟနိဿျကျမ်းမှာ ၁၂-ကြောင်းပေ တအင်္ဂါ လျော့လျော့ ရှိလေသည်။

## 'ရာဇဂုရု' ၂-ထပ်ရ - ပျံလွန်ခြင်း

ဆရာတော်သည် 'မုနိန္ဒာဘိဃောသမဟာဓမ္မရာဇဂုရု' ဘွဲ့တံဆိပ်တော်နှင့် 'မုနိန္ဒာဘိဃောသ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ကို လည်း အလှူခံ ရရှိတော်မူခဲ့လေသည်၊ သက်တော် ၉၀ တွင် ပျံလွန်တော် မူခဲ့လေသည်။

မုနိန္ဒဃောသ သပ္ပညော၊ ပသိဒ္ဓေါ သာသနမ္ဗရေ။
ဝုရဒ္ဓယေ စရိတွာန၊ ပယာတော တိဒသာလယံ။

——

## 'ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော် သုံးထပ်ရ
## မန္တလေး - ဆီးပန်းနီဆရာတော်
### အရှင်နရိန္ဒ မဟာထေရ်

ဆရာတော်သည် မင်းကွန်း ဇာတိ ဖြစ်ရာ စစ်ကိုင်း မင်းကွန်း သာသနာ့ဝန် ဆောင်တို့ကို မှတ်တမ်းတင်၍ ဤစစ်ကိုင်းသာသနာဝင်ကျမ်းကြီး၌ မှတ်တမ်း တင်အပ်ပါသည်။

## ဖွားမြင် - ပညာသင် - ရှင် ရဟန်းပြု

မန္တလေးမြို့ အနောက်ဖက် ရေဝတီမြစ် တဖက်ကမ်းရှိ မင်းကွန်းရွာ၌ အဖ ပဒုံမင်းတရား၏ အတိုင်ပင်ခံ အမတ်ကြီး မဟာရာဇသင်္ကြံ နှင့် ဇနီးတို့မှ သက္ကရာဇ် ၁၁၇၃ - ခုနှစ် ပြာသိုလဆုတ် ၁ -ရက်နေ့တွင် ဖွားမြင်တော် မူသည်၊ ငယ်မည် မောင်မှော် ဖြစ်လေသည်။

ဘကြီးတော် စစ်ကိုင်းမင်း လက်ထက် စလင်းမင်းသားကြီးဆရာတော်နှင့် မြသိန်းတန် ဆရာတော်ကြီးတို့ထံ ပညာသင်ကြားခဲ့သည်၊ အရွယ်ရောက်သော် ရှင်သာမဏေ ဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်၊ ဘွဲ့တော် ရှင်နရိန္ဒ ဖြစ်လေသည်၊ သက်တော် ၂၀ -တွင် ရဟန်း ပြုခဲ့သည်၊ ဘွဲ့တော် မှာ ရှင်နရိန္ဒဓဇ ဖြစ်သည်၊ သာမဏေကထက် 'ဓဇ' တိုးလာ၏။

ရွှေဘိုမင်းနှင့် ပုဂံမင်း လက်ထက်တွင် အမရပူရမြို့ မိုးထိတိုက်၌ ဘိတင်း သုံးတော်မူ၍ မိုးထိဆရာတော်နှင့် ပြည်ဆရာတော်ဘုရားကြီးတို့ထံ ပညာ သင် ကြားတော်မူခဲ့လေသည်၊ အမရပူရမြို့ ဆီးပန်းနီတိုက်၌လည်း သီတင်းသုံးဟန်

ရှိ၏၊ အမရပူရမြို့ ဝေဃံဘုံသာကျောင်းတိုက်၌လည်း စာပေ ချပို့တော်မူခဲ့သည်။

ပုရေ အမရနာမမှိ၊ အာရာမေသု ဝိဒ္ဒူ သုဓိ။
တေသု တေသု ဝသိတွာန၊ သိက္ခိတဗ္ဗေ သုသိက္ခိသော။

## မန္တလေးမြို့သို့

မင်းတုန်းမင်းတရားကြီး ထီးနန်း သိမ်းပိုက်ပြီး မန္တလေး မြို့သစ် နန်းသစ် တည်ထောင်သော အခါ အမရပူရမှ ကျောင်းတိုက်ပေါင်း များစွာတို့ မန္တလေး ရွှေ့ပြောင်းလေရာ ဆီးပန်းနီ တိုက်လည်း မန္တလေးသို့ ရွှေ့ပြောင်း တည်ဆောက်ခဲ့လေသည်၊ ထိုအခါတွင် အရှင်နရိန္ဒဓဇသည် မန္တလေးမြို့ ဆီးပန်းနီ ဆရာတော် ဖြစ်လာသည်။

## ဆီးပန်းနီတိုက် ငါးတိုက်

ဆီးပန်းနီကျောင်းတိုက်သည် ငါးတိုက် ရှိလေသည်၊ ယင်း ငါးတိုက်မှာ —

( ၁ ) အမရပူရမြို့ ဆီးပန်းနီတိုက်၊ ယင်းမှာ ယခု တံခွန်တိုင်ဘုတာ အရှေ့ဖက် တောင်ခွင်တိုက်၏ အရှေ့မြောက်ဖက်နှင့် မနီးမဝေးတွင် ရှိ၏။

( ၂ ) မန္တလေးမြို့တော်သို့ ရွှေ့ပြောင်း တည်ထောင်သော ဆီးပန်းနီတိုက်၊ ယင်းမှာ နန်းတော်မင်္ဂလာ တံတားမှ တောင်ဖက် ၂ - မိုင်ခန့် အကွာ တောင်ပြင် စီးတော်မြင်းဝန်တိုက်နှင့် ဗန်းမော်တိုက်တို့၏ အလယ်၌ တည်ရှိသည်။

( ၃ ) မင်းတရားသည် မန္တလေးမြို့တော်သစ်သို့ ပြောင်းရွှေ့ သီတင်းသုံး တော်မူသော သံဃာတော်များကို နန်းတော်သို့ ပင့်ဖိတ် ဆွမ်း ကပ်ပြီးနောက် 'ဆရာတော် နေရာထိုင်ခင်း အဆင်ပြေမှု ရှိမရှိ' လျှောက်ထားလေရာ ဆီးပန်းနီဆရာတော်က 'မင်းတရားက တို မဲဇာပို့ထားသည်' ဟု မိန့်တော်မူသဖြင့် မင်းတရားက ဆီးပန်းနီ ဆရာတော်ကို မျက်ပါးရပ် (ယခု ပြည်ထောင်စု ရဲလေ့ကျင့်ရေး ကွင်း အနောက်မြောက်ထောင့်) ၌ ကျောင်းတိုက်နေရာသစ် ထပ်မံ ပေးလှူတော်မူသည်၊ ယင်း ကျောင်းတိုက်ကို ဓမ္မာရုံတိုက်ဟု အမည် မှည့်သော်လည်း မတွင်ချေ၊ ဆရာတော် အရှင်နရိန္ဒဓဇသည် ဤ ၃ - နံပါတ် ဆီးပန်းနီ ကျောင်းတိုက်၌ သက်ဆုံးတိုင် သီတင်းသုံး တော်မူ၍ သာသနာပြုတော်မူခဲ့လေသည်။

( ၄ ) ဆရာတော် ဦးနရိန္ဒဓဇ မရှိသည့်နောက် ယင်း ကျောင်းတိုက်မှ

တိုက်အုပ်ဆရာတော် အရှင်အရိယဝံသ (လူမည် ဦးမင်အို) သည် ယခု မန္တလေး တောင်ပြင် ရှမ်းစုဘူတာ၏ အရှေ့မြောက်ယွန်း ညောင်ကန်တိုက် နှင့် မိုးထားတိုက်ကြား နေရာသို့ ပြောင်းရွှေ့ တည်ထောင်ခဲ့လေသည်။

(၅) ဆရာတော် အရှင်နရိန္ဒ မန္တလေး မူလ ဆီးပန်းနီတိုက်မှ မျက်ပါး ရပ်သို့ ပြောင်းရွှေ့သော်လည်း မူလ ဆီးပန်းနီတိုက်၌ သံဃာများ အဆက်မပြတ် သီတင်းသုံးလျက်ရှိရာ ၁၂၇၀-ပြည့်နှစ်တွင် စိုက် ပျိုးရေးသိပ္ပံ (ယခုမန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်) ကျောင်း တည်ထောင်ရန် အတွက် သက်ဆိုင်ရာတို့က ထိုစဉ်က အကြီးအကဲ ဆရာတော်ဖြစ်သည့် ဦးမာလာကို ကျေနပ်အောင် လျှောက်ထား၍ နေရာစား ပေး၍ လဲလှယ်ခဲ့သည်၊ အစားပေးသည့် နေရာကား မိုးထားတိုက် အရှေ့ဖက် ဖြစ်သည်။

ဆီးပန်းနီအာရာမာ ပဥ္စ၊ အမရေ မန္တလေး ပုရေ။
ဉာယရေ ဝ္ဂတိဟာသေသု၊ သုတေသိ ကဝိဝိညုနာ။

**စာပေ ချပို့ - ကျမ်းစာရေး - သာသနာပြု**

ဆရာတော် အရှင်နရိန္ဒဓဇသည် စာပေချပို့၍ လည်းကောင်း ကျမ်းဂန် များကို ပြုစု၍ လည်းကောင်း သာသနာ ပြုတော် မူခဲ့လေသည်၊ ကျမ်းဂန် များမှာ —

၁ - ကဝိမဏ္ဍန မေဒနီကျမ်း
၂ - ပါတော်မူ တမ်းချင်း
၃ - သင်္ဂါယနာတင် အန်ချင်း
၄ - အောင်ခြင်းရှစ်ပါး ပျို့သစ်
၅ - စရိယာပိဋကအဋ္ဌကထာ နိဿယ
၆ - ခတ္တိယောဝါဒလင်္ကာ
၇ - သိဿကောဝါဒ လင်္ကာ
၈ - ကထိန် အမေး အဖြေ - စသည်တို့ ဖြစ်ကုန်၏။

ဖော်ပြပါ ကျမ်းများ အနက် ကထိန် အမေး အဖြေ ကျမ်းက မင်းတုန်းမင်း ခေတ် သို့မဟုတ် ကုန်းဘောင်ခေတ်၌ ကထိန်ပွဲများကို အမေး အဖြေ ပြုလုပ်၍ ခမ်းခမ်းနားနား ပြုလုပ်ကြောင်း သာသနာ့ ယဉ်ကျေးမှု တရပ်ကို ပြောနေ၏၊ ယင်းကထိန် အမေး အဖြေ ကျမ်း၌ —

ကောသလ္လတ္တာယ ဝိနယေ၊ အသမ္ဗောဟာယ ဒါနိတံ။
ပါဠိယတ္ထာနုသာရေန၊ ပုစ္ဆိဿံ တာဝ တေ အဟံ။

ဟူသော ဂါထာဖြင့် အမေး ပုဂ္ဂိုလ် (အမေး ရဟန်း, သာမဏေ) က ဝတ်ပုံကိုလည်းကောင်း၊

ကထိနတ္တာယ သံဃဿ၊ ဉတ္တိမံ ကထိနစီဝရံ။
နိယျာတိတံ ဝိစာရေထ၊ ယထာဓမ္မံ ဟိ ဓမ္မိကံ။

ဟူသော ဂါထာဖြင့် အဖြေ ပုဂ္ဂိုလ် (အဖြေ ရဟန်း, သာမဏေ) က စ၍ ဖြေဆိုပုံကိုလည်းကောင်း ရေးသား စီရင်တော်မူခဲ့သည်။

## ဘွဲ့တံဆိပ်တော် သုံးထပ် ရရှိခြင်း

ဆရာတော်သည် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး လှူဒါန်းသည့် 'နရိန္ဒာဘိ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော် 'နရိန္ဒာဘိသိရီသဒ္ဓမ္မဇောတိပါလဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်များနှင့် ရတနာပုံ ဒုတိယနန်းစံ သီပေါမင်းတရား ဆက်ကပ် လှူဒါန်းသည့် 'နရိန္ဒာဘိဓဇအတုလဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော် အားဖြင့် ဘွဲ့တံဆိပ်တော် သုံးထပ်ကို ခံယူတော်မူခဲ့လေသည်။

## ပဥ္စမသံဂါယနာသဘင် ကျောက်ထက်အက္ခရာတင် ခေါင်းဆောင်တပါးအဖြစ် ပါဝင်ခဲ့

မင်းတုန်းမင်းတရားကြီးသည် ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာ မတင်မီ ၆-လ တိုင်တိုင် ပဥ္စမ သံဂါယနာပွဲကြီးသဘင် ယင်တော်မူခဲ့လေသည်၊ ယင်းပွဲကြီး၌ စွမ်းဆောင်နိုင်သော ရဟန်းတော်များ ပိဋကကျမ်းစာများကို တကျမ်းစီ နှုတ်လွတ် ရွတ်ဆိုတော် မူကြကုန်၏၊ ထိုစဉ်က လယ်တီဆရာတော်လောင်းလျာ ရဟန်းငယ် အရှင်ဉာဏသည် ကထာဝတ္ထုကျမ်းကြီးကို နှုတ်လွတ် ပြန်ဆိုတော် မူခဲ့လေသည်။

ယင်းသို့ ပဥ္စမသံဂါယနာတင် ပွဲကြီးယင်ရာ ရွှေနန်းပြာသာဒ်တော်ကြီး၌ စာဝါ နိမ့် မြင့် သုံးဆင့် ခွဲခြမ်း၍ ပဌမတန်း ကျမ်းစာမှာ မှန်ကတင် ထီးဖြူဆောင်း, ဒုတိယ ကျမ်းစာမှာ မှန်ကတင် ထီးဖြူစိုက်, တတိယ ကျမ်းစာမှာ ထီးဖြူ မပါပဲ မှန်ကတင် သက်သက်ဖြင့် ရွတ်ဆိုရ၏၊ ၎င်း ရွတ်ဆိုပွဲ အပြီးတွင် ပိဋကတ်တော်များကို ၅-နှစ်ကျော်ခန့် ကျောက်ထက်အက္ခရာ ရေးတင် ရလေသည်၊ ကျောက်ချပ်ရေပေါင်း ၇၂၉-ချပ် ရှိလေသည်၊ ယင်းသို့ ကျောက်ထက်အက္ခရာ တင်စဉ် ကြပ်မ ပြုပြင်ရသော ဆရာတော်များမှာ တောင်ဆောင်မိဖုရား ဆရာ 'ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မ ရာဇာဓိရာဇဂုရု' ဘုရားကြီး

ဆရာတော်, 'သုမင်္ဂလသာမိသိရိပဝရမဏိဇေမဟာဓမ္မရာဇာဓိရာဇဂုရု' စီးတော် မြင်းဝန်ဘိုက် ဆရာတော်နှင့် ဘွဲ့တံဆိပ်တော် သုံးထပ်ရ ဆီးပန်းနီ ဆရာတော် အရှင်နရိန္ဒမဟာထေရ် ဖြစ်လေသည်၊ ဆရာတော်သည် 'ပဥ္စမသံဂါယနာ သမိုင်း အန်ချင်းကို' အောက်ပါ အတိုင်း ကိုယ်တိုင် ဖွဲ့ဆိုတော် မူခဲ့လေသည်။

## သေလာရှဥ္ဇ ပဥ္စမသင်္ဂါယနာတင် သမိုင်း အန်ချင်း

သူကောင်းလေ။ ။ကုန်းဘောင် ရွှေပြည်၊ ထောင်ဦး တည်သား၊ ဇာနည်ဥက္ကဋ္ဌ၊ ဘေးလောင်းနတ်မှ၊ မပြတ် စဉ်ရိုး၊ ပွားပြုံး ပွားပြုံး၊ မုတ္တာကုံးသို့၊ မင်းဆုံးနှင်နှင်၊ ဆဒ္ဒန်သျှင်တွင်၊ သိုက်ဝင် ဒသမ၊ ကွာပိန္ဒကား၊ စကြာ့တန္ခုန်း၊ သက္ကဘုန်းဖြင့်၊ ကုန်း, အင်း, ကိုင်း, အ, မ, ငါးဌာနတွင်၊ မ-အက္ခရာ၊ မန္တလာကို၊ ပထမာဒိက၊ လက်မှန်စ၍၊ ရာဇနဂရေ၊ မင်းနေပြည်ကြီး၊ ဘန်ဆင်းပြီးသော်၊ စောထီးမြတ်စွာ၊ န-လေးဖြာဖြင့်၊ မှာတော်မူခဲ့၊ ပုန်းရာမဲ့ကို၊ ပြဲ့ပြဲ့ထင်မြင်၊ ရှုဆင်ခြင်၍၊ သင်သရာဝဋ်၊ လွတ်ပစေသော၊ ကျွတ်စေသြဟု၊ မနောပဏိဓိ၊ ရည်သန်ရှိလျက်၊ ပကတိ ငွေရောင်၊ သလင်းတောင်မှ၊ ယူဆောင်ကျောက်ချပ်၊ တမော့အပ်၍၊ ပွတ်သပ်ပြီးခါ၊ သာသနာမူ၊ ဃာနာဝရ၊ ဂေါစာ့ပုံရေး၊ ဒွေးဒွေးဒွေက၊ သရဒ သဘင်၊ ဦးရက်တွင်နှိုက်၊ ရေးတင် ဆစ်ထု၊ လယ်သားစုကို၊ သုမင်္ဂလာ၊ ဇာဂရာနှင့်၊ နရိန္ဒာဘိဇေ၊ အတုလဓိပ်၊ တံဆိပ်တစ်မှတ်၊ ပိဋ္ဌကတ်ကို၊ ပတ်ပတ်ရစ်လိုမ့်၊ စက်နှုယ်အိမ့်သား၊ နှစ်သိမ့်လေ၁့စွာ၊ ထေရ်သုံးဖြာလျှင်၊ သေချာဖြင့်ရွှတည်း၊ ပြင်ဆင်လည်းသည်၊ ဝိနည်း ဘိဓမ္မာ၊ သုတ္တန္တာဟု၊ ရာတဆဲ့တစ်၊ နှစ်ရာ့ရှစ်နှင့်၊ ဇော-ဇက်-သုည၊ ပေါင်းလကမူ၊ ခုနစ်ရာ့-နှစ်ဆယ်၊ ကိုးကွယ်ချပ်မှန်၊ ဓမ္မခန် ရှစ်သောင်း၊ လေးထောင်ပေါင်းကား၊ ရှင်ကောင်း သာသနာ၊ နှစ်ထောင်သာလျက်၊ လေးရာဆဲ့နှစ်၊ သက္ကရာဇ်မူ၊ တစ်-နှစ်-သုံး-နောက်၊ သုညပေါက်၍၊ လရောက် ကဆုန်၊ ပုဏ္ဏာဖိတ်နေ့၊ ပြီးစုံစေ့ရှင်၊ ချမ်းမြေ့နှစ်သက်၊ အထက် လေးဖြာ၊ သင်ယနာတွင်၊ သေလာရှဥ္ဇ၊ ပဥ္စမသင်္ဂါယနာ၊ တင်ပြန်လှာသည်။ ။ရတနာပုံနန်းတွင်တည့်လေး။ ။မေတ္တာသက်ဝေသူကောင်းတို့။ ။

## ကြံရည် ဖန်ရည် အလွန်ကောင်းသော ဆရာတော်

ဆရာတော်သည် ကြံရည် ဖန်ရည် နှလုံးရည် လွန်စွာ ကောင်းမွန်သည့် ဆရာတော် ဖြစ်သည်၊ မျိုးချစ်စိတ်လည်း ကဲလွန်တော်မူ၏၊ ဆရာတော်၏ ကြံရည် ဖန်ရည် မျိုးချစ်စိတ်ကို အောက်ပါ သီပေါမင်းပါတော်မူ ရတုဖြင့်

လည်းကောင်း ကင်းဝန်မင်းကြီးရေး 'မန်းမကိုဋ္ဌမှာလ' စသော လေးချိုးကို ဖြေဆိုရာ လေးချိုးဖြေ ကေပိုဒ်ရတုဖြင့် လည်းကောင်း သိသာလေသည်။

### ဆီးပန်းနီဆရာတော်၏ သိပေါမင်း ပါတော်မူ သံဝေဂ ကေပိုဒ် ရတု

မှတ်ပါရစ်စေ၊ မှာခဲ့ပေအံ့၊ သံဝေဓမ္မ၊ ယူကုန်ကြလော့၊ သုဒဿန, မြို့မသခင်၊ သူရာစင်လျက်၊ လုလင် မာဃ၊ ဦးစောက်ချ၍၊ အမရဝတီ၊ ပူရီပြည်လုံး၊ လက်ရုံးကျူးသို၊ ထုံးနှင့် တူလစ်၊ ကောဇာစစ်မူ၊ ကော်, ဒွေး, ဇော, သတ်၊ လမြတ်ထွန်းပြောင်၊ တန်ဆောင် သရဒ၊ ကဏှပက္ခ၊ ဆင္ဒ ပူးရက်၊ နေဝင်ထွက်အောင်၊ ရှစ်မျက်လောကဓာတ်၊ ကောင်း ကင်လတ်မှ၊ ပြာသာဒ်ကုဋ္ဌေ၊ ကြယ်ကျွတ်ကြွေရှင့်၊ နေတဖန်ထွက်၊ သတ္တ ရက်ဝယ်၊ လက်နက် လျှံထိန် စွဲကိုင်ချိန်သား၊ အိန္ဒြိယတိုင်းသား၊ ရဲယောကျ်ားတို့၊ ပတ္တမြားစီရံ၊ ရွှေနန်းဗုံသို့၊ ချုံချုံဝင်ရောက်၊ ရှစ်ရက် မြောက်က၊ အနောက် ဂေါ်ရာ၊ နေဝါလျောသက်၊ ကလုန်ရက်တွင်၊ သုံးချက်ကျော်ပြီ၊ ဒွါဒသီဝယ်၊ မှီသည် ဗြိတ္တာ၊ ဂရုဍာမှတ်၊ ဆဒ္ဒန် မြတ်မှ၊ ပူးနတ် ဓနု၊ ရာဟုစန္ဒာ၊ သိဟ်သီဟာနှင့်၊ ဇီဝါကန်နေ၊ နဂါး မြေလည်း၊ မေရုန် ပျော်လျက်၊ မိဿလဂ်တွင်၊ နက္ခတ်စဉ်ရုံး၊ ဆယ်လုံး တပဒ်၊ လေးမှတ်ဗိနာ၊ ပွားလာ ရက်ချိန်၊ ရွှေ့ရွှေ့ထိန်သား၊ သုဒ္ဓိန် နှစ်ရာ၊ နောဝ်သာဥ်၊ မြန်မာ့ဘုရင်၊ ဇာတာပြင်လည်း၊ မသန့်စင်ဂြိုဟ်၊ နှိပ်ပြဆိုက်က၊ မှားမိုက်လှစွာ၊ ကိုယ့်မှီရာကို၊ ကိုယ်သာ ဖျက်ဆီး၊ သီးကာစီးသည့်၊ မူးကြီး မတ်ငယ်၊ မာလောနွယ်တို့၊ ဝှက်ကွယ်လှည့် ဝိုက်၊ သူဖက်လိုက်၍၊ စရိုက်စောင်းငဲ့၊ သစ္စာမဲ့ကြောင့်၊ နှစ်ဆဲ့ခုနစ်နှစ်၊ နန်းစံရှစ်တွင်၊ ကသစ်ဘုံနေ၊ သိကားကြွေသို့၊ ချက်ရွှေသိုးရာ၊ မန်းပြည် သာမှ၊ မိတ္တာမေဘာ၊ ပြွမ်းပြွမ်းထသည့်၊ ကုလားနိုင်ငံ၊ လွှဲပြောင်း စံရှင့်၊ လောကဓံအဋ္ဌ၊ သဘာဝကြောင့်၊ ဂေါတမဘုန်းခေါင်၊ သာသနာ ရောင်လည်း၊ မပြောင်မရွှန်း၊ အမှောင်စွန်းခဲ့၊ ကျွန်းသပြေဒီ၊ ဓရဏီ ထက်၊ ခိုမှီ နေရိုး၊ မြန့်လူမျိုးတို့၊ လန့်စိုးထိတ်လ၊ သံဝိဂ္ဂဖြင့်၊ ဖြစ်က ပျက်မြဲ၊ မလွှဲစသာ၊ ကြုံကြလာသား၊ သံသရာ့သဘော၊ တွေ့ရသြဟု၊ စိတ် ဇောသိမ်မွေ့၊ တလေ့လေ့ဖြင့်၊ စေ့စေ့မှတ်သား၊ ထပ်ထပ်ပွား၍၊ တရား သံဝေ - ယူကြလေ။

### ကင်းဝန်မင်းကြီးရေး 'မန်းမကိုဋ္ဌမှာလ' စသော လေးချိုးကို ဖြေဆိုရာ လေးချိုးဖြေ ကေပိုဒ်

တဖန်မှတ်စေ၊ ထပ်၍ ဖြေပိမ့်၊ သံဝေရမူ၊ ရှေးကပြုသည်၊ ရတုဘိုး ထိုက်၊ ကေပိုဒ်ကို၊ လိုက်၍ဖြေပေ၊ ဉာဏ်ကဝေတို့၊ ဖြစ်လေရှေးက၊

ကောသလ၏၊ သောဋ္ဌသဇာတ်၊ အဋ္ဌုပ္ပတ်နှင့်၊ သတ္တဝါကြမ္မာ၊ သခ်ါရ တရား၊ နွားလား ရှေ့ဆောင်၊ ပမာမြှောင်လျက်၊ မင်းခေါင်ကိုသာ၊ ပြစ်ရှာဘန်ဘန်၊ ဆိုပြန်ဘိဘိ၊ ထိထိပါးပါး၊ စကားဘောက်လှဲ၊ ကိုယ်ကိုလွဲလည်း၊ မလွဲစသာ၊ ဤအရာဝယ်၊ ပမာထင်ထင်၊ ကဗျာ တင်က၊ ပေါက်ပင်ကိုင်းငြိတ်၊ ဗျိုင်းနိမိတ်ကို၊ ဖိုလ်ဟိတ်စပ်ခါ၊ ဟပ်၍ ရှာမူ၊ သတ္တဝါဘူဇဂ၊ ချင်းမူလဟု၊ သိရသောနှယ်၊ မလွယ်ဘွယ်သည့်၊ နွယ်မာလောညွှန့်၊ ဆင်ခြေကွန့်လည်း၊ မလွန့်စသာ၊ အကြောင်းမှာ ကား၊ ငယ်စွာနုမျစ်၊ ကြလိုမျှစ်သို့၊ မြေးမြစ်အလား၊ မင်းနှစ်ပါးတို့၊ တိုင်းကား နှင်းထပ်၊ ကိုယ်ကိုအပ်၍၊ ပညပ်စေကြောင်း၊ မှူးမတ်ပေါင်း အား၊ ဆိုးကောင်းအရေး၊ လွှဲပေပေးလျက်၊ တရွေး တရသီ၊ တဗိ ဇဝါ၊ တမှူလွှာမျှ၊ ရသာ အထူး၊ ဂုဏ်ကျေးဇူးကို၊ မှူးမတ်ထံမှ၊ မခံ ရရှင့်၊ သိဃ်တန်ဆောင်၊ ဘုန်းတော်မှောင်၍၊ ကုန်းဘောင်နေမီး၊ မထိန်ညီးက၊ တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်၊ ထီးသုဉ်းနန်သုဉ်း၊ မြို့သုဉ်းသူညာ၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းနှင့်ရလစ်၊ သူညခေတ်ဝယ်၊ ဖြစ်လာ ရလေ၊ တို့တတွေသည်၊ သေလေသော်မှတည့် ဩော်ကောင်း၏။[၁]

## ပျံလွန်တော်မူခြင်း

ဖော်ပြခဲ့ပြီး ဂုဏ်သီးသီးဖြင့် ကျောက်ထီးဘန္တု အလေးပြုအပ်သည့် ကဝိ ကဝိန် ဆီးပန်းနီဆရာတော် အရှင်နရိန္ဒဆရာတော်ဘုရားကြီးသည် သက်တော် ၇၇၊ ဝါတော် ၅၇ ဝါရနှာ သက္ကရာဇ် ၁၂၅၀ ပြည့်နှစ် ကဆုန်လဆုတ် ၁၀ ရက် ဗုဒ္ဓဟူးနေ့တွင် ပျံလွန်တော်မူခဲ့လေသည်။

နရိန္ဒော နရိန္ဒသေဋ္ဌ – သမ္ဗုဒ္ဓသာသနန္ဒရော။
အတ္ထင်္ဂတော မဟာထေရော၊ အဟော သင်္ခါရဓမ္မတာ။

## ဆီးပန်းနီစေတီ

ဆရာတော်ဘုရားကြီး၏ ဥတုဇ ရုပ်ကလာပ် အရိုးဓာတ်တို့ကို ပင်းသာ မင်းသားက ဒါယကာ ခံ၍ မန္တလေးမြို့ ချမ်းမြသာစည် ရဲဌာနာ အရှေ့ဖက် မန္တလေး ရန်ကုန်သွား ကားလမ်းကွေ့၌ စေတီ တည်ထားခဲ့လေသည်၊ ယင်း စေတီသည် ဆီးပန်းနီစေတီ ဖြစ်သတည်း။

စေတိယမ္ပိ စ ကာရေသိ၊ ပင်းသာ ခတ္တိယဇာတိကော။
လောကသာသန အတ္ထာယ၊ တဿ ဥတုဇဒေဟကံ။

---

၁။ ကဝိမဏ္ဍန မေဒနီ၊ ပဋ္ဌမတွဲ – ၅၂၃၊ ၅၂၄။

## 'ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ
## မင်းကွန်းဆရာတော် - အရှင်ပဏ္ဍာဝံသ ထေရ်
## [ပန္တလေး - မြတောင်ဆရာတော်]

ဆရာတော် အရှင်ပဏ္ဍာဝံသသည် သာသနာတွင် ထင်ရှားလှသော ဆရာတော် တပါး ဖြစ်တော်မူသည်၊ မန္တလေးမြို့ အနောက်ဖက် အာလောင်ကျွန်း၌ သက္ကရာဇ် ၁၂၀၅ - ခုနှစ် တပို့တွဲလဆုတ် ၅ - ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့သည်။

သက်တော် ၁၆ - နှစ်သား အရွယ်တော်သို့ ရောက်လျှင်ပင် ပညာ ထူး ချွန်သော သာမဏေ အဖြစ် ထင်ရှားလေသည်၊ 'အဂ္ဂမဟာလင်္ကာရ ကဝိ ဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ သင်္ဂဇာဆရာတော်ဘုရား ကြီးထံ၌ ပညာသင်ကြား ဆည်းပူး လေ့လာခဲ့ရာ ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းများစွာနှင့် ဗျာကရဏ်းကျမ်းအမျိုးမျိုးတို့၌ ကျွမ်းကျင် တတ်မြောက် တော်မူသည်။

အရွယ်ရောက်သော် ရဟန်းဘောင် တက်ပြီးနောက် စံကျောင်းဆရာတော်, ရွှေကျင်ဆရာတော်, စလင်းဆရာတော်, မဟာဗိုလ်ဆရာတော်, မြို့ပြင်ကြီးဂိုဏ်း အုပ်ဆရာတော်တို့ ထံတွင် ဆက်လက်ပညာဆည်းပူး သင်ကြား၍ စာပေ ပို့ချ ဂဏဝါစက ပြုတော်မူသည်၊ ထို့နောက် မင်းကွန်း ဥဒုမ္ဗရချောင်သို့ ပြောင်း ရွှေ့ကာ တောရဆောက်တည်၍ သီတင်းသုံးတော်မူသည်၊ အောက်မြို့ ကျေး ရွာသို့ ကြွတော်မူရာ ရွှေကျင် ဆရာတော်ဘုရားကြီးနှင့် တွေ့၍ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဖက်ရှိ ကျောင်းတော်ရာ ရွှေကျင်တိုက်၌ ရွှေကျင် ဆရာတော်ဘုရားကြီးနှင့် အတူ ၁ - ဝါ သီတင်းသုံးတော်မူပြီး သီပေါမင်း တရား ပင့်သဖြင့် မန္တလေးမြို့သို့ ပြန်ကြွတော်မူ၍ မန္တလေး မင်းကွန်း ဥဒုမ္ဗရ ချောင်၌ ပြန်လည် သီတင်းသုံးတော်မူသည်။

ထိုနောက်မှ 'သီရိပဝရမဟာရာဇိန္ဒာဘိသုဓမ္မရတနာစန္ဒာဒေဝီ' ဘွဲ့ခံ အရှင် နန်းမတော် မိဖုရားခေါင်ကြီးက မဏိရတနာရာမ မြတောင်တိုက်သို့ ပင့်၍ သီတင်းသုံးစေတော်မူသည်၊ ဆရာတော်သည် မြတောင်တိုက် ဒေးဝန် အကောက်ဝန်မင်းကျောင်း၌ သီတင်းသုံးတော်မူ၍ များမြောက်စွာသော စာလိုက် သံဃာတို့အား စာပေ ပို့ချတော်မူ၍ ပရိယတ္တိသာသနာတော်ကို လွန်စွာ ချီးမြှောက်တော်မူသည်။

### 'ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ် အလှူခံ

သက္ကရာဇ် ၁၂၄၇ - ခုနှစ် ဝါခေါင်လဆုတ် ၁ - ရက်နေ့တွင် တိုက်တော် သံဃာကုန် စာရေးတန် အလှူပွဲတော်တွင် သီပေါမင်းတရား ဆက်ကပ်

လှုဒါန်းသည့် ' ပဏ္ဍဝံသာဘိလင်္ကာရ ကဝိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု ' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်၊ ဆရာတော်နှင့်တကွ အခြား ဆရာတော် ၃-ပါးတို့လည်း ဘွဲ့တံဆိပ် အဆက်ကပ် ခံရကြောင်း မြတောင် ဆရာတော်ကြီး အဖြစ်တော်စဉ်၌ လာရှိ၏၊ ဆရာတော်သည် ကျမ်းဂန်များစွာတို့ကို ပြုစုတော်မူခြင်းကြောင့်လည်း အနာဂတ် သာသနာ အတွက် အကျိုးပြုတော်မူခဲ့သည်။

ရင်းကျမ်းတို့မှာ —

၁ - ဓာတုမဉ္ဇူသာ
၂ - ဆန်းဋီကာ
၃ - ဓာတွတ္ထဒီပနီ ဋီကာ
၄ - ပညတ်နက်ကျမ်း
၅ - ပဋ္ဌစတ္တာလီသ ပုစ္ဆာကျမ်း
၆ - သတပဒီက ပုစ္ဆာ ဝိသဇ္ဇနာကျမ်း — စသည်တို့ ဖြစ်ကုန်၏။

## ပညတ်နက်ကျမ်း

ရင်းကျမ်းများအနက် ပညတ်နက်ကျမ်းမှာ ပညတ္တတ္ထာဝလိ = ပညတ်နက် စဉ်ကျမ်းပင် ဖြစ်ကြောင်း —

အသင်္ချေယျေ ပညတ္တိဟိ၊ ဝန္ဒိတွာ ဝဏ္ဏိတံ ဇိနံ။
သသဒ္ဓမ္မံ ဂဏံ ကဿံ၊ ပညတ္တတ္ထာဝလိံ သုဘံ။

ဟူသော ကျမ်းဦးဂါထာလာ 'ပညတ္တတ္ထာဝလိံ'ဖြင့် သိသာသည်၊ ဆရာတော်သည် ပညတ်နက်စဉ်ကျမ်းကို မင်းကွန်း ဥဒုမ္ဗရချောင်၌ သီတင်းသုံးစဉ် ရေးသားတော်မူသည်၊ ရင်းကျမ်း ရေးသားတော်မူပြီးမှ မဏိရတနာရာမ မြတောင်တိုက်သို့ ကြွတော်မူကြောင်း ပညတ်နက်စဉ်ကျမ်း နိဂုံးဖြင့် သိရလေသည်၊ ယင်းကျမ်းသည် အဘိဓာနပ္ပဒီပိကာလာ ပုဒ်များနှင့်တကွ ပိဋကတ်၌ အတွေ့များသော ပုဒ်များကိုပါ ထည့်သွင်း စီစဉ်ထားသော မြန်မာပြည် ပါဠိအဘိဓာန်ကျမ်းတို့၏ ရှေ့ပြေး လမ်းညွှန် ပါဠိမြန်မာ အဘိဓာန်ကျမ်းပင် ဖြစ်လေသည်။

## ပဋ္ဌစတ္တာလီသပုစ္ဆာ နှင့် ဝိသဇ္ဇနာကျမ်း

ရင်းကျမ်းမှာ မင်းကွန်း အရှင်ပဏ္ဍဝံသဆရာတော်ဘုရားကြီး ပိဋကတ်တော် ကျမ်းများနှင့် သက္ကတကျမ်းများမှ နက်နဲခဲကပ်သည့် ၄၅ – ရပ်သော အချက်တို့ကို ဒွေးချိုး, လေးချိုး, တေးထပ်တို့ဖြင့် ပုစ္ဆာ ပြဿနာ ပြုလုပ်၍ ထုတ်ဆင့်

အပ်သည်ကို မန်လည်ဆရာတော်ဘုရားကြီးက ဖြေဆိုတော်မူခဲ့သည့်ကျမ်း ဖြစ်သည်၊ အရှင်ပဏ္ဍိတ၏ လက်ရာမှာ ပဥ္စတ္တာလီသပုစ္ဆာကျမ်းသာ ဖြစ်လေသည်၊ ၎င်းဆရာတော်၏ ဂင်္ဂါမြစ် အတိုင်းအတာနှင့် စပ်သည့် ပဥ္စမ ပုစ္ဆာ နမူနာမှာ—

ဥမင်ကို ဖီလာဆီးတဲ့ - တောင်ကြီးတဲ့ ဝိဥ္ဇာ။
တိုက်ပြီးလျှင် သွယ်ဖြာခဲ့ - စိမ်းလဲ့ ညိုပြာ။
မြစ် ဂင်္ဂါ - ဘယ်မျှသာ ရှည်လျား။
အဏ္ဏဝါ ရေယဉ်ကျအောင် - မိန့်ပ ထင်ရှား။ ။

ဟူ၍ပင် ဖြစ်သည်။ ။မန်လည်ဆရာတော်ဘုရား၏ အဖြေ နမူနာမှာ—

ဥမင်ကို ဖီလာဆီး၊ တောင်ကြီးတဲ့ ဝိဥ္ဇာ။
တိုက်ပြီးလျှင် သွယ်ဖြာခဲ့၊ စိမ်းလဲ့ ညိုပြာ။
မြစ် ဂင်္ဂါ အတာ ရှည်လျား။
အဏ္ဏဝါ ရေယဉ်ကျအောင်၊ ယူဇနာ ငါးရာ ပြတယ်၊
ကျမ်းက ထင်ရှား။—ဖြစ်လေသည်။


## သတပဒီက ပုစ္ဆာ ဝိသဇ္ဇနာ

သတပဒီက ပုစ္ဆာ ဝိသဇ္ဇနာကျမ်းမှာ မန်လည် ဆရာတော် ဘုရားကြီးက ၁၂၄၄–ခုနှစ် ကဆုန်လဆန်း ၈–ရက်နေ့က သိမ်မွေ့ခက်ခဲသည့် အချက်တို့ကို ဒွေးချိုး, လေးချိုး, တေးထပ်တို့ဖြင့် ပုစ္ဆာ ပြုလုပ်၍ မေးအပ်သည်ကို အရှင်ပဏ္ဍိတ မဟာထေရ် မင်းကွန်း ဆရာတော် ဘုရားကြီးက ဖြေဆိုတော်မူသော ကျမ်းပင် ဖြစ်သည်၊ သတပဒီကပုစ္ဆာဝိသဇ္ဇနာ၌ မန်လည်ဆရာတော်ဘုရားကြီး၏ မဟာစေတီ နှင့် ရွှေတိဂုံစေတီတော် ပမာဏနှင့် စပ်မေးအပ်သော ပုစ္ဆာ နမူနာမှာ —

ကျွန်းသီဟိုဠ် စေတီမြတ်၊ ဟပတ်တဲ့ ကြီးတာ။
ရွှေတိဂုံ ဆံတော်ဓာတ်၊ သုံးပတ် ပြည့်ပါ။
သည်အလို ထေရ်ကိုဘုန်းငဲ့၊ ပိုနှုန်းသင့် ရသချာ၊ မိန့်ဟပါ အပြီး။
မင်းဒုဋ္ဌာ ဓာတ်ပေါင်းစုံ့ဌာပနာတဲ့၊ မြတ်မဟာ စေတီပုံက။
ရွှေတိဂုံ ဆံတော်မြ၊ ဘယ်နှစ်ဆ ကြီး။ ။

အရှင်ပဏ္ဍိတ အဖြေ နမူနာမှာ —

ကျွန်းသီဟိုဠ် စေတီမြတ် တပတ်တဲ့ ကြီးတာ။
ရွှေတိဂုံ ဆံတော်ဓာတ်၊ သုံးပတ် ပြည့်ပါ။



မူလ မင်းကွန်းဆရာတော်ဘုရားကြီး

အရှင်နာရဒ မဟာထေရ်

(သထုံ ဇေတဝန်ဆရာတော်)

သည်တိုင်းမှန်လျှင် ညီခင်ဘုန်းငဲ့၊ ပို့နှုန်းသင့် - ရသချာ၊
ထောင့်သုံးရာ ငါးဆယ်ပဲ။
မင်းဒုဋ္ဌာ - ခေတ်ပေါင်းစုံ ဌာပနာတဲ့၊ မြတ်မဟာ စေတီပုံက၊
ရွှေတိဂုံ ဆံတော်မြ၊ နှစ်ဆထက် ကဲ။

ဤသို့ဖြင့် အရှင် ပဏ္ဍိဝံသ၏ ပုစ္ဆာ ဝိသဇ္ဇနာတို့မှာ မိလိန္ဒ မင်းရာဇာ၏ ပုစ္ဆာနှင့် အရှင်နာဂသိန်တေရ်မဟာ၏ ဝိသဇ္ဇနာတို့ ပမာ လွန်စွာ နက်နဲသော အဓိပ္ပာယ် သဘောနှင့် ပြည့်စုံသည်သာမက စိတ်ဝင်စား, နားဝင်ချို, ချစ်ခင်ကြည်ညို, ရင်ဖိုကျက်သီးထဖွယ်ရာ စင်စစ် ဖြစ်ကုန်လေသည်။

ပုစ္ဆာဝိသဇ္ဇနာ စေဝ၊ ဂမ္ဘီရတ္ထူပ နိဿိတာ။
ဟာဒယင်္ဂမာ ကဏ္ဏသုခါ၊ ပေမယာ လောမဟံသနာ။

## ဘဝနတ်ထံ ဝင်စံတော်မူခြင်း

ဤသို့ဖြင့် ပရိယတ်, ပဋိပတ် နှစ်ရပ် စုံလင် ပညာရှင်ကြီး ဖြစ်တော်မူသော အရှင် ပဏ္ဍိဝံသ မြတောင်စာချ ဆရာတော်သည် သက်တော် ၄၃–နှစ်အရွယ် နုနယ်စဉ်ရှိသေးရာ ၁၂၄၈–ခုနှစ် ကဆုန်လတွင် နတ်ခွင်ပြောင်းစံ ပျံလွန်တော်မူခဲ့လေသည်။

ပဏ္ဍိဝံသော မဟာထေရော၊ ပဏ္ဍာယ သံယုတော သုဓီ။
ကိစ္စာနိ သာသနေ ကတွာ၊ ဂတော ဒေဝသဟဗျတံ။

——

# မူလ မင်းကွန်း ဇေတဝန်ဆရာတော် ဘုရားကြီး

## အရှင်နာရဒ မဟာထေရ်

## [ သထုံ - ဇေတဝန် ဆရာတော် ]

ဆရာတော်သည် စစ်ကိုင်းခရိုင် ကန်ကြီးကုန်းရွာ၌ အဖ ဦးညို အမိ ဒေါ်ပိုင်းတို့မှ သက္ကရာဇ် ၁၂၃၀ - ခု တပို့တွဲလဆန်း ၅ - ရက် စနေနေ့ ညနေ ၆ - နာရီအချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်နာမည် မောင်သာဗျော ဖြစ်လေသည်။

## ကျောင်းနေ - သာမဏေဝတ် - ပညာသင်ခြင်း စသည်

၈ - နှစ်သားအရွယ်တွင် ကျောက်ပန်း, ကန်ကြီးကုန်း ၂ ရွာတို့အကြား၌ တည်ရှိသော စောကဲကျောင်းဆရာတော်ထံ ရောက်ရှိ ပညာ သင်ကြားခဲ့လေသည်၊ မင်္ဂလသုတ်, နမက္ကာရ, ပရိတ်ကြီး စသည်တို့နှင့်တကွ သဒ္ဒါရှစ်စောင် ပါဌ် အနက်ကိုပါ ကျောင်းသားဝတ်နှင့် သင်ယူ လေ့လာခဲ့သေးသည်။

၁၄ - နှစ်သား အရွယ်တွင် ရှင်သာမဏေ ဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ သာပဏေဘွဲ့ ရှင်နာရဒ ဖြစ်လေသည်၊ သာမဏေ ဝတ်ဖြင့် လိင် ဒဏ် သေခိယ ခန္ဓကဝတ်များကို သင်ကြားပြီး ဒွေမာတိကာ ခေါ် ဘိက္ခုပါတိမောက်၊ ဘိက္ခုနီပါတိမောက် တို့ကို သင်ယူတော်မူခဲ့ပြီး ဆက်လက်၍ ဝိနည်းငါးကျမ်းပါဠိကိုလည်း သင်ယူတော်မူခဲ့လေသည်။

အသက် ၁၇ - နှစ် ၁၈ - နှစ် အရွယ်ခန့်တွင် မိဘ ၂ - ဦး ကွယ်လွန်သဖြင့် လူဝတ်လဲကာ မွေးချင်းများကို ပြုစု လုပ်ကျွေး စောင့်ရှောက်တော်မူခဲ့လေသည်။

## ရဟန်း ဖြစ်ခြင်း

သက်တော် ၂၀ - အတွင်းတွင် မန်ကျည်းစုတောရကျောင်း ဆရာတော် ဦးလက္ခဏထံ ရောက်ရှိ၍ သာပဏေ ဝတ်ခဲ့ပြန်လေသည်၊ ၁၂၄၉ - ခုနှစ်တွင် ဆရာတော်ဦးလက္ခဏကို ဥပဇ္ဈာယ်ပြု၍ ကျောက်ပန်းရွာ ဦးပေါ်စ၊ ဒေါ်တံဇာ (ဆရာတော်၏ မိခင် ဒေါ်ပိုင်၏ ညီမ) တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ ရဟန်း ဘွဲ့တော်မှာလည်း အရှင်နာရဒ ပင် ဖြစ်လေသည်။

## ဆက်လက် ပညာသင်

ရဟန်း ဖြစ်ပြီးနောက် မင်းကွန်း တောင်ပေါ်ကျောင်းတိုက် ဆရာတော် ဦးရာဇိန္ဒထံ ရောက်ရှိ၍ ဆက်လက် ပညာ သင်ကြားတော် မူခဲ့လေသည်၊ မန္တလေးမြို့ အနောက်ပြင် မိုးကောင်းတိုက်၊ ဒက္ခိဏာဝန်တိုက်၊ မြတောင် တိုက်၊ ရွှေတောင်မြို့ ဝေဠုဝန်ကျောင်းတိုက် စသည်တို့၌လည်း ပညာ သင် ကြား ဆည်းပူး တော်မူခဲ့လေသည်။

## မင်းကွန်း၌ သီတင်းသုံး - စာချ - လူဝတ်လဲ

တဖန် ရဟန်းသိက္ခာ ၅ - ၆ - ၈ ါခန့်တွင် မင်းကွန်း တောင်ပေါ်ကြီး ကျောင်း ဆရာတော် ဦးရာဇိန္ဒထံ ပြန်လည်ရောက်ရှိကာ စာပေ ချပို့ သာသနာ ပြုတော်မူခဲ့လေသည်၊ ရင်းစာပေ ချပို့လျက် နေစဉ် မပျော်မွေ့ပဲ ရှိသဖြင့် လူ့ဘောင်သို့ ပြောင်းရွှေ့ခဲ့လေသည်။

လူ့ဘောင်၌ တော်တော်ကြာ နေထိုင်ပြီးနောက် တဖန် မင်းကွန်း တောင် ပေါ်ကျောင်း ဆရာတော်ဦးရာဇိန္ဒထံတွင် ရောက်ရှိကာ ရှင်သာမဏေဝတ်၊ ရဟန်းပြုခဲ့ပြန်လေသည်။

## စာချ - စာကြည့်ခြင်း

အောက်ရပ်ဌာန လက်ပန်တန်းမြို့ မင်းကွန်းအလယ်တောရတိုက်တို့၌လည်း စာပေ ချပို့ကာ ကြည့်ရှုတော် မူခဲ့လေသည်၊ ဆရာတော် ဦးမဥ္ဇူသည် အရှင်နာရဒအား သတိပဋ္ဌာနသုတ်ပါဠိ အဋ္ဌကထာကို ကြည့်ရှုလေ့လာ၍ သတိပဋ္ဌာန်အကျင့်မြတ်ကို အလေ့အလာပြုရန် မကြာမကြာ မိန့်ကြားတော်မူခဲ့လေသည်။

## တပါးတည်း တရားကျင့်

သက်တော် ၃၇ - နှစ်အရွယ်မှ စ၍ မင်းကွန်း တောင်ရိုး လူသူမနီးသော အရပ်၌ တပါးတည်းနေ ကမ္မဋ္ဌာန်းကျောင်းငယ်ကို အလှူခံပြီး သီတင်းသုံးကာ သတိပဋ္ဌာန်အလုပ်ကို ကြိုးကုတ်တော် မူခဲ့လေသည်။

## သတိပဋ္ဌာန် တရားဟော

ဆရာတော်သည် မိမိဇာတိရပ်ရွာ ကန်ကြီးကုန်း နှင့် ကညွတ်ကုန်း , မြို့လှ , သထုံမြို့ မေဃဝန်ကျောင်းတိုက် , သာသနပဇ္ဇောတိကတိုက် စသည်တို့၌လည်း သီတင်းသုံးတော်မူ၍ သတိပဋ္ဌာန်အကျင့်တရားကို ဟောကြားတော် မူခဲ့လေသည်၊ နောက်တွင် ၅ - ဧကခန့် ကျယ်ဝန်းသော သထုံ ဇေတဝန်ကျောင်းတိုက်ကြီးကို အလှူခံတော်မူ၍ တရားဟော ပြတော်မူခဲ့လေသည်။

## မဟာစည်ဆရာတော် ရောက်ရှိ နည်းခံ

ယင်းသို့ သထုံ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံး၍ တရားပြစဉ် မဟာစည်ဆရာတော် လောင်းလျာ အရှင်သောဘန ရောက်ရှိ၍ သတိပဋ္ဌာန်တရားကျင့်ကြံနည်းကို နည်းယူ ကျင့်ကြံတော် မူခဲ့လေသည်။

## ကျမ်းဂန်များ ပြုစုခြင်း

ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်၊ ၎င်းတို့မှာ—

၁ - ပေဋကောပဒေသ အဋ္ဌကထာပါဠိ
၂ - ပေဋကောပဒေသ အဋ္ဌကထာ နိဿျ
၃ - မိလိန္ဒပဥှာ အဋ္ဌကထာပါဠိ
၄ - မိလိန္ဒပဥှာ အဋ္ဌကထာ နိဿျ
၅ - ဝိနယသမုဟ ပိနိစ္ဆယ
၆ - နိဗ္ဗာနကထာ
၇ - အာရမ္ဘဝိဓိ ပိသဇ္ဇနာ

၈ - သဋ္ဌေတာဝိမိ ဝိသဇ္ဇနာ
၉ - အာနာပါန အဖြေ
၁၀ - ဝိပဿနာ ဉာဏ်စဉ်
၁၁ - ပါဒပါဒါရဟကျမ်း
၁၂ - မူလပရိယာယသုတ် နိသျ
၁၃ - မဟာသဋ္ဌာယတနသုတ် နိသျ - စသည်တို့ ဖြစ်ကုန်၏။

### ပျံလွန်တော် မူခြင်း

ပရိယတ္တိဝန်ဆောင်, ပဋိပတ္တိဝန်ဆောင် ဖြစ်တော်မူသော ဇေတဝန် ဆရာတော်ဘုရားကြီး အရှင်နာရဒသည် ၁၃၁၆ - ခုနှစ် တပေါင်းလဆုတ် ၁၀ - ရက်နေ့ ၁၂ - နာရီ အချိန် သက်တော် ၈၆ - ဝါတော် ၆၆ တွင် ပျံလွန်တော်မူခဲ့လေသည်။

ဘဒ္ဒန္တနာရဒတွေရော၊ နာယကော ထေရကုဥ္စရော။
ကိစ္စာနိ ဗဟဝေါ ကတွာ၊ ပယာတော မစ္စုနော မုခံ။

—

# တောင်ဝိသုဒ္ဓိမပိုင်း

## ရွှေကျင်နိကာယ အစဦးဖျား လွန်ထူးခြားသည့် ရွှေကျင်ဆရာတော်ဘုရားကြီး

### အရှင်ဇာဂရ မဟာထေရ်

ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရ မဟာထေရ်သည် ရွှေဘိုမြို့ တောင်လက် လှုတောကြီး ငါးရွာ အဝင်အပါ ရွှေကျင် အမည်ရှိသော ရွာ၌ အဖ ဦးမောင် မိခင် ဒေါ်မိတို့မှ သက္ကရာဇ် ၁၁၇၄ - ခု ပဌမ ဝါဆိုလဆုတ် (၁၂ - ည မြန်မာ ၃ - ချက်တီးကျော်) ၁၃ - ရက် အင်္ဂါနေ့ (အဝင်)တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်မည် မောင်သန့်စင် ဖြစ်သည်။

### ရှင်သာမဏေ ဝတ် - ပညာသင် - ရဟန်းဖြစ်

သက်တော် ၇ - နှစ် အရွယ်တွင် ရွှေကျင်ရွာ မဟာဗောဓိကျောင်း ဆရာ တော် ဦးရေဝတထံ ပညာသင်ကြား၍ ၁၄ - နှစ်သား အရွယ်တွင် ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ ဘွဲ့မည် ရှင်ဇာဂရ ဖြစ်လေသည်။

စုဒ္ဒသ ဝဿိကော သော ဟိ၊ ပတ္တော သာမဏေရတံ ဝရံ။
ဇာဂရောဇ္ဇတိ နာမံ တု၊ ဥပဇ္ဈာယော သုကိတ္တယိ။

၁၅ - နှစ်သား အရွယ်တွင် ရွှေဘိုမြို့ ဝက်ဘာကျောင်းတိုက် ဆရာတော်ထံ၌လည်းကောင်း, ၁၈ - နှစ်သား အရွယ်တွင် 'စန္ဒိမာဘိ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ သီးလုံးဆရာတော်ဘုရားကြီး အရှင်စန္ဒိမာထံ၌လည်းကောင်း အဆင့်ဆင့် ကူးပြောင်း ပညာ သင်ကြားတော်မူခဲ့လေသည်၊ သက်တော် ၂၀ - အရွယ်တွင် ရွှေကျင်ရွာ မဟာဗောဓိကျောင်း ဆရာတော်ထံ၌ပင် ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။

## ဆက်လက် ပညာ သင်ကြားခြင်း

ရဟန်းဖြစ်ပြီး နောက်တွင်လည်း သီးလုံးဆရာတော်ထံတွင် ဆက်လက် ပညာ သင်ကြား တော်မူသည်၊ ၎င်းနောက် ရှစ်ဝါ ရသည်တိုင်အောင် မန်ကျည်းကန်ရွာ ဆရာတော်, မူးဝရွာထောင် ဆရာတော်, အမရပူရမြို့တော်ရှိ ကျောင်းတိုက် အသီးသီးမှ ဆရာတော်များထံ၌လည်း ဆက်လက် ပညာ သင်ကြားတော်မူခဲ့လေသည်။

ဇဝံ အနေကထေရာနံ၊ နေကာဂန္တွေ သမုဂ္ဂဏှိ။
ဝိသိဋ္ဌတ္တံသပတ္တေတွာ၊ သဒါ ဇာဂရမာနသော။

## သဲအင်းသာသနာပိုင် ယုံကြည်

အမရပူရမြို့တော် သဲအင်းသာသနာပိုင် ဆရာတော်ကြီးထံ ပညာသင်ကြားစဉ် သာသနာပိုင်ဆရာတော်ကြီးက အာပတ္တာဓိကရဏ်း အဆုံးအဖြတ် အချို့ကို အရှင်ဇာဂရအား ဆုံးဖြတ်စေတော်မူခဲ့သည်။

သာသနာပိုင် ဆရာတော်ကြီးက များစွာ ယုံကြည်တော်မူသည်၊ သီတင်းသုံးဖော်တို့ကလည်း ကျေနပ်တော်မူကြသည်။

သဲအင်းမဟာစရိယောပိ၊ ဇာဂရမှိတိ သဒ္ဒဟိ။
သဒ္ဒဟိံသု တပေါနော၊ သပြဟ္မစာရိနော ဝိဒ္ဒူ။

## မန်ကျည်းစဉ် ခေါ်တော, ရှိမ်းမကားတို့၌ စာချ

ရဟန်း သိက္ခာ ရှစ်ဝါ အရောက်တွင် ရွှေဘိုမြို့နယ် မန်ကျည်းစဉ် ခေါ်တောနှင့် ရှိမ်းမကားတို့၌ တပည့် တပန်း စာသင်သားတို့အား စာပေ ပို့ချ၍ သာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

## ရွှေကျင်ဆရာတော် နှင့် အုတ်ဖိုဆရာတော်

မဟာဒွါရနိကာယ၏ ဦးစီးနာယက အာဒိကမ္မိက ဖြစ်တော်မူလတ့်သော အရှင်ဥက္ကံဝံသာလာသည် တပည့် သံဃာများနှင့် အတူတကွ စစ်ကိုင်းမြို့ ထူပါရုံ ဆရာတော်ဘုရားကြီးထံ ဘာဂ်လိ နာဂရီ ဘာသာ ကလာပ်ကျမ်း ဝိဒဂ်ကျမ်းတို့ကို သင်ကြားတော်မူရန် အမရပူရမြို့တော် မြသိန်းတန် ဆရာတော် ဘုရားကြီးထံမှ ကြွတော်မူခဲ့သည်၊ ထိုအခါ အရှင်ဇာဂရသည် အုတ်ဖို ဆရာတော်ထံ ကြွရောက်၍ 'စာတဝါ ချပို့ပေးပါရန်' လျှောက်ထားရာ အုတ်ဖိုဆရာတော်က 'ပညာသင်ရန် လာခိုက် ဖြစ်ရာ စာပေ ချပို့မှု မပြုနိုင်ပါ၊ သို့ရာတွင် အားလပ်ခွင့် ရတိုင်း လိုအပ်သော အချက်အလက် တို့ကို မေးမြန်း လျှောက်ကြားခွင့်' ကို ပြုတော်မူသည်၊ ယင်းသို့ ခွင့်ပြုသဖြင့် တဝါ တွင်းလုံး အရှင်ဇာဂရက မေးလျှောက်သည်၊ အုတ်ဖို ဆရာတော်က ပြော ကြားတော်မူသည်၊ ယင်းသို့ဖြင့် အုတ်ဖို ဆရာတော် နှင့် ရွှေကျင်ဆရာတော်တို့ သည် 'သူတော်ချင်းချင်း - သတင်းလွေ့လွေ့' ဆိုသည့် အတိုင်း လွန်စွာ ညီညွတ် နှီးနှောကြသည်။

အုတ်ဖိုထေရကုဥ္စရော စ၊ ရွှေကျင်သေရ သုပုဂ်ဝေါ။
ဥဘော သမနုမောဒိံသု၊ မုနိန္ဒ အဂ္ဂသာသနေ။

## ရွှေကျင်ဆရာတော် နှင့် မင်းတုန်းမင်း

အရှင်ဇာဂရ အမရပူရမြို့တော် သဲအင်းတိုက်၌ စာဆို စာလိုက်၍ နေတော် မူစဉ် အာပတ္တာဓိကရုဏ်း တချပ်ကို ဆုံးဖြတ်ပေးရန် စေဒက ပုဂ္ဂိုလ်တို့က တောင်းပန် လျှောက်ထားကြောင်း၊ ယင်းအမှုကို ဆုံးဖြတ်နိုင်ရန် အရှင် ဇာဂရသည် (ထိုစဉ်က အိမ်ရှေ့မင်းသား ဖြစ်သော) မင်းတုန်းမင်း အိပ်နေ ရာ အိပ်ခန်းဆောင်သို့ ဝင်ရောက်၍ နှိုးကာ အမှုအခင်း အကြောင်းကို ရှင်း လင်း ပြောပြကြောင်း၊ အိမ်ရှေ့မင်းကလည်း ဤပုဂ္ဂိုလ်သည် သာသနာတော် အရေးနှင့် စပ်လျှင် ယထာဓမ္မ လမ်းမှန်ကျကျ ဆောင်ရွက်နိုင်စွမ်း ရှိသိမ့် မည်ဟု အသိအမှတ် ပြုကြောင်း အဆိုရှိသည်။

အိမ်ရှေ့မင်း ဖြစ်သော မင်းတုန်းမင်းသည် ၁၂၁၄ – ခုနှစ်တွင် ရွှေဘိုမြို့ သို့ ထွက်သွားပြီး နောင်တော် ပုဂံမင်းကို ခြားနား ပုန်ကန်တော်မူသည်၊ ယင်းသို့ ရွှေဘိုသို့ သွားစဉ် စစ်ကိုင်းမြို့ ရွာထောင်ရွာ အနီး တောလမ်းခရီး၌ ရွှေကျင်ဆရာတော်ကို ဖူးမြင်ခွင့်ရကာ တရားတော်ကို နာယူရသောကြောင့် သာသနာ ပြုနိုင်လိမ့်မည်ဟု ယုံကြည်တော်မူ၍ အရေးတော် အောင်မြင် ပြီး မြောက်လျှင် သာသနာပြု ကြွရန် လျှောက်ထားခဲ့ကြောင်း ဆိုကြသည်။[၁]

---

၁။ ရွှေကျင်နိကာယ သာသနာဝင်လည်း ကြည့်။

သီလသမာဓိသံယုတ္တာ၊ သိဒ္ဓေ မမ မနောရထေ။
ဟောဟိ မမ ဥပတ္ထမ္ဘော၊ ဇိနသာသန ဇောတနေ။
အဝေါစိဒံ ထေရိန္ဒသာ၊ တဒါ မင်းတုန်း ကုမာရကော။

## ကျောင်းတိုက်ကြီးများ တည်ဆောက် လှူဒါန်း ကိုးကွယ်

မင်းတုန်းမင်းတရားကြီး ထီးဖြူစိုက်ဆောက် မင်းအဖြစ်သို့ ရောက်တော်မူပြီးနောက် ရဟန်းသိက္ခာ ၁၉ - ဝါရှိ ရွှေကျင်ဆရာတော်ကို တပည့်သံဃာ အပေါင်းနှင့် တကွ ရှိမ်းမကားရွာမှ မန္တလေး ရတနာပုံ မြို့တော်သို့ ပင့်ဆောင်တော်မူလေသည်၊ သုံးကြိမ်တိုင် ပင့်ဆောင်မှ ကြွတော်မူသည်၊ မန္တလေးမြို့တော် မြောက်ဖက် ( မန္တလေး တောင်ခြေ) ၌ အရံ ကျောင်းတိုက် ၄ - တိုက်နှင့် တကွ မဟာဓမ္မိကာရာမ ဟု ကမ္ပည်းထိုး၍ ( ရွှေကျင်တိုက်ကြီး ) ကို လှူဒါန်းတော်မူလေသည်၊ ဤကျောင်းတိုက်ကြီး ၅ - တိုက်ကို ရွှေကျင်တိုက်မ ဟု ခေါ်၏၊ ၎င်းရွှေကျင် ၅ - တိုက်ကား —

၁ - ထရံကာတိုက် ( မှိုက်လုံးတိုက်လည်း ဟူ၏ )
၂ - ရမည်းသင်းတိုက်
၃ - မဟာဓမ္မိကာရာမတိုက် ( ရွှေကျင်တိုက်မ )
၄ - မင်းခင်းတိုက်
၅ - မြတောင်တိုက် - တို့ ဖြစ်ကုန်၏။

အရှေ့ အနောက် တန်းနေပြီးလျှင် မဟာဓမ္မိကာရာမ ( ရွှေကျင်တိုက်မ ) မှာ အလယ်ဗဟို၌ တည်ရှိသည်၊ သံဃာတော်ပေါင်း တထောင်ခန့် ရှိသော ဟူ၏။

ကထိတနိယာမေနေဝ၊ မင်းတုန်းရာဇာ နရာဓိပေါ။
ထေရဿ ပဉ္စအာရာမေ၊ နိယျာတယီ သုဓီတိမာ။

## သာသနာ ပြုတော်မူခြင်း

၁၂၃၀ - ပြည့်နှစ်တွင် မင်းတုန်းမင်းတရားက ရွှေကျင်ဆရာတော်ဘုရားအား အလုံမြို့, ဒီပဲယင်းမြို့, ဗန်းကျီမြို့, တလုပ်မြို့, ရတနာသိမ်မြို့, ကလေး ရာဇဂြိုဟ်မြို့ စသော မြို့များ၌ သာသနာ ပြုစု သုတ်သင်ရန် အပ်နှင်းတော်မူသဖြင့် ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက် အကြီးအကဲများ ခန့်ထား သာသနာ ပြုတော်မူသည်။

မင်းပြစ် မင်းဒဏ် သင့်သည့်ပုဂ္ဂိုလ်များ ( အထူးသဖြင့် ရာဇဝတ်သင့်သည့် ရဟန်းများ ) ကို ရွှေကျင်ဆရာတော်ဘုရားကြီး မြစ်တားတော်မူလျှင် မင်းတုန်း မင်းတရားကြီးက ခွင့်ပြုတော်မူလေ့ ရှိသတတ်၊

မင်းတုန်းမင်းတရားကြီး နှတ်ရှာစံတော်မူသော်လည်း—

( ၁ ) ရွှေကျင်ဆရာတော်ကို သာသနာပိုင် မတင်မြှောက်ရခြင်း

( ၂ ) အိမ်တော်ပါ မိဖုရားကို အဘိသိက်ခံ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး မတင်ရခြင်း

ဟူသော အလိုဆန္ဒ ၂-ရပ် ပြည့်ဝသွားတော်မမူ ဟု ပြောရိုး ဆိုစဉ်ရှိသည်။

## ရွှေကျင်ဂိုဏ်း စတင် ပေါ်လာပုံ

ရွှေကျင်ဆရာတော် မန္တလေးမြို့တော်သို့ ကြွရောက် သီတင်းသုံးတော်မူသော အခါ သာသနာပိုင်ဆရာတော် (ဦးဥေယျ) ထံသို့ ၃-ကြိမ် တိုင်တိုင် ကန်တော့ရန် ကြွတော်မူသည်၊ ၃-ကြိမ်လုံးမှာပင် သာသာနာပိုင်က စကားမပြောပဲ နေသဖြင့် နောက်ထပ် သာသနာပိုင်ဆရာတော်ထံ ကြွတော်မမူတော့ချေ၊ နောက်တွင် သာသနာပိုင်ဆရာတော်က အမိန့်အာဏာဖြင့် ဆင့်ခေါ်လေသည်၊ သို့ရာတွင် ရွှေကျင်ဆရာတော် ကြွတော်မမူတော့ချေ၊ ထိုသို့ ဆင့်ခေါ်၍ မရလေလျှင် မဟာဒဏ်ဝန် ကျောင်းလုလင်တို့နှင့် အတင်း အကြပ် ခေါ်မည် ပြုပြန်သည်ကို သိတော်မူလေလျှင် မင်းတုန်းမင်းတရားထံ ကြွရောက် အကျိုးအကြောင်း မိန့်ကြားတော်မူကာ 'မိမိသည် တောသို့ ပြန်ကြွတော့မည် ဖြစ်ကြောင်း' မိန့်တော်မူလေ၏။

ထိုအခါ မင်းတရားက 'မြို့တော်၌သာ သဘောအတိုင်း သီတင်းသုံးတော်မူပါမည့် အကြောင်း' လျှောက်ထားလေသည်၊ 'ရွှေကျင်ဆရာတော်ကို သာသနာပိုင်ဆရာတော် နှင့် သုဓမ္မာက အဆင့် အခေါ် မရှိပါစေနှင့်' ဟု လျှောက်ထားကာ သုဓမ္မာလက်အောက်ခံ အဖြစ်မှ ကင်းလွတ်စေတော်မူခဲ့လေသည်။

**တနည်းကား—** တနေ့တွင် သုဓမ္မာဝင်ဆရာတော်များ၏ အမိန့်ဖြင့် သုဓမ္မာသဘင်သို့ ရွှေကျင်ဆရာတော် ကြွလာရန် ဆင့်ဆိုတော်မူလေသည်၊ ရွှေကျင်ဆရာတော်ကား ကြွလာတော်မမူချေ၊ အခါခါ ငြင်းလေလျှင် သုဓမ္မာဆရာတော်တို့က မဟာဒဏ်ဝန် ကျောင်းလုလင် အကူအညီဖြင့် အတင်းအကြပ် ဆွဲခေါ်ရန် သဘောတူကြလေသည်။

ရွှေကျင်ဆရာတော်သည် သာသနာရေး၌ ဘေးအန္တရာယ်ကို ကြိုတင်ဆင်ခြင် မြော်ခေါ်တော်မူပြီး အောက်နိုင်ငံသို့ ဖြစ်စေ, သီဟိုဠ်ကျွန်းသို့ဖြစ်စေ ကြွရောက် သီတင်းသုံးတော်မူရန် ကြံစည် စဉ်စားတော် မူလေသည်၊ ထို အကြောင်းကို မင်းတရား ကြားသိတော်မူသောကြောင့် ရွှေကျင်ဆရာ

တော်အား တခြားသို့လည်း ကြွတော်မမူရန် လျှောက်ထားသည့်ပြင် သုဓမ္မာ သဘင်သို့လည်း ရွှေကျင်ဆရာတော်ကို အဆင့်အဆို မပြုပဲ လွတ်လပ်စေ ခွင့်ပြုရန် လျှောက်ထားခဲ့လေသည်၊ ထိုအချိန်မှ စ၍ ရွှေကျင်ဂိုဏ်းဟု သီးခြား ပေါ်လာလေသည်။[၁]

ရွှေကျင်ဂါမဇထေရေန၊ နိကာယော ဟိ သမုဋ္ဌိတော။
တသ္မာ ရွှေကျင်နိကာယော ယံ၊ ဝေါဟာရော သမ္ဘူတော ဟိ ခေါ။

## မင်း နှစ်ဆက်တိုင် - ပစ္စည်းလေးပါးလှူ

ရွှေကျင်တိုက်မဂ္ဂ သံဃာတော် ၃၀၀ ခန့် - အရံ လေးတိုက်တို့၌ ၂၀၀ - စီခန့် (စုစုပေါင်း ၁၀၀၀ ကျော်ခန့်) သီတင်းသုံးတော်မူကြသော်လည်း သံဃာ တော်များ ပစ္စည်းလေးပါး အတွက် ကြောင့်ကြ မစိုက်ရပဲ မင်းတုန်း, သီပေါ နှစ်လက်ထက်လုံးမှာပင် ဆွမ်းတော်ချက် ကပ္ပိယများ ထားရှိကာ အခ ကြေးငွေ လှူဒါန်း ထောက်ပံ့တော်မူလေသည်။

## ရွှေကျင်ဂိုဏ်း အုပ်ချုပ်ရေး

ရွှေကျင် ဆရာတော်ဘုရားကြီးသည် ရွှေကျင်တဂိုဏ်းလုံး အတွက် 'ရွှေကျင် ဂိုဏ်း ဥပဒေ' ဖြင့်လည်းကောင်း ရွှေကျင် ငါးတိုက်တွင်းရှိ သံဃာများအတွက် 'ဓမ္မဝိနယ စာတမ်း' ဖြင့်လည်းကောင်း ရွှေကျင်တိုက်များရှိ ကျောင်းသား များ အတွက် (ရွှေကျင်) ကျောင်းသား ကျင့်ဝတ်ဖြင့်လည်းကောင်း ရွှေကျင် ဂိုဏ်း သံဃာတော်တို့ကို ကိုးကွယ် ဆည်းကပ်သူ လူ ဒါယကာ, ဒါယိကာမ များ အတွက် 'ဂိဟိစာရိတ္တကျင့်ခန်း' စသည်ဖြင့်လည်းကောင်း အုပ်ချုပ် တော်မူကာ သာသနာပြုတော်မူလေရာ သာသနာပြုနည်း ထူးခြား၍ မှန်ကန် ကောင်းမွန်လှပေ၏။

## မင်းသားများ ပညာသင်ကြားရန် အပ်နှင်းခြင်း

၁၂၃၄-ခုနှစ် မင်းတုန်းမင်းတရားကြီးသည် မိမိ၏ သားတော်များ အနက် လက်ရုံးရည် နှလုံးရည် ရှိမည် ထင်သည့် သားတော်များကို ပိဋကစာပေ သင်ကြားပေးရန် ရွှေကျင်ဆရာတော်ဘုရားထံ အပ်နှံတော်မူလေသည်၊ ၎င်းနှစ် တွင်ပင် နန်းတော်မြို့ အတွင်း နန်းဦးကျောင်း ဆောက်လုပ်ကာ သားတော် များကို စာပေ သင်ကြား ပေးရန် ဘုန်းကြီး တပါး လျှောက်တောင်းသဖြင့်

---

၁။ ရွှေကျင်နိကာယ သာသနာဝင် နှင့် မန္တလေး သာသနာဝင် မဟာဓမ္မိကာ ရာမ သာသနာဝင်ခန်း — ကြည့်။

ရွှေကျင်ဆရာတော်က တောင်တော်ဆရာတော် ဦးမာလာ, ပုသိမ် ဆရာတော် ဦးသုမန (နောက်ထပ် ဟင်္သာတ ဆရာတော် ဦးရေဝတ) တို့ကို ထည့်တော်မူသည်။

ဖော်ပြပါ ဆရာတော်များထံ စာပေ သင်ကြားသည့် မင်းသားတို့တွင် မိုးလှိုင်းမင်းသား, တောင်ညိုမင်းသား, ရွှေဂူမင်းသား, သာဂရမင်းသား, သီပေါမင်းသားတို့ ပါဝင်လေသည်၊ (ပုသိမ်ဆရာတော်မှာ တဝါဆိုပြီးနောက် ပြန်ကြွတော်မူသဖြင့် တောင်တော်ဆရာတော်တပါးတည်းသာ နန်းဦးကျောင်း၌ သီတင်းသုံး စာပေ ပို့ချ နေရစ်တော်မူသည်။)

ရာဇာ ရာဇကုမာရေပိ၊ ရွှေကျင်ထေရဿ သန္တိကံ။
ပိဋကသိက္ခနတ္ထာယ၊ နိယျာတယိ သုဓိတိမာ။

### ဓုတင်ကျင့်ဝတ်

ရွှေကျင်ဆရာတော်ဘုရားကြီးသည် အာရညကင်ဓုတင်, ပံသုကူလိကဓုတင်, ဧကာသနိက်ဓုတင် - စသည်တို့ကိုလည်း ကျင့်တော်မူ၍ ပဋိပတ္တိဓုရကို ဖြည့်ကျင့်တော်မူခဲ့လေသည်။

### ရွှေကျင်ဆရာတော် ဦးဇာဂရ နှင့် ဦးသီလ

ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းတို့ကို ကြားသိတော်မူသော ပုဂံတောင်ဆရာတော် အရှင်ကေလာသ နှင့် ပဲခူး (ဟံသာဝတီ) ဆရာတော် ဦးသီလတို့သည် မန္တလေးမြို့တော်သို့ ကြွရောက်လာကာ သြဝါဒ ခံယူကြကုန်၏၊ တပည့်များ အဖြစ် မှတ်သား ယုံကြည်ရန် အပ်နှံကြကုန်၏၊ ဤဘုန်းတော်ကြီး ဦးသီလကို အကြောင်းပြု၍ အောက်နိုင်ငံ၌ အရညဝါသီ ရွှေကျင်ဂိုဏ်း စတင် ထွန်းကား ပြန့်ပွားခြင်း ဖြစ်လေသည်။

အာနုဘာဝေန သီလဿ၊ သီလဝန္တသုသီလိနော။
ရွှေကျင်သာသနံ ပတ္ထဋံ၊ ပောဋ္ဌိမ မြန်မာ့ဘူတလေ။

### ဂိုဏ်း နှစ်ဂိုဏ်း ပေါင်းမိခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ၁၂၅၅ - ခုနှစ်တွင် နောက်ပါ သံဃာများနှင့် အတူတကွ အောက်နိုင်ငံသို့ တရားဓမ္မ ဟောပြရန် ကြွရောက်တော်မူရင်း ပဲခူးမြို့သို့ ဆိုက်ရောက်တော်မူလာ၏၊ ထိုအခါ ဘုန်းတော်ကြီး ဦးသီလသည် ခရွဲတောင် အရှေ့ အခိုက်ရွာ တောရ၌ သီတင်းသုံးတော်မူခိုက် ဖြစ်၏၊ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ရွှေမောဓောစေတီကြီး၏ အရှေ့ဖက် ဝါး ရုံတော ဝါးရုံပင်အောက်၌ သီးတင်းသုံးခိုက် ' ဘုန်းတော်ကြီး ဦးသီလကို တွေ့

လိုကြောင်း’ မိန့်တော်မူရာ ဘုန်းတော်ကြီး ဦးသီလ မကြာမီ ရောက်ရှိလာ၏၊ အာလာပ သလ္လာပ စကား ပြောတော်မူ၏၊ ရံခါ ဦးသီလကို တရား ဟောစေပြီး မိမိ ကိုယ်တိုင် နာယူ၏၊ ၂-ဦးလုံး မေ္ဂရု ပုဂ္ဂိုလ်တို့ စစ်မှန်တော်မူကြကုန်၏၊ ဤအခါသမယက စ၍ အယူသီလ တူမျှသည့် ဂိုဏ်း နှစ်ဂိုဏ်း ပေါင်းမိလေတော့၏၊ ရွှေကျင် ဂိုဏ်းသည်လည်း အောက်ရပ်ဌာနီ နှံ့ခဲ့လေတော့သည်၊ တောရဂိုဏ်းသည်လည်း အထက်ပြည်တလွှား နှံ့ပြားခဲ့လေသည်၊ ဤမထေရ် နှစ်ပါးတို့ကား ရွှေကျင်ဂိုဏ်း၌ လ နှင့် နေ ကဲ့သို့သာတည်း။

ဇာဂရထေရသေဋ္ဌော စ၊ သီလမဟာထေရောပိ စ။
ဥဘော တေ စန္ဒသူရိယ—သာဒိသာ ပုဂ္ဂလာ ဘဝူ။

## ဝိနယကုက္ကုစ္စ လွန်ကြီးမား

ရွှေကျင်ဆရာတော် ဘုရားကြီးကား ဝိနယကုက္ကုစ္စ သိက္ခာကာမ လွန်ကြီးမားတော်မူလှ၏၊ တနေ့သ၌ မိမိ၏ ခမည်းတော်ကြီး ဦးမောင်အား ‘ဆွေမျိုးမတော်သူ သူစိမ်း ဖြစ်ခဲ့ပါလျှင် ဖိတ်ကြားထားမှသာ တောင်းခံထိုက်ကြောင်း၊ ဖိတ်ကြားမထားပဲ တောင်းခံ၍ ရလျှင် မအပ်သော ပစ္စည်းဖြစ်၍ အာပတ်သင့်သည့်ပြင် မိစ္ဆာဇီဝလည်း ဖြစ်ကြောင်း၊ ရဟန်းဆိုသည်မှာ တပါးသူကို မှီခိုနေရသူ ဖြစ်သဖြင့် လိုအပ်သည့် အရာများကို ဒါယိကာမကြီးထံ၌သာ တောင်းခံခဲ့ကြောင်း၊ ဒါယိကာမကြီး မရှိခဲ့လျှင် တောင်းခံနိုင်ရန် ဒါယကာကြီးက ဖိတ်ကြား၍ မထားဘူးသေးကြောင်း’ ကို မိန့်ကြားတော်မူလေ၏။

ဖခင် ဒါယကာကြီးကလည်း သားတော်က မိမိအား ဖခင်ရင်း ဟုတ်ချင်မှ ဟုတ်မည်၊ မဟုတ်ခဲ့သော် သူစိမ်းကို တောင်းခံမိရာ ရောက်မည်၊ ရောက်လျှင် အပြစ် ဖြစ်မည်၊ ထို့ကြောင့် ဖခင် စစ် မစစ် လျှောက်လို၍ အရိပ်ပြ မိန့်ကြားခြင်း ဖြစ်မည်ဟု စဉ်းစားမိလေသည်။

ထိုအခါ ဖခင်က ‘ဒီကိစ္စမှာ ဒကာကြီး တာဝန် မဟုတ်ပါ၊ သံသယကင်းလိုလျှင် ဒကာမကြီးကိုသာ မေးမြန်းသင့်ပါ၏၊ ဤကဲ့သို့ ရှာရှာဖွေဖွေ သံသယ ရှိပုံကို ယခင်က ကြားသာ ကြားဘူး၏၊ ယခု မိမိ၏ သားရင်း ဖြစ်နေပါတော့သည်’ ဟု ပြန်လည် လျှောက်ထားသတတ်။[၁]

သိက္ခာကာမော ကုက္ကုစ္စကော၊ ဝိနယဂရုကော သုဓီ။
လဇ္ဇီသော ဝတ သမ္ဗုဒ္ဓ—သာသနေ ဇိနမာပိတော။

---

၁။ ဝိနယဂရုကတာဂုဏ်နှင့် စပ်၍ ကြည်ညိုဖွယ် ရွှေကျင်နိကာယ သာသနာဝင်နှင့် မန္တလေးသာသနာဝင်ကျမ်း မဏ္ဍိကာရာမ သာသနာဝင် ကြည့်။

## ထိုထိုဒေသ၌ သိတင်းသုံးခြင်း - ဘွဲ့တံဆိပ်တော် ငြင်းပယ်ခြင်း

၁၂၂၉ - ခုနှစ်တွင် မန္တလေးမြို့တော်မှ မင်းပူးရွှေစက်တော်သို့ နောက်ပါ တပည့်သံဃာတော်များနှင့် တကွ လှေဖြင့် ကြွတော်မူ၍ ခြေတော်ရာ နှစ်ဆူကို သဒ္ဓါကြည်ဖြူ ဖူးမျှော် ပူဇော်တော်မူခဲ့လေသည်။

၁၂၃၀ ခုနှစ်တွင် မလွန်မြို့ မင်းလှရွာ အရှေ့တောင် မြစ်တဖက် ဝါးရုံချောင် နားလှံ့တောင် တောရကျောင်း၌ ဝါကပ် သိတင်းသုံးတော် မူခဲ့လေသည်။

၁၂၃၃-ခုနှစ်တွင် မင်းတုန်းမင်းတရား လှူသည့် 'ရာဇဂုရု' ဘွဲ့တံဆိပ်တော်ကို အလှူမခံပဲ ပယ်မြစ်တော်မူခဲ့လေသည်။

၁၂၃၉-ခုနှစ်တွင် စွယ်တော် နှင့် စေတီ ပုထိုးတို့ကို ဖူးမျှော် ပူဇော်ရန် သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူ၍ ဝါကပ်တော်မူခဲ့လေသည်၊ ဆရာတော် သီဟိုဠ်၌ သိတင်းသုံးခိုက် မင်းတုန်းမင်းကြီး နတ်ရွာစံတော်မူသည်။

၁၂၄၀ - ပြည့်နှစ်တွင်ပင် သီဟိုဠ်ကျွန်းမှ ပြန်ကြွတော်မူလာပြီး မင်းလှရွာ တောကျောင်း၌ သိတင်းသုံးတော်မူသည်၊ ၁၂၄၃ ခုနှစ်တွင် သီပေါမင်းတရား၏ ပင့်လျှောက်ချက် အရ မန္တလေးမြို့တော်သို့ ကြွရောက်တော် မူ၍ ရွှေကျင်ကျောင်းတိုက်၌ သိတင်းသုံးတော်မူပြန်သည်၊ ယင်းသည့်နှစ်မှာပင် သီပေါမင်းက ရွှေကျင်ဆရာတော်ဘုရားကြီးအား 'ဇာဂရာဘိဓဇ သဒ္ဓမ္မဝံသ ဓမ္မသေနာပတိ အတုလာဓိပတိ သိရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဟူသော သာသနာပိုင် ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းလေရာ လက်ခံတော်မမူပေ။

တောင်တော် ဆရာတော်အား 'မာလာလင်္ကာရဓဇ ဓမ္မသေနာပတိ အတုလာဓိပတိ သိရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု' ဟူသော သာသနာပိုင် ဘွဲ့တံဆိပ်တော်ကို လှူဒါန်းတော်မူကာ ဆရာတော် ၂-ပါး သာသနာပြုတော်မူကြရန် လွှဲအပ်တော်မူသည်။

## မင်းကွန်း ငွေတောင်တောရ၌ သိတင်းသုံးခြင်း - ပျံလွန်ခြင်း

၁၂၄၆-ခုနှစ် သက်ဘော် ၆၄ အရွယ်တွင် မင်းကွန်း ငွေတောင်တောရသို့ ကြွရောက် သိတင်းသုံးတော်မူ၍ ဝိပဿနာဓုရကို အားသစ်ကြိုးပမ်းတော်မူခဲ့လေသည်၊ ၁၂၅၅-ခုနှစ် တော်သလင်းလဆုတ် ၇-ရက် ညဉ့် လဝန်း ပေါ်ထွန်းချိန်တွင် ပျံလွန်တော်မူခဲ့လေသည်။

## ကျမ်းဂန်များ ပြုစုတော်မူခဲ့ခြင်း

ဆရာတော်ဘုရားကြီးသည် ကျမ်းဂန် များစွာတို့ကိုလည်း ပြုစုတော်မူခဲ့သည်၊ ၎င်းတို့မှာ—

၁ - နေတ္တိလီနတ္ထ သင်္ဂဟ
၂ - နေတ္တိဟာရ ဝိဘာဝနီ
၃ - ရူပဘေဒ ဝိဘာဝနီ
၄ - ဂဏာဘေဒ ဝိဘာဝနီ
၅ - နိဿယင်္ဂ ဝိနိစ္ဆယ
၆ - သီမာလင်္ကာရ ဝိနိစ္ဆယ
၇ - ဒသဓမ္မာလင်္ကာရ အဋ္ဌကထာ
၈ - သီလဝိသောဓနီ, သာသနဝိသောဓနီ
၉ - ပဋိစ္စသမုပ္ပါဒ ဒီပနီ
၁၀ - ဗောဇ္ဈင်္ဂ ဒီပနီ
၁၁ - ဝဋ္ဋနာ ဒီပနီ
၁၂ - ဝိနယဂရု ဒီပနီ
၁၃ - ဓမ္မာသဓ ဒီပနီ
၁၄ - ဩဝါဒါလင်္ကာရ ကထာ
၁၅ - ဓမ္မခတ္တိယောဝါဒ
၁၆ - ကေဝဋ္ဋောဝါဒ
၁၇ - သီဟဠောဝါဒ
၁၈ - သန္ဒေသကထာ
၁၉ - လင်္ကာသာသနဝိသုဒ္ဓိ ကထာ
၂၀ - ဥပဒေသ ကထာ
၂၁ - ယမ္ဘာဋီကာ
၂၂ - ဝိနယမဓု
၂၃ - မဟာသိဿကောဝါဒ
၂၄ - စူဠသိဿကောဝါဒ
၂၅ - ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတ ကထာ
၂၆ - ဝိစိတြ ဝဏ္ဏနာ
၂၇ - သမာသ် ဂဏ္ဌိ

၂၈ - ဒါရုက္ခန္ဓသုတ် နိဿယ
၂၉ - အဋ္ဌကာ ကမ္မဋ္ဌာန်း
၃၀ - ရွှေကျင်နိယံ - စသည်တို့ ဖြစ်ကုန်၏။[၁]

ရွှေကျင်မဟာစရိယော ဟိ၊ ရွှေကျင်နိကာယ ပုဂ်ဝေါ၊
ရွှေကျင်နိကာယံ ပါလေတွာ၊ ဂတော ခေါ မစ္စုနော ဝသံ။

—

## ရွှေကျင်နိကာယ သမ္မုတိ သာသနာပိုင်
# ကျိုက်လတ် - ပဏ္ဍိမာရုံ ဆရာတော်
### အရှင်ကေလာသ မဟာထေရ်

ဆရာတော်သည် စစ်ကိုင်းမြေ၌ ပေါက်ဖွားခဲ့သည့် ရွှေကျင်နိကာယ သံဃာဦးကိုင် သမ္မုတိသာသနာပိုင် ဆရာတော် ဖြစ်တော်မူခဲ့လေသည်။

### ဖွားမြင် - ရှင် ရဟန်းပြု - ပညာသင်

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် သမန်းအေးရွာ၌ အဖ ဦးရွှေအိ အမိ ဒေါ်ကြီးစောင်တို့မှ သက္ကရာဇ် ၁၂၂၆ - ခု သီတင်းကျွတ်လဆုတ် ၂ - ရက် တနင်္လာနေ့ ညဉ့် ၄ - ချက်တီးကျော်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်နာမည် မောင်တော ဖြစ်လေသည်၊ ၆ – နှစ်သား အရွယ်တွင် သမန်းအေးရွာ ဆရာတော် အရှင်ဥတ္တမ နှင့် ချောင်းဦး ဆယ်ရွာ ဆင်စွယ်ပေါင်းတောရ ဦးအာဒိစ္စတို့ထံ ပညာ သင်ကြားတော်မူခဲ့လေသည်။


၉ - နှစ်သား အရွယ်တွင် ရှင်သာမဏေ ဝတ်ခဲ့လေသည်၊ သာမဏေဘွဲ့တော်မှာ ရှင်ကေလာသ ဖြစ်လေသည်၊ သက်တော် ၂၀ - ပြည့်မြောက်ရာ ၁၂၄၅ - ခုနှစ် တပေါင်းလတွင် အရှင်ဥတ္တမထေရ်ကို ဥပဇ္ဈာယ် ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

### ဆက်လက် ပညာသင် - စာပေ တတ်မြောက်

ခင်မွန် သုံးဂိုဏ်းချုပ် မဟာဗောဓိဆရာတော်, မြင်းမူမြို့ လေသာကန်ဆရာတော် ဦးဉာဏဝံသ, မန္တလေးမြို့ မြတောင်ဆရာတော် ဦးအာလောက, မဟာဂိသုဒ္ဓါရုံဆရာတော်တို့ အထံ၌လည်း ပိဋကတ် ကျမ်းစာများကို ဆက်လက် သင်ယူတော်မူခဲ့လေသည်။

---

၁။ အကျယ် ရွှေကျင်နိကာယ သာသနာဝင်, မန္တလေး သာသနာဝင်ကျမ်း မဟာဓမ္မိကာရာမ သာသနာဝင် အခန်း ကြည့်။



ရွှေကျင်နိကာယသမ္မုတိ သာသနာပိုင်
ကျိုက်လတ် ပစ္ဆိမာရုံဆရာတော်
အရှင်ကေလာသ မဟာထေရ်

## ပဋ္ဌာနရုံဆရာတော် ဖြစ်ခြင်း

၁၂၅၈ - ခုနှစ်တွင် ကျိုက်လတ်မြို့ ပဋ္ဌာနရုံကျောင်းတိုက်ကြီးကို အလှူခံတော်မူ၍ စာပေ ချပို့ကာ သာသနာပြုတော်မူခဲ့လေသည်၊ ထိုအချိန်မှ စ၍ ပဋ္ဌာနရုံဆရာတော်ဟု ထင်ရှားလေတော့သည်၊ ၁၂၇၅ - ခုနှစ်တွင် အိန္ဒိယ, သီဟိုဠ် နိုင်ငံတို့သို့ ကြွတော်မူ၍ စေတီ ပုထိုး အမျိုးမျိုးတို့ကို ဖူးမြော်တော်မူခဲ့လေသည်။

## ရွှေကျင်နိကာယ ဓမ္မသေနာပတိ ဖြစ်ခြင်း - ယိုးဒယား ကြွခြင်း

၁၂၉၄ – ခု ပဉ္စမ ဝါဆိုလတွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် ရွှေကျင် သံဃာ့အစည်းအဝေးကြီးမှ ရွှေကျင်နိကာယ ဓမ္မသေနာပတိ ရွှေကျင်နိကာယ သာသနာပိုင် အဖြစ် ရွေးကောက် တင်မြှောက်ခြင်းကို ခံယူတော်မူရလေသည်။

ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့သို့ ကြွတော်မူ၍ ဘန်ကောက်မြို့ ဝပ်ပလုပ် ကျောင်းတိုက်၌ ဦးစီးဦးကိုင် ပြု၍ ခဏ္ဍသိမ်တော်ကိုလည်း သမုတ်တော်မူခဲ့လေသည်။

## ကျမ်းဂန်များ ပြုစုခြင်း

ကျမ်းဂန် များစွာတို့ကိုလည်း ပြုစုတော် မူခဲ့လေသည်၊ ၎င်းတို့မှာ —

၁ - ကစ္စာယန ဗျာကရဏ စကားပြေ
၂ - ဂန္ဓာဘရဏဋီကာ နိဿယ
၃ - ဝိသုဒ္ဓိမဂ် နိဿယသစ်
၄ - ဋီကာကျော် နိဿယသစ်
၅ - ကင်္ခါဝိတရဏီ အဋ္ဌကထာ နိဿယ
၆ - ခုဒ္ဒသိက္ခာ နိဿယသစ်
၇ - ပါတိမောက္ခ လက္ခဏာ ဝိဘာဝိနီ ဋီကာ
၈ - ဝိနယမဉ္ဇူသာကျမ်း
၉ - ဝိနယဝိဘာဝိနီကျမ်း
၁၀ - အဘိဓမ္မာ အဆီခဲကျမ်း
၁၁ - မင်္ဂလာ အဆီခဲကျမ်း
၁၂ - ကုမာရသိက္ခာကျမ်း
၁၃ - မူလဒီပနီကျမ်း
၁၄ - ပပဉ္စဆေဒနီ ကမ္မဋ္ဌာန်းကျမ်း
၁၅ - အနတ္တကမ္မဋ္ဌာန်းကျမ်း
၁၆ - ပါရမီမဉ္ဇူသာကျမ်း - စသည်တို့ ဖြစ်ကုန်၏။

## ပျံလွန်တော်မူခြင်း

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် သမန်းအေးရွာလျှင် ဖွားရာဇာတိ ရှိသော ကျိုက်လတ် ပဏ္ဍိမာရုံ ဆရာတော်ဘုရားကြီးသည် သက်တော် ၇၅ - နှစ် ဝါတော် ၆၅ - ဝါ ရရှိရာ ၁၃၁၁ - ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ - ရက်နေ့ ည ၇ - နာရီ အချိန်တွင် ဘဝနတ်တံ ဝင်စံတော်မူခဲ့လေသည်။

ဘဒ္ဒန္တကေလာသော ထေရော၊ ပဏ္ဍိမာရာမ ဂ္ဂဏာရော။
ပရိယတ္တိံ ပဋိပတ္တိံ စ၊ ဝဍ္ဎေတွာ တိဒိဝံ ဂတော။

---

'အဘိဓဇမဟာရဋ္ဌဂုရု'

## ရွှေကျင်နိကာယ သာသနာပိုင် - စံကင်းဆရာတော်

### အရှင်စန္ဒ မဟာထေရ်

ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းမြေမှ ထူးခြားစွာ ပေါ်ထွန်းခဲ့ပြီး ပုဉ်းကံ ပါရမီ ကြီးမား ထူးခြားလှသည့် သက်တော်ရှည် ဆရာတော်ဘုရား ကြီး ဖြစ်တော်မူသည်၊ ရွှေကျင်ဂိုဏ်း၌ ဝန်ဆောင် နာယက အဖြစ် - ဥက္ကဋ္ဌ မဟာနာယက အဖြစ် - ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ အဖြစ်တို့ဖြင့် ရွှေကျင်ဂိုဏ်း၏ တာဝန် အရပ်ရပ်ကို အချိန် အကြာမြင့်ဆုံး ဆောင်ရွက်ရ သော မဟာထေရ်မြတ်ကြီး ဖြစ်တော်မူသည်။

## ဖွားမြင်တော်မူခြင်း

စစ်ကိုင်းခရိုင် လင်းယဉ်ရွာ၌ အဖ ဦးအိုင်၊ အမိ ဒေါ်မင်းထပ်တို့မှ ၁၂၃၂ - ခုနှစ် နတ်တော်လဆုတ် ၆ - ရက် အင်္ဂါနေ့တွင် မိးရှုးသန့်စင် ဖွား မြင်တော်မူသည်။

## ပညာသင်ကြား - ရှင် - ရဟန်း ပြုခြင်း

၁၂၃၉ - ခုနှစ်တွင် လင်းယဉ်ရွာ ကျောင်းကြီး၌ မိဘတို့ အပ်နှံသ ဖြင့် စတင် ပညာ သင်ကြားခဲ့သည်၊ ၁၂၄၂ - ခုနှစ်တွင် လင်းယဉ်ရွာ၌ ရှင်သာမဏေ ပြုခဲ့သည်၊ ၁၂၄၇ - ခုနှစ်တွင် မန္တလေးမြို့၌ ထပ်မံ၍ ရှင်ပြု သည်၊ ၁၂၅၁ - ခုနှစ် တပေါင်းလဆန်း ၁၅ - ရက်နေ့တွင် မန္တလေးမြို့ အနောက်ပြင် 'အာလောကာဘိဝရ သာသနရက္ခ မဟာဓမ္မ ရာဇဂုရု' ဘွဲ့တံဆိပ်တော် 'အာလောကာဘိဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ် တော် နှင့် 'အာလောကာဘိဝရ အတုလာဓိပတိ သိရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဟူသော တံဆိပ် ၃ - ထပ်ရ မြတောင် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူလေသည်။

## ပညာ သင်ကြားခြင်း

ဆရာတော်ဘုရားကြီးသည် မူလ ကျေးဇူးရှင် လင်းယဉ်ရွာ ဆရာတော်, မြတောင်ဆရာတော်ဘုရားကြီး ဦးဇာလေကက, မဟာဝိသုဒ္ဓါရာမ ဆရာတော် စသည့်တို့ထံတွင် ပညာ သင်ကြား တတ်မြောက်တော်မူခဲ့သည်။

## ကျောင်းဘုန်းကြီး ပြုလုပ်ခြင်း - ကျောင်းထိုင်ခြင်း

၁၂၅၈ - ခုနှစ်တွင် အရှေ့ပြင် အရှင် မဟာဝိသုဒ္ဓါရာမတိုက် ရမည်းသင်း ကျောင်း၌ သိက္ခာ ၇ - ဝါ အရ ကျောင်းဘုန်းကြီး ပြုလုပ် အုပ်ချုပ်ခဲ့သည်၊ သိက္ခာတော် ၁၀ - ဝါ အရ ၁၂၆၁ - ခုနှစ် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ပြင်ကြားရိုးရွာ၌ ကျောင်းထိုင် အဖြစ် ဝါကပ်တော်မူခဲ့ဘူးသည်။

## စံကင်းဆရာတော် ဟု တွင်ခြင်း

မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည် မဇ္ဈိမဒေသမှ ပြန်ကြွတော်မူ၍ ဓနုဖြူမြို့ တဖက်ကမ်း၌ တည်ရှိသော စံကင်းရွာကြီး၌ ဒါယကာ, ဒါယိကာမ တို့ ဆောက်လုပ် လှူဒါန်းအပ်သော ဓမ္မာရုံ အမည်ရှိသော ကျောင်းတိုက်ကြီး ကို အလှူခံတော်မူပြီး အရှင်စန္ဒမထေရ်အား အပ်နှင်းတော်မူလေသည်၊ သို့ဖြစ်၍ အရှင်စန္ဒမထေရ်သည် သက်တော် ၃၄ - သိက္ခာတော် ၁၅ - ဝါ ရရှိရာ ၁၂၆၆ - ခုနှစ်တွင် ဖော်ပြပါ ဓနုဖြူမြို့ စံကင်းရွာသို့ ကြွတော်မူ၍ သီတင်းသုံးတော်မူသည်၊ ထိုအချိန်ကမှ စ၍ စံကင်းဆရာတော်ဟု အများ ရှင် လူတို့ ခေါ်ဝေါ် သမုတ်ကြခြင်း ဖြစ်လေသည်။

ဓနုဖြူပုရသေဋ္ဌမှိ၊ စံကင်းဂါမေ မနောဟရေ။
ဝသိတ္တာန မဟာထေရော၊ သာသနေ ကိစ္စကာရကော။
တေန စံကင်းဆရာတော်တိ၊ သဗ္ဗတ္ထ ဝိဿုတော အဟု။

## ပရိယတ္တိသာသနဟိတ မူလဓမ္မာစရိယ

ဆရာတော်ဘုရားကြီးသည် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရာမ တိုက်သစ် ဝါဆိုကျောင်း၌ ကျောင်းဘုန်းကြီး နာယက ဖြစ်၍ ကြာမြင့်စွာ သီတင်းသုံးတော်မူ၍ စာသင်သား များစွာတို့အား ပရိယတ္တိဓမ္မကို ချပို့ သင် ပြ ပေးတော်မူခဲ့သည်၊ ၁၂၇၇ - ခုနှစ်မှ စ၍ ပရိယတ္တိသာသနဟိတ အသင်း ကြီး၏ 'ဘဒ္ဒန္တစန္ဒာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (မူလစာချ)' ဟူသော ဘွဲ့ဖြင့် ချီးကျူး ဆက်ကပ်၍ ဆွမ်းဆံတော် စသည်တို့ကို လှူဒါန်း ဆက်ကပ်ခြင်းကိုလည်း ခံယူတော်မူရသည်။

## သာသနဝန် ထမ်းဆောင်ခြင်း

၁၂၉၁-ခုနှစ်တွင် မဟာဝိသုဒ္ဓါရာမတိုက် တိုက်ကြပ်ဆရာတော် တာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်၊ ၁၂၉၄-ခုနှစ်၌ ရွှေကျင်နိကာယ ဥက္ကဋ္ဌ သာသနာပိုင် အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူခဲ့၍ သာသနာကိစ္စအဝဝကို ရှေ့တန်းမှနေ ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့သည်။

## ကမ္မဋ္ဌာနာစရိယ

၁၃၀၅-ခုနှစ် ဒုတိယ ကမ္ဘာစစ် အတွင်းမှ စ၍ ၁၃၁၅-ခုနှစ် အထိ ၁၀-နှစ်ကြာမျှ စစ်ကိုင်းတောင်ရိုး ဝိပဿနာဂန္ဓာရုံတိုက်၌ သီတင်းသုံးတော်မူကာ တပည့် တပန်း ရဟန်း ရှင် လူတို့အား ကမ္မဋ္ဌာန်း ဘာဝနာနည်းကို ပြသ နည်းပေးကာ ပဋိပတ္တိသာသနာတော်ကို ချီးမြှောက်တော်မူလေသည်။

## ကျမ်းဂန် ပြုစုတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် စာပေ ကျမ်းဂန် ချပို့ခြင်း, တရား ပြသတော်မူခြင်း၌ ထုံသည် မဟုတ်သေး - ကျမ်းဂန် ရေးသားမှု၌လည်း လေ့ကျက်တော်မူသည် ဖြစ်ရာ ၎င်း၏ ကျမ်းဂန်များမှာ—

၁- ဆန္ဒောမဉ္ဇူရီ - ဆပ္ပစ္စယ ဒီပနီကျမ်း
၂- သဒ္ဒါကြီး နိဿျ
၃- ပါတိမောက္ခ နိဿျ
၄- ဆန်း နိဿျ
၅- အလင်္ကာ နိဿျ
၆- ဝစ္စဝါစက နိဿျ - စသည်တို့ ဖြစ်ကုန်သည်။

## 'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်

ဆရာတော်ဘုရားကြီးသည် ၁၃၁၅ – ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ဆက်ကပ် လှူဒါန်းအပ်သော 'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်ကိုလည်း ညောင်ရမ်းဆရာတော်, ဟသ်ာတ ဘုရားကြီးဆရာတော်တို့နှင့် အတူ ခံယူရရှိတော်မူသည်။

## မဟာဝိသုဒ္ဓါရာမတိုက်၌ သီတင်းသုံးပြန်ခြင်း

၁၃၁၅ – ခုနှစ်မှ စ၍ ရွှေကျင်ဂိုဏ်းဝင် သံဃာတို့၏ ပင့်လျှောက်ချက်အရ ရွှေကျင်နိကာယ၏ ဗဟိုရုံဌာနချုပ် ဖြစ်သော မန္တလေးမြို့ မဟာဝိသုဒ္ဓါ

ရာမတိုက်သစ်သို့ ကြွရောက်တော်မူ၍ သိတင်းသုံးတော်မူကာ သာသနာကိစ္စ, ဂိုဏ်းဂဏကိစ္စ အဝဝကို ဆောင်ရွက်တော်မူသည်။

၁၃၁၀ - ခုနှစ် သက်တော် ၈၇, သိက္ခာတော် ၆၇ - အရတွင် သီးသန့် ဆောက်လုပ် လှူဒါန်းအပ်သော မဟာဝိသုဒ္ဓါရုံ စံကင်းကျောင်းဆောင်၌ သီတင်းသုံးတော်မူသည်။

၁၃၂၃ - ခုနှစ် သက်တော် ၉၁ - သိက္ခာတော် ၇၁ - ဝါ အရတွင် မန္တလေးမြို့ ဆိုင်းတန်းရပ် ဦးသာဒင်, ဒေါ်မင်းထပ် သား သမီး မြေးတစု တို့၏ ဆောက်လုပ် လှူဒါန်းအပ်သော မဟာဝိသုဒ္ဓါရုံတိုက် သက်တော်ရှည် ကျောင်း၌ သီးတင်းသုံးတော်မူသည်။

## ထူးခြားသော ဆရာတော်ဘုရားကြီး

အဆက်ဆက်သော ရွှေကျင်နိကာယ သာသနာပိုင် ဆရာတော်တို့မှာ သက် တော် ၇၀ - ကျော် ၈၀ - ကျော်မျှသာ ရှည်တော်မူကြသည်၊ သို့ရာတွင် ဖော်ပြပါ စံကင်းဆရာတော်ဘုရားကြီးမှာမူ ယခုလို ဆုတ်ကပ်ထည်း၌ သက် တော် ရာကျော် ရှည်တော်မူရာ လွန်စွာမှ ထူးခြားသော ဆရာတော်ကြီး ဖြစ်ကြောင်း မှတ်တမ်းတင်သင့်ပေသည်။

## ကျောက်စာတိုင် ထူထားခြင်း

စံကင်းဆရာတော်ဘုရားကြီး၏ တပည့်ရင်း ဖြစ်သော မဟာဝိသုဒ္ဓါရာမ တိုက် ဝါဆိုဇယမေဒနီကျောင်း နာယက ဓမ္မကထိက 'သာသနဓဇ သီရိပဝရ ဓမ္မာစရိယ' အရှင်အဂ္ဂိယမထေရ်သည် ဆရာတော်ဘုရားကြီး ဖွားမြင်တော် မူရာ စစ်ကိုင်းမြို့ မြောက်ဖက် ၂၂ - မိုင်ကွာ လင်းယဉ်ရွာ သီရိမင်္ဂလာကုန်း၌ ဆရာတော်ဘုရားကြီး၏ အဌုပ္ပတ္တိကျဉ်းကို ရေးတင်၍ ကျောက်တိုင် စိုက်ထူ ထားခဲ့လေသည်၊ ဦးအဂ္ဂိယ၏ လုပ်ငန်းမှာ များစွာ ချီးကျူးထိုက်ပေသည်။

## ပျံလွန်တော်မူခြင်း

ယင်းသို့ ထူးခြားသော ဂုဏ်ထူး ဝိသေသတို့နှင့် ပြည့်စုံတော်မူသော စံကင်း ဆရာတော်ဘုရားကြီးသည် သက်တော် ၁၀၂ - နှစ် ရှိရာ ၁၃၃၄ - ခု ပဌမ ဝါဆိုလဆုတ် ၉ - ရက်နေ့ နံနက် ၈ - နာရီ ၄၅ - မိနစ် အချိန်တွင် ပျံလွန် တော်မူခဲ့လေသည်။

စန္ဒဝံ့ယော မဟာထေရော၊ စန္ဒော ဝ သောဘနော သုခီ။
စက္ကုံ စန္ဒူပမံ ကတွာ၊ ယာတော ခေါ မစ္စုနော ဝသံ။

### အဂ္ဂမဟာပဏ္ဍိတ
## ရွှေကျင်နိကာယ သာသနာပိုင် မြောင်းမြဆရာတော်
### ဘဒ္ဒန္တဉာဏာဘိဝံသ မဟာထေရ်

ဆရာတော်သည် ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက ဖြစ်၍ သာသနာဝန်ကို အားသွန် ကြိုးပမ်း ထမ်းတော်မူသည့် ဆရာတော် ဖြစ်လေသည်၊ ဝိနယဂရုက, သိက္ခာကာမ စသော ဂုဏ်တို့ဖြင့်လည်း သာသနာတွင် ထင်ရှားလှလေသည်။

### ဖွားမြင်ခြင်း စသည်

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ဝမ်းပြေ့ရွာ၌ အဖ ဦးချိမ့်, အမိ ဒေါ်ငွေယုတို့မှ ၁၂၅၀ -ပြည့်နှစ် ပြာသိုလဆန်း ၈ – ရက် အင်္ဂါနေ့ နံနက် စက်နာရီ ၉ – နာရီ ( ၃ ·ဖဝါး တဖိလာ ) အချိန်တွင် ဖွားမြင်တော်မူသည်၊ မွေးချင်း ၁၂ – ယောက် အနက် အထွေးဆုံး ဖြစ်သည်၊ ငယ်နာမည်မှာ မောင်ဖိုးစံ ဖြစ်လေသည်၊ မောင်ဖိုးစံ ၄ – နှစ်သား အရွယ်တွင် ဖခင် ဦးချိမ့် ကွယ်လွန်သဖြင့် မိခင် ဒေါ်ငွေယု၏ ပြုစုမှုဖြင့် ကြီးပြင်းခဲ့ရလေသည်။

### ကျောင်းအပ် ပညာသင်

မောင်ဖိုးစံ ၅ – နှစ်အရွယ်တွင် ဝမ်းပြေ့ရွာ သိမ်တော်ကျောင်း ဘုန်းကြီး ဦးဇာဂရထံ မိခင်က အပ်နှံသဖြင့် ပညာသင်ကြားခဲ့ရသည်၊ ၉ – နှစ် ၁၀ -နှစ်အရွယ်တွင် မိခင်က ဝမ်းပြေ့ရွာ ရှင်ပင်ရပ်သစ်ကျောင်းသို့ ပြောင်းရွှေ့အပ်နှံလေသည်၊ ရှင်ပင်ရပ်သစ် ဘုန်းကြီး ဦးမာလာသည် မြောင်းမြဆရာတော် လောင်းလျာ မောင်းဖိုးစံနှင့် ဆွေမျိုး တော်စပ်လေသည်။

### ရှင်သာမဏေ ဝတ်ခြင်း

မောင်ဖိုးစံ ၁၁ – နှစ် အရွယ်တွင် မိခင် ဒေါ်ငွေယုက ပဗ္ဗဇ္ဇမင်္ဂလာသဘင် ဆင်ယင် ကျင်းပကာ သာသနာ့ဘောင်သို့ သွတ်သွင်း ချီမြှင့်သဖြင့် ဦးမာလာကို ဥပဇ္ဈာယ် ပြု၍ ရှင်သာမဏေ ဝတ်ခဲ့သည်၊ သာမဏေဘွဲ့မှာ ရှင်ဉာဏဝံသ ဖြစ်လေသည်။

### ပညာ သင်ကြားခြင်း

ဥပဇ္ဈာယ်ဆရာရင်း ဦးမာလာထံ၌ ကစ္စည်းသဒ္ဒါကြီး, အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းတို့ကို ၂ – ခေါက် ပေါက်အောင် သင်ယူခဲ့လေသည်၊ သက်တော် ၁၅ – နှစ်တွင် ဥပဇ္ဈာယ်ဆရာ၏ ခွင့်ပြုချက် အရ အာလကပ္ပ အရွေ့

ကျောင်းသစ် ဆရာတော် ဦးပညာထံ ဆည်းကပ်၍ ကစ္စည်းသဒ္ဒါကြီး, သင်္ဂဟ, ဋီကာကျော်ကျမ်းများကို ၃ - နှစ်ကြာမျှ သင်ကြားခဲ့ရလေသည်။

## ကောင်းရွာသို့

ရှင်ဉာဏဝံသသည် ရှင်သာမဏေ ဂ - ဝါ အရ သက်တော် ၁ဂ - နှစ်ရှိသောအခါတွင် စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ကောင်းရွာကုန်း ကျောင်းတိုက်သို့ ပြောင်းရွှေ့ကာ စာပေ ဆက်လက် သင်ကြားလေသည်၊ ယင်းတိုက်အုပ် ဆရာတော်ထံ၌ ဋီကာကျော်ကို မဏိသာရမဉ္ဇူသာဋီကာ တွဲဖက်၍ ဆို၀ါဖြင့် သင်ယူခဲ့သည့်ပြင် ကစ္စည်းသဒ္ဒါကြီးကို သမ္မန် ၆ - ပါးလှည့်၍ သင်ယူခဲ့သည်၊ ပရမတ္ထသရူပဘေဒနီကျမ်းလာ အဓိပ္ပာယ်တို့ကို နာယူမှတ်သား လေ့လာရလေသည်၊ ကောင်းရွာ၌ ပိဋကတ်သွားရန် အခြေခံကိုလည်း ကောင်းစွာ ရရှိလေသည်၊ ရွှေကျင်ဂိုဏ်း ဆိုင်ရာ ကျင့်ဝတ် ပဋိပတ်များကိုလည်း ဆရာတော်ကြီးထံမှ နာခံ မှတ်သားရလေသည်၊ ထိုအချိန်မှ စ၍ ရှင်ဉာဏဝံသ၌ ရွှေကျင်သွေးဝင်လာလေသည်၊ ရှင်ဉာဏဝံသ အဖို့ ကောင်းရွာသည် အောင်မြေ ဇယဘူမိ ဖြစ်လေသည်။

ကောင်း ဂါမေ ဝသိတွာန၊ အသိက္ခိသိက္ခိတဗ္ဗကံ။
တေန ကောင်းဝှယော ဂါမော၊ တဿ ဇယော အဇာယိ သော။

## ရဟန်းဘဝ ဒုလ္လဘသို့

သာမဏေ ၉ - ဝါ အသက် ၁၉ - နှစ် ပြည့်သောအခါတွင် အာလကပ္ပသို့ ပြန်၍ အာလကပ္ပမြောက်ရွာ မြေပိုင်ရှင် ဒေါ်မယ်ဆယ်၏ ပစ္စယာနုဂ္ဂဟဖြင့် အုတ်လှေကားကျောင်း ဆရာတော်ကို ဥပဇ္ဈာယ် ပြု၍ ရွှေစေတီကျောင်းသိမ်၌ ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။

## ဥက္ကံ ဘုရားကြီးကျောင်းတိုက်သို့

ရဟန်း ဖြစ်ပြီးနောက် ဟံသာဝတီခရိုင် သုံးခွမြို့အနီး ဥက္ကံရွာ ဘုရားကြီးကျောင်းတိုက်သို့ ရောက်ရှိ၍ ကောင်းဆရာတော်၏ တူရင်း ဖြစ်သည့် ဘုရားကြီးတိုက်အုပ် ဆရာတော်ထံ သကျသီဟစာမေးပွဲ စာသင်တန်း ဆိုင်ရာ ကျမ်းစာများ နှင့် အခြား ကျမ်းစာများကို သင်ယူခဲ့လေသည်။

## သကျသီဟ စာသင်တန်း အောင်

ဥက္ကံ၌ ၁ - ဝါ နေထိုင်ပြီး မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမတိုက် စည်ရှင်ကျောင်းသို့ ရောက်၍ ပရိယတ္တိသာသနဟိတအသင်း စာသင်တန်း စာမေးပွဲကို ဝင်ရောက် ဖြေဆို၍ ရဟန်း ၁ - ဝါ အရ နှစ်ချင်းပေါက် အောင်မြင်ခဲ့လေသည်။

## ကောင်းကျောင်းသို့ ရောက်ပြန်ခြင်း

သကျသီဟ စာသင်တန်း အောင်မြင်ပြီးနောက် ဒုတိယ ဝါမိ ကောင်းကုန်း ကျောင်းတိုက်သို့ ပြန်၍ ကောင်းဆရာတော်ကြီးထံ၌ ပါရာဇိကဏ် အဋ္ဌကထာကို လေ့လာ သင်ယူပြီး ဉက္ကံ ဘုရားကြီးဆရာတော် နှင့် တိုက်အုပ်ဆရာတော်တို့ထံ အဋ္ဌကထာကြီး ၃ ကျမ်းကို ဆက်လက် လေ့လာ သင်ယူခဲ့သည်။

## သကျသီဟ ဓမ္မာစရိယ

ရဟန်း သိက္ခာ ၄ ဝါ အရတွင် ဝိသုဒ္ဓါရုံတိုက် စည်ရှင် ကျောင်း၌ သီတင်းသုံး၍ သကျသီဟ စာချတန်းကို ဝင်ရောက် ဖြေဆိုတော်မူရာ အဋ္ဌသာလိနီ တကျမ်း အောင်မြင်သည်၊ စာဖြေပြီး မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးထံ ဝိနည်း ကျမ်းစာများ, အဘိဓမ္မာ ကျမ်းစာများကို သင်ယူ ဆည်းပူးခဲ့သည်၊ ဆီးပင်ကျောင်း ဆရာတော် ဦးနာရဒါဘိဝံသထံ၌လည်း သကျသီဟ စာချတန်း ဆိုင်ရာ ကျမ်းများကို လေ့လာ၍ ဝင်ရောက် ဖြေဆိုရာ ရဟန်း သိက္ခာ ၅–ဝါ အရတွင် ပါရာဇိကဏ်အဋ္ဌကထာကို အောင်မြင်၍ ရဟန်း ၆–ဝါ အရတွင် သီလက္ခန် အဋ္ဌကထာကို အောင်မြင်ခဲ့သဖြင့် 'ဘဒ္ဒန္တဉာဏာဘိဝံသ ပရိယတ္တိသာသနဟိတ (သကျသီဟ) ဓမ္မာစရိယ သီးခြားစာချ' ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့သည်။

## စာသင် စာချ

သကျသီဟ ဓမ္မာစရိယဘွဲ့ ရပြီးနောက်တွင် ဆရာတော်ဘုရားကြီး အထံတော်၌ နေ့ဝါ, ညဝါများကို လိုက်နာ သင်ယူရင်း တပည့် တပန်း ရဟန်း သာမဏေတို့အားလည်း စာပေ ပို့ချကာ သာသနာဝန်ကို အားသွန် ကြိုးပမ်း ထမ်းရွက်တော်မူလေသည်။

## မြောင်းမြဆရာတော် ဖြစ်ခြင်း

မြောင်းမြမြို့ ကျောင်းဒါယကာ ဦးစု နှင့် ကျောင်းဒါယိကာမ ဒေါ်ဝန်တို့က ပင့်လျှောက်သဖြင့် ၁၂၇၉–ခုနှစ် ကဆုန်လဆန်း ၁–ရက်နေ့၌ မြောင်းမြမြို့သို့ ကြွတော်မူသည်၊ ယင်းမြောင်းမြမြို့၌ ပဇ္ဇောတာရုံ အမည်ဖြင့် စာသင်တိုက် ဝိဇ္ဇာဋ္ဌာနကို တည်ထောင်ကာ သာသနာ ပြုတော်မူသည်၊ သာသနာတော်၌ ရှင် ရဟန်းကောင်း ပေါ်ထွက်ရန် ရည်သန်တော်မူ၍ စည်းစနစ်ကောင်းမွန် ကျနစွာဖြင့် စာသင်တိုက်ကို ဦးစီး တည်ဆောက်ခဲ့သည်၊ ပဇ္ဇောတာရုံ တိုက်၌ မန္တလေးမြို့သို့ မကြွမီ ၁၃၀၈ ခုနှစ်၌ စာသင် သံဃာ ဦးရေ ၇၀–၈၀ ခန့် ရှိရာ မြန်မာပြည်၌ ထင်ရှားသော စာသင်တိုက် ဖြစ်လာလေ

သည်၊ မျက်နှာလွှဲရလောက်အောင် အရည်အသွေး ပြည့်ဝသော တပည့်ကြီးများလည်း ဆရာတော်၏ စွမ်းဆောင်မှုကြောင့် ပေါ်ထွန်းခဲ့သည်၊ ယင်းသို့ မြောင်းမြ၌ စာသင်တိုက်တည် ကြာရှည်စွာ သီတင်းသုံးတော်မူသဖြင့် မြောင်းမြ ဆရာတော်ဟု ထင်ရှားလေသည်။

## မန္တလေး မဟာဝိသုဒ္ဓါရာမသို့

၁၃၀၇ - ခုနှစ် သတ္တမအကြိမ် ရှမ်းပြည် တောင်ပိုင်း တောင်ကြီးမြို့ ရွှေကျင်နိကာယ သံဃာ့ အစည်းအဝေးကြီး၏ ဆုံးဖြတ်ချက် အရ မဟာ ဝိသုဒ္ဓါရာမ တိုက်တွင်း တိုက်ပြင် ဆရာတော် သံဃာတော်များ၏ ဆန္ဒအရ ပင့်လျှောက်ခြင်းဖြင့် ရွှေကျင်နိကာယ ဗဟိုဌာန မဟာဝိသုဒ္ဓါရာမတိုက်သစ်သို့ ကြွရောက် သီတင်းသုံးတော်မူရလေသည်။

## ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ - ဥက္ကဋ္ဌ - မဟာနာယက

၁၃၁၄ - ခုနှစ် စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံတိုက်၌ ကျင်းပအပ်သော အဋ္ဌမအကြိမ် အစည်းအဝေးကြီး၌ မြောင်းမြဆရာတော်ဘုရားကြီးကို ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ ဂိုဏ်းဝန်ဆောင် မဟာနာယက အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူရသည်၊ ၁၃၃၄ - ခုနှစ် ပဌမ ဝါဆို လဆုတ် ၉ - ရက်နေ့တွင် ရွှေကျင်နိကာယ ဥက္ကဋ္ဌ သမ္မုတိသာသနာပိုင် စံကင်း ဆရာတော် ပျံလွန်တော်မူသဖြင့် မြောင်းမြဆရာတော်သည် ရွှေကျင်ဂိုဏ်းကြီး၏ ဥက္ကဋ္ဌ သံဃာ့ဦးကိုင် သမ္မုတိ သာသနာပိုင် ဖြစ်တော်မူလေသည်။

## ဂုဏ်တော် အသွယ်သွယ်

မြောင်းမြဆရာတော်ဘုရားကြီးသည် သီလ, သမာဓိ, ပညာနှင့် ပြည့်စုံတော်မူသည်၊ ဝိနယဂရုက, သိက္ခာကာမလည်း ရှိတော်မူသည်၊ ခြိုးခြံသော အကျင့်နှင့် ပြည့်စုံတော်မူသည်၊ ခရီးကြွတော်မူရာ၌ သပိတ်တလုံး နှင့် သက်န်းဖြင့် ဖွဲ့ချုပ်ထားသော ပချုပ်ဖာယေ်ဖြင့် ကြွသွားလေ့ရှိသည်၊ အလဇ္ဇီပုဂ္ဂိုလ်များကို နှိပ်ကွပ် - လဇ္ဇီပုဂ္ဂိုလ်များကို ချီးမြှောက်လေ့ ရှိသည်။

## 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တော်

ဖော်ပြပါ ဂုဏ်တော်အဝဝတို့ကြောင့် ကျော်ကြားလှသော မြောင်းမြ ဆရာတော်ကြီးအား နိုင်ငံတော်အစိုးရတို့က ၁၃၁၃ - ခုနှစ်တွင် 'အဂ္ဂမဟာ ပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို လေးမြတ် ကြည်ဖြူ ဆက်ကပ် လှူဒါန်းလေသည်။

ဉာဏဝံသော မဟာထေရော၊ ရွှေကျင်ဝံသေ ဘိပါကဋော။
ကုသလော နေကဂန္ထေသု၊ ဝိနယေ ဂရုကော သုဓီ။

## ပျံလွန်တော်မူခြင်း

သက်တော် ၇၇-ဝါတော် ၆၇-ရှိရာ ၁၃၃၇-ခုနှစ် ဝါဆိုလဆုတ် ၂-ရက်နေ့တွင် ပျံလွန်တော်မူသည်။

ဉာဏာဘိဝံသထေရော ဟိ၊ ဇိနစက္က သုဇောတကော။
စက္ကံ ဇောတယိတွာန၊ ဂတော သော တိဒသာလယံ။

--

### အဂ္ဂမဟာပဏ္ဍိတ
## ပတ္တမြား ဆရာတော်
### အရှင်ဇာဂရမဟာထေရ်

ဆရာတော်သည် မင်းကွန်း တောင်ရိုး၌ သက်ဆုံးတိုင် သီတင်းသုံးတော်မူကာ သာသနာပြုတော်မူသည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူလေသည်။

### ဖွားမြင် - ရှင် ရဟန်းပြု ပညာသင်

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် နဂါးဗိုလ်ရွာ၌ အဖ ဦးသော်, အမိ ဒေါ်ဖဲဥ တို့မှ သက္ကရာဇ် ၁၂၄၅-ခု နယုန်လဆုတ် ၉-ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ကျောင်းသား အရွယ်တွင် နဂါးဗိုလ်ရွာ ရွှေမုဋ္ဌောဆရာတော်ထံ ရောက်ရှိ ပညာ သင်ကြားခဲ့လေသည်၊ သာမဏေအရွယ်တွင် သာမဏေ ဝတ်တော်မူခဲ့လေသည်၊ သက်တော် ၂၀-ရှိရာ ၁၂၆၄-ခုနှစ်တွင် ရွှေမုဋ္ဌောဆရာတော်ကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ ဥပဇ္ဈာယ် ရွှေမုဋ္ဌောဆရာတော်ထံ၌ ပိဋကတ် အခြေခံ ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

### ဆက်လက် ပညာသင် - စာပေ ချပို့

မန္တလေးမြို့ တောင်ပြင် မိုးထားတိုက် ဦးပညိန္ဒ, ရွှေရေးဆောင်ဆရာတော် ဦးကြည်, ဒက္ခိဏာရာမတိုက် စာချဆရာတော် ဦးရန်ကုန်, ရွှေဘို ဆိပ်ခွန် အင်းဆိပ်ဆရာတော်, မဟာဝိသုဒ္ဓါရာမဆရာတော်, အဘယာရာမဆရာတော် ဦးအဂ္ဂမေ့ စသည်တို့ထံတွင် ဆက်လက်၍ ပညာ သင်ကြားတော်မူခဲ့လေသည်၊ ဝိသုဒ္ဓါရုံတိုက်၌ ၉-နှစ်တိုင် စာပေ ပို့ချတော်မူခဲ့လေသည်။

### ပတ္တမြားဆရာတော် ဖြစ် - မင်းကွန်းဖက်ကြ သီတင်းသုံး

၁၂၈၂-ခုနှစ် ပတ္တမြားတိုက်သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူလေသည်၊ ၁၂၉၂-ခုနှစ်တွင် ပတ္တမြားဆရာတော်ကြီး လွန်တော်မူသဖြင့် အရှင်

ဇာဂရသည် ပတ္တမြားတိုက် နာယက ဖြစ်လေသည်၊ ဒုတိယ ကမ္ဘာစစ် အတွင်းတွင် မင်းကွန်းဖက် ရွှေကျောင်ဆရာတော်ကြီး သိတင်းသုံးတော်မူရာ ငွေ တောင်တောရ၌ သီတင်းသုံးတော်မူ၍ ပဋိပတ် ပရိယတ် အလုပ်ကို ကြိုးကုတ် တော်မူခဲ့လေသည်၊ ၁၃၁၈-ခုနှစ်တွင် သီဟိုဠ်နိုင်ငံသို့လည်း ကြွတော်မူခဲ့ လေသည်။

## ကျမ်းဂန်များ ပြုစုခြင်း

ကျမ်းဂန် များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့မှာ —

၁- ကလာပ် နိဿျ
၂- ကိတ်မဥ္စရီ
၃- မဏိဇောတိက ဝိသဇ္ဇနာ
၄- ဝိဝိခ ဝိနိစ္ဆယ
၅- ပဟော်ဋ္ဌ ဝိနိစ္ဆယ
၆- ဓမ္မစကြာ ပါဠ် နိဿျ
၇- ဓမ္မစကြာ မြန်မာ ဋီကာ
၈- ပတ္တမြား သံခိပ် ပုစ္ဆာ
၉- ပတ္တမြား သံခိပ် အဖြေ
၁၀- အက္ခရာဝဋ္ဋ (ပါဠိ ကျမ်း)
၁၁- သရူပဒီပနီ (ပါဠိ ကျမ်း)
၁၂- သရူပဝဏ္ဏနာ (ပါဠိကျမ်း)- စသည်တို့ ဖြစ်ကုန်၏။

## သာသနာအကျိုး ဆောင်ရွက်ခြင်း
## 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် အလှူခံ ရရှိခြင်း

ဆဋ္ဌသံဂါယနာတွင် သံဂီတိကာရက, ဩဝါဒါစရိယ, သံဃနာယက, ရွှေကျင်နိကာယ မဟာနာယက စသော တာဝန်တို့ကိုလည်း ဆောင်ရွက် တော်မူခဲ့လေသည်၊ ၁၃၁၂-ခုနှစ်တွင် နိုင်ငံတော် အစိုးရတို့ လှူဒါန်းသော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

## ပျံလွန်တော်မူခြင်း

သက်တော် ၉၀- သိက္ခာတော် ၇၁-၀ါ ရရှိရာ ၁၃၃၄-ခု သီတင်း ကျွတ်လဆုတ် ၃-ရက် နံနက် ၈-နာရီ မိနစ် ၃၀- တွင် ပျံလွန်တော်မူခဲ့ လေသည်။

ဘဒ္ဒန္တဇာဂရော ထေရော၊ ဇာဂရော ဇိနသာသနေ။
မဟေသိစက္ကံ ဇောတေတွာ၊ ပယာတော တိဒိဝံ ပုရံ။

ဆရာတော်ကား ဝိနယဂရုက, သိက္ခာကာမဂုဏ်နှင့် ပြည့်စုံ၏၊ ပါဠိ, အဋ္ဌကထာ, ဋီကာလာ ခက်ရပ် ခက်ဆစ်တို့ကိုလည်း လွန်စွာ မှတ်မိ၏၊ မေး လျှောက်လျှင် အလွယ်တကူနှင့် ဖြေနိုင်သည်သာ များ၏။

——

'အဂ္ဂမဟာပဏ္ဍိတ'

## မင်းကွန်း ရတနာဂူကျောင်း ဆရာတော်

### အရှင်ဣန္ဒာသနိ မဟာထေရ်

ဆရာတော်သည် မင်းကွန်း တောင်ရိုး၌ ပရိယတ်, ပဋိပတ် ၂-ရပ်သော လုပ်ငန်းကို ကြိုးပမ်းတော်မူသည့် မထေရ်မြတ် ဖြစ်တော်မူသည်။

### ဖွားမြင် - ရှင် ရဟန်း ပြု - ပညာသင်

ပခုက္ကူခရိုင် ဘဲကြီးရွာ၌ အဖ ဦးရန်ရှား အမိ ဒေါ်ဟန်တို့မှ သက္ကရာဇ် ၁၂၅၈-ခု တော်သလင်းလဆန်း ၁၄-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင် တော်မူခဲ့လေသည်၊ ကျောင်းသား အရွယ်တွင် ဘဲကြီးရွာကျောင်း၌ ပညာ သင်ကြားတော်မူခဲ့လေသည်၊ ၁၆-နှစ်သား အရွယ်တွင် မန္တလေးမြို့ မဟာ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးထံ ရှင်သာမဏေ ပြုတော်မူခဲ့လေသည်၊ သက် တော် ၂၀-ပြည့်ရာ ၁၂၇၈-ခုနှစ် ဝါဆိုလဆန်း ၁၀-ရက်နေ့တွင် ရတနာ ဂူကျောင်း ဆရာတော်ကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့ လေသည်။

ဝိသုဒ္ဓါရုံတိုက် ဒီပဲရင်း ဆရာတော်, အဘယာရာမ ဆရာတော် ဦးအဂ္ဂဓမ္မ, စည်ရှင်ဆရာတော် ဦးကောသလ္လ, ဝိသုဒ္ဓါရုံ ဂဏဝါစက ဦးဇာဂရတို့ထံ ပညာ သင်ကြားတော်မူခဲ့လေသည်။

### ပတ္တမြားတိုက် မင်းကွန်း ရတနာဂူကျောင်း၌ သိတင်းသုံး

ဝိသုဒ္ဓါရုံတိုက်၌ ပညာ သင်ကြားပြီးနောက် ပတ္တမြားတိုက်သို့ ပြောင်း ရွှေ့ နေထိုင်တော်မူကာ စာပေ ကျမ်းဂန်များ ဆက်လက် လေ့လာ၍ စာ ပေ ပို့ချတော်မူခဲ့လေသည်၊ ၎င်းနောက် ရွာတွင်းကျောင်း မြို့တွင်းကျောင်း၌ ငြီးငွေ့တော်မူသဖြင့် မင်းကွန်း ရတနာဂူကျောင်းကို အလှူခံတော်မူကာ စာပေ ပို့ချခြင်း ပဋိပတ် အလုပ်ကို စွမ်းနိုင်သမျှ ကျင့်ကြံခြင်းတို့ဖြင့် သာသနာ ပြု တော်မူခဲ့လေသည်၊ ဆဋ္ဌသံဂါယနာ တွင် သံဂီတိကာရက, ကျမ်းညွှန်း ဩဿ နသောဓက အဖြစ်ဖြင့် ဆောင်ရွက်တော်မူခဲ့လေသည်။

## 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် အလှူခံ ရရှိခြင်း

ဋ္ဌိကာသံဂါယနာ အပြီး ၁၃၂၃-ခုနှစ်တွင် နိုင်ငံတော်အစိုးရတို့ လှူဒါန်းသော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် အလှူခံ ရရှိတော်မူခဲ့လေသည်၊ ဆရာတော်သည် ဝိနည်း သိက္ခာပုဒ်တို့၌ လွန်စွာ လေးစားတော်မူ၍၊ ဆွမ်းခံဝတ်ကို ဖြည့်ကျင့်တော်မူ၍၊ ဘုရားအား ရေချမ်းဝတ်ကို အမြဲ နိစ္စ ကိုယ်တိုင် တည်တော်မူလေ့ ရှိ၏။

ဣန္ဒြိယသနိဂ္ဂဟယော ထေရော၊ ထိရေသု သဏ္ဌိတော သုမိ။
ပူရယိတွာ စုရဒွယံ၊ သယမ္ဘုသာသနန္ဒရော။

## ပျံလွန်တော်မူခြင်း

သက်တော် ၈၁, ဝါတော် ၆၂-၀ါ ရရှိရာ ၁၃၃၈-ခု သီတင်းကျွတ်လဆန်း ၁၅-ရက်နေ့ ညနေ ၃-နာရီ အချိန်တွင် ပျံလွန်တော်မူသည်။

---

# မင်းကွန်း ရန်ကင်းချောင် ဆရာတော်ဘုရားကြီး

ရန်ကင်းချောင် ဆရာတော်ဘုရားကြီးသည် မင်းကွန်း ရန်ကင်းချောင်၌ သက်ဆုံးတိုင် သီတင်းသုံးတော်မူ၍ သာသနာ ပြုတော်မူခဲ့သည်၊ စာပေ အရ အမိလည်းများ - အသံလည်း အောင်မြင် ကောင်းမွန်တော်မူသည်။

၁၂၄၂-ခုခန့်တွင် ဖွားမြင်တော်မူခဲ့သည်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးထံတွင် ကြာမြင့်စွာ ပညာ သင်ကြားတော်မူခဲ့သည်။

## ဘုရားဂုဏ်တော် နေ့စဉ် မပြတ် ပွားများ

ပဋ္ဌမသံဂါယနာတင် မင်းတုန်းမင်းတရား၏ ဆရာ မဟာဗိုလ်ဆရာတော်ဘုရားကြီးသည် ဘုရားဂုဏ်တော်ကို နေ့စဉ် မပြတ် ပွားများတော်မူသည်၊ မင်းတုန်းမင်းကြီးကို နေ့စဉ် ၁၀၈-လုံး ပုတီးနှင့် ၁၀-ပတ်ကျ ပွားများ စိပ်စေတော်မူသည်။

ဝဇီရာရာမ ဆရာတော်ဘုရားကြီး အရှင်ပညာသိရီသည် 'အ+ရဟံ'၊ 'အရ+ဟံ'၊ 'အရဟံ-' ဟူ၍ ၃ မျိုး ခွဲ၍ ပွားများ ပုတီးစိပ်တော်မူသည်။

စစ်ကိုင်း မဟာဂန္ဓာရုံ ပဌမ ဆရာတော်ဘုရားကြီးသည် ကိုယ်တိုင်လဲ ဘုရားဂုဏ်တော်ကို ပွားများတော်မူပြီး တပည့် တပန်း ရဟန်း သာမဏေ ဥပါသကာ ဥပါသိကာတို့အားလည်း ပွားများစေတော်မူသည်။

ရန်ကင်းဆရာတော်ဘုရားကြီးသည် ဗုဒ္ဓနုဿတိ ကမ္မဋ္ဌာန်းကို နေ့စဉ် ညစဉ် အခေါက်ပေါင်း များစွာ ပုတီးစိပ်တော်မူသည်၊ မလွန်ဆန်လှူအသင်းကြီး တည်ရာ ဌာနဌ် နှစ်ပေါင်းများစွာ တရားဟောတော်မူခဲ့သည်၊ သက်တော် ၇၅-နှစ် ရှိရာ ၁၃၂၅-ခုနှစ် တပို့တွဲလဆုတ် ၆-ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်။

ရန်ကင်း မဟာစရိယော ဟိ၊ သာသနေ သောဘနော သုဓီ။
သုဓိသာသန ကိစ္စာနိ၊ ကရိတွာန ဒိဝင်္ဂတော။

— —

# စတုဝိသတိမပိုင်း

## 'ပညာဒီပ ကဝိဓဇ ဒိသာပါမောက္ခ တိပိဋကဓာလင်္ကာရ' ဘွဲ့တံဆိပ်တော်ရ ငှက်တွင်းဂိုဏ်း အာဒိကမ္မိက
## ရွှေမင်းဝံ ငှက်တွင်းဆရာတော်
### အရှင်ပဏ္ဍိဝ မဟာထေရ်

ဆရာတော်သည် မင်းဝံတောင် စစ်ကိုင်းတောင်ရိုးတို့၌ ကြာမြင့်စွာ သီတင်းသုံး၍ သာသနာပြုတော်မူခဲ့သည်၊ သို့ဖြစ်၍ စစ်ကိုင်းသာသနာဝင်ကျမ်း၌ အကျဉ်းချုပ် မှတ်တမ်းတင်အပ်ပါသည်။

### ဖွားမြင်တော်မူခြင်း


ရွှေဘိုမြို့၌ ဖခင် ဦးမောင်မောင်လေး နှင့် မိခင် ဒေါ်ခင်ခင်ငြိမ်းတို့မှ သက္ကရာဇ် ၁၁၉၃-ခုနှစ် ပဌမ ဝါဆိုလဆန်း ၇-ရက် ကြာသပတေးနေ့ ၃-ချက်တီးကျော် ၁၁-ဖဝါးချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်မည် မောင်မြသီး ဖြစ်လေသည်၊ မိခင် ဒေါ်ခင်ငြိမ်း အသက် ၄၂-တွင် ဆရာတော် လောင်းလျာကို ဖွားမြင်သည်ဟု ဆိုသည်၊ မိခင် အသက် ၄၀-ကျော်မှ ဖွားမြင်သည့် သားတို့သည်—

(က) ခွန်အားသော်လည်း ကောင်းတတ်၏

(ခ) ဉာဏ်ပညာသော်လည်း ထက်မြက်တတ်၏

(ဂ) အနာကင်း၍ ကျန်းမာခြင်းနှင့်သော်လည်း ပြည့်စုံတတ်၏

ဟု အဆိုရှိသည်။



ပညာဒီပ ကဝိဓဇ ဒိသာပါမောက္ခ တိပိဋကာလင်္ကာရ
ဘွဲ့တံဆိပ်တော်ရ ငှက်တွင်းဂိုဏ်းအာဒိကမ္မိက
ရွှေမင်းဝံ ငှက်တွင်းဆရာတော်
အရှင်ပဏ္ဍိဝ မဟာထေရ်

## ပညာ သင်ကြားခြင်း

စကားပြောတတ်စ အရွယ်မှ စ၍ သီလရှင် ဒေါ်ဖွားထိ နှင့် မိဘတို့၏ အထံ၌ နမော ဗုဒ္ဓါယ, က, ခ, ဂ, ဃ, င - စသည်မှ စ၍ သင်ပုန်းကြီး မင်္ဂလသုတ် စသည်တို့ကို သင်ကြားခဲ့လေသည်။

သန္တိကေ သီလဝတိယာ၊ ပိတုနော မာတုယာပိ စ။
သိက္ခာ ပေါတ္ထကံ သိက္ခိတွာ၊ ဆေကော ယထာရဟံ အဟု။

## ဆရာတော် အရှင်ကောဏ္ဍညာဘိဓဇ ထံ

သက်တော် ၆ - နှစ်သား အရွယ်တွင် မိဘတို့ အပ်နှံသဖြင့် ရွှေဘိုမြို့ ပဥ္စမ စရစ်ဆရာတော်၏ တပည့် စရစ်ဆရာတော်ဟုပင် တွင်သော အရှင် ကောဏ္ဍညာဘိဓဇ အထံတွင် ပရိတ်ကြီး, ဇာတ်, နီတိ ကျမ်းစာ စသည်များကို သင်ယူတော်မူခဲ့လေသည်၊ သက်တော် ၁၃ - နှစ် အရွယ် ၁၂၀၅ - ခုနှစ်တွင် ရှင်သာမဏေ ဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ဘွဲ့မည် ရှင်ပဏ္ဍဝ ဖြစ်လေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ ကောဏ္ဍညာဘိဓဇံ သုဘံ။
ပဏ္ဍဝေါတိ ဘိဓာနေန၊ သာမဏေရတ္တနံ လဘိ။

## ရဟန်းအဖြစ်သို့ ရောက်ခြင်း

သက်တော် ၂၀ - ပြည့်မြောက်ရာ ၁၂၁၄ - ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်နေ့တွင် စရစ်ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဆရာတော် အရှင် ကောဏ္ဍညာဘိဓဇကိုပင် ဥပဇ္ဈာယ် ပြု၍ မိဘ ၂ - ဦးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခဲ့လေသည်၊ ဥပဇ္ဈာယ် ဆရာတော်ထံ၌ ပိဋကတ် အခြေခံ ကျမ်းစာ အချို့ကိုလည်း သင်ယူတော်မူခဲ့လေသည်။

ဥပဇ္ဈာယန္တိကေယော၊ သိက္ခိတဗ္ဗေ အသိက္ခိသော။
ဥပဇ္ဈာယော တု ဓမ္မေန၊ ပဂ္ဂဟိ ပဂ္ဂဟာရဟံ။

## သင်္ဂဇာဆရာတော်ထံ ရောက်ရှိ ပညာသင်

ရဟန်း ၀ါ အနည်းငယ် ရပြီးနောက် သင်္ဂဇာဆရာတော်ဘုရားကြီး အရှင် အဂ္ဂဓမ္မထံ ရောက်ရှိ၍ ပိဋကတ် ကျမ်းဂန်များနှင့် တကွ ဝိနည်း ဖြတ်ထုံး, ဝိပဿနာ ကျင့်နည်းတို့ကို သင်ယူတော်မူခဲ့လေသည်၊ ယင်းသို့ သင်္ဂဇာဆရာ တော်ဘုရားထံ ဓမ္မက္ခန္ဓာ စာပေများ သင်ယူခဲ့ရကြောင်း 'ဓမ္မက္ခန္ဓာ၊ အငါ ကိုးမည်၊ ရင်နို့ရည်ကို၊ ချစ်ကြည်မျှလောက်၊ အေးကြောင်းသောက်လျက်' စသည်ဖြင့် ကိုယ်တိုင် စပ်ဆိုတော်မူခဲ့လေသည်။

သန္တိကေ အဂ္ဂမေမွယာ၊ အဂ္ဂခမ္ပိ သမုဂ္ဂဏ္ဍီ။
အဂ္ဂဂ္ဂံသော ဟိ ပဗ္ဗောတွာ၊ အဂ္ဂဂ္ဂ ဗုဒ္ဓသာသနေ။

## ပဥ္စမ စာတော်ချ ဖြစ်ခြင်း - 'တိပိဋကာလင်္ကာရ' ဘွဲ့တံဆိပ် အလှူခံ ရရှိခြင်း

ရဟန်း သိက္ခာ ၅ - ဝါ အရပ်တွင် ပဥ္စမ စာတော်ချ ဖြစ်၍ စာပေ ကျမ်းဂန်တို့ကို ချပို့တော်မူခဲ့လေသည်၊ နန်းတွင်း အရေးတော်ပုံကြောင့် စိတ်စက်ကြည်သာခြင်း နည်းပါးတော်မူသော ပဥ္စမ သံဂါယနာတင် မင်းတရားကြီးအား ပင့်လျှောက်ချက် အရ တရားဓမ္မ ဟောပြောတော်မူရာ မင်းတရားကြီးက ရဟန်းတော် အရှင်ပဏ္ဍဝအား သဒ္ဓါကြည်ညိုလှသဖြင့် 'ပညာဒီပကဝိဓဇ ဒိသာပါမောက္ခ တိပိဋကာလင်္ကာရ' ဟူသော ဘွဲ့တံဆိပ်တော်ကို မင်းတရားက ဆက်ကပ် လှူဒါန်းကြောင်း အဆိုရှိသည်။

ဂန္ထဝါစကဥာနံ စ၊ အလင်္ကာရ ပဒမ္ပိ စ။
ဒိန္နံ သုရာဇရာဇေန၊ ပဋိဂ္ဂဏ္ဍီ သုမိတိမာ။

## မင်းဝံတောင် ငှက်တွင်းချောင်၌ သီတင်းသုံး တရားကျင့်

မင်းဝံတောင်သည် မန္တလေးမြို့တော်၏ အနောက်ဖက် ၁ - မိုင် ၄ - ဖာလုံခန့် အကွာတွင် တည်ရှိလေသည်၊ ယင်း မင်းဝံတောင်တန်း တခုသော တောင်ခါးပန်းတွင် ပဇင်းထိုးငှက်များ အပျော်ကျူးသဖြင့် တွင်းတူးဖောက်ရာ တွင်းဟောင်းများ ရှိလေသည်။

ရဟန်းတော် အရှင်ပဏ္ဍဝသည် သက်တော် ၃၆ - နှစ် သိက္ခာတော် ၁၆ - ဝါ ရရှိရာ သက္ကရာဇ် ၁၂၂၉ - ခုနှစ် တန်ဆောင်မုန်းလတွင် သပိတ်တလုံး သင်္ကန်း ၃ - ထည်ဖြင့် မင်းဝံတောင်တန်းသို့ ကြွတော်မူ၍ ဖော်ပြပါ ငှက်တွင်းဟောင်းကို ဂူအသွင် ပြုလုပ်စေ၍ သီတင်းသုံးတော်မူ၍ ကမ္မဋ္ဌာန်း အလုပ်ကို ကြိုးကုတ် အားသစ်တော်မူခဲ့လေသည်၊ သို့ဖြစ်၍ ပဌမတွင် ငှက်ထွင်းဆရာတော် ဟု တွင်၍ နောက်တွင် ငှက်တွင်းဆရာတော် ဟု တွင်လေသည်။

ငှက်ထွင်းဆရာတော် ဣတိပိ၊ ပဌမံ သမညာ ဘဝိ။
ငှက်တွင်းဆရာတော် ဣစ္စေဝ၊ ပစ္ဆာ နာမံ သမဘာဝိ။

ယင်း ငှက်တွင်းချောင်၌ သင်္ဂဇာဆရာတော်ကြီးနှင့် ယင်း၏ တပည့်ဦးကောဏ္ဍည မန္တလေးမြို့ အနောက်ပြင် ချမ်းသာကြီးတိုက်မှ စာချ ဆရာတော် ဦးပဏ္ဍဝ စသူတို့လည်း သီတင်းသုံးခဲ့ကြကုန်၏။

## ကွမ်းခြံကုန်း ကြွရောက် သီတင်းသုံးခြင်း

သက်တော် ၅၄ နှစ် သိက္ခာတော် ၃၄-ဝါ အရ ၁၂၄၈-ခုနှစ်တွင် အောက်ရပ်ဌာန ကွမ်းခြံကုန်းဒေသသို့ ကြွတော်မူ၍ ဦးဥက္ကဋ္ဌ၏ လယ်ပေါ်ကုန်း ကျောင်း၌ သီတင်းသုံးတော်မူ၍ စာပေ ချပို့ခြင်း, တရားဓမ္မ ဟောပြော ခြင်းတို့ဖြင့် သာသနာပြုတော်မူခဲ့လေသည်၊ နောက်တွင် ဆရာတော် အရှင် ပဏ္ဍဝသည် ကျောင်းပေါင်း ၃၀၀-ခန့်ရှိ လယ်ပေါ်ကုန်း ဂိုဏ်း၏ ဦးစီး နာယက ဖြစ်လာလေသည်၊ ၁၂၅၀-ပြည့်နှစ်တွင် ဦးဥက္ကဋ္ဌ ပျံလွန်တော်မူ၍ ဈာပနကိစ္စ အတွက် စည်းဝေးလေရာ ငှက်တွင်းဆရာတော် အရှင်ပဏ္ဍဝက–

> 'ဘုရားအဆူဆူ သယမ္ဘူတို့ ဖြူစင်သော သာသနာ စည်ပင် ထွန်းကားရေး အတွက် အနာသဝါ အာဇီဝဋ္ဌမကသီလကို သရဏဂုံ ၂-မျိုးနှင့် သီလပေးရန်'

ဆန္ဒပြု၍ တိုက်တွန်းတော်မူခဲ့လေသည်။

ထိုစဉ်ကမှ စ၍ အချို့ သံဃာများ သဘောတူ၍ အချို့ သံဃာများ သဘောမတူကြချေ၊ ထိုစဉ်ကမှ စ၍ ငှက်တွင်းဂိုဏ်း ပေါ်လာသည်ဟု မှတ် သားရာ၏။

## ပါရမီစံကျောင်း၌ သီတင်းသုံးခြင်း

ကွမ်းခြံကုန်းမြို့မှ ဒါယိကာမကြီး ဒေါ်ကြီးကြီးက လယ်ပေါ်ကုန်း ကျောင်းတိုက်နှင့် ချောင်းတခုသာ ခြားသော ၁၀-ဧက ဒသမ ၂၀-ခန့်ရှိ ဥယျာဉ်ခြံကို လှူဒါန်းလေသည်၊ ယင်းသည်ပင် ပါရမီစံကျောင်း ဖြစ်လာ လေသည်၊ ဒေါ်ကြီးကြီး နှင့် မိသားစု တို့ကပင် ကျောင်းများ ဆောက်လုပ် လှူဒါန်းကြကုန်၏၊ ဦးပန်းရည် မိသားစု, ဦးဆင် မိသားစု, ဦးသင် မိသားစု တို့ကလည်း သိမ်, ကျောင်း, စရပ်, ရေတွင်း စသည်တို့ကိုလည်း ဆောက်လုပ် တူးဖော် လှူဒါန်းကြကုန်၏။

ငှက်တွင်းဆရာတော် အရှင်ပဏ္ဍဝသည် ၁၂၅၁-ခုနှစ်တွင် ယင်း ပါရမီ စံကျောင်းသို့ ရွှေ့ပြောင်း သီတင်းသုံးတော်မူခဲ့လေသည်။

## နယ်လှည့် တရားဟောခြင်း

ဆရာတော်သည် ကျိုက်လတ်, မအူပင်, ဖျာပုံ, သထုံ စသည်တို့၌လည်း ရက်တို ရက်ရှည် သီတင်းသုံးတော်မူ၍ မဂ္ဂင်တရားများ ဟောပြော ပြသ သာသနာပြုတော်မူခဲ့လေသည်။

## ကျမ်းဂန်များ ပြုစုတော်မူခြင်း

ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူ၏၊ ၎င်းတို့မှာ —

၁ - မင်္ဂလသုတ္တန် သာသနဝိသောဓနီကျမ်း
၂ - သာသနသုဒ္ဓိ ဒီပကကျမ်း
၃ - သာသနသုဒ္ဓိ ပဋိပတ္တိ လက်ာရကျမ်း
၄ - ပရမတ္ထ ဗြူဟာကျမ်း
၅ - သာသနာလင်္ကာရ မဂ္ဂပကာသနီကျမ်း
၆ - ရာဇောဝါဒကျမ်း
၇ - သာသနဗြူဟာကျမ်း
၈ - ဓမ္မပဒေသ တက္ကသိုလ်ကျမ်း
၉ - ဗျဉ္ဇနီကျမ်း
၁၀ - မဟာသတိပဋ္ဌာန မဂ္ဂင် ဒီပနီကျမ်း
၁၁ - ဒိဋ္ဌိဝိသောဓနေ ဥဘတောပက္ခ လောကဝိဒူကျမ်း
၁၂ - လောကစိန္တာကျမ်း
၁၃ - မဟာသတိပဋ္ဌာန နိဿယသစ်ကျမ်း
၁၄ - ဓမ္မစက္ကပဝတ္တန နိဿယသစ်ကျမ်း
၁၅ - ပိဋကသုံးပုံ ဖလဲကျမ်း
၁၆ - ပဗ္ဗဇ္ဇာဒိ ဝိနယ ကထာကျမ်း
၁၇ - သန္ဓိ နိဿယသစ်ကျမ်း
၁၈ - ရတနသုတ် မေတ္တသုတ် နိဿယသစ်ကျမ်း
၁၉ - ဒိဋ္ဌိဘေဒ ပကာသနီကျမ်း
၂၀ - ဓမ္မပဒ နိဿယသစ်ကျမ်း
၂၁ - အမတပါန ပိဝနကထာ နိဗ္ဗာန်ဝင်ကျမ်း
၂၂ - သင်္ဂြိုဟ် ဂဏ္ဌိသစ်ကျမ်း
၂၃ - ပါဠိ သက္ကတ အဘိဓာန်ကျမ်း
၂၄ - အဆုံးအဖြတ် ဝိနိစ္ဆယ စာတမ်းငယ်များ - စသည်တို့ ဖြစ်ကုန်၏။

## ပျံလွန်တော်မူခြင်း

ဆရာတော်သည် သက်တော် ၇၉ - နှစ် သိက္ခာတော် ၅၉ - ဝါ ရရှိရာ ၁၂၇၂ - ခုနှစ်တွင် ရန်ကုန်မြို့ သရက်တောတိုက် မဟာသတိပဋ္ဌာန်ကျောင်းသစ်မှ သထုံမြို့က လာရောက် ပင့်သဖြင့် သထုံမြို့သို့ ကြွတော်မူ၍ ရွှေစာရံဘုရားဝင်း အတွင်း ထန်းနှစ်ပင် အုတ်တိုက် ဝတ်ကျောင်း၌ သီတင်းသုံးတော်

မူ၍ တရားဓမ္မ ဟောပြော ပြသ သာသနာပြုဆဲ ဖြစ်စဉ် ၁၂၇၂-ခု သီတင်းကျွတ်လဆန်း ၉ - ရက်နေ့ နံနက်တွင် ပျံလွန်တော်မူလေသည်။

ငှက်တွင်းမဟာစရိယော ဟိ၊ ငှက်တွင်းဂဏ နိဗ္ဗတ္တကော။
ငှက်တွင်းဝံသိက သိဿသော၊ ဟိတွာန နိမန် ဂတော။

—

ငှက်တွင်းဂိုဏ်း ဒုတိယ ဦးစီးနာယက

## ကွမ်းခြံကုန်း ဆရာတော်

အရှင်ဇောတာဘိဓဇ မဟာထေရ်

### စစ်ကိုင်းမြို့

မြရေရိပ်ဆိုင်း တောင်ရိပ်ဝိုင်းသား
စစ်ကိုင်းရွှေမြို့ ပြည်အောင်မျို့ကို။ [၂]

စသည်ဖြင့် စာဖွဲ့ဆိုရာ စစ်ကိုင်းမြို့နယ် တစိုက်ကား ဂိုဏ်းဂဏ ဦးစီး - ဂိုဏ်း ဂဏဝန်ဆောင် သာသနာပြု မြားမြောက်စွာတို့၏ ပေါ်ထွန်းရာ ဒေသမွန် ဖြစ်၏။

### ပဋိပတ္တိ ဝန်ဆောင်များ

အင်းခန်းလှို လယ်တီ
လယ်တီတော့ ငှက်ကျ
ငှက်ကို ကြောင်ခုတ်
ကြောင်ကို မိုးကြုံးပစ်—

ဥဒါန်းဖြင့် မြန်မာပြည် ပဋိပတ္တိ သာသနာပြု ဆရာတော်ကြီးတို့မှာ ပဌမ အင်းခန်း ရွှေကျောင်ဆရာတော်, လယ်တီဆရာတော်, ငှက်တွင်း ဆရာတော်, ကြောင်ပန်းဆရာတော်, မိုးညှင်းဆရာတော်တို့ ဖြစ်ကြောင်း မှတ်တမ်း ပြုခဲ့ ကြကုန်၏။

ကွမ်းခြံကုန်း ဆရာတော် ဟု ထင်ရှားသော အရှင်ဇောတာဘိဓဇသည် ပဌမ ငှက်တွင်း ဆရာတော်၏ အရိုက်အရာကို ဆက်ခံ၍ ငှက်တွင်းသာသနာကို စည်ပင်အောင် ဆက်လက် ဆောင်ရွက်တော်မူခဲ့လေသည်။

---

၁။ အကျယ် စတုဘုမ္မိက သာသနာဝင် သမိုင်း ကြည့်။
၂။ နဝရတ်ပျို့။

## ဖွားမြင်တော်မူခြင်း - ရှင် ရဟန်း ပြုခြင်း

အရှင်ဇောတာဘိဝံသသည် စစ်ကိုင်းမြို့ တကောင်းရပ်နေ အဖ ဦးစံဒိုး အမိ ဒေါ်လုံတို့မှ သက္ကရာဇ် ၁၂၂၁ - ခုနှစ် နတ်တော်လဆန်း ၅ - ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်နာမည် မောင်ရွှေကြီး ဖြစ်၏၊ ၅ - နှစ်သား အရွယ်တွင် မင်းဝံတောင် ငှက်တွင်းချောင် ဆရာတော်ထံတွင် ရောက်ရှိ၍ ဖိုးသူတော် အဝတ်ဖြင့် နေထိုင်၍ အခြေခံ ပညာရပ်များကို သင်ကြားခဲ့လေသည်။

၁၃ - နှစ်သား အရွယ်တွင် ရှင်သာမဏေ ဝတ်၍ သာသနာ့ဝန် ထမ်းရွက်တော်မူခဲ့လေသည်၊ ဘွဲ့တော် ရှင်ဇောတာဘိဝံသ ဖြစ်လေသည်၊ သက်တော် ၂၀ - တွင် ကြေးမြင့်မိဖုရား၏ ပစ္စယာနုဂ္ဂဟဖြင့် ဦးကြီးတော် ပဌမ ငှက်တွင်း ဆရာတော် ဦးပဏ္ဍဝကို ဥပဇ္ဈာယ် ပြု၍ ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူသည်။

သမင်ခြံရွာမှ ဒါယိကာမကြီး ဒေါ်နွယ်က ဒုတိယ အကြိမ် သိမ်ထပ် မင်္ဂလာ ပြုခြင်း, မိဘ နှစ်ပါးတို့က တတိယ အကြိမ် သိမ်ထပ်မင်္ဂလာ ပြုခြင်းတို့ဖြင့် ကုသိုလ် ပြုကြကုန်၏။

## ဥပနာယက တာဝန်

အရှင်ဇောတာဘိဝံသသည် မန္တလေးမြို့ အနောက်ပြင် သင်္ဇာတိုက် စသည်တို့၌လည်း ပိဋကတ်ကျမ်းစာများကို သင်ယူတော်မူပြီး မင်းဝံတောင် ငှက်တွင်းချောင်၌ ဆက်လက်၍ သီတင်းသုံးတော်မူသည်၊ ၁၂၅၀ - ပြည့်နှစ်တွင် ဦးကြီးတော် ငှက်တွင်းဆရာတော်ကြီး၏ အမိန့်အရ ကွမ်းခြံကုန်း ပါရမီစံကျောင်းတိုက်သို့ ကြွရောက်၍ ပါရမီစံကျောင်းတိုက်၌ ဥပနာယက အဖြစ်ဖြင့် သီတင်းသုံးတော်မူခဲ့လေသည်၊ ကွမ်းခြံကုန်းမြို့၌ ကြာရှည်စွာ သီတင်းသုံးတော်မူသဖြင့် ကွမ်းခြံကုန်းဆရာတော်ဟု တွင်လေသည်။

## ငှက်တွင်းဂိုဏ်း မဟာနာယက ဖြစ်ခြင်း - ပျံလွန်ခြင်း

ဦးကြီးတော် ပဌမ ငှက်တွင်း ဆရာတော်ကြီး ပျံလွန်တော်မူရာ ၁၂၇၂ - ခုနှစ်မှ စ၍ စတုဘုမ္မိကမဂ္ဂင် ငှက်တွင်းဂိုဏ်း၏ မဟာနာယက တာဝန်ကို ထမ်းဆောင်တော်မူရလေသည်၊ သက်တော် ၈၁ - နှစ် သိက္ခာတော် ၆၁ - ဝါ ရရှိရာ ၁၃၀၀ - ပြည့်နှစ်တွင် ကွမ်းခြံကုန်းမြို့ ပါရမီစံကျောင်းတိုက်၌ ပျံလွန်တော်မူခဲ့လေသည်။

ဇောတာဘိဝံ နာမေန၊ ပညာတော ထေရပုင်္ဂဝေါ။
ဇောတယိတွာ မုနိနော စက္ကံ၊ ပယာတော မစ္စုနော ဝသံ။

---

၁။ အကျယ် စတုဘုမ္မိကမဂ္ဂင် သာသနာဝင် သမိုင်း ကြည့်။

# ပဉ္စမိသတိမပိုင်း

## 'ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော် နှစ်ထပ်ရ
## စံကျောင်း ဆရာတော်
## အရှင်သုဒဿန မဟာထေရ်

ဆရာတော်သည် မင်းကွန်း အုန်းသဇင်ရွာ ဣန္ဒသာလတောကျောင်း၌ သီတင်းသုံး၍ သာသနာပြုတော်မူခဲ့ဘူးသည်၊ သို့ဖြစ်၍ ဤ၌ အကျဉ်းမျှ မှတ်တမ်းတင်အပ်ပါသည်။

### ဖွားမြင်ခြင်း - ပညာ သင်ခြင်း - ရှင် ရဟန်း ပြုခြင်း

မြင်းခြံခရိုင် နွားပြင်းရွာ၌ ပခန်းကြီး ဇာတိရင်း ဖြစ်သော မိဘတို့မှ သက္ကရာဇ် ၁၁၇၇ - ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ - ရက် နေ့တွင် ဖွား မြင်တော်မူသည်၊ အရွယ်ရောက်သော် ရှင် ရဟန်း ပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ သဲအင်း သာသနာပိုင် ဆရာတော်ဘုရားကြီး နှင့် ဒုတိယ မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး ဦးဉေယျ စသည်တို့ထံ ပညာ သင်ကြား တတ်မြောက်တော်မူခဲ့လေသည်။

### မင်းကွန်း၌ သီတင်းသုံးခြင်း

မင်းကွန်းမြောက်ဖက် အုန်းသဇင်ရွာ တောကျောင်း၌ သီတင်းသုံးတော် မူ၍ စာပေ ပို့ချတော်မူခဲ့သည်၊ ယင်းသို့ မင်းကွန်း အုန်းသဇင် ဣန္ဒသာလ တောကျောင်း၌ သီတင်းသုံးတော်မူစဉ် 'ပဏ္ဍိတဓဇ သိရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်ရ အရှင်ပဏ္ဍိတ (လုံပဏ်) လောင်းလျာ သာမ ဏေ ရှင်ပဏ္ဍိတသည် စံကျောင်းဆရာတော်ဘုရားထံ စတင် ရောက်ရှိ ပညာ သင်ကြားခဲ့လေသည်။ ၁

စံကျောင်းဆရာတော်ဘုရားကြီးသည် မင်းတုန်းမင်းတရား ဆက်ကပ် လှူ ဒါန်းသည့် 'သုဒဿနဝရ ဓမ္မသာမိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ် တော် နှင့် သီပေါမင်းတရား ဆက်ကပ် လှူဒါန်းသည့် 'သုဒဿနဓဇ အတုလ ဓိပတိ သိရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့သည်။

၁၂၂၇ - ခုနှစ်တွင် မန္တလေးမြို့တော် မြောက်ပြင် မဟာဇောတိကာရာမ

---

၁။ လုံပဏ်အဋ္ဌုပ္ပတ္တိ - မုံရွာသာသနာဝင် ကြည့်။

တိုက် ရတနာဘုံစံကျောင်းတော်ကြီးကို အလှူခံရလေသည်၊ ထိုအချိန်မှ စ၍ စံကျောင်းဆရာတော်ဟု ထင်ရှားလေသည်။

## ကျမ်းဂန်များ ပြုစုခြင်း

ဆရာတော်သည် ကျမ်းဂန် များစွာတို့ကို ပြုစုတော်မူခဲ့သည်၊ ၎င်းတို့မှာ—

၁။ စူဠဝါပါဠိတော် နိဿယ
၂။ ဓမ္မသင်္ဂဏီ ပါဠိတော် နိဿယ
၃။ ကင်္ခါ စုဒ် စောဒနာ
၄။ ဋီကာကျော်ကျမ်း ကျမ်းအချီ
၅။ ဋီကာကျော် စုဒ် စောဒနာ
၆။ သပိတ်အိတ်နှင့် တကွ မြို့တွင်း ဆွမ်းခံ ဝင်အပ် မဝင်အပ် အဆုံးအဖြတ်
၇။ သက်န်း အနားပတ်အိမ် -အဆုံးအဖြတ် - စသည်တို့ ဖြစ်ကုန်၏။

## ပျံလွန်တော်မူခြင်း

ဖော်ပြပါ စာချ, ကျမ်းပြုဂုဏ် စသည်တို့ဖြင့် ကျော်စောကိတ္တိ ရှိတော်မူသော စံကျောင်းဆရာတော်ဘုရားကြီးသည် သက်တော် ၇၃-နှစ် ဝါတော် ၅၃-ဝါ ရရှိရာ ၁၂၅၀ ပြည့်နှစ် နတ်တော်လဆန်း ဂရက်နေ့တွင် မန္တလေးမြို့ တောင်ပြင် ဓမ္မာရုံစံကျောင်းတိုက်၌ ပျံလွန်တော်မူခဲ့လေသည်။[၁]

သုဒဿနော မဟာထေရော၊ ဒဿနိကော မဟာဝိဒူ။
ဝိဒုနော စက္ကံ ဇောတေတွာ၊ ဂတော သုဒဿနံ ပုရံ။

——

## 'ပဌမကျော်' 'အဂ္ဂမဟာပဏ္ဍိတ'
## ချမ်းသာကြီး ဆရာတော်
### အရှင်ပဏ္ဍဝ မဟာထေရ်

ဆရာတော်သည် မင်းကွန်းတောင်ရိုး၌ ၃၄-နှစ်ခန့် သီတင်းသုံးတော်မူ၍ သာသနာ ပြုတော်မူခဲ့ရာ ဤသာသနာဝင်၌ မှတ်တမ်းတင်အပ်ပါသည်။

---

၁။ အကျယ် — မဟာဇောတိကာရာမ သာသနာဝင် နှင့် ဓမ္မာရုံစံကျောင်း သာသနာဝင် ကြည့်။

ရွှေဘိုမြို့ အနောက်လက် ဒိပဲရင်း ပေါင်းထောင်ကူးရွာ၌ အဖ မင်းတေဇ ရဲသူ ဘွဲ့ခံ စာရေးတော်ကြီး နှင့် အမိ မယ်ရွှက်ဖြူတို့မှ သက္ကရာဇ် ၁၂၁၄ ခုနှစ် ဝါဆိုလဆုတ် ၈-ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသည်၊ ငယ်နာမည်မှာ မောင်ပို[၁] ဖြစ်သည်။

## သာမဏေဝတ် - ပညာ သင်ခြင်း

သက်တော် ငယ်ရွယ်စဉ်ကပင် ရှင်သာမဏေ ပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်၊ သာမဏေဘွဲ့မှာ ရှင်ပဏ္ဍဝ ဖြစ်လေသည်၊ အသက်အရွယ် ငယ်စဉ်ကပင် ပေါင်းထောင်ကူးရွာ ဘုံသာ ကျောင်းတိုက် ဂိုဏ်းထောက် ဆရာတော်ကြီးထံ ပိဋကတ် အခြေခံ ဖြစ်သော သဒ္ဒါ, သင်္ဂဟ, ဋီကာကျော် စသော ကျမ်းများကို သင်ယူတော်မူပြီးနောက် သက်တော် ၁၅ နှစ်သား အရွယ်တွင် မန္တလေးမြို့ မြောက်ပြင် စံကျောင်းတိုက် စံကျောင်း ဆရာတော်ဘုရားကြီးထံ ရောက်ရှိခဲ့သည်၊ စံကျောင်း ဆရာတော်ဘုရားကြီးသည် ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံ လှပသော သာမဏေ ရှင်ပဏ္ဍဝကို မြင်လျှင် သဘောကျလှ၍ 'ဤသာမဏေကား ကေန္တ ပညာရှိ ပုဂ္ဂိုလ်မွန်မြတ် ဖြစ်မည်'ဟု မှတ်ချက်ချတော်မူကာ နန်းတော်သို့ ဆွမ်းစားကြွတော်မူသောအခါ ရှင်လိုင် ပြန်၍ ခေါ်ဆောင်သွားတော်မူလေ၏၊ မင်းတရားကြီးသည် ရှင်လူထွက် မောင်ပို မြင်ရလျှင် ရှင်ပြု ဝမ်းမြောက်စွာ 'ဤသူငယ်ကား ရုပ်ရေရူပကာယ သန့်ရှင်းကြည်လင် ချောပြေလှ၏၊ ပညာရည်ချွန် ပုဂ္ဂိုလ်မွန် ဖြစ်မည်တကား'ဟု သိ၍ ကျောင်းသားနာမည်ကို မေးပြီး မောင်ပိုကြီးဟု ပြင်၍ မှည့်ခေါ်တော်မူပြီး ရှင်ဒကာခံ၍ ရှင်ပြုစေလေ၏။

## ရှင်ကျော် - ပဌမကျော်

စံကျောင်းဆရာတော်၏ တပည့် - မင်းတုန်းမင်းတရားကြီး၏ ရှင် အဖြစ် ချီးမြှင့်ခြင်း ခံရသော သာမဏေ ရှင်ပဏ္ဍဝသည် သက်တော် ၁၆-နှစ်တွင် သုမ္မောစာသဘင် ဝင်ရောက် ဖြေဆိုရာ 'ပဌမ ရှင်ကျော်' ဘွဲ့ကို ရရှိလေသည်၊ သက်တော် ၂၀ တွင် ဒုတိယ တဆင့်တက်၍ သုမ္မောစာပြန်ပွဲတွင် ဝင်ရောက် ဖြေဆိုရာ မကုဋာရာမတိုက်တော်၌ ရဟန်းလောင်း 'ပဌမကျော်' ဘွဲ့ကို ရရှိတော်မူလေသည်။

## ရဟန်းဘဝ ဒုလ္လဘသို့

သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၃၀-ခုနှစ် ဝါဆိုလဆန်း ၁၅-ရက် နေ့ ၁၀-နာရီ အချိန်တွင် စကြာဒေဝီ မိဖုရားခေါင်ကြီး၏ ပဏ္ဍယာနုဂ္ဂဟဖြင့်

---

၁။ မောင်ပို ဖြစ်မည် ထင်၏။

သုဓမ္မာသိမ်တော်၌ စံကျောင်းဆရာတော် ဘုရားကြီးကိုဥပဇ္ဈာယ် ပြု၍ ရဟန်း ဘဝ ဒုလ္လဘသို့ ရောက်တော်မူခဲ့လေသည်။

## ပဌမစာချ ဖြစ်ခြင်း

ရဟန်း ဖြစ်ပြီးနောက်၌လည်း ဆက်လက်၍ စံကျောင်းဆရာတော်ကြီး နှင့် မကုဋာရာမဆရာတော်တို့ထံ ပညာ သင်ကြားပြီး စာပေ ချပို့တော်မူခဲ့သည်၊ ပဌမစာချဘွဲ့ကို ရဟန်းသိက္ခာ ၈ - ဝါ အရတွင် ရရှိတော်မူ၍ ဆွမ်းဆံတော် အထောက်အပံ့တို့ကိုလည်း ရရှိတော်မူလေသည်။

## ဘွဲ့တံဆိပ်တော်နှင့် လွဲရခြင်း

တံဆိပ်တော်ပေး မေးခွန်းပုစ္ဆာများကို ကျနရှင်းလင်းစွာ ဖြေဆိုတော် မူနိုင်သဖြင့် သီပေါမင်းတရားက 'ရာဇဂုရု' ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် ဆဲဆဲတွင် ပါတော်မူရသဖြင့် ရဟန်းတော် အရှင်ပဏ္ဍဝမှာ တံဆိပ်တော်နှင့် လွဲခဲ့လေသည်။

## တောဝါဆိုခြင်း

ရဟန်းသိက္ခာ ၁၉ - ဝါ အရတွင် မုံရွာ တောရစေတိယတိုက်၌ ၆ - ဝါ ပတ်လုံး သီတင်းသုံးတော်မူကာ အရညကင်ဓုတင်နှင့် တကွ အခြား ဓုတင် အချို့တို့ကို ကျင့်ကြံအားထုတ်တော်မူလေသည်။

## ချမ်းသာကြီးတိုက်သို့

သိက္ခာ ဝါတော် ၂၅ - ဝါ အရ ၁၂၅၉ - ခုနှစ်တွင် မန္တလေးမြို့ အနောက်ပြင် ချမ်းသာကြီးတိုက်၌ သူဌေးမင်း ဦးဆယ်, သူဌေးကတော် ဒေါ်အုပ်တို့ ဆောက်လုပ် လှူဒါန်းသော အလယ်ကျောင်းတော်ကြီးပေါ်၌ သီတင်းသုံးတော်မူကာ စာလိုက် သံဃာ များစွာတို့အား စာပေ ပို့ချတော် မူလေသည်၊ ထိုစဉ်က စာလိုက်သံဃာ ၁၀၀၀-ခန့် ရှိသည်ဟု သိရ၏၊ ယင်းသို့ ချမ်းသာကြီးတိုက်၌ စာပေ ပို့ချတော်မူခဲ့သည်မှာ ၈ - နှစ် ကြာခြောင်းခဲ့ လေသည်။

သကျသီဟ မူလဓမ္မာစရိယ ၁၂၆၀ - ပြည့်နှစ်တွင် 'ပရိယတ္တိသာသန ဟိတ မူလဓမ္မာစရိယ' အဖြစ် ကိုးကွယ် ထောက်ပံ့ခြင်းကို ခံတော်မူရသည်။

## သီဟိုဠ်နှင့် ဘာရတသို့

၁၂၆၂ - ခုနှစ် ပြာသိုလတွင် ဘုရားမြတ်စွာ သုံးကြိမ် ကြွရောက်တော်မူ ခဲ့ရာ လင်္ကာဒီပ သီဟဠဒ္ဒီပ တကျွန်းမြေသို့ ကြွတော်မူ၍ စွယ်တော်, ခြေတော်

ရာ, မဟာစေတီ, ဗောဓိပင် စသည်တို့ကို ဖူးမြော်တော်မူခဲ့သည်၊ တဖန် ဘာရတ ခေါ်သည့် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့လည်း ကြွ၍ ဗောဓိပင် နှင့် ရွှေပလ္လင်, ကုသိနာရုံ စသည့် ပူဇနိယ သံဝေဇနိယ ဌာနများကို ဖူးမြော် ဦးချ သံဝေဂ ယူတော်မူခဲ့သည်။

လင်္ကာဘာရတရဋ္ဌံ စ၊ ဂန္တွာန သော ယတီသဘော။
ပူဇယိတွာန ဝန္ဒိတွာ၊ ပူဇာဘာဇန မုတ္တမေ။

**မင်းကွန်း ဝေယန်ဘုံမြင့်ချောင်သို့**

ဆရာတော်သည်—

'ရွှေသွား နောက်လိုက်၊ သိုက်မြိုက် မလို၊ ကြံ့ချို ပမာ၊ တချောင်း သာတည်း၊ ရှောင်ခွာ ဖော်နည်း၊ တကိုယ်တည်းဖြင့်၊ တောထည်း ဝင်ခို၊ ချမ်းသာပို၏'

ဟူသော **တောထွက်ခန်းလင်္ကာ**နှင့် အညီ အဖော်မမှီး တကိုယ်တော်တည်း ကမ္မဋ္ဌာန်း ဘာဝနာလုပ်ငန်းကို ကြိုးပမ်း အားသစ်တော်မူလိုရကား သက်တော် ၅၂ - ဝါတော် ၃၂ - ဝါ ရရှိတော်မူရာ ၁၂၆၆ ခုနှစ်တွင် ကြေးမြင့်မိဖုရား အဆင်သင့် စီမံ ဆောက်လုပ်အပ်သော မန္တလေးမြို့ အနောက်ဖက် မင်းကွန်းတောရ ရာဇနာဂိရိ ဝေယန်ဘုံမြင့်ကျောင်းသို့ ကြွတော်မူပြီး ဘာဝနာ ကမ္မဋ္ဌာန်း အလုပ်ဖြင့် ပျော်မွေ့တော်မူလေသည်။

**ကျမ်းဂန် ပြုစုခြင်း**

ကျမ်းဂန်မြားမြောက်စွာတို့ကိုလည်း နောက်သား နောင်လာတို့ အကျိုးငှာ ရေးသားစီရင်တော်မူခဲ့သည်၊ ၎င်းတို့မှာ—

၁ - အဘိဓမ္မာဝတာရ ဋီကာ နိဿယသစ်
၂ - နိဗ္ဗာန ဝိနိစ္ဆယကျမ်း
၃ - ကမ္မဝိနိစ္ဆယကျမ်း
၄ - အာရမ္မဏ ဝိနိစ္ဆယကျမ်း
၅ - ဗောဓိပက္ခိယ ရှုဘွယ်ကျမ်း
၆ - ပါရာယန ရှုဘွယ်ကျမ်း
၇ - အတ္တသတ္တ ပုဂ္ဂလဘာဝ ဝိသောဓနီကျမ်း
၈ - ဝီထိပုံ သုံးချက်စုံ လင်္ကာ
၉ - သီဟဠမဂ္ဂ စေတိယ ဝန္ဒနာ စာတမ်း
၁၀ - အလင်္ကာရတ္ထ ဒီပနီကျမ်း - စသည်ဘို့ ဖြစ်ကုန်၏။

## အလင်္ကာရတ္ထ ဒီပနီ

ဖော်ပြပါ ကျမ်းများအနက် အလင်္ကာရတ္ထဒီပနီကျမ်းကို ၁၂၇၄-ခုနှစ် သီတင်းကျွတ်လဆန်း ၈-ရက်နေ့တွင် အပြီး ရေးသားတော် မူခဲ့သည်၊ ကျမ်းဦး၌-

မုနိသက္ကမုခမ္ဘောဇ - ဂဗ္ဘသဥ္ဇာတ သောဘဏီ။
သုဝိဘတ္တာ မလာ ဝါဏီ၊ မယှံ ဝဍ္ဎယတံ မနံ။

မုနိသက္ကမုခမ္ဘောဇ ဂဗ္ဘသဥ္ဇာတ သောဘဏီ၊ မြတ်စွာဘုရား တည်းဟူသော သိကြားမင်း၏ ခံတွင်းတော် တည်းဟူသော ပဒုမ္မာကြာတိုက်မှ ဖြစ်ခြင်းကြောင့် တင့်တယ်ထသော။ သုဝိဘတ္တာ၊ သက္ကာသန, ပကာသန စသော အတ္ထ ပဒ ဗျဉ္ဇန တို့ဖြင့် ကောင်းစွာ ဝေဖန်အပ်ထသော။ အမလာ၊ ရာဂ စသော အညစ်အကြေးမှ ကင်းဝေးသော။ ဝါဏီ၊ ပိဋကတ်သုံးပုံ တည်းဟူသော သူရဿတီနတ်သမီးသည်။ မယှံ၊ တပည့်တော်၏။ မနံ၊ စိတ်နှလုံးကို။ ဝဍ္ဎယတံ၊ ပီတိသုခတို့ဖြင့် တိုးပွားပါစေသတည်း။

ဟူသော အာသီသပုဗ္ဗက ဂန္ထာရမ္ဘဖြင့် ကျမ်းစာကို ရေးသားတော်မူခဲ့သည်။


နိဂုံး၌လည်း -

ဒုက္ခ မရှိ၊ ပါဠိ, အဋ္ဌကထာ၊ ကျမ်း ဋီကာ၌၊ အလင်္ကာနည်း၊ လွန်သိပ်သည်းကို၊ သိမ်းဆည်း လွယ်ကူ၊ ယူစိမ့် ရည်ရော်၊ ဉာဏ်ရှုမြှော်၍၊ ခဲလှော် ပါဠိ၊ မသိ အနက်၊ ခိပ္ပာယ်ချက်ကို၊ မခက်ရင့်ာ၊ မြန်မာဘာသာဖြင့်၊ နှုတ်ကာ ရေးပြု၊ ဤကောင်းမှုကြောင့်၊ လေးဖြာ ဖိုလ် မဂ်၊ စဉ်တိုင်း တက်၍၊ မှာဖက် နိဗ္ဗာန်၊ ဆုထူးပန်သည်၊ လျင်မြန်ရောက်ရ ပါစေသော်။ ။

ဟူသော လင်္ကာဖြင့် အကျိုးပယောဇဉ် နှင့် ဆုတောင်းကို ဖော်ပြတော်မူခဲ့သည်။

## 'အဂ္ဂမဟာပဏ္ဍိတ'

ဖော်ပြခဲ့ပြီးသော ဂဏဝါစကဂုဏ်, ဂန္ထကာရကဂုဏ်တို့နှင့် တကွ သီလဝန္တ သိက္ခာကာမ စသော ဂုဏ်တို့ဖြင့် လွှမ်းခြုံ ကျော်ကြားတော်မူရကား သက်တော် ၆၇ - ဝါတော် ၄၇-ဝါ အရ သက္ကရာဇ် ၁၂၈၈ - ခုနှစ်တွင် အင်္ဂလိပ်အစိုးရတို့ လှူဒါန်းသော 'ပဏ္ဍဝါဒိ သိရီသဒ္ဓမ္မဓဇ အဂ္ဂမဟာပဏ္ဍိတ' ဟူသော ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။



ပါဠိတော်ဂိုဏ်းကို စတင်တည်ထောင်တော်မူခဲ့သော
စစ်ကိုင်း ဂူစ္ဆာသယချောင်ဆရာတော်
အရှင်ရာဇိန္ဒ မဟာထေရ်

**ဘဝနတ်ထံ ဝင်စံတော်မူခြင်း**

ဖော်ပြပါ ဂိုဏ်းတော်တို့၏ ပိုင်ရှင် အရှင်ပဏ္ဍဝ ဆရာတော် ဘုရားကြီးသည် သက်တော် ၇၆ - ဝါတော် ၆၆ - ဝါရရှိရာ ၁၂၉၉ - ခုနှစ်တွင် ဘဝနတ်ထံ ဝင်စံ ကြွသွားတော်မူခဲ့လေသည်။

**သံဝေဂ ယူဖွယ်**

အနာရောဂါ ကင်းရှင်းကွာ၍ ကျန်းမာခြင်း နှင့် နုနယ်ရုပ်ဆင်း လှပခြင်း သည် နာကျင်အိုမင်း ရင့်ရော်ခြင်းလျှင် အဆုံးရှိသကဲ့သို့ အလုံးစုံ အသက်ရှင် ရခြင်းသည် သေခြင်းလျှင် အဆုံး နိဂုံး ရှိချေ၏။

ယထာ အာရောဂျယောဗ္ဗနံ၊ ဗျာဓိဇရာ ပရောသိတံ။
ဧဝံ ဟိ ဇီဝိတံ သဗ္ဗံ၊ မရဏပ္ပရိယောသိတံ။

---

# ဆဗ္ဗိသတိမပိုင်း

## ပါဠိတော်ဂိုဏ်းကို စတင် တည်ထောင်တော်မူခဲ့သော

## စစ်ကိုင်း ဣစ္ဆာသယချောင် ဆရာတော်

**အရှင်ရာဇိန္ဒ မဟာထေရ်**

ဆရာတော် အရှင်ရာဇိန္ဒသည် စစ်ကိုင်း မင်းကွန်း၌ ပြန့်ပွားလျက် ရှိသော ပါဠိတော်ဂိုဏ်းဂဏ နိကာယကို စတင် တည်ထောင်သည့် နိကာယသမုဋ္ဌာပက, ဂဏာဓိပ ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

**ဖွားမြင်တော်မူခြင်း**

ယခင်က ပခန်းကြီးနယ် ယခု ပခုက္ကူခရိုင် မြိုင်မြို့နယ် ခေါင်းကွဲရွာ၌ အဖ ဦးအပ် အမိ ဒေါ်မယ်အုန်းတို့မှ သက္ကရာဇ် ၁၂၂၂ ခု တပေါင်းလဆန်း ၁၂ - ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ မွေးချင်း သား ၄ ါး ယောက် အနက် အလယ်အလတ် သားမြတ် သားထူး ဖြစ်၏။

**ပညာ သင်ကြားခြင်း - ရှင်သာမဏေ ဝတ်ခြင်း**

၅ - နှစ်သား အရွယ်တွင် ပခန်းကြီးမြို့ ဂိုဏ်းအုပ်ဆရာတော် ဦးတိသာသနဓဇ ထံတွင် ရောက်ရှိ ပညာ သင်ကြားတော်မူခဲ့သည်၊ ၎င်းနောက် ၇ - နှစ်သား အရွယ်တွင် မန္တလေး အနောက်တောင်ယွန်း တောင်ခြေရှိ စလင်းတိုက် စလင်း

မြို့စား တပင်တိုင်မင်းသို့ စုဖုရား၏ ဆရာတော် - မိခင် မောင် - ဦးရီးတော် ဦးနန္ဒထံတွင် ရောက်ရှိ၍ ဆက်လက် ပညာ သင်ကြားတော်မူခဲ့လေသည်၊ ၁၃ - နှစ်သား အရွယ်တွင် ရှင်သာမဏေ ဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ဘွဲ့တော် ရှင်ရာဇိန္ဒ ဖြစ်လေသည်။

တေရသဝဿိကော သော ဟိ၊ ပဗ္ဗဇ္ဇာ သာမဏေရတံ ဝရံ။
ရာဇိန္ဒနာမဓေယျမ္ပိ၊ ဥပဇ္ဈာယော ဟိ ကိတ္တယိ။

## ရဟန်း ပြုခြင်း

ပဋိသန္ဓေနှင့် တကွ သက္ကရာဇ် နှစ်ဆယ် ပြည့်မြောက်ရာ ၁၂၄၁ - ခုနှစ်တွင် ပခန်းမြို့ တောင်စုံသူကြီးမင်း ဦးရွှေညို နှင့် ဇနီးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကျီးကန် ဂိုဏ်းအုပ်ဆရာတော် ဦးကဝိကို ဥပဇ္ဈာယ် ပြု၍ ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခဲ့လေသည်။

မိဘတို့ကလည်း ပရိက္ခရာရှစ်ဖြာ စုံလင်စွာဖြင့် ဒုတိယ အကြိမ် သိမ်ထပ်ကာပြုစေ၍ ကုသိုလ်ပြုကြသည်။

ဥပဇ္ဈံ သော ကရိတွာန၊ ကဝိဝှံ ဂဏပုင်္ဂဝံ။
ရာဇိန္ဒော ဒုလ္လဘံ လဒ္ဓါ၊ [၁] နာယက သာသနန္ဒရော။

## နေရာများစွာတို့၌ သီတင်းသုံးခြင်း

ရဟန်းသိက္ခာ ၇ - ဝါ ရသည့်တိုင်အောင် မန္တလေးတောင်ခြေ အနောက်တောင်ယွန်း စလင်းတိုက်၌ သီတင်းသုံးတော်မူ၍ ပညာ သင်ကြားတော်မူခဲ့လေသည်။

၎င်းနောက် ဦးဝိလာသ အမည်ရှိသော မထေရ်မြတ် တောင်းပန်သဖြင့် အောက်ရပ်ဌာန ဖျာပုံမြို့၌ ၄ - နှစ် သီတင်းသုံးတော်မူ၍ စာပေ ချပို့တော်မူခဲ့လေသည်၊ ၎င်းနောက် မိမိ ဇာတိဌာနေ မွေးရပ်မြေ ဖြစ်သော မြိုင်မြို့နယ် ခေါင်းကွဲရွာ အနောက်မျက်နှာ ထန်းသုံးပင်တောရကျောင်း၌ ၁ - နှစ် သီတင်းသုံးတော်မူ၍ ဆွေမျိုးဉာတကာကို ချီးမြှောက်တော်မူခဲ့လေသည်၊ ၎င်းနောက် တောင်စုံရွာ တောရကျောင်း စသည်တို့၌ သီတင်းသုံးတော်မူခဲ့လေသည်၊ ရဟန်းသိက္ခာ ၁၇ - ဝါ ရပြီးနောက် ပခန်းကြီး ဂူဖြူတောရကျောင်း၌ ၂ - ဝါ သီတင်းသုံးပြီး ချောင်းကောက်ရွာ, မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်တို့၌ သီတင်းသုံးတော်မူခဲ့လေသည်။

---

၁။ လဒ္ဓါ၌ ဒ္ဓါကား တွာပစ္စည်း၏ ကာရိယာတည်း။ ( လဒ္ဓါ = ရ၍ )

ဇဝံ နေကေသု ဌာနေသု။ ရာဇိန္ဒော ဝိရာဇော သုဓိ။
သုဓိတ္တံ သော ပေက္ခမာနော၊ လောကနာထဿ သာသနေ။

## ပခုက္ကူမြို့ ကျောက်မီးကျောင်း တည်ထောင်-သိတင်းသုံး

မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်၌ သီတင်းသုံးတော်မူပြီးနောက် ပခုက္ကူမြို့သို့ ကြွတော်မူ၍ ပခုက္ကူမြို့ အရှေ့မြောက်ဖက် မြို့နှင့် မလှမ်းမကမ်း ရွှေချောင်း အရှေ့ဖက် သာသာယာညီညွတ်သော မြေအပြင်တွင် ကျောက်မီးကျောင်း ကျောင်းတိုက်ကို ကလျာဏမိတ္တ တဦးဖြစ်သော ဦးဝိစိတ္တနှင့် အတူတကွ တည်ထောင်၍ စာပေ ချပို့ တရားဟောပြော သာသနာပြုတော်မူခဲ့လေသည်။

ထိုစဉ်က ကျောက်မီး ကျောင်း၌ သံဃာ ၅၀ - ခန့် ရှိလေ၏၊ ယင်းသံဃာတော်များ အနက် 'အဂ္ဂမဟာပဏ္ဍိတ' အတိသုဒ္ဓါရုံဆရာတော် လောင်းလျာ ဦးဇောတိပါလ, 'အဂ္ဂမဟာပဏ္ဍိတ' ဝိဇ္ဇာလင်္ကာရဆရာတော် လောင်းလျာ ဦးသုန္ဒရာဘိဝံသ စသည်တို့ ပါဝင်ခဲ့လေသည်၊ ဆရာတော် အရှင်ရာဇိန္ဒသည် ယင်းသည့် ကျောက်မီးကျောင်း၌ ၅ - ဝါ ပတ်လုံး သီတင်းသုံးသည်ဟု သိရ၏။

ကျောက်မီကျောင်း တပေါဝနမ္ဟိ၊ သုဓိ သုဓိနမာလယေ။
မာပေတွာ ပခုက္ကူပုရေ၊ ဝုရေ သမတိယုဥ္ဇိသော။

ဆရာတော် အရှင်ရာဇိန္ဒ ပခုက္ကူမှ ဖဲခွာပြီးနောက် ခေါင်းကွဲဗြာဇာတိပင် ဖြစ်သော ဦးဉာဏ သီတင်းသုံးသည်ဟု သိရ၏။

## ပခုက္ကူမြို့က လွန်စွာ အားပေး

ဆရာတော် အရှင်ရာဇိန္ဒ ကျောက်မီးကျောင်း သီတင်းသုံးစဉ် ပခုက္ကူမြို့သူမြို့သားတို့ များစွာ ကြည်ညိုကြကုန်၏၊ အားပေးကြကုန်၏၊ ဆရာတော် အရှင်ရာဇိန္ဒသည် တရားဟောလည်း လွန်စွာ ကောင်းသည်ဟု သိရ၏။

## ဝိသုဒ္ဓါရုံ ဆရာတော် ပခုက္ကူကြွ

အရှင်ရာဇိန္ဒ ပခုက္ကူ သီတင်းသုံးစဉ် ကျောက်မီးကျောင်း၌ သိမ်သမုတ်သည်၊ ယင်း သိမ်သမုတ်ပွဲသို့ 'ဝိသုဒ္ဓါစာရ ကဝိဓဇ မဟာဓမ္မ ရာဇဂုရု' 'ဝိသုဒ္ဓါစာရ ကဝိဓဇဓိပတိ သီရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' 'အဂ္ဂမဟာပဏ္ဍိတ' ဟူသော ဘွဲ့တံဆိပ်တော် ၃ - ထပ်ရ ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ကြွရောက်တော်မူ၍ ဦးစီး ဦးကိုင် ပြု၍ သိမ်သမုတ်တော်မူခဲ့သည်။

ယင်း ပခုက္ကူ ကျောက်မီးကျောင်း သိမ်သမုတ်ပွဲ၌ ယပ်လှဲတရားစာများကို စထွင်သော ဦးဇနိတ (စိန်ဇနိ) က တရားဟောသည်ဟု သိရ၏။

## စစ်ကိုင်းတောင်ရိုး ကြွရောက် သိတင်းသုံးခြင်း

ပခုက္ကူ၌ ၅-နှစ် သီတင်းသုံးပြီးနောက် စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်သီတင်းသုံးတော်မူသည်၊ ယင်းစစ်ကိုင်းတောင်ရိုး၌ ရောဝတီ ဖလိုတီလာကုမ္ပဏီ သင်္ဘော စာရေးကြီး ဦးထွန်းအိ, ဒေါ်ကြော့ရင်တို့က အရှေ့ ဣစ္ဆာသယချောင်ကို တည်ထောင်၍ လှူဒါန်းသဖြင့် ယင်းအရှေ့ ဣစ္ဆာသယချောင်၌ သီတင်းသုံးတော်မူ၍ ရဟန်းသာမဏေ, ရသေ့မ, သီလရှင်တို့အား စာပေချပို့၍ သာသနာပြုတော်မူခဲ့လေသည်။

ဣစ္ဆာသယေ ဣစ္ဆာသယော၊ ရာဇိန္ဒော ရာဇနန္ဒနော။
ဗဟဝေါ ဝါစယိတွာန၊ ဗဟူနံ သော အနုဂ္ဂဟီ။

ယင်းသို့ စစ်ကိုင်းတောင်ရိုး ဣစ္ဆာသယချောင်၌ သီတင်းသုံးတော်မူစဉ် ဖောင်တော်သီ သူဌေး ဦးဖေနှင့် မန္တလေးမြို့ ပိုက်ကျုံးရပ် သစ်စက်ပိုင်ရှင် ဦးကြွယ်တို့က ဝတ္ထုငွေ လှူဒါန်းကြသဖြင့် ရေစက်ကြီးကို တည်ထောင်တော်မူခဲ့လေသည်၊ ဆရာတော်၏ စွမ်းဆောင်မှုကြောင့် စစ်ကိုင်းတောင်ရိုး၌ ယနေ့တိုင် ရေ ချမ်းသာစွာ သုံးစွဲနိုင်လေသည်။

## ကျောက်ဆည်၌ သီတင်းသုံးခြင်း

ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ခြေရှိ သာသနဝံသချောင်သည် လောကီအာရုဏ် ကာမဂုဏ်တို့ကို ရှောင်လွှဲရန် အလွန် သင့်လျော်၏၊ ဝိဝေကခင် သူတော်စင်တို့ နှလုံးရွှင်ဖွယ်လည်း ကောင်း၏၊ သို့ဖြစ်၍ ဆရာတော် အရှင်ရာဇိန္ဒသည် ဖော်ပြပါ ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ခြေ သာသနဝံသချောင်၌ ၃-နှစ်ကြာမျှ သီတင်းသုံးတော်မူ၍ ဝိပဿနာဓုရကို အားသစ် ကြိုးပမ်းတော်မူခဲ့လေသည်။

ကျောက်ဆည်ပုရေ မနုညမှိ၊ သာသနဝံသ နာမကေ။
ကန္ဒရေပိ ဝသိတွာန၊ ယုတ္တယောဂေါ ဝိပဿကော။

## ညောင်လေးပင်၌ သီတင်းသုံးခြင်း

ဆရာတော် အရှင်ရာဇိန္ဒ၏ သီလ, သမာဓိ, ပညာ ဂုဏ်သတင်းကား တဘိုင်းပြည်လုံး ထုံသင်း အုပ်ဖုံးလေပြီ၊ ညောင်လေးပင်မှ ဒကာ, ဒကာမတချို့တို့ကလည်း ကိုးကွယ် ကြည်ညိုခွင့်ရလိုကြောင်း လျှောက်ထားကြသည်၊ သို့ဖြစ်၍ ဒကာ, ဒကာမတို့၏ သဒ္ဓါတရားကို ငဲ့ညှာတော်မူသဖြင့် ညောင်

လေးပင် ကမ္မဋ္ဌာန်းကျောင်း၌လည်း ၂ – နှစ်တိုင် သီတင်းသုံးတော်မူ၍ ညောင်လေးပင် နယ်သူ, နယ်သား တို့အား တရားအမြိုက်ကို တိုက်ကျွေးတော်မူခဲ့လေသည်။

ညောင်လေးပင်ပုရ သေဌွေပိ၊ ဝသိတ္ဝာ ထေရသေခရော။
နာဂရိကေပိ ဓမ္မေန၊ သန္တပ္ပေသိ မဟာယတိ။

ၡင်းနောက် စစ်ကိုင်း ဣစ္ဆာသယချောင်သို့ ပြန်ကြွတော်မူ၍ သီတင်းသုံးတော်မူသည်။

## မင်းကွန်း ရွှေတောင်တောရချောင် တည်ထောင် သီတင်းသုံး

ၡင်းနောက် မင်းကွန်း ရွှေတောင်ဘောရချောင်ကို တည်ထောင်ပြန်၍ ယင်းရွှေတောင်တောရ၌ သီတင်းသုံးတော်မူ၍ ပဋိပတ် အလုပ်ကို ကြိုးကုတ်အားသစ်တော်မူသည်၊ ယင်းရွှေတောင်တောရသည် နောက်တွင် အရိယမဂ္ဂင်ချောင်ဟု တွင်သည်၊ ရန်ကုန်မြို့ ပုဇွန်တောင်ရပ် သူဌေးကတော် ဒေါ်တုတ်ဆို လှူဒါန်းသည့် ရေစက်ကြီးကို အလှူခံတော်မူ၍ မင်းကွန်းတောင်ရိုး ရဟန်းသာမဏေ သီလရှင် သူဘော်စင်တို့အား ရေဒါန ပြုတော်မူခဲ့သည်။

## ဆရာတော်၏ နိဗဒ္ဓအကျင့်များ

ဆရာတော်သည် သက်ဆုံးတိုင် သက်သတ်လွတ် ဘုဉ်းပေးခြင်း, ကေသနိက်ဓုတင် ပတ္တပိုဏ်ဓုတင် ကျင့်ခြင်းတို့ဖြင့်လည်း ခြိုးခြံ ခေါင်းပါးစွာ ကျင့်တော်မူကာ ဘုရားရှင် ဒုက္ကရစရိယာကို ပူဇော်တော်မူခဲ့လေသည်။

သလ္လေခစရိယာယာပိ၊ ဒုက္ကရံ ဓီမတော သုဓီ။
ပူဇယိ ပူဇနေ ဆေကော၊ ရာဇိန္ဒော ရာဇပူဇိတော။

## နွားထိုးကြီးမြို့၌ သီတင်းသုံးခြင်း

မြင်းခြံခရိုင် နွားထိုးကြီးမြို့မှ ဒကာ, ဒကာမများက ဆရာတော်ဘုရားကို အမှီပြု၍ ဝိဝဋ္ဋနိဿိတပုညာ ကုသိုလ် ရလိုပါကြောင်း အကြိမ်ကြိမ် လျှောက်ထားကြသဖြင့် ၁၂၈၇ – ခုနှစ်တွင် မြင်းခြံခရိုင် နွားထိုးကြီးမြို့၌ သီတင်းသုံးတော်မူ၍ နွားထိုးကြီးမြို့နေ ဒကာ, ဒကာမတို့ကို ချီးမြှောက်တော် မူခဲ့လေသည်။

နွားထိုးကြီးဒေသသေဌွေပိ၊ ပသဋ္ဌော ထေရကုဉ္စရော။
ဝသိတွာ ဓမ္မမေသေန၊ အနုဂ္ဂဟီ သုဓီတိမာ။

## အရှင်ရာဇိန္ဒထံ ရဟန်းပြုသူပေါင်း ၂၀၀၀ – ကျော်

ဆရာတော် အရှင်ရာဇိန္ဒကား လွန်စွာ တရားဟောကောင်းသည်ဟု သိရ၏၊ ဆရာတော်ထံ ရောက်ရှိမိလျှင် ကြည်ညိုသူသာများ၏၊ ဆရာတော်အား ကြည်ညိုသဖြင့် ရဟန်းပြုသူပေါင်း ၂၀၀၀ –(နှစ်ထောင်) ကျော် ရှိသည် ဟု မဟာဓမ္မသကြီး ဦးသန့်စင်ရေး 'ထေရုပ္ပတ္တိစာတမ်း' ၌ ဖော်ပြထား၏။

ဒွိသဟဿာဓိကာယေဝ၊ ကုလပုတ္တာ သုပဏ္ဍိတာ။
သန္တိကေ ထေရသေဋ္ဌဿ၊ ပဗ္ဗဇ္ဇံ သမုပါဂမုံ။

## ပါဠိတော်ဂိုဏ်း ထောင်ခဲ့

ပါဠိတော်လာသည့် အတိုင်း သပိတ်ဖြင့် ဘုဉ်းပေးခြင်း, သပိတ်ဖုံး မပါပဲ သပိတ်ကို ဆောင်ခြင်း, ကထိန်ခင်းရာ၌ ညှပ်မသုံးစေပဲ သင်္ကန်း ချုပ်ဆိုးခြင်း စသည်တို့ကို ပြုကျင့်ရန်ဟု ဆုံးမ ဩဝါဒ ပေးတော်မူ၍ ပါဠိတော်ဂိုဏ်း ပါဠိနိကာယကို တည်ထောင်တော်မူခဲ့လေသည်။

ပါဠိတော်သုနိကာယံ သော၊ ပဋ္ဌပေသိ မဟာယတိ။
ဓီတိမတော မုနိန္ဒဿ၊ စက္ကဿ အဘိဝုဍ္ဎိယာ။

## ကမ္မဋ္ဌာန်း ကျမ်းပေါင်း ၅၀ – ခန့် ပြုခဲ့

ဆရာတော်အရှင်ရာဇိန္ဒသည် ကမ္မဋ္ဌာန်းကျမ်းပေါင်း ငါးဆယ်ခန့်ကို ပြုခဲ့ကြောင်း ထေရုပ္ပတ္တိစာတမ်း၌––

ရာဇိန္ဒော နော မဟာထေရော၊ ဂန္ထကာရေ ပီတိမနော။
သော ဟိ ပညာသမတ္တာနံ၊ ဂန္ထာနံ ရစယီ တဒါ။

ဟု ဖော်ပြထား၏။

## ပညာရှိ တပည့်ကြီးများ

ဆရာတော်၌ ပညာရှိ တပည့်များစွာတို့ ပေါ်ထွန်းခဲ့ကုန်၏၊ ၎င်းတို့ကား–

၁ - ဦးဇောတိပါလ အဂ္ဂမဟာပဏ္ဍိတ (အတိသုဒ္ဓါရုံ ဆရာတော်)
၂ - ဦးဥတ္တမ အဂ္ဂမဟာပဏ္ဍိတ (ဇမ္ဗူမော် ဆရာတော်)
၃ - ဦးသုန္ဒရ အဂ္ဂမဟာပဏ္ဍိတ (ဝိဇ္ဇာလင်္ကာရ ဆရာတော်)
၄ - ဦးအရိန္ဒမ အဂ္ဂမဟာပဏ္ဍိတ (အရိယမဂ္ဂင်ကျောင်းဆရာတော်)
၅ - ဦးဉာဏိန္ဒ မနောမယကျောင်း ဆရာတော်
၆ - ဦးမဟိန္ဒ စသည်တို့ ဖြစ်ကုန်၏။

## ကြည်ညိုဖွယ် ဂုဏ်များ

ဆရာတော်ကား မိမိ ပစ္စည်း ဟူ၍ အမှတ်ထားတော်မူလေ့ မရှိ၊ ရဟန်း သာမဏေတို့ကို ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ ခေါ်ဝေါ် ပြောဆိုလေ့ ရှိတော်မူသည်၊ ထေရပ္ပတ္တိစာတမ်း၌လည်း——

ပိယဝါစော သဒါ ဟောတိ၊ မဉ္ဇုဘာဏီ ဟိတေသကော။
သော ဟိ ဒါရကမတ္တမ္ပိ၊ ပိယဝါစာယ ဘာသတိ။

ဟူသော ဂါထာဖြင့် မှတ်တမ်းတင်ခဲ့လေသည်။

## ပျံလွန်တော်မူခြင်း

၁၂၉၂-ခု နတ်တော်လမှ စ၍ ဆရာတော်၌ ကိုယ်ရောင်ရောဂါ စွဲကပ်လာသည်၊ ဆရာတော်သည် ယင်းကိုယ်ရောင်ရောဂါ ဝေဒနာကို သတိသမ္ပဇဉ် ကပ်ကာယှဉ်၍ သည်းခံတော်မူလျက် ဝေဒနာကို ရှုမှတ်တော်မူခဲ့လေသည်၊ ယင်းကိုယ်ရောင်ရောဂါ ဝေဒနာဖြင့်ပင် ၁၂၉၂-ခုနှစ် တန်ခူးလဆုတ် ၅-ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်၊ ပျံလွန်တော် မမူမီ နာရီဝက်ခန့် အလို မြေလျှော်လည်း တုံလှုပ်ခဲ့လေသည်၊ ပွဲတင်ထပ် မိုးလည်း ထစ်ချုန်းခဲ့လေသည်။

ဘဒ္ဒန္တရာဇိန္ဒော ထေရော၊ သာသနံ အတိဇောတယိ။
သာသနံ ဇောတယိတွာန၊ အန္တကာယ ဝသံ ဂမီ။

— —

## မင်းကွန်း-မနောမယချောင် ဆရာတော်
### အရှင်ဉာဏိန္ဒ မဟာထေရ်

အရှင်ဉာဏိန္ဒ မဟာထေရ်သည် ပါဠိတော်ဂိုဏ်း၌ ထင်ရှားသည့် မထေရ်မြတ် တပါး ဖြစ်တော်မူသည်။

ပခုက္ကူခရိုင် မြိုင်မြို့နယ် ခေါင်းကွဲရွာ၌ အဖ ဦးစံပေါ် အမိ ဒေါ်မိန်းကလေးတို့မှ ဖွားမြင်တော်မူခဲ့ပါသည်၊ အရိယမဂ္ဂင်ချောင် 'အဂ္ဂမဟာပဏ္ဍိတ' အရှင်အရိန္ဒမ ဆရာတော်ဘုရားကြီး[၁] ၏ နောင်တော်ရင်း ဖြစ်၏။

မင်းကွန်း တောင်ရိုး မနောမယချောင်၌ သီတင်းသုံးတော်မူ၍ သာသနာပြုတော်မူခဲ့သည်၊ ဉာဏ် အလွန်ကောင်းသည်ဟု အဆိုရှိ၏၊ ပါဠိ၊ အဋ္ဌကထာ၊

---

၁။ ဆရာတော် အရှင် အရိန္ဒမထံ ဤစာပြုသူ ၁၃၃၉-ခု ဝါဆိုလဆန်း ၇-ရက်နေ့က အဖူးမြော် ရောက်၏၊ သက်တော် ၈၈-နှစ် ရှိနေပြီ။

ဋီကာများကို အထပ်ထပ် ကြည့်ရှုဖန်များသဖြင့် ကြည့်ရှုလိုက်လျှင် လွယ်လွယ် ကူကူ အနက်ထင် အဓိပ္ပာယ်ထင် သဘောပေါက်လွယ်တော်မူ၏။

သက်တော် ၈၀ တွင် ပျံလွန်တော်မူသည်။

ဘဒ္ဒန္တဉာဏိန္ဒော ထေရော၊ ဉာဏဝါ သီလသံဝရော။
ဇောတယိတွာ ဇိနစက္ကံ၊ မစ္စုမုခံ ဂတော သုခီ။

---

### ဘာသန္တရကောဝိဒ ဂန္ထကာရက
### 'အဂ္ဂမဟာပဏ္ဍိတ'
## ဝိဇ္ဇာလက်ာရချောင် ဆရာတော်
### အရှင်သုန္ဒရာဘိဝံသ မဟာထေရ်

ဆရာတော်သည် စစ်ကိုင်းခရိုင် ဇာတိလည်း ဖြစ် - စစ်ကိုင်းမင်းကွန်း၌ သက်ဆုံးတိုင် သီတင်းသုံး၍ သာသနာပြုတော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော် မူသည်။

### ဖွားမြင်ခြင်း

စစ်ကိုင်းမြို့ မြောက်မျက်နှာ စာရေး အရွှေရွာ၌ အဖ ဦးချဲ့ အမိ ဒေါ်မင်းယုံတို့မှ ၁၂၄၃-ခုနှစ် နယုန်လဆန်း ၇-ရက်နေ့ နံနက် တချက်တီး အချိန်တွင် ဖွားမြင်တော်မူခဲ့သည်၊ ဆရာတော် ငယ်မည်တော်မှာ မောင်ဘော ခင် ဖြစ်သည်။

### ပဋ္ဌမအကြိမ် ရှင်သာမဏေ ဝတ်ခြင်း - ပညာသင်

ဆရာတော် လောင်းလျာ ၉-နှစ်သား အရွယ်တွင် မိခင်ကြီး ဒေါ်မင်းယုံ မှာ နောက်ဆုံး အသက်ဆုံးရှုံးရမည့် ဝေဒနာဖြင့် အိပ်ရာထည်း၌ လဲလျောင်း၍ နေရစဉ် မိမိ အသက်မသေမီ သားလှရင်သွေး မောင်ဘောခင် လူကလေးကို ဘုရားမြတ်စွာ သာသနာဝန်ထမ်း သာမဏေ အသွင်အပြင် ပုံပန်းဖြင့် ဖူးမြင် လိုလှသဖြင့် ရှင်ဆောင် ပရိက္ခရာ ဆောလျင်စွာ ရှာပြီး စာရေး အနောက် ရွာကျောင်း ဆရာတော် ဦးသောဘနကို ပင့်ဆောင်ပြီး လူမမာ မယ်တော်၏ ရှေ့မှောက်မှာ သရဏဂုံ သီလတို့ကို ပီသစွာ ရွတ်ဆိုစေ၍ ရှင်သာမဏေ ဝတ်ခဲ့ရလေသည်၊ မိခင် ဒေါ်မင်းယုံမှာလည်း သားကလေး သာသနာတွင် သွတ်သွင်းပြီးနောက် မကြာမီပင် ကွယ်လွန် အနိစ္စရောက်ခဲ့သည်။

မာတာ ပဿိတုကာမာဝ၊ ပဗ္ဗဇ္ဇိ ဒါရကော သုခီ။
ဒါရကော ပဗ္ဗဇ္ဇိတွာန၊ န စိရံ သာ ကာလံ ကရီ။

မိခင် ကွယ်လွန်ပြီးနောက် အဘိုး, အဘွားတို့နှင့် အတူ နေ၍ စာရေးရွာ၏ အနောက်တောင် ပြာသာဒ်ကျောင်းကြီး၌ အရှင်ဉာဏထံ ဘိုးဘွားတို့ အပ်နှံသဖြင့် ပညာသင်ကြားရသည်၊ တနှစ် အတွင်း သင်ပုန်းကြီး မင်္ဂလသုတ် နမက္ကာရမှ စ၍ ပရိတ်ကြီး ဇာတ်တော်ကြီး တချို့တို့ကိုပါ သင်ကြားပြီးဆုံးခဲ့သည်၊ မူလဆရာ အရှင်ဉာဏဝံသ ပရိသုဒ္ဓ ပြုသဖြင့် ရှင်းပြာသာဒ်ကျောင်း ဦးဇာဂရထံ၌ ဆက်လက် ပညာ သင်ကြားရလေသည်၊ ဦးဇာဂရ စာရေးရွာ အနီး အုတ်ကန်ကျောင်းတိုက်ကြီး တည်ထောင်၍ သီတင်းသုံးရာ အခါ၌လည်း ၁၁-နှစ်သား အရွယ်မျှသာ ရှိသေးသော ဆရာတော်လောင်းလျာသည်လည်း လိုက်ပါ ပြောင်းရွှေ့ခဲ့၍ ဆက်လက် ပညာ သင်ရလေသည်။

## မိထွေး ဒေါ်စိန်နုက ယုယ - ဦးလက္ခဏထံ ပညာသင်

ဖခင်ကြီး ဦးချွသည် 'တပင်လဲမှ တပင်ထူ' ဆိုသည့်အတိုင်း ဒေါ်စိန်နု အမည်ရှိသော အမျိုးသမီးနှင့် အိမ်ထောင်ပြုပြီး စစ်ကိုင်းမြို့ မြောက်မျက်နှာ ကန်ကြီးကုန်းရွာ၌ ရွှေ့ပြောင်း နေထိုင်သော အဘိုးအဘွားတို့ထံမှ ခွာ၍ ဖခင် မိထွေးတို့နှင့် အတူ နေထိုင်ရလေသည်၊ မိထွေးကလည်း ကြင်ကြင်နာနာ ပြုစု ယုယသည်ဟု ဆိုလေသည်။

တဖန် ကန္တရာဘောဂဆရာတော် ဦးလက္ခဏထံသို့ ရောက်၍ ကစ္စည်း သဒ္ဒါကြီး အစရှိသော ပိဋကတ်အခြေခံ ကျမ်းစာများကို သင်ယူရလေသည်။

## ဒုတိယအကြိမ် ခမ်းနားစွာ ရှင်ပြု သာမဏေဝတ်

သက်တော် ၁၃ - နှစ် အရွယ်တွင် ဖခင်က ကြီးကျယ် ခမ်းနားလှစွာ ပဗ္ဗဇ္ဇသဘင် ဆင်ယင် ကျင်းပ၍ သာသနာဘောင်သို့ ဒုတိယအကြိမ်မြောက် သွတ်သွင်းပြန်သဖြင့် သာမဏေ ဝတ်ခဲ့၍ သာသနာဝန် ထမ်းဆောင်ခဲ့လေသည်၊ ကန်ကြီးကုန်းရွာကျောင်း အရှင်အရိယထံ၌ နေထိုင်၍ လိင်, ဒဏ်, သေခိယ, ပစ္စဝေက္ခဏာ အစ ရှိသည်တို့ကို နှုတ်ရ ဆောင်၍ ကောင်းမွန်စွာ နေထိုင်ခဲ့လေသည်။

## စစ်ကိုင်း တောင်ရိုး ဣန္ဒာသယချောင်သို့

ဆရာတော် လောင်းလျာသည် အရှင်အာစာရ အမည်ရှိသော ရဟန်းတော်နှင့် စစ်ကိုင်းတောင်ရိုး ဣန္ဒာသယချောင် ဓမ္မပါလတိုက်၌ သီတင်းသုံး နေထိုင်တော်မူသော သီလဝန္တ, သိက္ခာကာမ ဆရာတော် ဦးပဏ္ဍိစ္စံသထံ ရောက်ရှိ နေထိုင်တော်မူသည်၊ ဆရာတော် ဦးပဏ္ဍိစ္စံသ၏ အမိန့်အရ ဩဝါဒအတိုင်း နေစဉ် ဧကသနိက်, ပတ္တပိုဏ်ဓုတင်တို့ကိုလည်း ဆောက်တည်၍ ပဋိပတ်လုပ်ငန်းကို ပြုလုပ်ရသည်၊ တဖက်မှ ပရိယတ်ကိုလည်း ကြိုးပမ်း အားထုတ်

သင်ယူခဲ့ရာ အသက်တော် ၁၅-နှစ်တွင် ကစ္စည်းသဒ္ဒါကြီး, အဘိဓမ္မတ္ထသင်္ဂြိုဟ်, အဘိဓာန်, ဝါစ္စဝါစက, ဂန္ထာဘရဏ, ပုဒ်စစ်တို့ကို နှုတ်ဝယ် ရရှိပြီး ဖြစ်လေသည်၊ ထိုအခါ ဂန္ဓာရုံကျောင်းဆရာတော် ဦးဥတ္တရ နှင့် ချမ်းအေးကျောင်း ဆရာတော် ဦးသဒ္ဓမ္မတို့က ဆရာတော် လောင်းလျာအား ပစ္စယာနုဂ္ဂဟဖြင့် များစွာ ချီးမြှောက်တော်မူကြသည်၊ သာသနာတော်၌ ပျော်ပျော်ကြီး ဝန်ထမ်းရန်ကို အမိန့်ရှိတော်မူကြသည်။

## ပခုက္ကူမြို့ ကျောက်မီးကျောင်းသို့

သက်တော် ၁၆-နှစ်လောက်တွင် စစ်ကိုင်းတောင်ရိုး ဣစ္ဆာသယကျောင်းဆရာတော်ထံမှ ဖဲခွာ၍ ပခုက္ကူမြို့ ကျောက်မီးကျောင်း တောရ အရှင်ဝိစိတ္တမဟာထေရ်, အရှင်ရာဇိန္ဒ မဟာထေရ်တို့ထံ သဒ္ဒါဖက်, အဘိဓမ္မာဖက် ဆိုင်ရာကျမ်းဂန်များကို အခြား သီတင်းသုံးဖော်တို့နှင့် အတူ ၁-နှစ်ကျော်မျှ သင်ယူခဲ့ရသည်၊ ထိုစဉ်က ပခုက္ကူ ကျောက်မီးကျောင်း တောရ၌ ရေစကြို မအူလေးရွာ သရက်တောကျောင်းတိုက် ဆရာတော် ဖြစ်လာသော ဆရာတော်ဦးသောမ, ဥက္ကံ သုံးခွ ဘုရားကြီးတိုက် ဆရာတော် ဖြစ်လာသော ဆရာတော် ဦးပဏ္ဍိစ္စ, စစ်ကိုင်းတောင် အရှေ့ ဣစ္ဆာသယကျောင်း ဆရာတော် ဦးစကြာ, စစ်ကိုင်းတောင်ရိုး အတိသုဒ္ဓါရုံကျောင်း ဆရာတော် ဦးဇောတိပါလတို့သည် သီတင်းသုံးတော်မူကြသည်၊ ထိုအရှင်မြတ်တို့၏ အထံ၌လည်း ရှင်သုန္ဒရသည် ပညာ သင်ကြားခဲ့ရသည်။

## မအူလေးရွာသို့

ထိုဆရာတော်များ အနက် ဆရာတော် ဦးသောမသည် ကျောက်မီးကျောင်း တောရမှ ခွာ၍ မအူလေးရွာသို့ ကြွ၍ ကျောင်းတိုက် တည်ထောင်သော အခါ အတူ လိုက်ပါ၍ ဆရာတော် ဦးသောမထံ ညဝါ ပဋ္ဌာန်း, နေ့ဝါ ဋီကာကျော်, အဋ္ဌသာလိနီကျမ်းတို့ကို သင်ယူတော်မူခဲ့ရလေသည်။

> ပခုက္ကူနဂရေစာပိ၊ မအူဝှနိဂမေပိ စ။
> စိရကာလံ သသိက္ခိတွာ၊ နေကသတ္ထ ဝိသာရဒေါ။

## အရှေ့ပြင် မဟာဝိသုဒ္ဓါရာမသို့

သက်တော် ၁၈-နှစ်လောက်တွင် မအူလေးရွာမှ ဖဲခွာပြီး မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက် ဆရာတော်ဘုရားကြီးထံ ချဉ်းကပ် လျှောက်ထားပြီး တိုက်အုပ်ဆရာတော် ဦးပညာကျောင်း၌ သီတင်းသုံးကာ စာပေကျမ်းဂန်များကို ကြိုးစား သင်ယူခဲ့သည်၊ သာမဏေဝတ်နှင့် အစိုးရ ပဌမငယ်တန်းကို အောင်မြင်တော်မူခဲ့သည်။

## ရဟန်းဘဝ ဒုလ္လဘကို ရရှိခြင်း

ဆရာတော်လောင်းလျာသည် သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၆၂-ခုနှစ် နတ်တော်လဆန်း ၈-ရက်နေ့တွင် မန္တလေးမြို့ ရသာတန်း သင်္ကန်းကုန်သည်ကြီး ဦးဖိုးရင် ဒေါ်သိန်းရင် တို့၏ ပစ္စယာနုဂ္ဂဟဖြင့် အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက် သိမ်တော်၌ ကျေးဇူးရှင် ရွှေကျင်နိကာယ သာသနာပိုင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ် ပြု၍ ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခဲ့လေသည်။

## ဆက်လက် ပညာသင်ကြားခြင်း

ရဟန်း ဖြစ်ပြီးနောက် ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး, ဆရာတော် ဦးဇောတိပါလ (နောက် အတိသုဒ္ဓါရုံဆရာတော်), တိုက်အုပ်ဆရာတော် ဦးပညာ, အလုံမြို့ လေးထောင့်ပြင်ဆရာတော်, တံ့တေးဆရာတော် ဦးနာဂ, ဒုတိယတိုက်အုပ် ဦးသြဘာသ, ဒီပဲရင်းဆရာတော်ဘုရားကြီး ဦးဉာဏဝရ-စသည် တို့ထံ၌လည်း ဆက်လက်၍ ၅-ဝါ ရသည်တိုင်အောင် ပညာ သင်ကြားခဲ့သည်။

## သကျသီဟ ဓမ္မာစရိယ, ဝိသုဒ္ဓါရုံ ဂဏဝါစက

စာပေ အခြေခံ ရပြီးဖြစ်သည်နှင့် အမျှ ပါဠိပဌမပြန် စာမေးပွဲ အလတ်တန်း နှင့် ပရိယတ္တိသာသနဟိတ စာသင်တန်းတို့ကို လွယ်ကူစွာ အောင်မြင်ခဲ့ပြီး ၁၂၇၃-ခုနှစ်တွင် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ စာချတန်းကို ဆုံးခန်းတိုင်မြောက် အောင်မြင်တော်မူသဖြင့် 'ဘဒ္ဒန္တသုန္ဒရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (သီးခြားစာချ)' ဘွဲ့ပုံလက်မှတ် တံဆိပ်တော်ကို ခံယူရရှိတော်မူခဲ့လေသည်၊ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်၌ ဆရာတော်ဘုရားကြီးက ဝိသုဒ္ဓါရုံဂဏဝါစက ဘွဲ့ထူးဖြင့် ချီးကျူး မြှောက်စားတော်မူသဖြင့် ၂-နှစ်တာမျှ ဝိသုဒ္ဓါရုံတိုက်သစ်၌ စာချ၍ သီတင်းသုံးတော်မူခဲ့သည်။

## အိန္ဒိယနိုင်ငံကြွ - ပညာသင်

၁၂၇၅-ခုနှစ်လောက်က စ၍ အိန္ဒိယနိုင်ငံသို့ ကြွရောက်တော်မူပြီး ၇-နှစ် ပတ်လုံး ဗာရာဏသီ, လက်ခနော် အစရှိသော မြို့များ၌ သီတင်းသုံး၍ သက္ကတ, ဟိန္ဒီ ကျမ်းစာများကို အပတ်တကုတ် သင်ကြား အားထုတ်တော်မူခဲ့သည်။

## ဝိသုဒ္ဓါရုံ စာချ-မင်းကွန်းဖက် ကြွ

အိန္ဒိယနိုင်ငံမှ သက္ကတ ဟိန္ဒီ စသည့် ဘာသာရပ်များကို သင်ယူတော်မူပြီး မန္တလေးသို့ ပြန်ကြွတော်မူ၍ ဝိသုဒ္ဓါရုံတိုက်သစ် ပြာသာဒ်ကျောင်း၌ သီတင်း

သုံး၍ သမယ, သမယန္တရ ၂-မျိုးလုံးကို ချုပ်၍ သာသနာဝန် ထမ်းဆောင် တော်မူခဲ့ပြီးနောက် သက်တော် ၄၁-နှစ်တွင် မန္တလေး အနောက်ဖက် မင်းကွန်းသို့ ကြွတော်မူ၍ သုန္ဒရာဘိဝံသချောင်ကို တည်ထောင်တော်မူကာ ဓုရ် ၂-ပါးကို ပွားများ အားသစ်တော်မူခဲ့သည်။

အာရာမေ ဝါစယိတွာ၊ ဝိသုဒ္ဓါရာမ နာမကေ။
ကေတာလီသ ဝဿမှိ၊ ပဝိဋ္ဌော သော တပေါ ဝနံ။

## မန္တလေး ဝိဇ္ဇာလင်္ကာရတိုက်သို့

သက္ကရာဇ် ၁၃၀၀-ပြည့်နှစ်တွင် မန္တလေးမြို့ အနောက်ပြင် စိန်ပန်းရပ် ဝိဇ္ဇာ လင်္ကာရကျောင်းတိုက်ကြီး အားလုံး ပြီးစီးခဲ့လေသည်၊ တိုက်ဒကာကြီးနှင့်တိုက် အမကြီးတို့က 'အဂ္ဂမဟာပဏ္ဍိတ' အဘယာရာမ ဆရာတော်ဘုရားကြီးအား 'တိုက်တာ စည်ကား သိုက်မြိုက်စေရန် ဆရာတော်တပါးပါး ပင့်လိုကြောင်း' လျှောက်ထားသဖြင့် အဘယာရာမ ဆရာတော်ဘုရားကြီးက ပဋ္ဌမကျော်, သကျသီဟ ဓမ္မာစရိယ ဆရာတော်ကလေး ဦးဝိသုဒ္ဓနှင့် တိုင်ပင်၍ မင်းကွန်း၌ သီတင်းသုံးနေသော ဆရာတော်အား (ဆရာတော် ဦးသုန္ဒရ သကျသီဟဓမ္မာ စရိယ)ကို ၁၃၀၁-ခုနှစ် ဝါမဆိုမီ ပင့်တင်ကြသဖြင့် မန္တလေး အနောက် ပြင် ဝိဇ္ဇာလင်္ကာရကျောင်းတိုက်သို့ ကြွရောက်တော်မူ၍ သီတင်းသုံးတော်မူ လေသည်၊ ယင်းကျောင်းတိုက်ကြီး၌ စာရေး စာချ လုပ်ငန်းတို့ဖြင့် မွေ့လျော် တော်မူခဲ့လေသည်။

ဝိဇ္ဇာလင်္ကာရ နာမမှိ၊ အာရာမမှိ မနောဟရေ။
ဝသိတွာ သုန္ဒရော ထေရော၊ အကာ ဓုရဒွယံ ဝရံ။

## မင်းကွန်း ဝိဇ္ဇာလင်္ကာရချောင်

ဒုတိယ ကမ္ဘာစစ် အတွင်းမှ စ၍ မင်းကွန်း သုန္ဒရာဘိဝံသချောင်ကို ဝိဇ္ဇာ လင်္ကာရချောင်မည် ပြောင်းလဲပြီး ယင်းချောင်၌ သက်ဆုံးတိုင် သီတင်းသုံး တော်မူသည်။

## ကျမ်းဂန် ပြုစုတော်မူခြင်း

ဆရာတော်သည် သာမန် ပုဂ္ဂိုလ်တို့ ပြုစုရန် ခဲယဉ်းသော—

၁- လလိတဝိတ္ထာရ ဘာသာပြန်ကျမ်း

၂- အလင်္ကာဋီကာသစ် နိဿယကျမ်း

စသည်တို့ကို ပြုစုတော်မူခဲ့သည်။

## လလိတဝိတ္ထာရကျမ်း

ယင်းလလိတဝိတ္ထာရကျမ်းမှာ အဿဃောသထေရ် ရေးသည်ဟုလည်း သေနာရင်ဒ် ( = Senart ) ဆရာ စသည်တို့ ယူကြသည်၊ အဿဃောသ တဦးတည်း ရေးသည် မဟုတ်ပဲ ပညာရှင် လေးဦး ငါးဦး စုပေါင်း ရေးသောကျမ်းဟု တချို့ ယူဆကြသည်၊ ဤလလိတဝိတ္ထာရကျမ်းသည် မဟာယာနတို့၏ ဝေပုလ္လသုတ် ဖြစ်သည်၊ သို့တည်းမဟုတ် သဗ္ဗတ္ထိဝါဒီဂိုဏ်းသားတို့၏ လက်ကိုင် သုံးစွဲသောကျမ်း ဖြစ်သည်ဟု အမျိုးမျိုး ပြောဆို ထင်မြင်ကြပေသည်၊ အမှန်မှာ မဟာယာန နှင့် သဗ္ဗတ္ထိဝါဒီတို့၏ ကျမ်း ဖြစ်ကြောင်းကိုကား အများစု လက်ခံပြီး ဖြစ်သည်။

မူလ ရှိရင်းစွဲမှာ ပြာကရိတ်ဘာသာနှင့် ဖြစ်ပြီး နောက်မှ သက္ကတဘာသာ ပြန်ဆိုကြောင်းကိုလည်း ဆိုကြသေးသည်။

ယင်းကျမ်းသည် ထေရဝါဒပိဋကတ်လာ ဗုဒ္ဓဝံသ ပါဠိ, အဋ္ဌကထာနှင့် မတူ ထူးခြား ကွဲလွဲသော ဇာတ်လမ်းတို့ဖြင့် စိတ်ဝင်စားစရာကျမ်း ဖြစ်သည်၊ ကွဲလွဲသော အချက်များကို သုတေသီတို့ ကျနစွာ လေ့လာ သင့်ကြပေသည်၊ ပါဠိစာပေသမိုင်း, သက္ကတစာပေသမိုင်း ရေးနေခြင်း မဟုတ်သဖြင့် ဖော်ပြရန် ဤစာရေးသူ၏ ဝတ္တရား မဟုတ်ပါချေ၊ ဆရာတော် အရှင်သုန္ဒရသည် မြန်မာစာပေသမား သုတေသီတို့အား အဖိုးတန် အမြုတေရတနာကို ဖော်ပြလိုက်ခြင်းပင် ဖြစ်ပေသည်၊ ဆရာတော်သာ မဖော်ပြမပြန်ဆိုပါလျှင် စာအုပ် ရှိကြောင်းကိုပင် စာပေသမား အများစု သိရန် မလွယ်ကူပါချေ။

ဂဟေတွာန ဝရံ သာရံ၊ သုဒဿာမိ သဒေသိနံ။
နိရိက္ခိယ ခိလာပေတာ၊ မောဒန္တု သုဋ္ဌု ဉာနိကာ။

( သိရိလလိတဝိတ္ထာရဘာသာပြန် - ဂန္ထာရမ္ဘ )

ဆရာတော် အရှင်သုန္ဒရာဘိဝံသသည် လလိတဝိတ္ထာရ ဘာသာပြန် ကျမ်းဦး၌ မိမိ၏ အနန္တဂုဏ်အင် ကျေးဇူးရှင် ရွှေကျင်ဂိုဏ်း၏ ဥသျှောင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးကို —

အဘျုဂ္ဂတံ ဂုဏဂ္ဂေဟိ၊ သဗ္ဗသတ္တေသု ပါဂဋံ။
နမဿိတွာ မမာစေရံ၊ ဝိသုဒ္ဓါစာရ နာမကံ။

ဟူသော ဂါထာဖြင့် ပဏာမ ပြုခဲ့သည်။

အဘိုး အနဂ္ဃ ထိုက်တန်လှသော ပုလဲအစစ် ပတ္တမြားအနစ်ကို လိုလားသော အမျိုးသားသည် အပြောနက်ကျယ် သမုဒ္ဒရာအလယ်၌ ငါး, လိပ်,

မကာရ်, ဘေးဘျမ်းတို့ အလယ်မှ နောက်ဝယ်မဆုတ် အားစွမ်းထုတ်ကာ ငုပ်လျှိုးရှာ၍ ရသကဲ့သို့ ဗုဒ္ဓဂုဏ်တော်နှင့်စပ် ဂဇ္ဇ, ပဇ္ဇ ၂-ရပ်ဖြင့် ပြီးသော သီရိလလိတဝိတ္ထာရ ကျမ်းသိင်္ဂီကို မိမိ (အရှင်သုန္ဒရာဘိဝံသ) အရပိုင်ပိုင် လက်ကိုင်ယူလိုက်ပြီ ဖြစ်ကြောင်းကိုလည်း-

မဏိမုတ္တံ သုဏ္ဍစ္ဆန္နော၊ နိမုဇ္ဇိတွာ ယထာဏ္ဏဝေ။
ဂဏှိံ စမ္ပူ မယံ ဂန္ထံ၊ ဗုဒ္ဓဂုဏာဂ္ဂ သံယုတံ။

ဂါထာဖြင့် ဂန္ထာရမ္ဘ၌ ဆရာတော်သည် ကိုယ်ရည်သွေးတော်မူခဲ့သည်။

## အရှင်သုန္ဒရ၏ ကဗျာဉာဏ်

အရှင်သုန္ဒရာဘိဝံသသည် သန္ဓေပါ ကဗျာဉာဏ် ထက်သန်သူ ဖြစ်သည့် အလျောက် ကာရံကဗျာ စိတ်ကူး စိတ်ပျော် ကိုယ်ပျော် နေတတ်သူဖြစ်ဟန် တူပါသည်၊ အလောင်းတော်ဘုရား တောထွက်သွားသဖြင့် ယသောဓရာ ငိုကြောင်း ဖွဲ့ဆိုရေးသားထားသော-

ကေသေ လုနိတွာ ဒေဝီ၊ နိပစ္စ ဓရဏီတလေ။
ဩသီရိတွာ အလံကာရေ၊ အဟော ဘဇ္ဇံ ဣဒံ ပုရံ။
နာယကေန န စိရေန၊ ပိယေဟိ ကတံ ဝိယောဇနံ။

ဟူသောဂါထာကို—

ဒေဝီ၊ ယသော်မည်ရ အလှသိင်္ဂီ နတ်ဒေဝီသည်။ ကေသေ၊ မည်းနက်ညိုမှောင် ပိတုန်းရောင်အဆင်း လှပခြင်း ရှိကုန်သော ဆံပင်တို့ကို။ လုနိတွာ၊ အလောင်းတော် နေနတ်· မင်းသိဒ္ဓတ်သည် ရက်စက် လွှတ်ထား စွန့်ခွာ၍သွားတာကို မစားနိုင်ဘိ မခံချိမခံသာ ဗျာပါ ပွေထပ် မိမိ လက်တို့ဖြင့် ဆွဲကာ ဖြုတ်၍။ ဓရဏီတလေ၊ ရာဇင်္ဂဏ မြေပြင်ဌာနဝ်၌။ နိပစ္စ၊ မျက်နှာအောက်ထား ဝတ်ကာ တွား၍။ အလင်္ကာရေ၊ လက်ကောက် လက်ကြပ် လက်စွပ် လျှံမောင်း နား ဋ္ဌောင်းလည်ဆွဲ စသော အဆင်အယင်တို့ကို။ ဩသီရိတွာ၊ ကိုယ်မှာ ချွတ်ခွာ လွှတ်ပစ်လိုက်ရှာ၍။ ဣဒံ ပုရံ၊ ကပိလဝတ်ခေါ် ဤနေပြည် တော်သည်။ အဟောဘဇ္ဇံ၊ ဩော်.... ရွှေလျော့ခဲ့လေ ပျက်စီးချေစွ တကား။ န စိရေန၊ မကြာမတင် ဆောဆောလျှင်။ ပိယေဟိ၊ နတ် ကညာတန်း ကိန္နရီတို့ရှုံးလောက်အောင် အလှဆုံးဒေဝီ မဟေသီ မိဖုရားခေါင်တို့နှင့်။ ဝိယောဇနံ၊ မငွဲမညှာ ခွဲခွာတော်မူခြင်းကို။ ကတံ၊ ပြုရက်တော်မူသည်ကား။ အဟော၊ ဩော်....ဖြစ်ရပလေ အံ့ပေစွ တကား။

ဟူ၍ နဝဘောကာရံ ကဗျာဥာဏ် ပြောင်မြောက်စွာဖြင့် အနက်ယောဇနာနှင့်ရာ ဆရာတော်၏ ကဗျာဉာဏ်နှင့် စာပေအရည်အသွေးကို ရိပ်စားမိလောက်ပါပြီ၊ လလိတဝိတ္ထာရ ဘာသာပြန်မှာ ပဌမအုပ်သာ ပြီးဆုံးခဲ့သည်၊ 'အဂ္ဂမဟာပဏ္ဍိတ' မဟာစည်ဆရာတော်က 'ဋင်းလလိတဝိတ္ထာရဘာသာပြန်ကို များစွာသဘောကျကြောင်း၊ ကျန် ဒုတိယတွဲ ဆက်လက်ဘာသာပြန်ရန် တိုက်တွန်းကြောင်း' ဖြင့် ဆရာတော်က ဤစာရေးသူအား ကမ္ဘာအေး ဇမ္ဗူဒီပ၌ နေစဉ် အမိန့်ရှိဘူးလေသည်၊ ပဌမအုပ် ဘာသာပြန်ကျမ်းမှာ ဒီမိုင်းဆိုက် စာမျက်နှာ ၅၉၆ - ရှိလေသည်။

## အလင်္ကာဋီကာသစ် နိသျ

အလင်္ကာဋီကာသစ် နိသျကိုလည်း အဘယာရာမဆရာတော် 'အဂ္ဂမဟာပဏ္ဍိတ' အရှင်အဂ္ဂဓမ္မာဘိဝံသ၏ တိုက်တွန်းချက် အရ ရေးသားတော်မူခဲ့သည်၊ ဋင်းနိသျမှာ စာအုပ်အဖြစ် မရောက်ရှိသေးပေ၊ လက်ရေးမူများကို တွေ့ရသဖြင့် ကြည့်ရှုရာ မာဂဓအဘိဓာန်, သက္ကတ ကောတ္ထုဘအဘိဓာန် စသည် ကျမ်းများစွာကို မှီ၍ ရေးသားကြောင်း သိရပါသည်၊ ပဏာမ, နိဂုံး စသည် သီးခြား တပ်ထားသည်ကို မတွေ့ရချေ။

## 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်

ဆရာတော်သည် ဂန္ထန္တရဝိဒူဂုဏ် နှင့် ဘာသန္တရကောဝိဒဂုဏ်, သီလ သမာဓိဂုဏ် စသည်တို့ဖြင့် ကျော်ကြား ထင်ရှားရကား အင်္ဂလိပ်အစိုးရတို့ ၁၃၀၁ - ခုနှစ်တွင် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းကို ခံယူတော်မူရလေသည်။

## ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ

ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးတွင်လည်း ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ ဖြစ်၍ ပါဝင် ဆောင်ရွက်တော်မူခဲ့သည်၊ တိပိဋက ပါဠိမြန်မာ အဘိဓာန် ပဋိဝိသောဓက အဖွဲ့ဝင် အဖြစ် စသည့် တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဤသို့ဖြင့် သီလဝန္တ, သိက္ခာကာမ, ဘာသန္တရ ကောဝိဒ, ဂန္ထကာရက စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော စစ်ကိုင်း မင်းကွန်း သာသနာရောင်ကို ထွန်းပြောင်စေတော်မူခဲ့သော အရှင်သုန္ဒရာဘိဝံသ ဆရာတော်ဘုရားကြီးသည် သက်တော် ၇၀ - တွင် ရောက်ရာ ၁၃၂၂ - ခုနှစ်တွင် မင်းကွန်းဝိဇ္ဇာလင်္ကာရ ချောင်၌ ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

သုန္ဒရော ယော မဟာထေရော၊ နာနာသတ္တ ဝိသာရဒေါ။
ကတွာန ဗဟဝေါ ကိစ္စေ၊ ယာတော ဒေဝါန သန္တိကေ။

——

## 'အဂ္ဂမဟာပဏ္ဍိတ'
## မင်းကွန်း အရိယမဂ္ဂင် ဆရာတော်
### အရှင်အရိန္ဒမ မဟာထေရ်

ဆရာတော်သည် မင်းကွန်း တောင်ရိုး၌ ကြာမြင့်စွာ သီတင်းသုံးတော်မူ၍ သာသနာပြုတော်မူသည့် မထေရ်မြတ် ဖြစ်တော်မူသည်။

### ဖွားမြင် - ရှင် ရဟန်း ပြု - ပညာသင်

ပခုက္ကူခရိုင် မြိုင်မြို့နယ် ခေါင်းကွဲရွာ၌ အဖ ဦးစံပေါ် အမိ ဒေါ်မိန်းကလေးတို့မှ သက္ကရာဇ် ၁၂၅၂-ခုနှစ် ဝါဆိုလဆန်း ၃-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ၁၂-နှစ်သား အရွယ်တွင် ခေါင်းကွဲရွာ တောင်ကျောင်းဆရာတော် ဦးယုဂန္ဓရထံ ရောက်ရှိ ပညာသင်ကြားတော်မူခဲ့လေသည်၊ သာမဏေ အရွယ်တွင် ဦးယုဂန္ဓရထံ၌ သာမဏေ ဝတ်၍ ပိဋကတ် အခြေခံ ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်၊ သက်တော် ၂၀-တွင် စစ်ကိုင်း တောင်ရိုး ဇလ္လာသယချောင်ဆရာတော် အရှင်ရာဇိန္ဒ မထေရ်ကို ဥပဇ္ဈာယ် ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ အရှင်ဉာဏိန္ဒ မနောမယဆရာတော်, ဥပဇ္ဈာယ်ဆရာတော် အရှင်ရာဇိန္ဒ မဟာထေရ် စသည်တို့ထံတွင် ပိဋကတ် ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

### အရိယမဂ္ဂင်ချောင် နာယက နှင့် ဆောင်ရွက်ချက်များ

သိက္ခာ ၂၀-ကျော်မှ စ၍ မင်းကွန်း အရိယမဂ္ဂင်ချောင်၌ သီတင်းသုံးတော်မူ၍ ပရိယတ်, ပဋိပတ် ၂-ရပ်သော ဓုရ အလုပ်တို့၌ ကြိုးကုတ်တော်မူခဲ့လေသည်၊ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးတွင် မူလဝိသောဓက အဖြစ်ဖြင့် လည်းကောင်း, ဝိနယမဟာဝဂ္ဂဘာဏက အဖြစ်ဖြင့်လည်းကောင်း, သံဂီတိကာရက အဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်တော်မူခဲ့လေသည်။

### 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် အလှူခံရရှိခြင်း

ပါဠိတော် သံဂါယနာ အပြီး ၁၃၁၈-ခုနှစ်တွင် နိုင်ငံတော်အစိုးရတို့ လှူဒါန်းအပ်သော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

အရိန္ဒမော မဟာထေရော၊ အရိန္ဒမသ္သ သာသနေ။
ဓုရေ သော ပူရယိတွာန၊ လောကဂ္ဂသာသနန္တရော။

# သတ္တဝိသတိမပိုင်း

## မင်းကွန်း ပဌမ ဓမ္မနာဒ ဆရာတော်
### အရှင်ပညာစက္က မဟာထေရ်

ဆရာတော်သည် မင်းကွန်း ဓမ္မနာဒကျောင်ကို စတင် တည်ထောင်တော်မူ၍ သာသနာပြုခဲ့သည့် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်၊ ဆဋ္ဌသံဂါယနာ ဝိသဇ္ဇက, မဟာဗုဒ္ဓဝင်ကျမ်းပြု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက 'အဂ္ဂမဟာပဏ္ဍိတ' ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဆရာရင်းလည်း ဖြစ်၏၊ သို့ဖြစ်ရာ ဤစစ်ကိုင်းသာသနာဝင်၌ ချန်၍ မဖြစ် – ထိပ်တန်းက ပါဝင်သည့် ပုဂ္ဂိုလ် ဖြစ်ရာ ဤစစ်ကိုင်းသာသနာဝင်၌ မှတ်တမ်းတင်အပ်ပါသည်။

### ဖွားမြင်တော်မူခြင်း

ဆရာတော်သည် မြင်းခြံမြို့ သပြေပင်ရပ်၌ ၁၂၄၇ - ခုနှစ် တော်သလင်းလဆန်း ၂ - ရက်နေ့တွင် ဖွားမြင်တော်မူသည်၊ မိခင်မှာ ဒေါ်အိမ်မြဲ ဖြစ်၏၊ ဖခင်ကိုမူ မသိရချေ၊ ဆရာတော်၏ ငယ်နာမည်မှာ ဦးမျောက် ဖြစ်လေသည်၊ ဆရာတော်၌ ဦးယောက်, ဦးမောက်, နှမ မတင် အားဖြင့် မွေးချင်း ၃ - ယောက်ရှိခဲ့ လေသည်၊ ဆရာတော်ပါမူ မွေးချင်း ၄ - ယောက် ဖြစ်၏၊ ဆရာတော်သည် မွေးချင်း ၄ - ယောက် အနက် အကြီးဆုံး ဖြစ်၏။

### ရှင် ရဟန်းပြု - ပညာ သင်ကြားခြင်း

မြင်းခြံမြို့ မင်းကျောင်းတိုက် တနင်္ဂနွေထောင့် ကျောင်း (ဒေါ်အိမ်မြဲ၏ မောင်)ဆရာတော် ဦးကေသရထံတွင် ရောက်ရှိ နေထိုင်၍ ပညာ သင်ကြားတော်မူခဲ့လေသည်၊ ရှင်သာမဏေ အရွယ်တွင် ရှင်သာမဏေ ဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ဘွဲ့တော်မှာ ရှင်ပညာစက္က ဖြစ်လေသည်၊ သက်တော် ၂၀ - အရွယ်တွင် ရဟန်း ပြု၍ ပရိယတ်ကို အပတ်တကုတ် ကြိုးကုတ် သင်ကြားခြင်းဖြင့် သာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်၊ ရဟန်းဘွဲ့တော်မှာ ပြောင်းလဲခြင်း မရှိပဲ အရှင်ပညာစက္က ဖြစ်၏။

### မောဂ္ဂလ္လာန်ကို များစွာလေ့ကျက်ခြင်း

ဆရာတော်သည် 'သဒ္ဒါမသန် မောဂ္ဂလ္လာန် - ပြန်ပြန် သင်၍ နာ' ဟူသည်နှင့် အညီ သဒ္ဒါဗျာကရဏ်းကျမ်းကို အနပ္ပကန်း တတ်မြောက်လိုသဖြင့် မောဂ္ဂလ္လာန် သဒ္ဒါကျမ်းကို ဆရာသမားကောင်းတို့ထံ များစွာ လေ့လာ သင်ယူတော်

မူခဲ့လေသည်၊ ကိုယ်တိုင်လည်း များစွာ ပရိယတ္တိ ပြုတော်မူလေသည်၊ သို့ဖြစ်၍ သဒ္ဒါဗျာကရဏ်းတို့၌ လွန်စွာ နိုင်နင်းသည်ဟု သိရ၏။

သုမောဂ္ဂလ္လာန သဒ္ဒါတံ၊ ဗျာကရဏံ သုသိက္ခိသော။
ဗျာကရဏေသု တေဇေနဝ၊ သေကော ဝိဂတသာရဒေါ။

## ရွှေရေးဆောင်ဆရာတော် ဦးကြည်ထံ ပညာသင်

ဆရာတော် အရှင်ပညာစက္ကသည် မန္တလေးမြို့ 'ဘောင်ပြောင် ကြည်တလုံး' ဟု တနိုင်ငံလုံး အုပ်ဖုံး ကျော်ကြား စာပေအရာ လွန်စွာ ထင်ရှားတော်မူသော အရှင်အာဒိစ္စရံသိ ဘွဲ့ထူးခံသော ဆရာတော် ဦးကြည်ထံ မူလဋီကာ ကျမ်းကြီးများနှင့် တကွ ရွှေရေးဆောင်နိယံ စသည်တို့ကို ဆိုဝါဖြင့် သင်ယူ တတ်မြောက်တော်မူခဲ့လေသည်။

အာဒိစ္စရံသိထေရဿ၊ သန္တိကေ စက္ကဓောတကော။
နေကေဂန္ထေသု သိက္ခိတွာ၊ သာသနံ နုဂ္ဂဟံ အကာ။

## ဓမ္မနာဒချောင် တည်ထောင် - စာချ - တရားမှတ်

ရွှေရေးဆောင်ဆရာတော်ထံ အရှင်ပညာစက္က စာဆိုရာ ခေတ်မှာ ပခုက္ကူ မဟာဝိသုဘာရာမတိုက်ကြီး၏ အဓိပတိ မဟာနာယက 'အဂ္ဂမဟာပဏ္ဍိတ' အရှင်ပညာနှင့် မရှေးမနှောင်း ဖြစ်သည်ဟု သိရ၏၊[၁] ရွှေရေးဆောင်ဆရာတော် ဦးကြည်ထံမှ ပညာ သင်ယူ တတ်မြောက်ပြီးနောက် မင်းကွန်းတောင်ရိုး၌ ဓမ္မနာဒချောင်ကို တည်ထောင်တော်မူ၍ 'အရေအတွက်မှ အရည်အချင်းသို့' ဆောင်ပုဒ်ကို လက်ကိုင်ပြုကာ ဉာဏ်ကောင်း တပည့်များကိုသာ လက်ခံ၍ စာပေ ပို့ချခြင်း, ကိုယ်တိုင် ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းဂန်တို့ကို ကြည့်ရှုခြင်းဖြင့် ပရိယတ္တိသာသနာတော်ကို ချီးမြှောက် ထောက်ပင့်တော်မူခဲ့လေသည်၊ ပဋိပတ် အလုပ်ကိုလည်း အခွင့်ရတိုင်း ရှုမှတ် ပွားများတော်မူလေသည်။

## ထိတ်ထိတ်ကျဲ ပညာချွန်မည့် ပုဂ္ဂိုလ်ကို ချီးမြှောက် မွေးမြူ

ဆရာတော် အရှင်ပညာစက္ကသည် သက္ကရာဇ် ၁၂၉၁ - ခုနှစ် နှောင်းတန်ခူး လဆန်း ၁၃ - ရက်နေ့တွင် ဓမ္မနာဒချောင် မိမိထံမှောက်သို့ ရောက်ရှိလာသော တပည့် သာမဏေ ရှင်ဝိစိတ္တသာရကို အရှင်သိဂ္ဂဝထေရ်သည် အရှင်မောဂ္ဂလိပုတ္တတိဿ လောင်းလျာကို စောင့်ရှောက်သကဲ့သို့ လည်းကောင်း အရှင်ရောဟဏထေရ်သည် အရှင်နာဂသိန် လောင်းလျာကို စောင့်ရှောက်သကဲ့သို့

---

၁။ မဟာထေရလင်္ကာကျမ်းသစ် ကြည့်။

လည်းကောင်း, စောင့်ရှောက်တော်မူခဲ့လေသည်၊ အရှင်စက္ကာဝဇ္ဇီထေရ်သည် အရှင်မောဂ္ဂလိပုတ္တတိဿထေရ် လောင်းလျာကို ပညာ သင်ပေးသကဲ့သို့ လည်းကောင်း, အရှင်အဿဂုတ္တထေရ်သည် အရှင်နာဂသိန် လောင်းလျာကို ပညာ သင်ပေးသကဲ့သို့ လည်းကောင်း ပညာ သင်ကြား ပေးတော်မူခဲ့လေသည်၊ သို့ဖြစ်၍ 'သဟာဿေသု စ ပဏ္ဍိတော၊ နဟု တေသု စ ပဏ္ဍိတော' ဟူသည်နှင့် အညီ တကယ် ပညာရှိ ဆိုတာ တထောင်တွင် တယောက်-တသောင်းအနက်မှ တယောက် ပေါ်ပေါက်သည်ဟု ဆိုရိုးအတိုင်း အလွန့်အလွန် ထူးချွန်သော သာသနာ့ကျက်သရေဆောင် 'တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ' ပုဂ္ဂိုလ်မွန် ပေါ်ထွန်းခဲ့လေသည်။

ပညာစက္ခုဿ စက္ခုဿ၊ အာရဗ္ဘ ဝီရိယံ သုဓီ။
စက္ခုမှိ ဝိသိဋ္ဌောတိဝ၊ ဝိစိတ္တော ဝိစိတြညာဏိကော။

## သံခိတ္တရုစိ ပုဂ္ဂိုလ်

ဆရာတော် အရှင်ပညာစက္ခုသည် အဘိဓမ္မာ မူလ ဋီကာကျမ်း, သဒ္ဒါ ဖက် ဆိုင်ရာ မောဂ္ဂလ္လာန်ဗျာကရုဏ်းကျမ်းတို့ကို အထူး နှစ်သက်တော်မူသည့် သံခိတ္တရုစိ ပုဂ္ဂိုလ်မြတ် ဖြစ်ကြောင်း ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသက အမိန့်ရှိ၏၊ သို့ဖြစ်၍ ဆရာတော် ပြုစုသည့် စာပေများမှာ ကျဉ်းပြီး ကျစ်လစ် သိသိပ်လှချေ၏။

## မဇ္ဈိမဒေသသို့ ကြွတော်မူခြင်း

၁၂၇၉-ခုနှစ် ပြာသိုလဆန်း ၂-ရက်နေ့တွင် မြန်မာပြည်မှ အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသသို့ ကြွတော်မူ၍ ဘုရားရှင် သီတင်းသုံးတော်မူခဲ့ရာ ဌာနမွန်ကို ဖူးမြော် သံဝေဂယူတော်မူခဲ့လေသည်၊ ထိုစဉ်က ဗောဓိပင် နှင့် ရွှေပလ္လင် သတ္တဌာန ဘုရားရှိခိုး စသည်တို့ကိုလည်း ရေးသား စီရင်တော်မူခဲ့လေသည်။

## ကျမ်းစာများ ပြုစုတော်မူခြင်း

ဆရာတော်သည် ကျမ်းစာများကိုလည်း ပြုစုတော်မူခဲ့သည်၊ ၎င်းတို့မှာ —

၁- အလင်္ကာရ လင်္ကာ
၂- နေတ္တိ လင်္ကာ၊
၃- ဝိတဏ္ဍဝါဒီ မဒ္ဒန စက္ကကထာကျမ်း
၄- ခေတ်ခြောက်ပါး သိမ်းဆည်းပုံကျမ်း
၅- သတ္တဌာန ဘုရားရှိခိုး
၆- ဒုက္ကရစရိယာကျင့်ရာ ဂိုဏ်ဂူတော် ဘုရားရှိခိုး-စသည်တို့ ဖြစ်ကုန်၏။

ဖော်ပြပါ ကျမ်းများ အနက် အလင်္ကာရလင်္ကာကျမ်း, နေတ္တိလင်္ကာကျမ်း, ဝိတဏ္ဍဝါဒီ မဒ္ဒန စက္ကကထာကျမ်းတို့ ပုံနှိပ် စာမူ အဖြစ် မရောက်ရှိချေ၊ ယင်းကျမ်းကို ပြုစုကြောင်း ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသထံမှ သိရ၏၊ ခေတ်ခြောက်ပေါ်၊ သိမ်းဆည်းပုံကျမ်းမှာ ပျံလွန်တော်မူခါနီး ပစပ်က ပြည့်စုံစွာ စကား မပြောနိုင်ချိန်တွင် ကင်းဝန်မင်းကြီးတိုက် သီရိဝေပုလ္လတိုက်ကျောင်း ဆရာတော် အရှင်ဇာဂရ မဟာထေရ် လျှောက်ထား တောင်းပန်သဖြင့် ရုတ်တရက် ရေးခဲ့သော ကျမ်းငယ် ဖြစ်သည်။

နမော တေ ဗုဒ္ဓ ဝီရတ္ထု။
ပရမတ္ထ ဟူသမျှ မရ ဒြဗ်ကို။

စသည်တို့ကား ယင်းကျမ်းငယ်၏ အစ ဖြစ်သည်၊ ၁၃၃၃-ခုနှစ်က ရန်ကုန်မြို့ သင့်ဘဝ ပုံနှိပ်တိုက်တွင် ရိုက်ရာ ကရောင်း ဆဲ့ခြောက်ချိုးဆိုက်ဖြင့် ၂၇-မျက်နှာသာ ရှိ၏။

သတ္တဋ္ဌာန ဘုရားရှိခိုး နှင့် ဒုက္ကရစရိယ ကျင့်ရာ ဂိုဏ်ဂူတော် ဘုရားရှိခိုး ရှစ်လုံးဖွဲ့ ကဗျာတို့ကို မဇ္ဈိမဒေသ ကြွစဉ် ၁၂၈၉-ခုနှစ်က ရေးသားခဲ့ရာ အလွန်လည်း မရှည်-ရှားပါးလည်း ရှားပါးသဖြင့် ဤ၌ ဖော်ပြအပ်သည်။

**ဗောဓိပင် နှင့် ရွှေပလ္လင် သတ္တဋ္ဌာန**
**ဘုရားရှိခိုး**

ပဋ္ဌမာရေ ဇိနိတွာန၊ ယတ္ထ သဗ္ဗညုတံ ဂတော။
အသာခါရဏာဝမ္မှိ၊ တံ ပဃန္တာ ဒရံ နမေ။

ယတ္ထ၊ အကြင် ဗောဓိအောင်မြေ ပလ္လောင်ဘွေ၌။ ပဋ္ဌမာရေ-ဒေဝပုတ္တ၊ စသည်ခပင်း မာရ်ငါးသင်းတို့ကို။ ဇိနိတွာန၊ သေနတ်, ခား,လှံ, လေးမြှား စသည် မချီမကိုင် ပိုင်နိုင်မြဲမို ပါရမီစက် ဘုန်းလက်နက်ဖြင့် မှုန်မှုန်ညက်ညက် ချေဖျက်အောင်မြင်တော်မူပြီး၍။ သဗ္ဗညုတံ၊ ဥေယျဟူက မြူမျှမကျန် မှန်ကန်စွေ့ငု သိမြင်မှုကြောင့် အတုလစစ် သဗ္ဗညု၏ အဖြစ်သို့။ အသာခါရဏာဝမ္မေဟိ၊ တပါးသောသူ မတူမတန် မဆက်ဆန်သော ဆယ်တန်ဗလ စသည်ဥဿုံ အလုံးစုံသော ဂုဏ်ကျေးဇူးတို့နှင့် တကွ။ သတ္တာ၊ ငါတို့ဆရာ စောမြတ်စွာသည်။ ဂတော၊ ကုဋေဂဏန်း (၃) သန်း (၆) သိန်း တွက်ကိန်းများစွာ မဟာဝဇီရ ထိတိုင်းရှအောင် မြဲမြဲထက်သန် ဉာဏ်စင်တလျှောက် မင်္ဂ, ဖိုလ် ပေါက်၍ ရောက်တော်မူပြီ။ အဟံ၊ အကျွန်ုပ်သည်။ တံ၊ ထိုဗောဓိ အောင်မြေ ပလ္လောင်ဘွေကို။ ပဃန္တော၊ ပစ္စက္ခပင် ထင်မြင် ဖူးတွေ့ရသည် ဖြစ်၍။ အာဒရံ၊ တုပ်ကွဝပ်စင်း ထိခြင်း ငါးဖြာ ရှိသေစွာလျှင်။ နမေ၊ ရှိခိုး ပူဇော်ပါ၏ ဘုရား။

ဗောဓိပင်ဆန်း - ပလ္လင်နန်းဘွေ၊
မာရ်နတ် ငါးသင်း - အတင်း ဖြတ်ချွေ၊
ဇိန အောင်ဟိတ် - ဘိသိက် ခံနေ၊
လူသုံးပါး - ဘုရားဖြစ်တဲ့ မြေ။

၁။ သတ္တာ သမ္ဗုဏ္ဏသက်ပွေ၊ သမာပတ္တိဝရေ ဗဟူ။
ဝလဥ္ဇန္တော၀ သတ္တာဟံ၊ နိသီဒိ တတ္ထ တံ နမေ။

တတ္ထ၊ ထိုဗောဓိအောင်မြေ ပလ္လင်ဘွေ၌။ သမ္ဗုဏ္ဏသက်ပွေ၊ လပြည့်ဝန်းတမျှ ပြည့်ဝစုံလင် အောင်မြင်သော အကြံအစည် ရှိတော်မူသော။ သတ္တာ၊ လူ နတ် ဆရာ ဒို့မြတ်စွာသည်။ ဗဟူ၊ ကုဋေကိန်းခန်း သိန်းသန်းမက များပြားလှကုန်သော။ သမာပတ္တိဝရေ၊ မြတ်ထက်လွန်မြတ် ဖိုလ် သမာပတ်တို့ကို။ ဝလဥ္ဇန္တော၀၊ စိတ်အားရွှင်ရွှင် ဝင်စားတော်မူလျက် သာလျှင်။ သတ္တာဟံ၊ လူတို့နေ့တွက် (၇) ရက် ပတ်လုံး။ နိသီဒိ၊ ထက်ဝယ်ဘွဲ့ခွေ ထိုင်နေတော်မူပြီ။ တံ–တမ္ပိ၊ ထိုလူနတ်ဆရာ ဘဂဝါရှင် ဒို့သခင်ကိုလည်း။ နမေ၊ ငါးတန်အဥ္ဇလီ တင်ချီမိုးကြုံး လက်စုံမိုးလျက် ရှိခိုးပူဇော်ပါ၏ ဘုရား။

ကြံစည် ပြည့်ဝ - လောက သခင်၊
ခုနစ်ရက် ပတ်လုံး - ဖျက်သုံး မကြင်၊
ဖိုလ်ကို ဝင်စား - စိတ်ထား ရွှင်ရွှင်၊
ဗို့ဘုရား - ထိပ်ထား ဦးပန်ဆင်။

ပဌမ သတ္တာဟ ပြီး၏။

---

၂။ ပလ္လင်္ကံ ဗောဓိရုက္ခဥ္စ၊ မောဒန္တော ယတ္ထ ဒက္ခသိ။
သတ္တာဟံ သိဒ္ဓိ ပတ္တော သော၊ အနိမိသံတိ တံ နမေ။

ယတ္ထ၊ အကြင်ဗောဓိညောင်ခွင် အောင်ပလ္လင်၏ အရှေ့မြောက်ဆန် ဆယ့်လေးလံခြား ထင်ရှားပေါ်စွင့် ကုန်းမြင့်အရပ်၌။ သိဒ္ဓိပတ္တော၊ ဗုဒ္ဓကိစ္စ နိဋ္ဌပြီးမြောက် သိဒ္ဓိပေါက်ပြီးသော။ သော၊ ထိုငါဒို့သခင် ဘုရားရှင်သည်။ ပလ္လင်္ကဥ္စ၊ လူ, နတ်, ဗြဟ္မာ, မကြံသာအောင် ပါရမီကံ လှံ့ဆော်ဖန်သည့် ပလ္လင်ပျံကိုလည်းကောင်း။ ဗောဓိရုက္ခဥ္စ၊ ဘုရားဂုဏ်ရှိန် တထိန်ထိန်ပွင့် ထွန်းတင့်ပေါ်ရာ မဟာဗောဓိပင်ကိုလည်းကောင်း။ မောဒန္တော၊ ဘဝသံသာ ကမ္ဘာဘာက ရှာခဲ့သည်မှာ ခုအခါတွင် ငါလျှင်ပိုင်သ ရပြီဟာဟု မှင်ပြ ဝမ်းမြောက်လျက်။ ဒက္ခသိ၊ မမှိတ်သော မျက်လွှာဖြင့် ဆက်ကာဆက်ကာ ကြည့်ရှုတော်မူခဲ့ပြီ။ အနိမိသံတိ – ဖနိမိသံနာမ၊ သတတ်ကြောင်းဟိတ်

ဗျူပွတ်ရိတ်ဖြင့် အနိမိသာ ဘွဲ့ထူးရသော။ တံ – ဌာနံ၊ တစိတ်တဒေသ ထိုရပ်ဌာနကို။ အဟံ၊ အကျွန်ုပ်သည်။ နမေ၊ ကြည်ညိုဟာဒယ တုပ်ကွရိုကြိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ ဘုရား။

အနိမိသ - ဌာနတွင်ဆို၊
ဗောဓိပင်ဆန်း - ပလ္လင်နန်းကို၊
မမှိတ်ဘဲနှင့် - စိတ်စွဲ ပိုမို၊
အစုံလှည့် - ရှုကြည့် ပြန်သကို။

ဒုတိယ သတ္တာဟ ပြီး၏။

—

၃။ ပုရတ္ထိ ပစ္ဆိမာယာတံ၊ ယဟိံ ရတနစင်္ကမံ။
သော စင်္ကမသိ မာပေန္တော၊ ဓမ္မမာလိဝ တံ နမေ။ ။

ယဟိံ၊ အကြင်ပင်ဗောဓိနှင့် အနိမိသာ နှစ်ဌာနကြား ထင်ရှားတင့်လျှံ နှစ်လံကွာ အရပ်၌။ ဓမ္မမာလိဝ၊ ပင်လုံးကျွတ်ပွင့် ကြီးမြင့်ကဲမိုး တောစိုးသစ်ပင်ကြီး၏အလား တရားတည်းဟူသော ပန်းခိုင်ပန်းပြွတ် ရှိသည်သာလျှင်ဖြစ်သော။ သော၊ ထို ငါ့ဒို့သခင် ဘုရားရှင်သည်။ ပုရတ္ထိပစ္ဆိမာယာတံ၊ ရှေ့နောက်ဖြတ်သန်း သွယ်တန်းရှည်လျားသော။ ရတနစင်္ကမံ၊ နှစ်သက်ဘွယ်ရာ ရတနာသွယ် ချယ်လယ်ဆန်းပြား ခမ်းနား တင့်လျှံ စင်္ကြံတော်ကြီးကို။ မာပေန္တော၊ ဣဒ္ဓိဝိဓ မြမြထက်သန် အဘိညာဏ်ဖြင့် ဆောက်လုပ်ပြုဘန်တော်မူလျက်။ စင်္ကမသိ၊ လူးလာခေါက်ပြန် အတန်တန်လျှင် စင်္ကြံန်ကြွချီးတော်မူလေပြီ။ တံ၊ ထိုရတနစင်္ကမ တင်သပြုဘန် စင်္ကြံန်တော်ရာကို။ နမေ၊ လေးမြတ်လှစွာ သဒ္ဓါဖွင့်ဖြိုးလျက် ရှိခိုးပါ၏ဘုရား။

အဘိညာဏ်မှု - ဘန်ပြုလျက်သာ၊
စင်္ကြံန်တော်ကြီး - ပျော်မွီး သွားလာ၊
တရားဖူးပွင့် - ထူးတင့်လှစွာ၊
ဒို့ဘုရား - ရိုတွား ဝန္ဒနာ။

တတိယ စင်္ကမ သတ္တာဟ ပြီး၏။

—

၄။ သမ္မာသန္တာ ဘိဓမ္မံ ပိ၊ သတ္တာဟံ ယတ္ထ ရံသိမာ။
ဌာသိ ဝန္ဒာမိ ဒေဝဟိ၊ မာပိတံ ရတနံ ဃရံ။

ယတ္ထ၊ အကြင်ဗောဓိအောင်ခွင် ပညောင်ပင်က အစဉ်မရောက် အနောက်မြောက်ဝယ် ၂၄–လံ အမှန်ခြားကွာ ရပ်ဒိသာ၌။ အဘိဓမ္မံပိ၊ ဓမ္မသင်္ဂဏီ

စသည်တင့်ဆန်း အဘိဓမ္မာ ၇–ကျမ်းကို။ သမ္မသန္တော၊ ရွှေဉာဏ်ဖြန့်ဖြူး ကူးသန်းသုံးသပ်လျက် သာလျှင်။ ရံသိမာ၊ ပဋ္ဌာန်းကျမ်းကြောင့် ဖြန်းဖြန်း ထွက်ယို လက်လက်စိုသော ရောင်ခြည်အဝန်း ရှိသည်ဖြစ်၍။ သတ္တာဟံ၊ ၇ ရက် ပတ်လုံး။ ဌာသိ၊ ဇလ္လရိယာပထ ညီမျှခိုင်ကြည် တည်နေတော်မူပြီ။ ဒေဝေဟိ၊ ရတနာစက်ဝန်း တက်ထွန်းမည်ကို ကြည်ညိုလေးမြတ် ဖြဟွာ, နတ်တို့သည်။ မာပိတံ၊ ဇလ္လဒ္ဒိလျှံပတ် ဖန်ဆင်းအပ်သော။ တံ ရတနဃရံ၊ နာမမတိမ် လင်းလင်းထိန်သော ရွှေအိမ်အပြင်ကို။ ဝန္ဒာမိ၊ သဒ္ဓါပြည့်ဖြိုးလျက် ရှိခိုးပါ၏ ဘုရား။

ရတနာဃရ - ဌာန စံခွင်၊
ဘိဓမ္မာမြတ် - သုံးသပ် ဆင်ခြင်၊
ပဋ္ဌာန်းကျမ်း၌ - ရောက်ဆိုက် လေလျှင်၊
ခြောက်ရောင်ပွင့် - ဖြိုးလွင့် ဆုံးမထင်။

ရတနာဃရ စတုတ္ထ သတ္တာဟ ပြီး၏။

——

၅။ နိသီဒိ ယတ္ထ သတ္တာဟံ၊ ဓမ္မံ ဝိစိနနံ သုခံ။
အဂ္ဂံ ပဋိသံဝေဒန္တော၊ အဇပါလံတိ တံ နမေ။

ယတ္ထ၊ အကြင်ဗောဓိမှ အလံတွက်စစ် သုံးဆယ့်နှစ်ထွာ ရပ်ဒိသာ၌။ ဓမ္မံ၊ သမ္မသိတ ညေယျမှန်ငြား မြတ်တရားကို။ ဝိစိနနံ – ဝိစိနနတော၊ ဘန်ဘန် မလပ် သုံးသပ်ဆင်ခြင်လျက်။ အဂ္ဂံ သုခံ၊ ညွန့်ဖူးလွန်မြတ် အရဟတ္တဖိုလ် ချမ်းသာကိုလည်း။ ပဋိသံဝေဒန္တော၊ ရံဘန်ရံဘန် ခံစံဝင်စားတော် မူ၍။ သတ္တာဟံ၊ နေ့ကိုတွက်က ၇–ရက်ပတ်လုံး။ နိသီဒိ၊ ကြည်လင်ရွှင်ပြုံး သီတင်းသုံး စံနေတော်မူပြီ။ အဇပါလံတိ – အဇပါလံ နာမ၊ ဆိတ်အပေါင်းကို ထိန်းကျောင်း မောင်းနှင်ရာ သညာဗျူပွတ် သကတ်အရကြောင့် အဇပါလ နာမတွင်ချိ အမည်ရှိပေသော။ တံ၊ ထိုပညောင်ပင်၏ အစဉ်တည်ရာ ရပ်ဒေသာကို။ အဟံ၊အကျွန်ုပ်သည်။ နမေ – နမာမိ၊ ရိုသေလေးစား ဝပ်တွားဖြန့်မိုး လျက် ရှိခိုးပါ၏ အရှင်ဘုရား။ ။

အဇပါလ - ဌာန တခွင်၊
တရားမြတ်ကို - သုံးသပ် ဆင်ခြင်၊
သုခ ဝိမုတ် - မယုတ်ပွားဝင်၊
ဒို့ဘုရား - ထိပ်ထား ဦးပန်ဆင်။

အဇပါလ ပဉ္စမ သတ္တာဟ ပြီး၏။

——

၆။ ဝဒ္ဒလိကာယ သတ္တာဟံ၊ ဌာသိ ဘောဂေဟိ ဆာဒိတော။
နာဂေနာနုဘာဝံ ယတ္ထ၊ သုခံ မုစ္စလိန္ဒံ နမေ။

ယတ္ထ၊ အကြင်ဗောဓိအောင်ခွင် ညောင်ပလ္လင်မှ ရှေ့တောင်ကျလျက် ညီမျှပြည့်ကျယ် ငါးဆယ့်တလံ အမှန်ခြားကွာ ရပ်ဒိသာ၌။ ဝဒ္ဒလိကာယ၊ ယိုတစက်စက် ၇-ရက်ဝေ စွေမိုးကြီးသည်။ ဥပ္ပန္နာယ၊ ရွာသွန်းတလစပ် ဖြစ်ပေါ်လတ်သော်။ နာဂေန၊ မုစ္စလိန္ဒာ အာဏာထန်ပြင်း နဂါးမင်းသည်။ ဘောဂေဟိ၊ ဖွဲ့ရှင်ရစ်ပတ် ခုနစ်ထပ်သော အခွေတို့ဖြင့်။ ဆာဒိတော၊ အချမ်းအပူ မပြုလေရ မှူးကိုမျှပင် မကျစေရာ စေတနာဖြင့် မိုးကာအုပ်သည် ဖြစ်၍။ သုခံ၊ ဝိမုတ်ချမ်းသာ ဖိုလ်သမာကို။ အနုဘာဝံ — အနုဘဝန္တော၊ စိတ်စဉ်ပွားများဝင်စားတော်မူလျက်။ သတ္တာဟံ၊ ခါအစ္စန္တ ကာလမပျက် ခုနစ်ရက်ပင်။ ဌာသိ၊ သူ့တင်ပလ္လင် အစဉ်ဖွဲ့ခွေ ထိုင်နေတော်မူပြီ။ မုစ္စလိန္ဒံ၊ မုစ္စလိန္ဒ ဘွဲ့ထူးရသော။ တံ၊ မွန်မြတ်လွန်သာ ထိုနေရာတော်ကြီးကို။ နမေ၊ ကိုယ်နှုတ်စိတ်ပါ သဒ္ဓါငွါးငွါး ထိပ်ါးပါးဖြင့် ဝပ်တွားပန်ဆင်ပါ၏ အရှင်ဘုရား။

| | | |
|---|---|---|
| မိုဃ်းမစွတ်ဘဲ | - | ချွတ်လွဲ စေရာ၊ |
| နဂါးမင်းက | - | ပါးပျဉ်း အုပ်ကာ၊ |
| ခုနစ်ခွေထပ် | - | ရစ်ပတ် ဖွဲ့ရှာ၊ |
| ဒို့ဘုရား | - | ခံစား ဖိုလ်သမာ။ |

မုစ္စလိန္ဒ ဆဋ္ဌ သတ္တာဟ ပြီး၏။

---

၇။ ဝိဟာသိ ယတ္ထ သတ္တာဟံ၊ သဗ္ဗညုတာဘိလက်တော။
ဝိမုတ္တိံ နုဘာဝန္တော၊ တံ ရာဇာယတနံ နမေ။

ယတ္ထ၊ အကြင်အပ္ပရာဇိ ပင်ဗောဓိ၏ တောင်တည့်တည့်ဝယ် တဆယ့်တလံ အမှတ်ခြားကွာ ရပ်ဒိသာ၌။ သဗ္ဗညုတာဘိလက်တော၊ သဗ္ဗညုတဂုဏ် ပြည့်စုံချယ်တင် တန်းဆာဆင်ယင်အပ်သော ငါတို့သခင် ဘုရားရှင်သည်။ ဝိမုတ္တိံ၊ ကိလေသာမှူမှေး မထွေးမကပ် လွန်ထူးမြတ်သည့် အရဟတ္တဖိုလ်ချမ်းသာကို။ အနုဘာဝန္တော၊ ကြွမ်ဘန်ပွားများ ခံစား သုံးဆောင်တော်မူလျက် သာလျှင်။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဝိဟာသိ၊ လေးယာပထ မျှတခိုင်ညီ တည်နေတော်မူပြီ။ တံ ရာဇာယတနံ၊ ထိုရာဇာယတန ဘွဲ့ထူးရသည့် ဌာနအပြင်ကို။ အဟံ၊ အကျွန်ုပ်သည်။ နမေ — နမာမိ၊ သံသရာဘေး လွတ်ရေးရည်မျှော် စိတ်လုံ့ဆော်လျက် ပူဇော် ရှိခိုးပါ၏ အရှင်ဘုရား။

လင်းလွန်းပင်ရင်း - ဝပ်ချင်း ကပ်မှီ၊
သမာပတ်နှင့် - အမြွတ် ဝသီ၊
ရာဇာယတန - နာမ တွင်ပြီ၊
ဒို့ဘုရား - ရိုတွား ရှိပန်ချီ။
သတ္တာသတ္တာ့ - မြတ်စွာ့ဘုန်းရှင်၊
အစဉ် လှည့်လို - ကြည်ဘိ သာရွှင်၊
ဂုဏ်ရည်ထူးကို - ကြည်နူးခါပင်၊
ကြိမ်ကြိမ်ဖူး - ထိပ်ဦး ရှိပန်ဆင်။

ရာဇာယတန သတ္တာဟ ပြီး၏။

— —

## ( ၆ )နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူရာ လိုဏ်ဂူတော်ကြီး ဘုရားရှိခိုး

၈။ နဋ္ဌဟေယျံ န ဗုဒ္ဓေါ စေ၊ ဝိရော စရသိ ဒုက္ကရံ။
ကာယာယုမနပေက္ခန္တော၊ ဆဗ္ဗဿံ ယတ္ထ တံ နမေ။

ယတ္ထ၊ အကြင်ဥရုဝေဠ သေလ မြင့်ခေါင် တောင်၏ထက်ဝက် တဖက် ဖောက်ထွင်း လိုဏ်ဂူတွင်း၌။ န စေ ဗုဒ္ဓေါ၊ သစ္စာလေးခိုင် ပိုင်ပိုင်သိမြင် ဘုရားရှင် မဖြစ်သေး။ နဋ္ဌဟေယျံ၊ ဤနေရာမှ ပြောင်းကာကြွလျက် မထတော့အံ့။ ဣတိ၊ ဤသို့။ ဝိရော၊ ထက်သန်ခိုင်မာ မဟာဗောဓိသတ် အလောင်းအလျာ မြတ်ကြီးသည်။ ဒုက္ကရံ၊ သူသူငါငါ ပြုမည်မှာဝေးစွ စိတ်ကူးမျှမရ အလွန်ပင် ခဲယဉ်းသော အကျင့်ကို။ ဆဗ္ဗဿံ၊ အခါတွက်စစ် ခြောက်နှစ်ပတ်လုံး။ ကာယာယုံ၊ သုခမာလ ခတ္တိယဇာတ် နုဖတ်သိမ်မွေ့ ဖြိုးပြေ့နုပျို ဖတ်ဖတ် စိုသော ကိုယ်နှင့် အသက်ကို။ အနပေက္ခန္တော၊ ဉာတာသနား မထားရက်စက် မငဲ့ကွက်ဘဲ။ စရသိ၊ လုံးစုံငါးဆင့် ကျင့်ဖြည့်တော်မူလေပြီ။ တံ၊ ထိုဒုက္ကရမှု ပြုကျင့်စရာ ရတနာလိုဏ်ဂူကြီးကို။ အဟံ၊ အကျွန်ုပ်သည်။ နမေ၊ ရိုသေမြတ်နိုး ရှိခိုး ပူဇော်ပါ၏ အရှင်ဘုရား။ ။

ဘုရား စင်စစ် - မဖြစ် တမူ၊
မသွားဘဲနှင့် - အားခဲမည်ဟူ၊
သက်ကို စွန့်လို့ - မရွှန့်ကြည်ဖြူ၊
ခြောက်နှစ်လုံး - ကျင့်သုံးပါတဲ့ သူ။

### ပျံလွန်တော်မူခြင်း

ယင်းသို့ဖြင့် သာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ပြုလုပ်ဆောင်ရွက်တော်မူခဲ့သောဆရာတော် အရှင်ပညာစက္ကသည် ၁၂၉၈ – ခုနှစ် တပေါင်းလတွင် ဇတင်

စွဲကပ်လာသော လည်ပင်းရောဂါကြောင့် မန္တလေးမြို့ ကင်းဝန်မင်းကြီးတိုက် သီရိဝေပုလ္လတိုက်ကျောင်းတွင် ခေတ္တ ပြောင်းရွှေ့ သီတင်းသုံးတော်မူပြီး ဆေးပညာရှင် အမျိုးမျိုးတို့ဖြင့် ကုသရာ ပျောက်ကင်းခြင်း မရှိပဲ သက်တော် ၅၃ – နှစ် ဝါတော် ၃၃ - ဝါ ရရှိရာ ၁၂၉၉ –ခုနှစ် တော်သလင်းလဆုတ် ၉ – ရက်နေ့တွင် မျက်နှာရှုံ့မဲ့ ဖောက်ပြန်ခြင်း စသည် အလျဉ်းမရှိမူ၍ အသံမူဋ္ဌ ကာလံကရဏဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ပညာစက္ကော မဟာထေရော၊ ပညာယ စက္ကဇောတကော။
စက္ကံ သော ဇောတယိတွာန၊ ယာတော ဒေဝသဟဗျတံ။

—

## တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
## ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် 'ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဋံသကာ' ဘွဲ့ကိုလည်း ဦးစွာလက်မွန် ပန်ဆင်ဆွတ်ခူးခဲ့သည့် ပုဂ္ဂိုလ်ထူး ဖြစ်တော်မူ၏၊ 'ပဌမကျော်' ဘွဲ့ 'သာသနဓဇ သိရိပဝရ ဓမ္မာစရိယ' ဘွဲ့တို့ကိုလည်း ရယူတော်မူခဲ့၏၊ 'တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက' ဘွဲ့တံဆိပ်တော်ကိုလည်း အစဦးစွာ အလှူခံ ရယူတော်မူခဲ့သော ပုဂ္ဂိုလ်ထူး ဖြစ်တော်မူ၏။

သာမန်ပုဂ္ဂိုလ်တို့ ကြုံတွေ့ရန်ပင် မရဲသည့် ခဲခက်လှသော သာသနာ့ကိစ္စအဝဝကိုလည်း အားသွန်ခွန်စိုက် ကြိုးပမ်းတော်မူခဲ့လေသည်၊ ဆရာတော်သည် စစ်ကိုင်းတောင်ရိုးနှင့် စပ်လျက်ရှိသော မင်းကွန်းတောင်ရိုး၌ သီတင်းသုံးတော်မူ၍ သာသနာ့တာဝန်များကို ထူးချွန် ပြောင်မြောက်စွာ ဆောင်ရွက်တော်မူသဖြင့် ဤစစ်ကိုင်း သာသနာဝင်ကျမ်း၌ မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

### ဇာတိဌာနေ မွေးရပ်မြေ

'ဝဋံသကာ' အစဖြာသည့် ဘွဲ့တံဆိပ်တော်တို့၏ ပိုင်ရှင် ဆရာတော်ဧလောင်းလျာ၏ ဇာတိဌာနေ မွေးရပ်မြေမှာ မြင်းခြံခရိုင် ကျည်းပင်ရွာ ဖြစ်လေသည်၊ ယင်း ကျည်းပင်ရွာ၌ သူကြီး ဦးဆို့, သူကြီးကတော် ဒေါ်ဆင်တို့မှ သက္ကရာဇ် ၁၂၇၃ –ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ - ရက် ဗုဒ္ဓဟူးနေ့ နေ့စက်နာရီ ၃ - နာရီကျော်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ သား သမီး ၃ - ယောက် အနက် သားအလတ် ဖြစ်လေသည်။



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

အဂ္ဂမဟာပဏ္ဍိတ

အရှင်ဝိစိတ္တသာရာဘိဝံသ မဟာထေရ်

## မောင်ခင်ဟု နာမည် မှည့်ခဲ့ကြ

ငယ်စဉ် အခါက မိဘ ဆွေမျိုး အဘိုး အဘွားတို့နှင့် တကွ ရပ်ရွာ လူထု၏ အထူးသဖြင့် ခင်မင် ယုယခြင်းကို ခံရသဖြင့် မောင်ခင်ဟု မိဘတို့က မှည့်ခေါ် ခဲ့ကြကုန်၏။

မောင်ခင်တိ နာမဓေယျမ္ပိ၊ ကိတ္တေသုံ ပိတရော စ တေ။
ပင္စိစ္စ ဂါမိကာနမ္ပိ၊ ဉာတကာနံ ပိယာယနံ။

## ငယ်စဉ်က အလေ့အထ

ဝဋ္ဋံသကာ တိပိဋကဓရ ဆဋ္ဌသံဂီတိဝိသဇ္ဇက လောင်းလျာ သူငယ်ကား ငယ်စဉ်ကပင် သိမ်မွေ့ နူးညံ့သော စိတ်နှလုံး ရှိလေသည်၊ အခြား သူငယ်များ ကြမ်းကြမ်းတမ်းတမ်း ကစားမျိုး ဖြစ်သည့် ကြေးသားရိုက်, ထုပ်တိုး, တူတ် ထိုး, ခြေကန်, မုံပစ် အစရှိသည့် ကစားဝိုင်းများကို ဝေးစွာပင် ရှောင်ကြဉ် ခဲ့လေသည်၊ သန့်သန့်ရှင်းရှင်းနှင့် ရန်ကင်းစွာ နေထိုင်တတ်သဖြင့် ( ၎င်း၏ ဖခင်က ) ဇာတာထည်း၌ မောင်ရန်ရှင်းဟု ရေးမှတ်ခဲ့သည်၊ သူငယ်သည် မိဘတို့ ခွင့်ပြုသည်ကို လုပ်လေ့ ရှိသည်၊ မိဘတို့ ခွင့်ပြုသော အစားအစာ များကိုသာ စားလေ့ရှိလေသည်။

## ကျောင်းအပ် ပညာသင်

၆ - နှစ်သား အရွယ်တွင် မိဘတို့က ဝဋ္ဋံသကာ တိပိဋကဓရ လောင်းလျာ သတို့သားကို ကျည်းပင်ရွာကျောင်း ဆရာတော် ဦးသာသနထံ ပညာ သင် ကြားရန် အပ်နှံကြသည်၊ ဆရာတော် ဦးသာသနထံတွင် ကျောင်းသားဝတ် ဖြင့် သင်ပုန်းကြီး, မင်္ဂလသုတ်, နမက္ကာရ စသည်တို့မှ စ၍ ပရိတ်ကြီး ရောက် သည် အထိ ၂ - နှစ်ကြာမျှဖြင့် သင်ယူ ပေါက်ရောက်ခဲ့လေသည်။

## ဖခင် ကွယ်လွန်ခြင်း

ဖခင်ကြီး ဦးဆုံမှာ ဝဋ္ဋံသကာ တိပိဋကဓရ လောင်းလျာ လူလားမမြောက် မီ သက်တော် ၄ - နှစ်သား အရွယ်တွင် ကွယ်လွန်ခဲ့လေသည်၊ ဆရာတော် လောင်းလျာ ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝဋ္ဋံသကာ ဖြစ်ချိန် - ပဌမ ကျော် ဘွဲ့ထူး ဆွတ်ခူးချိန် - သာသနဓဇ သိရီပဝရ ဓမ္မာစရိယာ ဖြစ်ချိန် - တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဖြစ်ချိန် - ဆဋ္ဌသံဂီတိဝိသဇ္ဇက ဖြစ်ချိန် - စသည် တို့ကို သိရှိမှီလိုက်ပါမူကား အတိုင်းမသိ ပီတိဆွတ်ဖျန်း ဝမ်းမြောက်မည် သာတည်း။

ထေရကုံရေ အဝဓေ့ပိ၊ ဇနကော နိဝနံ ဂတော။
ဝုဒ္ဓိဘာဝံ သပဿေယျ၊ လဘေယျ နပ္ပကံ မုဒံ။

ဖခင် ကွယ်လွန်သော အခါ ဆရာတော်လောင်းလျာ၏ မိခင် ဒေါ်ဆင်မှာ မိမိ၏ မိဘအိမ်သို့ ပြောင်းရွှေ့ နေထိုင်ခဲ့လေသည်၊ ထိုအခါ ဆရာတော်လောင်းလျာသည် အဘိုး ဦးချယ် အဘွား ဒေါ်အံ့တို့နှင့် အနေ အထိုင်များလေသည်၊ အဘိုး ဦးချယ်က ဆရာတော်လောင်းလျာ သူငယ်အား များစွာ စောင့်ရှောက်ခဲ့လေသည်။

## ပဌမ အကြိမ် ရှင်ပြု

ကျောင်းသို့ ရောက်ရာ ၆ - နှစ်သား အရွယ်ကပင် အဘိုး ဦးချယ် အဘွား ဒေါ်အံ့တို့က ပဌမအကြိမ် ရှင်ပြုပွဲသဘင် ဆင်ယင်ကြကာ သာသနာ့ဘောင်သို့ ပဗ္ဗဇ္ဇာပေက္ခ အဖြစ်ဖြင့် သာသနာ့တွင်းသို့ သွတ်သွင်းကြသည်၊ သို့ရာတွင် အသက်အရွယ် နုနယ်ငယ်လျသေး၍ သင်္ကန်း မဆည်းရသေးချေ၊ ၈ - နှစ်သား အရွယ်တွင် မြင်းခြံမြို့ မင်းကျောင်းတိုက် စာချဆရာတော် ဦးသောဘိတထံ ပြောင်းရွှေ့ အပ်နှံကြသည်၊ ဦးသောဘိတထံတွင် ပရိတ်ကြီးက စ၍ သင်ကြားရလေသည်။

## ဆရာတော် အရှင်ဝိစိတ္တ ကလေးဘဝက စာအံနည်း

ဆရာ့ထံ၌ တနေ့စာ ကျက်ရမည့် စာကို သုံးခေါက် ဖတ်ပြီး စာအံသော အခါ မိမိ၏ ဉာဏ်နိုင်လောက်ရုံကို ပိုင်း၍ ပိုင်း၍ စာအံသည်၊ တပိုင်း တပိုင်း ရမှသာ နောက် တပိုင်းသို့ ပြောင်းရွှေ့ တိုးတက်၍ ကျက်မှတ်လေသည်၊ အပျင်း နှင့် အဖျင်း အချင်းချင်း အညမည ပစ္စည်းတပ်သည်ကို သူငယ်က ရိပ်မိလေသည်။

စာကျက်ရန် ပျင်းရိသည်ဟု မရှိခဲ့၊ တနေ့တွက်တာ ကျက်ရမည့် စာကို မရလျှင် နေရာမှ မထတော်၊ ရမှသာ နေရာမှ ထတတ်သည်၊ စာအံတိတ်သော အခါ ကလေးတို့ ဘာသာဘာဝ ကစားခြင်းဖြင့် အချိန်ကို အလဟဿ ဖြုန်း မပစ်ပဲ စာတို စာစကို ဖတ်နေလေသည်၊ ထိုကြောင့်ပင် သတင်းစာ မဂ္ဂဇင်း စသည့် စာပေတို့၏ အရသာကို ဆယ်နှစ်သား အရွယ် အတွင်းကပင် ရိပ်စားမိခဲ့လေသည်။

## ဒုတိယ အကြိမ် ရှင်ပြု - သာမဏေဝတ်

၁၀ - နှစ်သား အရွယ်တွင် မိခင်ကြီး ဒေါ်ဆင်က ရှင်ဒါယကာ ခံ၍ ရင်သွေးဟူက ချစ်မဝသည့် သားလှရွှေစင် မောင်ခင်ကို သာသနာဘောင်သို့ ဒုတိယ အကြိမ် သွတ်သွင်းခဲ့လေသည်၊ ဆရာတော် ဦးသောဘိတထံတွင် ရှင်သာမဏေ ဝတ်စေခဲ့လေသည်။

## ရှင်ဝိစိတ္တ ဘွဲ့နာမ

ဥပဇ္ဈာယ် ဆရာတော် ဦးသောဘိတသည် ဤသာမဏေကား သာမန် အညံ့စား သာမဏေ မဟုတ်ပေ၊ သင်ယူသမျှ စာပေသည်လည်း သိင်္ဂီရွှေခွက်၌ တည်သော ခြင်္သေ့ဆီကဲ့သို့ မပျောက်မပျက် တည်ရှိ မှတ်မိ၏၊ အတွေးအခေါ် ယူဆပုံ သိရှိပုံကလည်း ဆန်းကြယ်လှချေ၏ ဟု သဘောပိုက်ကာ ဆရာတော် လောင်းလျာ၏ ဉာဏ်ရည် ဉာဏ်သွား အလိုက် ရှင်ဝိစိတ္တ ဟု မှည့်ခေါ်တော်မူလေသည်။

တဿ ဉာဏပဝတ္တိပိ၊ အတိဝ ဝိစိတ္တာ ဘဝိ။
တေန ဟိ သော ဝိစိတ္တောတိ၊ အန္ဝတ္ထနာမ မဂ္ဂဟိ။

## သာမဏေသီလ လုံခြုံစွာ စောင့်ထိန်းခြင်း

'ဒသသီ ဆယ်ပါး၊ ဘုရား မုခပါဌ်၊ ရှင့်ကျင့်ဝတ်ကို၊ စောင့်ကြပ် မြဲထွေ၊ ညီလှစေ' ဟူသည်နှင့် အညီ ရှေးရှေးဘဝက ဆည်းပူးခဲ့သော ကောင်းမှုထူး ကြောင့် ရရှိခဲ့သော စကြာမင်း ဘဝစည်းစိမ်ထက် အဆ ရာထောင်မက သာ လွန် မွန်မြတ်လှသော သာမဏေဘဝကို လွန်စွာ မြတ်နိုးလျက် သာမဏေရ သိက္ခာ သီလ ယင်း ဆယ်ဝကို ကျနသေချာစွာ စောင့်ထိန်းခဲ့လေသည်။

## ၁၃ - နှစ်သား သဒ္ဒါကြီး ရှစ်စောင်ပြန်

'ညံ့ဖြည်း မွေ့မွေ့၊ တရွေ့ရွေ့လျှင်၊ တနေ့ တထူး၊ ကျေးဇူး ချွံထွင်၊ သင်သင် အံအံ၊ ကြံကြံ ကြည့်ကြည့်၊ ပညာ ဖြည့်သော်၊ ရေပြည့် အိုးနှယ်၊ လောကင ကြွယ်၏' ဟူသည် အတိုင်း ရက်ပျက်မရှိမှု၍ ဆရာတော် ဦးသောဘိတ ထံတွင် ကစ္စည်းသဒ္ဒါကြီး ရှစ်စောင်လုံးကို သင်ယူလေ့လာ အာဂုံ ကျက်မှတ်ပြီး ထိုစဉ်က ခေတ်စားခဲ့သော မြင်းခြံမြို့ နယ်လုံးဆိုင်ရာ စာပြန်ပွဲတွင် ဝင်ရောက် ပြန်ဆိုရာ အထောက်အမ လွတ်ကင်းစွာ ပြန်ဆို နိုင်သဖြင့် စာထောက် စာမ နာယကဆရာတော်တို့နှင့် တကွ ရဟန်း ရှင် လူ များစွာတို့၏ ချီးကျူးခြင်း ကို ခံယူရလေသည်။

တေရသဝဿ ကာလမှိ၊ သဒ္ဒံ ကစ္စာယနံ သုဓီ။
မုခါရုဠှံ ကရိတွာန၊ ဇနာနံ ဝိမှယံ အကာ။

## ၁၄ - နှစ်သား သင်္ဂြိုဟ် ၉ - ပိုင်း ပြန်ဆို

တဖန် သက်တော် ၁၄ - နှစ်သား အရွယ်တွင်လည်း သဒ္ဒါကြီး ရှစ်စောင် ပြန်ဆိုသဖြင့် ဖြစ်ပေါ်လာသော ချီးကျူးသြဘာ ထောမနာသံများ မစဲ သေးမီ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း ၉ - ပိုင်းလုံးကို ဆက်လက် ပြန်ဆိုပြန်ရာ

အထောက်အမ လှတ်ကင်းစွာပင် ပြန်ဆိုနိုင်သဖြင့် တဖန် နာယကဆရာတော် များ နှင့် ရဟန်း ရှင် လူတို့၏ ချီးကျူးမှုကိုလည်း ခံယူရလေသည်၊ ဆိုင်ရာ ဒကာ ဒကာမတို့၏ ပစ္စယာပူဇာတို့ကိုလည်း များစွာ ခံယူရလေသည်။

စုဒ္ဒသဝဿကာလေပိ၊ သင်္ဂဟံ ဂမ္ဘီရံ သုဘံ။
သဗ္ဗံ ဝါစုဂ္ဂတံ ကတွာ၊ ပုနာပိ ဝိမှယံ အကာ။

## မှတ်မိသမျှ ပိဋက ကြည့်ရှု -ကဗျာဉာဏ် ပွင့်စပြု

ဆရာတော် ဦးသောဘိတသည် ရှင်ဝိစိတ္တအား ၁၄ - နှစ် အရွယ် ငယ်စဉ်က ပင် သင်ရိုး ပိဋကတ် ပါဠိ, အဋ္ဌကထာတို့ကို ချပို့ သင်ပေး ချီးမြှောက်တော် မူသည်၊ ရှင်ဝိစိတ္တ၏ ဦးလေး ဖြစ်သူ ဦးဖြူလွန်က သင်ရိုးဋီကာ အစုံ လှူဒါန်း ပူဇော်လေသည်၊ ရှင်ဝိစိတ္တသည် ဆရာတော် ဦးသောဘိတ ချီးမြှောက်အပ် သည့် ပါဠိ, အဋ္ဌကထာနှင့် ဦးဖြူလွင် လှူဒါန်းသော ဋီကာတို့ကို နာ လည်သမျှ သက်တော် ၁၄ - နှစ်သားကပင် ကြည့်ရှု လေ့လာခဲ့လေသည်။

ရှင်ဝိစိတ္တသည် ဆရာတော် ဦးသောဘိတ၏ အရပ်ရပ် စာပေးစာယူ ကိစ္စ များကိုလည်း ဆောင်ရွက်ရလေသည်၊ စာပေ ဝါသနာပါသူ ဖြစ်သဖြင့် ယင်း သို့ စာပေးစာယူ စာရေးရသည်ကို များစွာ ကျေနပ်ခဲ့လေသည်၊ နဘေစပ် ကာရံတို့ဖြင့် စာရေးမှုကိုလည်း ဝါသနာပါသည်၊ သို့ဖြစ်၍ ဆရာတော် ဦးသောဘိတက ‘ စာပေ ရေးသားတတ်အောင် လေ့လာရမည် ’ ဟု မိန့်တော် မူပြီး ရှင်ဝိစိတ္တအား ပေါရာဏဒီပနီကျမ်း နှစ်အုပ်ကို ပေးအပ်တော်မူလေ သည်၊ ၎င်းစာအုပ် နှစ်အုပ်တို့သည် ရှင်ဝိစိတ္တအား လက်ဦးအစ ကဗျာဉာဏ် ဖွင့်ပေးသော စာအုပ်တို့ ဖြစ်ကုန်၏။

## ၁၅ - နှစ် ၁၆ - နှစ် အစိုးရ စာမေးပွဲ ငယ်, လတ် အောင်

‘ ပဌမ အရွယ်၊ ငယ်သော်ကတည့်၊ သိပ္ပခေါင်အား၊ တတ်မြောက်မြားမူ၊ တောသား ရန်အောင်၊ ခြင်္သေ့ယောင်သို့၊ မရှောင် မညှာ၊ တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့် ’ [၁] ဟူသည်နှင့် အညီ ဆရာတော် ဦးသောဘိတ၏ ချီးမြှောက် ပို့ချမှုဖြင့် ငယ်စဉ်ကပင် စာသင်သား အငယ် အလတ် အဆင့် ရာနှုန်းပြည့် အရည်အချင်းကို ရရှိခဲ့လေသည်၊ သက်တော် ၁၅ - နှစ်သားတွင် အစိုးရ ပဌမငယ်တန်းကို ဝင်ရောက် ဖြေဆိုရာ နှစ်ချင်းစွဲ အောင်မြင်ခဲ့လေသည်၊ ၁၆ - နှစ်သား အရွယ်တွင် ပဌမလတ်တန်းကို ဝင်ရောက် ဖြေဆိုပြန်ရာတွင် လည်း လွယ်ကူစွာပင် အောင်မြင်ခဲ့လေသည်။

---

၁။ စတုဓမ္မသာရ ကိုးခန်းပျို – ၂၇ - ပိုဒ်။

## ပါဠိဉာဏ် ရင့်သန်ဘို့ ပါဠိစာ များစွာကြည့်

အရှင်ဝိစိတ္တ ပဌမငယ်တန်း အောင်ပြီး စက အဘွားတော်စပ်သူ ဒေါ်တုတ်က အနု, မဓု, ယောဇနာ ဂဏ္ဌိဒ္ဓရ ကျမ်းစာများ လှူဒါန်းထားလေသည်၊ ဆရာတော် ဦးသောဘိတကလည်း ဇိနာလင်္ကာရဋီကာ, ဇာတတ္ထကီ, သောတတ္ထကီ ကျမ်းစာများကို ရန်ကုန်မြို့ သုဓမ္မဝတီစာအုပ်တိုက်မှ မှာယူ၍ ရှင်ဝိစိတ္တအား ချီးမြှောက်၏၊ ရှင်ဝိစိတ္တသည် စာမေးပွဲ ကျမ်းစာများကိုသာ မကပဲ ပါဠိ, အဋ္ဌကထာ, ဋီကာ, အနု, မဓု, ယောဇနာ, ဂဏ္ဌိဒ္ဓရ, ဇိနာလင်္ကာရဋီကာ, ဇာတတ္ထကီ, သောတတ္ထကီ တို့ကို သင့်သလို ကြည့်ရှု လေ့လာသဖြင့် သာမဏေဘဝကပင် ပါဠိစာပေ တည်းဟူသော တောနက်ဂနိုင် မဟာမြိုင်သို့ ချဉ်းနင်းနိုင်ခဲ့လေသည်။

အနေကေ ပါဠိဂန္ထေပိ၊ ဝိစိတ္တော စိတြဉာဏကော။
သြလောကေတွာန ဧတေသု၊ ဆေကော ဝိသာရဒေါ အဟု။

## ဆရာတော် ဦးသောဘိတအား ပြုစု လုပ်ကျွေး

ရှင်ဝိစိတ္တ သက်တော် ၁၇-နှစ်မှ ၁၈-နှစ်တိုင် ၂-နှစ်ကျော် ကာလ အတွင်း၌ ကျေးဇူးရှင် ဥပဇ္ဈာယ်ဆရာတော် ဦးသောဘိတ မမာမကျန်း ရှိခဲ့လေသည်၊ ရှင်ဝိစိတ္တသည် —

သစေ ဥပဇ္ဈာယော ဂိလာနော ဟောတိ၊ ယာဝဇီဝံ ဥပဋ္ဌာတဗ္ဗော။ [၁]

'ဥပဇ္ဈာယ် ဆရာတော် မနာမကျန်း ရှိပါမူ သက်ဆုံးတိုင် ပြုစု လုပ်ကျွေးရမည်' ဟူသော ဘုရား နှုတ်မြွက် ဓမ္မစကားကို ဦးထိပ်ရွက် ပန်ဆင်ကာ ဆရာတော် ဦးသောဘိတ ပျံလွန်တော်မူသည့် အထိ တယုတယ ပြုစု လုပ်ကျွေးခဲ့လေသည်။

ဂိလာနေ ဥပဇ္ဈာယမှိ၊ ဝတ္တဝတ္တော သု ကောဝိဒေါ။
ဥပဋ္ဌာကော ဟုတွာန၊ ယာဝဇီဝံ ဥပဋ္ဌဟိ။

ပျံလွန်တော်မူသော အခါ၌လည်း ဝေယျာဝစ္စကို ပြုစုတော်မူ၍ ဥပဇ္ဈာယ်ဆရာ၏ ကျေးဇူးတော် အနန္တကို ပေးဆပ်တော်မူလေသည်။

## မင်းကွန်း ဓမ္မနာဒတိုက်သို့

ဆရာတော် ဦးသောဘိတ လွန်တော်မူ၍ ဈာပနပွဲ ပြီးဆုံးပြီးနောက် 'နို့စို့နွားငယ် - မိခင် ကွယ်သကဲ့သို့' အားထားရာ ဥပဇ္ဈာယ်ဆရာမှ ကင်းမဲ့ခဲ့သော -

---

၁။ စူဠဝဂ္ဂပါဠိ၊ ဝတ္တက္ခန္ဓက – ၃၉၇၊ ၃၉၈။

အားထား မှီခိုရာ ဥပဇ္ဈာယ်ဆရာ တည်းဟူသော ရွှေတောင်ကြီး ပြို့ခဲ့သော ရှင်ဝိစိတ္တသာရအား ဦးသောဘိတ၏ တပည့်ကြီးများ အစည်းအဝေးက မင်းကွန်း ဓမ္မနာဒတိုက်သို့ ပို့အပ်ရန် ဘုန်းကြီး ဦးဣန္ဒာလောကအား တာဝန် ပေးခဲ့လေသည်။

ဦးဣန္ဒာလောကသည် အစည်းအဝေးမှ တာဝန်ပေးအပ်ချက် အတိုင်း သက်တော် ၁၉ -နှစ် အရွယ်ရှိ ရှင်ဝိစိတ္တကို မင်းကွန်း ဓမ္မနာဒ ကျောင်း တိုက်သို့ သက္ကရာဇ် ၁၂၉၁ -ခုနှစ် နှောင်းတန်းခူးလဆန်း ၁၃ -ရက်နေ့တွင် ရောက်ရှိလေသည်။

နဒိတုံ ဓမ္မနာဒံပိ၊ ဓမ္မနာဒေသု ကောဝိဒေါ။
ဓမ္မနာဒံ သုသမ္ပတ္တော၊ ဓမ္မနာဒေန စောဒိတော။

## မင်းကွန်း၌ ပျော်မွေ့လာခဲ့

ည ၉ -နာရီခွဲခန့် အချိန်တွင် ဓမ္မနာဒကျောင်းတိုက် အနီးသို့ ရောက်သွား သော အခါ ကျောင်းတိုက် အတွင်း ဆိတ်ငြိမ်သော တောကြီးထဲမှာ ၁၅- နှစ် အရွယ် သာမဏေငယ်ကလေး ရှင်ဝဏ္ဏိတ၏—

နဒီ, နဒိယော, နဇ္ဇော

အစရှိသည်ဖြင့် သန့်ရှင်းပြတ်သားစွာ ရူပသိဒ္ဓိဂိုဏ်းကို ရွက်ဆို သရဇ္ဈာယ် နေသော ဓမ္မကျူးရင့်သံများကား ရောက်သစ်စ ရှင်ဝိစိတ္တသာရ၏ စိတ်နှလုံးကို တိုး၍ တိုး၍ မွေ့လျော် ပျော်ပိုက်စေတော့သည်။

ကျောင်းတိုက် အတွင်းသို့ ရောက်သော အခါ လေးလေးမြတ်မြတ် ဘုရား ဝတ်ပြုနေတော်မူသော ဓမ္မနာဒဆရာတော် အရှင်ပညာစက္က မထေရ်ကို ဖူးတွေ့ ရလျှင်ပင် ရှင်ဝိစိတ္တသာရ၏ စိတ်၌ ကြည်ညိုစိတ်, အားကိုးစိတ်တို့ ဆတက် ထမ်းပိုး တိုးတက်လာပြီးလျှင် 'ငါကား ပညာရှိ သူတော်ကောင်း ဆရာ ကောင်း ခြေရင်းသို့ ဆည်းကပ်မိလေပြီ' ဟု အားတက်၍ မင်းကွန်းတောင်ရိုး၌ ပျော်မွေ့လာလေတော့သည်။

## သာသနမိခင်

ရှင်ဝိစိတ္တ ရောက်၍ နောက်နေ့ မနက် မိုးသောက်တွင် 'သစ္စဝါဒီဒိဋ္ဌိကာ' ကျမ်းပြု မင်းကွန်း ဂူကလေးချောင် ဆရာကြီး ဒေါ်ဓမ္မစာရီ ကျောင်းသို့ ရောက်ရှိလာပြီး ရှင်ဝိစိတ္တသာရနှင့် စကားပြောဆို၍ ကိုရင်၏ အကဲကို ခတ် ကြည့်သည်၊ ယင်းသို့ အကဲခတ် ကြည့်ရာ နေပုံ, ထိုင်ပုံ, သွားပုံ, လာပုံ, စာပေ အရည်အသွေးတို့ကို ကျေနပ် အားရသဖြင့် ဒေါ်ဓမ္မစာရီက 'ကိုရင် -မင်းကွန်း မှာ ဘာမှ အားမငယ်နှင့်၊ အစစအရာရာ ဒါယိကာမကြီးတို့ကို အားကိုးနိုင်

နိုင်တယ်’စသည်ဖြင့် အားပေးစကား ပြောကြားပြီး ‘ ရှင်ဝိစိတ္တသာရကို မိမိတို့ကပင် ဆွမ်း ပြုစု စောင့်ရှောက်လိုကြောင်း’ ဆရာတော်အား လျှောက်ထား၍ ဆရာတော်၏ ခွင့်ပြုချက် အရ ရှင်ဝိစိတ္တကို ထိုအခါမှ စ၍ ပြုစု စောင့်ရှောက်ခဲ့သည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်လေသည်။

## မင်းကွန်း၌ ပညာ သင်ကြားခြင်း

ရှင်ဝိစိတ္တသာရသည် ၁၂၉၂-ခုနှစ် နှစ်ဆန်း ၁-ရက်နေ့မှ စ၍ နံနက် မောဂ္ဂလ္လာန်ဗျာကရုဏ်းကျမ်းကို ဆရာတော်ထံတွင် သင်ယူရသည်၊ ၁၂-နာရီမှ ၁-နာရီခွဲ အထိ အဘိဓာန် အလင်္ကာ ဆန်းတို့ကို ကျက်စေသည်၊ တနေ့လျှင် ၁၀-ဂါထာမျှသာ ကျက်စေသည်၊ ညနေပိုင်း အလင်္ကာစာကိုယ် နှင့် ဋီကာသစ် ကျမ်းကိုလည်း ဆရာတော်ထံမှာပင် ဆိုရသည်၊ ဘုရားဝတ်တက်ပြီးချိန်၌ အရှင်အဂ္ဂဝံသ မထေရ်ထံ ပဋ္ဌာန်း ည၀ါကို သင်ယူခဲ့သည်၊ ပဋ္ဌာန်း စာ၀ါ အပြီးတွင် ဘေဒစိန္တာ နှင့် ကစ္စာယနသာရ ကျမ်းတို့ကို ည၀ါ အဖြစ် ဆရာတော်ထံမှာပင် သင်ယူရသည်၊ ဥပုသ်နေ့များတွင် ဓမ္မပဒ ပါဠိတော် နိသျှ သင်္ဂဟမှ လာသော အကျဉ်းချုပ် ဝတ္ထုများကို ပါဠိစီကုံးရသည်၊ နာထ တရား ဆယ်ပါး ပါဠိ အနက်ကို ဆရာတော်၏ အမိန့်အရ အရကျက်ရသည်၊ စာစီစာကုံး မချို့တဲ့စေရန် မဃဒေဝ လင်္ကာကြီးကို အားလပ်ချိန်တွင် ကြည့်ရှုဘို့ အမိန့်ပေးထားသည်။

ဤသို့ဖြင့် ဓမ္မနာဒ ဆရာတော် အရှင်ပညာစက္ကသည် ရှင်ဝိစိတ္တသာရအား ဓမ္မာနုဂ္ဂဟဖြင့် များစွာ ချီးမြှောက်တော်မူခဲ့လေသည်။

ဇဝံ ထေရော ပညာစက္ကော၊ ပညာစက္ကေ ဝိသာရဒေါ။
အနုဂ္ဂဟေသိ ဝိစိတ္တံ တံ၊ ပညာယ ပဋ္ဋဘာ ဝယာ။

## တတ်သင့်ရာကို သာမဏေဝတ်နှင့် တတ်ကျွမ်းခဲ့

ရှင်ဝိစိတ္တသာရသည် ဓမ္မနာဒ ဆရာတော်၏ သွန်သင်ပြသ နည်းပေးမှုတို့ကြောင့် ရဟန်းမဖြစ်မီ စာသင်သားတို့ တတ်အပ် တတ်သင့် တတ်ထိုက်သော နေ့၀ါ ည၀ါများ၌ ကျွမ်းကျင် တတ်မြောက်လေပြီ၊ နှုတ်ငုံ ရခဲ့လေပြီ။

## ရဟန်းဘ၀ ဒုလ္လဘသို့

သက္ကရာဇ် ၁၂၉၂-ခုနှစ် နှောင်းတန်းခူး လဆန်း ၆-ရက်နေ့တွင် မင်းကွန်း ငွေတောင်တောရကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဒေါ်ဓမ္မာစာရီ အမှူးပြုသော သူဌေး ဦးသွင် နှင့် သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဓမ္မနာဒ ဆရာတော် အရှင်ပညာစက္က မထေရ်ကို ဥပဇ္ဈာယ် ပြု၍ ရဟန်းဘ၀ ဒုလ္လဘကို ရရှိတော်မူခဲ့လေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ ပညာစက္ကံ ဝိသာရဒံ။
ဒုလ္လဘံ အလတိ မိရော၊ ဝိစိဓတ္တာ စိတ္တသာသနေ။

## ဆက်လက် ပညာသင်

အရှင်ဝိစိတ္တသာရသည် ရဟန်းဖြစ်ပြီးနောက်တွင်လည်း ဥပဇ္ဈာယ် ဆရာတော် အရှင်ပညာစက္ကထံ၌ပင်လျှင် ဝိနည်း အဋ္ဌကထာကြီးများ နှင့် ဋီကာကြီးများ, အဘိဓမ္မာ အဋ္ဌကထာကြီးများ နှင့် မူလဋီကာ, အနုဋီကာတို့ကို ဆို၀ါဖြင့် သင်ယူခဲ့လေသည်၊ စံကျောင်းနိယံကိုလည်း အင်ပွာယ်နှင့် ည၀ါ အဖြစ် သင်ယူရသည်၊ ခရီးဝေးကွာ ကြွလေရာ၌လည်း ဝိနည်းအရာ ကံကြီး ကံငယ် ရွက်ဆောင်ပုံ စသော သာသနာမှုကိစ္စများကိုလည်း ကိုယ်တွေ့မျက်မြင် သင်ပြပေးတော်မူသည်။

ချောင်ဆရာကြီး ဒေါ်ဓမ္မစာရီ နှင့် ရဟန်းဒကာ, ရဟန်းအမများ ဖြစ်ကြသော သူဌေး ဆာဦးသွင် နှင့် သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့က အာမိသာနုဂ္ဂဟဖြင့် ချီးမြှောက်ကြကုန်၏၊ ထို့ကြောင့် ဆရာတော် အရှင်ပညာစက္က နှင့် ဒေါ်ဓမ္မစာရီ, သူဌေးဆာဦးသွင်, သူဌေးကတော် ဒေါ်ဒေါ်သိန်း တို့ကား အရှင် ဝိစိတ္တသာရ၏ သာသန ဥယျာဉ်မှူးများ ဖြစ်ကြကုန်သည်။

ယေ ရောပယိံသု ဥယျာနံ၊ ဝိစိတ္တံ စိတြမာလိကံ။
သိဉ္စိတွာ မိသဓမ္မမ္ဗုံ၊ တေပိ ဓညာ ဂုဏာကရာ။[၁]

## ပဌမကြီး အကြိမ်ကြိမ် အောင် - သကျသီဟ စာသင်တန်းအောင်

အရှင်ဝိစိတ္တသာရသည် ရဟန်းဖြစ်ပြီးစ ရဟန်း၀ါ မရမီ ၁၂၉၃ - ခုနှစ် အစိုးရ ပဌမကြီးတန်း စာမေးပွဲကို နှစ်ချင်းစွဲ အောင်မြင်တော်မူခဲ့လေသည်၊ ရဟန်း ၁ - ၀ါရ ၁၂၉၄ - ခုနှစ်တွင် အမျိုးသား ပဌမကြီးတန်းကို နှစ်ချင်းစွဲ အောင်မြင်တော်မူခဲ့လေသည်၊ ရဟန်း ၂ - ၀ါအရ ၁၂၉၅ - ခုနှစ်တွင် သကျသီဟ စာသင်တန်း နှင့် အစိုးရပဌမကြီးတန်းကို ခရေပွင့် အမှတ်ဖြင့် အောင်မြင်တော်မူခဲ့လေသည်။

## သကျသီဟစာချတန်း နှင့် ပဌမကျော်

ရဟန်းသိက္ခာ ၃ - ၀ါအရ ၁၂၉၆ - ခုနှစ်တွင် အစိုးရပဌမကျော်တန်းကို အောင်မြင်တော်မူခဲ့သည်သာမက သကျသီဟ စာချတန်းကိုလည်း နှစ်ချင်းစွဲ အောင်မြင်တော်မူခဲ့လေသည်။

---

၁။ အရှင် ဝိစိတ္တသာရာဘိဝံသ၏ အဋ္ဌုပ္ပတ္တိအကျဉ်းချုပ်—၁၅။

## ဝင္ရံသကာ (ဦးစိုက်ပန်း) အဋ္ဌကထာပြန် အကျော်

ပရိယတ္တိ သာသနဟိတ သက်ျသီဟစာမေးပွဲ စာချတန်း (အဋ္ဌကထာကြီး ၃ ကျမ်း) ကို အောက်စာသင်တန်းမှ နှစ်မခြားပဲ တနှစ်သည်းဖြင့် ကျမ်းအပြည့်အစုံ အောင်မြင်သူ ရှေးက မရှိစဘူး ထူးထူးချွန်ချွန် ဝံပရှိ, ထုံးမရှိ အစ္ဆရိယ တအံ့တသြ ပြောမကုန် ချီးမကုန် အောင်မြင်ပုံ စံချိန်သစ်သွင်လိုက်သဖြင့် 'ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ စာချတို့၏ ဦးစိုက်ပန်း=ဦးဆောက်ပန်း' ဟူသော အနက်ရှိသော ''ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝင္ရံသကာ'' ဟူသော ဘွဲ့ထူးကို ပရိယတ္တိသာသနဟိတ အသင်းကြီးက အဋ္ဌကထာပြန် အကျော်ဟူသော ဘွဲ့တံဆိပ်တော် နှင့် တကွ ဆက်ကပ်လေသည်။

ဝင္ရံသကာ ဥပါဒိ ပိ၊ ဝိစိတ္တော ပဌမံ လဘိ။
တဿ ဝိစိတ္တဘာဝေါ တု၊ အဗ္ဘုတော လောမဟံသနော။

## စာသင် ရပ်ခဲ့စေ

သက်ျသီဟ ဓမ္မာစရိယ ဝင္ရံသကာ, ပဌမကျော်ဘွဲ့တို့၏ ပိုင်ရှင် ဖြစ်လင့်ကစား 'စာသင် ရပ်ခဲ့စေ' ဟူသော ပညာရှိတို့၏ ဥပဒေသ အရ စာသင်ကိစ္စကို မရပ်စဲသေးပဲ ကျန်ရှိသော သင်ရိုး ပါဠိ အဋ္ဌကထာ ဋီကာများကို ကုန်အောင် ဆက်လက်၍ သင်ကြားရင်း ဆရာတော်၏ လက်ထောက် စာချ အဖြစ်ဖြင့် အောက်လက် စာသင်သားတို့အား အခြေပြု စာများကို ပို့ချပေးတော်မူခဲ့လေသည်။

## ဓမ္မနာဒ နာယက

ရဟန်းသိက္ခာ ၇ ဝါ အရွယ်တွင် ဓမ္မနာဒဆရာတော် ဒေဝနတ်ထံ စံလွန်တော်မူသဖြင့် ၁၂၉၉ ခုနှစ် နတ်တော်လဆုတ် ၁ ရက်နေ့ ဓမ္မနာဒ သာသနာပြု သံဃအစည်းအဝေးမှ ကျေးဇူးရှင် ညောင်ကန် ဆရာတော်ဘုရားကြီး အမှူးရှိသော သံဃာတော်များ၏ လွှဲအပ် ဝန်ကျွန်း အုံးပြုချက် အရ ဓမ္မနာဒတိုက်၏ နာယကဆရာတော် တာဝန်ကို ထမ်းဆောင်တော် မူရလေသည်။

## သီရိပဝရ ဓမ္မာစရိယ

၁၃၀၂ - ခုနှစ်တွင် အစဆုံး ကျင်းပသော အစိုးရစာချတန်း စာမေးပွဲကို ဝင်ရောက် ဖြေဆိုပြန်ရာ နှစ်ချင်းစွဲ ဂုဏ်ထူးဖြင့် အောင်မြင်တော် မူသဖြင့် 'သာသနဓဇ သီရိပဝရ ဓမ္မာစရိယ' ဘွဲ့တံဆိပ်ကို ရရှိတော်မူခဲ့လေသည်။

## ၀ိသိဋ္ဌ ၀ိနယဓရ, မဟာ၀ိနယ ကော၀ိဒ

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် ၁၃၁၁ - ခုနှစ် ကဆုန်လမှစ၍ ဝိနည်းပိဋကကို လေ့လာ ကျက်မှတ်ပြီး ၁၃၁၂ – ခုနှစ် ၃ - ကြိမ်မြောက် ကျင်းပအပ်သော တိပိဋကဓရ ရွေးချယ်ပွဲကြီး၌ ဝင်ရောက် ပြန်ဆိုရာ စာမျက်နှာ ၂၂၆၀ – ရှိ 'ဝိနယပိဋက ဝိနည်း ၅ -ကျမ်း' ကို သန့်သန့်ရှင်းရှင်း ပီပီသသ ပြတ်ပြတ်သားသား နာယကဆရာတော်များနှင့် တကွ စာထောက် စာမ စာနာ ပရိသတ်တို့၏ စိတ်နှလုံးကို ရွှင်ပြုံး နှစ်သိမ့်စေလျက် အထောက်အမ လွတ်ကင်းစွာ အာဂုံပြန်ဆိုတော် မူနိုင်ခြင်းကြောင့် လည်းကောင်း သဘောရေးဖြေပွဲ၌လည်း ကျမ်းတိုင်းမှာပင် အောင်မှတ် ရာခိုင်နှုန်း ၇၅ - မှတ်ထက် ကျော်လွန်၍ အောင်မြင်တော်မူခြင်းကြောင့် လည်းကောင်း ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့က လှူဒါန်းအပ်သော 'ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ' ဟူသော ဘွဲ့ပုံလက်မှတ်နှင့် တံဆိပ်တော် နိုင်ငံတော်အစိုးရတို့ လှူဒါန်းအပ်သော အရိုး၀ါ ကနက္ကဒဏ် ထီးဖြူတော် (၁) လက် အမှတ်တံဆိပ် ပါရှိသော သာသနအောင်လံတော်နှင့် မီးသဘော် မီးရထား အထက်တန်းမှ စီးနင်းခွင့်, နောက်ပါ တပည့်ကို ရိုးရိုးတန်းမှ စီးနင်းခွင့် လက်မှတ်တို့ကိုလည်း အလှူခံ ရရှိတော်မူခဲ့လေသည်။

## ဝိသိဋ္ဌ အာဘိဓမ္မိက မဟာအဘိဓမ္မ ကော၀ိဒ

တဖန် ၁၃၁၃ – ခုနှစ်တွင် ကျင်းပအပ်သော ၄ - ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးပွဲတွင်လည်း ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု ဟူသော အဘိဓမ္မာ အောက် ၅ -ကျမ်းကို ရွေးနည်းအတူ အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုခဲ့သည့်ပြင် သဘောရေးဖြေပွဲတွင်လည်း အောင်မှတ် ရာခိုင်နှုန်း ၉၄ - မှတ် ရရှိတော်မူခဲ့လေသည်၊ ၁၃၁၄ - ခုနှစ်တွင် ကျင်းပအပ်သော ၅ - ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးပွဲကြီးတွင် အဘိဓမ္မာပိဋက ဒုတိယပိုင်း ယမိုက်, ပဋ္ဌာန်း ၂ - ကျမ်း စာအုပ်ရေ ၈ - အုပ်ကိုလည်း ရွေးနည်းတူပင် အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုနိုင်ခြင်းကြောင့် ဂုဏ်ထူးနှင့်ပင် အောင်မြင်တော်မူခဲ့လေသည်၊ သဘောရေးဖြေပွဲတွင်လည်း နေ့စဉ် အောင်မှတ် ရာခိုင်နှုန်း ၈၉ - မှတ် ရရှိသဖြင့် ဂုဏ်ထူးဖြင့် အောင်မြင်တော်မူခဲ့လေသည်၊ ယင်းသို့ နယသာဂရ ဒေသနာတော် ဖြစ်သည့် စာမျက်နှာပေါင်း ၄၉၈၈ ရှိ အဘိဓမ္မာပိဋကကို အထောက်အမ လွတ်စွာ ပြန်ဆို အောင်မြင်ခြင်း, သဘောရေးဖြေပွဲ၌လည်း ရာခိုင်နှုန်း ၉၄ –, ၈၉ - မှတ် ရရှိကာ ဂုဏ်ထူးဖြင့်ပင် ဖြေဆို အောင်မြင်ခြင်းတို့ကြောင့် 'ဗုဒ္ဓသာသနဝိသိဋ္ဌ အာဘိဓမ္မိက မဟာအဘိဓမ္မ ကောဝိဒ' ဟူသော ဘွဲ့ပုံလက်မှတ် နှင့် တံဆိပ်

တော်, အရိုးဝါ ကနက္ကဒဏ် ထီး– ၂ လက် အမှတ်တံဆိပ် ပါရှိသည့် သာသနာ့အောင်လံတော်တို့ကို ခံယူ ရရှိတော်မူခဲ့လေသည်။

### ဝိသိဋ္ဌ ဒီဃဘာဏက မဟာဒီဃနိကာယ ကောဝိဒ

တဖန် ၁၃၁၅-ခုနှစ် နတ်တော်လဆန်း ၁၄-ရက်နေ့မှ စ၍ ကျင်းပအပ်သော ၆-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီးတွင် စာမျက်နှာ ၇၇၉-ရှိ 'သုတ္တန္တပိဋက - ဒီဃနိကာယ် ခေါ် သုတ်သုံးကျမ်း' ကိုလည်း အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုနိုင်ခြင်းကြောင့် ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူသည့်ပြင် သဘောရေးဖြေပွဲတွင်လည်း သီလက္ခန္ဓဝဂ်၌ ၉၃–မှတ်, မဟာဝဂ်၌ ၉၇ –မှတ်, ပါထိကဝဂ်၌ ၉၇ –မှတ် အောင်မှတ် ရရှိ၍ ဂုဏ်ထူးဖြင့်ပင် အောင်မြင်သည်အတွက် 'ဗုဒ္ဓသာသနဝိသိဋ္ဌ ဒီဃဘာဏက မဟာဒီဃနိကာယ ကောဝိဒ' ဟူသော ဘွဲ့ပုံလက်မှတ်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

### ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ
### ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ဖော်ပြခဲ့သည့် အတိုင်း ၁၃၁၂–ခုနှစ် ဝိနယပိဋက အာဂုံ သဘောရေးဖြေပွဲ နှစ်ရပ်လုံး၌ ဂုဏ်ထူး ၂ –ဆင့်ဖြင့် အောင်မြင်တော် မူခဲ့ခြင်းကြောင့် လည်းကောင်း ၁၃၁၃ –ခုနှစ်တွင် အဘိဓမ္မာပိဋက ပဌမပိုင်း အာဂုံ သဘော ရေးဖြေပွဲ– ၁၃၁၄ - ခုနှစ် အဘိဓမ္မာပိဋက ဒုတိယပိုင်း အာဂုံသဘော ရေးဖြေပွဲ ၂ - ရပ်လုံးတို့၌ ဂုဏ်ထူး ၂ –ဆင့်ဖြင့်ပင် အောင်မြင်တော်မူခဲ့ခြင်းကြောင့် လည်းကောင်း ၁၃၁၅ – ခုနှစ်တွင်လည်း သင်ရိုး သုတ္တန်ပိဋက ဒီဃနိကာယ် သုတ်သုံးကျမ်း အာဂုံ သဘော ရေးဖြေပွဲ နှစ်ရပ်လုံးတို့၌ ဂုဏ်ထူး ၂ –ဆင့်ဖြင့်ပင် အောင်မြင်ခြင်းကြောင့် လည်းကောင်း သင်ရိုး ပိဋကတ် ၃ –ပုံကို အာဂုံရော သဘောပါ ၂ –ပါးစုံ ပြန်ဆိုပွဲ ရေးဖြေပွဲ အာဇာနည်စိတ်ဓာတ်ဖြင့် ရဲရဲတောက် အံ့မကုန် ဂုဏ်ထူး ၂ - ဆင့်ဖြင့် အောင်မြင်ပုံ ပိဋကတ်သုံးပုံလုံး စုံပြီ ဖြစ်ရကား– နိုင်ငံတော်အစိုးရတို့ လှူဒါန်းသော 'ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋက ကောဝိဒ' ဟူသော အောင်လက်မှတ် ဘွဲ့ပုံတော် တံဆိပ်တော်, 'ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက' ဘွဲ့ပုံလက်မှတ် တံဆိပ်တော်တို့နှင့် တကွ ကုန်း, ရေ, လေ သုံးဌာနတို့၌ အခမဲ့ ပဌမတန်းမှ စီးနင်းခွင့် လက်မှတ်, အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော် ၃ -လက် အမှတ်တံဆိပ် ပါရှိသော သာသနအောင်လံတော် 'ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက 'ဟူသော အမှတ်တံဆိပ် ပါရှိသော ဆင်စွယ်ယပ်ဝန်းတော်တို့ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

ယောကျ်ား အာဇာနည် ပုဂ္ဂိုလ်မျိုးကား ဖြစ်ထွန်းပေါ်ပေါက်ခဲ့စွတည်း၊ ယင်းယောကျ်ားကောင်း အာဇာနည်ကား အားလုံးသော အမျိုး - အားလုံးသော အရပ်၌ ဖြစ်ထွန်းပေါ်ပေါက်သည် မဟုတ်၊ ပညာရှိ အာဇာနည် ယောကျ်ား ဖြစ်ထွန်း ပေါက်ဖွားရာ နယ်ပယ်, အမျိုးအဆွေသည် ချမ်းသာခြင်းသို့ ရောက်ရ၏။

ဒုလ္လဘော ပုရိသာဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတိ ဓီရော၊ တံ ကုလံ သုခ မေဓတိ။
(ဓမ္မပဒ – ၄၂၊ အာနန္ဒာထေရပဉှဝတ္ထု)

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ စာမေးပွဲ အောင်မြင်တော်မူစဉ်က ဆရာတော် ဦးစန္ဒဇောတိ (ဓမ္မာစရိယ - ကာဗျာ့ဝိဒူ)က ဆန်း, အလင်္ကာ ပြည့်စုံ ဂုဏ်မြောက်လှသော ၅ - ဂါထာ ပါ၌ အနက်ဖြင့် ချီးကျူး ဩဘာ ထောမနာ ပြုခဲ့လေသည်၊ ၎င်းဂါထာများကိုလည်း သုတေသီတို့ အတွက် ဤ၌ ဖော်ပြအပ်ပါသည်။

(၁) ထေရော ဝိစိတ္တသာရာဘိ – ဝံသော ဝိယာဂတာ ဂမာ။
တိပေဋကဓရော သဗ္ဗ – ဝိသိဋ္ဌောသိ ဇယုဿဝေ။

ဝိစိတ္တသာရာဘိဝံသော၊ မန္တလေး ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဆိုင်ရာ ဝဋံသကာ အရထူးသဖြင့် ပဌမဦး အောင်မြင် ထိပ်ခေါင်တင် ဓမ္မာစရိယ ဖြစ်ပေသော။ ဝိစိတ္တသာရာဘိဝံသောထေရော၊ သာသနဓဇ သာသနာ့အလင်းရောင် ဂုဏ်တူးဆောင် ဓမ္မာစရိယ, အစိုးရပဌမကျော်, မင်းကွန်း ဓမ္မနာဒ ဆရာတော်ကလေး ဦးဝိစိတ္တသာရာဘိဝံသ အရှင်မြတ်သည်။ အာဂတာဂမာ၊ သာသနာ့နေရောင် ထိန်လင်းအောင် သတိချပ်မည်ဟု ပိဋကတ်နိကာယ် နာပျော်ဖွယ် အလွတ်ပြန်လျက် ရွတ်အံကျေမွ နှုတ်တက်ရ ကြပေကုန်သော။ အာဂတာဂမာ (နိကာယဘာဏကာ) ဝိယ၊ သာသနာ နှောင်ရေး အသက်ပေးထူထောင် ရှေးနိကာယ်ဆောင် မထေရ်တို့ကဲ့သို့။ ဇယုဿဝေ၊ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ကြီးနှင့် တကွ အစိုးရမကျန် ချီးကျူးသံ စာကုံးလောက်အောင် တသာသနာလုံး အတည်ပြုကြသည့် ဤယခုယင်နှံ့ တိပိဋကဓရ စာတော်ပွဲကြီး၌။ တိပေဋကဓရော၊ ပိဋကတ်သုံးပုံ ကျမ်းအာဂုံ လာသမျှကို တပါဒမကျန် ရွတ်အံကျေမွ နှုတ်တက်ရ အာဂုံဆောင်နိုင်သည် ဖြစ်ပါ၍။ သဗ္ဗဝိသိဋ္ဌော၊ အောင်ပန်းဆွတ်ခူး ပုဂ္ဂိုလ်ထူး ဟူသမျှတို့ထက် လွှမ်းတက်ကဲသာ မဟာဝိသိဋ္ဌ ကောဝိဒဂုဏ်ထူးနှင့် တကွ မကြုံစဘူး ပဌမဦး လမ်းဖောက် ထက်တန်းရောက် ထူးချွန်တော်မူပေသော။ တိပေဋကဓရော၊ တိပိဋကပါရဂူ နေတဆူ စာကုံးလောက်သည့် တသာသနာလုံးစံပြ တိပိဋကဓရ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည်။ အာသိ၊ ဆဋ္ဌသံဂါယနာ သာသနာ့ရွှေပြေး

အသက်ပေးပူဇော် နိုင်ငံတော်တခေတ်ထူးလောက်အောင် (သြော်) မဖြစ်စဘူး ဖြစ်ပေါ်ခဲ့လေပြီတကား .... ။

**ဝိသိဋ္ဌဝိနယဓရ မဟာဝိနယ ကောဝိဒ**
**အရှင်ဝိစိတ္တသာရာဘိဝံသ**

(၂) ဗျာချာတဝိနယော ကောသိ၊ ယေသောပါလိနု နေဒိသော။
သော ဟိ ဝိစိတ္တသာရာဘိ – ဝံသော ဝိနယကောဝိဒေါ။

ဗျာချာတဝိနယော၊ ဝိနည်းဓမ္မက္ခန္ဓာ သာသနာမပြုပ်ကွယ်အောင် နှုတ်ဝယ်ကျေမွ အာဂုံရဝိနည်း ရှိပေသော။ ဝါ – ဝိနည်းပိဋကတ် ကျမ်းငါးရပ်လာသမျှတို့ကို တပါဒပုဒ် မကျန်အောင် နှုတ်သံရဲရဲ ဖြန်းဖြန်းကွဲ ပြန်ဆိုနိုင်ပေသော။ သေ – ယေသော၊ သာသနာ့အာဇာနည် မြန်မာပြည်အရထူးသည့် ပဌမဦးစံပြ ဤဝိနယဓရပုဂ္ဂိုလ် အရှင်မြတ်သည်။ ကောအသိ နု၊ ဘယ်သို့ခေါ်ဆို ဘယ်လို ထေရ်ရှင် ဘယ်ပုဂ္ဂိုလ်သည်ပင်လျှင် ဖြစ်လေသနည်း။ ဥပါလိ အသိနု၊ ဝိနည်းအရာ မဟာတေဒဂ်ရ ပဌမသံဂါယနာပွဲဝင် အရှင်ဥပါလိမထေရ်သည်ပင် ဖြစ်လေတော့သလား။ ဤဒိသော၊ ဤလို ထူးချွန်ဂုဏ်လွန်ကဲမောက် ရဲရဲတောက်သဘော ရှိပေသော။ ယေသော၊ သာသနာ့အာဇာနည် ဘွဲ့ဂုဏ်ရည်အရထူးသည့် ပဌမဦး စံပြ ဤဝိနယဓရ ပုဂ္ဂိုလ်မြတ်သည်မူကား။ န ဥပါလိ၊ ဝိနည်းမိုရ် တေဒဂ်တင် လက်ရွေးစင် ဂုဏ်ရည်သွေး ဗျာဒိတ်ပေးသမုတ်ရသည့် ဥက္ကဋ္ဌဦးစီး အရှင်ဥပါလိမထေရ်သည်လည်း မဟုတ်တန်ရာပါပေ။

ဟိ၊ စင်စစ်ကေန် အမှန်အားဖြင့်။ ဗျာချာတဝိနယော၊ ဝိနည်းပိဋကတ် ကျမ်းငါးရပ်လာသမျှတို့ကို တပါဒ ပုဒ်မကျန်အောင် နှုတ်သံရဲရဲ ဖြန်းဖြန်းကွဲ ပြန်ဆိုနိုင်ပေသော။ သောဟိ၊ သာသနာ့အာဇာနည် ဂုဏ်ရည်ကဲမောက် ရဲရဲတောက် ထွက်ပေါ် ထိုဝိနယဓရ ပုဂ္ဂိုလ်ကျော် အရှင်မြတ်သည်ကား။ ဝိနယကောဝိဒေါ၊ လူ ရှင် သိမ်းကျုံး တသာသနာလုံး အမွှမ်းတင်လောက်အောင် ကျွမ်းကျင်လိမ္မာ ရေးဖြေပါ ဂုဏ်ထူးမှတ်ရခဲ့သည့် ဝိနယဆိုင်ရာ မဟာကောဝိဒ ဖြစ်ပေသော။ ဝိစိတ္တသာရာဘိဝံသော၊ အရိုးကျေကျေ အရေကျကျ ဝိရိယဉာဏ်မကွာသည့် ဝဋ္ဋံသကာ ဓမ္မာစရိယ ကောလာဟလရှေ့ပြေး မင်းကွန်း ဓမ္မနာဒဆရာတော်ကလေး အရှင်ဝိစိတ္တသာရာဘိဝံသ ပင်တည်း။

**ဝိသိဋ္ဌ အာဘိဓမ္မိက မဟာအဘိဓမ္မ ကောဝိဒ**
**အရှင်ဝိစိတ္တသာရာဘိဝံသ**

(၃) အဘိဓမ္မဓရော ကောသိ၊ သာရိပုတ္တောနု နေဒိသော။
သော ဟိ ဝိစိတ္တသာရာဘိ – ဝံသော ဘိဓမ္မကောဝိဒေါ။

အဘိဓမ္မဓရော၊ အာရုံစူးစိုက် ပိဋကတ်၌ သတိမကွာအောင် အဘိဓမ္မာ ခုနစ်ကျမ်း တကယ်တမ်း အလွတ်ပြန်မည်ဟု ရွတ်အံကျေမွ နှုတ်တက်ရ အာဂုံဆောင်နိုင်ပေထသော။ ဧသော–ဧသော၊ သာသနာ့အာဇာနည် မြန်မာ ပြည်အရထူးသည့် ပဋ္ဌမဦးစံပြ ဤအာဘိဓမ္မိက ပုဂ္ဂိုလ် အရှင်မြတ်သည်။ ကောအသိနု၊ ဘယ်သို့ခေါ်ဆို ဘယ်လိုဂုဏ်တင် အဘယ်ပုဂ္ဂိုလ်သည်ပင် ဖြစ် လေသနည်း။ သာရိပုတ္တောနု၊ အဘိဓမ္မာပြန့်ပွားရေး သင်တန်းပေး မြွက်ဟ တောဒဂ်ရ ဉာဏ်ကြီးရှင် အရှင်သာရိပုတ္တရာမထေရ်သည်ပင်လျှင် ဖြစ်လေတော့ သလား။ ဤဒိသော၊ ဤလိုထူးချွန် ဂုဏ်လွန်ကဲမောက် ရဲရဲတောက်သဘော ရှိပေသော။ ဧသော–ဧသော၊ သာသနာ့အာဇာနည် ဘွဲ့ဂုဏ်ရည်အရထူးသည့် ပဋ္ဌမဦးစံပြ ဤအာဘိဓမ္မိက ပုဂ္ဂိုလ် အရှင်မြတ်သည်မှုကား။ န သာရိပုတ္တော ဘုရားဘုန်းခေါင် ကိုယ်တော်တိုင်မြှောက်စားသဖြင့် တရားစစ် သေနာပတိ ထိပ်တန်းထိ ပွားစီးသည့် သားကြီးရတနာ အရှင်သာရိပုတ္တရာတော့ မဟုတ် တန်ရာပေ။

ဟိ၊ စင်စစ် ကေန် အမှန်အားဖြင့်။ အဘိဓမ္မဓရော၊ အဘိဓမ္မာခုနစ်ကျမ်း တကယ်တမ်း အလွတ်ပြန်မည်ဟု ရွတ်အံကျေမွ နှုတ်တက်ရ အာဂုံဆောင်နိုင် ပေသော။ သော–သောဟိ၊ သာသနာ့အာဇာနည် ဂုဏ်ရည်ကဲမောက် ရဲရဲ တောက် ထွန်းပေါ် ထိုပုဂ္ဂိုလ်ကျော် အရှင်မြတ်သည်ကား။ အဘိဓမ္မ ကောဝိဒေါ၊ လူ ရှင် သိမ်းကျုံး တသာသနာလုံး အမွှမ်းတင်လောက်အောင် ကျွမ်းကျင်လိမ္မာ ရေးဖြေပါ ဂုဏ်ထူးမှတ်ရခဲ့သည့် အဘိဓမ္မအရာ မဟာ ကောဝိဒ ဖြစ်ပေသော။ ဝိစိတ္တသာရာဘိဝံသော၊ အရိုးကျေကျေ အရေကျကျ ဝီရိယဉာဏ်မကွာသည့် ဝဋ္ဋံသကာ ဓမ္မာစရိယ ကောလာဟလရှေ့ပြေး မင်း ကွန်းဆရာတော်ကလေး အရှင်ဝိစိတ္တသာရာဘိဝံသပင်တည်း။

## ဝိသိဋ္ဌ ဒီဃဘာဏက မဟာဒီဃနိကာယ ကောဝိဒ အရှင်ဝိစိတ္တသာရာဘိဝံသ

(၄) သုတ္တန္တဘာဏကော ကောသိ၊ သော နန္ဒောနု နေဒိသော။
သော ဟိ ဝိစိတ္တသာရာဘိ–ဝံသော သုတ္တန္တ ကောဝိဒေါ။

သုတ္တန္တဘာဏကော၊ သုတ္တန်ပိဋကတ် ပါဠိပါဌ် လာသမျှတို့ကို တပါဒ ပုဒ်မကျန်အောင် နှုတ်သံရဲရဲ ပြန်းပြန်းကွဲ ရွတ်ဆိုနိုင်ပေသော။ ဧသော–ဧသော၊ သာသနာ့ကြေးမုံ ဥဒါဟရုဏ် ကမ္ဘာပြမည်ဟု သာသနာ့အာဇာနည် မြန်မာ ပြည် အရထူးသည့် ပဋ္ဌမဦး စံပြ ဤဒီဃဘာဏက ပုဂ္ဂိုလ်ကျော် အရှင် မြတ်သည်။ ကော အသိနု၊ ဘယ်သို့ခေါ်ဆို ဘယ်လိုထေရ်ရှင် အဘယ်ပုဂ္ဂိုလ် သည်ပင် ဖြစ်လေသနည်း။ အာနန္ဒော အသိနု၊ ပိဋကတ်သုံးပုံ နှုတ်ဝယ်ငုံ ချေ

မြွက်သည့် တေဒင်္ဂငါးတန် ဗျာဒိတ်ခံဘွဲ့ထူးရ ပဌမ သံဂါယနာဝင် အရှင်အာနန္ဒာမထေရ်သည်ပင် ဖြစ်လေတော့သလား။ ဤဒိသော၊ ဤလိုထူးချွန် ဂုဏ်မွန်ကဲမောက် ရဲရဲတောက် သဘောရှိပေသော။ သေ—သေသော၊ ဒိဃဘာဏက သာသနာ့အာဇာနည် ဤပုဂ္ဂိုလ်သည်မူကား။ န အာနန္ဒော၊ တရားဘဏ္ဍာစိုး ဗဟုဿုတအိုး စွယ်စုံ ဉာဏ်အာရုံ ကြွားမလပ်ရသည့် ဘုရားမြွတ် နောက်တော်ပါ အရှင်အာနန္ဒာထေရ်လည်း မဟုတ်တန်ရာပေ။

ဟိ၊ စင်စစ် ကေန် အမှန်အားဖြင့်။ သုတ္တန္တဘာဏကော၊ သုတ္တန်ပိဋကပါဠိ ပါဠိ လာသမျှတို့ကို တပါဒ ပုဒ်မကျန်ရအောင် နှုတ်သံရဲရဲ ဖြန်းဖြန်းကွဲ ရွတ်ဆိုနိုင်ပေသော။ သော—သောဟိ၊ မြန်မာပြည်သာသနာ ကံဇာတာ ထတုန်းမို့ ပဌမဆုံး ထွန်းပေါ် တိပိဋကဓရပုဂ္ဂိုလ်ကျော် အရှင်မြတ်သည်ကား။ သုတ္တန္တကောဝိဒေါ၊ တသာသနာလုံး အမွှမ်းတင်လောက်အောင် ကျွမ်းကျင်လိမ္မာ ရေးဖြေပါ ဂုဏ်ထူးမှတ်ရခဲ့သည့် သုတ္တန္တအရာ မဟာကောဝိဒ ဖြစ်ပေသော။ ဝိစိတ္တသာရာဘိဝံသော၊ အရိုးကျေကျေ အရေကျကျ ဝီရိယဉာဏ် မကွာသည့် ဝဋံသကာ ဓမ္မာစရိယ မင်းကွန်း ဓမ္မနာဒဆရာတော်ကလေး အရှင်ဝိစိတ္တသာရာဘိဝံသပင်တည်း။

**ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ**
**အရှင်ဝိစိတ္တသာရာဘိဝံသ**

(၅) ဣစ္စာနုသံကိယော သော ဟိ၊ ဝီတာသောသိ ဓိတာဂမော။
ကထံ တံ နာနုမောဒန္တိ၊ တန္နိန္နာ စ ဇနေ တရေ။

ဣတိ၊ ဤသို့ ဆိုခဲ့ပြီးသည့် အတိုင်း။ အနုသံကိယော၊ ဘယ်ဟာကေန် ဆုံးဖြတ်ရန် မတိကျသဖြင့် ဒွိဟမပြေ ထင်ရာတွေ ထွေးရောလျက် တွေးတောယုံမှားအပ်သည်လည်း ဖြစ်ပေသော။ သောဟိ၊ တိပိဋကဓရ ကောလာဟလ ရှေးပြေး ထိုမင်းကွန်း ဓမ္မနာဒဆရာတော်ကလေး အရှင်ဝိစိတ္တသာရာဘိဝံသ အရှင်မြတ်သည်ကား။ အဓိတာဂမော၊ သာသနာ့ဒိနာဝင်ရေး အသက်ပေးထူထောင် တည်တံ့အောင် သတိချပ်မည်ဟု ပိဋကတ်သုံးပုံ နှုတ်ငုံကျေမွ အာဂုံရသည် ဖြစ်ပါ၍။ ဝီတာသောအသိ၊ ပရိယတ္တိသာသနာဝယ် အာသာတော်ငြိမ်းစလောက် တန်းဆုံးပေါက် အောင်မြင်ခဲ့လေပြီ တကား။ တသ္မာ၊ ထိုသို့ ပရိယတ္တိသာသနာဝယ် အာသာတော်ငြိမ်းစလောက် တန်းဆုံးပေါက် အောင်မြင်ခဲ့လေပြီ ဖြစ်ပါသောကြောင့်။ တန္နိန္နာ၊ ပစ္စည်းလေးခန်း မပင်ပန်းစေသည့် ရဟန်းဒကာ, ရဟန်းအမ, ကျောင်းဒကာ, ကျောင်းအမ သာသနာ့ဥယျာဉ်မှူး ဘွဲ့ထူးဂုဏ်တင် ထိုတိပိဋကဓရပုဂ္ဂိုလ်လျှင် ညွတ်ကိုင်းကြပေကုန်သော။ ဇနာ စ၊ 'သတိုးသီရိသုဓမ္မ' အစိုးရ အတိုင်ပင် ဆားဦးသွင်, ဒေါ်ဒေါ်သိန်း မြို့ကိကိန်း

နိုရော် ဆုသန့်မျှော်သည့် ဒေါ်မဗ္ဗဇာရီ ချောင်ဆရာကြီးနှင့် တကွ အာဇီဝ ဖြူစင် ဦးမြို့ ဒေါ်ဆင်ဆင်တို့သည်လည်းကောင်း။ ဣတရေစ၊ ဤမှတပါး ဆရာသမား သီတင်းသုံးဘော် အကြည်တော် ချစ်မိတ်ဆွေတို့သည်လည်း ကောင်း။ တံ – တိပိဋကရဲ၊ ဆွမ်းတို့ပူဇော် အလှူတော်ကြွေးဆပ်သည့် လေးမြတ်မဟာ တိပိဋကရေ ထိုသာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးကလေးကို။ ကထံ နာနုမောဒန္တိ၊ ရွှေပေါ်မြတင် လက်ပေါ်တွင် ဖူးဖူးမှုတ်လျက် ဒူးတုပ် ကြည်ညို အဘယ်မှာ ဝမ်းမမြောက်လိုပဲ ရှိပါကုန်အံ့နည်း။ အနုမောဒန္တိ ယေဝ၊ အားရကြည်ညို ကုသိုလ်ကဲမောက် လက်ပန်းပေါက်လျက် ဝမ်းမြောက် ကြကုန်မည်သာတည်း။[၁]

## ဆဋ္ဌသံဂါယနာသဘင်၌ ဆောင်ရွက်ချက်များ

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် ကြီးတွင် ဝိနည်း မဟာဝါပါဠိတော် မူလဝိသောဓကေ အဖွဲ့၏ အကျိုးတော် ဆောင် ဖြစ်၍ ဝိနည်း မဟာဝါပါဠိတော်ကို မူကောင်း မူသန့် ဖြစ်ရန် ကြိုးပမ်း၍ ဦးဆောင် သုတ်သင်တော်မူခဲ့လေသည်။

တဖန် ၁၃၁၅–ခုနှစ် နယုန်လဆုတ် ၁–ရက်နေ့မှ စ၍ သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူပြီး မန္တလေးမြို့ တောင်ပြင် ပဋိဝိသောဓကေ ဆရာတော်များ နှင့်အတူ အဖွဲ့မှ တာဝန်ပေးသော ဝိနည်း မဟာဝါပါဠိတော်ကို တဖန် ထပ်၍ ပဋိဝိသောဓနေ အလုပ်ကို လုပ်ဆောင်ခဲ့လေသည်၊ ၎င်းပြင် ပရိဝါပါဠိ တော်ကိုလည်း ပဋိဝိသောဓနေ ပြုတော်မူခဲ့လေသည်။

## ဆဋ္ဌသံဂီတိ ဝိဿဇ္ဇက

ဆရာတော် အရှင်ဝိစိတ္တ၏ ဆောင်ရွက်ချက်များ အနက် ဆဋ္ဌ သံဂါယနာ တွင် ဆောင်ရွက်ခဲ့သော ဆဋ္ဌသံဂီတိ ဝိဿဇ္ဇက တာဝန်မှာ လွန်စွာမှ ကြီးလေး သော တာဝန် ဖြစ်လေသည်၊ သို့ရာတွင် ဆရာတော်သည် ငြိမ်းငြိမ်းချမ်းချမ်း ကင်း လျက် ပုစ္ဆကဆရာတော် မေးသမျှ နိကာယ်ငါးရပ် ပိဋကတ်တော် အားလုံးကို တပါးတည်းဖြင့် ဆဋ္ဌသံဂါယနာ ပြီးဆုံးသည် အထိ ဖြေဆိုတော်မူခဲ့လေသည်၊ ဖြေတိုင်း ဖြေတိုင်းလည်း ပါဠိ မြန်မာ နှစ်ဘာသာဖြင့် အာဂုံ နှုတ်တက် မိန့်မြွက် ဖြေစွမ်းတော်မူခဲ့လေသည်၊ ယင်းသို့ ဖြေကြား ရွတ်ဆိုရာတွင်လည်း ဝိနည်းအလို မတိုမရှည် ဂီတမနှော ညက်ညော ချိုသာ နာဖွယ်မကျဲ နက်နဲ သံလုံး အုံးအုံးပဲ့တင် သံစုံဆင်လျက် ကြည်လင်ပြတ်သားသော အသံတော် ဖြင့် ဖြေစွမ်းတော်မူခဲ့လေသည်။

---

၁။ အရှင်ဝိစိတ္တသာရာဘိဝံသ၏ အဋ္ဌုပ္ပတ္တိ အကျဉ်း – ၄၃၊ ၄၈။

## ထူးခြားသည့် တရားဟော လုပ်ငန်း

တရားဟော လုပ်ငန်း၌လည်း လွန်စွာမှ စူးစိုက်တော်မူလေသည်၊ တရားနာသူ ဒကာ, ဒကာမတို့အား သိစေလိုသော စေတနာ ထက်သန်စွာဖြင့် မိမိ ခန္ဓာကိုယ် ပင်ပန်းမှု ပဓာန မထားပဲ ၃-နာရီ, ၄-နာရီခန့် ကြာမျှ ဟောတော်မူခဲ့လေသည်၊ တရားဟောရာ၌ ပါဠိတော်များကို အာဂုံ ရွတ်ဖတ်ပြီး ပြေပြစ် ကျစ်လစ် ပေါ်လွင်သော မြန်မာပြန် စကားလုံးတို့ဖြင့် သန့်ရှင်း ပြတ်သားစွာ ဟောတော်မူလေသည်၊ ဤစာရေးသူသည် ဆရာတော် အရှင်ဝိစိတ္တ၏ ဟောပြောသော တရားပွဲများကို များစွာ နာယူဘူး၏၊ တခါမှ ချောင်းဟန့်သံကို မကြားခဲ့ပါချေ၊ ဂါထာ ၁-ထောင် ရှိသော ဝေဿန္တရာဇာတ်တော်ကြီး ၃-ရက်ခန့် ဂါထာ အားလုံးကို အာဂုံဆောင်၍ ဟောလေ့ရှိရာ များစွာ အံ့သြဖွယ် ကောင်းလှပါပေသည်။

## မဟာဗုဒ္ဓဝင်ကျမ်းကြီး

တရားဟော စာချ စသော လုပ်ငန်းများထည်းမှ နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့ နှင့် နိုင်ငံတော် ဝန်ကြီးချုပ် စသည်တို့၏ လျှောက်ထား တောင်းပန်မှုကြောင့် မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ဦးစီး၍ ရေးသားတော် မူခဲ့လေသည်၊ ယင်းဗုဒ္ဓဝင်ကျမ်းကြီးကား အတွဲပေါင်း ၆-တွဲ အုပ်ရေ ၈-အုပ်ရှိ၍ ဗုဒ္ဓဝင် စာပေများအနက် အကြီးအကျယ်ဆုံး အစုံအလင်ဆုံး အပြောင်မြောက်ဆုံးသော ကျမ်းဂန်ကြီး ဖြစ်လေသည်။

## ဗုဒ္ဓဝင်ကျမ်းကြီး သမိုင်းကျဉ်း

၁၃၁၃-ခုနှစ်က နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ နေအိမ် ဘုရားဝတ်ရုံတော်ကျောင်း အသစ် ဖွင့်လှစ်၍ ရုပ်ပွားတော်တို့ကို အနေကဇာတင်သော အခမ်းအနားတွင် 'ဗုဒ္ဓဝင်ကျမ်းကြီး တဆူ ရေးသားပါရန်' ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသအား လျှောက်ထားခဲ့လေသည်၊ သို့ရာတွင် ဆဋ္ဌသံဂါယနာမီ တိပိဋကဓရ ပုဂ္ဂိုလ်အဖြစ် ပါဝင် ခန့်အပ်သော တာဝန်ကို ထမ်းဆောင်ရန် ရည်မှန်းချက် ရှိသဖြင့် ဝန်ကြီးချုပ်၏ တောင်းပန်မှုကို ငြင်းဆန်ခဲ့လေသည်။

သို့ဖြစ်၍ ဗုဒ္ဓဝင် ပြုစုရေး တာဝန်သည် မေဓာဝီ ဆရာဆိုင်၏ လက်သို့ ရောက်ခဲ့လေသည်၊ မေဓာဝီ ဆရာဆိုင် ဦးစီးရေးသားခဲ့ရာ လပိုင်းကာလဖြင့် ရေးသား စီစဉ်၍ မပြီးမီ မဟာပညာဗလ ပဋ္ဌမကျော် ဆရာကြီး ဦးကြီးဖေ နာယက အဖြစ်ဖြင့် ဆက်လက် ဆောင်ရွက်ရပြန်လေသည်၊ တဖန် တဆင့်ကူးပြောင်း၍ (အမ်-အေ) မဟာဝိဇ္ဇာ ဘွဲ့ရ 'အဂ္ဂမဟာပဏ္ဍိတ' ဆရာကြီး ဦးလင်း လက်သို့ ရောက်ရှိခဲ့ပြန်လေသည်၊ ဆရာကြီး ဦးလင်းသည် ယင်းဗုဒ္ဓ

ဝင်ကျမ်းကြီးကို ဦးစီး ရေးသားဆဲ ဖြစ်စဉ် တနှစ်ခွဲခန့် အကြာ ၁၃၁၆-ခုနှစ် နတ်တော်လဆန်း ၁၁-ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ယင်းကျမ်းကြီး ပြီးဆုံးအရေး တွေးရှုပင် မဖြစ်နိုင်ပဲ ရှိခဲ့လေသည်။

သို့ဖြစ်၍ နောက်ဆုံးတွင် ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသအားပင် ရဟန်းဒါယကာကြီး ဆာ ဦးသွင်, နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု, နိုင်ငံတော်ဗုဒ္ဓ သာသနာအဖွဲ့တို့က အကြိမ်ကြိမ် လျှောက်ထား တောင်းပန်ကြကုန်၏၊ ယင်း တောင်းပန်ချက်တို့ကို လက်ခံကာ ၁၃၁၈-ခုနှစ် ပါဠိတော် သံဂါယနာပြီး ချိန်မှ စ၍ စတင် ဦးစီး ရေးသားခဲ့ရာ ယခုအခါ ၆-တွဲ, ၈-အုပ်ရှိ တန်ဖိုး ကြီးလှသော ဗုဒ္ဓဝင်ကျမ်းကြီးမှာ ကောင်းစွာ ပြီးမြောက်ခဲ့လေသည်။

## ဩဘာစာ, သိမ်အောင်စာ အမျိုးမျိုး စသည်

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် သိမ်အောင်စာ, ဩဘာစာ, မော်ကွန်း, ဩဝါဒ မိန့်ခွန်း စသည့် စာတို စာရှည်ပေါင်း မြားမြောက်စွာတို့ ကိုလည်း ရေးသားခဲ့သည်၊ စာပေ အရေးအသားမှာ ခန့်ညား, ပြောင်မြောက် ကောင်းမွန်လှ၏၊ အထူးသဖြင့် ဂါထာ အရေးအသားမှာ လွန်စွာ ညက်ညော ဂုဏ်မြောက်လှပေသည်၊ ပုံစံ ထုတ်ပြရလျှင်—

အနုဂ္ဂဏှန္တိ ဗုဒ္ဓဿ၊ သာသနံ သာဓု နန္ဒိတာ။
အနာကုလာ စိရံ ဌာတု၊ သံဟတိ သာဓု ဗန္ဓိတာ။

စသည် ဖြစ်၏၊ ဖော်ပြပါ ဂါထာမှာ မူလ သာသနာ့ရိပ်သာ တည်ပုံ သံပိုင်း မော်ကွန်း၏ အဦး ဂါထာ ဖြစ်၏။

ဆရာတော်၏ လက်ရာစာပေများ များစွာ ရှိသေး၏၊ သို့ရာတွင် ဤနေရာ၌ ရေးသား ဖော်ပြရန် နေရာ ကျဉ်းမြောက်လှသဖြင့် ဆရာတော်၏ အကြောင်း, အရာ လုပ်ငန်း စသည်တို့ကို ဤမျှဖြင့် နိဂုံးချုပ်လိုက်ရပေသည်။ [၁]

---

## မင်းကွန်း ဓမ္မနာဒ တိုက်အုပ်ဆရာတော်
### အရှင်ဥက္ကံသာဘိဝံသ

ဆရာတော်သည် မင်းကွန်း ဓမ္မနာဒချောင်၌ တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ ချီးမြှောက်ချက် အရ တိုက် အုပ်ဆရာတော် အဖြစ်ဖြင့် သာသနာ့ဝန်ကို ထမ်းဆောင်တော်မူသည်။

---

၁။ ဆရာတော် အရှင်ဝိစိတ္တသာရ၏ အဖြစ်တော်စဉ်ကို ၁၃၁၅-ခုနှစ်က ရိုက် နှိပ်ထုတ်ဝေခဲ့သော အဋ္ဌုပ္ပတ္တိအကျဉ်းချုပ် စသည်ကို မှီငြမ်းပြု၍ ရေးသား ပါသည်။

### ဖွားမြင် - ရှင် ရဟန်း ပြု - ပညာသင်

ပြည်ခရိုင် ရွှေတောင်မြို့နယ် ကံပူစားရွာတွင် အဖ ဦးဖိုးညီ အမိ ဒေါ်ဥ တို့မှ သက္ကရာဇ် ၁၂၇၀ - ခုနှစ် ကဆုန်လဆန်း ၆ - ရက်နေ့တွင် ဖွားမြင် တော်မူသည်၊ အရွယ် ရောက်သော် ရှင်, ရဟန်း ပြု၍ သာသနာ့ဝန်ကို ထမ်း ဆောင်တော်မူခဲ့လေသည်၊ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ စသည်တို့ထံ ပညာ သင်ကြား တတ်မြောက်တော်မူခဲ့လေသည်။

### အစိုးရဓမ္မာစရိယ နှင့် သက်ျသီဟဓမ္မာစရိယ

ဆရာတော်သည်လည်း ဉာဏ် ထက်မြက် - ဝီရိယလည်း ကောင်းသူ ဖြစ်ရာ ငယ်စဉ်ကပင် အစိုးရ စာမေးပွဲများကိုလည်းကောင်း သက်ျသီဟ စာသင်တန်း ကိုလည်းကောင်း ဖြေဆို အောင်မြင်တော်မူခဲ့သည်၊ ၁၃၀၀ - ခုနှစ်တွင် အစိုးရ စာချတန်းကို ဂုဏ်ထူးကျမ်းများနှင့် တကွ အောင်မြင်သဖြင့် 'သာသနဓဇ သိရိပဝရ ဓမ္မာစရိယ' ဘွဲ့တံဆိပ်ကိုလည်းကောင်း - ယင်းသည် ၁၃၀၀ - ခုနှစ်၌ပင် သက်ျသီဟ စာချတန်းကို အပြီးတိုင် အောင်မြင်တော်မူသဖြင့် 'ဘဒ္ဒန္တဥက္ကံသာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (သီးခြားစာချ)' ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ခံယူရရှိတော်မူခဲ့လေသည်။

ယခုအခါ ဓမ္မနာဒချောင်၌ တိုက်အုပ်ဆရာတော် ဖြစ်၍ စာပေ ချပို့ ပရိယတ္တိ ကံပေါင် ကန်သင်းကို ဆည်ဖို့လျက် ရှိရာ ကျေနပ်ဖွယ် ကောင်းလှ ပေသတည်း။

ဥက္ကံသထေရ သေဋ္ဌော ဟိ၊ ဥက္ကံသဉာဏကော ဗုဓော။
ဥက္ကံသံ သော ဟိ ပတ္တော္ဝာ၊ ဥက္ကံသ သာသနန္ဓရော။

——

# အဋ္ဌဝီသတိမပိုင်း

## မြောင်မြို့ - ဆင်ရှင် ဆရာတော်

### အရှင်ပညာ မဟာထေရ်

စစ်ကိုင်းခရိုင် မြောင်မြို့ ဆင်ရှင်ဆရာတော်သည် သာသနာတော် တိုးတက် စည်ပင်လိုစိတ် များစွာ ရှိသော ဆရာတော် ဖြစ်တော်မူသည်။

ဆရာတော်သည် အနာဂတ် မြန်မာပြည် နှင့် အနာဂတ် သာသနာအတွက် အကြံပေးချက်များကိုလည်း တိုင်းပြည်ရှိ ဆရာတော် သံဃာတော်တို့အား လျှောက်ကြား မိန့်ကြား အကြံဉာဏ်ပေးတော်မူသည်။

'ဗုဒ္ဓဘာသာတော် ပြဿနာကျမ်း' နှင့် ဘာသာ သာသနာရေး ဆိုင်ရာ သိမှတ်ဖွယ်များကို ဖြစ်မြောက်အောင် ကြိုးပမ်းတော်မူ၍ တနိုင်ငံလုံး ဖြန့်ဝေတော်မူခဲ့လေသည်။

မြောင်မြို့ နယ်လုံးဆိုင်ရာ သြဝါဒါနုသာသက သံဃအဖွဲ့ကြီး၏ တာဝန်ရှိ ဆရာတော်တပါးလည်း ဖြစ်တော်မူသည်၊ ပရိယတ္တိသာသနာ့နုဂ္ဂဟ အသင်းကြီးမှ ကြီးမှူး ကျင်းပသည့် စာမေးပွဲကြီးကိုလည်း များစွာ ဝါယာမစိုက်တော်မူသည်၊ မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသက ဆင်ရှင်ဆရာတော်နှင့် စပ်၍—

'အို ရဟန်း ရှင် လူ အပေါင်း သူတော်ကောင်းတို့—

စစ်ကိုင်းတိုင်း မြောင်မြို့နေ ရဟန်း ရှင် လူတို့ကား အရတော်ပါကုန်စွ၊ ယင်းတို့သည် ဤဆင်ရှင်ဆရာတော်ကဲ့သို့ သာသနာတော်ကို ချစ်မြတ်နိုးသည့်စိတ် ရှိသော ဆရာတော် တပါးကို သာသနာရေးကိစ္စ တို့၌ အတူတကွ ရှက်ဆောင်ခွင့် - ဆည်းကပ် ကိုးကွယ်ခွင့်ကို ရကြကုန်၏။

စသည်ဖြင့် မြွက်ကြားတော်မူခဲ့လေသည်။

ဆင်ရှင်မဟာစရိယော ဟိ၊ သာသနဋ္ဌိတိ မာနသော။
ဗဟူနိ တဿ ကိစ္စာနိ၊ မုခမတ္တ နိဒဿနံ။

## ငါန်းမြာကြီး သာသနာနုဂ္ဂဟအသင်းကြီး

စစ်ကိုင်းခရိုင် ငါန်းမြာကြီး၌လည်း သာသနာကို ချီးမြှောက် ထောက်ပင့်သည့် သာသနာနုဂ္ဂဟ အသင်းကြီး တည်ထောင်၍ သာသနာ ပြုလျက် ရှိကြကုန်၏၊ ၁၃၃၅–ခုနှစ် တန်ခူးလဆန်း ၁၃–ရက်နေ့တွင် ငါန်းမြာကြီး အရှေ့တောရဆရာတော် ဦးဇာနေယျ, မန္တလေးမြို့ အဘယာရာမ ဆရာတော် ဦးပဒုမ, မန္တလေးမြို့ တိုက်သစ်ဆရာတော် ဦးပုည, လယ်တီကျောင်းတိုက် ဆရာတော် ဦးတိလောက, အောင်နန်းရိပ်သာ ဆရာတော် ဦးဝါသဝ, စကြာတိုက် ဆရာတော် ဦးဣန္ဒစက္က တို့ သြဝါဒါစရိယ ဖြစ်တော်မူကြ၍ သာသနာနုဂ္ဂဟ အသင်းကြီးကို ဖွဲ့စည်း တည်ထောင်လိုက်ကြကုန်၏။

ယင်း အသင်းကြီးကို ငါန်းမြာကြီး တိုက်နယ်လုံးဆိုင်ရာ ဒါယကာ, ဒါယိကာမတို့က လူအား ငွေအားဖြင့် ကူညီ ထောက်ပင့် လှူဒါန်းကြကုန်၏၊ ယင်း သာသနာနုဂ္ဂဟအသင်းကြီးမှ ကြီးမှူး၍ မူလတန်း, အလယ်တန်း, အလတ်တန်း,

---

၁။ ဗုဒ္ဓဘာသာတော် ပြဿနာကျမ်း၊ နိဒါန်း – ည။

အကြီးတန်း ဟု အတန်းလေးတန်း ထား၍ စာမေးပွဲကို ကျင်းပ၍ သာသနာတော်ကို ချီးမြှောက် ထောက်ပင့်ကြကုန်၏။

သာသနာတော် အတွက် အားတက်ဖွယ်ရာ ဖြစ်ပေသည်၊ ဆရာတော်များနှင့် အသင်းဝင် ပုဂ္ဂိုလ်များ၏ ကြိုးပမ်းချက်တို့ကို သာဓုခေါ် အနုမောဒနာ ပြုသင့်ပေသတည်း။

စစ်ကိုင်းပုရေ ငါန်းမြာကြီးဝှ — ပဒေသေ သာဓုသေဝိတေ။
သာသနံ နုဂ္ဂဟံကံသု၊ သာဓဝေ၊ သုန္ဒရေ ရတာ။

## မြောင်မြို့ ပရိယတ္တိသာသနာနုဂ္ဂဟ အသင်းကြီး

အသင်းအဖွဲ့များ ဖွဲ့စည်း၍ သာသနာပြုခြင်းသည် လွန်စွာ ထိရောက်၏၊ မြန်မာနိုင်ငံတော်အစိုးရတို့ ဦးဆောင်ဖွဲ့စည်းခဲ့သော ဗုဒ္ဓသာသနာ့ အဖွဲ့ကြီးသည် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးကို ပြီးမြောက်အောင် တင်နိုင်ခဲ့လေသည်၊ အခြား သာသနာ့ရေးရာများကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

မန္တလေးမြို့ ပရိယတ္တိသာသနဟိတ (သကျသီဟ) အသင်းကြီးသည် ရဟန်း ပညာရှင်များစွာ နှင့် သာမဏေကျော် ပုဂ္ဂိုလ်များစွာတို့ကို ပေါ်ပေါက်စေခဲ့လေသည်။

ရန်ကုန်မြို့ စေတိယင်္ဂဏအသင်းကြီးသည်လည်း ရဟန်းပညာရှင် များစွာတို့ကို ပေါ်ပေါက်စေခဲ့လေသည်၊ ထို့အတူပင် မြောင်မြို့ ပရိယတ္တိသာသနာနုဂ္ဂဟ အသင်းကြီးသည်လည်း နှစ်စဉ် စာမေးပွဲ ကျင်းပ၍ သာသနာတော်ကို ချီးမြှောက်ခဲ့ရာ ကျမ်းဂန်တတ် ရဟန်း သာမဏေများ နှင့် စာပေ ကျမ်းကျင်သော သူတော်ကောင်း ပုဂ္ဂိုလ်တို့ များစွာ ပေါ်ထွန်းခဲ့လေသည်၊ ယင်း ပရိယတ္တိသာသနာနုဂ္ဂဟအသင်းကြီးမှ ကြီးမှူး၍ နှစ်စဉ် စာမေးပွဲ ကျင်းပခဲ့ရာ ယခုဆိုလျှင် အကြိမ် ၄၀ ခန့် ရှိခဲ့လေပြီ၊ သပ္ပုရိသန္ဓယ်ဝင် သူတော်စင်တို့ ကြည်လင် ဝမ်းမြောက်ကြကုန်ရာသတည်း။

မြောင်နဂရေပိ သန္တာ စ၊ သောဂတာ သုဒ္ဓမာနသာ။
သာသနံ ဗုဒ္ဓသေဋ္ဌဿ၊ ပဂ္ဂဏှိံသု အနေကဓာ။

# ဧကျူနုတိ သတိမပိုင်း

## စစ်ကိုင်း , မင်းဝံ့ , မင်းကွန်း တောင်ရိုး
## သာသနာ့အထောက်အပံ့ပြု အသင်းကြီးများ

### အသင်းကြီး ၃ - သင်း

စစ်ကိုင်း , မင်းဝံ , မင်းကွန်း တောင်ရိုး၌ သီတင်းသုံး နေထိုင်ကြသည့် ရဟန်း သာမဏေ , ဖိုးသူတော် , သီလရှင်တို့အား ထောက်ပံ့ လှူဒါန်းလျက် ရှိသည့် အသင်းကြီး ၃ - သင်း ရှိသည်၊ ၎င်းအသင်းကြီး ၃ - သင်းတို့မှာ —

၁ - ရေစက်အသင်းကြီး

၂ - ဆွမ်းလောင်းအသင်းကြီး

၃ - မန္တလေးမြို့ မလွန် ဆန်လှူအသင်းကြီး - တို့ ဖြစ်ကုန်၏။

ယင်းအသင်းကြီးတို့၏ ထောက်ပံ့မှုကြောင့် တောင်ရိုးနေ ရဟန်း သာမဏေ ဖိုးသူတော် သီလရှင်တို့သည် ရေ နှင့် ဆွမ်းကိစ္စ အခက်အခဲ မရှိကြပဲ ပရိယတ် ပဋိပတ်ကို ချမ်းသာစွာ လေ့လာ သင်ယူ ချပိုနိုင်ကြကုန်၏။

ယင်းအသင်းကြီး ၃ - သင်း အနက် ရေစက်အသင်းကြီး နှင့် ဆွမ်းလောင်း အသင်းကြီးတို့၌ ကိစ္စအဝဝကို ဆောင်ရွက်သော လူကြီးမင်းများကို ၁၉၃၄ - ခုနှစ် ၆ - လ စာရင်း ချုပ်အရ အောက်ပါ အတိုင်း သိနိုင်လေသည်။

၁ - ဦးစံမင်း A. T. M. — ဥက္ကဋ္ဌ နှင့် ငွေထိန်းလူကြီး၊

၂ - ဦးဖိုးထွန်း A. T. M. — အငြိမ်းစား ဝန်ထောက်မင်း၊ ဥက္ကဋ္ဌ လူကြီး

၃ - ဦးဘဦး အငြိမ်းစား မြို့အုပ်မင်း၊ — ဒုတိယ ဥက္ကဋ္ဌလူကြီး၊

၄ - ဦးမြစ် အငြိမ်းစား ရုံးချုပ်စာရေးကြီး၊ — ငွေစာရင်းစစ် လူကြီး၊

၅ - ဦးဖိုးသစ် ဒုတိယတန်း ရှေ့နေ — အကျိုးဆောင်၊

၆ - ဦးလှ ဒုတိယတန်း ရှေ့နေ — တွဲဖက် အကျိုးဆောင်၊

### မလွန် ဆန်လှူ အသင်းကြီး

ရွှေဘိုမင်း လက်ထက်က စပြီး သီပေါမင်း လက်ထက် အထိ စစ်ကိုင်း တောင်ရိုး , မင်းဝံတောင်ရိုး , မင်းကွန်းတောင်ရိုးတို့၌ သီတင်းသုံးတော်မူ၍ ပရိယတ် , ပဋိပတ် အလုပ်တို့ကို တပပ်တကုတ် ပြုလုပ် ကျင့်ကြံ သီတင်းသုံး

# ကြည်ညိုဖွယ်စာတမ်း

## ၂၅ နှစ် အတွင်း လှူဒါန်း ပြီးစီးခဲ့ပါသော ဒါနများ

| ခုနှစ် | ရဟန်းတော် | သာမဏေ | သူတော် | သီလရှင် | ၃-တင်းအိတ် | တန်ဘိုးငွေ | တနှစ်အတွင်း အလှူခံပေါင်း |
|---|---|---|---|---|---|---|---|
| ၁၃၀၈ | ၇၅၆ | ၆၈၅ | ၉ | ၁၁၇၂ | ၂၇၀ | ၁၀၈၀၀ | ၂၆၂၂ |
| ၁၃၀၉ | ၇၅၆ | ၆၈၅ | ၉ | ၁၁၇၂ | ၄၁၁ | ၁၆၄၀၀ | ၂၆၂၂ |
| ၁၃၁၀ | ၇၃၀ | ၇၃၁ | ၁၆ | ၁၂၂၆ | ၅၈၀ | ၂၃၂၀၀ | ၂၇၀၃ |
| ၁၃၁၁ | ၆၈၀ | ၆၇၅ | ၈ | ၁၁၁၉ | ၇၇၅ | ၃၁၀၀၀ | ၂၄၈၂ |
| ၁၃၁၂ | ၈၀၁ | ၇၆၄ | ၄ | ၁၂၅၂ | ၁၃၁၅ | ၅၂၆၀၀ | ၂၈၂၁ |
| ၁၃၁၃ | ၈၄၀ | ၈၈၅ | ၁၀ | ၁၂၀၆ | ၁၆၂၅ | ၆၆၀၀၀ | ၂၉၄၁ |
| ၁၃၁၄ | ၉၂၉ | ၉၅၉ | ၅ | ၁၃၆၇ | ၁၇၇၀ | ၆၁၉၅၀ | ၃၂၆၀ |
| ၁၃၁၅ | ၉၅၆ | ၉၉၅ | ၅ | ၁၄၃၉ | ၂၁၂၈ | ၇၄၂၀၁ | ၃၃၉၈ |
| ၁၃၁၆ | ၀၀၀၁ | ၁၀၀၂ | ၁၂ | ၁၄၄၈ | ၂၂၂၅ | ၇၇၈၇၅ | ၃၄၆၃ |
| ၁၃၁၇ | ၁၀၅၁ | ၁၀၂၉ | ၈ | ၁၄၇၂ | ၂၃၀၇ | ၉၂၂၈၁ | ၃၅၆၀ |
| ၁၃၁၈ | ၁၁၂၁ | ၁၀၁၁ | ၅ | ၁၅၂၀ | ၂၉၁၀ | ၁၁၆၄၀၀ | ၃၆၅၇ |
| ၁၃၁၉ | ၁၁၄၆ | ၉၆၉ | ၅ | ၁၅၇၃ | ၃၅၄၈ | ၁၂၄၁၈၀ | ၃၆၉၃ |
| ၁၃၂၀ | ၁၂၂၉ | ၁၀၆၇ | ၁၀ | ၁၆၀၇ | ၃၇၈၄ | ၁၃၂၄၄၀ | ၃၉၁၃ |
| ၁၃၂၁ | ၁၂၆၁ | ၁၂၀၂ | ၁၀ | ၁၆၅၆ | ၃၉၉၄ | ၁၃၉၇၉၀ | ၄၁၂၉ |
| ၁၃၂၂ | ၁၂၆၃ | ၁၂၄၀ | ၁၂ | ၁၆၃၉ | ၄၀၂၅ | ၁၄၀၈၇၅ | ၄၁၅၄ |
| ၁၃၂၃ | ၁၁၈၃ | ၁၂၉၅ | ၁၁ | ၁၆၆၆ | ၃၉၉၀ | ၁၃၉၆၅၀ | ၄၀၅၅ |
| ၁၃၂၄ | ၁၁၃၉ | ၁၃၀၇ | ၁၁ | ၁၆၆၀ | ၄၀၁၉ | ၁၄၀၆၆၅ | ၄၁၉၆ |
| ၁၃၂၅ | ၁၁၇၈ | ၁၃၇၅ | ၂၁ | ၁၆၄၁ | ၄၀၅၃ | ၁၄၁၈၅၅ | ၄၂၁၅ |
| ၁၃၂၆ | ၁၀၅၆ | ၁၂၉၃ | ၁၅ | ၁၆၄၉ | ၃၃၉၆ | ၁၁၈၈၆၀ | ၄၁၁၃ |
| ၁၃၂၇ | ၁၀၇၆ | ၁၁၄၂ | ၁၂ | ၁၆၃၆ | ၃၆၇၅ | ၁၂၈၆၂၅ | ၃၈၆၆ |
| ၁၃၂၈ | ၁၀၈၈ | ၁၂၂၇ | ၅ | ၁၆၂၃ | ၃၇၆၃ | ၁၃၁၇၀၅ | ၃၉၄၃ |
| ၁၃၂၉ | ၁၀၇၀ | ၉၅၇ | ၂ | ၁၅၉၈ | ၆၀၄ | ၁၀၁၂၀၀ | ၃၆၂၇ |
| ၁၃၃၀ | ၁၀၄၈ | ၈၉၀ | ၂ | ၁၆၀၃ | ၂၂၂၈ | ၂၂၂၈၀၀ | ၃၅၄၃ |
| ၁၃၃၁ | ၁၀၂၄ | ၈၆၁ | ၄ | ၁၆၂၅ | ၃၃၁၂ | ၁၆၅၆၀၀ | ၃၅၁၄ |
| ၁၃၃၂ | ၁၀၂၇ | ၈၈၆ | ၆ | ၁၅၈၄ | ၃၃၁၅ | ၁၄၉၁၇၅ | ၃၅၀၃ |
| ပေါင်း | ၂၅၅၁၂ | ၂၅၂၁၂ | ၂၁၆ | ၃၇၁၅၃ | ၆၄၀၁၃ | ၂၆၈၀၁၂၅ | ၈၈၀၉၃ |
| သီးခြား လှူဒါန်း ရသော ဆွမ်းဆန်တော်အိတ် | | | | | ၁၉၀ | ၈၅၅၀ | ၁၈၄ |
| ၁၃၃၂ - ခုနှစ် လှူဒါန်းသော အိတ်ကြီးပေါင်း | | | | | ၃၅၀၅ | ၁၅၇၇၂၅ | ၃၆၈၇ |

တော်မူကြသော သံဃာတော်များ, သီလရှင်များ, ဖိုးသူတော်များအား ဆန်များ ထောက်ပံ့ လှူဒါန်းမှုကို ပြုတော်မူခဲ့ကြကုန်၏၊ သီပေါမင်း ပါတော်မူပြီးနောက် ယင်းဆန်လှူဝတ်ကြီး ပြတ်စဲခဲ့သဖြင့် စစ်ကိုင်း, မင်းဝံ, မင်းကွန်းနေ သံဃာတော်တို့ ဆွမ်းရေး ပင်ပန်းတော်မူကြကုန်၏၊ ယင်းဆန်လှူဝတ် ပြတ်စဲခဲ့သည်မှာ ၁၁ - နှစ် ကြာသည်ဟု သိရ၏။

သို့ဖြစ်၍ မန္တလေးမြို့ မလွန်ရပ် မြို့သူ မြို့သားများက ယင်းဆန်အလှူဝတ်ကို ပြန်လည် ဆက်ရန် ဆန်အလှူခံကြပြီး စစ်ကိုင်း, မင်းဝံ, မင်းကွန်းတောင်ရိုးသို့ သွားရောက် လှူဒါန်းကြကုန်၏၊ သက္ကရာဇ် ၁၂၅၈ - ခုနှစ်တွင် စစ်ကိုင်း, မင်းဝံ, မင်းကွန်း တောင်ရိုး သံဃာတော်များ, သီလရှင်များ, ဖိုးသူတော်များအား ဆန်ထောက်ပံ့ရေး အသင်းကြီးကို တည်ထောင်လိုက်ကြကုန်၏၊ ယင်းအသင်းကြီးသည် မလွန်ရပ်က လူပုဂ္ဂိုလ်များ ကမကထ ဦးဆောင် တည်ထောင်သဖြင့် 'မလွန်ဆန်လှူအသင်း'ဟု တွင်သည်။

မလွန်ဒေသိက သင်္ဃေဟိ၊ သမိတိ သမုဋ္ဌာပိတာ။
သာ ဟိ တေနေဝ နာမေန၊ သမ္ပတိပိ သုပါကဋာ။

## ဂျပန်ခေတ်လဲ လှူဝတ် မပျက်

အသင်းသားတွေ, အသင်းသူတွေ လွန်စွာ ကြိုးပမ်းကြကုန်၏၊ ဂျပန်ခေတ်မှာတောင် ပဌမနှစ် ဆန်လှူနိုင်ကြသေးသည်၊ နောက်နှစ်တွေမှာ သယ်ယူပို့ဆောင်မှု အခက်အခဲကြောင့် ဆန်အစား ဝတ္ထုကို လှူဒါန်းကြကုန်၏၊ အစဉ်အလာလှူမှုကား မပျက်စီးခဲ့ချေ။

## အနယ်နယ် အမြို့မြို့မှ ပို့လှူကြ

အသင်းသား အသင်းသူများ၏ မှန်ကန်သော လုပ်ဆောင်ချက်များကြောင့် အောက်ပိုင်း ပုသိမ်, မအူပင်, ဘိုကလေး, ကျိုက်လတ် စတဲ့ မြို့များမှလည်းကောင်း အထက်ပိုင်း မြစ်ကြီးနား, ဗန်းမော်, ကသာ, မိုးကုတ်, မိုးမိတ်စသော မြို့များမှလည်းကောင်း အရှေ့ဖက် နောင်ချို, နောင်ပိန်, ကျောက်မဲ, သီပေါ, လားရှိုး စသည်တို့မှ လည်းကောင်း အနောက်ဖက် မုံရွာ, ကလေး စသည်တို့မှ လည်းကောင်း ဆန်များ ဝတ္ထုငွေများ ပို့လှူကြကုန်၏၊ ၂၅ - နှစ် အတွင်း မလွန်ဆန်လှူ အသင်းက လှူဒါန်းပြီးသမျှကို ကြည်ညိုနိုင်ရန် အသင်းထုတ် စာတမ်း စာစောင်များ အရ တဖက်ပါ ဇယား အတိုင်း ဖော်ပြအပ်ပါသည်။

ဇယားနှင့် ပူးတွဲ ကြည့်ပါ။

ပရိယတ္တိသာသနာတော်ကြီး ခိုင်မြဲ စည်ပင်ရန် ရည်ရွယ်၍ အသင်းကြီးမှ သဘ်မှတ်သည့် နယ်နိမိတ် အတွင်း သီတင်းသုံး နေထိုင်သော်မူကြ ၂ ါကုန်သော ဓမ္မာစရိယ အစရှိသော ဘွဲ့ထူးရ သံဃာတော် အချင်မြတ်များ နှင့် သီလရှင်တို့ အား ၁၃၁၆-ခုနှစ်မှ အစပြု၍ ဆွမ်းဆန်ဘော် ၃-တင်းကျ နှစ်စဉ်ထောက်ပံ့ လှူဒါန်းခဲ့လေသည်။

| | | | | |
|---|---|---|---|---|
| ပဌမငယ်တန်း | ပဌမရရှိသော ပုဂ္ဂိုလ်အား ဆန်တော် | | | ၅၀ |
| ပဌမလတ်တန်း | ။ | ။ | ။ | ၇၅ |
| ပဌမကြီးတန်း | ဒုတိယ | ။ | ။ | ၁၀၀ |
| ၎င်း | ပဌမကျော် | ။ | ။ | ၁၅၀ |
| ဓမ္မာစရိယ | ပါရဂူဘွဲ့ရ | | | ၇၅ |
| စာချတန်းတွင် | အဂ္ဂအကျော်, ဝဋံသကာ, သိရောမဏိ | | | ၁၅၀ |

ကျ ထောက်ပံ့ လှူဒါန်းခဲ့လေသည်။

ဤသို့ဖြင့် ယင်းအသင်းကြီးများသည် စစ်ကိုင်း, မင်းဝံ, မင်းကွန်း တောင် ရိုးနေ ရဟန်း, သာမဏေ, သီလရှင်, ဖိုးသူတော်တို့အား အတိုင်းမသိ ကျေးဇူး များလှပေကုန်၏။

ဧဝံ သမိယော တိဿော၊ မဟောပကာရိကာ ဟိ ခေါ။
အစလေသု ဝသန္တာနံ၊ ယုတ္တာနံ ဓုရဝါဟိနံ။

# တိသတိမပိုင်း

## စစ်ကိုင်းတောင်ရိုး ချောင်များ

စစ်ကိုင်း, မင်းကွန်း တောင်ရိုးရှိ ချောင်များ စာရင်းကိုလည်း ရွှေပြည် ဦးဘတင်၏ ၁၂၉၆-ခုနှစ်က စာရင်းအရ ဖော်ပြပါသည်၊ ယခုဆိုလျှင် ဤမျှ မကတော့ပြီ။

[ အ ]

၁- အရှေ့ မှန်ကျောင်းချောင်
၂- အမိစိတ္တချောင်
၃- အတိသုဒ္ဓါရုံချောင်
၄- အနန္တသူရိယချောင်

၅ - အရိယာဝံသချောင်
၆ - အနီးစခန်းချောင်
၇ - အနုရုဒ္ဓါချောင်
၈ - အတိသာရချောင်
၉ - အရှေ့ မေဃဝန်ချောင်
၁၀ - အနောက် မေဃဝန်ချောင်
၁၁ - အရှေ့ မော်လမြိုင်ချောင်
၁၂ - အနောက် မော်လမြိုင်ချောင်
၁၃ - အဘယသုခချောင်
၁၄ - အရှေ့ ဣစ္ဆာသယ ကျောက်စိန်းတိုက်
၁၅ - အရှေ့ ဣစ္ဆာသယ လောကမှန်ကူတိုက်
၁၆ - အရှေ့ လေးထောင့်ကန်ချောင်
၁၇ - အနောက် လေးထောင့်ကန်ချောင်
၁၈ - အရှေ့ ပရက္ကမချောင်
၁၉ - အထက် မင်းဘူးချောင်
၂၀ - အထက် သရက်ကန်ချောင်
၂၁ - အောင်မြေသာစည်ချောင်
၂၂ - အောင်ဇေယျချောင်
၂၃ - အောက် မင်းဘူးချောင်
၂၄ - အောက် သရက်ကန်ချောင်
၂၅ - အောင်မြေရတနာရာမချောင်
၂၆ - အံတော်ချောင်
၂၇ - အိမ်ဖြူတောရတိုက်
၂၈ - အသောကရာမချောင်
၂၉ - အာကာသကျချောင်
၃၀ - အထက် လေးထပ်ချောင်
၃၁ - အတိသုခချောင်
၃၂ - အထက် ဣစ္ဆာသယချောင်
၃၃ - အရိယမဂ္ဂင်ချောင်
၃၄ - အတိသီတာရုံချောင်
၃၅ - အနောက် မှန်ကျောင်း
၃၆ - အဘယသာစည်ချောင်
၃၇ - အောက် ပရက္ကမချောင်
၃၈ - အနောက် ရွှေကူချောင်

၃၉ - အောင်မြင်ချောင်
၄၀ - အုတ်ကျောင်းချောင်
၄၁ - အနောက် ဠစ္ဆာသယချောင်
၄၂ - အလည် ပရက္ကမချောင်
၄၃ - အလည်တောရချောင်
၄၄ - အနောက် အလည်တောရချောင်
၄၅ - အရှေ့ ဥရုဝေဠချောင်
၄၆ - အနောက် ဥရုဝေဠချောင်
၄၇ - အောက် မဂ္ဂင်ချောင်
၄၈ - အထက် မဂ္ဂင်ချောင်
၄၉ - အထက် ရွှေဂူချောင်
၅၀ - အုတ်ချပ်ရေကန်ချောင်
၅၁ - အဘယရွှေဂူချောင်
၅၂ - ကျောက်ပဒိုင်ချောင်
၅၃ - ကျောက်တံခါးချောင်
၅၄ - ကျောက်တာ ကန်ကြီးချောင်
၅၅ - ကျောက်တာ အနောက်ကျောင်း
၅၆ - ကျောက်တာ ကန်ဦးကျောင်း
၅၇ - ကျောက်တာ အလည်ကျောင်း
၅၈ - ကျောက်တာ အရှေ့ကျောင်း
၅၉ - ကျောက်အိုးချောင်
၆၀ - မြောက် ကျေးဥချောင်
၆၁ - တောင် ကျေးဥချောင်
၆၂ - ကျိုက်လတ်ချောင်
၆၃ - ကြံခင်းချောင်
၆၄ - ကြည့်မြင်တိုင်ချောင်
၆၅ - ကြာနီကန်တောရ
၆၆ - ကြွယ်လူးတောရ
၆၇ - ကောင်းမှုတော်တောရ
၆၈ - ကျစ္စချောင်
၆၉ - ကင်း ရွှေဘုံသာချောင်
၇၀ - ကထူးချောင်
၇၁ - ကြက်ထောင့်ချောင်
၇၂ - ကြက်ထောင့်မြောက်ချောင်

၇၃ - ကန္တရာရာမချောင်
၇၄ - ကင်းတောရကြီး
၇၅ - ကမ္ဘာ့ဘုံချောင်
၇၆ - ကိန္နရာချောင်
၇၇ - ကောဏ္ဍညချောင်
၇၈ - ကျီးမနိုးချောင်
၇၉ - ကျွဲကူးချောင်
၈၀ - ချမ်းချောင်
၈၁ - ချမ်းသာကြီးချောင်
၈၂ - ခေမာသီဝံချောင်
၈၃ - ခန္တီဗလသုခချောင်
၈၄ - ခြေတော်ရာ မန်ကျည်းကုန်းကျောင်း
၈၅ - ခိုတောင်ကျောင်း
၈၆ - ခိုတောင် ချမ်းသာရကျောင်း
၈၇ - ခန္တီသောမချောင်သစ်
၈၈ - ချမ်းသာရ ငါးမြို့ဝန်ကျောင်း
၈၉ - ခန္တီဗလချောင်
၉၀ - ခန္တီသောမ အောက်ချောင်
၉၁ - ချမ်းသာရချောင်
၉၂ - ခြသေ့ သုံးဆယ်ချောင်
၉၃ - ချမ်းမြသာစည် (ဟံသာဝတီချောင်)
၉၄ - ခန္တီသောမချောင်
၉၅ - ဂိရိကန္တရချောင်
၉၆ - ဂုဏာဝါချောင်
၉၇ - ဂူအောင်းချောင်
၉၈ - ဂေါသီတာဝန်ချောင်
၉၉ - ဂုံးကျောင်း
၁၀၀ - လက်တောရ အရှေ့တိုက်
၁၀၁ - လက်တောရ အနောက်တိုက်
၁၀၂ - ငွေသံကြားချောင်
၁၀၃ - ငွေတောင်တောရချောင်
၁၀၄ - ငွေကူချောင်
၁၀၅ - ငွေတောင်တောရ တောင်တိုက်
၁၀၆ - ငွေတောင်တောရ မြောက်တိုက်

၁၀၇ - ငွေတောင်တောရ
၁၀၈ - စကြံသိမ်ကျောင်းတိုက်
၁၀၉ - စိန္တာမဏိချောင်
၁၁၀ - စကြံဂူကျောင်း
၁၁၁ - စကြံတိုက်သစ်
၁၁၂ - စကြံတိုက်ဟောင်း
၁၁၃ - စန္ဒဝံချောင်
၁၁၄ - စကျင်ချောင်
၁၁၅ - စာရေး ပြာသာဒ်ကျောင်း
၁၁၆ - စာရေး သိမ်တော်ကျောင်း
၁၁၇ - စစ်ကိုင်း မဂ္ဂင်ချောင်
၁၁၈ - စကြံတိုက် သမဝါယမချောင်
၁၁၉ - စေတီလှ အထက်ချောင်
၁၂၀ - စစ်ကိုင်း ရတနာရံသီ အထက်ချောင်
၁၂၁ - စစ်ကိုင်း ရတနာရံသီ အောက်ချောင်
၁၂၂ - စာမရီချောင်
၁၂၃ - စေတီဝံချောင်
၁၂၄ - စေတီလှ အောက်ချောင်
၁၂၅ - စက်တော်ရာချောင်
၁၂၆ - ဆင်မီးလှ ခေါ် (မလွန်ချောင်)
၁၂၇ - ဆားတောင်ချောင်
၁၂၈ - ဆုတောင်းပြည့် ဘုရားချောင်
၁၂၉ - ဇမ္ဗူမင်္ဂလချောင်
၁၃၀ - ဇမ္ဗူပတိချောင်
၁၃၁ - ဇမ္ဗူကြေးမုံချောင်
၁၃၂ - ဇေတဝန် အထက်တိုက်
၁၃၃ - ဇေတဝန် အလယ်တိုက်
၁၃၄ - ဇေတဝန် စိန္တာမယချောင်
၁၃၅ - ဇေတဝန် ဟံသာဂီရိချောင်
၁၃၆ - ဇေယျာဝံသချောင်
၁၃၇ - ဇေယျမင်္ဂလာချောင်
၁၃၈ - ဇေယျာဘုမ္မိ တောင်တိုက်
၁၃၉ - ဇေယျာဘုမ္မိ မြောက်တိုက်
၁၄၀ - ဇေယျာသီရိချောင်

၁၄၁ - ဇောတိကာရုံချောင်
၁၄၂ - ဇလပ်ချောင်
၁၄၃ - ဇေယျာဘုံမြင့်ချောင်
၁၄၄ - ဇမ္ဗူသိင်္ဂီချောင်
၁၄၅ - ဇီဝိတဒါနချောင်
၁၄၆ - ဇေယျာသီရိ အရှေ့တိုက်
၁၄၇ - ဇေတဝန် သိမ်ကြီးချောင်
၁၄၈ - ဇောတိကချောင်
၁၄၉ - ဈေးချိုချောင်
၁၅၀ - ညောင်လေးပင်ချောင်
၁၅၁ - တမာပင်ချောင်
၁၅၂ - တိလောကဂုရုချောင်
၁၅၃ - တုသိတာချောင်
၁၅၄ - တော ဝါဆိုချောင်
၁၅၅ - လေးထပ် အောက်တိုက်
၁၅၆ - တော လေးထပ် အထက်တိုက်
၁၅၇ တော ကြက်တောင်ချောင်
၁၅၈ - တပဲသာချောင်
၁၅၉ - တမ္ဗဒီပချောင်
၁၆၀ - တောရအုတ်ကျောင်း
၁၆၁ - တောင် စည်ပါချောင်
၁၆၂ - တောင်ရန်းချောင်
၁၆၃ - တောင် ဂန္ဓာရုံ အထက်တိုက်
၁၆၄ - တောင်ထိပ်ပေါ် ဘုရားကျောင်း
၁၆၅ - တာဝတိံသာချောင်
၁၆၆ - တောလယ်ချောင်
၁၆၇ - တောင်ညို ရွှေဘုံသာချောင်
၁၆၈ - တောင်ညို ရွှေယင်းမာစေတီချောင်
၁၆၉ - တောင်ညို ကြက်သွန်းခင်း ရွှေကျောင်းတိုက်
၁၇၀ - တော လေးထပ် ဦးရွှေကြူးကျောင်း
၁၇၁ - တောင်တွင်းကြီးတိုက်
၁၇၂ - တော တောင်ဘီလူးချောင်
၁၇၃ - တောင်ဘီလာ ဇူဇ္ဇာသယချောင်
၁၇၄ - တောင်ပလ္လူချောင်

၁၇၅ · တောင်တွင်းတိုက် တောင်တော်ဦးချောင်
၁၇၆ · တောင်ဘီလာချောင်
၁၇၇ · တောင်ညိုတောရချောင်
၁၇၈ · ထူပါရုံချောင်
၁၇၉ · ထွန့်တင်မာရ်အောင်ချောင်
၁၈၀ · ထိန်ငူချောင်
၁၈၁ · ထွန့်ခေါင်ချောင်
၁၈၂ · ဒဟတ်ချောင်
၁၈၃ · ဒက္ခိဏာသာခါချောင်
၁၈၄ · ဒုတိယ အရှေ့ ဂန္ဓာရုံချောင်
၁၈၅ · ဒုရင်ကျော်ချောင်
၁၈၆ · ဒေးဝန် သေလာချောင်
၁၈၇ · ဒေါင်းရိုးချောင်
၁၈၈ · ဒုမာသီရိချောင်
၁၈၉ · ဒီဘိုးလမ်းချောင်
၁၉၀ · ဓမ္မပါမောက္ခချောင်
၁၉၁ · ဓမ္မသုခချောင်
၁၉၂ · ဓမ္မရက္ခိတချောင်
၁၉၃ · ဓမ္မသီဟချောင်
၁၉၄ · ဓနုဖြူချောင်
၁၉၅ · ဓမ္မာရုံချောင်
၁၉၆ · ဓမ္မသာရချောင်
၁၉၇ · ဓမ္မသာမိချောင်
၁၉၈ · ဓမ္မိကဝံသ အနောက်ချောင်
၁၉၉ · ဓမ္မိကဝံသ အရှေ့ချောင်
၂၀၀ · ဓမ္မသာမီ ရွှေဂူချောင်
၂၀၁ · ဓမ္မောပါဒချောင်
၂၀၂ · ဓမ္မသန္တိချောင်
၂၀၃ · ဓမ္မပါလချောင်
၂၀၄ · ဓမ္မိကဝံသ အလည်ချောင်
၂၀၅ · ဓမ္မနာဒချောင်
၂၀၆ · ဓမ္မပိယချောင်
၂၀၇ · ဓမ္မသမေနချောင်
၂၀၈ · နံ့ သာချောင်

၂၀၉ - နဒီဝစုနချောင်
၂၁၀ - နန္ဒမူ အနောက်ချောင်
၂၁၁ - နန္ဒောဘာသချောင်
၂၁၂ - နာဂဝေဘူလချောင်
၂၁၃ - နဂါးပတ်ချောင်
၂၁၄ - နယားချောင်
၂၁၅ - နိဗ္ဗောဇချောင်
၂၁၆ - နိဗ္ဗာန်ဆိပ်ဦးချောင်
၂၁၇ - နံကိုင်း ဟံသာဝတီချောင်
၂၁၈ - နန္ဒဝံသချောင်
၂၁၉ - နန္ဒမူချောင်
၂၂၀ - နွားကူးချောင်
၂၂၁ - နှစ်ကျိပ်ရှစ်ဆူချောင်
၂၂၂ - ပထမ ဇေတဝန်ချောင်
၂၂၃ - ပထမ ဂန္ဓာရုံချောင်
၂၂၄ - ပထမ ဣစ္ဆာသယချောင်
၂၂၅ - ပဘာချောင်
၂၂၆ - ပတ္တမြားစေတီ အောက်ချောင်
၂၂၇ - ပတ္တမြားစေတီ အထက်ချောင်
၂၂၈ - ပတိရူပချောင်
၂၂၉ - ပါဠိလိချောင်
၂၃၀ - ပိတောက်ချောင်
၂၃၁ - ပုသိန်ချောင်
၂၃၂ - ပုသိန်ညွန့်ချောင်
၂၃၃ - ပံသုကူလိကချောင်
၂၃၄ - ပဲခူးချောင်
၂၃၅ - ပဲစားချောင်
၂၃၆ - ပင်းသာချောင်
၂၃၇ - ပန်းချီတောရချောင်
၂၃၈ - ပထမ ဣစ္ဆာသယချောင်
၂၃၉ - ပုပ္ပာရုံချောင်
၂၄၀ - ပစ္ဆိမဝံသချောင်
၂၄၁ - ပန်းတောချောင်
၂၄၂ - ပတ္တမြားချောင်

၂၄၃ - ပြည်မြို့ချောင်
၂၄၄ - ပန်းမြိုင်တောရချောင်
၂၄၅ - ပြုဗ္ဗာဝန်တိုက်သစ်
၂၄၆ - ပြန့်ကလေးဂူချောင်
၂၄၇ - ဖျာပုံချောင်
၂၄၈ - ဗိုလ်ကလေးချောင်
၂၄၉ - ဗောဓိချောင်
၂၅၀ - ဗုဒ္ဓဒက္ခိဏာချောင်
၂၅၁ - ဗန်းမော်ချောင်
၂၅၂ - ဗောဇ္ဈင်ချောင်
၂၅၃ - ဗုဒ္ဓကုံရချောင်
၂၅၄ - ဗောဓိမဏ္ဍိုင်ချောင်
၂၅၅ - ဗောဓိဝိုင်းချောင်
၂၅၆ - ဘုန်းကြီးကန်တောရ
၂၅၇ - ဘောင်တော်ဦးချောင်
၂၅၈ - ဘဝပါရဂူချောင်
၂၅၉ - ဘေးမဲ့ချောင်
၂၆၀ - ဘောင်တော်သီချောင်
၂၆၁ - ဘုရားသုံးဆူချောင်
၂၆၂ - ဘုံပျံချောင်
၂၆၃ - တောင်ဝန်မင်းတိုက်
၂၆၄ - ဘုံသာဝေယံချောင်
၂၆၅ - မတ္တရာဝန်ကတော်ကြီးချောင်
၂၆၆ - မဟာသိမ်ချောင်
၂၆၇ - မဟာသုခချောင်
၂၆၈ - မဟာစေကြီးချောင်
၂၆၉ - မဟာဓမ္မဂီရိချောင်
၂၇၀ - မင်္ဂလာဘုံစံချောင်
၂၇၁ - မဇ္ဈေသီရိချောင်
၂၇၂ - မင်းကွန်း ရွှေဂူချောင်
၂၇၃ - မင်းသမီးချောင်
၂၇၄ - မင်းကွန်းလူအိုရုံ
၂၇၅ - မြတောင်ချောင်
၂၇၆ - မိုးဇာဆရာတော်တိုက်

၂၇၇ - မဟာဂန္ဓာရုံ ကမ္မဋ္ဌာန်းတိုက်
၂၇၈ - မဂ္ဂင်ချောင် အောက်တိုက်
၂၇၉ - မဟာဂန္ဓာရုံ ခေါ် သိမ်ကျောင်း
၂၈၀ - မဟာဓမ္မသုခတိုက်
၂၈၁ - မန္တလာဝံသချောင်
၂၈၂ - မဟာစုန်ချောင်
၂၈၃ - မန္တလာရာမချောင်
၂၈၄ - မဟာကေတုမတီချောင်
၂၈၅ - မဟာမေဃဝန်ချောင်
၂၈၆ - မက္ခရာဝံသချောင်
၂၈၇ - မင်္ဂလာစေတီ ဆရာတော်ကြီးချောင်
၂၈၈ - မန္တလေးချောင်
၂၈၉ - မဏိရတနာဂီရိချောင်
၂၉၀ - မိုးတားချောင်
၂၉၁ မဲအိုးချောင်
၂၉၂ - မှော်ဝန်း သုံးခွချောင်
၂၉၃ - မင်းကွန်း မြသိန်းတန်တိုက်သစ်
၂၉၄ - မင်းကွန်း နဂါးပတ်ချောင်
၂၉၅ - မြောက် ဗောဓိချောင်
၂၉၆ - မင်းကွန်းအနောက် ဣစ္ဆာသယချောင်
၂၉၇ - မိုးကုတ်ချောင်
၂၉၈ - မြင်းမွေးတအုံတောရ
၂၉၉ - မင်းကွန်း ရတနာရံသီချောင်
၃၀၀ - မင်းအိုချောင်
၃၀၁ - မင်းကွန်း သာစည်ချောင်
၃၀၂ - မင်းတဲချောင်
၃၀၃ - မီးတောင်ကြီးချောင်
၃၀၄ - မဟာကေတုမတီချောင်
၃၀၅ - မဟာစေတီ ဒက္ခိဏချောင်
၃၀၆ - မန်းကျောင်းတောရ
၃၀၇ - မဟာမြိုင်ချောင်
၃၀၈ မဟာဂန္ဓာရုံချောင်
၃၀၉ - မဟာသီဝချောင်
၃၁၀ - မော်လမြိုင်ကျွန်း ဒွန်းတာဘက်ချောင်

၃၁၁ - မဟာဗောဓိကျောင်း
၃၁၂ - မစိုးရိမ်ကျောင်း
၃၁၃ - မဏိရတနာကျောင်း
၃၁၄ - မဟာရွှေဂူကြီးကျောင်း
၃၁၅ - မိုးညှင်းတိုက်သစ်
၃၁၆ - မကိုဋ္ဌမှန်ကူကျောင်း
၃၁၇ - မဟာသမုတိကျောင်း
၃၁၈ - မဟာမြို့ကြီးကျောင်း
၃၁၉ - မဟာသမယကျောင်း
၃၂၀ - မဟာစေတီကျောင်း
၃၂၁ - မအူကျောင်း
၃၂၂ - မဏိကဥ္စနကျောင်း
၃၂၃ - မဟာဓမ္မိကကျောင်း
၃၂၄ - မဟာရတနာဘုံစံကျောင်း
၃၂၅ - မဟာသတိပဋ္ဌာန်ကျောင်း
၃၂၆ - မဟာသစ်ဝင်ကျောင်း
၃၂၇ - မင်္ဂလာရာမကျောင်း
၃၂၈ - မင်္ဂလာသုခကျောင်း
၃၂၉ - မင်းဝံဂီရိကျောင်း
၃၃၀ - မဏ္ဍလကျောင်း
၃၃၁ - မန်ကျည်းတောကျောင်း
၃၃၂ - မန်ကျည်းတော တိုက်သစ်
၃၃၃ - မင်္ဂလာစေတီ အောက်ကျောင်း
၃၃၄ - မင်္ဂလာစေတီ အထက်ကျောင်း
၃၃၅ - မင်းကင်းကျောင်း
၃၃၆ - မင်္ဂလာဘုံပျံကျောင်း
၃၃၇ - ဒေသိပ္ပကျောင်း
၃၃၈ - မဟာအတုလရံသီကျောင်း
၃၃၉ - မင်္ဂလာထွဋ္ဌ်ခေါင်ကန်ကြီးကျောင်း
၃၄၀ - မန်ကျည်းကျောင်း
၃၄၁ - မေဃဝဏ္ဏာကျောင်း
၃၄၂ - မိုးညှင်းကျောင်း
၃၄၃ - မိဂဒါဝုန်ကျောင်း
၃၄၄ - မြန်အောင်ကျောင်း အောက်တိုက်

၃၄၅ - မြန်အောင်ချောင် အထက်တိုက်
၃၄၆ - မြင်းမွေးတောရ
၃၄၇ - မြေတူးချောင်
၃၄၈ - မြောက်ရေဦး
၃၄၉ - မြေတိုင်းချောင်
၃၅၀ - မြောက် မန်ကျည်းချောင်
၃၅၁ - မြသိန်းတန်ချောင်
၃၅၂ - ယုန်ဖြူချောင်
၃၅၃ - ယိုးဒယားချောင်
၃၅၄ - ယွန်းကျောင်း
၃၅၅ - ရတနသိဒ္ဓိ မဟာရွှေဂူကလေးချောင်
၃၅၆ - ရှင်ဖြူရှင်လှ ရတနာဃရ မဟာရွှေကူကလေးချောင်
၃၅၇ - ရှင်သီလဝံသချောင် အထက်တိုက်
၃၅၈ - ရှင်သီလဝံသ အရှေ့ ရွှေသွယ်ချောင်
၃၅၉ - ရက္ခမူလတိုက်သစ်
၃၆၀ - ရေငုံချောင် အောက်တိုက်
၃၆၁ - ရွှေဝါချောင် အောက်တိုက်
၃၆၂ - ရွှေဘုန်းပွင့်ချောင်
၃၆၃ - ရွှေမြင်တင်ချောင်
၃၆၄ - ရတနာဘုံမြင့်ချောင်
၃၆၅ - ရေထွက်ချောင်
၃၆၆ - ရေသဖန်းချောင်
၃၆၇ - ရေအိုးစင်ချောင်
၃၆၈ - ရွှေညောင်ပင်တောရ
၃၆၉ - ရတနာရန်အောင်မြင်ချောင်
၃၇၀ - ရတနာဓူဝံချောင်
၃၇၁ - ရတနာပုံ လှိုင်းတက်ချောင်
၃၇၂ - ရခိုင်ပြန်ချောင်
၃၇၃ - ရတနာဒီပံချောင်
၃၇၄ - ရဟန္တာဂူချောင်
၃၇၅ - ရတနာမာရ်အောင်ချောင်
၃၇၆ - ရတနာဘုမ္မိချောင်
၃၇၇ - ရတနာထွန်းခေါင်ချောင်
၃၇၈ - ရတနဃရချောင်

၃၇၉ - ရေဝန်းကျောင်းတိုက်
၃၈၀ - ရေဦးတိုက်သစ်
၃၈၁ - ရေဦးတိုက်ဟောင်း အရှေ့တိုက်
၃၈၂ - ရေဦးတိုက်ဟောင်း အနောက်တိုက်
၃၈၃ - ရတနာရွှေဂူချောင်
၃၈၄ - ရေလယ်တောရ
၃၈၅ - ရေငုံ အထက်တိုက်
၃၈၆ - ရေငုံတိုက်သစ်
၃၈၇ - ရေခါး ရေဝိုင်းကျောင်း
၃၈၈ - ရေခါးကျောင်း
၃၈၉ - ရေမြက်ဘိုးခေါင်တောရ
၃၉၀ - ရန်ကုန်ချောင် ဇရပ်ဖြူ အနီး
၃၉၁ - ရေစက်ရှိချောင်
၃၉၂ - ရန်အောင်မင်္ဂလာချောင်
၃၉၃ - ရန်ကုန်ချောင်
၃၉၄ - ရက္ခမူချောင်
၃၉၅ - ရွှေပြည်ချောင်
၃၉၆ - ရွှေဟင်္သာချောင်
၃၉၇ - ရွှေ တောင်ဘီလူး
၃၉၈ - ရွှေ လေးထပ်တိုက်
၃၉၉ - ရွှေတောင်ဦးမော်ကျောင်း
၄၀၀ - ရှင်ပင်နံကိုင်းချောင်
၄၀၁ - ရွှေရင်မျှော်ချောင်
၄၀၂ - ရှင်ဖြူရှင်လှရွှေကျောင်း
၄၀၃ - ရွှေကြက်အိပ်ချောင်
၄၀၄ - ရွှေဂါအထက်ချောင်
၄၀၅ - ရွှေဘုံသာချောင်
၄၀၆ - ရှစ်မျက်နှာချောင်
၄၀၇ - ရှင်သီလဝံသချောင်
၄၀၈ - ရှင်လွန်း တောင်ချောင်
၄၀၉ - ရှင်လွန်းမြောက်ချောင်
၄၁၀ - လက္ခတ်ချောင်
၄၁၁ - လက်ပံပင်ဂူကျောင်း
၄၁၂ - လေးမျက်နှာချောင်

၄၁၃ - လေးကျွန်းသာယာချောင်
၄၁၄ - လောကမှန်ကင်းချောင်
၄၁၅ - လက်ခုပ်ပင်ချောင်
၄၁၆ - လင်းကျောင်းချောင်
၄၁၇ - လျှော်ဖြူချောင်
၄၁၈ - လေးကျွန်းချမ်းသာချောင်
၄၁၉ - လေးထပ်ဘုံပျံချောင်
၄၂၀ - လင့်ကျောင်းတောရ မင်းကျောင်း
၄၂၁ - လောကမှန်ကင်း တောင်ချောင်
၄၂၂ - လောကမှန်ကင်း မြောက်ချောင်
၄၂၃ - လောကမှန်ကင်း အထက်ချောင်
၄၂၄ - လက်ဝဲချောင်
၄၂၅ - ဝိသုဒ္ဓါရုံ ရန်ကင်းချောင်
၄၂၆ - ဝေယံဘုံမြင့်ချောင်
၄၂၇ - ဝက်ချက်မင်းကျောင်း
၄၂၈ - ဝါဆိုချောင်
၄၂၉ - ဝါဆိုချောင် အောက်တိုက်
၄၃၀ - ဝိဇ္ဇာမဂ္ဂင်ချောင်
၄၃၁ - ဝိဝေကချောင်
၄၃၂ - ဝိပဿနာချောင်
၄၃၃ - ဝိနယရက္ခိတချောင်
၄၃၄ - ဝေဠုဝန်ချောင်
၄၃၅ - ဝေပုလ္လချောင်
၄၃၆ - ဝေဠုချောင်
၄၃၇ - ဝါးတောမချောင်
၄၃၈ - ဝက်ပါချောင် အောက်တိုက်
၄၃၉ - ဝက်ပါချောင် အထက်တိုက်
၄၄၀ - ဝတ်ချက် အနောက်ကျောင်း
၄၄၁ - သနပ်ခါးချောင်
၄၄၂ - သပြေပင်တောရ
၄၄၃ - သဖန်းချောင်
၄၄၄ - သရက်တောချောင်
၄၄၅ - သမ္ဗုဏ္ဏာရာမချောင်
၄၄၆ သမ္မာဒိဋ္ဌိချောင်

၄၄၇ - သင်္ဂဇာချောင်
၄၄၈ - သက်ကယ်သောင်ချောင်
၄၄၉ - သမ္မာသမာဓိချောင်
၄၅၀ - သမ္မာသတိချောင်
၄၅၁ - သာယာဝတီချောင်
၄၅၂ - သိမ်တော်ချောင်
၄၅၃ - သိကြား ရေတွင်းချောင်
၄၅၄ - သာဓုနရချောင်
၄၅၅ - သစ်ချိုချောင်
၄၅၆ - သိဒ္ဓတ္တာရချောင်
၄၅၇ - သိမ်ကြီးချောင်
၄၅၈ - သိမ်ရုံမင်္ဂလာ မှန်ကျောင်းတိုက်
၄၅၉ - သီလက္ခန္ဓချောင်
၄၆၀ - သီဟာဒမုခချောင်
၄၆၁ - သီတာချောင်
၄၆၂ - သီရိပဗ္ဗတချောင်
၄၆၃ - သီရိသုမနာရာမချောင်
၄၆၄ - သုသာန်ချောင်
၄၆၅ - သုခေသကချောင်
၄၆၆ - သေလာဂီရိချောင်
၄၆၇ - သံဃာနာထချောင်
၄၆၈ - သံဗိုချောင်
၄၆၉ - သုဒ္ဓရာဘိဝံသချောင်
၄၇၀ - သုမောလာ ရင်ခတ်ချောင်
၄၇၁ - သုဇာတာရာမချောင်
၄၇၂ - သိမ်ဦးကျောင်း
၄၇၃ - သုပေသလချောင်
၄၇၄ - သုဓမ္မာချောင်
၄၇၅ - သာယာမဉ္ဇူချောင်
၄၇၆ - သမုန်းချုပ်ချောင်
၄၇၇ - သာယာမြိုင်နန်းချောင်
၄၇၈ - သုဒဿနချောင်
၄၇၉ - သုံးထပ်ရေကန်ကြီး
၄၈၀ - သထုံ ဇေတဝန်တောရတိုက်

၄၈၁ - သုဝဏ္ဏဗောဓိ ဋ္ဌသိန်ချောင်
၄၈၂ - သေလာဂမ္ဘီရချောင်
၄၈၃ - သုံးဆူချောင်
၄၈၄ - သန္တောသချောင်
၄၈၅ - သုသာန်ချောင်
၄၈၆ - ဟသ်ာတချောင်သစ် အောက်တိုက်
၄၈၇ - ဟသ်ာတချောင်သစ် အထက်တိုက်
၄၈၈ - ဟေမဝတီချောင်
၄၈၉ - ဟသ်ာတချောင်
၄၉၀ - ဟံသာဂီရိချောင်
၄၉၁ - ဟံသာဝတီချောင်
၄၉၂ - ဥရုဝေလချောင်
၄၉၃ - ဥတ္တမသုခချောင်
၄၉၄ - ဥသျှစ်ကန်တွင်းချောင်
၄၉၅ - ဥနဲ့ပင်ချောင်
၄၉၆ - ဥမင်ခြောက်ဆယ်ချောင်
၄၉၇ - ဥမင်သုံးဆယ်ချောင်
၄၉၈ - ဥတ္တရဗောဓိ အောက်ချောင်
၄၉၉ - ဥတ္တရဗောဓိ အထက်ချောင်
၅၀၀ - ဦးမဏီချောင်
၅၀၁ - ဦးပုကြီးတောရ
၅၀၂ - အေိုးချောင်
၅၀၃ - ကေစာရီချောင်
၅၀၄ - မြေသုခချောင်
၅၀၅ - ဣန္ဒာသာလချောင်
၅၀၆ - ဣသိပဗ္ဗတချောင်
၅၀၇ - ဣန္ဒကလျာဏီချောင်
၅၀၈ - ကျွဏ္ဌာချောင်
၅၀၉ - ကျိုက်လတ် ချောင်
၅၁၀ - ကျိုက်ထီးရိုးချောင်
၅၁၁ - ကြည့်မြင်တိုင်ချောင်
၅၁၂ - ကျောက်စာ ခင်လေးချောင်
၅၁၃ - ခမည်းတော်ချောင်
၅၁၄ - ခေမေသကချောင်

၅၁၅ - ချမ်းမြသာစည်ချောင်
၅၁၆ - ချပ်သင်းချောင်
၅၁၇ - ခန္တိသောပချောင်
၅၁၈ - ဂူကလေး အလယ်ချောင်
၅၁၉ - ဂူကလေး အရှေ့ခြားချောင်
၅၂၀ - ဂူနီချောင်
၅၂၁ - ဂူတလုံး အထက်တိုက်
၅၂၂ - ဂူတလုံး အနောက်တိုက်
၅၂၃ - ဂူတလုံး အရှေ့တိုက်
၅၂၄ - ဂူတလုံး တောင်ပေါ်ချောင်
၅၂၅ - ဂူကလေး တောင်တိုက်
၅၂၆ - စရီတသြဝါဒချောင်
၅၂၇ - စိတ္တသုခချောင်
၅၂၈ - စိတ္တဝိဝေကချောင်
၅၂၉ - စင့်ကူင်းချောင်
၅၃၀ - စိတ္တရက္ခိတ မမ္မသာရချောင်
၅၃၁ - ဇီးတောချောင်
၅၃၂ - ဇေတဝန်ချောင်
၅၃၃ - ဇရပ်ဖြူသုံးဆူချောင်
၅၃၄ - ဇီးတော အလယ်ချောင်
၅၃၅ - ဇီဝိတဒါနဆေးတိုက်ချောင်
၅၃၆ - ညောင်တုန်းချောင်
၅၃၇ - တောင်ဘီလာ တောရချောင်
၅၃၈ - တိုက်စုချောင်
၅၃၉ - ထွင့်ခေါင်ချောင်
၅၄၀ - ထွင့်ခေါင်ချောင်သစ်
၅၄၁ - ဒက္ခိဏာဝေဟာချောင်
၅၄၂ - နန်းဖြူချောင်
၅၄၃ - ဓမ္မိကချောင် အထက်တိုက်
၅၄၄ - ဓမ္မသာမိချောင်
၅၄၅ - ဓမ္မသာရချောင်
၅၄၆ - ဓမ္မသာမိ ရွှေဂူချောင်
၅၄၇ - နာဂဝံသချောင်
၅၄၈ - နိဗ္ဗိန္ဒချောင်

၅၄၉ - နံ့သာကျောင်း
၅၅၀ - နန္ဒာသီရိကျောင်း
၅၅၁ - ပထမ ဂန္ဓာရုံကျောင်း
၅၅၂ - ပညာလင်္ကာရကျောင်း
၅၅၃ - ပခုက္ကူကျောင်း
၅၅၄ - ပီတိသုခကျောင်း
၅၅၅ - ပုသိမ်ကျောင်း
၅၅၆ - ပုညကာရီကျောင်း
၅၅၇ - ဖျာပုံမယ်တော်ကြီးကျောင်း
၅၅၈ - ဖောင်တော်သီကျောင်း
၅၅၉ - ဖြူကျောင်း
၅၆၀ - ဗိုလ်ကလေးကျောင်း
၅၆၁ - ဗျာဒိတ်ပေးကျောင်း
၅၆၂ - ဗျန့်ကြီးလူအိုရုံ
၅၆၃ - ဗောဓိပက္ခိယကျောင်း
၅၆၄ - ဗျန့်ကြီးတောင်ပိုင်း
၅၆၅ - ဘယသုခကျောင်း
၅၆၆ - ဘုံသာခင်လေးကျောင်း
၅၆၇ - မတ္တရာ ဝန်ကတော်ကြီးကျောင်း
၅၆၈ - မဂ္ဂင်ကျောင်း
၅၆၉ - မဟာဂန္ဓာရုံ ဝိပဿနာတိုက်
၅၇၀ - မအူပင်ကျောင်း
၅၇၁ - မိတ္တီလာကျောင်း
၅၇၂ - မာဃကျောင်း
၅၇၃ - မောက္ခသီဝံကျောင်း
၅၇၄ - မြန်အောင်ကျောင်း
၅၇၅ - မင်းကွန်း ရတနာသီဝံကျောင်း
၅၇၆ - မင်းကွန်း ဗုဒ္ဓဘာသာ လူအိုရုံ
၅၇၇ - မင်းကွန်း ရန်ကင်းကျောင်း
၅၇၈ - မင်းကွန်း ပုံတော်ကျောင်း
၅၇၉ - မင်းကွန်း မြသိန်းတန်ကျောင်း
၅၈၀ - မင်းကွန်း ညောင်တုန်းကျောင်း
၅၈၁ - မခါတောင်ကျောင်း
၅၈၂ - မယ်ဓမ္မစာရီကျောင်း

စစ်ကိုင်း တောင်ရိုး ချောင်များ

၅၈၃ - မင်းကွန်း မဂ္ဂင်းချောင်
၅၈၄ - မင်းကွန်း စက်တော်ရာချောင်
၅၈၅ - မင်္ဂလာဒေမြချောင်
၅၈၆ - မင်းကွန်း ဂူကလေး ရန်ကုန်ချောင်
၅၈၇ - မင်းတုန်း မင်းသမီးချောင်
၅၈၈ - မင်းကွန်း ရွှေဂူချောင်
၅၈၉ - မန်ကျည်းချောင်
၅၉၀ - မဟာမြဝတီ နဃားတိုက်သစ်
ရှင်ဖြူရှင်လှချောင်
၅၉၁ - ရတနာရန်အောင်ချောင်
၅၉၂ - ရတနာရွှေဂူချောင်
၅၉၃ - ရတနာသိဃ်ချောင်
၅၉၄ - ရေနံချောင်းချောင်
၅၉၅ - ရုက္ခမူ မယ်တော်ကြီးချောင်
၅၉၆ - ရေခါးချောင်
၅၉၇ - ရွှေစာလီချောင်
၅၉၈ ရွှေစာလီတိုက်သစ်
၅၉၉ - ရွှေကျင်တိုက်ချောင်
၆၀၀ - ရွှေမင်းစံတောင် ဂူကလေး အနောက်တိုက်
၆၀၁ - ဝေရိက္ခယချောင်
၆၀၂ - သရိုက်ချောင်
၆၀၃ - သမိဒ္ဓေါချောင်
၆၀၄ - သဒ္ဓမ္မနန္ဒိယချောင်
၆၀၅ - သစ်ဆိမ့်ချောင်
၆၀၆ - သီတာချောင်
၆၀၇ - သီတာဂီရိချောင်
၆၀၈ - သီဝံဂါမိချောင်
၆၀၉ - သုစိတ္တာရာမချောင်
၆၁၀ - သိမ့်အမကြီးချောင်
၆၁၁ - သုခေသီတချောင်
၆၁၂ - သီလရက္ခိတချောင်
၆၁၃ - သဲဖြူချောင်
၆၁၄ - သိဝံဂဝေသီချောင်
၆၁၅ - သုခချောင်

၆၁၆ - သီလရှင်တိုက်သစ်
၆၁၇ - သီတင်းသည့်တိုက်သစ်ချောင်
၆၁၈ - သမုတိချောင်
၆၁၉ - သဒ္ဓမ္မရံသီချောင်
၆၂၀ - အလည်တောရချောင်
၆၂၁ - အဘယရွှေဂူချောင်
၆၂၂ - အနောက် အလယ်တောရ ရေအိုးစင်ချောင်
၆၂၃ - အသောကာရုံချောင်
၆၂၄ - အနောက် ဂန္ဓာရုံချောင်
၆၂၅ - ဣစ္ဆာသယ အရိယမဂ္ဂင်ချောင်
၆၂၆ - ဣန္ဒာသာလချောင်
၆၂၇ - ဣန္ဒာသာရချောင်
၆၂၈ - ဉာဏဂဝေသီချောင်
၆၂၉ - ဦးပုကြီး ခေါ် ဒလချောင်
၆၃၀ - ငြိမ်းချောင်
၆၃၁ - မြို့ချောင်
၆၃၂ - သေတာချောင်
၆၃၃ - မြေချောင်

| | |
|---|---|
| ရဟန်းတော်တို့၏ ကျောင်းတိုက် ချောင်ပေါင်း | ၅၀၇ |
| သီလရှင်တို့၏ ချောင်ပေါင်း | ၁၂၆ |
| နှစ်စုပေါင်း | ၆၃၃ |

ဤကား- ၁၂၉၆-ခုနှစ် စာရင်း အရ ဖြစ်သည်၊ တိုးပွားဆဲလည်း ရှိပေဦးမည်၊ ထိုနှစ်မှာ—

| | |
|---|---|
| ရဟန်းတော် | ၁၀၅၁ |
| သာမဏေ | ၉၅၉ |
| ဘိုးသူတော် | ၃၀ |
| သီလရှင် | ၁၇၈၄ |

အသီးသီး သီတင်းသုံးလျက် ရှိကြပေကြောင်း။

# ကောက်သတိမပိုင်း

## စစ်ကိုင်း သာသနာဝင်ကျမ်း အပြီးသတ်ခြင်း

စစ်ကိုင်း မင်းကွန်း၌ တည်ရှိသော စေတီ ဘုရား ပုထိုးတို့မှာ လွန်စွာမှ များပြားလှကုန်၏၊ အကုန်အစင်လည်း သမိုင်းစေတီဝင် မရေးစွမ်းနိုင်ပါ၊ ရေးနိုင်သည် တိုင်အောင်လည်း ဤစစ်ကိုင်းသာသနာဝင်ကျမ်း၌ ရေးသား ဖော်ပြရန် မသင့်မလျော် မတော်ပါချေ၊ ဤကျမ်းကား သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များ၏ အဋ္ဌုပ္ပတ္တိ, အန္ဒယ်အဆက်ကို ဦးစားပေး ရေးရမည် ဖြစ်၏၊ သို့ဖြစ်၍ ပွဲတော်ရ စေတီတော်ကြီး ၁၆ - ဆူတို့၏ သမိုင်း နှင့် အခြား စေတီ အချို့တို့၏ သမိုင်းကို ရွေးဦးစွာ ဖော်ပြခဲ့ပေသည်၊ ၎င်းနောက် စစ်ကိုင်း မင်းကွန်းနယ် ပေါက်ဖွား ကြီးပွားသည့် သာသနာဝန်ဆောင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ မည်သို့ မည်ပုံ သာသနာ့ဝန် ဆောင်ရွက်ပုံ အဖြစ်တော်စဉ် အကျဉ်းတို့ကိုလည်း မကျဉ်း မကျယ် ဖော်ပြလိုက်ပါသည်၊ သို့ရာတွင် သာ သနာ့ဝန်ဆောင် တချို့တို့၏ အဖြစ်တော်စဉ်များလည်း ဤကျမ်းတွင် မပါမရှိပဲ ရှိပါသေး၏၊ နောက်သပ် ရေးမည့် သာသနာဝင်ကျမ်းဆရာတို့ သည် လစ်လပ် ကြွင်းကျန်သော သာသနာ့ဝန်ဆောင်တို့၏ သမိုင်းဖြစ်စဉ်ကို ဖော်ပြ ရေးသားကုန်ရာ၏၊ ကျွန်ုပ်ကား ဤမျှဖြင့် စစ်ကိုင်းသာသနာဝင် ကျမ်းကို အောက်ပါ ပါဠိဂါထာ, မြန်မာစကားပြေ အထွတ်တပ်၍ နိဂုံး အုပ်လိုက်ပါပြီ။

## စစ်ကိုင်း သာသနာဝင်ကျမ်း နိဂုံး

(၁) ပခုက္ကူပုရသေဋ္ဌာ၊ ပစ္ဆိမေ အာသိ ဝိဿုတော။
စတုဂါဝုတ ဒေသမှိ၊ ကန်ရပ်ဂါမေ သုသောဘနော။

ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာ ဖြစ်သဖြင့် မြို့မွန် မြို့မြတ် ဖြစ်သော ပခုက္ကူမြို့၏ အနောက်ဖက် ၄ - ဂါဝုတ် ပမာဏ ဝေးကွာသော အရပ် ပခုက္ကူခရိုင် အတွင်း ကျော်စောခြင်း ရှိသော ရွာ၏ လေးဖက် လေးတန်၌ ကျောင်း ဘုရား စေတီ ပုထိုး အမျိုးမျိုးတို့ဖြင့် တင့်တယ်လှသည့် ကန်ရပ်ရွာကြီး တည်ရှိလေသည်။

(၂) ဒွိနေဒွိပေကသာကမှိ၊ တမှိ ဇာတေန ဇာတိယာ။
လက်ာဘာရတ အာဒိသု၊ ဝုဋ္ဌပုဗ္ဗ သုတေသိနာ။

ထိုကန်ရပ်ရွာကြီး၌ မူလ ချက်မြှုပ် အနေအားဖြင့် ၁၂၉၂-ခုနှစ်၌ မွေးဖွားသော သီရိလင်္ကာခေါ်ဆို သီဟိုဠ်နိုင်ငံ, ဘာရတခေါ်ကြ အိန္ဒိယနိုင်ငံ အစရှိသော နိုင်ငံရပ်ခြား တိုင်းတပါးတို့၌ ကြာမြင့်စွာ နေခဲ့ဘူး၍ သက္ကတ, ပြာကရိတ်, အင်္ဂလိပ်, သီဟိုဠ် ထိုထိုဘာသန္တရ ကျမ်းဂန် အဝဝ နှင့် သမိုင်း ရာဇဝင် အမျိုးမျိုးတို့ကို ရှာမှီး သင်ယူလေ့ ရှိသော။ —

(၃) ဝိသုတာရာမသီဟာနံ၊ သိက္ခိတေန တိပေဋကံ။
သန္တိကေ နဝဝဿာနိ၊ သံဂီတိ ကိစ္စကာရိနာ။

ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာလယဘနကြီး၌ တိုက်အုပ်ဆရာတော် အရှင် နန္ဒိယ မဟာထေရ် အစရှိကုန်သော မဟာဝိသုတာရာမဝါသီ ပညာရှင် မထေရ်မြတ်ကြီးတို့၏ အထံ၌ ကိုးနှစ်တိုင် ပိဋကတ်သုံးပုံကို သင်ယူခဲ့သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ စာပေလုပ်ငန်း အဝဝကို ပြုလုပ်လေ့ ရှိသော။ —

(၄) ဒက္ခိဏာရာမ ဝါသီနံ၊ သန္တိကေပိ သုဝိညုနံ။
သိက္ခိတေန တေဝီသတိ — ဝဿိကေန ယသဿိနာ။

ရတနာပုံ ဘွဲ့ထိုသော မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမဘုရားကြီးတိုက် အမရပူရကျောင်း ဆရာတော် အရှင်ဥက္ကံသာဘိဝံသ အစရှိသော ပညာရှင် မထေရ်မြတ်တို့၏ အထံ၌လည်း သင်ယူအပ်သော နည်းနာနယ အတတ်ပညာ အဝဝရှိသော ရဟန်းသိက္ခာ ၂၃-ဝါရပြီး တပည့် တပန်း အခြံအရံနှင့် လည်း ပြည့်စုံသော။ —

(၅) သုန္ဒရေ ပုရေ သေဋ္ဌမှိ၊ သုန္ဒရေ ဝိသုတေ သုတေ။
သုန္ဒရေ ဇောတိပါလမှိ၊ ဝသတာ ဂဏဝါစိနာ။

သာယာ တင့်တယ် နေချင့်စဖွယ် ကောင်းလှသော ပခုက္ကူ ပိဋကတ် အတတ်မြို့တော်၌ တင့်တယ် သာမော ကျော်စော ထင်ရှားလှသော မဟာ ဝိသုတာရာမ တိပိဋက တက္ကသိုလ် ဗဟိုစာချကျောင်းတိုက်ကြီး၌ တိုက်တာ တည် ဒီဃဒဿီ ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ မဟာထေရ်, 'အဂ္ဂမဟာပဏ္ဍိတ' အရှင်ပညာ မဟာထေရ်, 'အဂ္ဂမဟာပဏ္ဍိတ' အရှင်နန္ဒဝံသ မဟာထေရ်တို့ သီတင်းသုံးရာ ဌာနမွန် ဖြစ်သဖြင့် တင့်တယ် သာယာ နေချင်စရာ ကောင်းလှသော အမိုး ဘုံ ၅-ဆင့်တပ် ၁၃-ခန်း, ၆-ခန်း ဆန်းကြယ် ခမ်းနား ကျယ်ပြောသော သာသနဇောတိပါလ ကျောင်းကြီး၌ နေထိုင်လျက် တပည့် တပန်း ရဟန်း သာမဏေ များစွာတို့ အား မာဂဓ, သက္ကတ စသော ဘာသာ အမျိုးမျိုး ကျမ်းစာ အမျိုးမျိုးကို ချပို့လေ့ရှိသော အကျွန်ုပ်သည်။ —

(၆) နိဿာယ ဉာတိဟာသေ စ၊ ဂန္ထေ နာနပ္ပကာရကေ။
ပေါတ္ထကေ တာလပဏ္ဏေပိ၊ ကတော ယံ ဝိဒုမာနိတော။

သမိုင်းရာဇဝင်, သာသနာဝင် ကျမ်းဂန် အမျိုးမျိုး, ထိုထိုမှတ်တမ်း ကျမ်းဂန် အထွေထွေ ပေ၌ ရေးမှတ် ကျမ်းဂန် အရပ်ရပ်တို့ကို မှီငြမ်းပြု၍ ပညာရှိ အပေါင်းတို့ နှစ်ထောင်း ဝမ်းသာ ထောမနာအပ်သော ဤ **'စစ်ကိုင်း သာသနာဝင်ကျမ်း'** ကြီးကို ကြိုးပမ်း ရေးသားအပ်ပါသတည်း။

(၇) တိဋ္ဌတံ အယံ မေ ဂန္ထော၊ သုသာရော ယာဝ **သာသနံ**။
တိဋ္ဌတော သုတေသီနံ၊ သုဝံသံ သုပကာသယံ။

အကျွန်ုပ် ပြုစီရင်အပ်သော ဤ **'စစ်ကိုင်းသာသနာဝင်ကျမ်း'** ကြီးသည် ရှင်ပင်မြတ်စွာ သာသနာ တည်သရွေ့ ကာလပတ်လုံး သာသနာ့သမိုင်း အဋ္ဌုပ္ပတ် ရာဇဝင် သုတေသီတို့အား ကောင်းမြတ်သော သာသနာဝင် အနွယ်အဆက်ကို ဖော်ပြလျက် တည်ထွန်းပါစေသတည်း။

(၈) အနေန သုဝိသိဋ္ဌေန၊ ပုညေနညေနကမ္မုနာ။
မနီသိဘိ ဂုရုဟော၀၊ ဂန္ထေယံ့ အမတံ သိဝံ။

ဤစစ်ကိုင်းသာသနာဝင် မည်တွင်တောက်လျှမ်း ကျမ်းဂန်ကို ကြိုးပမ်း ပါရ ကောင်းမှုပုညနှင့် အခြား ကောင်းမှု အစုစုကြောင့် ပညာရှင်ချည်း များသာ ဖြစ်တော်မူကြသော ကျေးဇူးရှင် ဆရာသခင် အရှင်မြတ်ကြီးတို့နှင့် အတူ အမတကျွန်းငူ သိဝနန်းသို့ စံမြန်းရပါစေသတည်း။

---

## အရှင်ကေလာသ ပြုစုသော

# ကျမ်းစာများ

၁· အဘိဓမ္မာ ဂုဏ်ရည်။
၂· တိပိဋက အတ္ထုဒ္ဓါရ သုစိ။
၃· တိပိဋကသုတ္တ သုစိ။
၄· အင်္ဂလိပ် ပါဠိ အဘိဓာန်။
၅· ပါဠိ အင်္ဂလိပ် အဘိဓာန်။
၆· သက္ကတ မြန်မာ အဘိဓာန်။
၇· ပခုက္ကူ သာသနာဝင်။
၈· မဟာဝိသုတာရာမ နိကာယ သာသနာဝင်။
၉· မန္တလေး သာသနာဝင် ( ပဉ္စမတွဲမှ ဒသမတွဲ ထိ )။
၁၀· ပုဂံ သာသနာဝင်။
၁၁· ပင်းယ သာသနာဝင်။
၁၂· အင်းဝ သာသနာဝင်။
၁၃· စစ်ကိုင်း သာသနာဝင်။
၁၄· အမရပူရ သာသနာဝင်။
၁၅· စွန်းလွန်း ပဋိပတ္တိ သာသနာဝင်။
၁၆· သီဟိုဠ် သာသနာဝင်။
၁၇· သီဟိုဠ် ရဟန္တာများ။
၁၈· သီဟိုဠ် ဘုရားစုံ သမိုင်း။
၁၉· စေတိယပ္ပတ္တိ ဒီပနီ။
၂၀· ပခုက္ကူ ဘုရားသုံးဆူ သမိုင်း။
၂၁· ပခုက္ကူ ဘုရားစုံ သမိုင်း။
၂၂· ပခုက္ကူ ရှင်ကျင့်ဝတ်။
၂၃· ပခုက္ကူ စာချနည်း။
၂၄· ပခုက္ကူ ရေစက်ချကျမ်း။
၂၅· ပခုက္ကူ သဒ္ဒါသုတ်နက်။
၂၆· ပခုက္ကူ ဂုဏ်တော်ဖွင့်။
၂၇· ပခုက္ကူ ဘုရားရှိခိုးကျမ်း။
၂၈· ပခုက္ကူ စာစပ်ကျမ်း။

၂၉. ပခုက္ကူ နိပါတ်နက်များ။
၃၀. ပခုက္ကူ ပရိတ်နိဿျ အကျဉ်း။
၃၁. ပါဠိပါဌ်မဥ္စရီ ပါဠိ ဖတ်စာ။
၃၂. ဥပုသ်သည်များ လက်စွဲ။
၃၃. တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ၏ ထေရပ္ပတ္တိ ဒီပနီ နှင့် အဖိုးတန် စာပေများ။
၃၄. အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး၏ မဟာ ထေရစရိတ။
၃၅. အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ၏ ထေရဝတ္တန္တ ဒီပနီ၊
၃၆. ကလျာဏထေရ ဂုဏ်ရည်။
၃၇. ဝါးကန်ထေရ ဂုဏ်ရည်။
၃၈. အရိယထေရ ဂုဏ်ရည်။
၃၉. မဟာဝိဇိတာရာမ ထေရာပဒါန်။
၄၀. ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ၏ မဟာထေရ ဝတ္တန္တပ္ပဒီပိကာ။
၄၁. အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ မဟာထေရ လလိတ၊
၄၂. သာသနာပိုင်ဆရာတော် ဦးဥေယျ အတ္ထုပ္ပတ္တိ။
၄၃. အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ခြောက် ဆယ် ပါဌ် နိဿျ။
၄၄. အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာရှစ်ဆယ် ပါဌ် နိဿျ။
၄၅. အရှင်ပညာ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ကိုးဆယ် ပါဌ် နိဿျ။
၄၆. ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ၏ ဘုန်းတော်ဘွဲ့ ဂါထာ တရာ ပါဌ် နိဿျ။
၄၇. ကျွန်းဦးဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ သုံးဆယ် ပါဌ် နိဿျ။
၄၈. လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး ဘုရားရှိခိုး ဆယ်ဂါထာ ပါဌ် နိဿျ။
၄၉. လက္ခဏာတော်ငယ် ရှစ်ဆယ့် ဘုရားရှိခိုး ဂါထာ ပါဌ် နိဿျ။
၅၀. တရာ့ရှစ်ကွက် စက်လက္ခဏာ ဘုရားရှိခိုး ဂါထာ ပါဌ် နိဿျ။
၅၁. နမက္ကာရ ပါဌ် နိဿျ။
၅၂. ရှင်ဥပဂုတ်ရှိခိုး ဆယ့်နှစ်ဂါထာ ပါဌ် နိဿျ။

၅၃ - ဒက္ခိဏာသာခါ ဘုရားရှိခိုး ဆယ်ဂါထာ ပါဠ် နိသျ။
၅၄ - ပဥ္စသီခ သီချင်း ဂါထာ ပါဠ် နိသျ။
၅၅ - မြစ်ခြေမြို့ အဘယာရာမတိုက် သောဘနာလင်္ကာရသိမ် မော်ကွန်း ပါဠ် နိသျ။
၅၆ - မရဏာဿတိ ဘာဝနာ။
၅၇ - မူလပဏ္ဏာသ အဋ္ဌကထာ ဂဏ္ဌိ။
၅၈ - ပိဋကသုံးပုံ ဘုရားရှိခိုး (ဂါထာ ၁၁၅-ပါဠ် နိသျ)။
၅၉ - မဟာဝံသပါဠ် (သီဟိုဠ် ပါဠိအက္ခရာမှ မြန်မာအက္ခရာပြန်ရေး )
၆၀ - ဒီပဝံသပါဠ် ( သီဟိုဠ်ပါဠိမှ မြန်မာပါဠိသို့ ပြန်ရေး )။
၆၁ - အစ္စရိယာပဒါန် နှင့် အဖိုးတန်စာပေများ။
၆၂ - ပခုက္ကူမူ အဘိဓာန် နိသျသစ်။
၆၃ - တိပိဋကရေ ဝုတ္တန္တ သန္ဒိပနီကျမ်း။
၆၄ - ကဝိဒပ္ပဏနီတိ ပါဠ် နိသျ။
၆၅ - ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ အတ္ထုပ္ပတ္တိ ထေရဝံုတ္တန္တ ဝိကာသိနီ။
၆၆ - ဆဲ့နှစ်ရာသီဘွဲ့ ဂါထာ ပါဠ် နိသျ။
၆၇ - ရေနံချောင်းမြို့ ရွှေတောင်တိုက်အုပ် ဆရာတော် အရှင်ဝဏ္ဏာစာရ၏ ထေရဝုတ္တန္တဝိလာသိနီ။
၆၈ - သမန္တကူဋဝဏ္ဏနာပါဠ် (သီဟိုဠ်ပါဠိမှ မြန်မာပါဠိ ပြန်ရေး)။
၆၉ - မဟာဝိသုတာရာမနိကာယ ဝတ်ရွတ်စဉ် အဖွင့်။
၇၀ - မဟာဝိသုတာရာမနိကာယ သာသနာဝင်သစ်။
၇၁ - မဟာစည် ထေရဝုတ္တန္တ ဝိကာသိနီ။
၇၂ - သာသနာဝင် ဘွဲ့တံဆိပ်တော်များ သမိုင်း။
၇၃ - ၁၃၄၀ - ပြည့်နှစ် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး ၃-ပါး နှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး ၁၀-ပါးတို့၏ အဖြစ်တော်စဉ် ထေရုပ္ပတ္တိ သန္ဒိပနီ။

# အမှား အမှန် ပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၉၈ | ၉ | တောတို့ | တောသို့ |
| ၉၉ | ၁၆ | ဘဝိဿတိ | ဘဝိဿာမိ |
| ၁၀၈ | ၃ | ဆုံထုံး | ဆံထုံး |
| ၂၁၄ | ၂၉ | ၁၃၂၇ - ခုနှစ်တွင် | ၁၃၂၃ · ခုနှစ်တွင် |
| ၂၇၈ | ၂၄ | ကြီးတာ | ကြိုးတာ |
| ၂၇၈ | ၃၁ | ကြီးတာ | ကြိုးတာ |
| ၂၈၂ | ၁၁ | သက်တော် ၈၆<br>ဝါတော် ၆၆ - တွင် | သက်တော် ၈၆ · တွင် |
| ၃၀၅ | ၁၃ | မင်းကွန်းရန်ကင်းချောင်<br>ဆရာတော်ဘုရားကြီး | မင်းကွန်းရန်ကင်းချောင်<br>ဆရာတော်ဘုရားကြီး<br>အရှင်သောဘန |
| ၃၄၃ | ၁၃ | နုဋ္ဌဟောယံ့ | နုဋ္ဌဟောယံ့ |
| ၃၄၃ | ၁၇ | နုဋ္ဌဟောယံ့ | နုဋ္ဌဟောယံ့ |